ADVANCE

အဖွဲ့ နည်းပြခြင်း လမ်းညွှန်

message
NIKE

Advance Group Mentoring Guide
© Ben Jack, 2022.

Published by
The Message Trust
message.org.uk

Unless otherwise indicated scriptures are taken from the Holy Bible, New International Version®, NIV®. Copyright © 1973, 1978, 1984, 2011 by Biblica, Inc.™ Used by permission of Zondervan. All rights reserved worldwide. www.zondervan.com The "NIV" and "New International Version" are trademarks registered in the United States Patent and Trademark Office by Biblica, Inc.™

Scripture quotations marked NLT are taken from the Holy Bible, New Living Translation, copyright ©1996, 2004, 2015 by Tyndale House Foundation. Used by permission of Tyndale House Publishers, Carol Stream, Illinois 60188. All rights reserved.

Scripture quotations marked ESV are taken from The Holy Bible, English Standard Version® (ESV®) Copyright © 2001 by Crossway, a publishing ministry of Good News Publishers. All rights reserved.

Scripture quotations marked NRSV are taken from New Revised Standard Version Bible, copyright © 1989 National Council of the Churches of Christ in the United States of America. Used by permission. All rights reserved worldwide.

Scripture quotations marked MSG are taken from THE MESSAGE, copyright © 1993, 1994, 1995, 4996, 2000, 2001, 2002 by Eugene H. Peterson. Used by permission of NavPress. All rights reserved. Represented by Tyndale House Publishers, Inc.

All rights reserved. Except as may be permitted by the Copyright Act, no part of this publication may be reproduced in any form or by any means without prior permission from the publisher.

Ben Jack has asserted his right under the Copyright, Designs and Patents Act 1988 to be identified as the author of this work.

Edition: E2.0, Printed in the UK.

မာတိကာ

နိဒါန်း ၉

ပထမနှစ် ၁၇

အစည်းအဝေး ၁	ADVANCE မှ ကြိုဆိုပါ၏	၁၉
အစည်းအဝေး ၂	ဧဝံဂေလိဆရာ၏ ဖြစ်တည်ခြင်း	၂၅
အစည်းအဝေး ၃	ဧဝံဂေလိဆရာ၏ သတင်းစကား	၃၁
အစည်းအဝေး ၄	ဧဝံဂေလိဆရာ၏ တာဝန်	၃၇
အစည်းအဝေး ၅	ဧဝံဂေလိဆရာ၏ တန်ခိုး	၄၃
အစည်းအဝေး ၆	ဧဝံဂေလိဆရာ၏ ဘုရားသခင်နှင့် အချိန်သုံးခြင်း	၄၉
အစည်းအဝေး ၇	ဧဝံဂေလိဆရာ၏ ဝန်ခံအပ်နှံခြင်း	၅၅
အစည်းအဝေး ၈	ဧဝံဂေလိဆရာ၏ ကိုယ်ကျင့်တရား	၆၁
အစည်းအဝေး ၉	ဧဝံဂေလိဆရာ၏ အခွင့်ထူး	၆၇
အစည်းအဝေး ၁၀	ဧဝံဂေလိဆရာ၏ သစ္စာရှိခြင်း	၇၃
အစည်းအဝေး ၁၁	ဧဝံဂေလိဆရာ၏ နှိုးဆော်ချက်	၇၉
အစည်းအဝေး ၁၂	အပန်းဖြေအနားယူခြင်း	၈၅

ဒုတိယနှစ် ၉၁

အစည်းအဝေး ၁	ဧဝံဂေလိတရားဟောပြောခြင်း၏ စိန်ခေါ်မှုနှင့် အသီးအပွင့်	၉၃
အစည်းအဝေး ၂	ဘုရားသခင်၏ စိန်ခေါ်မှု – ကိုးကွယ်ခြင်းနှင့် နာခံခြင်း	၉၉
အစည်းအဝေး ၃	တပည့်တော်၏ အသီးအပွင့် – သစ္စာရှိခြင်းနှင့် မိမိကိုမိမိ ထိန်းချုပ်ခြင်း	၁၀၅
အစည်းအဝေး ၄	မိမိထံမှ လာသည့် စိန်ခေါ်မှု – စွမ်းဆောင်မှုနှင့် နှိုင်းယှဉ်မှု	၁၁၁
အစည်းအဝေး ၅	သတင်းစကား၏ အသီးအပွင့် – ကောင်းမြတ်ခြင်းနှင့် ငြိမ်သက်ခြင်း	၁၁၇
အစည်းအဝေး ၆	လောကထံမှ စိန်ခေါ်မှု – ကြောက်ရွံ့ခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်း	၁၂၃
အစည်းအဝေး ၇	သံတမန်၏ အသီးအပွင့် – သနားကြင်နာမှုနှင့် ဝမ်းမြောက်ခြင်း	၁၂၉
အစည်းအဝေး ၈	ရန်သူဘက်မှ စိန်ခေါ်မှု – သွေးဆောင်ခြင်းနှင့် စွပ်စွဲခြင်း	၁၃၅
အစည်းအဝေး ၉	နည်းဗျူဟာ၏ အသီး – နူးညံ့ခြင်းနှင့် စိတ်ရှည်ခြင်း	၁၄၁
အစည်းအဝေး ၁၀	မိသားစုထံမှ လာသည့် စိန်ခေါ်မှု – မိတ်သဟာယနှင့် နှောင့်ယှက်ခြင်း	၁၄၇
အစည်းအဝေး ၁၁	ဤလောက၌ အသီး – ချစ်ခြင်းမေတ္တာ	

တတိယနှစ် ၁၆၅

အစည်းအဝေး ၁	ဇာတ်ဂေလိတရားကို လက်တွေ့ကျကျ ဟောပြောခြင်း – အပြန်အလှန် စကားပြောခြင်း	၁၆၇
အစည်းအဝေး ၂	ဇာတ်ဂေလိတရားကို လက်တွေ့ကျကျ ဟောပြောခြင်း – ယုံကြည်ခြင်း ခုခံချေပခြင်း	၁၇၁
အစည်းအဝေး ၃	ဇာတ်ဂေလိတရားကို လက်တွေ့ကျကျ ဟောပြောခြင်း – အခက်အခဲ	၁၇၅
အစည်းအဝေး ၄	ဇာတ်ဂေလိတရားဟောပြောခြင်းတွင် ဆောင်ထားရမည့် လျစ်လျူရှုခြင်း ခံရသော တန်ဆာပလာများ – ဆုတောင်းခြင်း	၁၈၁
အစည်းအဝေး ၅	ဇာတ်ဂေလိတရားဟောပြောခြင်းတွင် ဆောင်ထားရမည့် လျစ်လျူရှုခြင်း ခံရသော တန်ဆာပလာများ – နားထောင်ခြင်း	၁၈၅
အစည်းအဝေး ၆	ဇာတ်ဂေလိတရားဟောပြောခြင်းတွင် ဆောင်ထားရမည့် လျစ်လျူရှုခြင်း ခံရသော တန်ဆာပလာများ – ကျေးဇူးတော် ချီးမွမ်းခြင်း အပန်းဖြေအနားယူခြင်း	၁၉၇

နောက်ဆက်တွဲများ

အစည်းအဝေးနှင့် ပတ်သက်၍ အခြားအကြံပြုချက်များ	၂၀၁
ADVANCE ဟောပြောခြင်း စီးရီး	၂၀၈
"အကျွန်ုပ်၏အရှင်၊ အကျွန်ုပ်၏ဘုရားသခင်"	၂၀၉
'ONE THING' နှင့် အခြားသောအွန်လိုင်းအရင်းအမြစ်များ	၂၁၅
ADVANCE ဘလော့ – ဇာတ်ဂေလိတရားဟောပြောခြင်းဆိုသည်မှာ အဘယ်နည်း	၂၂၂
ADVANCE ဘလော့ – 'LEGO' ၏ အစွမ်း	၂၂၅
သင့်ယုံကြည်ခြင်းအကြောင်းကို ဟောပြောခြင်းနှင့် ဇာတ်ဂေလိတရား ဟောပြောခြင်းကြား မတူညီမှု	၂၂၇
PODCAST နှင့် ဗီဒီယိုအရင်းအမြစ်များ	၂၂၉
ဇာတ်ဂေလိတရား သြဝါဒ	၂၃၁
ဇာတ်ဂေလိတရား ပုံပြင်	၂၃၂
လူငယ်ဇာတ်ဂေလိတရား စကားဝိုင်း ဥပမာ	၂၃၃
ဇာတ်ဂေလိတရား နည်းလမ်းများ ၂၃၅	
အကြံပြုလိုသောအရင်းအမြစ်များ	၂၃၇
ပုံကားချပ် – ဇာတ်ဂေလိဆရာ၏ ကဏ္ဍ	၂၃၈
ADVANCE အဖွဲ့ အစပြုရန် ရိုးရှင်းသောအဆင့် ၁၀ ဆင့်	၂၃၉
ADVANCE အမေးအဖြေများ	၂၄၀
ပထမနှစ် ပြန်လည်သုံးသပ်ခြင်း ၂၄၂	
ဒုတိယနှစ် ပြန်လည်သုံးသပ်ခြင်း၂၄၄	
တတိယနှစ် ပြန်လည်သုံးသပ်ခြင်း	၂၄၆
တာဝန်ခံမှုရှိခြင်း ဖောင်	၂၄၈

နိဒါန်း

“

ငါသည် ခရစ်တော်၏ ဧဝံဂေလိတရား
ကြောင့်
ရှက်ကြောက်ခြင်း မရှိ။ အကြောင်းမူကား၊
ထိုတရားသည်
… ယုံကြည်သမျှသောသူအပေါင်းတို့ကို
ကယ်တင်စေသော
ဘုရားသခင်၏ တန်ခိုးတော်
ဖြစ်၏

”

ရောမ ၁း၁၆

ဧဝံဂေလိတရား - အခြားသောအစီအစဉ် မရှိ။

ဧဝံဂေလိတရားသည် ဟောပြောရမည့်အရာဖြစ်၍ ၎င်း၏ကယ်တင်နိုင်သည့် တန်ခိုးတော် အနည်းငယ်မျှ မပျောက်ဆုံးပါ။ အဖွဲ့ငယ်များဖွဲ့၍ လမ်းညွှန်နည်းပြခြင်းဖြင့် ဧဝံဂေလိတရားဟောပြောရန် အသင်းတော်ကို ADVANCE က ပြင်ဆင်ပေးသည်၊ တိုက်တွန်းနှိုးဆော်သည်၊ ခွန်အားပေးသည်။ ထို့ပြင်၊ ဧဝံဂေလိဆရာများအဖြစ် ဆုကျေးဇူးရရှိသူများကိုလည်း သွန်သင်လမ်းပြပေး၍ ပြုစုပျိုးထောင်ပေးသည်။

Advance သည် ဘုရားသခင်၏ ဘုန်းတော်အတွက် တစ်ကမ္ဘာလုံးသို့ ဧဝံဂေလိတရားကို ယူဆောင်သွားရန် အသင်းတော်ကို ထောက်ပံ့ကူညီသည့် ကမ္ဘာ့အနှံ့ လှုပ်ရှားမှု ဖြစ်သည်။ ဤရည်မှန်းချက်ပန်းတိုင်ကို အကောင်အထည်ဖော်ရန် သင်တန်းပေးခြင်း၊ အရင်းအမြစ်များ စီမံပေးခြင်းနှင့် အဖွဲ့အစည်းကွန်ရက်များနှင့် ချိတ်ဆက်ပြီး အစပြုလုပ်ဆောင်ခြင်းတို့ကို လုပ်ဆောင်သည်။ ၎င်းတို့ကို လုပ်ဆောင်ရန် Advance Groups ကို အဓိကတန်ဆာပလာအဖြစ် အသုံးပြုသည်။

Advance တွင် ပါဝင်သူများသည် လစဉ်တွေ့ဆုံစည်းဝေးပြီး အတူသင်ယူကြကာ ဆွေးနွေးတိုင်ပင်ခြင်းဖြင့် တိုးတက်အောင် တစ်ယောက်နှင့်တစ်ယောက် ချွန်ထက်စေ၍ မိမိတို့၏ ကိုယ်ရေးကိုယ်တာအကြောင်းနှင့် ဝိညာဉ်အရေးအသက်တာအကြောင်းတို့ကို အချင်းချင်း ပွင့်ပွင့်လင်းလင်း ဝေငှကြသည်။ အဖွဲ့လိုက်တွေ့ဆုံခြင်း အစည်းအဝေးများတွင် ဧဝံဂေလိတရားဟောပြောရန် ရရှိသည့်အခွင့်အရေးများကို အဖွဲ့ဝင်များကြားဆွေးနွေးဝေငှကြပြီး တစ်ယောက်နှင့်တစ်ယောက် ခွန်အားပေးရသည်။

Advance အဖွဲ့တွင် တစ်နှစ်ကြာ ပါဝင်ပြီးသောအဖွဲ့ဝင်များသည် မိမိတို့၏လက်ရှိအဖွဲ့တွင် ဆက်လက်ပါဝင်မည် ဖြစ်သော်လည်း စိတ်အားကြီး၍ ဧဝံဂေလိတရား ဟောပြောလိုသောသူများမှ အများဆုံး လူ ၁၂ ယောက်အထိ လက်ခံ၍ Advance အဖွဲ့သစ်ကို အစပြုရန် တိုက်တွန်းခွန်အားပေးလိုသည်။

Advance သည် အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့တွင် ဖွဲ့ခဲ့သည့် အဖွဲ့တစ်ဖွဲ့မှသည် တစ်ကမ္ဘာလုံးသို့ ထောင်နှင့်ချီသော အဖွဲ့များက လစဉ် တွေ့ဆုံစည်းဝေးကြသည့်အဆင့်ထိ ကြီးထွားလာသည်။ အဖွဲ့ဝင်များအားလုံးသည် လက်တွေ့ကျသည့် ဝိညာဉ်ရေးရာ ထောက်ပံ့မှုဖြင့် ဧဝံဂေလိတရားအတွက် စိတ်အားထက်သန်၍ ပျောက်ဆုံးသောလူသားများကို ချစ်ပြီး ဧဝံဂေလိတရား ဟောပြောရန် စိတ်ပိုင်းဖြတ်ထားသောသူများကို သာ၍ စိတ်အားကြီးရန် စိတ်နှစ်မြှုပ်ထားကြသည်။ Advance သည် ဘုရားသခင် ပြင်ဆင်ပေးသည့် အခွင့်အရေးကို အပိုင်ယူပြီး မကြောက်မရွံ့ ယုံကြည်မှုအပြည့်ဖြင့် နေ့စဉ် ဧဝံဂေလိတရား ဟောပြောသော ခရစ်ယာန်လူဦးရေများပြားလာရန် ကြိုးစားလုပ်ဆောင်နေသည်။

ဤလှုပ်ရှားမှု၏ အခြေခံမူ ငါးချက်

၁။ ပုံမှန် တွေ့ဆုံခြင်းအစည်းအဝေး
အဖွဲ့ဝင်အားလုံးက လစဉ်အစည်းအဝေးကို ဦးစားပေးရမည်။ အဖွဲ့တစ်ခုတွင် ပါဝင်လျှင် သစ္စာရှိရှိ ပါဝင်ရန် အင်မတန် အရေးကြီးသည်။ ဤအစည်းအဝေးများကို အဖွဲ့တိုင်းက တန်ဖိုးထား၍ အဖွဲ့ဝင်အားလုံးက တွေ့ဆုံမည့်ရက်ကို သဘောတူထားပြီးမှ မပျက်ကွက်မိရန် ကျန်အရာများကို တတ်နိုင်သလောက် ဘေးဖယ်ထားရမည်။ ဘုရားသခင် ခေါ်ဆိုသည့်အမှုတော်မြတ်အတွက် ပြင်ဆင်ခြင်းခံဖို့ သစ္စာရှိခြင်းသည် Advance အဖွဲ့၏ အခြေခံကျသောအချက် ဖြစ်သည်။

၂။ ချွန်ထက်စေခြင်း
ဧဝံဂေလိတရားကို ပိုနက်နဲအောင် နားလည်ရန် လစဉ်အစည်းအဝေးတွင် သမ္မာကျမ်းစာကို လေ့လာခြင်းအတွက် အချိန်အများဆုံး ပေးမည် ဖြစ်သည်။ အစည်းအဝေးတွင် ဆွေးနွေးခြင်းအချိန်၌ ဧဝံဂေလိတရားနှင့် ၎င်းကို လိုက်လျှောက်ကျင့်သုံးခြင်းနှင့် ပတ်သက်၍ မိမိတို့၏နားလည်သဘောပေါက်မှုကို တစ်ယောက်နှင့်တစ်ယောက် အပြုသဘောဆောင်သည့် ဝေဖန်ထောက်ပြခြင်း ပြုရန် အခွင့်အရေး ရှိလိမ့်မည်။

၃။ တာဝန်ခံမှု ရှိခြင်း
အဖွဲ့ဝင်တိုင်းသည် ဧဝံဂေလိတရားကို ဝေငှ၍ ထိုဧဝံဂေလိတရားအတိုင်း သစ္စာရှိရှိ အသက်ရှင်လျှောက်လှမ်းဖို့ ကြိုးစားကြသည့်အလျောက် သန့်ရှင်းသောအသက်တာဖြင့် အသက်ရှင်သည်၊ မရှင်သည်ကို သိရန် တစ်ယောက်အပေါ် တစ်ယောက် တာဝန်ခံမှု ရှိရမည်။ ထိုသို့ တာဝန်ခံမှု ရှိနိုင်ရန် ရိုးသားစွာ မိမိကိုမိမိ သုံးသပ်ခြင်းအပြင် မေးခွန်းများနှင့်တကွ ပွင့်လင်းစွာ ဝေငှခြင်းများကို အဖွဲ့အစည်းအဝေးတွင် ပြုလုပ်သွားမည်။ အဖွဲ့ထဲတွင် ပွင့်လင်းမြင်သာခြင်းနှင့် ရိုးသားခြင်း ရှိရန် အချိန်ပေးရမည်ဖြစ်သော်လည်း အဖွဲ့ခေါင်းဆောင်က စံပြပုဂ္ဂိုလ်တစ်ယောက်အဖြစ် အသက်ရှင်ခြင်းဖြင့် ပွင့်လင်းမြင်သာမှုနှင့် ရိုးသားခြင်းကို အားပေးရပါမည်။

၄။ ပြောဆိုဆက်သွယ်ခြင်း
ဧဝံဂေလိတရား ဟောပြောခြင်း အခွင့်အရေးများ၊ ဆုတောင်းတင်ပြချက်များနှင့် ကယ်တင်ခြင်း ရရှိသောသူများ အကြောင်းကို အီးမဲလ်ဖြင့်လည်းကောင်း၊ အဖွဲ့လိုက်စာပို့ ခြင်းဖြင့် လည်းကောင်း (messenger group)၊ တစ်ယောက်နှင့်တစ်ယောက် ဝေငှနိုင်ကြသည်။ ဤနည်းဖြင့် အသင်းအဖွဲ့တစ်ခုအဖြစ် တစ်ယောက်နှင့်တစ်ယောက် ခွန်အားပေးနိုင်ကြမည်။ ထို့ပြင်၊ အစည်းအဝေးတစ်ခုနှင့်တစ်ခုကြားတွင် ဆက်သွယ်စကားပြောကြခြင်းက အဖွဲ့ထဲတွင် မိသားစုသဖွယ် ရင်းနှီးမှုကို တည်ဆောက်ပေးနိုင်သည်။

၅။ တိုးပွားများပြားစေခြင်း
Advance အဖွဲ့ဝင်များသည် တိုးပွားများပြားစေခြင်းသဘောတရားကို အကောင်အထည်ဖော်ရန် စိတ်ပိုင်းဖြတ်ထားကြရမည်။ (မိမိတို့၏ မူရင်းအဖွဲ့တွင် ပါဝင်သော်လည်း) တစ်နှစ်ပြည့်ပြီးနောက် မိမိတို့ကိုယ်တိုင် အဖွဲ့သစ်တစ်ဖွဲ့ကို အစပြုတည်ထောင်ရန် ကြိုးစားကြရပါမည်။ (ဤစာအုပ်ကဲ့သို့) Advance စီစဉ်ပေးသည့် စာအုပ်ကို အသုံးပြုခြင်းက တိုးပွားများပြားစေခြင်းဖြစ်စဉ်ကို ရိုးရှင်းနိုင်သလောက် ရိုးရှင်းအောင် ပြုလုပ်ပေးလိမ့်မည်။

ကျွန်ုပ်အတွက် ဖြစ်သလား။

အသင်းတော်ကို တည်ဆောက်ရန် ဧဝံဂေလိတရားဟောပြောခြင်းသည် ဘုရားသခင် ပေးထားသည့် ဆုကျေးဇူး ဖြစ်ကြောင်းကို သမ္မာကျမ်းစာတွင် ဖော်ပြထားသည် (ဧဖက် ၄း၁၁–၁၂)။ ဧဝံဂေလိဆရာသည် ဧဝံဂေလိတရားကို ဟောပြောသည့်အခါ ခရစ်တော်ထံသို့ လူများကို ခေါ်ဆောင်ရာတွင် အောင်မြင်လိမ့်မည်။ ထို့ပြင်၊ ဧဝံဂေလိတရား၏သက်သေများ ဖြစ်ရန် အသင်းတော်တစ်ခုလုံးကို ပြင်ဆင်ပေးခြင်း၊ တိုက်တွန်းနှိုးဆော်ခြင်းတွင်လည်း အောင်မြင်လိမ့်မည်။

သို့သော်၊ Advance အဖွဲ့သည် ဆုကျေးဇူးရရှိ၍ ဧဝံဂေလိဆရာအဖြစ် ခေါ်ဆိုခြင်းကို ခံသောသူများအတွက်သာ မကန့်သတ်ထားပါ။ ဧဝံဂေလိတရားကို နားလည်ခြင်း၌လည်းကောင်း၊ ဝေငှဟောပြောခြင်း အရည်အချင်း၌ လည်းကောင်း တိုးတက်လိုသောသူ မည်သူမဆိုအတွက် ဖြစ်သည်။ သွား၍ လူမျိုးတကာတို့ကို တပည့်တော်ဖြစ်စေရန် ခရစ်တော်၏ မဟာစေခိုင်းချက်သည် ယုံကြည်သူအားလုံးအတွက် ဖြစ်သည်။ ထို့ကြောင့်၊ ဧဝံဂေလိဟောပြော ခြင်းသည် ယုံကြည်သူအားလုံး၏ တာဝန်ဖြစ်သည်။ ဧဝံဂေလိတရားဟောပြောခြင်းဆုကျေးဇူးကို ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကျွန်ုပ်တို့အားလုံးသည် အပြောအဆိုအားဖြင့်လည်းကောင်း၊ အပြုအမူအားဖြင့်လည်းကောင်း တစ်လောကလုံးသို့ ခရစ်တော်အကြောင်းကို ဖော်ပြထင်ရှားစေသည့် "သာသနာပြုဆရာဆောင်ရွက်ရသောအမှုကို ဆောင်ရွက်" ရကြမည် (၂ တိ ၄း၁–၅)။

> **ဧဝံဂေလိဟောပြောခြင်းအတွက် ခေါ်ဆိုခြင်းခံ၍ ဆုကျေးဇူးရရှိသောသူကိုသာ မဟုတ်ဘဲ ဧဝံဂေလိဟောပြောခြင်းတွင် ပါဝင်သောပုဂ္ဂိုလ်တိုင်းကို Advance အဖွဲ့လမ်းညွှန် စာအုပ်တွင် "ဧဝံဂေလိဆရာ" (evangelist) ဟူ၍ ခေါ်ဝေါ်အသုံးပြုထားသည်။**

ပလ္လင်ပေါ်မှ တရားဟောဖို့ အခွင့်အရေး ရှိသည်ဖြစ်စေ၊ သင့်နေ့စဉ်ဘဝတွင် တွေ့ဆုံသည့်ပုဂ္ဂိုလ်ထံ ဧဝံဂေလိဟောပြော ခြင်းတွင် စိတ်အားထက်သန်သည်ဖြစ်စေ အောက်ပါ ရိုးရှင်းသည့်မေးခွန်းများက Advance အဖွဲ့တွင် သင်ပါဝင်သင့်၊ မပါဝင်သင့်ကို ဆုံးဖြတ်ရာတွင် အထောက်အကူ ပြုလိမ့်မည်။

ယုံကြည်ခြင်း
ဧဝံဂေလိတရား၏ တန်ခိုး အနည်းငယ်မျှ မပျောက်ဆုံးကြောင်း သင်ယုံကြည်ပါသလား။ ထိုဧဝံဂေလိတရားသည်သာ စစ်မှန်သောဘဝနှင့် ကယ်တင်ခြင်းအတွက် တစ်ခုတည်းသောလမ်းစဉ်ဖြစ်ကြောင်းကို သင်ယုံကြည်ပါသလား။

ရှင်းလင်းမှု
အခွင့်ရလျှင် ရသလို ဧဝံဂေလိတရားကို ရှင်းရှင်းလင်းလင်း ဝေငှဟောပြောလိုပါသလား။

ဖိတ်ခေါ်ခြင်း
ဧဝံဂေလိတရား ပေးသည့် မျှော်လင့်ချက်ကို သူတပါးထံ ဖိတ်ခေါ်မျှဝေလိုပါသလား။ လူသားတို့ကို ခရစ်တော်နှင့် ထာဝရမိတ်သဟာယ ဖွဲ့စေလိုပါသလား။

အထက်ပါမေးခွန်းတို့ကို "ဟုတ်တယ်" ဟု (Yes) သင် ဖြေခဲ့လျှင် Advance သည် သင့်အတွက် ဖြစ်သည်။ ဤမေးခွန်းများကို သင်ကဲ့သို့ "ဟုတ်တယ်" (Yes) ဟု ဖြေသောသူများကို လိုက်စု၍ အတူတူ ခရီးဆက်ရန် ဤ Advance အဖွဲ့နည်းပြခြင်းလမ်းညွှန်ကို အသုံးပြုပါ။

အစည်းအဝေးလမ်းညွှန်

အနည်းဆုံး သုံးနှစ်အထိ လစဉ်အစည်းအဝေးအတွက် လိုအပ်သည့် အချက်အလက်များကို ဤလမ်းညွှန်တွင် ထည့်သွင်းဖော်ပြထားသည်။ သင်သည် ဝါရင့်ဧဝံဂေလိဆရာ ဖြစ်လျှင် သို့မဟုတ် ဤအဖွဲ့မျိုးကို ဦးဆောင်ရန် ယုံကြည်မှု ရှိသောသူဖြစ်လျှင် ဤလမ်းညွှန်ကို အစပြုခြေလှမ်းတစ်ခုအဖြစ်သာ အသုံးပြု၍ သင့်အဖွဲ့သားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန် သင့်အတွေ့အကြုံများကို အသုံးပြု၍ လိုအပ်သလို ထပ်ထည့်သွင်းနိုင်သည်။ သင်သည် ဤနယ်ပယ်နှင့် မရင်းနှီးသောသူဖြစ်ပါလျှင် ဤလမ်းညွှန်ရှိ အချက်အလက်များကို လုံးစေ့ပတ်စေ့ ဤသည်မရွေး လိုက်လုပ်၍ ရသည်။ ဤလမ်းညွှန်သည် အဖွဲ့တစ်ဖွဲ့အဖြစ် ကြီးထွားရန် လိုအပ်သည့်အရာများကို ဖော်ပြပေးလိမ့်မည်။

ပထမနှစ်

ပထမဆုံး အစည်းအဝေးဆယ့်နှစ်ခုတွင် ဧဝံဂေလိတရား၊ ဧဝံဂေလိတရား ဟောပြောခြင်းနှင့် ဧဝံဂေလိဆရာတစ် ယောက်၏ စာရိတ္တများကို နားလည်သဘောပေါက်ရန် ရည်ရွယ်ထားသည်။ (ပထမအစည်းအဝေးဖြစ်သည့် နိဒါန်းပျိုးခြင်းအစည်းအဝေးပြီးနောက်) ဤအစည်းအဝေးများကို အပိုင်းများပိုင်း၍ ဧဝံဂေလိဆရာတစ်ယောက်၏ ပင်ကိုယ်လက္ခဏာများကို ဖော်ပြဆွေးနွေးထားသည်။

အစည်းအဝေး ၂ မှ ၄။ ။သမ္မာကျမ်းစာ သင်ပေးသော ဧဝံဂေလိဆရာ – ဧဝံဂေလိတရားကို နက်နက်နဲနဲ သိပါ
ကျွန်ုပ်တို့သည် မိမိဟောပြောသည့်တရား (အကြောင်းအရာ) ကို နက်နက်နဲနဲ သိဖို့ လိုအပ်သည်။ ထိုသို့ပြုရန် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဖတ်ရှုခြင်းနှင့် လေ့လာခြင်းကို သစ္စာရှိရှိ လုပ်ဆောင်ဖို့ လိုအပ်သည်။ သို့ဖြစ်လျှင်၊ ကျွန်ုပ်တို့သည် မိမိတို့၏အထင်အမြင်ကို မဟောပြောဘဲ ဘုရားသခင် မိန့်တော်မူသည့်အရာအပေါ် အခြေခံ၍ ဟောပြောနိုင်လိမ့်မည်။ ကျွန်ုပ်တို့သည် ဧဝံဂေလိဆရာဖြစ်ဖို့သက်သက် ခေါ်ဆိုခြင်း မခံရဘဲ မိမိ၏အမြင်ကို မဟောပြောဘဲ သမ္မာတရားကို သွန်သင်ပေးသည့်ဧဝံဂေလိဆရာဖြစ်ဖို့ ခေါ်ဆိုခြင်း ခံကြသည်။ ဤအစည်းအဝေး သုံးကြိမ်တွင် ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်အတော်အပေါ် သမ္မာကျမ်းစာ၏ သွန်သင်ပေးမှုကို အခြေခံ၍ ဧဝံဂေလိတရားနှင့် ဧဝံဂေလိဟောပြောခြင်းကို လေ့လာဆွေးနွေးသွားမည်။

အစည်းအဝေး ၅ မှ ၆။ ။ ဆုတောင်းသော ဧဝံဂေလိဆရာ – ဝိညာဉ်တော်၏တန်ခိုးတော်ဖြင့် လုပ်ဆောင်ခြင်း
ကယ်တင်ခြင်းကို ယူဆောင်လာသူမှာ ကျွန်ုပ်တို့ မဟုတ်ဘဲ ဘုရားသခင်၏ တန်ခိုးတော်ဖြစ်သောကြောင့် ဧဝံဂေလိတရားဟောပြောခြင်းအမှုအတွက် သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးအောက် မိမိကိုမိမိ အပ်နှံဖို့ လိုအပ်သည်။ ဆုတောင်းခြင်းအသက်တာရှိဖို့လည်းကောင်း၊ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို ဝေငှသက်သေခံရန် အခွင့်အရေးများကို ဘုရားသခင်ထံ တောင်းခံ၍ ဘဝအသက်တာများ ပြောင်းလဲမှုကို မြင်တွေ့ရန်လည်းကောင်း စိတ်ပိုင်းဖြတ်ထားဖို့ လိုအပ်သည်။ ဤအစည်းအဝေးများတွင် ဧဝံဂေလိဆရာတစ်ယောက်၏ ဝိညာဉ်ရေး အသက်တာကိုလည်းကောင်း၊ သူ၏နေ့စဉ် ဘုရားသခင်နှင့် အချိန်သုံးခြင်းအသက်တာကိုလည်းကောင်း၊ ဧဝံဂေလိဟောပြောခြင်းအပေါ် ၎င်းတို့၏တိုက်ရိုက် အကျိုးသက်ရောက်မှုကိုလည်းကောင်း စူးစမ်းလေ့လာသွားမည်။

အစည်းအဝေး ၇ မှ ၈။ ။ တာဝန်ခံမှုရှိသော ဧဝံဂေလိဆရာ – သန့်ရှင်းသောအသက်တာဖြင့် အသက်ရှင်ခြင်း
သန့်ရှင်းခြင်းသည် ဧဝံဂေလိတရား၏ အနှစ်ဖြစ်သည်။ အသက်တာပြောင်းလဲပေးနိုင်သည့်တန်ခိုးရှိသော ဧဝံဂေလိတရားကို မှန်ကန်စွာ ဝေငှဟောပြောခြင်းသည် တာဝန်ခံမှုရှိသော အသက်တာဖြင့် အသက်ရှင်ခြင်းဖြစ်၍ အများသူတကာရှေ့၌ ကျွန်ုပ်တို့၏အသက်တာသည် လူသူမရှိသည့်အချိန်၌ ကျွန်ုပ်တို့၏အသက်တာနှင့် တူညီနေရမည်။ သန့်ရှင်းသောတရားကို ဝေငှဟောပြောပြီး သန့်ရှင်းသောအသက်တာဖြင့် အသက်ရှင်၍ ကြီးထွားဖို့ ကြိုးစားကြသည့်အလျောက် အောင်မြင်ချိန်တွင် အတူဝမ်းမြောက်၍ ကျရှုံးချိန်တွင်လည်း အတူ ရပ်တည်ရပေမည်။ ဤအစည်းအဝေးများတွင် ဧဝံဂေလိဆရာတစ်ယောက်၏ သန့်ရှင်းသောအသက်တာကို အဓိကထား၍ တာဝန်ခံမှုရှိရန်နှင့် ယေရှု၏အစေခံသောသူတို့ထဲတွင် နှိမ့်ချခြင်းလက္ခဏာဆောင်သောသူဖြစ်ရန် လိုအပ်ခြင်းကို ဖော်ပြထားသည်။

အစည်းအဝေး ၉ မှ ၁၀။ ။ သစ္စာရှိသော ဧဝံဂေလိဆရာ – အမှုတော်မြတ်ကို ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခြင်း
ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခြင်းသည် ဧဝံဂေလိဟောပြောခြင်းအတွက် အဓိကကျသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ဝေငှရန် အခွင့်အရေးဟူသမျှကို အပိုင်ယူရမည်။ ယေရှုအကြောင်းကိုသာ ဟောပြောခြင်းမဟုတ်ဘဲ ဧဝံဂေလိတရား ကြား

သောသူများအား အသစ်သောအသက်တာနှင့် တပည့်တော်ဖြစ်ခြင်းခြေလှမ်းကို အစပြုရန် ဖိတ်ခေါ်ရပေမည်။ ဤအစည်းအဝေးများက ဧဝံဂေလိတရားဟောပြောခြင်းဆိုင်ရာ ဆုကျေးဇူးနှင့် ပတ်သက်၍ မတူညီသည့်အချက်နှစ်ချက်ကို လေ့လာသွားမည်။ ၎င်းတို့မှာ ဧဝံဂေလိတရားကို နေ့စဉ် သတ္တိရှိရှိ ဟောပြောရန် အခွင့်အရေး များပြားလာခြင်းနှင့် ဧဝံဂေလိတရား ဟောပြောသည့် အချိန်တိုင်း လူတို့ကို ဘုရားသခင်၏ နိုင်ငံတော်သို့ ခေါ်ဆောင်ရန် ဆန္ဒရှိခြင်းတို့ ဖြစ်သည်။

အစည်းအဝေး ၁၁။ ။ တိုက်တွန်းနှိုးဆော်နိုင်သော ဧဝံဂေလိဆရာ - ဧဝံဂေလိတရား သက်သေခံရန် အသင်းတော်ကို တိုက်တွန်းနှိုးဆော်ခြင်း
ဧဝံဂေလိတရားကို လိုအပ်သောသူများထံ သတင်းကောင်းကို ဝေငှကြသည့်အခါ အသင်းတော်များကိုလည်း အလားတူပြုရန် တိုက်တွန်းနှိုးဆော်ရပေမည်။ ဧဝံဂေလိတရားဟောပြောခြင်းသည် ယုံကြည်သူအားလုံး၏ တာဝန် ဖြစ်သည်။ ထို့ကြောင့် အဆိုပါ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ဖို့ အသင်းတော်ကို တိုက်တွန်းနှိုးဆော်ရန် ဧဝံဂေလိဆရာတစ်ယောက်၏ တာဝန်လည်း ဖြစ်သည်။ ဧဝံဂေလိဆရာသည် ယေရှု၏နောက်လိုက်များအနေဖြင့် ဧဝံဂေလိတရား ဟောပြောသက်သေခံခြင်းသည် အသင်းတော်၏ အဓိကပန်းတိုင်ဖြစ်ကြောင်းကို တိုက်တွန်းခွန်အားပေးသူအဖြစ် ဤအစည်းအဝေးတွင် ဖော်ပြထားသည်။

အစည်းအဝေး ၁၂။ ။ အပန်းဖြေအနားယူခြင်း
Advance နှစ်ကို အပန်းဖြေအနားယူခြင်းတစ်မျိုးမျိုးဖြင့် အဆုံးသတ်သည်။ တစ်နှစ်တာလုံး သင်ယူခဲ့သည့်အရာများနှင့် သင့်အားဖြင့် ဘုရားသခင် လုပ်ဆောင်ခဲ့သည့်အရာများကို ပြန်လည်ဆင်ခြင်နှလုံးသွင်း၍ အနာဂတ်အတွက် ကြိုတင်မျှော်လင့်ရန် လိုအပ်သည့်အကြောင်းအရာများကို သင့်အဖွဲ့သားများထံ ပေးဖို့ ဤအစည်းအဝေးကို ရည်ရွယ်ပြင်ဆင်ထားသည်။

ဒုတိယနှစ်

ဒုတိယနှစ်၏ အစည်းအဝေး ဆယ့်နှစ်ကြိမ်တွင် ဧဝံဂေလိဟောပြောခြင်း၏ စိန်ခေါ်မှုများနှင့် အသီးအပွင့်များကို တစ်လှည့်စီ ဆွေးနွေးလေ့လာသွားမည်။

အစည်းအဝေး ၁ - နိဒါန်း
တစ်နှစ်လုံး လေ့လာသွားမည့် စိန်ခေါ်မှုနှင့် အသီးအပွင့်တို့၏ အဓိကအချက်များကို အစည်းအဝေး ၁ တွင် ဆွေးနွေးသွားမည်။

အစည်းအဝေး ၂ - ဘုရားသခင်ထံတော်မှ လာသည့် စိန်ခေါ်မှု
ဘုရားသခင်ကို နှံဝိညာဉ်နှင့်လည်းကောင်း၊ သစ္စာနှင့်လည်းကောင်း နာခံသောစိတ်ဖြင့် ကိုးကွယ်ရန် ဘုရားသခင်၏ စိန်ခေါ်မှုနှင့် ဤလောက၌ ကျွန်ုပ်တို့၏ ဧဝံဂေလိတရား ဟောပြောခြင်းအပေါ် ၎င်း၏အကျိုးသက်ရောက်မှုကို ဤအစည်းအဝေးတွင် လေ့လာဆွေးနွေးသွားမည်။

အစည်းအဝေး ၃ - တပည့်တော်၏ အသီးအပွင့်
ဤအစည်းအဝေးတွင် ဘာသာရေးထုံးတမ်းတာဝန်တစ်ခုအဖြစ်သာ မဟုတ်ဘဲ ကျွန်ုပ်တို့အပေါ် ထာဝရသစ္စာရှိသော ဘုရားသခင်အပေါ် သစ္စာရှိလိုသည့်ဆန္ဒသဘောမျိုးဖြင့် မိမိကိုမိမိ ထိန်းချုပ်ခြင်းကို ကြည့်သွားမည်။

အစည်းအဝေး ၄ - မိမိထံမှလာသည့် စိန်ခေါ်မှု
အဆင့်အတန်း အတိုင်းအတာတစ်ခု သို့မဟုတ် အောင်မြင်ခြင်းအဆင့်တစ်ခု သတ်မှတ်၍ မိမိအပေါ် မိမိ စိတ်ဖိစီးမှု ယူဆောင်လာတတ်သည့် “စွမ်းဆောင်မှု” နှင့် နှိုင်းယှဉ်ခြင်း၏ အန္တရာယ်တို့ကို ဤအစည်းအဝေးတွင် အဓိက ဖော်ပြထားသည်။

အစည်းအဝေး ၅ - သတင်းစကား၏ အသီးအပွင့်
ဧဝံဂေလိသတင်းစကား၏ ပင်မအသီးအပွင့်ကို ဤအစည်းအဝေးတွင် ကြည့်သွားမည်။ ၎င်းပင်မအသီးအပွင့်သည် ကျွန်ုပ်တို့၏ ပုန်ကန်မှုအရှုပ်အထွေးကြားမှ မိမိ၏စုံလင်သောနိုင်ငံတော်၏ငြိမ်သက်ခြင်းကို တစ်လောကလုံးသို့ ပေးကမ်းသည့် အရာခပ်သိမ်းကို ဖန်ဆင်းသော အရှင်၏ ကောင်းမြတ်ခြင်းပင် ဖြစ်သည်။

အစည်းအဝေး ၆ - လောကထံမှ စိန်ခေါ်မှု
ကျွန်ုပ်တို့ကို ထိရောက်မှု မရှိအောင် ပြုလုပ်သည့် လူကိုကြောက်ရွံ့ခြင်းနှင့် အမှန်တကယ် ရင်ဆိုင်နိုင်သည့် ညှင်းပန်းနှိပ်စက်ခြင်း၏ ခြိမ်းခြောက်မှု စသည့် လောကထံမှ လာသည့် စိန်ခေါ်မှုများကို ဤအစည်းအဝေးတွင် ကြည့်သွားမည်။

အစည်းအဝေး ၇ - သံတမန်၏ အသီးအပွင့်
အပြောအဆို၊ အပြုအမူတိုင်း၌ ယေရှုကို သိကျွမ်းခြင်းကြောင့် ရလာသည့် ဝမ်းမြောက်ခြင်းကို အမြဲထင်ရှားစေ၍ ဘုရားသခင်၏ သနားခြင်းကရုဏာဖြင့် ဤလောကသို့ သွားရောက်သော တမန်ဖြစ်ခြင်းအကြောင်းကို ဤအစည်းအဝေးတွင် ရှင်းလင်းဖော်ပြသွားမည်။

အစည်းအဝေး ၈ - ရန်သူဘက်မှ စိန်ခေါ်မှု
ဤအစည်းအဝေးတွင် ဝိညာဉ်ရေးတိုက်ပွဲ၏ စိန်ခေါ်မှုနှင့်တကွ ထိုတိုက်ပွဲကို မည်သို့သိ၍ ရန်သူဖြစ်သူအား မည်သို့ ပြန်တိုက်ခိုက်ရမည့်အကြောင်းကို ဆွေးနွေးလေ့လာသွားမည်။ စာတန်သည် ကျွန်ုပ်တို့၏ သာသနာလုပ်ငန်းတွင် ကျွန်ုပ်တို့အား အရည်အချင်း မပြည့်မီအောင် နည်းအမျိုးမျိုး၊ ပုံစံအမျိုးမျိုးဖြင့် သွေးဆောင်တတ်သည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို ဖျက်ဆီးဖို့ ရည်ရွယ်၍ ကျွန်ုပ်တို့ကို လိမ်လည်လှည့်ဖြားတတ်သည်။ စွပ်စွဲတတ်သည်။

အစည်းအဝေး ၉ - နည်းဗျူဟာ၏ အသီးအပွင့်
ကျွန်ုပ်တို့၏ကြိုးစားအားထုတ်မှုဖြင့် ဘုရားသခင် လုပ်ဆောင်ပြီးစီးနိုင်ကြောင်းကို မျှော်လင့်ပြီး နှိမ့်ချခြင်းနှင့်တကွ သိမ်မွေ့နူးညံ့သောစိတ်ဖြင့် ဤလောကီအရပ်ရပ်သို့ သွားရောက်သည့်အခါ ကျွန်ုပ်တို့၏အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော် လုပ်ဆောင်သည့်အမှု၏ တန်ခိုးတော်ကို ရရှိပြီး အသုံးပြုသွားမည့် ဧဝံဂေလိဟောပြောခြင်း နည်းဗျူဟာများကို ဤအစည်းအဝေးတွင် ဆွေးနွေးသွားမည်။

အစည်းအဝေး ၁၀ - မိသားစုထံမှ လာသည့် စိန်ခေါ်မှု
နောက်ဆုံးကြည့်မည့် စိန်ခေါ်မှုသည် အသင်းတော်မိသားစုထံမှ လာသည့် စိန်ခေါ်မှု ဖြစ်သည်။ တစ်ယောက်တည်း အထီးမကျန်မိဖို့နှင့် ဧဝံဂေလိတရားကို အောက်မေ့ပြီး အနှောင့်အယှက်အမျိုးမျိုးအပါအဝင် ထုံထိုင်းခြင်းမ ရှိရလေအောင် အသင်းတော်ကို အဆက်မပြတ် တိုက်တွန်းနှိုးဆော်မည့် တာဝန်ကို မကျေပွန်ဘဲ မဖြစ်ရလေအောင် မိတ်သဟာယဖွဲ့ခြင်း၏ အရေးကြီးပုံကို အမြဲသတိရပါ။

အစည်းအဝေး ၁၁ - ဤလောက၌ အသီးအပွင့်
ဒုတိယနှစ်အတွက် အပန်းဖြေအနားယူခြင်း မပြုလုပ်မီ ကျွန်ုပ်တို့၏အသက်တာနှင့် ဧဝံဂေလိတရား ကြားနာသော သူတို့၏အသက်တာ၌ အစဉ်အမြဲတည်သောအသီးအပွင့်ကို တွေ့မြင်ခြင်း၏ ဆိုလိုရင်းသဘောတရားကို ကြည့်သွား မည်။

အစည်းအဝေး ၁၂ - အပန်းဖြေအနားယူခြင်း
ပထမနှစ်ကဲ့သို့ ဒုတိယနှစ်လည်း အပန်းဖြေအနားယူခြင်းဖြင့် အဆုံးသတ်မည်။ အစည်းအဝေး ၁၂ တွင် အတူတူ အချိန်သုံးခြင်းနှင့် ပတ်သက်၍ ပုံစံနှင့် အကြောင်းအရာများကို ဖော်ပြသွားမည်။ Advance အဖွဲ့သားအဖြစ် သင်ပါဝင်သည့် ဒုတိယနှစ်အတွင်း သင့်အထဲ၌ ဘုရားသခင် လုပ်ဆောင်သည့်အမှုကို ပြန်ဆင်ခြင်အောင်မေ့သည့်အခါ ပုံမှန်အဖွဲ့တွင် ပါဝင်ခြင်းထက် ပို၍ ဖန်တီးနိုင်စွမ်းရှိပြီး အချိန် ပိုပေးနိုင်လိမ့်မည်။

တတိယနှစ်

တတိယနှစ်တွင် သင်၏ Advance အဖွဲ့သည် ပထမနှစ်နှစ်အတွက် ချမှတ်ထားသည့်အကြောင်းအရာများကို ခဏဘေးဖယ်ပြီး ပုဂ္ဂိုလ်ရေးသဘောကို ဦးစားပေးကာ သင်၏အဖွဲ့ကို တိုးတက်စေနိုင်သည့် နည်းများအတွက် လိုအပ်သော ရွေးချယ်မှုများနှင့် အရင်းအမြစ်များကို သင်ရရှိလိမ့်မည်။

တတိယနှစ်တွင် လက်တွေ့ကျကျ ဧဝံဂေလိတရားဟောပြောခြင်းနှင့် သက်ဆိုင်သည့် အစည်းအဝေး ၆ ကြိမ် ထပ်ရှိမည်။ ၎င်းတို့ကို အဆင်ပြေသလို အစဉ်လိုက် ဆွေးနွေးလေ့လာနိုင်သည်။ တတိယနှစ်ကုန်တွင် အပန်းဖြေအနားယူခြင်းလည်း ထပ်ရှိဦးမည်။

ဤအစည်းအဝေး ၆ ကြိမ်နှင့် အပန်းဖြေအနားယူခြင်းအပြင် ထည့်စဉ်းစားသင့်သည့် နောက်ထပ် အစည်းအဝေး ၁၄ ကြိမ် ရှိသည်။

ထို့ပြင်၊ ဧဝံဂေလိဟောပြောခြင်း အတွေ့အကြုံများစွာရှိသော ဝါရင့်ဆရာများ ရေးသားသည့် “One Thing” ဟူသည့် ဆောင်းပါးလည်း ရှိသည်။ ၎င်းဆောင်းပါးတွင် စာရေးဆရာများက မိမိတို့ ဧဝံဂေလိ စဟောပြောခဲ့စဉ်က သိခဲ့သင့်သည့် အကြောင်းအရာတစ်ခုစီကို ရေးသားကြသည်။ ဤပြန်လည်သုံးသပ်ချက်များကို အခြေခံ၍ ပေးထားသည့် မေးခွန်းများအပါအဝင် ကျမ်းညွှန်းများကို အသုံးပြုပြီး ပိုနက်နဲသောကျမ်းစာလေ့လာခြင်းကို ပြုနိုင်သကဲ့သို့ အကြောင်းအရာတစ်ခုကို ဆွေးနွေးနိုင်သည်။ “ One Thing” ဟူသည့် ဆောင်းပါးကို ထပ်မံဖတ်ရှုလိုလျှင်လည်း ကောင်း၊ အဆိုပါနာမည်ဖြင့် ဆွေးနွေးခန်းအတွဲများကို ဖတ်ရှုလိုလျှင်လည်းကောင်း advancegroups.org တွင် ရှာနိုင်သည်။

နောက်ဆုံးအနေဖြင့်၊ တတိယနှစ်တွင် လပေါင်းများစွာ သင့်အဖွဲ့အတွက် အသုံးပြုနိုင်သည့် Advance မှ စီစဉ်ပေးသော ဟောပြောသူစီးရီး (Proclaimers series) အသုံးပြုနည်းလမ်းညွှန်ကိုလည်း ထည့်သွင်းဖော်ပြထားသည်။

Advance ၏ အခြေခံမူ ငါးချက်အပေါ် သစ္စာရှိသည့်အပြင် သင့်အဖွဲ့၏ အဓိကလိုအပ်ချက်များကို တိုးတက်အောင် ပြုလုပ်ရန် ရွေးချယ်မှုများကို တတိယနှစ်တွင် စီစဉ်ပေးထားသည်။

အဖွဲ့တစ်ဖွဲ့ကို ဦးဆောင်ခြင်း

အများဆုံး လူအယောက် ၁၂ ယောက်ရှိသည့် အဖွဲ့တစ်ဖွဲ့ကို တစ်လလျှင် တစ်ကြိမ် ၂ နာရီခန့် တွေ့ဆုံကြရန် ခွန်အားပေး တိုက်တွန်းပါ။

ခေါင်းဆောင် သို့မဟုတ် စီစဉ်ဆောင်ရွက်ပေးသူလား
သင်သည် Advance အဖွဲ့ကို ဦးဆောင်နိုင်သောသူ ဖြစ်မဖြစ် သင်စဉ်းစားနေသည်လည်း ဖြစ်နိုင်သည်။ အဖွဲ့တစ်ဖွဲ့ကို ဦးဆောင်ခြင်းတွင် ခေါင်းဆောင်တစ်ယောက်အနေဖြင့် သို့မဟုတ် စီစဉ်ဆောင်ရွက်ပေးသူအနေဖြင့် နှစ်မျိုးနှစ်စား စဉ်းစား၍ ရသည်။

ခေါင်းဆောင်ဆိုသည်မှာ ဧဝံဂေလိဟောပြောခြင်းတွင် အတွေ့အကြုံရှိ၍ သွန်သင်ပေးခြင်းနှင့် ဆွေးနွေးခြင်းကို ဦးဆောင်သည့် အတွေ့အကြုံလည်း ရှိသူ ဖြစ်ရမည်။

စီစဉ်ဆောင်ရွက်ပေးသူဆိုသည်မှာ အဖွဲ့ခေါင်းဆောင် မလုပ်ဘဲ Advance အဖွဲ့တစ်ဖွဲ့ကို အစပျိုးသည့်တာဝန် ယူပြီး တစ်ဖွဲ့လုံးကိုယ်စား အစည်းအဝေးနှင့်ဆိုင်သည့် အချက်လက်များ စီစဉ်ပေးသည်။ (သို့မဟုတ် တာဝန်တစ်ရပ်ကို ထမ်းကူရန် သဘောတူသောသူ ဖြစ်သည်)။

သင့်အတွေ့အကြုံကို သင့်အဖွဲ့ထဲ ယူဆောင်လာသည်ဖြစ်စေ၊ ဤလမ်းညွှန်ကို လုံးလုံး မှီခိုသည်ဖြစ်စေ Advance အဖွဲ့ကို ဦးဆောင်ခြင်းသည် အဓိကကျသောခံယူချက်များအပေါ် သစ္စာရှိခြင်းက ပိုအရေးကြီးသည်။ မည်သို့ပင်ဖြစ်စေ၊ အားလုံး အတူတကွ ကြီးထွားနိုင်သည့် အတွေ့အကြုံမျိုးကို အဖွဲ့သားများ ခံစားရန် အရေးကြီးသည်။

Advance အဖွဲ့အစပြုရန် ရိုးရှင်းသောအဆင့် ၁၀ ဆင့်ကို ကြည့်ရန် စာမျက်နှာ ၂၄၁-၂၄၂ ကို ကြည့်ပါ

အစည်းအဝေးကို ခွဲခြမ်းစိတ်ဖြာခြင်း

အစည်းအဝေးတစ်ခုတိုင်းကို နိဒါန်းအကျဉ်းဖြင့် အစပြုထားပြီး ၎င်းအစည်းအဝေးကို စာကြောင်းတစ်ကြောင်း သို့မဟုတ် ဝါကျတစ်ကြောင်းဖြင့် အကျဉ်းချုပ်ထားသည်။

အစည်းအဝေးနောက်ကြောင်းက အစည်းအဝေးအတွက် နောက်ခံသဘောတရားကို ရှင်းပြသည်။ ၎င်းက အစည်းအဝေးတစ်ခုလုံး၏ သဘောတရားကို ပိုနားလည်အောင် အထောက်အကူ ပြုမည်ဖြစ်သောကြောင့် ၎င်းအစည်းအဝေးနောက်ကြောင်းကို အစည်းအဝေး မဦးဆောင်မီ ဖတ်ရှုလေ့လာသင့်သည်။ အချိန်ရှိလျှင် ၎င်းအကြောင်းအရာကို အစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးနိုင်သည်။ သို့သော်၊ ၎င်း၏ အဓိကရည်ရွယ်ချက်မှာ အစည်းအဝေးအတွက် သင်၏ပြင်ဆင်မှုကို အထောက်အကူပြုရန် ဖြစ်သည်။

အစည်းအဝေးတိုင်းကို တွေ့ဆုံခြင်း ဖြင့် အစပြုထားသည်။ အစည်းအဝေးအစပိုင်းတွင် ၎င်းသည် တစ်ယောက်နှင့်တစ်ယောက် ခင်မင်ရင်းနှီးရန်နှင့် မည်သို့အဖွဲ့ဖွဲ့၍ လုပ်ဆောင်သွားမည့်အကြောင်းကို ရှင်းပြရန် ဖြစ်သည်။ အစည်းအဝေး အကြိမ်ရေ များလာသည်နှင့်အမျှ တစ်ယောက်၏အကြောင်းကို တစ်ယောက် ဝေငှသက်သေခံရန်နှင့် ယခင်အစည်းအဝေး၏ **လိုက်လျှောက်ကျင့်သုံးခြင်း** ကို သုံးသပ်ရန် ပို၍ အချိန်ပေးထားမည်။

ထို့နောက်၊ **ဆုတောင်းခြင်း** အချိန် ရောက်လာမည်။ ၎င်းအတွက် အချိန်အတိုင်းအတာ ကန့်သတ်ထားခြင်း မရှိသကဲ့သို့ လုပ်ပုံလုပ်နည်းကိုလည်း ချမှတ်ပေးထားခြင်း မရှိပါ။ တစ်ဖွဲ့လုံးအနေဖြင့်လည်းကောင်း၊ အတွဲလိုက်ဖြင့် လည်းကောင်း အချိန်အနည်းငယ် သို့မဟုတ် အတိုင်းအတာတစ်ခုအထိ အချိန်ယူပြီး ဆုတောင်းနိုင်သည်။

အဓိက **သွန်သင်ခြင်း** အပိုင်းတွင် ဆွေးနွေးရန် ကျမ်းညွှန်းများ၊ ကိုးကားချက်များနှင့် အချက်အလက်များကို ထည့်သွင်းထားသည်။ ဤအပိုင်းတွင် အချိန်ကို မကြာမကြာ ကြည့်ပေးဖို့ လိုသည်။ ဆွေးနွေးရန် အချိန်လည်း သပ်သပ် ပေးထားဦးမည်ဖြစ်သောကြောင့် အစည်းအဝေးအဆုံးပိုင်းတွင် ပြုလုပ်မည့် တာဝန်ခံမှု အပိုင်းအတွက်လည်း အချိန် ဖယ်ထားဖို့ လိုအပ်သည်။ သွန်သင်ခြင်းအပိုင်းတွင် အချိန်အလွန်အကျွံ သုံးထားသော ကြောင့် တာဝန်ခံမှုအပိုင်းတွင် အချိန်မလောက်သည့်အဖြစ်မျိုး မဖြစ်ရလေအောင် အထူးသတိပြုပါ။

သွန်သင်ခြင်း အပိုင်းပြီးနောက် **ဆွေးနွေးခြင်း** အပိုင်း လာမည်။ ၎င်းအပိုင်းတွင် အစည်းအဝေး၏ခေါင်းစဉ်နှင့် သက်ဆိုင်သည့် မေးခွန်းများနှင့် ကိုးကားချက်များ ပါဝင်သည်။ ၎င်းမေးခွန်းများနှင့် ကိုးကားချက်များအားလုံးကို ဆွေးနွေးရန် အချိန်လောက်မည် မဟုတ်သောကြောင့် အထောက်အကူ အများဆုံးပြုနိုင်သည့် အကြောင်းအရာများကို ရွေးချယ်ပြီး ဆွေးနွေးနိုင်ရန် လိုအပ်သည်ထက်များသော အကြောင်း အရာများကို ထည့်သွင်းထားသည်။ မေးခွန်းအားလုံးကို ဆွေးနွေးဖို့ အလျင်အမြန် ဆွေးနွေးခြင်းမျိုး မလုပ်ပါနှင့်။ အချက်အနည်းငယ်ကိုသာ အဓိက အာရုံစိုက်ပါ။

အစည်းအဝေးအဆုံးပိုင်း ရောက်လာသည့်အခါ **လိုက်လျှောက်ကျင့်သုံးခြင်း** အပိုင်း ရှိသည်။ ၎င်းအပိုင်းကို အစည်းအဝေးနောက်တစ်ကြိမ် မရှိမီ ပြုလုပ်ရမည်။ ဆန္ဒရှိပါက သင့်ထင်မြင်ယူဆချက်များကို သင်ထည့်သွင်းနိုင်သည်။

ထို့နောက်၊ **ဆုတောင်းခြင်း** အပိုင်း နောက်တစ်ခု လာမည်။ ဤတစ်ကြိမ်တွင် အစည်းအဝေးအပေါ် အခြေခံ၍ ဆုတောင်းရမည့် အချက်များကို ဖော်ပြထားသည်။ သို့သော်၊ မည်သို့အချိန်သုံး၍ မည်မျှကြာအောင် ဆုတောင်းရမည် ဟူသည့်အပိုင်းကိုမူ သင့်သဘောအတိုင်း သင်စီမံပြုလုပ်နိုင်သည်။

နောက်ဆုံးအနေဖြင့်၊ အစည်းအဝေးတိုင်းကို **တာဝန်ခံမှုရှိခြင်း** ဖြင့် အဆုံးသတ်ထားသည်။ ၎င်းအပိုင်းတွင် အစည်းအဝေးအပေါ် ပြန်လည်ဆင်ခြင်သုံးသပ်ခြင်းနှင့်တကွ မိမိကိုမိမိ သုံးသပ်ခြင်းဖောင်ကိုလည်း ဖြည့်ရမည်။ ဝေငှရမည်။ ဆုတောင်းရမည်။ ဤလမ်းညွှန်၏ နောက်ဆုံးပိုင်းတွင် မိမိကိုမိမိ သုံးသပ်ခြင်းဖောင်ကို ကော်ပီကူးနိုင်သကဲ့သို့ advancegroups.org မှလည်း PDF ဖြင့် ဒေါင်းလော့ဆွဲနိုင်သည်။

နောက်အစည်းအဝေးအတွက် အချိန်မသတ်မှတ်သေးလျှင် အစည်းအဝေး မကုန်မီ သတ်မှတ်ဖို့ ကြိုးစားပါ။ လူချင်းတွေ့ပြီး တိုင်ပင်မှ အချိန် သတ်မှတ်လွယ်သည်။ **မမေ့ပါနှင့်...** အပိုင်းတွင် သင့်အဖွဲ့သားများအနေဖြင့် အထောက်အကူဖြစ်သည့် website ပေါ်တွင်ဖြစ်စေ၊ Advance အစီအစဉ်တစ်ခုတွင်ဖြစ်စေ ဆက်သွယ်ပြုလုပ်နိုင်သည့်အရာကို သတိပေးထားသည်။

Advance အစည်းအဝေးကို နှစ်နာရီခန့် အချိန်အသုံးပြုလျှင် အကောင်းဆုံး ဖြစ်သည်။ အစည်းအဝေးတစ်ကြိမ်စီ၏ အပိုင်းများတွင် အချိန်များကို အကြံပြု၍ သတ်မှတ်ထားသည်ကို သတိပြုပါ။ သို့သော်၊ ၎င်းသတ်မှတ်ထားသည့်အချိန် များကို အစည်းအဝေးတစ်ခုလုံး၏ အချိန်ကြာညောင်းမှုအပါအဝင် သင့်အဖွဲ့အတွက် အချိန်အသုံးပြုမှုကို လိုအပ်သလို ပြင်ဆင်နိုင်သည်။

ရွေးချယ်နိုင်သည့် အစည်းအဝေး၌ ပါဝင်သည့် အချက်များ

အထူးဆုတောင်းချက်များ

အဖွဲ့ဝင်များထဲမှ အဖွဲ့ဝင်အချို့အတွက် အချိန်ယူပြီး ဆုတောင်းပါ။ သူတို့၏ဘဝအသက်တာ၊ မိသားစု၊ သာသနာ လုပ်ငန်းနှင့် သူတို့တင်ပြသည့်အချက်များအတွက် ဆုတောင်းပေးပါ။ သင့်အဖွဲ့ထဲ၌ အဖွဲ့ဝင်များပါက အားလုံးအတွက် အလှည့်ကျဆုတောင်းနိုင်ရန် အစည်းအဝေးသုံးကြိမ်နှင့် အထက် လိုအပ်ကောင်း လိုအပ်လိမ့်မည်။ ထို့နောက်၊ အစမှ ပြန်စနိုင်သည်။

လက်တွေ့ကျကျ လုပ်ဆောင်ခြင်း

လူပုဂ္ဂိုလ်ချင်းဧဝံဂေလိတရား ဟောပြောရာတွင် အသုံးပြုရမည့် ဆွေးနွေးချက်များနှင့် ဆုတောင်းချက်များကို လက်တွေ့အကောင်အထည်ဖော်ရန် သို့မဟုတ် ဧဝံဂေလိတရားဟောပြောခြင်းကို အမှန်ပေါ်လွင်စေရန် ရပ်ကွက် လမ်းများပေါ်သို့ ထွက်ပြီး တစ်နာရီခန့် လက်တွေ့ဟောပြောဖို့ လိုကောင်းလိုနိုင်သည်။ ဧဝံဂေလိဟောပြောခြင်းအတွက် ပြင်ဆင်ပေးရန် ဤအဖွဲ့များကို ရည်ရွယ်ထားသည်မှန်သော်လည်း အမှန်တကယ် ဧဝံဂေလိတရားကို လက်တွေ့ ဟောပြောခြင်းအတွက်လည်း အချိန်ပေးနိုင်သည်။ ဧဝံဂေလိဟောပြောခြင်းအတွက် သွန်သင်ပြင်ဆင်ပေးခြင်းသည် အချက်အလက်များသက်သက်၊ တိုက်တွန်းနှိုးဆော်ခြင်းသက်သက် မဟုတ်ဘဲ လက်တွေ့ကျကျ အမှန်တကယ် ဟောပြောဖို့လည်း လိုအပ်သည်။ ဤနည်းဖြင့် ဧဝံဂေလိတရားကို သစ္စာရှိရှိ ဟောပြောခြင်းဟူသည့် ကျွန်ုပ်တို့ Advance ၏ ရည်ရွယ်ချက်ပန်းတိုင်အတွက် အခွင့်အရေးများ ဖန်တီးပေးရာ ရောက်သကဲ့သို့ သွန်သင်ရုံ၊ ဆွေးနွေးရုံဖြင့် သင်ယူ၍ မရသည့် လက်တွေ့ကျသောအရာများကိုလည်း သင်ယူမိရာ ရောက်လိမ့်မည်။ ဤအတွေ့အကြုံများကို အစီရင်ပြန်ခံခြင်း၊ ပြန်လည်သုံးသပ်ခြင်းမျိုး ပြုလုပ်ရန်လည်း အချိန်ပေးပါ။

ဧည့်သည်ဆရာများ

သင့်အဖွဲ့၏ သင်ယူခြင်းနှင့် ဆွေးနွေးခြင်းတို့တွင် အကြံကောင်းများ၊ အတွေ့အကြုံအမျိုးမျိုး သို့မဟုတ် မတူသောအတွေးအခေါ်မျိုးကို ပေးနိုင်သည့် တရားဟောဆရာ သို့မဟုတ် ဧည့်သည်တစ်ယောက်ယောက်ကို ခေါ်နိုင်လျှင် သင့်အဖွဲ့ထံ ဝေငှရန် ခေါ်ဖိတ်ပါ။

အဖွဲ့တစ်ဖွဲ့ကို ဦးဆောင်ရန် အထောက်အကူပြုမည့် အကြံပြုချက်များ

၁။ အဖွဲ့လိုက် တွေ့ဆုံမည့်အစည်းအဝေးကို စောနိုင်သလောက် စောအောင် ရက်ကို ကြိုတင်သတ်မှတ်ထားပါ။ (ဖြစ်နိုင်လျှင် ခြောက်လ ကြိုတင်၍ သတ်မှတ်ပါ)။ ထိုသို့သော ရက်ချိန်းမျိုးကို ပြုလုပ်ရန် online ၌ တွေ့ရသည့် doodle.com က အကူအညီဖြစ်နိုင်သည်။

၂။ ဆုတောင်းတင်ပြချက်များနှင့် ကယ်တင်ခြင်းရသောသူများ အကြောင်းတို့ကို အဖွဲ့သားများကြား အဆက်အသွယ်ပြု နိုင်ရန် WhatsApp, Signal, Facebook Messenger, Telegram သို့မဟုတ် ချက်ချင်းစာပို့နိုင်သည့် အခြားသော အက်ပလေကေးရှင်း (Viber) တို့ကို အသုံးပြုနိုင်သည်။ အဖွဲ့ဝင်အားလုံးအတွက် အဆင်ပြေမည့်အရာ တစ်ခုခုကို အသုံးပြုဖို့ သဘောတူပြီး အဖွဲ့ခေါင်းဆောင်က မကြာခဏ စာပို့ခြင်း၊ အဆက်အသွယ်ပြုခြင်းဖြင့် ပုံသက်သေကောင်း ပြပါ။ သင်ကြုံတွေ့သည့်အကြောင်းအရာများကို ဝေမျှပါ။ ဆုတောင်းချက်များကို မကြာခဏ မေးပေးပါ။ အကျိုးရှိစေမည့် စာပေလင့်များ၊ ဟောပြောဆွေးနွေးချက်များ၊ YouTube ဗီဒီယိုများကိုလည်း မျှဝေပါ။ သင်ကိုယ်တိုင် အစပြုလျှင် သူတပါးလည်း ပါဝင်လာလိမ့်မည်။

၃။ အစားအသောက် သုံးဆောင်ပြီး စုဝေးခြင်းက အားလုံးအတွက် သက်တောင့်သက်သာ ရှိနိုင်သည်။ ထို့ကြောင့်၊ အစားအသောက်နှင့်တကွ သင့် Advance အဖွဲ့အစည်းအဝေးကို ပြုလုပ်နိုင်သည်။

၄။ သင့်အဖွဲ့သားများကို မိမိတို့ကိုယ်တိုင် အဖွဲ့သစ် အစပြုရန် စောစောကတည်းက စဉ်းစားတတ်အောင် ပြောပေးပါ။ သင့်အဖွဲ့ထဲ နောက်ကျမှ ရောက်လာနိုင်မည့်သူများကို သင့်အဖွဲ့သားများထဲမှ ထွက်လာသည့်အဖွဲ့သစ်ထံ သင်လွှဲနိုင်သည်။

၅။ ဆွေးနွေးရန်၊ ဆုတောင်းရန်နှင့် တာဝန်ခံမှုအချိန်တွင် မျှဝေရန် သက်တောင့်သက်သာ ဖြစ်မည့်နေရာမျိုးတွင် အစည်းအဝေးကို ပြုလုပ်ပါ။ အချို့အတွက် လူအများထိုင်သည့် လက်ဖက်ရည်ဆိုင်/ကော်ဖီဆိုင်/စားသောက်ဆိုင်သည် အဆင်ပြေသော်လည်း အချို့က ဆိတ်ငြိမ်သည့်သီးသန့်နေရာကို ပိုသဘောကျကောင်း သဘောကျနိုင်သည်။ သင်တို့ တွေ့ဆုံမည့်နေရာကို သေသေချာချာ ရွေးပါ။ အွန်လိုင်းတွင် တွေ့ဆုံခြင်းကလည်း အလုပ်ဖြစ်နိုင်သော်လည်း ဖြစ်နိုင်ပါက လူချင်းတွေ့ရန် စီစဉ်ပါ။

ပထမနှစ်

“

ကိုယ်တော်တိုင်ပေါ်ထွန်း၍ နိုင်ငံတော်ထင်ရှားသောကာလ၊ အသက်ရှင်သော
သူ၊ သေသောသူတို့ကို စစ်ကြောစီရင်တော်မူသော သခင်ယေရှုခရစ် ရှေ့မှာ
လည်းကောင်း၊ ဘုရားသခင် ရှေ့မှာလည်းကောင်း၊
ငါသည် သင့်ကို သစ္စာပေးသည်ကား၊–

**နှုတ်ကပတ်တရားတော်ကို ပြော
လော့။**

**အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကြိုးစားအားထုတ်
လော့။ အပြစ်ကို ဖော်ပြလော့။ ဆုံးမခြင်းကိုပြုလော့။ အလွန်
ရှည်သောစိတ်နှင့် ဩဝါဒမျိုးကိုပေး၍ တိုက်တွန်းသွေးဆောင်
လော့။**

အကြောင်းမူကား၊ နောင်ကာလ၌ လူတို့သည် စင်ကြယ်သောဩဝါဒကို နားမခံနိုင်
ဘဲ၊ ယားတတ်သော နားရှိလျှင်၊
မိမိတပ်မက်ခြင်းအတိုင်း များပြားသော ဆရာတို့နောက်သို့ လိုက်ကြလိမ့်မည်။
သမ္မာတရားကို နားမထောင်ဘဲ၊
ဒဏ္ဍာရီစကားကို နားထောင်၍ လွဲသွားကြလိမ့်မည်။

**သင်မူကား၊ အရာရာ၌ သမ္မာသတိရှိစေလော့။ ဆင်းရဲဒုက္ခကို
သည်းခံလော့။ သာသနာပြုဆရာ ဆောင်ရွက်ရသောအမှုကို
ဆောင်ရွက်လော့။ ဓမ္မဆရာအရာ၌ ခန့်ထား၍ ပြုရသောဝတ်
များကို အကုန်အစင်ပြုလော့။**

၂ တိ ၄း၁–၅

အစည်းအဝေး ၁

ADVANCE မှ ကြိုဆိုပါ၏

ပထမဆုံး တွေ့ဆုံသည့်အစည်းအဝေးကို တစ်ယောက်နှင့် တစ်ယောက် အကျွမ်းတဝင်ရှိရန်နှင့် မိမိတို့အဖွဲ့ လုပ်ဆောင်မည့်အရာများကို အကျဉ်းချုပ်ရှင်းပြရန် အချိန်သုံးပါ။ ဤနိဒါန်းနှင့်အတူ ဧဝံဂေလိတရားဟောပြောခြင်း၏ ဆိုလိုရင်းနှင့် ဧဝံဂေလိဆရာအလုပ်ကို လုပ်ဆောင်ရန် လိုအပ်သည့် လက္ခဏာငါးမျိုးကို လေ့လာရန် အချိန်သုံးနိုင်သည်။

အစည်းအဝေးကို ဝါကျတစ်ကြောင်းဖြင့် ဖော်ပြခြင်း
Advance အဖွဲ့တွေ့ဆုံခြင်း အစည်းအဝေး ပထမ ၁၂ ကြိမ်တွင် ဧဝံဂေလိဟောပြောခြင်းနှင့်ဆိုင်သည့် လက္ခဏာငါးမျိုးကို အတူတူကြည့်သွား၍ ၎င်းအမှုအတွက် ဘုရားသခင်၏ တန်ခိုးအပေါ် မှီခိုရင်း တစ်ယောက်နှင့်တစ်ယောက် ခွန်အားပေး၍ ပြင်ဆင်ကြမည်။

အစည်းအဝေးနောက်ကြောင်း
ဧဝံဂေလိတရားဟောပြောဖို့ ခေါ်ဆိုခြင်းသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့် သက်ဆိုင်ကြောင်းကို သတိပြုခြင်းက Advance ခရီးသို့ အဖွဲ့သားများကို ကြိုဆိုရန်နှင့် ဧဝံဂေလိတရားဟောပြောခြင်းကို ဆွေးနွေးရန် ကောင်းမွန်သော အစပြုခြင်း ဖြစ်သည်။ မာကု ၁း၁၆–၁၈ တွင် အန္ဒြေနှင့် ပေတရုအား ယေရှု ခေါ်ဆိုခဲ့ပုံကို ကြည့်ပါ။ ယေရှုသည် ငယ်ရွယ်သေးသောတံငါသည်များကို ပင်လယ်ကမ်းနံဘေးမှ ခေါ်ပြီး မိမိတို့၏ပိုက်ကွန် (အလုပ်အကိုင်) ကို ထားခဲ့ကာ သူ့နောက်လိုက်ရန် ဖိတ်ခေါ်ခဲ့သည်။ လူကိုမျှားသော တံငါသည်ဖြစ်ရန် သူတို့ကို ယေရှု သင်ပေးမည် ဖြစ်သည်။ ဤစကားလုံးများကို အသုံးပြု၍ သင့်ကို ယနေ့ ဘုရားသခင် ခေါ်ပါသလား။ သင်၌ ဤညီအစ်ကိုနှစ်ယောက်နှင့် တူသည့်အလုပ်အကိုင်မရှိလျှင် သူတို့နည်းတူ ခေါ်ဆိုခြင်းခံဖို့ ဖြစ်နိုင်ချေ အင်မတန် နည်းသည်။ ယေရှုသည် အန္ဒြေနှင့် ပေတရုကို ပုဂ္ဂိုလ်ရေးသဘောဆောင်၍ ငါးဖမ်းခြင်းနှင့်ဆိုင်သော စကားလုံးများကို ဆက်နွယ်မှုတစ်ခုအဖြစ် အသုံးပြုပြီး ခေါ်ဆိုခဲ့သည်။

ဘုရားသခင်သည်ကျွန်ုပ်တို့တစ်ဦးတစ်ယောက်စီကိုသူ၏သာသနာတော်အတွက် ပုဂ္ဂိုလ်ရေးသဘောဆောင်၍ ခေါ်တတ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဝါသနာ/စွဲလမ်းမှုများကို အခွင့်အရေးယူပြီး မိမိမည်သူဖြစ်ကြောင်းကို ဖော်ပြရှင်းပြတတ်သည်။ သင်သည် ဂီတသမား၊ အနုပညာရှင်၊ သိပ္ပံပညာရှင်၊ သူနာပြု၊ အလုပ်ရှင် သို့မဟုတ် မည်သည့်အလုပ်အကိုင်၊ ကျွမ်းကျင်မှု ရှိနေပါစေ သတင်းကောင်း ဟောပြောရန် ၎င်းကို အခွင့်အရေးအဖြစ် ဘုရားသခင် အသုံးပြုနိုင်သည်။

ဧဝံဂေလိတရားဟောပြောခြင်း၏ ရည်ရွယ်ချက်မှာ လူတို့ကို ဘုရားသခင်၏ သတင်းကောင်းနှင့် မိတ်ဆက်ကာ ချိတ်ဆက်ပေးခြင်း ဖြစ်သည်။ ပြည့်ပြည့်စုံစုံ ဖော်ပြရလျှင် ဧဝံဂေလိတရားဒေသနာဆိုသည်မှာ ယေရှုခရစ်တော်၌ ယုံကြည်ခြင်း ထားပြီး ထိုခရစ်တော်ကို အားကိုး၍ နာခံကာ ဘုရားသခင်ကို ငြင်းပယ်ခြင်းမှ ခရစ်တော်၏ သခင်ဖြစ်ခြင်းကို လက်ခံလာရန် ဖိတ်ခေါ်မှု ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အတွက် ဖန်ဆင်းခြင်း ခံသောသူများ ဖြစ်ကြောင်းကို ကျွန်ုပ်တို့ သဘောပေါက်သည့်အခါ ဝတ်ပြုကိုးကွယ်ခြင်းကို နားလည်လာပြီး ကျွန်ုပ်တို့၏အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော်၏ပြောင်းလဲစေနိုင်သောတန်ခိုးတော်ကို တွေ့ကြုံခံစားမည် ဖြစ်သည်။ ကျွန်ုပ်တို့၏အသက် တာ၌ နာခံခြင်း၊ ပေးဆပ်ခြင်း၊ ယုံကြည်ခြင်းနှင့် ချစ်ခြင်းမေတ္တာတို့ဖြင့် ဝတ်ပြုကိုးကွယ်ခြင်းကိုထင်ရှားစေသည့်အခါစုံလင်ပြည့်ဝခြင်းကိုရာတွေ့မည် ဖြစ်သည် (ဂလာတိ ၅း၁၃–၂၆)။

“ငါ့လူတို့....ကို လွှတ်လော့” ဟူ၍ ဖာရောဘုရင်ထံ ပြောရန် မောရှေအား ဘုရားသခင် စေခိုင်းခဲ့သည့်အကြောင်းကို ထွက်မြောက်ရာကျမ်း ၈း၁ တွင် တွေ့ရသည်။ ယနေ့တွင် ဘုရားသခင်၏ အလိုတော်မှာ လူတို့ကို အပြစ်၏ကျေးကျွန်မှ လွှတ်စေရန် ဖြစ်သည်။ ကျွန်ုပ်တို့သည် မောရှေကဲ့သို့ပင် ဤလောကသို့ သွား၍ လွှတ်မြောက်ခြင်းတရားကို ဟောပြောရန် စေခိုင်းခြင်း ခံရသည်။ ကျွန်ုပ်တို့အား လွတ်မြောက်စေရန် ဝိညာဉ်တော်တန်ခိုးနှင့် ယေရှုအားဖြင့် ဘုရားသခင် အမှုပြုခဲ့ပြီးဖြစ်သောကြောင့် ကျေးကျွန်အောက်၌ ဆက်ရှိနေဖို့ မလိုပါ (ရောမ ၈း၂)။ မောရှေနှင့် ဣသရေ

လလူမျိုးတို့ကဲ့သို့ ဧဝံဂေလိတရားဟောပြောခြင်း၏ ရည်ရွယ်ချက်မှာ ဝတ်ပြုကိုးကွယ်ခြင်း ဖြစ်သည်။

> 'ငါ၏လူတို့သည် ငါ့အား ဝတ်ပြုမည်အကြောင်း၊ သူတို့ကို လွှတ်လော့'
>
> **ထွက်မြောက်ရာကျမ်း ၈း၁**

သူတပါးလည်း ဝတ်ပြုကိုးကွယ်၍ သက်သေခံသောသူများ ဖြစ်လာရန် ကျွန်ုပ်တို့ကိုယ်တိုင်သည် သက်သေခံသော ဝတ်ပြုကိုးကွယ်သူများ ဖြစ်ရပါမည်။

အစည်းအဝေး လမ်းညွှန်

တွေ့ဆုံခြင်း (၂၀-၃၀ မိနစ်)

အဖွဲ့သားအားလုံးကို မိတ်ဆက်ပေးပြီး တစ်ယောက်နှင့်တစ်ယောက် အကျွမ်းတဝင်ရှိအောင် အစပြုပါ။ ကစားနည်းတစ်ခုခုဖြင့် အစပြု မိတ်ဆက်နိုင်သကဲ့သို့ တစ်ဖွဲ့လုံးအား မိမိတို့၏ အခြေခံကိုယ်ရေးအချက်အလက်များကို ပြောခြင်းဖြင့်လည်း အစပြုနိုင်သည်။ ထို့နောက်၊ မိမိတို့အဖွဲ့၏ သဘောတရားနှင့် လာမည့်လများတွင် လုပ်ဆောင်သွား မည့်အကြောင်းအရာများကို သင်နှစ်သက်သည့်အတိုင်း ရှင်းပြနိုင်သကဲ့သို့ စာမျက်နှာ ၇ ရှိ နိဒါန်းအတိုင်း သင်ဖတ်နိုင် သည်။

ဆုတောင်းခြင်း

သင်တို့၏ Advance ခရီးစဉ်တစ်ခုလုံးကို ဘုရားသခင်ထံ ဆုတောင်းအပ်နှံဖို့နှင့် တွေ့ဆုံခြင်းအပိုင်းတွင် ရှိနိုင်သည့် ဆုတောင်းတင်ပြချက်များအတွက် အချိန်သုံးပါ။

သွန်သင်ခြင်း (၂၀-၃၀ မိနစ်)

အောက်ပါသင်ခန်းစာများကို သင်နှစ်သက်သည့်နည်းဖြင့် သင်ပေးနိုင်သကဲ့သို့ တစ်လုံးမကျန် ဖတ်ပြခြင်းဖြင့်လည်း သင်ပေးနိုင်သည်။ ထို့ပြင်၊ သင်ကိုယ်တိုင် ပြင်ဆင်၍လည်း တင်ပြနိုင်သည်။

> "သို့ရာတွင် ဘုရားသခင်၏ ကျေးဇူးတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို သက်သေခံစေခြင်းငှာ၊ သခင်ယေရှု၏လက်မှ ငါခံခဲ့ပြီးသောမွေဆရာ အမှုတည်းဟူသော ငါဆောင်ရွက်ရသောအမှုကို ဝမ်းမြောက်စွာ ပြီးစီးစေမည်အကြောင်း၊ ထိုညှဉ်းဆဲခြင်းအမှု တစ်စုံတစ်ခုကိုမျှ ငါသည်ပမာဏမပြု၊ ကိုယ်အသက်ကိုလည်း နှမြောခြင်းမရှိ"
>
> **တမန် ၂၀း၂၄**

ရိုးရှင်းစွာ ဖော်ပြရလျှင် "ဧဝံဂေလိတရားဟောပြောခြင်း" ဆိုသည်မှာ "သတင်းကောင်း ဟောပြောခြင်း" ဖြစ်သည်။ ထိုသတင်းကောင်းမှာ ယေရှုခရစ်တော် လုပ်ဆောင်ခဲ့သော ကယ်တင်ခြင်းအမှုကြောင့် အပြစ်များ၍ ပုန်ကန်သောလူသားတို့သည် ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်ခွင့် ရရှိကြသည်ဟူသည့် ခရစ်တော်၏ တရားဒေသနာ ဖြစ်သည်။ ထာဝရအသက်ကို ယခုနှင့် ထာဝရအတွက် ကျွန်ုပ်တို့ သိနိုင်ပြီး ကျွန်ုပ်တို့နှင့် ထိုက်တန်သည့် သေခြင်းကို ယေရှု ခံခဲ့သောကြောင့် ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်သည့် မိတ်သဟာယကို ကျွန်ုပ်တို့ ခံစားနိုင်သည်။

အောက်ပါ ဧဝံဂေလိတရားဟောပြောခြင်း အဓိပ္ပာယ်ဖွင့်ဆိုချက် နှစ်မျိုးကို ကြည့်ပါ။

> "ဘုရားသခင်နှင့် **ပြန်လည်သင့်မြတ်**၍ **ကိုယ်တိုင်ကိုယ်က**ျ ဘုရားထံ ချဉ်းကပ်လာရန် လူတို့ကို **သွေးဆောင်လို** သည့်ဆန္ဒဖြင့် **သမိုင်းနှင့် သမ္မာကျမ်းစာတွင်** တွေ့ရသည့် **ခရစ်တော်**ကို **ကယ်တင်ရှင်နှင့်** သခင်အဖြစ် **ဟောပြောခြင်း** ဖြစ်သည်"
>
> **လောဆန်ပဋိညာဉ်**

> "ဧဝံဂေလိတရားဟောပြောခြင်းဆိုသည်မှာ ဘုရားသခင်၏ ခွင့်လွှတ်ခြင်းကို လက်ခံ၍ ထိုဘုရား၏ **သခင်ဖြစ်ခြင်း၊ ချစ်ခြင်းမေတ္တာ**နှင့် အသက်ကို ယနေ့နှင့် ထာဝရအတွက် သိရှိလက်ခံရန် **အပြစ်နှင့်ပြည့်သော** ဤလောကလူတို့ထံ **ယေရှုခရစ်၏ ကောင်းသောသတင်း**ကို **သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးတော်**ဖြင့် ဟောပြောခြင်း ဖြစ်သည်"

ဆွေးနွေးပါ။ ။ ဧဝံဂေလိတရားဟောပြောခြင်းတာဝန်ကို အထက်ပါအကျဉ်းချုပ်ဖော်ပြချက်မှ မည်သည့်အရာကို ကျွန်ုပ်တို့ သင်ယူနိုင်သနည်း။ (ဆွေးနွေးခြင်းအတွက် စကားလုံးအချို့ကို စာလုံးမည်းဖြင့် အသားပေး ဖော်ပြထားသည်)

ဧဝံဂေလိတရားဟောပြောခြင်းတွင် နှုတ်ဖြင့်ပြောသည့်တရား၊ ရှင်ပြန်ထမြောက်သည့်ယေရှုအကြောင်းကို ရှင်းပြခြင်း၊ သတင်းကောင်းကို ယုံကြည်လက်ခံရန် ကြားနာသူကို ဖိတ်ခေါ်ခြင်း ပါဝင်သည်။ ဧဝံဂေလိတရားဟောပြောခြင်းတွင် နှုတ်ဖြင့်ဟောပြောခြင်းသည် မရှိမဖြစ် လိုအပ်သည်မှန်သော်လည်း နှုတ်ဖြင့်ပြောရုံသက်သက်ထက်ပိုသည့်အဆင့်ထိ ကြိုးစားဖို့ လိုအပ်သည်။

ဧဝံဂေလိတရားဟောပြောခြင်းသည် ဝိညာဉ်ရေးလုပ်ရှားမှု ဖြစ်သောကြောင့် ဘုရားသခင်၏ တန်ခိုးတော် လှုပ်ရှားမှုသာ ထိရောက်မှု ရှိနိုင်သည်။ ဧဝံဂေလိတရားဟောပြောခြင်းသည် လူတို့၏စိတ်ကို ပြောင်းလဲစေရုံသက်သက် ဖြစ်လျှင် သွေးဆောင်စည်းရုံးခြင်းကိုသာ ကျွန်ုပ်တို့ ပြုလုပ်မည် ဖြစ်သည်။ သို့သော်၊ ဧဝံဂေလိတရားဟောပြောခြင်းသည် ကျွန်ုပ်တို့၏ ဟောပြောခြင်းဖြင့် ဝိညာဉ်တော်ဘုရားက တို့ထိစကားပြောပြီး ယုံကြည်ခြင်းပေးကာ နှလုံးသားပြောင်းလဲခြင်းကို အစပြုပေးသည့် ကယ်တင်ခြင်းနှင့် ဆိုင်သည်။ ဝိညာဉ်တော်၏ တန်ခိုးတော် မပါဘဲ ဧဝံဂေလိတရား ဟောပြောခြင်းသည် ဈေးရောင်းခြင်း သက်သက် ဖြစ်သည်။

> "သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးတော် မပါဘဲ သတင်းကောင်း ဝေငှဟောပြောခြင်းသည် အချည်းနှီး သက်သက် ဖြစ်လိမ့်မည်။ ဧဝံဂေလိတရားဟောပြောခြင်း မဟုတ်တော့ပါ။"
>
> **ဒီးဗစ်ဝက်ဆန်**

ဧဝံဂေလိဆရာကြီး လီအိုနတ်ရာဗင်ဟီးလ် (Leonard Ravehill) ပြောသည့်အရာကို တစ်နည်းဖြင့် ဆိုရလျှင် ကျွန်ုပ်တို့၏ ဧဝံဂေလိတရားဟောပြောခြင်း၌ ဘုရားသခင် အတူပါရှိပါက မည်သည့် ဧဝံဂေလိတရားဟောပြောခြင်း နည်းဗျူဟာမဆို အလုပ်ဖြစ်ဖို့ ကျွန်ုပ်တို့ ယုံကြည်နိုင်သည်။

နံဝိညာဉ်အားဖြင့်လည်းကောင်း၊ သစ္စာအားဖြင့်လည်းကောင်း ဝတ်ပြုကိုးကွယ်သော တပည့်တော်များ မွေးထုတ်ရန်မှာ ဧဝံဂေလိတရားဟောပြောခြင်း၏ ရည်ရွယ်ချက် ဖြစ်သည် (ယော ၄း၂၃)။ ထို့ကြောင့်၊ ဧဝံဂေလိတရားဟောပြောသူ ကိုယ်တိုင်သည် စစ်မှန်သောဝတ်ပြုကိုးကွယ်သူ ဖြစ်ဖို့ လိုအပ်သည်။ ဝတ်ပြုကိုးကွယ်ခြင်းနှင့် ဧဝံဂေလိတရား ဟောပြောခြင်းသည် အကြွေစေ့တစ်စေ့၏ ခေါင်းနှင့်ပန်းဖြစ်သည်ဟု ဆိုစမှတ် ပြုကြသည်။ ဤလောကသို့ ကျွန်ုပ်တို့၏ သက်သေခံခြင်းသည် ဝတ်ပြုကိုးကွယ်ခြင်းအမှုဖြစ်ကြောင်းမှာ မှန်သည်။ ၎င်းဝတ်ပြုကိုးကွယ်ခြင်းမှာ နာခံခြင်းနှင့် ကျွန်ုပ်တို့၏ဘုရင်အပေါ် သစ္စာရှိခြင်း ဖြစ်သည်။

ဤ Advance အဖွဲ့ အစည်းအဝေးများက သင့်ကို စစ်မှန်သော ဝတ်ပြုကိုးကွယ်သူအဖြစ် ရင့်ကျက်ကြီးထွားရန် ကူညီပေးမည့်အပြင် ဧဝံဂေလိဆရာတစ်ယောက်၏ ပင်ကိုယ်လက္ခဏာ ငါးမျိုးတွင်လည်း ကြီးထွားရန် ကူညီပေးလိမ့်မည်။

သမ္မာကျမ်းစာ သင်ပေးသော ဧဝံဂေလိဆရာ

ကျွန်ုပ်တို့သည် မိမိဟောပြောသည့်တရား (အကြောင်းအရာ) ကို နက်နက်နဲနဲ သိဖို့ လိုအပ်သည်။ ထိုသို့ပြုရန် ဘုရား သခင်၏ နှုတ်ကပတ်တော်ကို ဖတ်ရှုခြင်းနှင့် လေ့လာခြင်းကို သစ္စာရှိရှိ လုပ်ဆောင်ဖို့ လိုအပ်သည်။ သို့ ဖြစ်လျှင်၊ ကျွန်ုပ်တို့သည် မိမိတို့၏အထင်အမြင်ကို မဟောပြောဘဲ ဘုရားသခင် မိန့်တော်မူသည့်အရာအပေါ် အခြေခံ၍ ဟောပြောနိုင်လိမ့်မည်။

ဆုတောင်းသော ဧဝံဂေလိဆရာ

ကယ်တင်ခြင်းကို ယူဆောင်လာသူမှာ ကျွန်ုပ်တို့ မဟုတ်ဘဲ ဘုရားသခင်၏ တန်ခိုးတော်ဖြစ်သောကြောင့် ဧဝံဂေလိတရားဟောပြောခြင်းအမှုအတွက် သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးအောက် မိမိကိုမိမိ အပ်နှံဖို့ လိုအပ်သည်။ ဆုတောင်းခြင်းအသက်တာရှိဖို့လည်းကောင်း၊ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို ဝေငှသက်သေခံရန် အခွင့်အရေးများကို ဘုရားသခင်ထံ တောင်းခံ၍ ဘဝအသက်တာများ ပြောင်းလဲမှုကို မြင်တွေ့ရန်လည်းကောင်း စိတ်ပိုင်းဖြတ်ထားဖို့ လိုအပ်သည်။

တာဝန်ခံမှုရှိသော ဧဝံဂေလိဆရာ

သန့်ရှင်းခြင်းသည် ဧဝံဂေလိတရား၏ အနှစ်ဖြစ်သည်။ အသက်တာပြောင်းလဲပေးနိုင်သည့်တန်ခိုးရှိသော ဧဝံဂေလိတရားကို မှန်ကန်စွာ ဝေငှဟောပြောခြင်းသည် တာဝန်ခံမှုရှိသော အသက်တာဖြင့် အသက်ရှင်ခြင်းဖြစ်၍ အများသူတကာရှေ့၌ ကျွန်ုပ်တို့၏အသက်တာသည် လူသူမရှိသည့်အချိန်၌ ကျွန်ုပ်တို့၏အသက်တာနှင့် တူညီနေရမည်။ သန့်ရှင်းသောတရားကို ဝေငှဟောပြောပြီး သန့်ရှင်းသောအသက်တာဖြင့် အသက်ရှင်၍ ကြီးထွားဖို့ ကြိုးစားကြသည့်အလျောက် အောင်မြင်ချိန်တွင် အတူဝမ်းမြောက်၍ ကျရှုံးချိန်တွင်လည်း အတူ ရပ်တည်ရပေမည်။

သစ္စာရှိသော ဧဝံဂေလိဆရာ

ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခြင်းသည် ဧဝံဂေလိဟောပြောခြင်းအတွက် အဓိကကျသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ဝေငှရန် အခွင့်အရေးဟူသမျှကို အပိုင်ယူရမည်။ ယေရှုအကြောင်းကိုသာ ဟောပြောခြင်းမဟုတ်ဘဲ ဧဝံဂေလိတရား ကြားသောသူများအား အသစ်သောအသက်တာနှင့် တပည့်တော် ဖြစ်ခြင်းခြေလှမ်းကို အစပြုရန် ဖိတ်ခေါ်ရပေမည်။

တိုက်တွန်းနှိုးဆော်နိုင်သော ဧဝံဂေလိဆရာ

ဧဝံဂေလိတရားကို လိုအပ်သောသူများထံ သတင်းကောင်းကို ဝေငှကြသည့်အခါ အသင်းတော်များကိုလည်း အလားတူပြုရန် တိုက်တွန်းနှိုးဆော်ရပေမည်။ ဧဝံဂေလိတရားဟောပြောခြင်းသည် ယုံကြည်သူအားလုံး၏ တာဝန် ဖြစ်သည်။ ထို့ကြောင့် အဆိုပါတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရန် အသင်းတော်ကို တိုက်တွန်းနှိုးဆော်ရန် ဧဝံဂေလိဆရာတစ်ယောက်၏ တာဝန်လည်း ဖြစ်သည်။

ဆွေးနွေးပါ။ ။ ဤလက္ခဏာ ငါးချက်ကို အဓိက ဆင်ခြင်ပါ။ ဤလက္ခဏာငါးချက်မှ မည်သည့်အချက်တို့၌ သင်၏ အားနည်းချက်နှင့် အားသာချက်ကို သတိထားမိသနည်း။

ဆွေးနွေးခြင်း (၁၅ မိနစ်)

အောက်ပါမေးခွန်းများကို လေ့လာဆင်ခြင်၍ ဆွေးနွေးရန် ကိုးကားချက်များကိုလည်း လေ့လာပါ။

- ဧဝံဂေလိတရား ဟောပြောခြင်း၌ ကျွန်ုပ်တို့၏အခန်းကဏ္ဍမှာ မည်သည့်အရာ ဖြစ်၍ ဘုရားသခင်၏ အခန်းကဏ္ဍသည် မည်သည့်အရာ ဖြစ်သနည်း။
- ကျွန်ုပ်တို့သည် စစ်မှန်သော ဧဝံဂေလိဆရာများနှင့် စစ်မှန်သော ဝတ်ပြုကိုးကွယ်သူများ ဖြစ်ရန် မည်သို့ သေချာအောင် ပြုလုပ်ရမည်နည်း။
- Advance အဖွဲ့အားဖြင့် လာမည့်လများတွင် မည်သို့ကြီးထွားရန် မျှော်လင့်သနည်း။

> "အပြစ်သားများ ထာဝရအပြစ်စီရင် ခံရကြမည်ဆိုလျှင် ကျွန်ုပ်တို့၏ခန္ဓာကိုယ်ကို ကျော်ဖြတ်၍ ငရဲသို့ သွားကြပါစေ။ ပျက်ဆီးသွားကြမည်ဆိုလျှင် သူတို့ကို ဖက်တွယ်၍ တောင်းပန်သည့် ကျွန်ုပ်တို့၏လက်များနှင့်အတူ ပျက်ဆီးကြ

ပါစေ။ ငရဲပြည်ကို ပြည့်ရမည်ဆိုလျှင် ကျွန်ုပ်တို့ အစွမ်းကုန်ကြိုးစားအားထုတ်ပြီးမှ ပြည့်ပါစေ။ မည်သူမျှ သတိပေးခြင်း မခံရ၊ ဆုတောင်းခြင်း မခံရဘဲ ငရဲသို့ မရောက်ပါစေနှင့်။”

ချားလ်စပါးဂျန်း

လိုက်လျှောက်ကျင့်သုံးခြင်း (၅ မိနစ်)

သမ္မာကျမ်းစာနှင့်ညီအောင် (ကျမ်းညွှန်နှင့်တကွ) ဧဝံဂေလိတရားဟောပြောခြင်း၏ အနက်အဓိပ္ပာယ်ကို ကိုယ်တိုင် ဖွင့်ဆိုပြီး အဖွဲ့သားများထံ ပို့ပါ (အောက်ပါ ဒေသနာများနှင့် ရက်စွဲများကို ကြည့်ပါ)။ ပြည့်စုံသည့်အနက်အဓိပ္ပာယ်ဖွင့်ဆိုချက် ဖြစ်ဖို့ မလိုပါ။ ဧဝံဂေလိတရားဟောပြောခြင်းကို ဤအစည်းအဝေးနှင့် ပြန်လည်သုံးသပ်ပြီး ဆင်ခြင်အောက်မေ့သည့်အချက်များအပေါ် အခြေခံ၍ သင်နားလည်သဘောပေါက်ပုံကို ဖော်ပြရန်သာ ရည်ရွယ်ထားသည်။ နောက်အစည်းအဝေးတွင် အချိန်ရှိပါက ဤအနက်အဓိပ္ပာယ်ဖွင့်ဆိုချက်များမှ အချို့ကို အတူတကွ အသေးစိတ်ဆွေးနွေးနိုင်သည်။

ဆုတောင်းခြင်း

အံ့ဖွယ်သတင်းကောင်းအတွက် ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းပါ။ ဤလောက၌ သူ၏ကယ်တင်ခြင်းအမှု တော်မြတ်၌ သင့်အား တစ်စိတ်တစ်ပိုင်းတွင် ပါဝင်ခွင့်ပေးသောကြောင့် ကျေးဇူးတော် ချီးမွမ်းပါ။ ဘုရားသခင်ကို နံဝိညာဉ်ဖြင့်လည်းကောင်း၊ သစ္စာနှင့်လည်းကောင်း ဝတ်ပြုကိုးကွယ်သည့်အပြင် ဤလောကတွင် သင်၏အပြောအဆို၊ အပြုအမူတို့ ဖြင့် ဘုရားသခင်၏ အစေခံတမန်တစ်ယောက် ဖြစ်ဖို့ သင့်အား တန်ခိုးပေးရန် ဆုတောင်းပါ။ Advance အဖွဲ့တွင် အတူတူ ကြီးထွားလာသည့်အလျောက် ဧဝံဂေလိဆရာတစ်ယောက်၏ လက္ခဏာင်းမျိုးတွင် ဆက်လက် ကြီးထွားဖို့ ကူညီရန် ဘုရားသခင်ထံ ဆုတောင်းပါ။

တာဝန်ခံမှု ရှိခြင်း (၁၅ မိနစ်)

တာဝန်ခံမှုရှိခြင်းဖောင်ကို အတူတူ ကြည့်ပြီး ဖြည့်စရာရှိသည်များကို ဖြည့်၍ နှစ်ယောက်တွဲ၍လည်းကောင်း၊ အဖွဲ့ငယ်ဖွဲ့၍လည်းကောင်း အတူတူ သက်သေခံဝေငှနိုင်သည်။ တစ်ယောက်နှင့်တစ်ယောက် ဆုတောင်းပေးခြင်းဖြင့် အဆုံးသတ်ပါ။

သတင်းစကားများနှင့် ရက်စွဲများ (၁၀ မိနစ်)

အဖွဲ့သားအားလုံးအတွက် အဆင်ပြေမည့် messenger ကို ဒေါင်းလော့ဆွဲပြီး messenger group ဖွဲ့ရန် အားလုံးကို ကူညီခြင်းဖြင့် ဤအစည်းအဝေးကို အဆုံးသတ်ပါ။ WhatsApp နှင့် Facebook Messenger တို့သည် အခမဲ့ ရရှိနိုင်သည့်အပြင် အားလုံးအတွက် အဆင်ပြေသည်။ အစည်းအဝေးတစ်ခုနှင့်တစ်ခုကြားတွင် တစ်ယောက်နှင့် တစ်ယောက် ဆက်သွယ်ရန်၊ အကြောင်းကြားရန်၊ ဆုတောင်းချက်တင်ပြရန်နှင့် သက်သေခံချက် ဝေငှရန် စသည်တို့အတွက် messenger group ဖွဲ့ထားပါ။

နောက်ဆုံးအနေဖြင့်၊ လာမည့်အစည်းအဝေးများအတွက် ကြိုတင်၍ အချိန်သတ်မှတ်ပါ။ ၆ လ ကြိုတင်၍ ရက်စွဲသတ်မှတ်နိုင်လျှင် အားလုံးက ထိုနေ့ရက်ကို ဦးစားပေးနိုင်ကြလိမ့်မည်။

မမေ့ပါနှင့်...

Advance အဖွဲ့ဝင်တိုင်းသည် advancegroups.org တွင် မိမိကို မိမိ စာရင်းသွင်း၍ (register) တစ်ကမ္ဘာလုံးရှိ Advance အဖွဲ့သားများထံမှ အင်မတန်ခွန်အားရှိသောအကြောင်းအရာများအပြင် အင်မတန် အထောက်အကူပြုမည့် စာပေအရင်းအမြစ်များနှင့် လှုပ်ရှားမှုအကြောင်းများကို လစဉ် အီးမဲလ် (email) ဖြင့် လက်ခံရရှိနိုင်သည်။

မှတ်စုများ

အစည်းအဝေး ၂
ဧဝံဂေလိဆရာ၏ ဖြစ်တည်ခြင်း

ဤအစည်းအဝေးတွင် သူ၏သတင်းကောင်း အပါအဝင် ဘုရားသခင်၏ ဖြစ်တည်ခြင်းနှင့် ပတ်သက်၍ ဧဝံဂေလိဆရာတစ်ယောက်၏ ဖြစ်တည်ခြင်းကို သင်ယူလေ့လာသွားမည်။

အစည်းအဝေးကို ဝါကျတစ်ကြောင်းဖြင့် အကျဉ်းချုပ်ခြင်း
ဧဝံဂေလိဆရာတစ်ယောက်၏ ဖြစ်တည်ခြင်းသည် ခမည်းတော်ဘုရား၏ ဖြစ်တည်ခြင်း၌ အမြစ်တွယ်၍ ကျွန်ုပ်တို့သည် ဘုရားသခင် စေလွှတ်သည့်တမန် သားသမီးများ ဖြစ်ကြသည်။

အစည်းအဝေးနောက်ကြောင်း
ဘီလီဂရေဟမ်၏ သာသနာ အအောင်မြင်ဆုံးအချိန်ကာလတွင် ခရစ်ယာန်လူငယ်များသည် သူ့ကို တု၍ သတင်းကောင်းကို ဟောပြောသောဆရာများ ဖြစ်လာရန် ဆန္ဒရှိခဲ့ကြသည်။ သို့သော်၊ လွန်ခဲ့သောအနှစ် နှစ်ဆယ်အချိန်ကာလအတွင်း ခရစ်ယာန်လူငယ်များ ဖြစ်ချင်သည့်ဆန္ဒမှာ သိသိသာသာ ပြောင်းလဲသွားခဲ့သည်။ တစ်ချိန်က ဧဝံဂေလိဟောပြောခြင်းကဏ္ဍကို အမြင့်ဆုံးသော ခရစ်ယာန်အမှုတော်ဟု ထင်မှတ်ခဲ့ကြသော်လည်း ယခုအခါ ခရစ်ယာန်လူငယ်များကြားထဲတွင် ဝတ်ပြုကိုးကွယ်ခြင်းဦးဆောင်သူ၊ လူငယ်ခေါင်းဆောင် သို့မဟုတ် သင်းအုပ်ဆရာ ဖြစ်လိုသည့်ဆန္ဒက အစားထိုးနေရာယူလာသည်။

အရည်အချင်းရှိသောဂီတသမားများနှင့် ရုပ်ရှင်ရိုက်သူများအပြင် မိမိတို့၏ဆုကျေးဇူးများကို အသုံးပြု၍ ကိုယ်ပိုင်ဝတ်ပြုကိုးကွယ်ခြင်းနှင့် လူအစုအဝေးဝတ်ပြုကိုးကွယ်ခြင်းကို အထောက်အကူပြုနိုင်ရန် ဖန်တီးနိုင်သောသူတို့ကြောင့် အသင်းတော်က အကျိုးများစွာ ခံစားသည်မှာ မှန်သည်။ သစ္စာရှိသော ဤလူတို့ကြောင့် ဘုရားသခင်၏ ဘုန်းတော်ထင်ရှား၍ ဂုဏ်တော်ချီးမွမ်းခြင်း ခံရသည်။ သို့သော်၊ လူတစ်ယောက်အနေဖြင့် နံ့ဝိညာဉ်ဖြင့်လည်းကောင်း၊ သစ္စာဖြင့်လည်းကောင်း (ယော ၄း၂၃) စစ်မှန်သောဝတ်ပြုကိုးကွယ်သောသူ မဖြစ်မီ ဧဝံဂေလိတရားကို ရှေ့ဦးစွာကြား၍ တုံ့ပြန်ရပါမည် (ရောမ ၁၀း၁၄–၁၇)။

ထိုနည်းတူ၊ သင်းအုပ်ဆရာ သို့မဟုတ် သင်ပေးသူဆရာ၏ အခန်းကဏ္ဍသည် တပည့်တော်ဖြစ်စေခြင်းအမှုအတွက် အရေးပါသောကြောင့် ဘေးဖယ်ထား၍ မဖြစ်ပါ။ သို့သော်၊ သင်းအုပ်ဆရာတစ်ယောက်အနေဖြင့် ဤလောကသို့ သွား၍ ဧဝံဂေလိတရားဟောပြောခြင်း သာသနာကို မပြုလုပ်ပါက ဘုရားကျောင်းရှိ ထိုင်ခုံများ လွတ်၍ ပြုစုစောင့်ရှောက်ဖို့ လူရှိမည် မဟုတ်ပါ။

စစ်မှန်သောဝတ်ပြုကိုးကွယ်ခြင်းသို့ လူတို့ကို ခေါ်ဆောင်ရန် ဧဝံဂေလိတရားကို ဟောပြောရှင်းပြဖို့ လိုအပ်သည်။ ထို့ကြောင့်၊ ဝိညာဉ်တော်၏ တန်ခိုးတော်ဖြင့် လူသားအားလုံးထံ ခရစ်တော်အပေါ် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို သက်သေခံဟောပြောခြင်းဖြင့် ဤလောကသားတို့အား သတင်းကောင်း ဟောပြောခြင်းတာဝန်ကို လျစ်လျူမရှုဘဲ နေကြပါစို့ (တမန် ၁း၈)။ သာသနာပြုဆရာဆောင်ရွက်ရသောအမှုကို ဆောင်ရွက်ရန် ယုံကြည်သူအားလုံး ခေါ်ခြင်း ခံရကြောင်း သမ္မာကျမ်းစာ၌ သွန်သင်ထားသည် (မဿဲ ၂၈း၁၉၊ ၂ တိ ၄း၅)။ သို့သော်၊ ဧဝံဂေလိဆရာအဖြစ်သို့ သီးသန့်ခေါ်ဆောင်ခြင်း ခံရသောသူများ ရှိသည် (ဧဖက် ၄း၁၁)။ အထူးသဖြင့် ထိုသို့သောပုဂ္ဂိုလ်များအတွက် သတင်းကောင်းဟောပြောဝေငှခြင်းသည် နေ့စဉ်လုပ်ရသည့်အလုပ် သက်သက်မဟုတ်ဘဲ မိမိတို့ဘဝတစ်ခုလုံး၏ အဓိကပစ်မှတ်ပန်းတိုင်ဖြစ်သည်။

အစည်းအဝေး လမ်းညွှန်

တွေ့ဆုံခြင်း(၂၀–၃၀ မိနစ်)
တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံမိတ်ဆက်စကားပြောဖို့ အချိန်သုံးပါ။ သက်သေခံခြင်း၊ ခွန်အားပေးခြင်း၊ အခွင့်အရေးများကို အတူသုံးသပ်ခြင်းနှင့် အဖွဲ့အတွက် ခွန်အားဖြစ်စေမည့် မည်သည့်အကြောင်းအရာကိုမဆို ဝေငှပြောဆိုနိုင်သည်။ ဧဝံဂေလိတရားဟောပြောခြင်းနှင့် ပတ်သက်၍ မိမိတို့၏ ကိုယ်ပိုင်အနက်အဓိပ္ပာယ်ဖွင့် ဆိုချက်ကို မျှဝေရန် အဖွဲ့သားများကို မေးပါ (အစည်းအဝေး ၁ – လိုက်လျှောက်ကျင့်သုံးခြင်း)။ ယခင်အစည်းအဝေးကို ပြန်ကောက်ပြီး အတူတကွ ဆွေးနွေးစရာရှိသည်

များကို ဆွေးနွေးရန်လည်း အချိန်သုံးပါ။ လူနည်းသောအဖွဲ့များသည် တစ်ဖွဲ့လုံး အတူတူ ပြုလုပ်နိုင်သော်လည်း လူများသောအဖွဲ့များသည် ဆွေးနွေးချိန်အတွက် အဖွဲ့ငယ်များ ပြန်ဖွဲ့ဖို့ လိုလိမ့်မည်။ ယခင် အစည်းအဝေးတွင် မတက်ရောက်ဖြစ်သောသူများအတွက် အဖွဲ့၏ အလုပ်လုပ်ပုံအခြေခံကို ပြန်ပြောပြနိုင်လျှင် အဆင်ပြေလိမ့်မည်။

ဆုတောင်းခြင်း

အချိန်တစ်ခုလုံးကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံ၍ တွေ့ဆုံခြင်းအပိုင်းတွင် ကြားခဲ့သည့်အခြေအနေ အကောင်း၊ အဆိုးများအတွက် ဘုရားသခင်ထံ ဆုတောင်းဆက်ကပ်ပါ။

သွန်သင်ခြင်း (၂၀–၃၀ မိနစ်)

အောက်ပါသင်ခန်းစာများကို သင်နှစ်သက်သည့်နည်းဖြင့် သင်ပေးနိုင်သကဲ့သို့ တစ်လုံးမကျန် ဖတ်ပြခြင်းဖြင့်လည်း သင်ပေးနိုင်သည်။ ထို့ပြင်၊ သင်ကိုယ်တိုင် ပြင်ဆင်၍လည်း တင်ပြနိုင်သည်။

> "ကိုယ်တော်တိုင်ပေါ်ထွန်း၍ နိုင်ငံတော်ထင်ရှားသောကာလ၊ အသက်ရှင်သောသူ၊ သေသောသူတို့ကို စစ်ကြောစီရင်တော်မူသော သခင်ယေရှုခရစ် ရှေ့မှာလည်းကောင်း၊ ဘုရားသခင်ရှေ့မှာလည်းကောင်း၊ ငါသည် သင့်ကို သစ္စာပေးသည်ကား၊– နှုတ်ကပတ်တရားတော်ကို ပြောလော့။ အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကြိုးစားအားထုတ်လော့။ အပြစ်ကို ဖော်ပြလော့။ ဆုံးမခြင်းကိုပြုလော့။ အလွန်ရှည်သောစိတ်နှင့် ဩဝါဒမျိုးကိုပေး၍ တိုက်တွန်းသွေးဆောင်လော့။– အကြောင်းမူကား၊ နောင်ကာလ၌ လူတို့သည် စင်ကြယ်သော ဩဝါဒကို နားမခံနိုင်ဘဲ၊ ယားတတ်သော နားရှိလျှင်၊ မိမိတပ်မက်ခြင်းအတိုင်း များပြားသော ဆရာတို့နောက်သို့ လိုက်ကြလိမ့်မည်။– သမ္မာတရားကို နားမထောင်ဘဲ၊ ဒဏ္ဍာရီစကားကို နားထောင်၍ လွဲသွားကြလိမ့်မည်။– သင်မူကား၊ အရာရာ၌ သမ္မာသတိရှိစေလော့။ ဆင်းရဲဒုက္ခကို သည်းခံလော့။ သာသနာပြုဆရာ ဆောင်ရွက်ရသောအမှုကို ဆောင်ရွက်လော့။ ဓမ္မဆရာအရာ၌ ခန့်ထား၍ ပြုရသောဝတ်များကို အကုန်အစင်ပြုလော့"
>
> **၂ တိ ၄း၁–၅**

ဧဝံဂေလိဆရာအဖြစ် ခေါ်ဆိုခြင်းဆိုသည်မှာ အဘယ်နည်း။ ဤလောကလူသားများထံ ယေရှုခရစ်တော်၏ သတင်းကောင်းကို ဟောပြောဝေငှဖို့ ယုံကြည်သူအားလုံး ခေါ်ဆိုခြင်း ခံရသည် မဟုတ်လော။ လူမျိုးတကာတို့ထံ သွား၍ တပည့်တော်ဖြစ်စေဖို့ မဿဲ ၂၈ ရှိ ယေရှု၏ မဟာစေခိုင်းချက်သည် သူ၏နောက်လိုက်ယုံကြည်သူအားလုံး အတွက် အကျုံးဝင်သကဲ့သို့ ဖော်ပြထားသော်လည်း ဧဖက် အခန်းကြီး ၄ (အငယ် ၁၁–၁၂) ရှိ ကျမ်းချက်အနည်းငယ်ကို ကျွန်ုပ်တို့ ကြည့်သည့်အခါ ခရစ်တော်၏ကိုယ်ကို တည်ဆောက်ရန် သင်းအုပ်ဆရာ၊ သင်ပေးသူဆရာ၊ ပရောဖက်၊ တမန်တော်များနှင့်အတူ ဧဝံဂေလိဆရာ၏ သီးသန့်အခန်းကဏ္ဍ ဖော်ပြထားသည်ကို တွေ့ရသည်။ ထို့ပြင်၊ တမန်တော် ဝတ္ထုတွင် ဖိလိပ္ပုကို ဧဝံဂေလိဆရာ (သာသနာပြုဆရာ) ဟူသည့် ဂုဏ်ပုဒ်ဖြင့် သီးသန့်ဖော်ပြထားသည်ကို တွေ့ရသည် (တမန် ၂၁း၈)။ ဧဝံဂေလိဆရာအဖြစ် ခေါ်ဆိုခြင်းကို ကျွန်ုပ်တို့ မည်သို့ နားလည်ရပါမည်နည်း။ ၎င်းခေါ်ဆိုခြင်းသည် အားလုံးအတွက် ဖြစ်သလော။ သို့တည်းမဟုတ် အချို့အတွက်သာ ဖြစ်သလော။

ခရစ်တော်အားဖြင့် လူသစ်ဖြစ်လာသည့်အကြောင်း ရှင်ပေါလု သွန်သင်သည့်အချက်ကို ၂ ကော ၅း၁၇ တွင် သင်သတိထားမိကောင်း သတိထားမိလိမ့်မည်။ ယခင် ဧဝံဂေလိ ဟောပြောဝေငှသည့်အခါ ဤကျမ်းချက်ကို သင်အသုံးပြုခဲ့ကောင်း အသုံးပြုနိုင်သည်။ သို့သော်၊ ကျွန်ုပ်တို့သည် အဆိုပါကျမ်းချက်၏ နောက်ဆက်တွဲများကို ကိုးကားဖို့ ပျက်ကွက်လေ့ ရှိကြသည်။

> "လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သော သတ္တဝါ ဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ။– ထိုသို့ဖြစ်သော် ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် ဖြစ်ကြ၏။ ဘုရားသခင်သည် ယေရှုခရစ်အားဖြင့် ငါတို့၏ရန်ကိုငြိမ်းစေ၍ ကိုယ်တော်နှင့် မိတ်သဟာယဖွဲ့စေတော်မူ၏။ ထိုမိတ်သဟာယတရားကို ဟောရသော အခွင့်အရာကို ငါတို့၌အပ်ပေးတော်မူ၏။– ထိုတရားဟူမူကား၊ ဘုရားသခင်သည် ခရစ်တော်အထဲ၌ ရှိနေလျက်၊ လောကီသားတို့၏ အပြစ်များကို မှတ်တော်မမူ၊ ရန်ကိုငြိမ်းစေ၍ ကိုယ်တော်နှင့် မိတ်သဟာယဖွဲ့စေတော်မူ၏။ ထိုမိတ်သဟာယတရားကိုလည်း ငါတို့၌ အပ်ပေးတော်မူ၏။– ထို့ကြောင့် ငါတို့သည် ခရစ်တော်၏ သံတမန်ဖြစ်ကြ၏။ သင်တို့သည်ရန်ငြိမ်း၍ ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ကြလော့ဟု ဘုရားသခင်သည် ငါတို့အားဖြင့် နှိုးဆော် သွေးဆောင်တော်မူသကဲ့သို့၊ ငါတို့သည် ခရစ်တော်၏ ကိုယ်စားဖြစ်၍ သင်တို့ကို တောင်းပန်သွေးဆောင်ကြ၏။"
>
> **၂ ကော ၅း၁၇–၂၀**

ဆွေးနွေးပါ။ ။ ဤကျမ်းပိုဒ်သည် ယနေ့အစည်းအဝေးအစပိုင်းတွင် ဆွေးနွေးဝေငှခဲ့သည့် ဧဝံဂေလိတရားဟောပြောခြင်း၏ အနက်အဓိပ္ပာယ်နှင့် မည်သည့်ဆက်နွှယ်မှုရှိသနည်း။

ဘုရားသခင်သည် မိမိဖန်ဆင်းသည့်အရာတို့ကို မိမိနှင့် ပြန်လည်သင့်မြတ်စေ၍ မိမိနှင့်ပြန်လည်သင့်မြတ်သည့် လူဖြစ်သော ကျွန်ုပ်တို့အား မိမိ၏အသက်တာပြောင်းလဲစေသောသတင်းတရားအတွက် သံတမန်များ ဖြစ်စေချင်သည်။ ဤအရာသည် ဧဝံဂေလိဆရာများအတွက်သာ မဟုတ်ပါ။ ယုံကြည်သူအားလုံးအတွက် ဖြစ်သည်။ သို့သော်၊ ဤသံတမန်အမှုအရာသည် လက်တွေ့ဘဝ၌ လူတစ်ယောက်နှင့်တစ်ယောက် ဖော်ဆောင်ပုံချင်း တူမည် မဟုတ်ပါ။

ဤကဲ့သို့ စဉ်းစားကြည့်ပါ။ ဘောလုံးအသင်းတစ်သင်း၌ ကစားသမားတိုင်းက အနိုင်ရဖို့ ကစားကြသည်မှန်သော်လည်း ဂိုးသွင်းဖို့ တိုက်စစ်မှူးများကို အဓိက တာဝန်ပေးထားသည်။ သို့ရာတွင် ကျန်ကစားသမားများက တစ်ခါတစ်လေ ဂိုးမသွင်းနိုင်ဘူးဟု ဆိုလိုခြင်း မဟုတ်ပါ။ တိုက်စစ်မှူး၏အဓိကတာဝန်မှာ ဂိုးသွင်းခြင်း ဖြစ်သည်။ လက်ထပ်ထိမ်း မြားခြင်းကိုလည်း ပုံဥပမာအဖြစ် ကြည့်ကြစို့။ ထိုနေ့ထူးနေ့မြတ်ကို စမတ်ဖုန်းကိုင်သူတိုင်းက ဓာတ်ပုံ ရိုက်ခွင့်ရှိသည့် အပြင် ထိုဓာတ်ပုံအချို့သည် ထိမ်းမြားထားသည့် ဇနီးမောင်နှံနှစ်ဦး၏ ဓာတ်ပုံအယ်လ်ဘမ်တွင် သိမ်းထားလောက်အောင် ကောင်းသောဓာတ်ပုံများလည်း ရှိနိုင်သည်။ သို့သော်၊ ဤနေ့ထူးနေ့မြတ်ကြီး၏ အမှတ်တရများကို ရိုက်ပေးဖို့ သတို့သားနှင့် သတို့သမီးက ကျွမ်းကျင်ဓာတ်ပုံဆရာကိုလည်း ခေါ်လာမည်မှာ သေချာသည်။

အသင်းတော်အနေဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ စုံလင်သောနိုင်ငံတော်ကို ပြန်လည်တည်ထောင်ရန် ကြိုးစားအားထုတ်ကြသည်။ သက်သေခံခြင်းနှင့် ဧဝံဂေလိတရားဟောပြောခြင်းတွင် ကိုယ်စီအခန်းကဏ္ဍ ရှိကြသည်။ သို့သော်၊ အခြားနယ်ပယ်များကို မလိုက်စားဘဲ ဧဝံဂေလိတရားကို ဦးစားပေးလုပ်ဆောင်ရန် အထူးသီးသန့် ခေါ်ဆိုခြင်းခံရသောသူ အချို့ရှိသည်။ သူတို့သည် တမန် ၂၁း၈ တွင် တွေ့ရသည့် ဖိလိပ္ပုကဲ့သို့ ဧဝံဂေလိဆရာများ ဖြစ်ကြသည်။

အောက်အပါအချက်များမှ အချို့သည် သင့်အသက်တာ၌ အမှန်ရှိပါက ဧဝံဂေလိဆရာအဖြစ် ခေါ်ဆိုခြင်းသည် သင့်အတွက် ဖြစ်ကောင်းဖြစ်နိုင်သည်။

- သင်သည် ပျောက်ဆုံးသောဝိညာဉ်များ ကယ်တင်ခြင်း ရရှိသည်ကို တွေ့မြင်လိုသည်။
- သင်သည် "အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ" သတင်းကောင်း ဟောပြောရန် နှိုးဆော်ခြင်း ခံရသည်။
- သင်သည် ဘယ်လောက်ပင် အခက်အခဲ ရှိပါစေ ဧဝံဂေလိဟောပြောခြင်းတာဝန်ကို လုံ့လနှင့်တကွ ကြိုးပမ်းလုပ်ဆောင်တတ်သည်။
- သင်သည် ယားတတ်သောနားရှိသည့် ကြားနာသူတို့က သင့်အား မည်သည့်အရာကို ပြောစေချင်သည်ဖြစ်စေ သင် ဟောပြောဝေငှသည့် တရားကို အမှန်အတိုင်း သစ္စာရှိရှိ ဟောပြောသူ ဖြစ်သည်။
- သင်သည် ကယ်တင်ရန်နှင့် အသက်တာပြောင်းလဲစေရန် တန်ခိုးရှိသည့် ဧဝံဂေလိတရားကို ပျောက်ဆုံးသောသူတို့ထံ သွားရောက်ဟောပြောဖို့ လုံးလုံး စိတ်ပိုင်းဖြတ်ထားသူ ဖြစ်သည်။
- သင်သည် ဧဝံဂေလိဆရာဖြစ်ခြင်းနှင့် ပတ်သက်၍ ပရောဖက်ပြုချက်စကား ခံခဲ့ဖူးသည်။
- သင်သည် ရှင်းလင်းစွာ ဝေငှဟောပြောတတ်သူ ဖြစ်သည်။
- သင်သည် ပျောက်ဆုံးသောဝိညာဉ်များအတွက် ပုံမှန်ဆုတောင်းတတ်သူ ဖြစ်သည်။
- သင်သည် သင့်ကို ဧဝံဂေလိတရား ခေါ်ဆောင်သွားသည့်နေရာတိုင်း သွားရောက်ဖို့ ဆန္ဒရှိသူ ဖြစ်သည်။
- သင်သည် သူတပါးအား မိမိတို့၏ယုံကြည်ခြင်းကို ဝေငှတတ်ရန် ကူညီဖို့ ဆန္ဒရှိသူ ဖြစ်သည်။

ဆွေးနွေးပါ။ ။ အထက်ပါအချက်များကို ဆွေးနွေး၍ မည်သည့်အချက်က ကိုယ်နှင့် တိုက်ဆိုင်ကြောင်းကိုလည်း ဆွေးနွေးဝေငှပါ။ အကယ်၍ သင်တို့ကြားထဲတွင် ဧဝံဂေလိဆရာတစ်ယောက်ယောက်ရှိပါက မိမိ၏ဆုကျေးဇူးနှင့် အခန်းကဏ္ဍကို မည်သို့ သိရှိလာခဲ့ကြောင်းကို သက်သေခံဝေငှရန် တောင်းဆိုပါ။

မည်သူတစ်ဦးတစ်ယောက်မျှ မပျက်စီးရန် ဘုရားသခင် အလိုတော်ရှိကြောင်းကို သမ္မာကျမ်းစာတွင် ဖော်ပြထားသည် (၂ ပေ ၃း၉)။ ဧဝံဂေလိဆရာသည် ခမည်းတော်နှင့် ထပ်တူကျသောနှလုံးသားနှင့်အတူ လောကီအရပ်ရပ်သို့ သွားရောက်ရန် တိုက်တွန်းနှိုးဆော်ခြင်း ခံရသည်။ ကျွန်ုပ်တို့သည် ကြောက်သောစိတ် သို့မဟုတ် တာဝန်တစ်ရပ်ကြောင့် ဧဝံဂေလိတရားကို ဟောပြောခြင်း မဟုတ်ဘဲ ကျွန်ုပ်တို့၏ ကောင်းကင်ခမည်းတော်နှင့် ထပ်တူကျသောနှလုံးသား ရှိသောကြောင့် ဟောပြောကြခြင်း ဖြစ်သည်။ ဧဝံဂေလိဆရာ၏ ဖြစ်တည်ခြင်းသည် သူ၏အခန်းကဏ္ဍ၌ မတွေ့ရဘဲ အမွေခံဖြစ်လာခြင်းအပြင် ဘုရားသားဖြစ်လာခြင်းဟူသည့် ဖြစ်တည်ခြင်းအသစ်၌ တွေ့ရသည် (ယော ၁း၁၂)။

ဆုကျေးဇူး ရရှိသည်ဖြစ်စေ၊ ခေါ်ဆိုခြင်း ခံရသည်ဖြစ်စေ သူတပါးကို ကယ်တင်နိုင်သည့် တန်ခိုး မည်သူ့၌မျှ မရှိပါ။ ဘုရားသခင်တစ်ပါးတည်းကသာ ကယ်တင်နိုင်သောကြောင့် ကျွန်ုပ်တို့သည် သံတမန်များသာ ဖြစ်နိုင်ကြသည်။ ကျွန်ုပ်တို့ကို ချစ်တော်မူသည့် ကောင်းကင်ခမည်းတော်အဖြစ် ဘုရားသခင်ကို ကျွန်ုပ်တို့ ပိုသိ၍ ကြီးထွားလာသည့် အပြင် သူ၏ကယ်တင်နိုင်သောတန်ခိုးကို တစ်လောကလုံးသို့ ဟောပြောခြင်းဖြင့် သူ၏နှလုံးသားနှင့် ထပ်တူကျသောနှလုံးသားမျိုးရှိရန် ကျွန်ုပ်တို့ကို ဘုရားသခင် ဖိတ်ခေါ်တော်မူသည်။

> "ဧဝံဂေလိတရားသည် ဘုရားသခင်၏ တန်ခိုးတော်၌ လုံးလုံး အမြစ်တွယ်သောကြောင့် ကျွန်ုပ်တို့၏ သေးငယ်ခြင်း အဖြစ်ကို ဂုဏ်ယူ၍ ဝိညာဉ်တော်၏ တန်ခိုးတော်အားဖြင့် အသက်ရှင်ကြပါစို့။ ဧဝံဂေလိတရားသည် ဘုရားသခင်၏ သမ္မာတရား၌ လုံးလုံး အမြစ်တွယ်သောကြောင့် ဧဝံဂေလိသမ္မာတရားနှင့် ကျွန်ုပ်တို့ တွေ့ဆုံသောသူတို့အပေါ် ၎င်း၏ နက်နဲသောဆက်စပ်မှုကို ဆက်လက်သင်ယူကြပါစို့။ သူတပါးကို ခရစ်တော်ထံ ခေါ်ဆောင်ရန် ချစ်ခြင်းမေတ္တာသည် ဓာတ်မြစ်နှင့် တန်ဆာပလာဖြစ်ကြောင်းကိုလည်းကောင်း၊ အတိုက်အခံပြုလုပ်၍ ပိတ်ထားသော စိတ်နှလုံးသားကို ယေရှု၏ ချစ်ခြင်းမေတ္တာနှင့် ကရုဏာကို ပြသခြင်းမှလွဲ၍ မည်သည့်အရာကမျှ မပွင့်စေနိုင်ကြောင်းကိုလည်းကောင်း ကျွန်ုပ်တို့ မမေ့ကြပါစို့။ အကြောင်းမှာ ဧဝံဂေလိတရားသည် ခရစ်တော်၏ ချစ်ခြင်းမေတ္တာ၌ လုံးလုံး အမြစ်တွယ်သည်။"
>
> **ရေဗက္ကာမန်လေပီပတ်**

ဆွေးနွေးခြင်း (မိနစ် ၂၀)

၁။ ကိုယ်တိုင်ကိုယ်ကျ သက်သေခံခြင်းနှင့် ဧဝံဂေလိတရားဟောပြောခြင်းကြား ခြားနားမှု ရှိပါသလား။

၂။ ဧဝံဂေလိဆရာအလုပ်ကို အားလုံး လုပ်ဆောင်ဖို့ မျှော်လင့်ထားလျှင် အဘယ်ကြောင့် ဧဝံဂေလိဆရာဟု ခေါ်ခြင်းခံရသောသူအချို့ ရှိရသနည်း။

၃။ ဧဝံဂေလိဆရာဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ ပျောက်သောသူများအပေါ် ဘုရားသခင်၏ နှလုံးသားကို ကျွန်ုပ်တို့ မည်သို့ မွေးထုတ်နိုင်မည်နည်း။

၄။ ဧဝံဂေလိတရားဟောပြောခြင်းသည် 'ကျွမ်းကျင်သောဆရာအချို့' အတွက်သာ ဖြစ်သည်ဟု ထင်မှတ်သော သူများကို သူတို့ကိုယ်တိုင် 'ပြန်လည်သင့်မြတ်ခြင်း၏ သံတမန်များ' ဖြစ်လာရန် သင်မည်သို့ ခွန်အားပေး တိုက်တွန်း မည်နည်း။

လိုက်လျှောက်ကျင့်သုံးခြင်း (၅ မိနစ်)

ဧဝံဂေလိတရားဟောပြောဖို့ သီးသန့် ခေါ်ဆိုခြင်း မခံရသောသူများက ဧဝံဂေလိတရား မဟောပြောဘဲ မနေသင့်သကဲ့သို့ ကျွန်ုပ်တို့သည်လည်း ဧဝံဂေလိဆရာအဖြစ် ခေါ်ဆိုခြင်း ခံရသောကြောင့်သာ ဟောပြောဝေငှခြင်း မဟုတ်ပါ။ ဘုရားသခင်၏ဖြစ်တည်ခြင်းနှင့် ကျွန်ုပ်တို့၏အသက်တာ၌ ဘုရားသခင်၏ လုပ်ဆောင်မှုများကို ပြန်တုံ့ပြန်သည့် သဘောဖြင့် ယုံကြည်သူတိုင်း ဧဝံဂေလိ ဟောပြောသက်သေခံသင့်သည်။ ကျွန်ုပ်တို့သည် ခမည်းတော်၏ချစ်ခြင်း မေတ္တာကြောင့် ပြောင်းလဲကြသကဲ့သို့ ထိုသို့ ပြောင်းလဲပေးနိုင်သော ချစ်ခြင်းမေတ္တာကို သူတပါး ခံစားရန် ကျွန်ုပ်တို့ မြင်လိုသည်။

ယေရှုသည် ဘုရားသားတော်ဖြစ်၍ ခမည်းတော်၏ အလိုတော်ဆောင်ရန် ဤလောကသို့ ကြွလာသည့် အစေခံ ကြောင်းကို အဓိကအချက်ဖြင့် ဖော်ပြသည့် ရှင်မာကုခရစ်ဝင်ကျမ်းကို လာမည့်တစ်လအတွင်း သင်၏နေ့စဉ် ကျမ်းစာဖတ်ရှုခြင်းတွင် ဖတ်ရှုလေ့လာသွားပါ။ ဤရှုထောင့်ဖြင့် ရှင်မာကုခရစ်ဝင်ကျမ်းကို အဖန်တလဲလဲ ဖတ်၍ သင်၏စစ်မှန်သော ဖြစ်တည်ခြင်းကို အတည်ပြုရန် ဘုရားသခင်ထံ ဆုတောင်းပါ။ သင်၏ဖြစ်တည်ခြင်းသည် သင်၏ ဆုကျေးဇူးနှင့် သာသနာအတွက် ခေါ်ဆိုခြင်းတွင် အမြစ်မတွယ်ပါ။ ဘုရားသခင်၏ ဖြစ်တည်ခြင်းနှင့် လုပ်ဆောင် မှုအပေါ်၌ အမြစ်တွယ်သည်။

ဆုတောင်းခြင်း

မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပျက်စီးရန် အလိုတော်မရှိသောကြောင့် ယေရှုခရစ်ကို ယုံကြည်ခြင်းဖြင့် ကယ်တင်ခြင်းလမ်းကို လူသားအားလုံးအတွက် ပြင်ဆင်ပေးခဲ့သော ကောင်းကင်ခမည်းတော်ကို ကျေးဇူးတော် ချီးမွမ်းပါ။ ဧဝံဂေလိဆရာအဖြစ် သင့်အပေါ် ဘုရားသခင်၏ ခေါ်ဆိုခြင်းကို ရှင်းရှင်းလင်းလင်းသိရန်လည်းကောင်း၊ သတင်းကောင်းဟောပြောဝေငှဖို့ အခွင့်အရေးများကို ပေးဖို့လည်းကောင်း၊ ဧဝံဂေလိဟောပြောဝေငှဖို့ သတ္တိကို ပေးဖို့လည်းကောင်း တစ်ယောက်အတွက် တစ်ယောက် ဆုတောင်းပေးဖို့ အချိန်သုံးပါ။

တာဝန်ခံမှုရှိခြင်း (၁၅ မိနစ်)

(ဧဝံဂေလိဆရာအလုပ်ကို လုပ်ဆောင်ဖို့ ခေါ်ခြင်းခံရသော) ဧဝံဂေလိဆရာအဖြစ် ခေါ်ဆိုခြင်း ခံရသည်ဟု မိမိကိုမိမိ ထင်သည်၊ မထင်သည်ကို နှစ်ယောက်တစ်တွဲဖြင့် သို့မဟုတ် အဖွဲ့ငယ်များဖြင့် ဆွေးနွေးတိုင်ပင်ပါ။ သင့်ဘဝ၌ ဘုရားသခင်၏ ခေါ်သံနှင့် ထိုခေါ်ဆိုခြင်းအပေါ် သစ္စာရှိခြင်းအကြောင်းကို ပြန်ဆင်ခြင်သုံးသပ်ရန် အချိန်ပေးပါ။

တာဝန်ခံမှုရှိခြင်း ဖောင်ကို ဖြည့်၍ အတွဲလိုက်ဖြင့်ဖြစ်စေ၊ အဖွဲ့ငယ်များဖြင့်ဖြစ်စေ ဆွေးနွေးဝေငှပြီး တစ်ယောက်အတွက် တစ်ယောက် ဆုတောင်းပေးခြင်းဖြင့် နိဂုံးချုပ်ပါ။

မမေ့ပါနှင့်...

ထို့ပြင်၊ ဧဝံဂေလိဟောပြောခြင်း အတွေ့အကြုံများစွာရှိသော ဝါရင့်ဆရာများ ရေးသားသည့် "One Thing" ဟူသည့် ဆောင်းပါးလည်း ရှိသည်။ ၎င်းဆောင်းပါးတွင် စာရေးဆရာများက မိမိတို့ ဧဝံဂေလိ စဟောပြောခဲ့စဉ်က သိခဲ့သင့်သည့် အကြောင်းအရာတစ်ခုစီကို စာရေးဆရာများ မျှဝေရေးသားထားသည့် "One Thing" (အကြောင်းအရာတစ်ခု) အတွဲတွင် သင်ယူစရာများစွာရှိသည်။ ၎င်းတို့ကို advancegroups.org တွင် ဖတ်ရှုခွန်အားယူပါ။

မှတ်စုများ

အစည်းအဝေး ၃
ဧဝံဂေလိဆရာ၏ သတင်းစကား

ဤအစည်းအဝေးတွင် ဧဝံဂေလိတရားကို လေ့လာဆွေးနွေးသွားမည်။ ဧဝံဂေလိတရား ဆိုသည်မှာ အဘယ်နည်း။ မိမိဟောပြောသည့် တရားကို ရှင်းရှင်းလင်းလင်း ဟောပြောနိုင်လောက်အောင် သိထားသင့်သလောက် သိထားပါသလား။

အစည်းအဝေးကို ဝါကျတစ်ကြောင်းဖြင့် အကျဉ်းချုပ်ခြင်း
ဧဝံဂေလိတရားမှာ ခရစ်တော်ကိုယ်တိုင်ဖြစ်၍ ခရစ်တော် ကြွလာကြောင်း၊ အသေခံကြောင်း၊ ရှင်ပြန်ထမြောက်၍ ပြန်ကြွလာမည့် အကြောင်း ဖြစ်သည်။

အစည်းအဝေး နောက်ကြောင်း
"ကိုယ်တော်ရှင်…ကိုယ်တော်က ကျွန်ုပ်တို့ကို ကိုယ်တော့်အဖို့ ဖန်ဆင်းခဲ့တယ်။ ကျွန်ုပ်တို့၏ နှလုံးသားသည် ကိုယ်တော်၌ အနားမယူသရွေ့ မတည်ငြိမ်နိုင်ဘူး" ဟူ၍ သြဂတ်စ်စတင်း (St Augustine) မိန့်ဆိုခဲ့ဖူးသည်။

ဧဝံဂေလိတရားသည် လူတို့ကို စိတ်ပျက်ခြင်း၊ မှောင်မိုက်ခြင်း၊ ကြေကွဲခြင်းနှင့် မျှော်လင့်ချက်ကင်းမဲ့ခြင်းမှ ပျော်ရွှင်ခြင်း၊ အလင်း၊ ချစ်ခြင်းမေတ္တာနှင့် မျှော်လင့်ခြင်းသို့ ပို့ဆောင်ပေးသည်။ ဧဝံဂေလိတရားသည် တည်ငြိမ်မှု မရှိသောနှလုံးသားကို ဖန်ဆင်းရှင်၌ ပြီးပြည့်စုံခြင်းသို့ ပို့ဆောင်ပေးသည်။ ဝမ်းနည်းစရာကောင်းသည်မှာ ယနေ့ ယေရှု၏ နောက်လိုက်ဆိုသူများစွာသည် ဧဝံဂေလိတရား၏ တန်ခိုးအပေါ် ယုံကြည်မှု မရှိကြတော့ပါ။ ယုံကြည် သူများစွာက မိမိတို့၏ယုံကြည်ခြင်းကို သူတပါးထံ သက်သေခံဝေငှခြင်း မပြုကြရသည့် အကြောင်းအရင်းများစွာ ရှိသည်။ ကြောက်ရွံ့ခြင်း၊ မိမိအားနည်းချက်ကြောင့် အားငယ်ခြင်း၊ သူတပါး သက်သေခံလိမ့်မည်ဟု မျှော်လင့်ခြင်းတို့သည် အကြောင်းအရင်းများစွာထဲတွင် ပါဝင်ကြသည်။ ဤအချက်တို့သည် ဧဝံဂေလိတရားကို အမှန်တကယ် နားမလည်မှုနှင့် ၎င်း၏တန်ခိုးအပေါ် ယုံကြည်မှု မရှိခြင်းတို့ကြောင့် ဖြစ်လာသည်။

ရောမ ၁ တွင် ရှင်ပေါလုက "ငါသည် ဧဝံဂေလိတရားကြောင့် ရှက်ကြောက်ခြင်း မရှိ" ဟု ကြုံးဝါးပြီးနောက် အကြောင်းအရင်းကို ဤသို့ ဆက်လက်ရှင်းပြခဲ့သည် – "အကြောင်းမူကား၊ ထိုတရားသည် … ယုံကြည်သမျှ သောသူအပေါင်းတို့ကို ကယ်တင်စေသော ဘုရားသခင်၏ တန်ခိုးတော်ဖြစ်၏" (ရောမ ၁း၁၆)။ ဧဝံဂေလိတရားသည် ကယ်တင်ခြင်း ယူဆောင်နိုင်သည့် ဘုရားသခင်၏ တန်ခိုးဖြစ်ကြောင်းကို နားလည်ခြင်းသည် ဘုရားသခင် မည်သူဖြစ်ကြောင်း၊ မည်သည့်အရာ လုပ်ဆောင်ပေးခဲ့ကြောင်း၊ တစ်လောကလုံးအပေါ် ၎င်း၏ဆိုလိုရင်းသဘောကို သဘောပေါက်နားလည်ခြင်း ဖြစ်သည်။ ယေရှုခရစ်တော်၏ ဖြစ်တည်ခြင်း အမှန်၌ အကုန်ပါဝင်သည်။ ဧဝံဂေလိတရားဟူသည် စာသင်ခန်းသို့မဟုတ် အငြင်းအခုံ ပြုလုပ်ရာအခန်းကို မကျော်လွန်သော စိတ်ကူးစိတ်သန်း၊ အတွေးအခေါ် သက်သက် မဟုတ်ပါ။ ဧဝံဂေလိတရားကို နားလည်ခြင်းက ကျွန်ုပ်တို့၏ တည်ရှိခြင်းနှင့် ကျွန်ုပ်တို့၏ ဖန်ဆင်းသည့် ဘုရားသခင်၏ ဖြစ်တည်ခြင်းတို့နှင့် သက်ဆိုင်သည့် အခြေခံကျသော မေးခွန်းများကို မှန်ကန်စွာ ချဉ်းကပ်ရန် အထောက်အကူပြုသည်။ ၎င်းတို့ မေးခွန်းများမှာ –

ကျွန်ုပ်သည် မည်သူနည်း
လူတိုင်းက ဤမေးခွန်းကို တစ်နည်းမဟုတ် တစ်နည်း မေးကြသည်။ ဘဝ၏အဓိပ္ပာယ်က ဘာလဲ။ အသက်ရှင်ရခြင်းမှာ ရည်ရွယ်ချက် ရှိသလား။ ကျွန်ုပ်သည် မည်သူဖြစ်သနည်း။ သင်သည် ဘုရားသားဖြစ်၍ ဖန်ဆင်းခံဖြစ်သည့်အပြင် အချစ်ခံရသောသူဖြစ်ကြောင်း ဧဝံဂေလိတရားတွင် အဖြေရှိသည်။

ကမ္ဘာ့နေရာအနှံ့အပြားတွင် အဓိကကျသည့် မေးခွန်းဖြစ်သော "ကျွန်ုပ်သေရင် ဘာဖြစ်သွားမလဲ" ဟူသည့် မေးခွန်းကို မမေးကြဘဲ "အသက်ရှင်တဲ့အချိန်မှာ ကျွန်ုပ်က ဘယ်သူလဲ" ဟူသည့် မေးခွန်းကို ပိုမေးတတ်ကြသည်။

ဘုရားသခင်သည် မည်သူနည်း
ကမ္ဘာပေါ်တွင် ကိုးကွယ်မှုဘာသာများစွာ ရှိသည်။ ဘုရားဆိုတာ အမှန်တကယ် တည်ရှိပါလျှင် ထိုဘုရားကို ကျွန်ုပ် မည်သို့သိ၍ ကျွန်ုပ်တို့ ကိုးကွယ်သည့်ဘုရားသည် စစ်မှန်သည်၊ မစစ်မှန်သည်ကို ကျွန်ုပ်တို့ မည်သို့သိနိုင်မည်နည်း။ ဘုရားသခင်သည် ဖန်ဆင်းခြင်း၊ သမ္မာကျမ်းစာ၊ ကမ္ဘာ့ဒေသအရပ်ရပ်ရှိ ယုံကြည်သူများ၏

အတွေ့အကြုံများ၊ ယေရှုခရစ်၏ ပုဂ္ဂိုလ်ဖြစ်ခြင်းတို့အားဖြင့် မိမိကိုမိမိ ဖွင့်ပြထင်ရှားသည်။ ထိုဘုရားသည် ဖန်ဆင်းရှင်၊ အသက်စောင့်ထိန်းသူ၊ စကြဝဠာတစ်ခုလုံး၏ အရှင်ဘုရင်၊ ပုန်ကန်ပျက်စီးသောလူသားတို့ကို မိမိနှင့် ပြန်၍ မိတ်သဟာယဖွဲ့ရန် အလိုတော်ရှိသည့် မေတ္တာရှင် ကောင်းကင်ခမည်းတော် ဖြစ်သည်။

ယေရှုခရစ်သည် မည်သူနည်း။
ယေရှုသည် လူ့သမိုင်းတစ်လျှောက် စိတ်ဝင်စားဖွယ်အကောင်းဆုံး ပုဂ္ဂိုလ် ဖြစ်သည်။ သမိုင်းပညာရှင်အနည်းငယ်က ယေရှုအသက်ရှင်တည်ရှိခဲ့သည့်ကြောင်း သံသယ ရှိကြသည်။ ယေရှုသည် မည်သူနည်း။ အမြော်အမြင်ရှိသော သင်ပေးသူဆရာ ဖြစ်သလား။ လူလိမ်တစ်ယောက်လား။ လူမိုက်လူရူး ဖြစ်သလား။ စင်စစ်၊ ယေရှုသည် မိမိကိုမိမိ ထုတ်ဖော်ပြောဆိုခဲ့သည်အတိုင်း လူတို့အတွက် ဘုရားသားဖြစ်လာ၍ ထာဝရအရှင်ဘုရင်ကို သိနိုင်ရန် မိမိ၏အသက်၊ သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းဖြင့် လမ်းပွင့်စေခဲ့သော တစ်လောကလုံး၏ကယ်တင်ရှင် ဖြစ်သည်။ ဤမေးခွန်းများက ဧဝံဂေလိတရားကို စတင်ဟောပြောရန် လမ်းစပျိုးပေးသည်မှန်သော်လည်း ဧဝံဂေလိတရား၏ ဆိုလိုရင်းကို စုံစုံလင်လင်နားလည်သဘောပေါက်ရန် မလုံလောက်ပါ။ ဤမေးခွန်းတို့သည် ဆက်ဆံရေးတည်ဆောက်ရန် ဆက်နွယ်မှုပေးသည့်အချက်များသာ ဖြစ်သည်။ ဤမေးခွန်းများဖြင့် ပြည့်စုံ၍ တန်ခိုးရှိသော ခရစ်တော်၏ ဧဝံဂေလိတရားဘက်သို့ ဦးတည်၍ ခေါ်ဆောင်နိုင်ရန် သမ္မာကျမ်းစာကို နက်နက်နဲနဲ ရှင်းပြပေးဖို့ လိုလိမ့်မည်။

အစည်းအဝေး လမ်းညွှန်

တွေ့ဆုံခြင်း (၁၅-၂၅ မိနစ်)

တစ်ယောက်နှင့်တစ်ယောက် မိတ်ဆက်တွေ့ဆုံစကားပြောဖို့ အချိန်သုံးပါ။ သက်သေခံခြင်း၊ ခွန်အားပေးခြင်း၊ အခွင့်အရေးများကို အတူသုံးသပ်ခြင်းနှင့် အဖွဲ့အတွက် ခွန်အားဖြစ်စေမည့် မည်သည့်အကြောင်းအရာကိုမဆို ဝေငှပြောဆိုနိုင်သည်။ တစ်လလုံး ဖတ်ရှုလေ့လာခဲ့သည့် ရှင်မာကုခရစ်ဝင်ကျမ်းအကြောင်းကို တစ်ဖွဲ့လုံးအား မေးပါ (အစည်းအဝေး ၂ – လိုက်လျှောက်ကျင့်သုံးခြင်း)။ သာသနာအတွက် ခေါ်ဆိုခံရခြင်းအပေါ် မမူတည်ဘဲ ဘုရားသခင်၏ ထာဝရသားတော်၏ ကယ်တင်ခြင်းအမှုကြောင့် ဖြစ်လာသည့် ဘုရားသားဖြစ်ခြင်းအပေါ် မူတည်၍ ကျွန်ုပ်တို့၏ စစ်မှန်သောဖြစ်တည်ခြင်းကို ဆွေးနွေးအတည်ပြုရန် အချိန်သုံးပါ။ ကျွန်ုပ်တို့ ဖြစ်တည်ခြင်း၏ တုံ့ပြန်မှုမှာ တစ်မိသားစုလုံးကိုယ်စား ပြန်လည်သင့်မြတ်ခြင်းအမှုဆောင်သောသူများ ဖြစ်လာ၍ ပျောက်ဆုံးသောသူများလည်း အိမ်ပြန်ရောက်နိုင်ကြောင်း သိရန် သူတို့ကို ရှာဖွေခြင်း ဖြစ်သည်။

ဆုတောင်းခြင်း

အချိန်တစ်ခုလုံးကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံ၍ တွေ့ဆုံခြင်းအပိုင်းတွင် ကြားခဲ့သည့်အခြေအနေ အကောင်း၊ အဆိုးများအတွက် ဘုရားသခင်ထံ ဆုတောင်းဆက်ကပ်ပါ။

သွန်သင်ခြင်း (၂၅-၃၅ မိနစ်)

အောက်ပါသင်ခန်းစာများကို သင်နှစ်သက်သည့်နည်းဖြင့် သင်ပေးနိုင်သကဲ့သို့ တစ်လုံးမကျန် ဖတ်ပြခြင်းဖြင့်လည်း သင်ပေးနိုင်သည်။ ထို့ပြင်၊ သင်ကိုယ်တိုင် ပြင်ဆင်၍လည်း တင်ပြနိုင်သည်။

> "ညီအစ်ကိုတို့၊ ငါသည် သင်တို့ရှိရာသို့ ရောက်လာသောအခါ ဘုရားသခင်၏ သက်သေခံချက်ကို ထူးမြတ်သော စကားနှင့် ထူးမြတ်သောပညာအားဖြင့် သင်တို့အား ပြသ၍ ရောက်လာသည်မဟုတ်။ အကြောင်းမူကား၊ ယေရှုခရစ်တည်းဟူသော လက်ဝါးကပ်တိုင်မှာ အသေခံတော်မူသောသခင်မှတပါး အဘယ်အရာကိုမျှ သင်တို့တွင် ငါမသိမမှတ်ဟု ငါစိတ်ပြဋ္ဌာန်းခြင်း ရှိ၏"
>
> **၁ ကော ၂း၁-၂**

"သင်တို့နှင့် အတူရှိစဉ် လက်ဝါးကပ်တိုင်မှာ အသေခံသောယေရှုခရစ်မှလွဲ၍ ဘာကိုမျှ မသိဖို့ ဆုံးဖြတ်ခဲ့သည်" ဟူ၍ ရှင်ပေါလုသည် ယေရှု၏ သမ္မာတရားနှင့် ၎င်း၏တန်ခိုးတော်အပေါ် မိမိ၏ သစ္စာရှိမှုကို ထင်ရှားစေခဲ့သည်။ ဘုရား သခင်ကိုယ်တိုင်သည် ယေရှုခရစ်တော်အားဖြင့် ဆိုးသွမ်းသောဤလောကတွင် ကြွလာ၍ စုံလင်ဖြောင့်မတ်သော အသက်တာဖြင့် အသက်ရှင်ခဲ့ပြီး ကျွန်ုပ်တို့ကိုယ်စား လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံ၍ သုံးရက်မြောက်သော နေ့တွင် ရှင်ပြန်ထမြောက်ကာ ထာဝရအတွက် ကျိန်ခြင်းအမင်္ဂလာဖြစ်သောသေခြင်းကို ချေမှုန်းခဲ့သည်။ ၎င်းသည် ဧဝံဂေလိတရား၏ အနှစ်ဖြစ်သည်။ ခရစ်တော်ကို ယုံကြည်ခြင်း၌သာ ကယ်တင်ခြင်းနှင့် အသက်ရှင်ခြင်းကို တွေ့နိုင်သည်။ စိတ်နှလုံးပြောင်းလဲဖို့ သက်သက် မဟုတ်ဘဲ အသစ်သောအသက်ကို ရရှိဖို့ ဤသမ္မာတရားကို ကျွန်ုပ်တို့ ဟောပြောရခြင်း ဖြစ်သည်။ ၎င်းပြောင်းလဲခြင်းသည် ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့်သာ ရရှိနိုင်သည့် ပြောင်းလဲခြင်းမျိုး ဖြစ်သည်။

ဤအစည်းအဝေးတွင် ဧဝံဂေလိတရားအကြောင်းကို ဆွေးနွေးသွားမည်။ (ဤလမ်းညွှန်၏နောက်ကျောဘက်တွင် ရှိသည့်) အပိုင်းများကို အသုံးပြု၍ ဧဝံဂေလိတရားနှင့် ပတ်သက်၍ ကျွန်ုပ်တို့၏ ယုံကြည်ချက်ကို ဆွေးနွေးပါ။

ဧဝံဂေလိတရား ဩဝါဒ (စာမျက်နှာ ၂၃၂)
ဧဝံဂေလိတရားကို စနစ်တကျ ပုံဖော်ခြင်း။

ဧဝံဂေလိတရားပုံပြင် (စာမျက်နှာ ၂၃၃)
အကျယ်တဝင့်ဆိုရလျှင် စနစ်တကျချဉ်းကပ်သည့်နည်းအတိုင်း ဤအပိုင်းတွင်လည်း ဧဝံဂေလိတရားကို ဖော်ပြထားသည်။ သို့သော်၊ ပုံပြင်တစ်ပုဒ်ကဲ့သို့ ဖတ်ရ၊ နားလည်ရ လွယ်ကူအောင် အဓိကထား ဖော်ပြထားသည်။

လူငယ်ဧဝံဂေလိတရား စကားဝိုင်းနှင့် နည်းလမ်း (စာမျက်နှာ ၂၃၄)
ဖော်ပြပါ ဧဝံဂေလိတရားဟောပြောနည်းများတွင် ရှင်းပြချက်မျိုးစုံရှိ၍ ဧဝံဂေလိတရားနှင့် ဆိုင်သည့် အဖြစ်အပျက်နှင့် လူတစ်ယောက်ထံ ရှင်းလင်းစွာ ဟောပြောနည်းတို့ကို ၎င်းရှင်းပြချက်တစ်ခုစီက အဓိကထားသည်။

ဧဝံဂေလိတရားနှင့်ဆိုင်သည့် သမ္မာတရားအား ကျွန်ုပ်တို့ ဟောပြောကြောင်းကို သေချာစေရန် အင်မတန် အရေးကြီး သည်။ မည်သူကိုမျှ ကျွန်ုပ်တို့ မကယ်တင်နိုင်ကြောင်းကိုလည်းကောင်း၊ ဘုရားသခင်၏ တန်ခိုးတော်ကသာ ကယ်တင်ခြင်း ယူဆောင်လာနိုင်ကြောင်းကို မမေ့ပါနှင့် (ရောမ ၁း၁၆)။ နားထောင်သောသူတို့၏ နှလုံးသားကို တို့ထိနိုင်ရန် ရှုထောင့်တစ်မျိုးဖြင့်သာ ဧဝံဂေလိတရားကို အနည်းငယ် ပြောင်းလဲ၍ ဟောပြောလျှင် လူများစွာက လက်ထောင်၍ တုံ့ပြန်ကြမည်မှန်သော်လည်း မည်သို့သောတရားဒေသနာမျိုးကို သူတို့ တုံ့ပြန်ကြသနည်း။

ဧဝံဂေလိတရားသည် ကြီးမားသောစိန်ခေါ်မှုများစွာကို ယူဆောင်လာသည်။ ဧဝံဂေလိတရားက ကျွန်ုပ်တို့အားလုံးကို "အပြစ်သားများ" အဖြစ် ဖော်ပြ၍ သေခြင်းနှင့် ထိုက်တန်သည့် ပျက်စီးသောပုဂ္ဂိုလ်များအဖြစ် ကြေညာထားသည်။ အင်မတန် အခြေအနေဆိုးရွားသော လူ့အခြေအနေကို ကယ်တင်ခြင်း ပေးနိုင်သောကြောင့် ဧဝံဂေလိတရားသည် အင်မတန်ကောင်းသော သတင်းဖြစ်သည်။

ကျွန်ုပ်တို့အပြစ်၏ ကြီးမားမှုကို ကျွန်ုပ်တို့ မြင်မှသာလျှင် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကြီးမားပုံနှင့် ကရုဏာတော်ကြီးမားပုံတို့ကို မြင်လာနိုင်မည် ဖြစ်သည်။ ကျွန်ုပ်တို့၏အပြစ်အတွက် တရားစီရင်ပြီး ချစ်ခြင်းမေတ္တာရှင်ဖြစ်သော ဘုရားသခင်က လူတို့ကို အဘယ်ကြောင့် အပယ်ငရဲသို့ ပို့ရသည့်အကြောင်းတို့ကို စဉ်းစား၍ လူများစွာ နားမလည်နိုင် ဖြစ်ကြသည်။ ဧဝံဂေလိတရား၏ ဤအပိုင်းကို ကြည့်၍ လုံးလုံးလျစ်လျူရှုခြင်းသည် လုံးဝ မဖြစ်သင့်သည့်အရာ ဖြစ်သည်။ ကားတိုင်၏တန်ခိုးနှင့် ရှင်ပြန်ထမြောက်ခြင်းနှင့်ဆိုင်သော မျှော်လင့်ခြင်းကို အမှန်အတိုင်း နားလည်ရန် ဧဝံဂေလိတရားဝေငှဟောပြောခြင်းတွင် အပြစ်အကြောင်း ထည့်မပြောလို့ မဖြစ်ပါ။ ၎င်းသည် ချစ်ခြင်းမေတ္တာ၌ အမြစ်တွယ်၍ မိမိသားသမီးတို့ မထိုက်မတန်ဘဲလျက် ဘုရားသခင် ပေးသနားသည့် ကျေးဇူးတော်နှင့် လူသားတို့အတွက် တစ်ခုတည်းသော မျှော်လင့်ခြင်း ဖြစ်သည်

အပြစ်ဟူသည် သာ၍ ကြီးမြတ်သောဘုရားသခင် ဖြေရှင်းသည့် ကြီးမားသောပြဿနာ ဖြစ်သည်။ ဤနှစ်ချက်ထဲမှ တစ်ချက်ကို လျှော့ပြောလျှင် နှစ်ချက်လုံးကို အားနည်းစေရာ ရောက်သောကြောင့် မည်မျှပင် စိန်ခေါ်မှု ကြီးမားပါစေ သမ္မာတရားအပေါ် သစ္စာရှိရှိ ကျွန်ုပ်တို့ ရပ်တည်ရမည်။

အလွယ်တကူ ချန်လှပ်ထားလေ့ရှိသည့် နောက်ထပ်အချက်တစ်ချက်မှာ မိမိကိုမိမိ ငြင်းပယ်၍ ကိုယ့်ကားတိုင်ကို ထမ်းကာ ရှိသမျှဖြင့် ယေရှု၏ နောက်တော်သို့ လိုက်လျှောက်ခြင်း ဖြစ်သည် (မဿဲ ၁၆း၂၄)။ "ဘုရားသခင်က သင့်ကို ဝမ်းမြောက်ပျော်ရွှင်စေမည်" ဟူသည့် တရားဒေသနာက ပေးဆပ်ခြင်းဖြင့်အသက်ရှင်ခြင်းကို အစားထိုးလာသည်။ ထိုနည်းတူ၊ လူတို့ကို ခရစ်တော်ထံ ခေါ်ဆောင်နိုင်ရန် ဧဝံဂေလိတရားတွင် ထပ်ထည့်ခြင်း၊ နုတ်ယူခြင်း သို့မဟုတ် မိမိ၏ ဟောပြောခြင်းအရည်အချင်းကိုသာ အားကိုးခြင်း စသည်တို့က ကယ်တင်ခြင်း ပေးနိုင်သည့် ဧဝံဂေလိတရား၏ တန်ခိုးတော်ကို ဧဝံဂေလိတရား လုံးဝ မဟုတ်အောင် ပြုလုပ်ခြင်းပင် ဖြစ်သည်။

> "ဧဝံဂေလိတရား၌ ထပ်ထည့်ခြင်း၊ လိုသလို ပြုပြင်ခြင်းတို့သည် ဧဝံဂေလိတရား၏ ဝိညာဉ်ရေးရာ တန်ခိုးတော်ကို ငြင်းပယ်ရာ ရောက်သည်။ ဧဝံဂေလိတရားသည်သာ ကယ်တင်ခြင်းအတွက် ဘုရားသခင်၏ တန်ခိုးတော်ဖြစ်ကြောင်းကို ကျွန်ုပ်တို့ သံသယ ရှိလာသည့်အခါ မိမိ၏စည်းရုံးဆွဲဆောင်နိုင်မှု၊ ဟောပြောရှင်းလင်းနိုင်မှုကို အားကိုး၍ ကျွန်ုပ်တို့သည် ဧဝံဂေလိတရား၌ ထပ်ထည့်လာကြသည်။ နုတ်ယူလာကြသည်။"
>
> **မက်ချန်လာ**

လူတို့၏မေးခွန်းများနှင့် သွေဖယ်စေသည့်နည်းများဖြင့် ဧဝံဂေလိတရားကို မဟောပြောမိဖို့ ကျွန်ုပ်တို့ သတိထားရမည်။ ဥပမာ – ယနေ့လူငယ်မျိုးဆက်တို့သည် "ယခုကာလ" နှင့်ဆိုင်သည့် ရည်ရွယ်ချက်၊ ဖြစ်တည်ခြင်း၊ တရားမျှတခြင်း တို့နှင့် ဆိုင်သောမေးခွန်းများကိုသာ စိတ်ဝင်စားလေ့ရှိကြပြီး ကျွန်ုပ်တို့ သေလျှင် ဘာဖြစ်မည်နည်းဟူသည့် "နောင် ကာလ" နှင့်ဆိုင်သောမေးခွန်းမျိုးကို စိတ်မဝင်စားကြပါ။ ထို့ကြောင့်၊ ဧဝံဂေလိတရားဟောပြောနည်းတွင် ဤအချက်ကို ထည့်သွင်းစဉ်းစားရပေမည်။ ဧဝံဂေလိတရားဟောပြောနည်းသည် အချိန်နှင့်အပြိုင် ပြောင်းလဲမည်ဖြစ်သော်လည်း ၎င်းဧဝံဂေလိတရား၏ အနှစ်ဖြစ်သော သမ္မာတရားမှု လုံးဝ မပြောင်းလဲသင့်ပါ။ ဧဝံဂေလိတရားကို ရှင်းရှင်းလင်းလင်း ဟောပြောလိုလျှင် ၎င်းဧဝံဂေလိတရားကို နက်နက်နဲနဲ သိထားဖို့ လိုအပ်သည်။ သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုး တော်ဖြင့် ယေရှုခရစ်တော်၏ စစ်မှန်သော ဧဝံဂေလိတရားမှလွဲ၍ အကြံဉာဏ်ကောင်းများ၊ ထင်မြင်ယူဆချက်များကို ကျွန်ုပ်တို့ ဟောပြောမည် မဟုတ်ပါ။

နေ့စဉ်ကျမ်းစာဖတ်ရှုလေ့လာရန် ဦးစားပေးခြင်းသည် ယုံကြည်သူတိုင်းအတွက် အရေးကြီးသည်။ အထူးသဖြင့် ပုံမှန် ဧဝံဂေလိတရားဝေငှဟောပြောသောသူများအတွက် လိုအပ်သည့်အရာ ဖြစ်သည်။ နေ့စဉ်သမ္မာကျမ်းစာ၏ တိုက်ကျွေး မှုကို မရရှိလျှင် သမ္မာကျမ်းစာမှ ဖွင့်ပြချက်ကို မည်သို့ ကျွန်ုပ်တို့ ရနိုင်မည်နည်း။ ကျွန်ုပ်တို့သည် ဧဝံဂေလိဆရာ တစ်ယောက်သက်သက်အဖြစ်သာ မဟုတ်၊ သမ္မာကျမ်းစာကို သွန်သင်ပေးသော ဧဝံဂေလိဆရာအဖြစ် ခေါ်ဆိုခြင်း ခံရကြသည်။

ဆွေးနွေးခြင်း (မိနစ် ၂၀)

၁။ ဧဝံဂေလိတရားကို သင်မည်မျှ နားလည်သည်ဟု ထင်သနည်း။

၂။ ယနေ့ ဧဝံဂေလိတရားကို ရှင်းရှင်းလင်းလင်း ဟောပြောနိုင်ရန် မည်သည့်စိန်ခေါ်မှုများ ရှိပါသနည်း။

၃။ ယခုခေတ်လူများအတွက် အဆက်အစပ်မိနိုင်မည့်နည်းလမ်းကို မည်သို့ တည်ဆောက်နိုင်သနည်း။

၄။ 'သမ္မာကျမ်းကို သင်ပေးသော' ဧဝံဂေလိဆရာတစ်ယောက် ဖြစ်ခြင်းက ဘာကို ဆိုလိုသနည်း။

> "ဧဝံဂေလိတရားသည် ခေတ်ယဉ်ကျေးမှုကို တိုက်လှန်ရန် အုတ်မြစ်ဖြစ်သောကြောင့် ခရစ်ယာန်ယုံကြည်မှု၏

အသက်သွေးကြော ဖြစ်သည်။ အကြောင်းမှာ၊ ဧဝံဂေလိတရားကို ကျွန်ုပ်တို့ အမှန်ယုံကြည်လာသည့်အခါ ဧဝံဂေလိတရားက ကျွန်ုပ်တို့၏ပတ်ဝန်းကျင်ယဉ်ကျေးမှုရှိ လူမှုရေးနယ်ပယ်နှင့်သက်ဆိုင်သည့်ကိစ္စများကို ရင်ဆိုင်ရန်သာ ယုံကြည်သူများအား နှိုးဆော်ခြင်း မဟုတ်ကြောင်းကို ကျွန်ုပ်တို့ သိလာသည်။ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်နှင့် ကျွန်ုပ်တို့၏အထဲရှိ ယဉ်ကျေးမှုကို ရင်ဆိုင်ရန် ဧဝံဂေလိတရား လမ်းစပျိုးပေးသည်။"

ဒေးဗစ်ပလက်

လိုက်လျှောက်ကျင့်သုံးခြင်း (၅ မိနစ်)

YouVersion phone app သို့မဟုတ် မှတ်စုပြုနိုင်သည့် ကျမ်းစာဖတ်ရှုခြင်းအစီအစဉ်ကို အသုံးပြုပြီး နေ့စဉ်ကျမ်းစာ ဖတ်ရှုခြင်းကို အစပြုရန် သို့မဟုတ် ဆက်လက်လုပ်ဆောင်ရန် အဖွဲ့ဝင်အားလုံးကို တိုက်တွန်းအခွန်းအားပေးပါ။ ယေရှု၏နောက်လိုက်များအဖြစ် ရင့်ကျက်ကြီးထွားရန်နှင့် ဧဝံဂေလိတရားကို ရှင်းရှင်းလင်းလင်း ဟောပြောနိုင်ဖို့ ၎င်းဧဝံဂေလိတရားကို နက်နက်နဲနဲ နားလည်ရန် ကျမ်းစာဖတ်ရှုခြင်းသည် မဖြစ်မနေ လုပ်ရမည့်အရာ ဖြစ်သည်။

ဤစာအုပ်ငယ်ရှိ ဧဝံဂေလိတရားနှင့် ပတ်သက်သောအချက်များနှင့် သမ္မာကျမ်းစာကို အသုံးပြုပြီး လာမည့်အစည်း အဝေးတွင် အချင်းချင်း ဝေငှဖို့ ဧဝံဂေလိတရားနှင့် ဆိုင်၍ လိုရင်းတိုရှင်း ရှင်းလင်းချက်ကို (၃-၅ ချက်) ကျမ်းထောက် များနှင့်တကွ ပြင်ဆင်ခိုင်းပါ။ ဤတာဝန်သည် စာမေးပွဲ မဟုတ်ပါ။ ဘုရားသခင်နှင့် အချိန်သုံးခြင်းအလေ့အကျင့် ဖြစ်သည်။ ဧဝံဂေလိသမ္မာတရားကို ကိုယ်တိုင်သဘောပေါက်နားလည်ရန် ပြုလုပ်နည်း ဖြစ်သည်။ စာမျက်နှာ ၂၉ ရှိ ဧဝံဂေလိတရားသြဝါဒသည် အထောက်အကူပြုနိုင်သည်

ဆုတောင်းခြင်း

"သခင်ယေရှု...ကိုယ်တော် ကြွလာပြီး ပြည့်စုံသောအသက်တာဖြင့် အသက်ရှင်၍ ကားတိုင်ထက်တွင် ကျွန်ုပ်တို့ ကိုယ်စား အသေခံသောကြောင့် ကျေးဇူးတော် ချီးမွမ်းပါ၏။ ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်းဖြင့် ကျွန်ုပ်တို့သည် အသစ်သောအသက်ကို ရရှိကြပါ၏။ ကိုယ်တော့်ကို အားကိုးတတ်ဖို့နှင့် ကိုယ်တော့်ချစ်ခြင်း မေတ္တာ၌ ကြီးထွားတတ်ဖို့ ကူညီတော်မူပါ။ ကိုယ်တော့်နှုတ်ကပတ်တော်ကို သာ၍ ပြည့်စုံစွာ နားလည်ဖို့၊ ကိုယ်တော့်ဧဝံဂေလိတရားကို သာ၍ နက်နဲစွာ သိနိုင်ဖို့နှင့် ကျွန်ုပ်တို့ဘေးပတ်ဝန်းကျင်ရှိ လူတို့ထံ ရှင်းရှင်းလင်းလင်း၊ မှန်မှန်ကန်ကန် ဟောပြောသက်သေ ခံနိုင်ဖို့ ကူညီတော်မူပါ။ ကိုယ်တော်ပေးတော်မူတဲ့ အခွင့်အရေးများအတွက် ကျေးဇူးတော် ချီးမွမ်းပါ၏။ ထိုအခွင့်အရေး များအပေါ် သစ္စာရှိဖို့နှင့် ကိုယ်တော်၏နှုတ်ကပတ်တော်နှင့် ရှေ့တော်မှောက်တွင် အချိန်သုံးခြင်းမှာ သစ္စာရှိနိုင်ဖို့ ကျွန်ုပ်တို့ကို ပြင်ဆင်တော်မူပါ။"

တာဝန်ခံမှု ရှိခြင်း (၁၅ မိနစ်)

မိမိ၏ကျမ်းစာဖတ်ရှုခြင်းအကျင့်နှင့် ပတ်သက်၍ တစ်ယောက်အပေါ် တစ်ယောက် ရိုးသားပါ။ နှစ်ယောက်တစ်တွဲ ဖြစ်စေ၊ အဖွဲ့ငယ်များဖြင့် ဖြစ်စေ သင်၏နေ့စဉ် ကျမ်းစာဖတ်ရှုခြင်းအကျင့်များကို အကောင်း၊ အဆိုး မချန် ဆွေးနွေးပါ။ နှုတ်ကပတ်တော် ဖတ်ရှုခြင်းနှင့် ပတ်သက်၍ သင်နှစ်သက်သည့်အချက်များနှင့် အခက်အခဲများကိုလည်း ထည့်သွင်း ဆွေးနွေးပါ။ ကျမ်းစာဖတ်ရှုခြင်းကို အသစ်တဖန် ပြုလုပ်ခြင်းနှင့် ပစ်မှတ်ထားရှိခြင်းကို သေသေချာချာ စဉ်းစားပါ။ ယခင်ထက် ပို၍ အချိန်ပေးနိုင်အောင် ကြိုးစားပါ။ သို့သော်၊ ကိုယ်မျိုချနိုင်သည်ထက် များသည့်ပမာဏကို ကိုက်ဖို့ မစဉ်းစားပါနှင့်။ ထိုသို့ပြုခြင်းက ကျရှုံးခြင်းကို ဦးတည်စေနိုင်သည်။ သင်ပုံမှန် ဖတ်ဖြစ်သည်၊ မဖြစ်သည်ကို လာမည့်လတွင် မေးပေးရန် သင့်တာဝန်ခံမှုရှိသောအဖွဲ့ကို မေးပါ။ သမ္မာကျမ်းစာ ဖတ်ရှုခြင်း ပစ်မှတ်တစ်ခုသာ မဟုတ်ဘဲ ဘုရားသခင်နှင့် သူ၏ဧဝံဂေလိတရားကို နေ့စဉ် ပိုပို၍ သိကျွမ်းခြင်းမှ ရလာသည့်ဝမ်းမြောက်ခြင်းသည် အဓိက ကျသည်။

တာဝန်ခံမှုရှိခြင်း ဖောင်ကို ဖြည့်၍ အတွဲလိုက်ဖြင့်ဖြစ်စေ၊ အဖွဲ့ငယ်များဖြင့်ဖြစ်စေ ဆွေးနွေးဝေငှပြီး တစ်ယောက် အတွက် တစ်ယောက် ဆုတောင်းပေးခြင်းဖြင့် နိဂုံးချုပ်ပါ။

မမေ့ပါနှင့် ...

YouVersion တွင် တင်ထားသည့် ခုနှစ်ရက်စာ Advance devotional ဖြစ်သော "Guardians of the Gospel" (ဧဝံဂေလိတရားကို ကာကွယ်စောင့်ရှောက်သူများ) ကို တစ်ချက် လေ့လာကြည့်ပါ။

မှတ်စုများ

အစည်းအဝေး ၄
ဧဝံဂေလိဆရာ၏ တာဝန်

တရားဒေသနာဟောပြောခြင်း (Preaching) နှင့် ဝေဠဟောပြောခြင်း (proclaiming) ၌ မည်သည့် ကွာခြားမှု ရှိသနည်း။ ဤအစည်းအဝေးတွင် အထက်ပါသဘောတရားကို လက်တွေ့လည်းကျ၍ ကျမ်းစာနှင့်လည်းညီသည့် ရှုထောင့်ဖြင့် ဆွေးနွေးလေ့လာသွားမည်။ တစ်ဦးတစ်ယောက်ချင်း ဝေဠဟောပြောသည်ဖြစ်စေ၊ တရားဒေသနာ ဟောပြောသည်ဖြစ်စေ ဝိညာဉ်တော်၏ တန်ခိုးတော်အောက် မိမိကိုမိမိ အပ်နှံ၍ မိမိ၏ဟောပြောခြင်းအရည် အချင်းကို တိုးတက်အောင် အချင်းချင်း နှိုးဆော်ခွန်အားပေးကြစို့။

အစည်းအဝေးကို ဝါကျတစ်ကြောင်းဖြင့် အကျဉ်းချုပ်ခြင်း
ဧဝံဂေလိဆရာတစ်ယောက်၏ တာဝန်မှာ ဝိညာဉ်တော်၏ တန်ခိုးတော်ဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်၌ ဖွင့်ပြထားသည့်အတိုင်း ဧဝံဂေလိတရားကို နှုတ်အားဖြင့် ဖော်ပြ ဟောပြောခြင်းဖြစ်သည်။

အစည်းအဝေး နောက်ကြောင်း
အစီစီဇာတိ သူတော်စင် ဖရန်စိစ် (St. Francis of Assisi) က အောက်ပါအချက်ကို မိန့်ဆိုခဲ့သည်ဟု အစဉ်အလာအရ သိရသည်။

> "ဧဝံဂေလိတရားကို အမြဲတမ်း ဟောပါ။ လိုအပ်လျှင် စကားလုံးများကို သုံးပါ"

ဧဝံဂေလိတရားအမှတ်အသားဖြင့် အသက်ရှင်ခြင်း၏ အရေးကြီးပုံကို ပုံပြရန် ဤအဆိုအမိန့်ကို ကိုးကားတတ်ကြ သည်။ သို့သော်၊ အထက်ပါအဆိုအမိန့်တွင် ပြဿနာနှစ်ခု ရှိသည်။ ပထမမှာ၊ သူတော်စင် ဖရန်စိစ်ကိုယ်တိုင် အမှန် တကယ် ပြောခဲ့သည်၊ မပြောခဲ့သည်ကို သေချာ မသိပါ။ စာဖြင့် မရေးသားခဲ့သည်မှာ သေချာသည်။ ဒုတိယမှာ၊ ၎င်းကို စံပြုထိုက်သောအဆိုအမိန့်အဖြစ် သတ်မှတ်၍ မဖြစ်နိုင်ပါ။ ကျွန်ုပ်တို့ ဟောပြောသည့် ဘုရားသခင်၏ နိုင်ငံတော်နှင့် ပတ်သက်သော ဧဝံဂေလိတရားကို အသက်တာတွင် လိုက်လျှောက်ကျင့်သုံးရမည်မှာ မှန်သော်လည်း ဧဝံဂေလိတရားဟောပြောခြင်းကိုယ်၌က စကားဖြင့် ဖော်ပြရသည့်အရာ ဖြစ်သည်။ အထက်ပါစာကြောင်းကို ဤသို့ ပြန်စီလျှင် ပို၍ အထောက်အကူပြုလိမ့်မည်။

> "ဧဝံဂေလိတရားကို အမြဲတမ်း ဟောပါ။ စကားလုံး မသုံးလို့ မဖြစ်သောကြောင့် စကားလုံးသုံး၍ ဟောပြောပါ"

"ဒေသနာဟောပြောခြင်း" နှင့် "ဝေဠဟောပြောခြင်း" တို့သည် စကားလုံးများနှင့် သက်ဆိုင်ကြသည်။ နှုတ်အားဖြင့် ဖော်ပြရသည့်အရာ ဖြစ်သည်။ သင်၏အသက်တာတွင် 'ဧဝံဂေလိတရား' စုံစုံလင်လင် လိုက်လျှောက်ကျင့်သုံး နိုင်သော်လည်း ဤသို့သင် အသက်ရှင်ရခြင်း ရည်ရွယ်ချက်ကို နှုတ်ဖြင့် ဖော်ပြရှင်းလင်းခြင်း မပြုလျှင် ခရစ်တော်၌ ရရှိသည့် သင်၏မျှော်လင့်ခြင်းကို လောကီသားတို့က မည်သို့ သိနိုင်ကြမည်နည်း။

> "တစ်ချိန်လုံး တိတ်ဆိတ်နေပြီး ကိုယ့်အပြုအမူကို သူတပါး သုံးသပ်ပါစေဟူ၍ ပြောခြင်းသည် အင်မတန် လွဲမှားသည်။ ဘုရားသခင်ကိုယ်တိုင် ထိုသို့ မပြုခဲ့ပါ။ သမိုင်း၌ ဘုရားသခင်၏ ရွေးနုတ်ခြင်းဆိုင်ရာ လုပ်ဆောင်ချက်၏ အဓိကအချက်များကို နှုတ်ဖြင့်ဖွင့်ပြခြင်းနှင့် အမြဲဒွန်တွဲ လိုက်ပါတတ်သည်။"
>
> **ဝီးလ်မတ်ဇာ**

ဧဝံဂေလိတရားကို ကျယ်ပြန့်စေရန် တရားဟောပြောခြင်းသည် အဓိကကျကြောင်း ဓမ္မသစ်ကျမ်းတွင် မှတ်တမ်းတင် ထားသည် (တမန် ၂း၁၄)။ သို့သော်၊ တရားဟောပြောခြင်းသည် ခေတ်နောက်ကျသောစတိုင်ဖြစ်၍ တစ်လောကလုံးသို့ ဧဝံဂေလိတရားဟောပြောရန် အကောင်းဆုံးသောနည်း မဟုတ်တော့ကြောင်း ယနေ့လူအချို့ ယုံကြည်ကြသည်။ ကျွန်ုပ်တို့၏ ဟောပြောခြင်းနှင့် အဆက်အသွယ်ပြုလုပ်ခြင်းတွင် ဆန်းသစ်တီထွင်တတ်ဖို့ လိုအပ်သည်မှာ မှန်သည် (ဗီဒီယို – ရုပ်ရှင်ရိုက်ခြင်း၊ သီချင်းစပ်

ခြင်း စသည်တို့ ဖြင့် ဟောပြောနိုင်သည်)။ သို့သော်၊ ခရစ်တော်၏ သခင်ဖြစ်ခြင်းကို တရားနာသူများ နားလည်၍ တုံ့ပြန်နိုင်သည့် အခွင့်အရေး ရှိရန် ဧဝံဂေလိဝေငှခြင်းတွင် တရားဟောခြင်းသည် အဓိကကျ၍ ၎င်းကို ဆက်လက်ထိန်းထားရန် သမ္မာကျမ်းစာတွင် ဧဝံဂေလိဆရာကို နှိုးဆော်ထားသည် (၁ ကော ၁း၂၁၊ ၂ တိ ၄း၁–၂၊ မာကု ၁း၁၇၊ လုကာ ၉း၂၃)။

တရားဟောမည့် ဧဝံဂေလိဆရာအဖြစ် ယုံကြည်သူတိုင်း ခေါ်ဆိုခြင်း မခံရပါ။ ယုံကြည်သူအများစုအတွက် ဧဝံဂေလိ ဟောပြောခြင်းနှင့် တစ်ဦးချင်း ဝေငှဟောပြောခြင်းသည် ပုဂ္ဂိုလ်ချင်း အပြန်အလှန်စကားပြောခြင်း ဖြစ်တတ်၍ ဤနည်းဖြင့် ဧဝံဂေလိ တရားကို သူတပါးထံ နှုတ်ဖြင့် "ဟောပြောဝေငှ" ကြသည်။

မည်သို့ပင်ဖြစ်စေကာမူ၊ ဧဝံဂေလိတရားဟောပြောသက်သေခံရန် စကားလုံးသည် အလွန်အရေးပါသည်မှန်သော်လည်း မလုံလောက်ကြောင်းကို အမြဲသိမှတ်ထားရပေမည်။ ဆက်ကပ်အပ်နှံခြင်း မရှိသောအသက်တာမှ ထွက်လာသည့်စကား လုံးများသည် အချည်းနှီးသက်သက်ဖြစ်၍ ဟန်ဆောင်မှုတစ်မျိုးသာ ဖြစ်သည်။ ဘုရားသခင်၏ ဝိညာဉ်တော် အတူပါ မရှိသည့် စကားလုံးများသည် ယုံကြည်သူတိုင်းအား ကယ်တင်ခြင်း ယူဆောင်လာပေးသည့် ဘုရားတန်ခိုးတော် ပါရှိမည် မဟုတ်ပါ (ရောမ ၁း၁၆)။

အထက်ပါအချက် အပါအဝင် ဧဝံဂေလိတရားဟောပြောခြင်း၌ အောက်ပါအချက်သုံးချက် ပါဝင်သင့်သည်။

ဟောပြောဝေငှခြင်း။ ။ ဤနည်းဖြင့် ယေရှုအကြောင်းကို ရှင်းပြရသည်။

သရုပ်ဖော်ခြင်း။ ။ ဤနည်းဖြင့် ယေရှုအကြောင်းကို အသက်တာ၌ ထင်ရှားစေရသည်။

ဖိတ်ခေါ်ခြင်း။ ။ ဤနည်းဖြင့် ယေရှုကို ယုံကြည်လက်ခံလာရန် အခွင့်အရေး ပေးရသည်။

အစည်းအဝေး လမ်းညွှန်

တွေ့ဆုံခြင်း (၁၀–၂၀ မိနစ်)

တစ်ယောက်နှင့်တစ်ယောက် မိတ်ဆက်တွေ့ဆုံစကားပြောဖို့ အချိန်သုံးပါ။ သက်သေခံခြင်း၊ ခွန်အားပေးခြင်း၊ အခွင့်အရေးများကို အတူသုံးသပ်ခြင်းနှင့် အဖွဲ့အတွက် ခွန်အားဖြစ်စေမည့် မည်သည့် အကြောင်းအရာကိုမဆို ဝေငှပြောဆိုနိုင်သည်။ (အစည်းအဝေး ၃ – လိုက်လျောက်ကျင့်သုံးခြင်း) မိမိတို့ ဧဝံဂေလိဝေငှဟောပြောသည့် အတွေ့အကြုံများကို ဝေငှလိုသူ တစ်ယောက် သို့မဟုတ် နှစ်ယောက်ကို ဝေငှခွင့် ပေးပါ။ အပြုသဘောဆောင်ဖို့ မမေ့ပါနှင့်။

ဆုတောင်းခြင်း

အချိန်တစ်ခုလုံးကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံ၍ တွေ့ဆုံခြင်းအပိုင်းတွင် ကြားခဲ့သည့်အခြေအနေ အကောင်း၊ အဆိုးများအတွက် ဘုရားသခင်ထံ ဆုတောင်းဆက်ကပ်ပါ။

သွန်သင်ခြင်း (၂၀–၃၀ မိနစ်)

အောက်ပါသင်ခန်းစာများကို သင်နှစ်သက်သည့်နည်းဖြင့် သင်ပေးနိုင်သကဲ့သို့ တစ်လုံးမကျန် ဖတ်ပြခြင်းဖြင့်လည်း သင်ပေးနိုင်သည်။ ထို့ပြင်၊ သင်ကိုယ်တိုင် ပြင်ဆင်၍လည်း တင်ပြနိုင်သည်။

> "အဘယ်သို့နည်းဟူမူကား၊ သင်သည် သခင်ယေရှုကို နှုတ်ဖြင့်ဝန်ခံ၍၊ ဘုရားသခင်သည် သူ့ကို သေခြင်းမှ ထမြောက်စေတော်မူပြီဟု စိတ်နှလုံးထဲ၌ ယုံကြည်လျှင်၊ ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။...အကြောင်းမူကား၊ ထာဝရဘုရားကို ပတ္ထနာပြုသောသူရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြလတ္တံ့။ သို့ရာတွင်၊ မယုံကြည်လျှင် အဘယ်သို့ ပတ္ထနာပြုနိုင်မည်နည်း။ သတင်းမကြားလျှင် အဘယ်သို့ ယုံကြည်နိုင်မည်နည်း။ ဟောပြောသောသူမရှိလျှင် အဘယ်သို့ ကြားနိုင်မည်နည်း။ လူကို မစေလွှတ်လျှင် အဘယ်သို့ ဟောပြောနိုင်မည်နည်း။ ထိုသို့နှင့်အညီ ကျမ်းစာလာသည်ကား၊ ငြိမ်သက်ခြင်း၏ ဝမ်းမြောက်စရာသတင်း၊ ကောင်းကျိုးချမ်းသာ၏ ဝမ်းမြောက်စရာသတင်းကို ကြားပြောသော သူ၏ခြေတို့သည် အလွန်တင့်တယ်စွတကားဟု လာသတည်း။"
>
> **ရောမ ၁၀း၉၊ ၁၃–၁၅**

ဟောပြောဝေငှခြင်း (proclamation) အကြောင်းကို သမ္မာကျမ်းစာတွင် အကြိမ်များစွာ ဖော်ပြထားသည်။ "ဟောပြောခြင်း" သို့မဟုတ် "ဟောပြောဝေငှခြင်း" (preaching or proclaiming) ဟူ၍ ဘာသာပြန်ထားသည့် စကားလုံးကို ဂရိဘာသာစကားတွင် မတူညီသော စကားလုံး ၃၃ လုံး အသုံးပြုထားသည်။ အထက်ပါ ရောမ ကျမ်းချက်တွင် ရှင်ပေါလုသည် ဧဝံဂေလိတရား ဝေငှခြင်းကို ရည်ညွှန်းရန် "ဟောပြော" (preach) ဟူသည့်စကားလုံးကို အသုံးပြုထားသည်။ ရှင်ပေါလုအတွက် ဟောပြောခြင်းသည် အင်မတန် အရေးကြီးသောကြောင့် အမှုတော်မြတ်တွင် ဟောပြောခြင်းကို ပထမဦးစားပေးရန် တိမောသေကို တိုက်တွန်းနှိုးဆော်ခဲ့သည် (၂ တိ ၄း၁–၂)။ ပင်တေကုတ္တေပွဲနေ့တွင် လူများစွာအား ယုံကြည်ခြင်းသို့ ခေါ်ဆောင်ရန် ဟောပြောခြင်းကို ဘုရားသခင် အသုံးပြုကြောင်း ကျွန်ုပ်တို့ တွေ့နိုင်သည် (၂ တိ ၄း၁–၂)။ အံ့ဖွယ်နိမိတ်လက္ခဏာများကြောင့် (မီးလျှာ၊ အခြားသောဘာသာစကားပြောခြင်း) မဟုတ်ဘဲ ဝိညာဉ်တော်နှင့် ပြည့်ဝသော ပေတရု၏ ဟောပြောခြင်းကြောင့် ထောင်နှင့်ချီသောလူများစွာ ပြောင်းလဲခဲ့ကြသည်။

ဧဝံဂေလိတရားဟောပြောခြင်း (evangelism) ဟူသည့် စကားလုံးသည် မူရင်း ဂရိဘာသာ၌ သတင်းကောင်း ဟောပြောခြင်းဖြစ်သည့် နှုတ်အမှုအရာကို ဆိုလိုသည်။ သို့သော်၊ ယနေ့တွင် ဟောပြောခြင်းကို ခေတ်နောက် ကျသောနည်းဟု ထင်မှတ်ကာ "မိတ်ဖွဲ့ခြင်း" သို့မဟုတ် အပြန်အလှန်စကားပြောဆက်ဆံခြင်းကို အဓိကထားသည့် "တစ်ဦးချင်း" ဧဝံဂေလိတရားဟောပြောခြင်းကို ပိုနှစ်သက်လာကြသည်။ အချို့က နှုတ်ဖြင့်ဟောပြောခြင်း လိုအပ်မှုကို လုံးလုံး ငြင်းပယ်ကြပြီး အပြုအမူဖြင့် သက်သေခံခြင်းကို ပို၍ နှစ်သက်ကြသည်။ ဤနည်းဖြင့် လူမှုရေးရာစီမံကိန်း များနှင့် စပ်လျဉ်းသည့် သာသနာလုပ်ရှားမှုကို လုပ်လာကြသည်။ ၎င်းကို ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ ထင်ရှားစေ သည့်နည်းအဖြစ် ထင်မှတ်ကြသည်။ သို့သော်၊ ရောမဩဝါဒစာတွင် ရှင်ပေါလု မိန့်ဆိုခဲ့သည်အတိုင်း ဤလောကတွင် ကျွန်ုပ်တို့ ပြသသည့် ချစ်ခြင်းမေတ္တာ သို့မဟုတ် မျှော်လင့်ခြင်းအရင်းအမြစ်ကို နှုတ်အားဖြင့် ရှင်းလင်းဖော်ပြချက် မပေးလျှင် ယေရှုအကြောင်းကို မည်သူက မှန်မှန်ကန်ကန် သိ၍ သခင်အဖြစ် မိမိဆန္ဒအလျောက် ကိုးစားလာကြ မည်နည်း။

> **ဆွေးနွေးပါ** ဧဝံဂေလိဆရာတစ်ယောက်၏တာဝန်အတွက် ဟောပြောခြင်းသည် အရေးကြီး သည်မှန်လျှင် ၎င်းဧဝံဂေလိတရားကို နားထောင်သူများ ရှင်းရှင်းလင်းလင်း နားလည်နိုင်၍ ကြားခဲ့သည့်သတင်းကောင်းကို အဓိပ္ပာယ်ရှိရှိ တုံ့ပြန်ခွင့် ရရန် ကျွန်ုပ်တို့ မည်သို့ လုပ်ရမည်နည်း။ ဟောပြောခြင်းသည် မည်သည့်ကဏ္ဍတွင် ရှိသနည်း။

ဧဝံဂေလိတရား လက်တွေ့ဟောပြောခြင်းအတွက် အကောင်းဆုံးနည်းမှာ အထက်ဖော်ပြပါနှစ်ချက်မှ တစ်ချက်ချက်ကို ရွေးသုံးခြင်းနည်း မဟုတ်ပါ။ ထိုသို့ပြုမည့်အစား ကျွန်ုပ်တို့၏ ကွဲပြားခြားနားမှုကို ထင်ဟပ်စေသည့် ကွဲပြားခြားနား သောချဉ်းကပ်နည်း၏တန်ဖိုးကို နားလည်ရပေမည်။ စကားလုံးကိုမူ မဖြစ်မနေ အသုံးပြုရပေမည်။

(တရားဒေသနာဟောပြောခြင်းကဲ့သို့) လူအများရှေ့တွင် ဟောပြောခြင်း ပြုလုပ်သည်ဖြစ်စေ၊ (အပြန်အလှန်စကား ပြောခြင်းကဲ့သို့) တစ်ဦးချင်းဟောပြောခြင်း ပြုလုပ်သည်ဖြစ်စေ ကျွန်ုပ်တို့ ဟောပြောသည့်အကြောင်းအရာကို ရှင်းရှင်းလင်းလင်းဖြစ်အောင် ပြုလုပ်သည့်နည်း ရှိသည်။ ကျွန်ုပ်တို့ ဟောပြောသည့်အရာကို နားထောင်သူတို့နှင့် ၎င်းတို့၏ နောက်ကြောင်းကို သိခြင်းက သူတို့နားလည်နိုင်အောင် ပုံဥပမာများနှင့် အဆက်အနွယ်ပြု နိုင်သည့်အချက် များကို စဉ်းစားရွေးချယ်ရာတွင် အထောက်အကူ များစွာ ပြုပေလိမ့်မည်။ သာဓကဆောင်ရလျှင် – ဆယ်ကျော် သက်လူငယ်များထံ ဧဝံဂေလိတရား ဝေငှလျှင် ပင်စင်စားအရွယ်သက်ကြီးရွယ်အိုများနှင့် မတူသည့် စကားလုံးများနှင့် ယဉ်ကျေးမှုဆိုင်ရာအချက်အလက်များကို အသုံးပြု၍ ဝေငှဟောပြောရပေလိမ့်မည်။ ကျွန်ုပ်တို့ ဟောပြောသည့် ဒေသနာသည် မပြောင်းလဲသော်လည်း ကျွန်ုပ်တို့ ဟောပြောဝေငှပုံ၊ အသုံးပြုသည့်ဥပမာများနှင့် ယဉ်ကျေးမှုဆိုင်ရာ ရည်ညွှန်းပြောဆိုချက်များကို ကျွန်ုပ်တို့ရှေ့၌ ရှိသည့်လူများကို ကြည့်၍ အလျှင်းသင့်သလို ပြောင်းလဲနိုင်သည်။ အကျဉ်းဆိုရလျှင်၊ ကျွန်ုပ်တို့ ဟောပြောသည့်အရာ မပြောင်းလဲသော်လည်း ဟောပြောပုံ ပြောင်းလဲသည်။

ထို့ကြောင့်၊ ဧဝံဂေလိတရားကို ဟောပြောရန် မိမိကိုယ်ကို ပြင်ဆင်ခြင်းသည် အလွန်အရေးပါသည့် ခရစ်ယာန် အသက်တာ လျှောက်လှမ်းခြင်းအစိတ်အပိုင်းတစ်ခု ဖြစ်သည်။ တရားဟောဖို့ စင်ပေါ်သို့ တက်တိုင်း ကြားခဲ့ဖူးသည့် အိုဟောင်းသောဒေသနာကိုသာ မှီခိုနေလျှင် ကျွန်ုပ်တို့ကိုယ်တိုင် ငြီးငွေ့စရာကောင်းပြီး အပျင်းထူသော တရား ဟောဆရာများ ဖြစ်သွားကြလိမ့်မည်။ ဧဝံဂေလိတရားဟောပြောနည်းတစ်ခုတည်းကိုသာ အမြဲအသုံးပြုလျှင် ယေရှုကို မြင်တွေ့နိုင်ရန် မတူသောလူမျိုးစုံကို စကားပြောသည့်အခါ အခက်အခဲရှိမည်မှာ သေချာသည်။ အဓိကအားဖြင့်၊ ကျွန်ုပ်တို့သည် ဆုတောင်းခြင်းဖြင့် ပြင်ဆင်ခြင်းကို အစပြု၍ ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့ထံ စကားပြော၍ ကျွန်ုပ်တို့ ပြောရမည့်စကားလုံးများကို ဖော်ပြရန် ဘုရားသခင်ထံ တောင်းလျှောက်ရပေမည်။ ကျွန်ုပ်တို့ တွေ့ဆုံသည့် လူပုဂ္ဂိုလ်များအပေါ် မူတည်၍ ကျွန်ုပ်တို့၏ ဧဝံဂေလိတရားဟောပြောနည်းကို လိုအပ်သလို အပြောင်းအလဲလုပ်နိုင်ရန် ပြင်ဆင်ဖို့လည်း လိုအပ်သည်။

> **ဆွေးနွေးပါ** နှုတ်ဖြင့်။ ဧဝံဂေလိတရားဝေငှဟောပြောခြင်းနှင့်ဆိုင်သည့် လက္ခဏာများကို ကြည့်၍ သင်၏ဧဝံဂေလိတရားဟောပြောခြင်းတွင် မည်သို့ လက်တွေ့အသုံးချမည့်အကြောင်းကိုလည်း စဉ်းစားပါ။ ဤပြင်ဆင်မှုသည် ကိုးကွယ်ခြင်းအမှု မည်သို့ ဖြစ်နိုင်သနည်း။

ကျွန်ုပ်တို့သည် အောက်ပါအတိုင်း ဟောပြောဝေငှသင့်သည် ...

- **ရှင်းလင်းစွာ** – ရှင်းလင်းခြင်းသည် ကောင်းမွန်သော စကားပြောဆက်သွယ်ခြင်း၏ အဓိကပစ်မှတ် ဖြစ်သည်။ ဧဝံဂေလိတရားကို ကောင်းမွန်စွာ နားလည်မှသာ ရှင်းလင်းစွာ ဟောပြောနိုင်မည် ဖြစ်၍ ၎င်းကို နက်နက်နဲနဲ သိမှသာ ရှင်းရှင်းလင်းလင်း မှန်မှန်ကန်ကန် ဟောပြောနိုင်မည် ဖြစ်သည်။
- **ဝိညာဉ်သဘောဆောင်၍** – ဘုရားသခင်၏ ဝိညာဉ်တော် အလုပ်လုပ်မှသာ သေသောနှလုံးသားများသည် ဧဝံဂေလိတရားအားဖြင့် အသက်ပြန်ရှင်နိုင်မည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့၏ ဟောပြောခြင်းသည် ဝိညာဉ်တော်၏ တန်ခိုးတော်အောက် အပ်နှံခြင်း ရှိရပါမည်။
- **မေတ္တာထား၍** – ကျွန်ုပ်တို့သည် ကိုယ့်အတွေးအခေါ်နှင့် ပညာဘက်သို့ လူတို့ကို ဆွဲခေါ်ဖို့ မဟုတ်၊ ယေရှုခရစ် တော်၏ ဖြစ်တည်ခြင်းဘက်သို့ ဆွဲခေါ်ရမည်။ ကျွန်ုပ်တို့သည် နှိမ့်ချသည့်စိတ်ဖြင့် ကျွန်ုပ်တို့ဟောပြောသည့် ဘုရားသခင်ကို ကြောက်ရွံ့ရိုသေ၍ ကြားနာသော ဘုရားသခင်၏သားသမီးများ အပေါ် မေတ္တာထားပြီး ဟောပြော ဝေငှရပေမည်။
- **သတ္တိရှိရှိ** – ဧဝံဂေလိသမ္မာတရားကို ဟောပြောသည့်အခါ နှိမ့်ချစွာ ဟောပြောရမည် မှန်သော်လည်း သူရဲဘော ကြောင်ခြင်းကို မဆိုလိုပါ။ သနားကြင်နာသည့်စိတ်နှင့်တကွ နူးညံ့သိမ်မွေ့၍ နှိမ့်ချသည့်စိတ်နေသဘောထားဖြင့် ကျွန်ုပ်တို့ ဟောပြောသည့် သမ္မာတရားအပေါ် ယုံကြည်မှုအပြည့်ဖြင့် ဟောပြောနိုင်သည်။
- **တစ်မူထူးခြားစွာ** – ခရစ်တော်သည် အခြားသောပုဂ္ဂိုလ် အားလုံးထက် ထူးခြားသောပုဂ္ဂိုလ်အဖြစ် ကျွန်ုပ်တို့ ဟောပြော

ရမည်။ ခရစ်တော်သည် ကျွန်ုပ်တို့ ဟောပြောသည့် ဧဝံဂေလိတရား၏ ဗဟိုချက် ဖြစ်ရပေမည်။

- **ပုဂ္ဂိုလ်ရေးသဘောဆောင်၍** – ကျွန်ုပ်တို့၏အသက်တာအပေါ် ဧဝံဂေလိတရား၏ သက်ရောက်မှုကို ဝေငှခြင်းဖြင့် ဟောပြောသက်သေခံနိုင်သည်။ ၎င်းက ကြားနာသူနှင့် သူတို့၏အခြေအနေကြား တံတားထိုးပေးလိမ့်မည်။

တစ်ဦးချင်းစကားပြောသည်ဖြစ်စေ၊ စင်မြင့်ပေါ်မှ ဟောပြောသည်ဖြစ်စေ ဤအချက်များကို ကျွန်ုပ်တို့ မှတ်သား သင့်သည်။ သို့သော်၊ တစ်ဦးချင်းစကားပြောရာတွင် အင်မတန် အရေးပါသည့် အချက်တစ်ချက်မှာ နားထောင်ခြင်း ဖြစ်သည်။ ကိုယ်နှင့်စကားပြောသောသူများ ပြောသည့်စကားကိုလည်း နားထောင်ပေးရန် အမြဲ အဆင်သင့် ရှိနေသင့်သည်။

မိမိစကားပြောမည့်အလှည့်ကိုသာ စောင့်ဆိုင်းခြင်းမျိုး မပြုဘဲ ကိုယ်ကြားသည့်အရာကို တုံ့ပြန်သည့်သဘောဖြင့် မေးခွန်းကောင်းများကို မေး၍ စူးစမ်းတတ်သူ ဖြစ်ပါ။ သူတပါးပြောစကားကို အဖက်မလုပ်သည့်သဘောမျိုး မဖြစ်ပါစေနှင့်။ သင့်ကို မေးလာသည့် မေးခွန်းမှန်သမျှအတွက် အဖြေရှိရန်လည်းကောင်း၊ သင်နှင့် သဘောချင်း မတိုက်ဆိုင်သည့်အချက်မှန်သမျှကို ပြန်ချေပရမည်ဟူ၍လည်းကောင်း မထင်မိပါနှင့်။

အပြန်အလှန်စကားပြောခြင်းဆိုသည်မှာ ကိုယ်နှင့် မရင်းနှီးသည့် ခရီးတစ်ခုကို သွားရသကဲ့သို့ ဖြစ်သည်။ ကိုယ်နှင့် မရင်းနှီးသည့် ခရီးကို သွားရသကဲ့သို့ ကိုယ်သွားမည့်လမ်းကို သိရန် လမ်းပြမြေပုံလိုအပ်လေ့ရှိသည်။ ကိုယ်နှင့် စကားပြောသောပုဂ္ဂိုလ် ပြောသည့်စကားကို သေသေချာချာ နားထောင်ခြင်းက သင့်အတွက် လမ်းပြမြေပုံဖြစ်၍ အချိန်တန်သည့်အခါ ထိုပုဂ္ဂိုလ်နှင့် သင်သွားသည့်ခရီးအဆုံးကို သိမြင်လာလိမ့်မည် (ဤအကြောင်းအရာကို ပိုသိရန် တတိယနှစ်၌ တွေ့ရသည့် တစ်ဦးချင်းဧဝံဂေလိဝေငှဟောပြောခြင်းနှင့် ဧဝံဂေလိတရား နားထောင်ခြင်းအပိုင်းကို ကြည့်ပါ)။

ဟောပြောခြင်းအတွက် ဤအချက်များသည် အလွန်အထောက်အကူ ပြုသည်မှန်သော်လည်း အပြောအဆို ကျွမ်းကျင်မှုက မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဘုရားသခင်၏ နိုင်ငံတော်သို့ ပို့ဆောင်ပေးမည် မဟုတ်ပါ။ ဘုရားသခင်တစ်ပါးတည်းသာ တတ်နိုင်သည်။ ကျွန်ုပ်တို့၏ ဟောပြောဝေငှခြင်းတွင် သန့်ရှင်းသောဝိညာဉ်တော် အလုပ်လုပ်နိုင်ရန် နေရာ ပေးထားဖို့ လိုအပ်သည်။ နောက်ဆုံးအစည်းအဝေးတွင် ၁ ကော ၂ ၌ တွေ့ရသည့် ယေရှုအကြောင်းကို သိ၍ ဟောပြောလိုသည့် ရှင်ပေါလု၏ စိတ်ပိုင်းဖြတ်ထားမှုကို ကြည့်ခဲ့ကြသည်။ ၎င်း၏ နောက်ဆက်တွဲအငယ်များတွင် ယုံကြည်သူအသစ်များ၏ ယုံကြည်ခြင်းသည် လူ့ကျိုးကြောင်းဆင်ခြင်မှု၌ မတည်ဘဲ ဘုရားသခင်၌သာ တည်ရန် ယေရှုအကြောင်းကို ဝိညာဉ်တော်၏ တန်ခိုးတော်ဖြင့် ရှင်ပေါလု ဟောပြောသည့် အကြောင်းကို တွေ့နိုင်သည်။

> “သင်တို့၏ ယုံကြည်ခြင်းသည် လူ့ပညာအားဖြင့် မတည်၊ ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် တည်စေခြင်းငှါ၊ ငါ့စကား၊ ငါ့ဒေသနာသည် လူ့ပညာနှင့်ယှဉ်သော ဖြားယောင်းသောစကားနှင့်တကွ ရှိသည်မဟုတ်။ ဝိညာဉ်တော်၏ နိမိတ်လက္ခဏာတန်ခိုးတော်နှင့်တကွ ရှိ၏”
>
> **၁ ကော ၂:၄-၅**

နံဝိညာဉ်နှင့် သစ္စာဖြင့် ဘုရားကို ဝတ်ပြုကိုးကွယ်ရန် ကျွန်ုပ်တို့ ဆန္ဒရှိကြသည်နည်းတူ (ယော ၄:၂၃) ကျွန်ုပ်တို့၏ ဧဝံဂေလိတရားဟောပြောခြင်းသည်လည်း ထိုနည်းတူ ဖြစ်သင့်သည်။

ဘုရားသခင်ကို သူတပါး ဝတ်ပြုကိုးကွယ်လာနိုင်ရန် ကျွန်ုပ်တို့သည် မိမိတို့ကိုးကွယ်သည့် ဘုရားသခင်၏ သက်သေ များအဖြစ် သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးတော်ဖြင့် သမ္မာတရားကို ဟောပြောကြရသည်။

ဆွေးနွေးခြင်း (၂၀ မိနစ်)

၁။ တရားဒေသနာဟောပြောခြင်းသည် ယနေ့အတွက် သက်ဆိုင်မှု ရှိပါသေးသလော။

၂။ ဟောပြောဝေငှသူတစ်ယောက်အနေဖြင့် သင်၏ အားသာချက်များနှင့် အားနည်းချက်များမှာ အဘယ်နည်း။

၃။ တစ်ဦးချင်းဧဝံဂေလိဝေငှဟောပြောခြင်းနှင့် နှိုင်းယှဉ်၍ ဧဝံဂေလိတရား တင်ပြဟောပြောခြင်းအတွက် သင်မည်သို့ ပြင်ဆင်လေ့ရှိသနည်း။ ဧဝံဂေလိတရားကို မတူညီသည့်နည်းဖြင့် ဟောပြောဝေငှသလော။

၄။ သင်၏ဟောပြောဝေငှခြင်းတွင် နားထောင်ခြင်းသည် မည်သည့်ကဏ္ဍအပိုင်းတွင် ရှိနေပါသနည်း။

> “ကောင်းမွန်သောဟောပြောခြင်းနှင့် ကြီးမားသောဟောပြောခြင်း၏ ထူးခြားမှုသည် အဓိကအားဖြင့် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်မှုအပေါ် မူတည်သည်။ ... ကျွန်ုပ်တို့၏ ဟောပြောဝေငှခြင်း ကောင်းမွန်အောင် တတ်နိုင် သလောက် ကျွန်ုပ်တို့ ပြင်ဆင်ရမည်ဖြစ်ပြီး နားဆင်သူတို့အတွက် ကြီးမားသော အကျိုးသက်ရောက်မှု ရှိအောင် ပြုလုပ်မည့် အပိုင်းကို ဘုရားသခင်အတွက် ထားခဲ့ရပေမည်။”
>
> **တင်မ်ကယ်လာ**

လိုက်လျှောက်ကျင့်သုံးခြင်း (၅ မိနစ်)

ဟောပြောပုံဟောပြောနည်းအားဖြင့်ဖြစ်စေ၊ အကြောင်းအရာအားဖြင့်ဖြစ်စေ ဝေဖန်သုံးသပ်လို့ ရမည့် သင့်တော်သော ဧဝံဂေလိတရားဆွေးနွေးခန်းအပိုင်းတစ်ခုကို YouTube တွင် ရှာပါ။ အစည်းအဝေးတစ်ခုနှင့်တစ်ခုကြားတွင် အဖွဲ့သားများအား ၎င်းအပိုင်းကို ကြည့်ခိုင်းပြီး မှတ်စုများကို ပြုလုပ်ခိုင်း၍ နောက်အစည်းအဝေးရောက်သည့် အချိန်တွင် ဆွေးနွေးဖို့ အဆင်သင့် ဖြစ်စေပါ။ ၎င်းဧဝံဂေလိတရားဆွေးနွေးခြင်း၏ အားနည်းချက်များနှင့် အားသာချက်များကို ဝေဖန်သုံးသပ်နိုင်ရန် အထက်ဖော်ပြပါ အချက် ၆ ချက်ကို အသုံးပြုနိုင်သည်။

ဆုတောင်းခြင်း

နှိမ့်ချစွာ မိမိ၏ဟောပြောဝေငှခြင်းဖြင့် ဘုရားသခင်၏ ဝိညာဉ်တော် အလုပ်လုပ်ရန် အတူတူ ဆုတောင်းပါ။ သင့်နှုတ်လျှာပါးစပ်ကို မိမိ၏တန်ဆာပလာအဖြစ် အသုံးပြုရန် ဘုရားသခင် ရွေးချယ်သောကြောင့် ကျေးဇူး တော်ချီးမွမ်းပါ။ သင်ဟောပြောသည့်အရာသည် သင်၏အသက်တာနှင့် လိုက်လျောညီထွေမှုရှိနိုင်ရန် ဧဝံဂေလိ တရားအတိုင်း မှန်ကန်စွာ အသက်ရှင်ဖို့ ဘုရားသခင်ထံ အကူအညီ တောင်းခံပါ။ ဧဝံဂေလိတရားကို နားထောင် မည့်သူများ၏ နှလုံးသားကို ဘုရားသခင် ပြင်ဆင်ရန်နှင့် ခရစ်တော်ကို ယုံကြည်ကိုးစားလာနိုင်ရန် တို့ထိစကား ပြောဖွင့်ပြခြင်း ခံရဖို့ ဘုရားသခင်ထံ ဆုတောင်းပါ။

တာဝန်ခံမှု ရှိခြင်း (၁၅ မိနစ်)

ဧဝံဂေလိတရားဟောပြောခြင်းနှင့် ပတ်သက်၍ မိမိတို့၏စိတ်နေသဘောထားကို ဆွေးနွေးရန် နှစ်ယောက်တစ်တွဲဖြင့် အဖွဲ့ဖွဲ့ပါ။ တစ်ဦးချင်းဟောပြောဝေငှခြင်း သို့မဟုတ် အများရှေ့တွင် ဟောပြောဝေငှခြင်းအတွက် ပြင်ဆင်မှုကို သင်လျစ်လျူရှုခဲ့ပါသလား။ အပြောအားဖြင့် မဟုတ်ဘဲ အလုပ်/အသက်တာအားဖြင့်သာ ဟောပြောခြင်းကို သင်ဦးစားပေးခဲ့မိပါသလား။ ဧဝံဂေလိတရားကို နှုတ်ဖြင့်ဟောပြောဝေငှခြင်းနှင့် ပတ်သက်၍ ပြင်ဆင်စရာရှိသည့် အပိုင်းများကို ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း ဆွေးနွေးတိုင်ပင်ကြပါ။ ထို့နောက်၊ ဘုရားသခင်ရှေ့တော်၌ ဆုတောင်းခြင်းဖြင့် အတူတူ ဆက်ကပ်အပ်နှံကြပါ။

တာဝန်ခံမှုရှိခြင်းဖောင်ကို နှစ်ယောက်တစ်တွဲဖြင့်ဖြစ်စေ၊ အဖွဲ့ငယ်လိုက်ဖြစ်စေ ပြည့်စုံအောင် ဖြည့်၍ အချင်းချင်းအတွက် ဆုတောင်းကြပါ။

မမေ့ပါနှင့် ...

The Advance Essentials Series က ဧဝံဂေလိတရားဟောပြောခြင်းနှင့်ပတ်သက်၍ ရှုထောင့်မျိုးစုံဖြင့် လက်တွေ့ကျသော လမ်းညွှန်ချက်များကို လိုရင်းတိုရှင်း ရှင်းပြထားသည်။ အဆင်ပြေချောမွေ့စွာ သူတပါးထံ ယေရှုအကြောင်းကို ဟောပြောခြင်းတွင် တိုးတက်နိုင်ရန် ယေရှုသည် အဖြေဖြစ်ပါလျှင် ... (If Jesus Is The Answer) နှင့် အဓိကကျသော မေးခွန်းက ဘာလဲ (What Is The Question?) တို့ကို ရှာဖတ်ပါ။ ၎င်းတို့ကို **advancegroups.org/AES** တွင် ရှာနိုင်သည်။

မှတ်စုများ

အစည်းအဝေး ၅
ဧဝံဂေလိဆရာ၏ တန်ခိုး

ဝိညာဉ်ရေးတွင် အသေဖြစ်သော နှလုံးသားများ အသက်ပြန်ဝင်လာသည်ကို ကျွန်ုပ်တို့ မြင်တွေ့လိုသည်။ ကျွန်ုပ်တို့ ကိုယ်တိုင်၏ နှလုံးသား၌ စစ်မှန်သောနိုးကြားခြင်း သက်ရောက်၍ လောကီသားတို့ထံ တစ်ဆင့် ထပ်မျှဝေနိုင်သည့် နိုးကြားခြင်းမျိုးကို ပေး၍ ဆုတောင်းခြင်းအားဖြင့် ဝိညာဉ်တော်၏ တန်ခိုးရရှိခြင်းအကြောင်းကို ဤအစည်း အဝေးတွင် ဆွေးနွေးလေ့လာသွားမည်

အစည်းအဝေးကို ဝါကျတစ်ကြောင်းဖြင့် အကျဉ်းချုပ်ခြင်း
ဆုတောင်းခြင်းသည် ဧဝံဂေလိတရားဟောပြောခြင်းအတွက် အခြေခံအုတ်မြစ် ဖြစ်၍ ၎င်းဆုတောင်းခြင်းက တန်ခိုးတော်ရှိသင့်သည့်နေရာတွင် ရှိစေကာ ထိုတန်ခိုးတော်သည် လူ့ကြိုးစားအားထုတ်ခြင်း၌ မတည်၊ ဘုရားသခင်၏ လက်တော်၌ တည်ရှိသည်။

အစည်းအဝေး နောက်ကြောင်း
"အတူတကွ ဆုတောင်းခြင်း မပါရှိဘဲ မည်သည့်နေရာ၊ မည်သည့်နိုင်ငံတွင်မျှ ဝိညာဉ်ရေးနိုးကြားထကြွခြင်း မရှိခဲ့ဖူးပါ" ဟူ၍ presbyterian အမှုတော်ဆရာနှင့် သာသနာပြုသူ အာသာတက်ပ်ပန်ပေရ်ဆန် (Arthur Tappan Pierson) က မိန့်ဆိုခဲ့ဖူးသည်။

ဤအဆိုအမိန့်နှင့် ဆန့်ကျင်သည့် ဥပမာကို ရှာတွေ့နိုင်မည် မဟုတ်ပါ။ ၎င်းအဆိုက သမ္မာကျမ်းစာတစ်လျှောက် မိမိလူမျိုးအတွက် ဘုရားသခင်၏ အမိန့်တော်နှင့် ၎င်းနှင့်အတူပါလာသည့် ကတိတော်ကို ထင်ရှားစွာ ဖော်ပြသည်။ ရှောလမုန် စိုးစံသည့်ကာလတွင် ဘုရားသခင်သည် ပုန်ကန်သောဣသရေလလူမျိုးတို့ကို စကားပြော၍ နာမခံသည့် ကြားမှ မျှော်လင့်ချက်ကို ပေးခဲ့သော်လည်း သူတို့ ရင်ဆိုင်ရမည့် ပျက်ဆီးခြင်းအကျိုးဆက်များကိုလည်း မိန့်မှာခဲ့သည်။

"ငါ့နာမဖြင့် သမုတ်သော ငါ့လူတို့သည် ကိုယ်ကို နှိမ့်ချသဖြင့်၊ ငါ့မျက်နှာကို ရှာလျက် ဆုတောင်းပဌနာပြု၍ အဓမ္မ လမ်းကို လွှဲရှောင်လျှင် ငါသည် ကောင်းကင်ဘုံ၌ နားထောင်မည်။ သူတို့အပြစ်ကို ဖြေ၍ သူတို့ကို ချမ်းသာပေးမည်"

၂ ရာဇဝင် ၇:၁၄

ထိုနည်းတူ၊ ယေရှု၏ဧဝံဂေလိတရားက ကိုယ့်ဘဝအပေါ် မိမိကိုယ်တိုင် စိုးမိုးသည့်သခင်ဖြစ်ခြင်းကို နှိမ့်ချစွာ စွန့်လွှတ်စေ၍ ခရစ်တော်ထံ မိမိကိုယ်ကို အပ်နှံစေကာ ထိုခရစ်တော်ကို သခင်အဖြစ် ဝန်ခံပြီး ကျွန်ုပ်တို့၏အသက် တာ၌ ကုစားခြင်းနှင့် အသစ်သောအသက်တာကို ယူဆောင်လာရန် ခွင့်ပြုသင့်သည်။ ကျွန်ုပ်တို့သည် ပုန်ကန်ခြင်း (အပြစ်) မှ (ဘုရားသခင်၏ သမ္မာတရား) ဖွင့်ပြခြင်းသို့လည်းကောင်း၊ (ဘုရားသခင်ကို ယုံကြည်ခြင်း) နောင်တရခြင်းသို့လည်းကောင်း၊ ထိုမှတစ်ဆင့် (သူတပါးကို ပြောင်းလဲခြင်း ယူဆောင်ပေးသည့် ပြောင်းလဲခြင်း) နိုးကြားခြင်းသို့လည်းကောင်း ပို့ဆောင်ပေးသည်။

ရာဇဝင်ချုပ်ဒုတိယဆောင် ၂ တွင် အသုံးပြုထားသည့် "လွှဲရှောင်" (turn) ဟူသည့်စကားလုံးသည် ဓမ္မသစ်ကျမ်းတွင် "နောင်တရသည်" (repent) ဟူသည့်စကားလုံးနှင့် အတူတူပင် ဖြစ်သည်။ ယေရှုသည် မိမိ၏ဟောပြောခြင်း သာသနာကို နောင်တရရန် ခေါ်ဆိုခြင်းဖြင့် အစပြုခဲ့သည် (မာကု ၁း၁၅)။ ၂ ရာဇဝင် ရှိ ဣသရေလလူမျိုးတို့၏ ပြဿနာသည် ယနေ့ကျွန်ုပ်တို့ ရင်ဆိုင်သည့် ပြဿနာနှင့် မခြားပါ။ ၎င်းပြဿနာမှာ ကျွန်ုပ်တို့သည် ကိုယ့်ဘဝ ကံကြမ္မာကို တည်ဆောက်ရန် (မိမိကိုယ်တိုင် အပါအဝင်) အခြားသောဘုရားများကို မကြာခဏ ရှာတတ်ကြသည့် ပြဿနာ ဖြစ်သည်။ ဤမနာခံခြင်းက ဝမ်းနည်းကြေကွဲခြင်း၊ ပရမ်းပတာဖြစ်ခြင်းနှင့် သေခြင်းသို့ ဦးတည်စေလိမ့်မည်။ ကျွန်ုပ်တို့ စလမ်းမှားသည့်အချိန်မှစပြီး နောင်ရရန် ကျွန်ုပ်တို့ကို ဘုရားသခင် ခေါ်နေသည်။ ကျွန်ုပ်တို့သည် ပုန်ကန်တတ်သောသူများ ဖြစ်သော်လည်း ဘုရားသခင်၏ ကျေးဇူးတော်ကို နှိမ့်ချစွာ တုံ့ပြန်လျှင် မျှော်လင့်ခြင်းကို ရှာတွေ့နိုင်ကြောင်း ဧဝံဂေလိတရားက ဖော်ပြထားသည်။

တရားသူကြီးထံ အပြစ်ကင်းကြောင်း အယူခံဝင်ရာတွင် အပြစ်မရှိကြောင်း ထုတ်ဖော်ကြေညာချက် ရဖို့ လိုအပ်သည်။ သို့သော်၊ ဤနေရာတွင် ထာဝရတရားသူကြီး၏ ရှေ့တော်မှောက်တွင် ဒူးထောက်၍ မိမိတို့၏အပြစ်ကို ဝန်ခံရန် တောင်းဆိုထားသည်။ ထိုသို့ပြုမှသာ အပြစ်လွှတ်ခြင်း ရလိမ့်မည်။ သန့်ရှင်းသောဘုရင်ကို ပုန်ကန်သောကြောင့် တရားမျှတမှု ရှိရန် အပြစ်ဒဏ်ပေးခြင်း ရှိရမည်။ သို့သော်၊ ကားတိုင်ထက်ရှိ စုံလင်သောတရားမျှတခြင်းကို ထောက်ခြင်းဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့ကို ခွင့်လွှတ်တော်မူသည်။ သေခြင်းအစား ကုစားခြင်း၊ အရင်နေရာသို့ ပြန်ရောက်စေခြင်းနှင့် အသက်ကို ပေးသနားသည်။ ဘုရားသခင်သည် နှိမ့်ချသောသူတို့ကို နိုးထစေတော်မူသည်။ ၏

နိုးကြားခြင်းအတွက် ဆုတောင်းခြင်းတန်ခိုးနှင့် (ဘုရားသခင်နှင့် အချင်းချင်းကြား) စည်းလုံးညီညွတ်မှု ပုံဥပမာနောက် တစ်ခုကို ယောဘ၏ဘဝဇာတ်ကြောင်းတွင် တွေ့နိုင်သည်။ ယောဘ၏ ဘဝအပြောင်းအလဲသည် ဘုရားသခင်၏ စစ်ကြောခြင်းကို ခံပြီးမှ ဖြစ်ပျက်သည့်အရာ မဟုတ်ဘဲ ပြဿနာမီးစကို ပွားစေသည့် မိမိသူငယ်ချင်းများအတွက် နာခံခြင်းနှင့်တကွ ဆုတောင်းသည့်အခါ ဖြစ်ပျက်သည့်အရာ ဖြစ်သည်။ ထိုအချိန်တွင် ယောဘသည် မိမိ၏ အခြေအနေကိုသာ မကြည့်ဘဲ (သူ့ကို ပြစ်မှားခဲ့သော) သူတပါး အတွက် သဘောထားကြီးကြီးထားကာ ဆုတောင်းပေး သည့်အခါ ယောဘသည် မိမိ၏ဘဝကို ပြန်ရခဲ့သည် (ယော ၄၂း၁၀)။

ကောင်းကင်ခမည်းတော်ကို နာခံပြီး ငြိမ်သက်ခြင်းနိုင်ငံတော်အပေါ် သစ္စာရှိဖို့ လူတစ်ယောက်၏ ရွေးချယ်မှုဖြင့် နိုးကြားခြင်း အစပြုသည်။ ဒုတိယအကြိမ်မွေးဖွားဖို့ သန့်ရှင်းသောဝိညာဉ်တော်ကို အမှီပြုသည့်အခါ ယေရှုသည် သခင်ဖြစ်ကြောင်း အပြောနှင့်အလုပ်အားဖြင့် ဝန်ခံနိုင်သည်။ ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် နိုးကြားခြင်းသည် ကျွန်ုပ်တို့အားဖြင့် အစပြုသည်။ ထိုကျေးဇူးတော်အားဖြင့် ပြည်တော်ကို ကျန်းမာစေရန် ဘုရားသခင်၏ တန်ခိုးတော်ကို နှိမ့်ချစွာ ခေါ်ဖို့ တစ်ချိန်က ပုန်ကန်ကြသောလူများ စည်းလုံးလာကြသည့်အခါ နိုးကြားခြင်း အစပြုနိုင်သည်။

အစည်းအဝေးလမ်းညွှန်

တွေ့ဆုံခြင်း (၁၅-၂၅ မိနစ်)

တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံမိတ်ဆက်စကားပြောဖို့ အချိန်သုံးပါ။ သက်သေခံခြင်း၊ ခွန်အားပေးခြင်း၊ အခွင့်အရေးများကို အတူသုံးသပ်ခြင်းနှင့် အဖွဲ့အတွက် ခွန်အားဖြစ်စေမည့် မည်သည့်အကြောင်းအရာကိုမဆို ဝေငှပြောဆိုနိုင်သည်။ (အစည်းအဝေး ၄ – လိုက်လျှောက်ကျင့်သုံးခြင်း) ဗီဒီယိုအပိုင်းကို အတူတူ ဆွေးနွေးရန် အချိန်သုံးပါ။ လူအချို့အတွက် မည်သည့်အရာသည် အကူအညီ ဖြစ်၍ မည်သည့်အရာသည် အကူအညီ မဖြစ်သနည်း။ သတင်းကောင်းကို ဟောပြောသောသူများအဖြစ် ကျွန်ုပ်တို့အတွက် အကူအညီဖြစ်မည့် မည်သည့်ဥပမာများကို ကျွန်ုပ်တို့ သင်ယူခဲ့သနည်း။

ဆုတောင်းခြင်း

အချိန်တစ်ခုလုံးကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံ၍ တွေ့ဆုံခြင်းအပိုင်းတွင် ကြားခဲ့သည့်အခြေအနေ အကောင်း၊ အဆိုးများအတွက် ဘုရားသခင်ထံ ဆုတောင်းဆက်ကပ်ပါ။

သွန်သင်ခြင်း (၂၀-၃၀ မိနစ်)

အောက်ပါသင်ခန်းစာများကို သင်နှစ်သက်သည့်နည်းဖြင့် သင်ပေးနိုင်သကဲ့သို့ တစ်လုံးမကျန် ဖတ်ပြခြင်းဖြင့်လည်း သင်ပေးနိုင်သည်။ ထို့ပြင်၊ သင်ကိုယ်တိုင် ပြင်ဆင်၍လည်း တင်ပြနိုင်သည်။

> “ငါတို့သည် ဘုရားဝတ်၌ မွေ့လျော်ခြင်း၊ လျောက်ပတ်စွာ ကျင့်ခြင်းအမျိုးမျိုးကိုပြု၍ ငြိမ်ဝပ်ဆိတ်ညံ့စွာ နေရမည်အကြောင်း ရှင်ဘုရင်မှစ၍ မင်းအာဏာရှိသောသူ အပေါင်းတို့နှင့် လူအမျိုးမျိုးတို့အဘို့ ဆုတောင်း ပဋ္ဌနာပြုခြင်း၊ မေတ္တာပို့ ခြင်း၊ ကျေးဇူးတော်ကို ချီးမွမ်းခြင်းကို ရှေ့ဦးစွာ ပြုစေခြင်းငှါ ငါတိုက်တွန်းသွေးဆောင်၏။ အကြောင်းမူကား၊ ထိုသို့သောအမှုသည် ကောင်းသောအမှုဖြစ်၏။ ငါတို့ကို ကယ်တင်တော်မူသောအရှင်ဘုရားသခင် နှစ်သက်တော်မူသောအမှုလည်း ဖြစ်၏။ လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ ရောက်၍ သမ္မာတရားကို သိစေခြင်းငှါ ဘုရားသခင် အလိုတော်ရှိ၏”
>
> **၁ တိ ၂း၁-၄**

၁ တိ တွင် ရှင်ပေါလုသည် ဖေက်မြို့ရှိ အသင်းတော်၏ ကိုးကွယ်ခြင်းအသက်တာနှင့် ပတ်သက်၍ လမ်းညွှန်ချက် အချို့ကို မိမိ၏တပည့်ထံ ပေးခဲ့သည်။ ဆုတောင်းခြင်းသည် ဘုရားသခင်ကျေနပ်နှစ်သက်သည့်အရာ ဖြစ်သောကြောင့် ဆုတောင်းခြင်းနှင့် ကြားဝင်ဆုတောင်းပေးခြင်းကို ဦးစားပေးရန် တိမောသေအား ရှင်ပေါလု မိန့်မှာခဲ့သည်။ နိုင်ငံတော်၏ ငြိမ်သက်ခြင်းကို လူတိုင်းကို သိစေချင်သောကြောင့် ဆုတောင်းခြင်းသည် ဘုရားသခင် နှစ်သက်သည့် အရာ ဖြစ်သည်။ ဘုရားသခင် တစ်ပါးတည်းသာ ပြုလုပ်နိုင်သည့် အရှုပ်အထွေးကြားမှ ငြိမ်သက်ခြင်းကို ယူဆောင်ခြင်းနှင့် သေခြင်းမှ အသက်ရှင်ခြင်းကို ယူဆောင်ခြင်းအတွက် ဘုရားသခင်ကို ချဉ်းကပ်နည်းမှာ ဆုတောင်းခြင်း ဖြစ်သည်။

ဆုတောင်းခြင်းသည် ဧဝံဂေလိတရားဟောပြောခြင်းအတွက် အခြေခံအုတ်မြစ် ဖြစ်၍ ၎င်းဆုတောင်းခြင်းက တန်ခိုးတော်အား ၎င်းရှိသင့်သည့်နေရာတွင် ရှိစေကာ ထိုတန်ခိုးတော်သည် လူ့ကြိုးစားအားထုတ်ခြင်း၌ မတည်၊ ဘုရားသခင်၏ လက်တော်၌ တည်ရှိသည်။ အမှုတော်မြတ်အတွက် ဘုရားသခင်၏ တန်ခိုးတော်ကို ဆုတောင်းခြင်းဖြင့် ကျွန်ုပ်တို့ ရှာသည်။

> “သမ္မာကျမ်းစာသည် ဘုရားသခင်၏ နှုတ်ကပတ်တော် ဖြစ်၍ ပုန်ကန်သောလူများအား မိမိထံ ပြန်ခေါ်ဆောင်လာ သည့် အကြောင်းကို ရေးသားသည့် ဘုရားသခင်၏အကြောင်း ဖြစ်သည်။ ထိုသမ္မာကျမ်းစာတွင် ပျောက်ဆုံးသော ဘုရားကို ရှာသည့်လူသားများအကြောင်း မဟုတ်ဘဲ ပျောက်ဆုံးသောလူသားတို့ကို ရှာသည့် ဘုရားသခင်အကြောင်းကို တွေ့ရသည်။ ဆုတောင်းခြင်းအနုပညာကို သမ္မာကျမ်းစာတွင် ဖော်ပြမထားပါ။ ကျွန်ုပ်တို့ မထူးခင် ခေါ်တော်မူသော ဘုရားသခင်၊ ကျွန်ုပ်တို့ မခေါ်ခင် ထူးတော်မူသော ဘုရားသခင်၊ ဆုတောင်းခြင်းအရှင်ဘုရားသခင်အကြောင်းကို သမ္မာကျမ်းစာတွင် တွေ့ရသည်။
>
> **အက်မွန် ပီ ကလောင်းနီ**

“ပြင်ဆင်ဖို့ ပျက်ကွက်ခြင်းက ကျရှုံးဖို့ ပြင်ဆင်ခြင်းနှင့်တူသည်” ဟူ၍ အမေရိကန်ပြည်ထောင်စု တည်ထောင်ခဲ့သူများမှ တစ်ယောက်ဖြစ်သူ ဘင်ဂျမင်ဖရင့်ကလင်း (Benjamin Franklin) က မိန့်ဆိုခဲ့ဖူးသည်။ ဘုရားသခင်ထံ ဆုတောင်း၍ မိမိကိုမိမိ အပ်နှံကာ အသနားခံခြင်းဖြင့် ဧဝံဂေလိတရားဟောပြောခြင်းအတွက် မိမိကိုမိမိ ကျွန်ုပ်တို့ ပြင်ဆင်ရပေမည်။

အထက်ပါအဆိုအမိန့်ကို အောက်ပါအတိုင်း ပြန်စီ၍ ရသည်။

> “ဧဝံဂေလိတရားဟောပြောခြင်းအတွက် ဆုတောင်းခြင်းဖြင့် ပြင်ဆင်ဖို့ ပျက်ကွက်ခြင်းက ဧဝံဂေလိတရား ဟောပြောခြင်းတွင် ကျရှုံးဖို့ ပြင်ဆင်ခြင်းနှင့် တူသည်”

သစ္စာရှိရှိ ဆုတောင်း၍ ဝိညာဉ်တော်၏ တန်ခိုးပါရှိသည့် ဧဝံဂေလိဒေသနာ ဟောပြောပါလျှက် ၎င်းဒေသနာကို လူများ ငြင်းပယ်နိုင်သေးသည်။ ကယ်တင်ခြင်းတန်ခိုးမှာ ဘုရားသခင် တစ်ပါးတည်း၌သာ ရှိသည်။ အကျိုးရလဒ်ကို ချက်ချင်း မတွေ့သော်လည်း ကျွန်ုပ်တို့၏ ဆုတောင်းခြင်းဖြင့် ဘုရားသခင် အလုပ်လုပ်ရန် ဘုရားသခင်ကို ကျွန်ုပ်တို့ အားကိုး ရပေမည်။ ဧဝံဂေလိတရားဟောပြောခြင်း၏ ရလဒ်မှာ နားထောင်သူနှင့် ဘုရားသခင်၏ လက်ထဲ၌သာ ရှိသည်။ ဧဝံဂေလိတရားဟောပြောခြင်း၌ ကျွန်ုပ်တို့၏ အောင်မြင်ခြင်းနှင့် ကျရှုံးခြင်းကို ကယ်တင်ခြင်းရသည့် လူအရေအတွက်ကို ကြည့်၍ မတိုင်းတာဘဲ ဘုရားသခင် တောင်းဆိုသည့် ဆုတောင်းခြင်းနှင့် ဟောပြောခြင်းအပေါ် ကျွန်ုပ်တို့၏ နာခံခြင်းဖြင့် တိုင်းတာရသည်။

ဘုရားသခင်၏ အမိန့်တော်သည် ဆုတောင်းရသည့် ပထမဆုံး လှုံ့ဆော်မှု ဖြစ်သည်။ သို့သော်၊ ကျွန်ုပ်တို့၏ ကောင်းကင်ခမည်းတော်နှင့် ဆက်ဆံရေးမိတ်သဟာယ ရင့်ကျက်ကြီးထွားလာသည်နှင့်အမျှ ဘုရားသခင်၏ ရိုးရှင်းသောအမိန့်တော်ကို နာခံခြင်းမှ ဘုရားသခင်၏ ဘုန်းတော်ကို ထင်ရှားစေ၍ မိမိတို့၏ဘဝနှင့် မိမိဆုတောင်း ပေးသောသူများ၏ဘဝအတွက် ကောင်းချီးမင်္ဂလာ ရရှိစေရန် ဆန္ဒရှိသည်အထိ ကြီးထွားရပေမည်။ ဘုရားသခင်ကို ပိုသိလေလေ အလိုတော်ကိုလည်း ရှင်းရှင်းလင်းလင်း ရှာတွေ့လေလေ ဖြစ်သည်။ ဆုတောင်းလေလေ ဘုရားကို သိလေလေ ဖြစ်သည်။ ထိုနည်းတူ၊ ဘုရားကို သိလေလေ ကောင်းကင်ဘုံ၌ အလိုတော် ပြည့်စုံသကဲ့သို့ မြေကြီးပေါ်၌ လည်း ပြည့်စုံရန် ကျွန်ုပ်တို့ ဆုတောင်းလေလေ ဖြစသည်။

ကျွန်ုပ်တို့၏ဆုတောင်းခြင်းအသက်တာ မည်သည့်အခြေအနေတွင် ရှိနေသနည်း။ အချို့အတွက် ဆုတောင်းခြင်းသည် ပုံမှန်လုပ်လေ့ရှိသည့်အရာ ဖြစ်သည်။ အချို့အတွက်မူ အားယူရသည့် အရာ ဖြစ်သည်။ တရားဟောဆရာများအနေဖြင့် “ကျွန်ုပ်အတွက် တရားဟောခြင်းက ပိုလွယ်သလား။ ဆုတောင်းခြင်းက ပိုလွယ်သလား” ဟူ၍ မိမိကိုမိမိ ပြန်မေး၍ ဆင်ခြင်သုံးသပ်သင့်ပေသည်။ သင်ရရှိသည့် တရားဟောချိန်ထက် ကျော်လွန်၍ ဘယ်နှစ်ကြိမ် တရားဟောခဲ့ဖူးသနည်း။ ကျမ်းစာဖတ်ပြီး ဘုရားသခင်နှင့် ပုံမှန်သီးသန့်အချိန်သုံးခြင်းအချိန်ထက် (Quiet Time) ကျော်လွန်၍ ဘယ်နှစ်ကြိမ် သင်ဆုတောင်းဖူးသနည်း။ ကိုးကွယ်ခြင်းသီချင်းကိုကော ဆိုလေ့ရှိပါသလား။ လူအများစုအတွက် လူထုသီချင်း ဆိုချိန်တွင် အလွယ်တကူ စိတ်နှင့်ကိုယ်နှင့် မကပ်သည့်အချိန် များသော်လည်း ဆုတောင်းချိန်တွင်မူ ထိုသို့ ဖြစ်လေ့မရှိပါ။

ပုံမှန်လုပ်လေ့ရှိသည့်အရာဖြစ်စေ၊ ကြိုးစားအားထုတ်ရသည်ဖြစ်စေ ဧဝံဂေလိတရားဟောပြောခြင်း၌ ထိရောက်မှု ရှိရန် ဆုတောင်းသည့် အကျင့်ရှိသောသူ ဖြစ်ဖို့ လိုအပ်သည်။ ဆုတောင်းချိန် ရှည်လျားခြင်း၊ တိုတောင်းခြင်းက အဓိက မကျပါ။ ရိုးသားဖြူစင်ခြင်းက အဓိကကျသည်။ ကျွန်ုပ်တို့၏ အသက်တာနှင့် သူတပါး၏အသက်တာ၌ ပြောင်းလဲခြင်း ကို ဆုတောင်းခြင်းဖြင့် ဘုရားသခင်ထံ ရိုးသားစွာ တောင်းခံသည့်အခါ ဘုရားသခင်၏ ရှေ့တော်မှောက်၌ အချိန်သုံးချိန် ဖြည်းဖြည်းချင်း ကြာလာလိမ့်မည်။ ထိုသို့အချိန်သုံးခြင်းက ဘုရားသခင်၏ ဘုန်းတော်ကို ထင်ရှားစေမည်ဖြစ်သကဲ့သို့ ကျွန်ုပ်တို့အတွက်လည်း ကောင်းကျိုးရှိ၍ သူတပါးအတွက်လည်း ကောင်းချီး ရှိမည်။

> **ဆွေးနွေးပါ** – The Westminster Shorter Catechism တွင် ဆုတောင်းခြင်းကို ဤသို့ သရုပ်ဖော် ရေးသားထားသည် – “ဘုရားသခင်၏ ကရုဏာတော်အပေါ် ကျေးဇူးတော် ချီးမွမ်းလျက် မိမိ၏အပြစ်များကို ဝန်ချတောင်းပန်ကာ ဘုရားသခင်၏ အလိုတော်နှင့်ညီသော အရာများအတွက် ခရစ်တော်၏နာမတော်ဖြင့် မိမိ၏ဆန္ဒများကို ယဇ်ပူဇော်ခြင်း ဖြစ်သည်။” အထူးသဖြင့် ဧဝံဂေလိတရားဟောပြောခြင်းနှင့် ပတ်သက်၍ ဤသရုပ်ဖော်ရေးသား ချက်သည် ဆုတောင်းခြင်းအပေါ် သင်၏နားလည်မှုနှင့် မည်သို့ ကွဲပြားခြားနားပါသနည်း။

ဧဝံဂေလိတရားဟောပြောခြင်း အစိတ်အပိုင်းတစ်ခုအဖြစ် သူတပါးအတွက် ဆုတောင်းခြင်းအပြင် ဧဝံဂေလိဝေငှ ဟောပြောဖို့ ပြင်ဆင်ခြင်းနှင့် ပတ်သက်၍ ဆုတောင်းခြင်းကို အမျိုးအစားသုံးမျိုးဖြင့် သဘောပေါက်နားလည်၍ ကျင့်သုံးနိုင်သည်။

ပထမတစ်မျိုးမှာ၊ ဘုရားသားသမီးနှင့် သူတပါးကို ကြီးထွားအောင် ကူညီပေးသည့် ခရစ်တော်၏ တပည့်တော်များ အနေဖြင့် **ရင့်ကျက်ခြင်း၌ ကြီးထွားခြင်းဖြစ်စဉ်**တစ်ခုအဖြစ် ဆုတောင်းကို သဘောပေါက်နားလည်ပြီး ကျင့်သုံး နိုင်သည် (ဖေက် ၄း၁၄-၁၆)။

ဒုတိယတစ်မျိုးမှာ၊ သက်သေခံဖို့ အခွင့်အရေးများကို ယူဆောင်လာသည့် ဘုရားသခင်၏ တန်ခိုးကို ဖိတ်ခေါ်၍ ကျွန်ုပ်တို့အားဖြင့် အလုပ်လုပ်ကာ ကျွန်ုပ်တို့၏ ဧဝံဂေလိတရားဟောပြောခြင်းကို ခရစ်ယာန်ယုံကြည်ခြင်း ကြော်ငြာခြင်းသက်သက် မဟုတ်ဘဲ သေခြင်းမှ အသက်ရှင်ခြင်းသို့ နှလုံးသားများကို တို့ထိစကားပြောသည့် အဖြစ်သို့ ခေါ်ဆောင်နည်းအဖြစ် ဆုတောင်းခြင်းကို သဘောပေါက်နားလည်ပြီး ကျင့်သုံးနိုင်သည် (ကောလော ၄း၂-၆)။

တတိယတစ်မျိုးမှာ၊ ဝိညာဉ်တိုက်ပွဲရှေ့တန်းသို့ သွားသည့် အခါ ရန်သူ၏ တိုက်ခိုက်မှုမှ မိမိကိုမိမိ ကာကွယ်ရန် ဝိညာဉ် ရေးလက်နက်တန်ဆာအဖြစ် ဆုတောင်းခြင်းကို သဘောပေါက် နားလည်၍ ကျင့်သုံးနိုင်သည်။ ထို့ပြင်၊ ယေရှု၏အလင်းကို သိမြင် လာနိုင်ရန် ရန်သူစာတန်၏ လိမ်လည်လှည့်ဖြားခြင်းကို ခံသောသူ တို့၏ မျက်စိ ပွင့်လင်းလာနိုင်ရန် ဆုတောင်းခြင်းကို သဘောပေါက် နားလည်၍ ကျင့်သုံးနိုင်သည် (ဧဖက် ၆း၁၀-၂၀)။

တိမောသေကို ရှင်ပေါလု တိုက်တွန်းသကဲ့သို့ သူတပါးအတွက် ဆုတောင်းတတ်သောအကျင့် ရှိရန် အချင်းချင်း တိုက်တွန်းကြပါ စို့။ မယုံကြည်သူများက ဘုရားသခင်ကို သိမြင်၍ ကယ်တင် ခြင်းသမ္မာတရားကို လက်ခံလာနိုင်ရန် ဘုရားသခင်၏ တန်ခိုး တော်အောက် အပ်နှံခြင်းသည် ဘုရားသခင် နှစ်သက်သည့်အရာ ဖြစ်သည်။

ဆွေးနွေးခြင်း (၁၀ မိနစ်)

၁။ ဧဝံဂေလိ မဟောပြောမဝေငှမီ သို့မဟုတ် သက်သေခံဝေငှ ဖို့ အခွင့်အရေးကို အခွင့်ကောင်း မယူမီ ဆုတောင်းသည့် အလေ့ အကျzင့် သို့မဟုတ် ပြုလုပ်လေ့ရှိသည့်အရာ တစ်ခုခုရှိပါသလား။

၂။ ဧဝံဂေလိတရားဟောပြော ဝေငှစဉ် ဆုတောင်းလေ့ရှိပါသလား။ မည်သို့ ဆုတောင်းလေ့ရှိသနည်း။

၃။ "အဖြေမရသည့် ဆုတောင်းချက်များ" ကို သင် မည်သို့ နားလည်၍ ကိုင်တွယ် ဖြေရှင်းလေ့ရှိသနည်း။ ဤ အချက်နှင့် ပတ်သက်၍ ဧဝံဂေလိတရား ဝေငှဟောပြောစဉ် တစ်စုံတစ်ယောက် မေးလာခဲ့လျှင် နားလည်အောင် သင်မည်သို့ ရှင်းပြမည်နည်း။

> "ကြီးမားသော ဆုတောင်းခြင်း နိုးကြားမှု ရှိမှသာ နိုးကြားခြင်း အမှန် ရှိလာလိမ့်မည်။ ဆိတ်ညံ့ရာအခန်းထဲသို့ ဝင်၍ တံခါး ကို ပိတ်လျှင် ကောင်းချီးမိုးရွာချသံကို ကျယ်လောင်စွာ ကြား နိုင်လိမ့်မည်။ အမှုတော်ဆောင်များနှင့်အတူ မထင်ရှားသော အရပ်၌ ဆုတောင်းခြင်းသည် ကောင်းချီး၏ရှေ့ပြေးနိမိတ် ဖြစ်သည်။"
>
> **အင်ဒရူ မိုရေးယ်**

ဆုတောင်းခြင်းနှင့် တာဝန်ခံမှု ရှိခြင်း၊ အပိုင်း ၁ (၂၀-၃၀ မိနစ်)

နှစ်ယောက်တစ်ဖွဲ့ သို့မဟုတ် သုံးယောက်တစ်ဖွဲ့ဖြင့် မိမိ တို့၏ဆုတောင်းခြင်းအသက်တာ၊ ဆုတောင်းခြင်းပုံစံနှင့် ဆုတောင်း ခြင်းအကျင့်တို့ကို ပြန်လည်သုံးသပ်ပါ။ ဆုတောင်းခြင်းနှင့် ပတ်သက်၍ မိမိတို့၏ အားသာချက်၊ အားနည်းချက်များနှင့် ပတ်သက်၍ အချင်းချင်း ရိုးရိုးသားသား ပြောဆို ဆွေးနွေး၍ နေ့စဉ် ဆုတောင်းသည့်အကျင့်ကို တည်ဆောက်ရန် ဆုံးဖြတ်ပါ။

အောက်ပါနည်းသုံးမျိုးဖြင့် အတူတူ ဆုတောင်းပါ။

၁။ တစ်ယောက်အတွက် တစ်ယောက် ဆုတောင်းပါ။ ဘုရားသခင် နှင့် ဆက်ဆံရေးတွင် နေ့စဉ်ကြီးထွား၍ နှိမ့်ချသော သူများ ဖြစ်ရန် ဆုတောင်းပါ။

၂။ သင့်ပတ်ဝန်းကျင် သို့မဟုတ် မြို့အတွက် ဆုတောင်း ပါ။ ပျောက်ဆုံးသောဝိညာဉ်များ ကယ်တင်ခြင်း ရရှိ၍ ကျွန်ုပ် တို့၏ပြည်ကို ဘုရားသခင် ပြန်လည်ကျန်းမာစေရန် ဆုတောင်းပါ။ ("ကိုယ်တော်...ယနေ့ သတင်းကောင်း ဝေငှဖို့ အခွင့်အရေး ပေး သနားတော်မူပါ။ ကိုယ်တော်...အသက်ရှင်ခြင်းသို့ နှလုံးသားတို့ကို တို့တိစကားပြောတော်မူပါ။")

၃။ မိမိအတွက် ဆုတောင်းပါ။ ရှေ့တန်းသို့ ထွက်မည်ဖြစ် သောကြောင့် ဘုရားသခင်၏ လက်နက်တန်ဆာအားလုံးကို တပ် ဆင်ရန် ဘုရားသခင်ထံ ဆုတောင်းပါ။

လိုက်လျှောက်ကျင့်သုံးခြင်း (၅ မိနစ်)

သူငယ်ချင်း၊ မိသားစုဝင်၊ လုပ်ဖော်ကိုင်ဖက် သို့မဟုတ် သူစိမ်းထဲမှ ယေရှုကို မလက်ခံသေးသော လူငါးယောက်၏ အမည်ကို ချရေးပါ။ ၎င်းအမည်တို့ကို ဖုန်း၊ ပိုက်ဆံအိတ်၊ ကျမ်းစာအုပ် သို့မဟုတ် နေ့ တိုင်း မြင်နိုင်သည့် တစ်နေရာရာတွင် သိမ်းထားပါ။ ထိုပုဂ္ဂိုလ်တို့ကို နိုးထစေ၍ ဘုရားသခင်ကို ယုံကြည်အားကိုးလာရန် သူတို့အတွက် ဘုရားသခင်ထံ သစ္စာရှိရှိ နေ့စဉ် ဆုတောင်းပါ။

တာဝန်ခံမှု ရှိခြင်း၊ အပိုင်း ၂ (၁၅ မိနစ်)

တာဝန်ခံမှုရှိခြင်းဖောင်ကို နှစ်ယောက်တစ်တွဲဖြင့်ဖြစ်စေ၊ အဖွဲ့ ငယ်လိုက်ဖြစ်စေ ပြည့်စုံအောင် ဖြည့်၍ အချင်း ချင်းအတွက် ဆုတောင်းကြပါ။

မမေ့ပါနှင့် ...

သင့်ဆုတောင်းခြင်းနှင့် ဧဝံဂေလိတရား ဟောပြောခြင်းအားဖြင့် ဘုရားသခင် မည်သို့ အလုပ်လုပ်ကြောင်းကို ကျွန်ုပ်တို့ သိလိုသည်။ သင့်အတွေ့အကြုံအကြောင်းကို **advancegroups.org** တွင် ရေးသားဝေငှနိုင်၍ သင်ကဲ့သို့ ဤခရီးကို သွားနေသောသူတပါး အတွက် ခွန်အား ဖြစ်လိမ့်မည်။

မှတ်စုများ

အစည်းအဝေး ၆
ဧဝံဂေလိဆရာ၏ ဘုရားသခင်နှင့် အချိန်သုံးခြင်း

ကျွန်ုပ်တို့၏အသက်တာနှင့် ဧဝံဂေလိဝေငှ ဟောပြောခြင်းတွင် စစ်မှန်မှုကို မည်သို့ ထိန်းသိမ်းမည်နည်း။ ယခင်အစည်းအဝေး တွင် လေ့လာခဲ့သည့် ဆုတောင်းခြင်းအပေါ် ထပ်လောင်းတည်ဆောက်၍ ဤနေရာတွင် ခရစ်ယာန်အသက်တာ လျှောက်လှမ်းခြင်း နှင့် ဧဝံဂေလိဝေငှဟောပြောခြင်းအတွက် ဘုရားသခင်နှင့် ပုံမှန် အချိန်သုံးခြင်း၏ အရေးကြီးပုံကို လေ့လာသွားမည်။

အစည်းအဝေးကို ဝါကျတစ်ကြောင်းဖြင့် အကျဉ်းချုပ်ခြင်း
သန့်ရှင်းသော ကောင်းကင်ခမည်းတော်နှင့် သီးသန့်အချိန်သုံးခြင်းက ကျွန်ုပ်တို့ကို သန့်ရှင်းသောနေရာသို့ ပို့ဆောင်ပေးပြီး ထိရောက်မှုရှိသော နိုင်ငံတော်၏ သံတမန်များ ဖြစ်ရန် ပြင်ဆင်ပေး၍ ကျွန်ုပ်တို့၏နှလုံးသား၌ စစ်မှန်သော ပြုပြင်ပြောင်းလဲမှုကို သက်သေပြခြင်းဖြင့် မျှော်လင့်ခြင်းသတင်းစကားကို နှုတ်ဖြင့် ကျွန်ုပ်တို့ သယ်ဆောင်ရသည်။

အစည်းအဝေး နောက်ကြောင်း
နှစ်စဉ် ပသခါပွဲ ကျင်းပရာ ယေရုရှလင်မြို့မှ ပြန်လာပြီးနောက် ယေရှု ပျောက်ဆုံးနေကြောင်းကို ယောသပ်နှင့် မာရိ သတိထားမိခဲ့ကြသည်။ သုံးရက်ကြာပြီးနောက် စိတ်သောက ရောက်နေရှာသော ယောသပ်တို့ဇနီးမောင်နှံသည် ဗိမာန်တော်တွင် ဆရာများနှင့်အတူ အပြန်အလှန် စကားပြောနေသော ယေရှုကို တွေ့မြင်ခဲ့ကြသည်။ ၁၂ နှစ်သား ယေရှုသည် ပညာရှင်များထံမှ သင်ယူနေခဲ့သကဲ့သို့ အသက်အရွယ်နှင့် မလိုက်အောင် သမ္မာကျမ်းစာအပေါ် သူ၏ဗဟုသုတကို ပြန်မျှဝေခဲ့သည်။ မိဘများ စိုးရိမ်အောင် အဘယ်ကြောင့် လျှောက်သွားရသနည်းဟူ၍ ယေရှုက မယ်တော်မာရိ မေးသည့်အခါ ၎င်းမေးခွန်းကြောင့် ယေရှု စိတ်ရှုပ်ထွေးသွားခဲ့သည်။

သင့်ကို လိုက်ရှာသောသူက သင်ရှိသည့်နေရာကို မသိမှသာ ပျောက်ဆုံးသည်ဟု ပြောနိုင်သောကြောင့် ယေရှု စိတ်ရှုပ်ထွေးသွားခဲ့ခြင်း ဖြစ်သည်။ ခမည်းတော်၏ အိမ်တော်တင် မိမိရှိကြောင်းကို အဘယ်ကြောင့် မိဘများက မသိခဲ့ကြသနည်း။ ယေရှုရှိသင့်သည့်နေရာပင် မဟုတ်လော။ အမေရိကန်သမ္မတကို အပတ်တကုပ် လိုက်ရှာပြီး နောက်ဆုံးတွင် အိမ်ဖြူတော်ရှိ သူ၏ရုံးခန်းတွင် ထိုင်နေသည်ကို တွေ့သောအခါ "ဘယ်တွေ သွားနေတာလဲ" ဟု မေးခြင်းနှင့် အတူတူပင် ဖြစ်သည်။

မာရိထံ ယေရှု၏ တုံ့ပြန်မှု၌ ဘုရားသခင်နှင့် ယေရှုကြား ထူးခြားသောဆက်ဆံရေးရှိကြောင်းကို ရှင်လုကာက တိကျသော စကားလုံးဖြင့် ဖော်ကျူးထားသည် – "အကျွန်ုပ်သည် အဘ၏အိမ်၌ နေရသည်ကို မသိပါသလော" (လုကာ ၂:၄၉)။ ယေရှု မိန့်တော်မူသည့်အချက်မှ လွဲ၍ ဤကဲ့သို့သောစကားမျိုးကို သမ္မာကျမ်းစာတစ်အုပ်လုံးတွင် မည်သည့်နေရာ၌မျှ တွေ့မည် မဟုတ်ပါ။ မိမိသည် ဘုရားသားတော်ဖြစ်ကြောင်း မှတ်တမ်းတင်ထားသည့် ယေရှု မိန့်တော်သည့် ပထမဆုံးစကားတွင် တွေ့ရသည်။

ကားတိုင်ထက် လုပ်ဆောင်မှုကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ မိသားစုထဲ မွေးစားခြင်း ခံကြရသည်။ ယေရှုကို ယုံကြည်ခြင်းဖြင့် ဘုရားသားသမီး ဖြစ်ခွင့်ကို ရရှိကြသည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့ ခမည်းတော်၏ အိမ်တော်၌ အချိန်သုံးခြင်းသည် ကျွန်ုပ်တို့အတွက် မည်မျှ သဘာဝ ကျပါသနည်း။

ဘုရားသခင်နှင့် သီးသန့်အချိန်သုံးသည့်အခါ ကျွန်ုပ်တို့သည် ကိုယ့်ကိုကိုယ် ပို၍ နားလည်လာကြသည်။ ကျွန်ုပ်တို့ ကြီးထွားကြသည်။ သန့်စင်ခြင်း ခံရသည်။ ရဲစွမ်းသတ္တိရှိလာသည်။ ကျွန်ုပ်တို့၏အပြစ်များ ဖော်ပြခြင်း ခံရသည်။ ရည်ရွယ်ချက် ထားရှိနည်းကို လမ်းညွှန်ခြင်း ခံရသည်။ ကျွန်ုပ်တို့၏ ဖြစ်တည်ခြင်း၌ စုံလင်ကြသည်။ ဘုရားသခင်နှင့် အချိန်သုံးခြင်းဖြင့် ဘုရားသခင် သန့်ရှင်းသကဲ့သို့ ကျွန်ုပ်တို့ သန့်ရှင်းလာသည်။ ဘုရားသခင်နှင့် သီးသန့်အချိန်သုံးခြင်းက သန့်ရှင်းခြင်းကို ဖြစ်တည်စေသောကြောင့် ၎င်းသည် ခရစ်ယာန်အသက်တာအတွက် အလွန်အရေးကြီးသည်။ ထို့ပြင်၊ သန့်ရှင်းသူတို့က ဧဝံဂေလိတရားကို လက်တွေ့လိုက်လျှောက်ကျင့်သုံး၍ ဟောပြောရမည်ဖြစ်သောကြောင့် ဧဝံဂေလိတရားဟော

ပြောခြင်းအတွက် ဘုရားသခင်နှင့် သီးသန့်အချိန်သုံးခြင်းက အလွန်အရေးကြီးသည်။

ဘုရားသခင်၏ ရှေ့တော်မှောက်သို့ ကျွန်ုပ်တို့ ဝင်ရောက်သည့်အခါ ဘုရားသခင်က စိတ်ကုန်သည့်သဘောဖြင့် မဟုတ်ဘဲ ဝမ်းမြောက်သည့်စိတ်ဖြင့် "ဘယ်တွေ သွားနေတာလဲ" ဟူ၍ မေးနေသည်။

အစည်းအဝေး လမ်းညွှန်

တွေ့ဆုံခြင်း (၁၀–၂၀ မိနစ်)

တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံမိတ်ဆက်စကားပြောဖို့ အချိန်သုံးပါ။ သက်သေခံခြင်း၊ ခွန်အားပေးခြင်း၊ အခွင့်အရေးများကို အတူသုံးသပ်ခြင်းနှင့် အဖွဲ့အတွက် ခွန်အားဖြစ်စေမည့် မည်သည့်အကြောင်းအရာကိုမဆို ဝေငှပြောဆိုနိုင်သည်။ သင်ဆုတောင်းသည့်အချက်များကို ပြန်သုံးသပ်၍ (အစည်းအဝေး ၅ – လိုက်လျှောက်ကျင့် သုံးခြင်း၊ အပိုင်း ၂) ထိုပုဂ္ဂိုလ်များအတွက် နေ့စဉ်ပုံမှန် သစ္စာရှိရှိ စတင်ဆုတောင်းခဲ့သည့်အချိန်မှစ၍ ယနေ့ကြားထပ်လောင်းရှင်းပြစရာရှိသည်များကိုလည်း ရှင်းပြပါ။

ဆုတောင်းခြင်း

အချိန်တစ်ခုလုံးကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံ၍ တွေ့ဆုံခြင်းအပိုင်းတွင် ကြားခဲ့သည့်အခြေအနေ အကောင်း၊ အဆိုးများအတွက် ဘုရားသခင်ထံ ဆုတောင်းဆက်ကပ်ပါ။

သွန်သင်ခြင်း (၂၅–၃၅ မိနစ်)

အောက်ပါသင်ခန်းစာများကို သင်နှစ်သက်သည့်နည်းဖြင့် သင်ပေးနိုင်သကဲ့သို့ တစ်လုံးမကျန် ဖတ်ပြခြင်းဖြင့်လည်း သင်ပေးနိုင်သည်။ ထို့ပြင်၊ သင်ကိုယ်တိုင် ပြင်ဆင်၍လည်း တင်ပြနိုင်သည်။

> "နံနက်အချိန်၊ မိုးမလင်းမီ ကိုယ်တော်သည် ထပြီးလျှင် တောအရပ်သို့ ထွက်ကြွ၍ ဆုတောင်းတော်မူ၏"
>
> **မာကု ၁:၃၅**

ကျွန်ုပ်တို့သည် ဘဝတွင် အကြောင်းကိစ္စမျိုးစုံအတွက် ကိုယ့်ကိုကိုယ် "မြှုပ်နှံပုံအပ်" ကြသည် (သီးသန့်အချိန် ဖယ်ကြသည်)။ ကျွန်ုပ်တို့သည် မိသားစုများနှင့် မိတ်ဆွေများ၊ အပြုသဘောဆောင်သောတန်ဖိုးများနှင့် အိပ်မက်ပန်းတိုင်များအတွက် အချိန်ပေးကြသည်။ ကျွန်ုပ်တို့သည် မိမိတို့၏ဝါသနာ၊ အားကစားအသင်းသို့မဟုတ် နောက်ဆုံးပေါ် ဖုန်းကိရိယာကစားနည်းများတွင် အမှတ်အများဆုံးရဖို့ အချိန်သုံးကြသည်လည်း ဖြစ်နိုင်သည်။

ယေရှုကိုယ်တိုင်လည်း မိသားစုနှင့် မိတ်ဆွေများအတွက် အချိန်ပေးကာ မြှုပ်နှံပုံအပ်ခဲ့သည်။ ဖခင်ယောသပ်အပေါ် မြှုပ်နှံပုံအပ်ခဲ့၍ မိသားစုအလုပ်အကိုင်ကို သင်ယူခဲ့သည်။ မိမိသေ၍ ရှင်ပြန်ထမြောက်ပြီး ကောင်းကင်သို့ ကြွတက်သွားပြီးနောက် မယ်တော်မာရိကို စောင့်ရှောက်ရန် ယောဟန်ကို တာဝန်ပေးခဲ့ခြင်းဖြင့် မိခင်အပေါ် မြှုပ်နှံပုံအပ်ခဲ့သည်။ ယေရှုသည် လူအုပ်များနှင့် အချိန်သုံးသည်ထက် မိမိမိတ်ဆွေများနှင့် အချိန်ပိုသုံး၍ မိတ်သဟာယဖွဲ့ခြင်းဖြင့် မိတ်ဆွေများအပေါ် မြှုပ်နှံပုံအပ်ခဲ့သည်။

ထိုသို့ မြှုပ်နှံပုံအပ်ခြင်း ပေးခဲ့သော်လည်း အဘယ်ကြောင့် "အဘနှင့်သား၊ အမိနှင့်သမီး၊ ယောက္ခမနှင့် ချွေးမ အချင်းချင်း ကွဲပြားလိမ့်မည်" ဟု မိန့်တော်ခဲ့သနည်း (လုကာ ၁၂:၅၃)။ မည်မျှပင်အဖိုးအခ ပေးရပါစေ၊ မည်မျှပင် မွန်မြတ် ကောင်းသောအရာဖြစ်ပါစေ မိမိကောင်းခင်ခမည်းတော်အပေါ် ထားရှိသည့် ပုံအပ်မြှုပ်နှံခြင်းကို ယေရှု ပထမ ဦးစားပေးသည့်အချက်ကို မြင်လျှင် အထက်ပါအချက်ကို သဘောပေါက်နိုင်သည်။ မိဘများကို ချစ်ခြင်းက လွဲမှားကြောင်း ယေရှု မဆိုလိုချင်သကဲ့သို့ မိသားစုများကို တစ်စစီပြိုကွဲအောင် ပြုလုပ်ဖို့လည်း ယေရှု အလိုတော် မရှိခဲ့ပါ။ ဘုရားသခင်အပေါ် မိမိ၏ ပထမဦးစားပေးမှုကို လုယူသည့် မည်သည့်အရာမဆို မသန့်ရှင်းခြင်းဘက်သို့ ဦးတည်စေကြောင်း ယေရှုသိခဲ့သည်။ ဘုရားသခင်နှင့် သီးသန့်အချိန်သုံးခြင်းက သန့်ရှင်းခြင်းသို့ ဦးတည်စေသည်။

> **ဆွေးနွေးပါ** – သင့်အတွက် ဘုရားသခင်နှင့် သီးသန့်အချိန်သုံးခြင်းကို မည်သည့်အရာများက အဟန့်အတားဖြစ်သနည်း။ ၎င်းတို့ကိုယ်၌က မကောင်းသည်မဟုတ်သော်လည်း ဘုရားသခင်အပေါ် အချိန်ပေးအပ်နှံရန် အလွယ်တကူ အနှောင့်အယှက်၊ အတားအဆီး ဖြစ်စေသည့်အချက်များကို အဓိကဦးစားပေး ဆွေးနွေးပါ။

ယေရှုထက် ဧဝံဂေလိတရားဟောပြောခြင်းအတွက် ပို၍ အချိန်ပေးခြင်းက မဖြစ်သင့်ပါ။ ကျွန်ုပ်တို့သည် သာသနာ သို့မဟုတ် ခေါ်ဆိုခြင်း ကိုးကွယ်ဖို့မဟုတ်ဘဲ ဘုရင်ယေရှုကို ကိုးကွယ်ဖို့ တည်ရှိကြရသည်။ ဘုရားသခင်ကို အာရုံစိုက်နားထောင်၍ အခြားသောအရာအားလုံးထက် အချိန်ပေးပြီး ပုံအပ်မြှုပ်နှံသော ဝိညာဉ်ရေးအသက်ရှင်နည်း၌ အုတ်မြစ်တည်ကြရပါမည်။

သူ၏သာသနာ သို့မဟုတ် လောကီဆက်ဆံရေးသည် မည်မျှပင် များ၍ အလုပ်ရှုပ်နေပါစေ ယေရှုသည် မိမိခမည်းတော်နှင့် ဆက်ဆံရေးကို အဓိကဦးစားပေး၍ တိတ်ဆိတ်သောနေရာ ရှာကာ ဆုတောင်းခြင်းနှင့် နားထောင်ခြင်းဖြင့် အချိန်သုံးလေ့ရှိခဲ့သည်။ ယေရှုအတွက် ခမည်းတော်နှင့် အတူရှိနေခြင်းသည် သဘာဝ အကျဆုံးသောအရာ ဖြစ်သည်။ ထိုသို့ ခမည်းတော်နှင့် အချိန်သုံးရန် ထွက်သွားခဲ့သည့်အကြိမ် သုံးကြိမ်ကို မာကုခရစ်ဝင်ကျမ်းတွင် ဖော်ပြထားသည်။ ဤကျမ်းချက်များကို ပြန်ဆင်ခြင်သုံးသပ်ဖို့ အချိန်ယူပါ။

မာကု ၁:၃၅–၃၉ – တိတ်ဆိတ်သောနေရာတွင် ဆုတောင်းရန် နံနက်စောစော ထခြင်း

ဘုရားသခင်ထံတော်မှ လမ်းညွှန်မှု ရရှိခြင်းနှင့်ပတ်သက်၍ ဤအချက်က ကျွန်ုပ်တို့ကို ဘာသွန်သင်နေသနည်း။

မာကု ၆:၄၅–၄၆ – ဆုတောင်းရန် တောင်ပေါ်သို့ ထွက်သွားခြင်း

ဘုရားသခင်၏ သစ်လွင်လန်းဆန်းစေခြင်းနှင့် ပတ်သက်၍ ဤအချက်က ကျွန်ုပ်တို့ကို ဘာသွန်သင်နေသနည်း။

မာကု ၁၄:၃၂–၄၁ – ဖမ်းဆီးခြင်း မခံမီ ဂေသရှေမန်ဥယျာဉ်တွင် ဆုတောင်းခြင်း

ကျွန်ုပ်တို့၏ လေးလံလွန်းသောအခြေအနေများကို ဘုရားသခင်ယူဆောင်ခြင်းက ကျွန်ုပ်တို့ကို ဘာသွန်သင်ပေး နေသနည်း။

အချိန်ရလျှင်ရသလို နေရာမရွေး တစ်နေ့လုံး ဆုတောင်းခြင်းက ကောင်းမွန်သော်လည်း ဆုတောင်းခြင်းနှင့် ကျမ်းစာဖတ်ရှုလေ့လာခြင်းအတွက် သီးသန့်အချိန် ချမှတ်ထားခြင်းက အင်မတန် အရေးကြီးသည်။ လူအချို့သည် ဆုတောင်းရာတွင် အားသန်ကြသော်လည်း ကျမ်းစာဖတ်ရှုခြင်းတွင် အားနည်းကြသည်။ ထိုနည်းတူ ကျမ်းစာ ဖတ်ခြင်းတွင် အားသန်သောသူအချို့သည်လည်း ဆုတောင်းခြင်းတွင် အခက်တွေ့ကြပြန်သည်။ ထို့ကြောင့်၊ နှစ်ခုလုံးကို ပေါင်း၍ ကျမ်းစာထဲမှ အခန်းကြီးတစ်ခန်းကို ဖတ်ပြီး ကျမ်းချက်နှင့် ဆိုလိုရင်းနှင့် ၎င်းကို အသက်တာတွင် လိုက်လျှောက်ကျင့်သုံးရန် ဆုတောင်းသင့်ပေသည်။ ထို့ပြင်၊ ဘုရားသခင်ကို ကြည်ညို၍ ကျေးဇူးတော်ချီးမွမ်း ခြင်းကိုလည်း ပြုသင့်သည်။ မိမိတောင်းဆိုလိုသည့်အချက်များနှင့် လိုအပ်ချက်များကိုလည်း ဘုရားသခင်ထံ ယူဆောင်လာသင့်သည်။

ယေရှုကိုယ်တိုင် အပြစ်ဝန်ချတောင်းပန်ဖို့ မလိုသော်လည်း တပည့်တော်များအား အပြစ်ဝန်ချတောင်းပန်ရန် အဓိကသန်သင်ခဲ့သည် – "...အကျွန်ုပ်တို့၏ အပြစ်များကို လွှတ်တော်မူပါ..." (မဿဲ ၆၊ လုကာ ၁၁)။ မိမိကိုယ်ကို နှိမ့်ချ၍ နောင်တရလျက် ဘုရားသခင်၏ရှေ့တော်မှောက် ဆုတောင်းခြင်းနှင့် ပတ်သက်၍ ဆာလံ ၅၁ ရှိ ဒါဝိဒ်မင်းကြီး၏ နောင်တရခြင်းနှင့် အပြစ်ဝန်ချတောင်းပန်ခြင်းသည် ကျွန်ုပ်တို့အတွက် ပုံဥပမာကောင်း ဖြစ်သည်။

ဘုရားသခင်သည် သန့်ရှင်းတော်မူ၍ ကျွန်ုပ်တို့သည် မသန့်ရှင်းသောသူများ ဖြစ်ကြောင်းကို သိခြင်းသည် သန့်ရှင်းခြင်းသို့ ဦးတည်သည့် ပထမခြေလှမ်း ဖြစ်သည်။ ဘုရားသခင်ကို ကျွန်ုပ်တို့ လိုအပ်သည်။ နေ့စဉ် ဘုရားသခင်၏ ရှေ့မှောက်တော်၌ တိုးဝင်သောအခါ ဘုရားသခင်၏ ပြုပြင်ပြောင်းလဲခြင်းတန်ခိုးကို ခံစားကာ အရင်လို လုံးဝ မဟုတ်တော့ပါ။ ဧဝံဂေလိတရား မှန်ကန်၍ ကယ်တင်ရန် တန်ခိုးရှိကြောင်းသည် ပြုပြင်ပြောင်းလဲနိုင်သည့် တန်ခိုး၌ သက်သေထင်ရှားသည်။ ဘုရားသခင်၏ ကောင်းမြတ်ခြင်းနှင့် ယေရှုအကြောင်းကို ဟောပြောသည့်အခါ ကြားနာသောသူတို့သည် ကျွန်ုပ်တို့၏ လုံးလုံးလျားလျား ပုံအပ်သောအသက်တာများဖြင့် ဘုရားသခင် လုပ်ဆောင် သောအမှုကို ကြည့်ခြင်းဖြင့် ဧဝံဂေလိတရား မှန်ကန်ကြောင်းကို ပို၍ သိမြင်ယုံကြည်လာကြလိမ့်မည်။

ကားတိုင်ထက်ရှိ ကယ်တင်ခြင်းအမှုကြောင့် ကျွန်ုပ်တို့အတွက် သန့်ရှင်းခြင်းလမ်းကို ယေရှု ခင်းပေးခဲ့သည်။ ကျွန်ုပ်တို့၏ ဇာတိဟောင်း၌ သေ၍ သူ့ကို ကိုးစားရန် ယေရှု ဖိတ်ခေါ်နေသည်။ အသစ်သောအသက်တာကို လျှောက်လှမ်းသည့်အခါ သန့်ရှင်းသောအသက်တာဖြင့် အသက်ရှင်ခြင်းကို ခမည်းတော်နှင့် နေ့စဉ်သီးသန့် အချိန်သုံးခြင်းဖြင့် ယေရှု သွန်သင်ပြသပေးသည်။ ကျွန်ုပ်တို့သည် မပြည့်စုံကြသောကြောင့် ဘဝတွင် မှားသည့် အချိန်လည်း ရှိလိမ့်မည်။ သို့သော်၊ သနားခြင်းကရုဏာရှိ၍ သန့်ရှင်းသောဘုရင်ယေရှု ရှေ့မှောက်တော်တွင် ဒူးထောက်ဆုတောင်းသည့်အခါ ဘုရားသခင် သန့်ရှင်းသကဲ့သို့ သန့်ရှင်းရန် ကူသပေးနိုင်သည့် ကျေးဇူးတော်နှင့် ကူညီနိုင်သည့် တန်ခိုးတော်ကို ရရှိနိုင်သည်။

ဆွေးနွေးခြင်း (၁၅ မိနစ်)

၁။ ဘုရားသခင်နှင့် နေ့စဉ် သီးသန့်အချိန်သုံးရန် လုံလုံလောက်လောက် အချိန်ပေးပါသလား။ သင်၌ မည်သည့်ကောင်းသောအလေ့အထ ရှိ၍ ပြုပြင်ရန် လိုအပ်သော မည်သည့်အလေ့အထများ ရှိသနည်း။

၂။ ဘုရားသခင်နှင့် နေ့စဉ် သီးသန့်အချိန်သုံးခြင်းအခြေအနေနှင့် သင်၏ ဧဝံဂေလိတရား ဟောပြောခြင်း အရည်အသွေးကြားဆက်နွယ်မှုကို သတိထားမိပါသလား။

၃။ လာမည့် ရက်သတ္တပတ်များတွင် ရည်ရွယ်ချက်ရှိရှိ ဘုရားသခင်နှင့် သီးသန့်အချိန်သုံးခြင်းဖြင့် သင်ယူခြင်း၊ ပြန်လည်လန်းဆန်းခြင်း၊ အမြင်ရှုထောင့်သစ်လွင်ခြင်းနှင့် နောင်တရခြင်းအတွက် သင်မည်သို့ ပြုလုပ်ရန် ရည်ရွယ်ထားပါသနည်း။

> "(ဝိညာဉ်) စည်းမျဉ်းစည်းကမ်း၏ ရည်ရွယ်ချက်မှာ လွတ်လပ်ခြင်း ဖြစ်သည်။ ကျွန်ုပ်တို့၏ ပစ်မှတ်မှာ စည်းမျဉ်းသက်သက် မဟုတ်၊ လွတ်လပ်ခြင်း ဖြစ်သည်။ စည်းမျဉ်းစည်းကမ်းကိုသာ အဓိကထားသည်နှင့်ချက်ချင်း ၎င်းကို ပညတ်အဖြစ်သို့ ပြောင်းလဲစေကာ လွတ်လပ်ခြင်းကို ဆုံးရှုံးသွားလိမ့်မည်။ ... ထို့ကြောင့်၊ ခရစ်တော်ကို အမြဲ ဦးထိပ်ထား၍ ခရစ်တော်၏ နှလုံးသားနှင့် ပို၍ နီးကပ်ရန် ဝိညာဉ်စည်းမျဉ်းစည်းကမ်းကို အသုံးပြုကြပါစို့။"
>
> **ရိချက်ဖောစတာ**

လိုက်လျှောက်ကျင့်သုံးခြင်း (၅ မိနစ်)

မိနစ်အနည်းငယ်ခန့် နေ့စဉ် ကျမ်းစာဖတ်ရှုလေ့လာခြင်းနှင့် သီးသန့်ဆုတောင်းခြင်းအပြင် ဆာလံကျမ်းအတိုင်း စတင် ဆုတောင်းပါ။ ဖြစ်နိုင်လျှင် တစ်လလုံး သို့မဟုတ် တစ်နှစ်လုံး သစ္စာရှိရှိ ပြုလုပ်နိုင်ရန် ကြိုးစားပါ။ ဆာလံကျမ်း အခန်းကြီး တစ်ခုချင်းစီ နေ့စဉ် ဖတ်ရှုခြင်းဖြင့် အစပြုနိုင်သကဲ့သို့ ထိုသို့သီးသန့်အချိန်အတွက် ပြင်ဆင်ထားသည့် Tim Keller ရေးသားသည့် **ကျွန်ုပ်၏ ကျောက်၊ ကျွန်ုပ်၏ ခိုလှုံရာ – ဆာလံကျမ်းကို နေ့စဉ်ဖတ်ရှုလေ့လာခြင်း** (My Rock; My Refuge: A Year of Daily Devotions in the Psalms) စာအုပ်ကိုလည်း အသုံးပြုနိုင်သည်။

ဆုတောင်းခြင်း

မိမိသားသမီးများနှင့် ဆက်ဆံရေး တည်ဆောက်လိုသော ကောင်းကင်ခမည်းတော်ကို ကျေးဇူးတော် ချီးမွမ်းပါ။ ဝိညာဉ်

ရေးခရီးသည်အဖြစ်မှ ခမည်းတော်၏ အိမ်နှင့် ရှေ့မှောက်တော်၌ နေ့စဉ် နေထိုင်ကျက်စားသော သားသမီးများအဖြစ်သို့ ပို့ဆောင်ပေးနိုင်သည့် ဘုရားသခင်နှင့် နေ့စဉ် သီးသန့်အချိန်သုံးခြင်းကို ပြုလုပ်ဖို့ ဆုံးဖြတ်ပါ။ ဘုရားသခင် သန့်ရှင်းသကဲ့သို့ မိမိကိုယ်တိုင် သန့်ရှင်းရန် ဘုရားသခင်ထံ ဆုတောင်းပါ။ ကျွန်ုပ်တို့၏ ဧဝံဂေလိတရားဟောပြောခြင်းသည် ပြုပြင်ပြောင်းလဲသော ကျွန်ုပ်တို့၏အသက်တာ၌ အုတ်မြစ်တည်ရန်လည်း ဆုတောင်းပါ။

တာဝန်ခံမှုရှိခြင်း (၁၅ မိနစ်)

ဘုရားသခင်နှင့် သင့်ကြား နေ့စဉ် သီးသန့်အချိန်သုံးခြင်းကို ခြောက်လှန့်သည့်အရာများ သို့မဟုတ် အတားအဆီးဖြစ်၍ အစားထိုးနေရာယူလာသောအရာများကို နှစ်ယောက်တစ်တွဲ ဆွေးနွေးပါ။ သင့်အသက်တာ၌ ကိုယ်တိုင် မမြင်ရသည့် အားနည်းချက်များကို ထောက်ပြရန် အချင်းချင်း အပြန်အလှန်မေးခွန်းမေးပါ။

တာဝန်ခံမှုရှိခြင်းဖောင်ကို နှစ်ယောက်တစ်တွဲဖြင့်ဖြစ်စေ၊ အဖွဲ့ငယ်လိုက်ဖြစ်စေ ပြည့်စုံအောင် ဖြည့်၍ အချင်း ချင်းအတွက် ဆုတောင်းကြပါ။

မမေ့ပါနှင့် ...

လာမည့် အဖွဲ့အစည်းအဝေးများတွင် Advance ဟောပြောသူများ (The Advance Proclaimers) အတွဲများကို လက်ကိုင်အဖြစ် အသုံးပြု၍ ရသည်။ သို့သော်၊ နေ့စဉ် သင်၏ခရစ်ယာန်အသက်တာ လျှောက်လှမ်းခြင်းကို အထောက်အကူ ပြုစေရန် **devotion** နှင့် ပတ်သက်၍ ဖတ်ရှုလေ့လာဖို့အတွက်လည်း အသုံးပြုနိုင်သည်။ ပိုမိုသိလိုပါက **advancegroups.org/APS** တွင် ရှာပါ။

မှတ်စုများ

အစည်းအဝေး ၇
ဧဝံဂေလိဆရာ၏ ဝန်ခံအပ်နှံခြင်း

ယခင်အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် သန့်ရှင်းခြင်းအကြောင်းကို ဤအစည်းအဝေးတွင် ထပ်ချဲ့၍ လေ့လာ သွားမည်။ အထူးသဖြင့်၊ ဘုရားသခင်၏ ဖြစ်တည်ခြင်း၊ ဧဝံဂေလိတရားနှင့်ဆိုင်သော မျှော်လင့်ခြင်း၊ ခရစ်ယာန် အသက်တာရှုထောင့်တို့မှ ၎င်း သန့်ရှင်းခြင်းကို ဤအစည်းအဝေးတွင် အဓိက ထား ဆွေးနွေးသွားမည်။ နောက်လိုက် တပည့်တစ်ယောက်၏ ခရီးအတွက် တာဝန်ခံမှုရှိခြင်း အရေးပါမှုကိုလည်း ဆွေးနွေးသွားမည်။

အစည်းအဝေးကို ဝါကျတစ်ကြောင်းဖြင့် အကျဉ်းချုပ်ခြင်း
ဘုရားသခင်သည် မိမိလူတို့အား မိမိသန့်ရှင်းသကဲ့သို့ သန့်ရှင်းစေလို၍ သန့်ရှင်းသောဝိညာဉ်တော်ထံ ဝန်ခံအပ်နှံပြီး မိမိအသိုင်းအဝိုင်းတွင် တာဝန်ခံမှုရှိခြင်းဖြင့် သန့်ရှင်းခြင်းတွင် ကျွန်ုပ်တို့ ကြီးထွားနိုင်သည်။

အစည်းအဝေး နောက်ကြောင်း
သမ္မာကျမ်းစာ တစ်အုပ်လုံးတွင် သန့်ရှင်းခြင်းနှင့် သန့်ရှင်း ဟူသည့် စကားလုံးနှစ်လုံးကို အကြိမ် ၇၀၀ ကျော် တွေ့ရသည်။ သန့်ရှင်းခြင်းသည် သမ္မာကျမ်းစာ၏ အဓိကအချက် ဖြစ်သည်နည်းတူ ကျွန်ုပ်တို့၏အသက်တာ၌လည်း အဓိကကျရန် ဘုရားသခင် အလိုတော်ရှိသည်။

ဘုရားသခင်သည် သန့်ရှင်းတော်မူသည်။ ဆိုလိုသည်မှာ ဘုရားသခင် သီးသန့်ဖယ်ထားခြင်း ခံရသည်။ ဘုရားသခင်သည် ပြည့်စုံသည်၊ အနန္တတန်ခိုးရှင်ဖြစ်၍ ထူးခြားသောပုဂ္ဂိုလ် ဖြစ်သောကြောင့် ဘုရားသခင်နှင့် တူသောသူတစ်ယောက်မျှ မရှိပါ။ ကျွန်ုပ်တို့မူ မသန့်ရှင်းကြပါ။ သန့်ရှင်းသော ဘုရားသခင် ချမှတ်သည့် စံချိန်စံနှုန်းအတိုင်း အသက်ရှင်နိုင်သောသူ တစ်ယောက်မျှ မရှိပါ။ သန့်ရှင်းသောသူတို့သာ ဘုရားသခင်ကို ဖူးမြင်ခွင့် ရကြမည့်အကြောင်း ဟေဗြဲသြဝါဒစာ ရေးသားသူက ဖော်ပြထားသည် (ဟေဗြဲ ၁၂:၁၄)။ စိတ်နှလုံးသန့်ရှင်းသူတို့သာ ဘုရားသခင်ကို မြင်တွေ့ခွင့်ရမည် ဖြစ်ကြောင်း ယေရှုကိုယ်တိုင်လည်း သွန်သင်ခဲ့သည် (မဿဲ ၅:၈)။ ဘုရားသခင်နှင့် ဆက်ဆံရေး တည်ဆောက်ဖို့ မျှော်လင့်ချက်ထားရန် လူသားအတွက် သန့်ရှင်းခြင်း မရှိခြင်းက အဓိက ပြဿနာ ဖြစ်သည်။

မသန့်ရှင်းသူက မည်သို့ သန့်ရှင်းနိုင်၍ ဘုရားသခင် ရှေ့တော်၌ လက်ခံဖွယ် ဖြစ်ကာ နိုင်ငံတော်၌ မည်သို့ နေထိုင်နိုင်မည်နည်း။

သတင်းကောင်းမှာ ယေရှုသည် စုံလင်သန့်ရှင်းသောဘုရားသခင်ရှေ့တော်သို့ ဝင်၍ ထာဝရအတူ နေထိုင်နိုင်ရာလမ်းကို ခင်းပေးခဲ့သည် (ဖေက် ၅:၂၅-၂၆)။ ယေရှုကို ယုံကြည်ကိုးစားသောသူတို့သည် သူ၏သန့်ရှင်းခြင်းကို မျှဝေရရှိကာ ဘဝသစ်သို့ ဝင်ရောက်ကြသည်။ စစ်မှန်သောအသက်တာသည် သန့်ရှင်းသောအသက်တာ ဖြစ်သည်။

မဿဲ ၅:၁၃ ရှိ ငန်သောအရသာနှင့် ပတ်သက်၍ ယေရှု၏ ဒေသနာတွင် သန့်ရှင်းခြင်းသည် အဓိကကျသည်။ ဆားသည် ၎င်း၏ငန်သောအရသာ မရှိတော့လျှင် အသုံးမဝင်တော့သကဲ့သို့ ကျွန်ုပ်တို့၏အသက်တာ၌ သန့်ရှင်းခြင်း မရှိလျှင် ကျွန်ုပ်တို့၏ ဒေသနာလည်း မျှော်လင့်ခြင်း ကင်းမဲ့နေပေလိမ့်မည်။ ယခုဘဝတွင် ကျွန်ုပ်တို့၏အသက်တာသည် မပြီးစီးသေးသည့် အလုပ်တစ်ခုကဲ့သို့ ဖြစ်နေသော်လည်း ကျွန်ုပ်တို့ ဟောပြောသည့်ဒေသနာ မှန်ကန်ကြောင်း လောကသားတို့ သိမြင်နိုင်ရန် မတူထူးခြားစွာ ကျွန်ုပ်တို့ အသက်ရှင်ရပေမည်။

> "သန့်ရှင်းသောဝိညာဉ်တော် သွန်းလောင်း၍ ခရစ်တော်၌ ထင်ရှားသည့် ကျွန်ုပ်တို့အပေါ် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် (ရောမ ၅:၅) ဘုရားသခင်အပါအဝင် သားတော်နှင့် မိတ်သဟာယဖွဲ့နိုင်ရန် ပို့ဆောင်ပေးသည်။ ဤသို့ ဖြင့်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ သန့်ရှင်းခြင်းကို ဖူးတွေ့မြင်နိုင်၍ ကိုယ်တော် သန့်ရှင်းသကဲ့သို့ သန့်ရှင်းကြလိမ့်မည်။"
>
> **ဂျက်ကီဟီးလ်ပယ်ရီ**

ဧဝံဂေလိတရားသည် သန့်ရှင်းသောတရား ဖြစ်၍ သန့်ရှင်းသော နိုင်ငံတော်၏ သန့်ရှင်းသောလူများဖြစ်နိုင်ရန် မသန့်ရှင်းသောသူများ

ကို မိမိတို့၏ဖြစ်တည်ခြင်းအမှန်သို့ ပြန်လည်ပို့ဆောင်ရန် သန့်ရှင်းသောနည်းဖြင့် လုပ်ဆောင်ပေးခဲ့သည့် သန့်ရှင်းသောဘုရားသခင်ကို သက်သေခံသောတရား ဖြစ်သည်။

အစည်းအဝေး လမ်းညွှန်

တွေ့ဆုံခြင်း (၁၀-၂၀ မိနစ်)

တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံမိတ်ဆက်စကားပြောဖို့ အချိန်သုံးပါ။ သက်သေခံခြင်း၊ ခွန်အားပေးခြင်း၊ အခွင့်အ ရေးများကို အတူသုံးသပ်ခြင်းနှင့် အဖွဲ့အတွက် ခွန်အားဖြစ်စေမည့် မည်သည့်အကြောင်းအရာကိုမဆို ဝေငှပြော ဆိုနိုင်သည်။ ဆာလံကျမ်းကို ဆုတောင်းပြီး ဖတ်ရှုလေ့လာခဲ့သည့် သူတို့၏ အတွေ့အကြုံများကို ဝေငှခိုင်းပါ (အစည်းအဝေး ၆ – လိုက်လျှောက်ကျင့်သုံးခြင်း)။

ဆုတောင်းခြင်း

အချိန်တစ်ခုလုံးကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံ၍ တွေ့ဆုံခြင်းအပိုင်းတွင် ကြားခဲ့သည့်အခြေအနေ အကောင်း၊ အဆိုးများအတွက် ဘုရားသခင်ထံ ဆုတောင်းဆက်ကပ်ပါ။

သွန်သင်ခြင်း (၃၀-၄၀ မိနစ်)

အောက်ပါသင်ခန်းစာများကို သင်နှစ်သက်သည့်နည်းဖြင့် သင်ပေးနိုင်သကဲ့သို့ တစ်လုံးမကျန် ဖတ်ပြခြင်းဖြင့်လည်း သင်ပေးနိုင်သည်။ ထို့ပြင်၊ သင်ကိုယ်တိုင် ပြင်ဆင်၍လည်း တင်ပြနိုင်သည်။ ဤအစည်းအဝေးအတွက် အဓိက ကျမ်းချက် သုံးချက် ရှိသည်။

(၁) ဘုရားသခင် တစ်ပါးတည်းသာ သန့်ရှင်းသည်

> “ထိုသို့ ငါ၏နာမမြတ်ကို ငါ၏လူ ဣသရေလအမျိုးသားတို့တွင် ထင်ရှားစေမည်။ နောက်တဖန် သူတို့သည် ငါ၏ နာမမြတ်ကို မရှုတ်ချရကြ။ ငါသည် ဣသရေလအမျိုး၏ သန့်ရှင်းသော ဘုရားထာဝရဘုရားဖြစ်ကြောင်းကို တပါးအမျိုးသားတို့ သိရကြလိမ့်မည်ဟု မိန့်တော်မူ၏”
>
> **ယေဇကျေလ ၃၉း၇**

ဘုရားသခင်ကို နံ၀ိညာဉ်ဖြင့်လည်းကောင်း၊ သစ္စာဖြင့်လည်းကောင်း ကိုးကွယ်နိုင်ရန် ဘုရားသခင် မည်သူမည်ဝါ ဖြစ်ကြောင်းကို သမ္မာကျမ်းစာတွင် ဖော်ပြထားသည်။ ဘုရားသခင်သည် စစ်မှန်သောဘုရားဖြစ်ကြောင်းကို သမ္မာကျမ်းစာဖတ်လျှင် သိနိုင်သည်။ သီးသန့်ခွဲ၍ မရနိုင်သော်လည်း ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော၀ိညာဉ် တော်ဟူ၍ သုံးပါးအဖြစ် တည်ရှိသည်။ ဘုရားသခင်သည် ပြည့်စုံသည်။ ထာဝရ ဖြစ်သည်။ ဘုရင် ဖြစ်သည်။

ဘုရားသခင်သည် သန့်ရှင်းကြောင်းကို အထူးသဖြင့် သမ္မာကျမ်းစာတွင် ရှင်းရှင်းလင်းလင်း တွေ့နိုင်သည်။ သန့်ရှင်းခြင်းသည် ဘုရားသခင်၏ အဓိကကျသောဂုဏ်အင်္ဂါလက္ခဏာ ဖြစ်သည်။

ဆိုလိုသည်မှာ ဘုရားသခင်ကဲ့သို့ အခြားဘုရား မရှိသည့်အပြင် သူသည် သီးခြားထားခြင်းခံသဖြင့် သူ၏ဖြစ်တည်ခြင်း၊ စရိုက်လက္ခဏာ၊ အဖြစ်မှန်တို့နှင့် ပတ်သက်လျှင် အတုမရှိပါ။ အဆိုပါ သန့်ရှင်းခြင်းလက္ခဏာအတိုင်း အသက်ရှင်၍ သန့်ရှင်းသောလူမျိုးဖြစ်ရန် မိမိလူတို့ကို ဘုရားသခင် အလိုတော်ရှိသည်။ ကျွန်ုပ်တို့၏ ဝတ်ပြုကိုးကွယ်ခြင်းနှင့် နာခံခြင်း၌ သန့်ရှင်း၍ ဖြောင့်မတ်ပြီး စင်ကြယ်သောလူများဖြစ်ဖို့ ကျွန်ုပ်တို့ကို သီးသန့်ခေါ်ဆိုထားသည် (ဝတ်ပြု ၁၁း၄၅)။ မသန့်ရှင်းခြင်းအသက်တာ၊ ဘုရားသခင်၏ သန့်ရှင်းခြင်းကို ငြင်းပယ်ခြင်းက လူသားမျိုးနွယ်အတွက် ကြီးမားသောပြဿနာကို ဖြစ်စေခဲ့သည်။ ဘုရား သခင်၏ နိုင်ငံတော်သည် ပြည့်စုံသော နိုင်ငံတော် ဖြစ်သည်။ သို့သော်၊ ကျွန်ုပ်တို့သည် မပြည့်စုံခြင်းကို ရွေးချယ် ခဲ့ကြသောကြောင့် ဘုရားသခင်၏ ရှေ့တော်မှ ပယ်ခြင်း ခံကြရသည်။

(၂) ယေရှု၏ သန့်ရှင်းခြင်းက လူသားတို့ သန့်ရှင်းရန် လမ်းခင်းပေးသည်

> “ယေရှုမူကား၊ နိစ္စထာဝရတည်သောကြောင့် မပြောင်းမလဲသော ယဇ်ပုရောဟိတ်အရာ ခန့်ထားလျက်ရှိ၏။ ထို့ကြောင့်၊ အကြင်သူတို့သည် ယေရှုခရစ်အားဖြင့် ဘုရားသခင့်ထံတော်သို့ ချဉ်းကပ်ကြ၏။ ထိုသူတို့၏အမှုကို ကိုယ်တော်သည် စောင့်လျက်၊ ကာလအစဉ်အသက်ရှင်သောကြောင့် သူတို့ကို အစဉ်ကယ်တင်ခြင်းငှါ တတ်နိုင်တော်မူ၏။ ထိုသို့ယဇ်ပု ရောဟိတ်မင်းသည် သန့်ရှင်းစင်ကြယ်၍ အညစ်အကြေးနှင့် ကင်းလွတ်လျက် အပြစ်ရှိသောသူတို့နှင့် မဆက်ဆံ၊ ကောင်းကင်သားအပေါင်းတို့ထက် မြင့်မြတ်သောသူဖြစ်၍ ငါတို့နှင့် တော်သင့်တော်မူ၏။ အခြားသော ယဇ်ပုရောဟိတ်မင်းတို့သည် ကိုယ်အပြစ်ကြောင့်၎င်း၊ လူများအပြစ်ကြောင့်၎င်း နေ့တိုင်း ယဇ်ပူဇော်ရသကဲ့သို့ ထိုသခင်သည် ယဇ်ပူဇော်စရာအကြောင်းမရှိ။ အဘယ်ကြောင့်နည်းဟူမူကား၊ မိမိကိုယ်ကို တခါတည်း ယဇ်ပူဇော်၍ ထိုအမှုကို ပြီးစေတော်မူပြီ”
>
> **ဟေဗြဲ ၇း၂၄-၂၇**

ကျွန်ုပ်တို့သည် ဘုရားသခင်၏ ပုံသဏ္ဌာန်တော်အတိုင်း ဖန်ဆင်းခြင်း ခံကြရသောကြောင့် သန့်ရှင်းသောသူများ ဖြစ်နိုင်သော်လည်း ကျွန်ုပ်တို့၏ ပုန်ကန်ခြင်းက အဟန့်အတား ဖြစ်စေသည်။ ဘုရားသခင်သည် မိမိ၏နိုင်ငံတော်ထဲသို့ အသေးငယ်ဆုံးသော မပြည့်စုံခြင်းကိုပင် ဝင်ခွင့်ပြုခဲ့လျှင် ထိုနိုင်ငံတော်သည် ပြည့်စုံသော နိုင်ငံတော် ဖြစ်တော့မည် မဟုတ်ပါ။ ထို့ကြောင့်၊ ကျွန်ုပ်တို့၏ သန့်ရှင်းခြင်းကို ငြင်းပယ်ခြင်းက ဘုရားသခင်၏ သန့်ရှင်းခြင်းနှင့် နိုင်ငံတော်၏ ကောင်းချီးမင်္ဂလာများကို မခံစားရန် အတားအဆီး ဖြစ်သည်။

ယေရှုသည် ကျွန်ုပ်တို့ကိုယ်တိုင် ရွေးချယ်ခဲ့သည့် သေခြင်းကို ကားတိုင်ထက်တွင် အသေခံခြင်းဖြင့် ကျွန်ုပ်တို့အတွက် ကိုယ်စားခံ ဖြစ်လာကြောင်း ဧဝံဂေလိတရားတွင် ဖော်ပြထားသည်။ ယေရှုသည် အပြစ်အနာအဆာမရှိ၊ လုံးလုံး သန့်ရှင်းသောကြောင့် ကျွန်ုပ်တို့ကိုယ်စား အသေခံနိုင်ခဲ့သည်။ လုံး၀ ပေးချေ၍ မရသည့် တစ်လောကလုံး၏ ပုန်ကန်ခြင်းအကြွေးကို အကြွင်းမဲ့ နာခံမှုရှိသော ယေရှုက ပေးချေခဲ့သည်။ ယေရှုသည် မိမိ၏ မကုန်ခန်းနိုင်သော သန့်ရှင်းခြင်းရတနာဖြင့် ကျွန်ုပ်တို့ကိုယ်တိုင် ပေးချေ၍ မရသည့်အကြွေးကို ပေးချေခဲ့သည်။ ယခုအခါ ယေရှုခရစ်တော်ကို ယုံကြည်ကိုးစားသောသူတို့ကို ဘုရားသခင် ကြည့်သည့်အခါ မပြည့်စုံသော (မသန့်ရှင်းသော) လူတို့ကို မမြင်တော့ဘဲ ပြည့်စုံသော (သန့်ရှင်းသော) ယေရှုကိုသာ မြင်သည်။

၎င်းကို ဤသို့စဉ်းစားကြည့်ပါ။ သင့်ကိုသင် ဂုဏ်ယူလောက်အောင် အဝတ်အစားကောင်း ဝတ်ခဲ့သည့်အချိန်ကို စဉ်းစားကြည့်ပါ။ နေ့ထူးနေ့မြတ်အတွက် ဝတ်စားဆင်ယင်၍ အိမ်ထဲမှ ထွက်သွားသည့်အချိန်တွင် ယုံကြည်မှု အပြည့်ရှိနေခဲ့သည် မဟုတ်လော။ ယေရှုကို ကျွန်ုပ်တို့ ယုံကြည်ကိုးစားသည့်အခါ ယေရှု၏ ဖြောင့်မတ်ခြင်းကို ကျွန်ုပ်တို့အတွက် မှတ်ယူ၍ သူ၏ပြည့်စုံခြင်းဝတ်လုံဖြင့် ကျွန်ုပ်တို့ လွှမ်းခြုံကြောင်း သမ္မာကျမ်းစာတွင် ဖော်ပြထားသည် (ရောမ ၅း၁၈၊ ဖိလိ ၃း၉၊ ၁ ကော ၁း၃၀)။

ယေရှု၏ ကောင်းမြတ်ခြင်း၊ “သခင်ယေရှုခရစ်ကို ယူတင်ဝတ်ဆောင်” ခြင်းဖြင့် ကိုယ်ကာယ၏ တပ်မက်ခြင်းကို ငြင်းပယ်ကြရန် ရှင်ပေါလု တိုက်တွန်းထားသည် (ရောမ ၁၃း၁၄)။ ညစ်ညူးခြင်းဟူသမျှကို ပယ်ရှားရန် (‘ချွတ်ပယ်’ ဟူ၍ ဘာသာပြန်လျှင် ပိုသင့်တော်သည်) မိမိစာရှုသူတို့အား ရှင်ယာကုပ် တိုက်တွန်းသည့်အချက်ကို နှိုင်းယှဉ်ကြည့်ပါ (ယာကုပ် ၁း၂၁)။ ဘုရားသခင်ကို ဆန့်ကျင်သည့် လူဟောင်းအကျင့်တို့ကို ချွတ်ပယ်၍ ခရစ်တော်ထံ ပေးအပ်၍ ခရစ်တော်က မိမိ၏ဖြောင့်မတ်ခြင်းကို ပေးအပ်ခြင်းဖြင့် ကြီးမားသော အလဲအလှယ်ကို ပြုလုပ်ပေးသည်။

ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းကို မလိုက်နိုင်သောကြောင့် အိမ်ပြန်သွားခဲ့သည့်အချိန် ရှိဖူးပါသလား။ ဘုရားသခင်၏ ပြည့်စုံသောနိုင်ငံတော်ထဲသို့ ဝင်ခွင့်ရရန် ပြည့်စုံသောသန့်ရှင်းခြင်း လိုအပ်သည်။ ၎င်းသည် ကျွန်ုပ်တို့၌ မရှိပါ။ သို့သော်၊ ခရစ်တော်အားဖြင့် ‘ဝတ်ဆားဆင်ယင်မှုစံ’ ကို လိုက်နိုင်သောကြောင့် ပြည့်စုံသော နိုင်ငံတော်ထဲသို့ မပြည့်စုံသောလူသားများအဖြစ် ဝင်ရောက်နိုင်သည်။ မပြည့်စုံသောအရာဖြင့် မရနိုင်ပါ။ ကျွန်ုပ်တို့သည် ခရစ်တော်၏ ပြည့်စုံခြင်းကို ဝတ်ဆင်ခွင့် ရကြသည်။ နိုင်ငံတော်ထဲသို့ အမှန်တကယ် ကျွန်ုပ်တို့ ဝင်ရောက်သည့်နေ့တွင် ကျွန်ုပ်တို့၏ မပြည့်စုံခြင်းကို ယူဆောင်လာတော့မည် မဟုတ်ဘဲ ဖြောင့်မတ်ခြင်းဝတ်လုံကို ဝတ်ဆင်ခွင့် ရကြလိမ့်မည်။

(၃) ဝိညာဉ်တော်ထံ အပ်နှံ၍ ကိုယ်တိုင် စည်းကမ်းရှိခြင်းက သန့်ရှင်းသောအသက်တာသို့ ပို့ဆောင်သည်

> “အထက်က ကျင်လည်ကြသည်အရာမှာ လှည့်ဖြားတတ်သော လောဘစိတ်တို့ ဖြင့် ပုတ်ပျက်တတ်သောလူဟောင်းကို ချွတ်ပယ်၍ စိတ်နှလုံးသဘောသစ်ကို ရပြီးလျှင် မှန်သော ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း ပါရမီအားဖြင့် ဘုရားသခင်နှင့်အတူအမျှ ဖန်ဆင်းသောလူသစ်ကို ယူတင်ဝတ်ဆောင်မည်အကြောင်း ခရစ်တော်၏စကားကို ကြားနာရသည်ဖြစ်၍ ယေရှု၌ သမ္မာတရားရှိသည်နှင့်အညီ ထိုသခင်ထံ၌ နည်းခံကြပြီသတည်း။”
>
> **ဧဖက် ၄း၂၂-၂၄**

နေ့စဉ် ဘုရားအတွက် အသက်ရှင်သည့်အခါ အမှားများကို ထပ်ခါတလဲလဲ မကျူးလွန်ဘဲ ရင့်ကျက်ကြီးထွားကြရန် ဘုရားသခင် အလိုတော် ရှိသည်။ ကျွန်ုပ်တို့သည် ကျေးဇူးတော်ဖြင့် လွှမ်းခြုံခြင်းကို ခံကြ၍ ပြောင်းလဲသော အသက်တာနှင့် ကြီးထွားခြင်း (တပည့်တော်ဖြစ်စေခြင်း) က ရိုးသားမှန်ကန်သော ယုံကြည်ခြင်း၏ သက်သေဖြစ်သည်။ ခရစ်တော်၏ ဖြောင့်မတ်ခြင်းကို ထောင်ထွက်ခွင့်လိုင်စင်တစ်ခုအဖြစ်သာ ခံယူ၍ ကျေနပ်မိဖို့ မဟုတ်ပါ။ ကျွန်ုပ်တို့ အတွက် အပြစ်ကြွေးပေးဆပ်ခဲ့သောသူကို နာခံခြင်းဖြင့် ဖြောင့်မတ်ခြင်းအဖိုးအခကို ဂုဏ်ပြုချီးမွမ်းရပေမည်။ ကျွန်ုပ်တို့၏ တပည့်တော်ဖြစ်စေခြင်း ခရီးမှာ ဤသို့ ဖြစ်သည် – အသစ်တဖန်မွေးဖွားခြင်း (ဖြောင့်မတ်စေခြင်း) မှ အသစ်သောအသက်တာသို့ တိုးတက်ကြီးပွားခြင်း (သန့်ရှင်းစေခြင်း) သို့ ဦးတည်ရပေမည်။

ဤအချက်က ကျွန်ုပ်တို့ကို စောင့်ကြိုသည့် လာမည့်ထာဝရစုံလင်ခြင်းအတွက် စိတ်ချမှု ပေးသည့်အပြင် ထူးခြားသောအသက်တာဖြင့် ယနေ့ အသက်ရှင်ရန် လိုအပ်မှုများကိုလည်း ဖြည့်ဆည်းပေးသည်။

တပည့်တော်တစ်ယောက်၏အသက်တာ၌ ပြုပြင်ပြောင်းလဲမှုကို ယေရှု၏နောက်တော်သို့ အမှန်တကယ် လိုက်သော သူတစ်ယောက်၏ အသက်တာမှ စီးဆင်းလာသည့် ဝိညာဉ်အသီးများ၌ အထင်အရှား တွေ့နိုင်သည် (ဂလာတိ ၅း၂၂-၂၃)။ ဤအသီးများထဲမှ နောက်ဆုံးအသီးမှာ မိမိကိုမိမိ ထိန်းချုပ်ခြင်း သို့မဟုတ် ကိုယ်ပိုင်စည်းကမ်းရှိခြင်း ဖြစ်သည်။ ဘုရားသခင်သည် ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့ကို ကိုယ်ပိုင်စည်းကမ်း ရှိရန် ခွန်အားပေးထားသည်။ သို့သော်၊ ဘုရားသခင်နှင့်အတူ ပူးပေါင်းလုပ်ဆောင်ရပေမည် (ဖိလိ ၂း၁၂-၁၃)။

သန့်ရှင်းခြင်းနှင့် ဘုရားသခင်ကို နာခံခြင်း၌ ကြီးထွားနိုင်သည့် လက်တွေ့ကျသောနည်း ၄ မျိုး ရှိသည်။

ဘုရားသခင်နှင့် သီးသန့်အချိန်သုံးခြင်း

ဘုရားသခင်နှင့် ပို၍ အချိန်သုံးလေလေ ကျွန်ုပ်တို့အား ဘုရားသခင် ဖြစ်စေလိုသည့်အရာကို ပိုသိလေလေ ဖြစ်လိမ့်မည်။ ထိုနည်းတူ၊ ဆုတောင်းလေလေ ကျွန်ုပ်တို့၏ အားနည်းချက်များနှင့် သွေးဆောင်မှုများကို အနိုင်ယူနိုင်ရန် ဘုရားသခင်ကို ပို၍ အကူအညီ တောင်းနိုင်လေလေ ဖြစ်လိမ့်မည်။ ယေရှုနှင့် အချိန်သုံးခြင်းသည် သန့်ရှင်းခြင်း အသက်တာကို သင်ယူခြင်း ဖြစ်၍ ထိုသို့ သန့်ရှင်းရန်လည်း တန်ခိုးကို ရရှိလိမ့်မည်။

မိမိကိုမိမိ သတိပြုခြင်း

နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့ ဖတ်သည်နည်းတူ နှုတ်ကပတ်တော်ကလည်း ကျွန်ုပ်တို့ကို ဖတ်သည်။ မိမိအသက်တာကို ပြန်လည်ဆင်ခြင်သုံးသပ်စေကာ ကိုယ့်ကိုကိုယ် သတိပြုစေသည်။ မိမိကိုမိမိ သတိပြုခြင်းက ကျွန်ုပ်တို့အား ကိုယ့်အား နည်းချက်ကို မြင်စေသဖြင့် အန္တရာယ်ဖြစ်စေမည့်အရာများကို စတင်ငြင်းပယ်ရန် ကူညီပေးသည်။

အပေါင်းအသင်း

မိမိကိုမိမိ သတိပြုခြင်းဖြင့် မိမိအသက်တာကို သတိပြုဆင်ခြင်နိုင်သည့်အပြင် ယုံကြည်သူမိတ်သဟာယနှင့် အပေါင်း အသင်းထားရှိခြင်းဖြင့် မိမိအနီးအနား၌ရှိသောသူများ၏ စေတနာမေတ္တာထားကာ စစ်ဆေးခြင်းကိုလည်း ရရှိနိုင်သည်။ အပေါင်းအသင်းထားရှိခြင်းက သင့်ဘဝ၌ သူတပါး အကြံပေးနိုင်သည့် အခွင့်အရေးများကို ဖန်တီးပေးသကဲ့သို့ သင်ကိုယ်တိုင် သူတပါးကိုလည်း ပြန်လည်အကြံပေးနိုင်သည်။ သူတပါးထံ ရင်ဖွင့်ခြင်းက စိန်ခေါ်မှုများ ရှိသော်လည်း လူတစ်ဦးချင်းဖြစ်စေ၊ ဘုရားသခင်၏ မိသားစုအဖြစ် ဖြစ်စေ အခြားယုံကြည်သူများနှင့် အတူတူ ကြီးထွားခြင်း ခရီးနှင်နိုင်သည့် သမ္မာကျမ်းစာ၏ သွန်သင်ချက်ကို တားမြစ်ရာ မရောက်စေဖို့ အင်မတန် အရေးကြီးသည်။

အပြစ်ဝန်ချတောင်းပန်ခြင်း

အပြစ်ဖြေခြင်းအတွက် မဟုတ်ဘဲ တာဝန်ခံမှုရှိရန် အချင်းချင်းအပြစ်ဝန်ချတောင်းပန်ဖို့ ရှင်ယာကုပ် တိုက်တွန်း နှိုးဆော်ထားသည် (ယာကုပ် ၅း၁၆)။ သင်ရုန်းကန်နေသည့် အခက်အခဲများ၊ စုံစမ်းသွေးဆောင်ခြင်းများနှင့် ကျရှုံးမှုများကို အပြန်အလှန် ပွင့်လင်းရိုးသားစွာ ရင်ဖွင့်နိုင်မည့် ယုံကြည်ရသော မိတ်ဆွေသူငယ်ချင်းများ ထားရှိခြင်းသည် အင်မတန် အရေးကြီးသည်။ သင်ရုန်းကန်နေသည့်အခက်အခဲများကို အမှောင်ထဲတွင် ဆက်လက် သိမ်းထားပြီး ရှက်စရာအဖြစ် ခံယူရန် သင့်ကို ရန်သူက အလိုရှိသည်။ သို့သော်၊ အတူတူ ခရီးနှင်၍ အချင်းချင်း ကူညီကာ မိမိတို့၏ ကျရှုံးများကို ဘုရားသခင် ကယ်ဆယ်၍ ဖေးမနိုင်သည့် အလင်းသို့ ယူဆောင်ရန် ဘုရားသခင် အလိုတော်ရှိသည်။ ကျရှုံးမှုသည် ဘုရားသခင်အတွက် နောက်ဆုံး မဟုတ်သေးပါ။ စိတ်နှိမ့်ချခြင်းနှင့်တကွ ကျေးဇူးတော်၌ အပ်နှံခြင်းဖြင့် တျွန်ုပ်တို့ လုံးပန်းနေရသည့် အခက်အခဲများကို တာဝန်ခံမှုရှိခြင်းဖြင့် ဖြေရှင်းရသည်။

ဧဝံဂေလိဆရာများအနေဖြင့် ကျွန်ုပ်တို့ ဟောပြောသည့်တရားသည် တုံ့ပြန်မှုများကို မျှော်လင့်ဖို့အတွက်သာ မဟုတ်ဘဲ သန့်ရှင်းသောယုံကြည်သူများအဖြစ် ရင့်ကျက်ကြီးထွားသော တပည့်တော်များကို မွေးထုတ်ရန်လည်း ဖြစ်သည် (ကောလော ၁း၂၈–၂၉)။ ။ ဘုရားသခင်၏ ဒေသနာကို ရိုးသားမှုနှင့် တန်ခိုးဖြင့် ဤလောကသို့ သယ်ဆောင်သော သူမည့်သူများမှာ စစ်မှန်သော တပည့်တော်များသာ ဖြစ်သည်။ ၎င်းသည် သန့်ရှင်းသောပုဂ္ဂိုလ်များအတွက် သန့်ရှင်းသောတာဝန် ဖြစ်သည်။

ဆွေးနွေးခြင်း (၁၅ မိနစ်)

၁။ ဘုရားသခင်ကို မသိသောသူတစ်ယောက်ထံ ဘုရားသခင်၏ သန့်ရှင်းခြင်းကို သင်မည်သို့ ရှင်းပြမည်နည်း။

၂။ ခရစ်တော်၌ မည်သို့ "ယူတင်ဝတ်ဆောင်" ရကြမည်နည်း။

၃။ သူတပါးထံ သင့်ကိုသင် တာဝန်ခံမှုရှိရန် မည်သည့်အရာက အထောက်အကူပြု၍ တာဝန်ခံမှု မရှိရန် မည်သည့်အရာက အတားအဆီး ဖြစ်ပါသနည်း။

> "ခရစ်တော်နှင့် မိတ်သဟာယဖွဲ့ခြင်း မရှိဘဲလျက် သန့်ရှင်းခြင်း၌ လျှောက်လှမ်းနိုင်သည်ဟု သင်ထင်လျှင် သင်အမှားကြီး ကျူးလွန်နေသည်ကို သိပါ။ သန့်ရှင်းခြင်း ရှိဖို့ ယေရှုနှင့် နီးကပ်ဖို့ လိုအပ်သည်။"
>
> **ချားလ်စပါးဂျန်း**

လိုက်လျှောက်ကျင့်သုံးခြင်း (၅ မိနစ်)

(ဤ Advance အဖွဲ့ထဲမှ မဟုတ်ဘဲ) ပုံမှန် တွေ့ဆုံပြီး ရိုးသားပွင့်လင်းစွာ ရင်ဖွင့်နိုင်၍ တာဝန်ခံမှု ရှိနိုင်သော ယုံကြည်ရသည့် မိတ်ဆွေအစုအဖွဲ့ မရှိသေးလျှင် တာဝန်ခံမှု ပြုလုပ်နိုင်သော သူငယ်ချင်းများကို အမြန်ဆုံး ဖွဲ့စည်းလိုက်ပါ။ သင်ကိုယ်တိုင် ဤသို့ပြုလုပ်ပြီးဖြစ်လျှင် တာဝန်ခံမှုအစုအဖွဲ့ မရှိသေးသူထံ ၎င်းသည် သင့်အတွက် မည်မျှအရေးကြီးကြောင်းကို ဝေငှ၍ အစုအဖွဲ့ ဖွဲ့စည်းနိုင်ရန် အကြံဉာဏ်ပေးပါ။ ခွန်အားပေးပါ။

ဆုတောင်းခြင်း

ဘုရားသခင်၏ သန့်ရှင်းခြင်းကို သင်၏ဆုတောင်းခြင်းတွင် သတိပြု၍ ချီးမွမ်းပါ။ ကျွန်ုပ်တို့၏ ပုန်ကန်မှုအတွက် ခွင့်လွှတ်ခြင်း တောင်းခံပါ။ ယေရှု၏ လုပ်ဆောင်မှုကြောင့် သူ၏ဖြောင့်မတ်ခြင်းကို ကျွန်ုပ်တို့ မျှဝေခံစားနိုင် သောကြောင့် ကျေးဇူးတော် ချီးမွမ်းပါ။ သင့်ကို သန့်ရှင်းသောသူဖြစ်စေရန် သင့်အသက်တာ၌ ဆက်လက် အလုပ်လုပ်ဖို့ ဘုရားသခင်ထံ ဆုတောင်းပါ။ တပည့်တော်များ အဖြစ် ရင့်ကျက်ကြီးထွားဖို့ ကြိုးစားသည့်အလျောက် သန့်ရှင်းသော ဝိညာဉ်၏ တန်ခိုးတော်အောက်၌ မိမိကိုမိမိ အပ်နှံ၍ စည်းမျဉ်းစည်းကမ်းဖြင့် အသက်ရှင်ဖို့ ဆုံးဖြတ်ပါ။ သန့်ရှင်းသော ဒေသနာ အတွက် သန့်ရှင်းသောပုဂ္ဂိုလ်ဖြစ်လာရန် ကြိုးစားပါ။

တာဝန်ခံမှုရှိခြင်း (၂၅ မိနစ်)

မိမိတို့ အကြိမ်ကြိမ် ကျရှုံးသည့်အပိုင်းများကို နှစ်ယောက်တစ်တွဲဖြင့် အချင်းချင်း ပွင့်ပွင့်လင်းလင်း ဝန်ခံရန် ဤအခွင့်အရေးကို အသုံးပြုပါ။ မိမိအားနည်းချက်နှင့် ကျရှုံးများကို တစ်ဖက်သားထံ ရင်ဖွင့်ပြီးနောက် ၎င်းအပိုင်းနှင့် ပတ်သက်၍ အခြေအနေမည်သို့ရှိကြောင်း မကြာခဏ မေး၍ အချင်းချင်း ဆုတောင်းပေးရန် ဆုံးဖြတ်ကြပါ။

တာဝန်ခံမှုရှိခြင်းဖော်ကို နှစ်ယောက်တစ်တွဲဖြင့်ဖြစ်စေ၊ အဖွဲ့ငယ်လိုက်ဖြစ်စေ ပြည့်စုံအောင် ဖြည့်၍ အချင်း ချင်းအတွက် ဆုတောင်းကြပါ။

မမေ့ပါနှင့် ...

ကမ္ဘာတစ်ဝန်းလုံးရှိ Advance အဖွဲ့ဝင်ရှိ အမျိုးသား၊ အမျိုးသမီးများအားဖြင့် ဘုရားသခင် လုပ်ဆောင်သည့်အမှုများကို ဝေငှခြင်းဖြင့် Advance ရှိ အပေါင်းအသင်းအစုအဖွဲ့များကို ခွန်အားပေးလေ့ရှိသည်။ ကျွန်ုပ်တို့၏ လစဉ်အီးမဲလ်ကို လက်ခံရန် sign up လုပ်ဖို့ မမေ့ပါနှင့်။ ၎င်းအီးမဲလ်များတွင် ကမ္ဘာတစ်ဝန်းရှိ Advance အဖွဲ့များက ပို့သည့် သင့်ယုံကြည်ခြင်းနှင့် ဧဝံဂေလိတရား ဟောပြောခြင်းကို ခွန်အားဖြစ်စေမည့် အဖြစ်အပျက်ပုံပြင်များနှင့် သက်သေခံချက်များကို တွေ့လိမ့်မည်။

မှတ်စုများ

အစည်းအဝေး ၈
ဧဝံဂေလိဆရာ၏ ကိုယ်ကျင့်တရား

အသန့်ရှင်းဆုံးသော ယုံကြည်သူများသည် အနှိမ့်ချဆုံးသောသူများ ဖြစ်သည်။ သို့ဖြစ်လျှင်၊ ဧဝံဂေလိတရား ဟောပြောခြင်း၌ နှိမ့်ချခြင်း ရှိခြင်းက ဘာကို ဆိုလိုသနည်း။

အစည်းအဝေးကို ဝါကျတစ်ကြောင်းဖြင့် အကျဉ်းချုပ်ခြင်း
ဘုရားသခင့်နိုင်ငံတော်၏ သံတမန်ဟူသမျှအတွက် နှိမ့်ချခြင်းသည် အဓိကကျသည့် ကိုယ်ကျင့်တရား ဖြစ်၍ ၎င်းနှိမ့် ချခြင်းသည် ခရစ်တော်၌ စုံစုံလင်လင် တွေ့ရပြီး ကောင်းကင်ခမည်းတော်၏ ဘုန်းတော်အတွက် ကျွန်ုပ်တို့၏အထဲ၌ သန့်ရှင်းသောဝိညာဉ်တော်က ပြုပြင်၍ တန်ခိုးပေးသည်။

အစည်းအဝေး နောက်ကြောင်း
ယေရှု၏ဘဝဇာတ်ကြောင်း၌ အဓိကကျသော နှိမ့်ချခြင်းကို သားရတနာ ရမည့်အကြောင်း မာရိထံ ကောင်းကင်တမန် ဂါဗြေလ သတင်းပါးသည့်အချိန်မှစ၍ စတင်တွေ့နိုင်သည်။ အစေခံကျွန်မျှသာဖြစ်၍ မိမိ၏နိမ့်ချသောဘဝကိုပင် ပနေမထားဘဲ မိမိကို ဘုရားသခင် မမေ့သောကြောင့် မာရိသည် ဘုရားသခင်ကို ကိုးကွယ်၍ ကျေးဇူးတော် ချီးမွမ်း ခဲ့သည်။ တစ်နည်းအားဖြင့် ဆိုရလျှင် “ကျွန်မက သာမန်မိန်းကလေး တစ်ယောက်ပဲ … ကျွန်မကိုမှ ဘာကြောင့် ဘုရားသခင် အသုံးပြုမှာလဲ” ဟူသည့်သဘောမျိုးဖြင့် မာရိ ပြောနေခဲ့ခြင်း ဖြစ်သည်။

သင့်ကို အဘယ်ကြောင့် ဘုရားသခင် အသုံးပြုမည်နည်းဟူ၍ သင်စဉ်းစားတွေးတောဖူးပါသလား။

ရံဖန်ရံခါ ကျွန်ုပ်တို့သည် မိမိတို့၏ ဆုကျေးဇူးများ၊ ပင်ကိုယ်အရည်အချင်းများကို အားကိုး၍ ဤအရာတို့ကြောင့်ကို ကိုယ့်ကို ဘုရားသခင် အသုံးပြုမည်ဟူ၍ လွဲမှားစွာ ထင်မှတ်တတ်ကြသည်။ ဘုရားသခင်၏ ခေါ်ဆိုခြင်းသည် ကျွန်ုပ်တို့၏ ကိုယ်ကျင့်တရားနှင့်ဆိုင်သည်။ ပင်ကိုယ်အရည်အချင်းနှင့် မဆိုင်ပါ။ ဘုရားသခင်စိတ်တိုင်းအကျဆုံးသော ကိုယ်ကျင့်တရား၏ အလယ်ဗဟိုတွင် နှိမ့်ချခြင်း ရှိသည်။ မာနထောင်လွှားသောသူတို့ကို ဘုရားသခင် ကွဲပြားစေ၍ နှိမ့်ချသောသူတို့ကို ချီးမြှောက်သည့်အကြောင်း မာရိက ဆက်လက်ချီးမွမ်းသီချင်းဆိုခဲ့သည်။ ဂျူးလူငယ်အမျိုး သမီးတစ်ယောက်ဖြစ်သည့်အလျောက် ဤကဲ့သို့ ယုံကြည်မှုအပြည့်ဖြင့် ပြောထွက်နိုင်အောင် လိုအပ်သည့်အရာ အားလုံးကို ဓမ္မဟောင်းကျမ်း၌ သင်ယူခဲ့ပေလိမ့်မည်။ ယခုအခါ ၎င်းအဖြစ်မှန်ကို သူမ၏အသက်တာ၌ သူမကိုယ်တိုင် လက်တွေ့ခံစားလေပြီ။ ဘုရားသခင်သည် လောကီပညာရှိတို့ကို ဘေးဖယ်၍ မိမိ၏တန်ခိုးနှင့် ကျေးဇူးတော်အားဖြင့် နှိမ့်ချခြင်းရှိသည့် အလားအလာမရှိသော ပုဂ္ဂိုလ်များကို မိမိအကြံအစည်တော်အတွက် ထင်မှတ်မထားသည့်နည်း များဖြင့် အသုံးပြုရန် ရွေးချယ်လေ့ရှိသည်။ ကြီးမားသောအမှုများအတွက် ဘုရားသခင်၏ အသုံးတော်ခံရန် ပထမဆုံးခြေလှမ်းမှာ ဘုရားသခင်အပေါ် မိမိ၏ လုံးလုံးမှီခိုခြင်းကို သိမှတ်ခြင်းဖြစ်သည်။

ယေရှုသည် အလွန်နိမ့်ကျသောပတ်ဝန်းကျင်တွင် မွေးဖွားခဲ့သည်။ ဘုရင်တို့၏အရှင်သည် နွားစာခွက်ထဲတွင် သိပ်ထားခြင်း ခံခဲ့သည်။ ကြွယ်ဝချမ်းသာသော ဘုရင်တစ်ပါး၏ မွေးဖွားခြင်းသည် ဆင်းရဲမွဲတေသော အညတရ လူတစ်ယောက် မွေးဖွားခြင်းဖြင့် အစားထိုးသည်။ အလွန်နိမ့်ကျသောအခြင်းအရာဖြင့် အရာခပ်သိမ်းကို ဖန်ဆင်းရှင်နှင့် ကျွန်ုပ်တို့ကြား ပြန်လည်သင့်မြတ်ခြင်း အစပြုခဲ့သည်။

ကျွန်ုပ်တို့ လွန်ကျူးသောအပြစ်များအတွက် ဒုက္ခဝေဒနာကို ခံစားသောကျွန်အကြောင်း ဖော်ပြသည့် ဟေရှာယ ၅၃ ဖြစ်စေ၊ စေစားဖို့ မဟုတ်ဘဲ အစေခံဘဲ မိမိကြွလာကြောင်း ယေရှုကိုယ်တိုင် မိန့်တော်မူသည့်အချက်ဖြစ်စေ၊ တပည့်တော်များ၏ ခြေဆေးကြောခြင်းဖြစ်စေ၊ ဂေသရေမန်ဥယျာဉ်၌ ခမည်းတော်၏ အလိုတော်အောက် ဝန်ခံအပ်နှံခဲ့သည့်အချက်ဖြစ်စေ၊ သူ့ကို ရန်ပြုသောသူများအား စကားတစ်ခွန်းတည်းဖြင့် ချေမှုန်းနိုင်ခဲ့သော်လည်း အရိုက်ခံခြင်း၊ လှောင်ပြောင်ကဲ့ရဲ့ခံခြင်းနှင့် လက်ဝါးကပ်တိုင်တွင် အသေခံခြင်းကို ခွင့်ပြုခဲ့သည့်အချက်ကိုဖြစ်စေ သမ္မာကျမ်းစာ တစ်အုပ်လုံးကို ကြည့်သည့်အခါ သန့်ရှင်းသောနှိမ်ချခြင်းတန်ခိုးဖြင့် လူသားတို့၏ မာနထောင် လွှားခြင်းအမင်္ဂလာကို အနိုင်ယူခဲ့သည့် အစေခံဘုရင်အကြောင်းကို နေရာတိုင်းတွင် တွေ့ရမည်ဖြစ်သည်။

ဘုရားသခင်သည် မိမိလူတို့အား အသက်ရှင်စေချင်သည့်အတိုင်း သူတို့ကို ကယ်တင်ခဲ့သည်။ မာနထောင်လွှားခြင်းက ပျက်စီးခြင်း

သို့ ဦးတည်စေပြီး စိတ်နှိမ့်ချခြင်းက ထိုပျက်စီးခြင်းမှ လွတ်မြောက် စေသည်။

> "အကြောင်းမူကား၊ ငါတို့သခင်ယေရှုခရစ်သည် စည်းစိမ်ရှိသော်လည်း ဆင်းရဲတော်မူခြင်းအားဖြင့် သင်တို့သည် စည်းစိမ်ရှိစေခြင်းငှါ သင်တို့အတွက်ကြောင့် ဆင်းရဲခြင်းကို ခံတော်မူသော ကျေးဇူးတော်ကို သင်တို့သိကြ၏"
>
> **၂ ကော ၈း၉**

အစည်းအဝေး လမ်းညွှန်

တွေ့ဆုံခြင်း (၁၀-၂၀ မိနစ်)

တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံမိတ်ဆက်စကားပြောဖို့ အချိန်သုံးပါ။ သက်သေခံခြင်း၊ ခွန်အားပေးခြင်း၊ အခွင့်အရေးများကို အတူသုံးသပ်ခြင်းနှင့် အဖွဲ့အတွက် ခွန်အားဖြစ်စေမည့် မည်သည့်အကြောင်းအရာကိုမဆို ဝေငှပြောဆိုနိုင်သည်။ အဖွဲ့ငယ်လျှင် နောက်ဆုံးတွေ့ဆုံခဲ့သည့်အစည်းအဝေးမှစပြီး ယနေ့ကြား မိမိအနိုင်ယူ သည့်အရာတစ်ချက်နှင့် လုံးပန်းကျရှုံးသည့်အချက်တစ်ချက်စီကို အယောက်တိုင်း ပြောခိုင်းပါ။ အဖွဲ့ကြီးလျှင် လေးယောက် သို့မဟုတ် ငါးယောက်ခန့်ကို နောက်ဆုံးအစည်းအဝေးမှစပြီး မိမိအကြောင်းကို သက်သေခံခိုင်းပါ။

ဆုတောင်းခြင်း

အချိန်တစ်ခုလုံးကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံ၍ တွေ့ဆုံခြင်းအပိုင်းတွင် ကြားခဲ့သည့်အခြေအနေ အကောင်း၊ အဆိုးများအတွက် ဘုရားသခင်ထံ ဆုတောင်းဆက်ကပ်ပါ။

သွန်သင်ခြင်း (၂၅-၃၅ မိနစ်)

အောက်ပါသင်ခန်းစာများကို သင်နှစ်သက်သည့်နည်းဖြင့် သင်ပေးနိုင်သကဲ့သို့ တစ်လုံးမကျန် ဖတ်ပြခြင်းဖြင့်လည်း သင်ပေးနိုင်သည်။ ထို့ပြင်၊ သင်ကိုယ်တိုင် ပြင်ဆင်၍လည်း တင်ပြနိုင်သည်။

> "ရန်တွေ့လိုသောစိတ်၊ အချည်းနှီး ကျော်စောကိတ္တိကို တပ်မက်သောစိတ်ရှိ၍ အဘယ်အမှုကို မပြုကြနှင့်။ သူတစ်ပါးသည် ကိုယ်ထက်သာ၍ ကောင်းမြတ်သည်ဟု နှိမ့်ချသော စိတ်ရှိ၍ တစ်ယောက်ကိုတစ်ယောက် ထင်မှတ်ကြလော့။ ကိုယ်အမှုအရာကိုသာ မရှုမမှတ်ဘဲ၊ သူ့အမှုအရာကို အချင်းချင်းရှုမှတ်ကြလော့။
>
> ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်း ရှိစေကြလော့။
>
> ထိုသခင်သည် ဘုရားသခင်၏ သဏ္ဌာန်တော်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍၊ ဘုရားသခင်နှင့် ပြိုင်သောအမှုကို လုယူခြင်းအမှုဟူ၍ မထင်မမှတ်လျက်ပင်၊ မိမိအသရေကိုစွန့်၍ အစေခံကျွန်၏သဏ္ဌာန်ကို ယူဆောင်လျက်၊ လူကဲ့သို့သောအဖြစ်၌ ဖွားမြင်ခြင်းကို ခံတော်မူ၏။ ထိုသို့ လူ၏ ဂုဏ်အင်္ဂါလက္ခဏာနှင့် ပြည့်စုံလျက်၊ အသေခံခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ် နှိမ့်ချတော်မူ၏။–
>
> **ဖိလိ ၂း၃-၈**

C.S. Lewis ကို ကိုးကားရလျှင် "နှိမ့်ချခြင်းက ကိုယ့်ကိုကိုယ် အထင်သေးခြင်း မဟုတ်ဘူး။ ကိုယ့်အကြောင်းကို ဦးစားပေး မစဉ်းစားခြင်းသာ ဖြစ်တယ်"

ကိုယ့်ကိုကိုယ် အပြစ်တင်ဖို့ သို့မဟုတ် အထင်သေးဖို့ ကျမ်းစာက သွန်သင်မထားပါ။ ဘုရားသခင်သည် သင့်ကို ချစ်ခင်မြတ်နိုးသောကြောင့် ချစ်သားဟူ၍ သင့်ကို ခေါ်သည်။ သို့သော်၊ ခြားနားချက်တော့ ရှိသည်။ ကိုယ့်ကိုကိုယ် အထင်ကြီးလွန်းခြင်းက လူသားကို အပြစ်ထဲ ကျရောက်စေသည့် မာနထောင်လွှားခြင်းမျိုးထဲ ပို့နိုင်သည့် အန္တရာယ်ရှိသည်။ ကိုယ့်ကိုကိုယ် အထင်သေးခြင်းကလည်း ကျွန်ုပ်တို့အတွက် ဘုရားသခင် ဝယ်ယူခဲ့သည့်ဖြစ် တည်ခြင်းကို ငြင်းပယ်ခြင်းကဲ့သို့ ဖြစ်သည့်နည်းတူ အထင်ကြီးလွန်းခြင်းကလည်း ဘုရားသခင်၏ အနန္တတန်ခိုးတော်နှင့် ဘုရင်ဖြစ်ခြင်းကို အသိအမှတ်မပြုရာ ရောက်သည်။

အပြစ်ဟူသမျှ၏နောက်ကွယ်တွင် မာနရှိနေသည်။ "မာနထောင်လွှားသောအခါ အရှက်ကွဲခြင်း ဖြစ်တတ်၏။ စိတ်နှိမ့်ချသောသူတို့၌ကား ပညာရှိ၏" ဟူ၍ သုတ္တံကျမ်းတွင် သွန်သင်ထားသည် (သုတ္တံ ၁၁း၂)။ သမ္မာကျမ်းစာရှိ ပညာဆိုင်ရာကျမ်းအုပ်များတွင် မာနထောင်လွှားခြင်း၏ ဆန့်ကျင်ဘက်သဘောအဖြစ် နှိမ့်ချခြင်းပါရမီကို ဖော်ပြ၍ ၎င်းနှိမ့်ချခြင်းမှ စီးဆင်းလာသည့် ကောင်းချီးများကိုလည်း ဖော်ကျူးထားသည်။

ကျွန်ုပ်တို့သည် ကိုယ့်ကိုကိုယ် ကြော်ငြာမြှင့်တင်ခြင်းခေတ်ကာလတွင် အသက်ရှင်ကြသည်။ ယခုခေတ်တွင် ဒါဝိဒ်က ဂေါလျက်ကို သတ်ဖြတ်ခဲ့လျှင်ဟူ၍ စဉ်းစားကြည့်ပါ။ သွေးရဲရဲစီးနေစဉ် ဖြတ်ထားသောခေါင်းကို ကိုင်၍ selfie ဆွဲမည်မှာ သေချာသလောက်ရှိသည်။ ကျွန်ုပ်တို့အများစုသည် ကိုယ့်အောင်မြင်မှုများကို သီချင်းဖြင့် စပ်ဆိုခိုင်း၍ ဇာတ်ကားများ ရိုက်ကာ ရာထူးများကို လိုချင်ကြမည် ဖြစ်သည်။ သို့သော်၊ ဒါဝိဒ်သည် မိမိရေးစပ်ထားသည့် ဆာလံကျမ်းများတွင် မိမိ၏အောင်မြင်မှုများကို ထည့်သွင်းစပ်ဆိုခြင်း မပြုခဲ့ဖူးပါ။ ၎င်းကို ဒီအယ်မူးဒီက သူ၏ နှိမ့်ချခြင်းဒေသနာတွင် ထည့်ဟောခဲ့ဖူးသည်။ ယခုခေတ်တွင် ကျွန်ုပ်တို့သည် ကြီးမြတ်ခြင်းကို မြည်းစမ်းဖူးကြည့်ရုံနှင့် ကိုယ့်ကိုကိုယ် ချန်ပီယံကြီးတစ်ယောက်ကဲ့သို့ ထင်မှတ်ပြီး နေရာ၊ ရာထူးများကို ရှာတတ်ကြသည်။ ဘုရားသခင်သည် သင့်အား သာသနာတစ်ခုကို တည်ဆောက်ရန် သို့မဟုတ် ရာထူးတစ်ခုကို တည်ဆောက်ရန် မတောင်းဆိုပါ။ သင်၏ ကိုယ်ကျင့်တရားကို ဘုရားသခင် ပိုစိတ်ဝင်စားသည်။ မိမိ၏အကြံအစည်တော်အတွက် နှိမ့်ချခြင်းဖြင့် ချီးမြှောက်ခြင်းခံမည့်အကြောင်းကို ဘုရားသခင် ပိုစိတ်ဝင်စားသည် (လုကာ ၁၄း၁၁)။

ယေရှုသည် အစေခံကျွန်တစ်ယောက် လျှောက်သည့် နှိမ့်ကျသောလမ်းကို ရွေးခဲ့သည်။ ယေရှုသည် စေစားဖို့မဟုတ်၊ အစေခံဖို့ ကြွလာသော ဘုရင် ဖြစ်သည် (မာကု ၁၀း၄၅)။ တပည့်တော်များ၏ခြေ မဆေးမီ ယေရှုနှင့်ပတ်သက်၍ ရှင်ယောဟန် ပြောသည့် အချက်ကို သတိပြုပါ။

> "ခမည်းတော်သည် အလုံးစုံတို့ကို သူ၏လက်သို့ အပ်ပေးတော်မူသည်ကိုင်း၊ သူသည် ဘုရားသခင့်ထံတော်မှ ထွက်လာသည်ကိုင်း၊ ဘုရားသခင့်ထံတော်သို့ ကြွသွားမည်ကိုင်း ယေရှုသည် သိတော်မူသည်နှင့်၊ စားပွဲမှထ၍ ဝတ်လုံတော်ကို ချွတ်ပြီးလျှင် ပဝါကိုယူ၍ ခါးကို စည်းတော်မူ၏"
>
> **ယောဟန် ၁၃း၃-၄**

အလုံးစုံသည် မိမိတန်ခိုးအောက်၌ ရှိကြောင်းကိုလည်းကောင်း၊ မိမိ၏ဖြစ်တည်ခြင်းတစ်ခုလုံးကိုလည်းကောင်း သိသောကြောင့် ယေရှုသည် ခမည်းတော်၏ အလိုတော်ကို ထင်ရှားစေရန် အစေခံကျွန်အဖြစ်ကို ရွေးချယ်တော် မူခဲ့သည်။ အချင်းချင်း အမှန်တကယ် ခြေဆေးကြောခြင်းနှင့် ပတ်သက်၍ ကျမ်းစာလေ့လာခြင်း ပြုလုပ်ခဲ့ဖူး သည်လည်း ဖြစ်နိုင်သည်။ သို့သော်၊ လက်တွေ့အချင်းချင်း ခြေဆေးကြောခြင်းက တပည့်တော်များထံ ယေရှု ပြသခဲ့သည့်အချက်ကို အဓိက မဖော်ဆောင်နိုင်ပါ။ မိမိတို့၏ဆရာဖြစ်သူ မေရှိယက နှိမ့်ချခြင်းသဘောဆောင်၍ အစေခံစိတ်ဖြင့် တပည့်တော်များ၏ ခြေထောက်ကို ဆေးကြောသောအခါ တပည့်တော်များအနေဖြင့် နားလည်ဖို့ အင်မတန် ခက်ခဲခဲ့ပေလိမ့်မည်။

ဤသို့ စဉ်းစားကြည့်ပါ။ သင့်နိုင်ငံကို အုပ်စိုးသောဘုရင်က သင့်အိမ်ရှေ့တံခါးကို လာခေါက်သည် ဆိုပါစို့။ သင့်အိမ်ထဲသို့ ဝင်လာပြီး သင့်ကလေး၏ အညစ်အကြေးကို သန့်သန့်ရှင်းရှင်း ပြုလုပ်ပေးသည် ဆိုပါစို့။ ကလေး၏ အညစ်အကြေးသည် အလွန်နံစော်နေသည်သာမက ထိုအညစ်အကြေးသည် ဘုရင့်လက်တော်၌ ပေကျံနေသည်ကို သင်သတိထားမိသည်။ သို့သော်၊ ဘုရင်သည် ၎င်းကို အရေးမလုပ်ဘဲ ကလေးနှင့်အတူ ပျော်မြူးစွာ ဆော့ကစားနေခဲ့သေးသည်။

တပည့်တော်များ၏ခြေကို ဆေးကြောချိန်တွင် ယုဒက မိမိအား ဖောက်ပြန်မည့်အကြောင်းကို ယေရှု သိနေခဲ့ကြောင်းကို မမေ့ပါနှင့်။ ပေတရုကလည်း မိမိအား ငြင်းပယ်မည့်အကြောင်းကို ယေရှု သိနေခဲ့သည်။ မိမိ၏တပည့်တော်များသည် မာနထောင်လွှား၍ အားနည်းသောသူများဖြစ်ကြောင်းကိုလည်း ယေရှု သိနေခဲ့သော်လည်း သူတို့ရှေ့တွင် မိမိ၏တန်ခိုးတော်ဖြင့် ကိုယ့်ကိုကိုယ် နှိမ့်ချခဲ့သည်။ သူတို့ အတုခိုးသင့်သည့် ပုံသက်သေကို ယေရှု ပြသခဲ့သည်။ အချင်းချင်း ခြေဆေးကြောပေးခြင်းကိုသာ မပြုဘဲ အရာရာ၌ စိတ်နှိမ့်ချသော အစေခံကျွန်များ ဖြစ်ရပေမည်။

ချားလ်စပါးဂျန်းနှင့် ပတ်သက်၍ လူသိများသော အဖြစ်အပျက်တစ်ခု ရှိသည်။ တရားဒေသနာဟောပြောခြင်းအတန်းကို ယူသော ကျောင်းသားတစ်ယောက်သည် မိမိကိုမိမိ အထင်ကြီးကာ မာနအပြည့်ဖြင့် တရားဟောစင်မြင့်ထက်သို့ တက်သွားပြီး ဟောပြောသောဒေသနာ အင်မတန် ဆိုးရွားသောကြောင့် အလွန်ဝမ်းနည်းသည့် မျက်နှာဖြင့် စင်မြင့်မှ ဆင်းလာပြီးနောက် ချားလ်စပါးဂျန်းက "စင်မြင့်ထက်ကနေ ဆင်းသလို စင်မြင့်ထက်ကို တက်ခဲ့မယ်ဆိုရင် တက်လာတုန်းကလို ဆင်းလာနိုင်မှာ ဖြစ်တယ်" ဟု ပြန်ပြောခဲ့သည်။

ကျွန်ုပ်တို့၏ ခေါ်ဆိုခြင်း မည်မျှပင် ကြီးမားပါစေ၊ ကျွန်ုပ်တို့၏ ဆုကျေးဇူး မည်မျှပင် အံ့ဖွယ် ဖြစ်ပါစေ၊ မည်မျှပင် အခွင့်အရေး ရပါစေ၊ ကျွန်ုပ်တို့၏ သာသနာ မည်မျှပင် နာမည်ကြီးပါစေ မည်သူကိုမျှ ကျွန်ုပ်တို့ မကယ်တင်နိုင်ပါ။ အပြစ်တရား၏ အခမှာ သေခြင်း ဖြစ်၍ (ရောမ ၆း၂၃) နှိမ့်ချခြင်း၏ အကျိုးမှာ အသက်ရှင်ခြင်း ဖြစ်သည် (သုတ္တံ ၂၂း၄)။ ကားတိုင်ထက်တွင် ကိုယ်စားအသေခံသော ဝေဒနာမျိုးစုံ ခံစားသည့် အစေခံကျွန်တစ်ယောက်အားဖြင့် ကျွန်ုပ်တို့သည် သူ့အပေါ် ယုံကြည်အားကိုးနိုင်၍ ကျွန်ုပ်တို့၏ မာနထောင်လွှားခြင်းဇာတိဟောင်း၌ နှိမ့်ချစွာ အသေခံခြင်းဖြင့် နေ့စဉ် မိမိကားတိုင်ကို ကျွန်ုပ်တို့ ထမ်းနိုင်သည်။ သေခြင်းမှ အသက်ရှင်ခြင်းသို့ ကျွန်ုပ်တို့ ရွှေ့ပြောင်းနိုင်သည်။ နှိမ့်ချခြင်းသည် ပါရမီတစ်ခုသက်သက် မဟုတ်၊ ယေရှုကို သခင်အဖြစ် အသိအမှတ်ပြုရန် တစ်ခုတည်းသော နည်း ဖြစ်သည်။

> "အကြောင်းမူကား၊ ထာဝရဘုရားသည် မိမိလူစုကို နှစ်သက်တော်မူ၏။ စိတ်နှိမ့်ချသောသူတို့ကို ကယ်တင်ခြင်းအားဖြင့် အသရေတင့်တယ်စေတော်မူ၏။"
>
> **ဆာလံ ၁၄၉း၄**

ဧဝံဂေလိတရား ဟောပြောရာတွင် နှိမ့်ချခြင်း ထားရှိခြင်းဆိုသည်မှာ သူတပါး၏ အလိုဆန္ဒကို ဖြည့်ဆည်းခြင်းသက်သက်၊ ဧဝံဂေလိတရားကို ပြုပြင်ပြောင်းလဲခြင်း၊ သူတပါး မကြိုက်မည်စိုး၍ သမ္မာတရားကို မဟောပြောခြင်းကို မဆိုလိုပါ။ ဧဝံဂေလိတရားသည် မာကြောသောနှလုံးသားအတွက် နှစ်လိုဖွယ်မကောင်းသောတရား ဖြစ်သည်။ ထိုနည်းတူ၊ ဧဝံဂေလိတရား ဟောပြောရာတွင် သတ္တိရှိခြင်းဆိုသည်မှာ ဧဝံဂေလိတရားကို သူတပါး နားလည်လာနိုင် အောင် မရှင်းပြဘဲ မရရအောင် ယုံကြည်လက်ခံလာဖို့ အတင်းတိုက်တွန်းခြင်းမျိုးကို မဆိုလိုပါ။ ဧဝံဂေလိတရား ဟောပြော ရာတွင် နှိမ့်ချခြင်း ထားရှိခြင်းဟု ဆိုရာတွင် အနည်းဆုံး အောက်ပါအချက်လေးချက် ပါဝင်သည်။

> **ဆွေးနွေးပါ –** ဧဝံဂေလိတရားဟောပြောခြင်း၌ နှိမ့်ချခြင်း ထားရှိရမည့် ကဏ္ဍလေးမျိုးကို ဆွေးနွေးတိုင် ပင်ပါ။ ဤလေးမျိုးကို သင်မည်သို့ လက်တွေ့ကျင့်သုံးနိုင်ပါမည်နည်း။

၁။ နှိမ့်ချစွာ ဘုရားအစေကို ခံပါ

မည်မျှပင် စိန်ခေါ်မှု ကြီးမား၍ အဆင်မပြေဘဲ ပေးဆပ်မှုကြီးမားပါစေ ကျွန်ုပ်တို့၏ အဓိကတာဝန်နှင့် ဆန္ဒမှာ ဘုရားသခင်၏ အစေကိုခံခြင်း ဖြစ်သင့်သည်။ အစေခံကျွန်၏ သဏ္ဌာန်ကိုဆောင်၍ ကျွန်ုပ်တို့သခင်၏ စကားကို နာခံသောသူများ ဖြစ်ဖို့ ဆန္ဒ ရှိကြပါသလော။

၂။ နှိမ့်ချစွာ မိမိကိုမိမိ လှစ်ဟစေပါ

နှိမ့်ချခြင်းတွင် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝရန် မိမိကိုမိမိ လှစ်ဟစေခြင်း ပါဝင်သည်။ ၎င်းသည် နှိမ့်ချသောအမှုဖြစ်သည်။ ကျွန်ုပ်တို့၏အထဲ၌ သန့်ရှင်းသောဝိညာဉ် ကျိန်းဝပ်ရန် ဖိတ်ခေါ်သည့်အခါ နှိမ့်ချခြင်းမှ တန်ခိုးရရှိခြင်းသို့ ရွှေ့သွားသည်။

၃။ နှိမ့်ချစွာ နှုတ်ကပတ်တော်ကို ခံယူပါ
ဘုရားသခင်၏ နှုတ်ကပတ်တော်ရှေ့၌ မိမိကိုမိမိ နှိမ့်ချပါ။ ကောင်းမွန်စွာ ဖတ်တတ်ဖို့နှင့် ၎င်းဆိုလိုရင်းအတိုင်း လက်ခံဖို့ သင်ယူပါ။ သင့်လိုအပ်ချက်နှင့် လိုက်လျောညီထွေမှု ဖြစ်စေရန် သမ္မာကျမ်းစာကို ပြောင်းလဲဖို့ မကြိုးစားပါနှင့်။ သင့်အထင်အမြင် သို့မဟုတ် ယဉ်ကျေးမှု၏ လွှမ်းမိုးမှုက မည်မျှပင် စိန်ခေါ်မှု ကြီးနေပါစေ ဘုရားသခင်၏ သမ္မာတရားကို နှိမ့်ချစွာ ရှာဖွေပါ။ ဘုရားသခင်၏ သမ္မာတရားကို ရှာဖွေ၍ ပညာကို လက်တွေ့ကျင့်သုံးရန် နှိမ့်ချခြင်း လိုအပ်သည်။

၄။ နှိမ့်ချစွာ ပျောက်ဆုံးသောဝိညာဉ်များ၏ အစေကို ခံပါ
ဟောပြောခြင်းသည် အရေးကြီးသော်လည်း နားဆင်သောသူတို့ကိုလည်း ကျွန်ုပ်တို့ ချစ်ရပေမည်။ သူတို့၏အစေကို ခံရမည်။ သူတို့ကို မေတ္တာပြဖို့ သူတို့ပြောစကားကိုလည်း သေချာ နားထောင်ရပေမည်။ သူတို့ထံသာ စကားပြောပြီး သူတို့ပြောသည့်အရာများကို နားထောင်ခြင်း မပြုလျှင် ဧဝံဂေလိတရားနှင့် သူတို့အသက်တာကြား ဆက်စပ်မှုကို ချန်လှပ်မည်ဖြစ်၍ အဓိပ္ပာယ်ရှိသော ဆက်ဆံရေးကို သူတို့နှင့် တည်ဆောက်၍ ရမည် မဟုတ်ပါ။

ကျွန်ုပ်တို့၏အထဲ၌ ဝိညာဉ်တော်အတွက် နေရာပေး၍ ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းခြင်းဖြင့်လည်းကောင်း၊ သမ္မာတရားအပေါ်၌ တည်ဆောက်ခြင်းဖြင့်လည်းကောင်း ဤလောက၌ ထိရောက်မှုရှိသောအစေခံများ ဖြစ်နိုင်ကြသည်။ လက်တွေ့ကျသောလိုအပ်ချက်များကို ဖြည့်ဆည်းခြင်း၊ (ဧဝံဂေလိတရားဟောပြောခြင်းတွင် လျစ်လျူရှုလေ့ရှိသော) သူတပါး ပြောစကားကို နားထောင်ခြင်း၊ ယေရှုအကြောင်းကို သစ္စာရှိရှိ ဟောပြောခြင်းတို့ကို ကျွန်ုပ်တို့ ပြုလုပ်နိုင်လိမ့်မည်။ ဧဝံဂေလိတရားဟောပြောခြင်း၌ အသီးအပွင့် ရှိလိုလျှင် ဘုရားသခင်ရှေ့တော်၌ နှိမ့်ချခြင်း ရှိရပေမည်။ နှိမ့်ချခြင်း ဒေသနာတွင် ဒီအယ်မူးဒီက ဤသို့ ဟောပြောခဲ့သည် –

> "ကျွန်တော့်လယ်ထဲမှာ အလှဆုံးအပင်တစ်ပင်လို့တောင် ထင်မှတ်လောက်တဲ့ သစ်တော်ပင်တစ်ပင် ရှိတယ်။ သူ့အကိုင်းအခက်တွေကလည်း ထွားကြိုင်းပြီး ဖယောင်းတိုင်လို မတ်လျက်ရှိတယ်။ ဒါပေမဲ့၊ တစ်ခါမှ အသီးမသီးဖူးဘူး။ အဲဒီခြံထဲမှာ အသီးများလွန်းလို့ အကိုင်းအခက်တွေက မြေကြီးကို ထိလုနီးပါးဖြစ်တဲ့ နောက်ထပ်အပင်တစ်ပင် ရှိတယ်။ မိတ်ဆွေတို့...နှိမ့်နှိမ့်ချချ အသက်ရှင်နိုင်မှသာ ဘုန်းတော်အတွက် ကျွန်ုပ်တို့ကို ဘုရားသခင် အသုံးပြုနိုင်မှာ ဖြစ်တယ်"

ဆွေးနွေးခြင်း (၁၅ မိနစ်)

၁။ သင့်အသက်တာတွင် နှိမ့်ချခြင်းနှင့် ပတ်သက်၍ သင်အခက်တွေ့လေ့ရှိသော ကဏ္ဍ ရှိပါသလား။

၂။ ဧဝံဂေလိတရားကို သတ္တိရှိရှိ ဟောပြောခြင်းနှင့် နှိမ့်နှိမ့်ချချ ဟောပြောခြင်းကြား ဆန့်ကျင်မှု ရှိပါသလား။

၃။ သူတပါး၏ အသက်တာ၌ တွေ့ရတတ်သည့် မာနထောင်လွှားခြင်း သို့မဟုတ် မစစ်မှန်သောနှိမ့်ချခြင်းကို မေတ္တာထား၍ မည်သို့ ထောက်ပြနိုင်သနည်း။

> "ခရစ်တော်အကြောင်းကို သင်ယူခြင်းတွင် ချစ်ခြင်းမေတ္တာနှင့် နှိမ့်ချခြင်းသည် အောင်မြင်မှုအကြီးမားဆုံးဖြစ်သည်ဟု ကျွန်ုပ် ယုံကြည်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏ သခင်ဖြစ်ကြောင်းမှာ ၎င်းတို့သည် သက်သေ ဖြစ်သည်။"
>
> **ဂျွန်နယူတန်**

လိုက်လျှောက်ကျင့်သုံးခြင်း (၅ မိနစ်)

မမျှော်လင့်သည့်နည်းနှင့် ပေးဆပ်ရသည့်နည်းဖြင့် သင့်ဘေးနားပတ်ဝန်းကျင်ရှိ ပုဂ္ဂိုလ်များကို သင်မည်သို့ အစေခံ၍ သူတို့အတွက် မည်သို့ ကောင်းချီးဖြစ်နိုင်မည့်အကြောင်းကို သေသေချာချာ စဉ်းစားပါ။ သင့်အသင်းတော် သို့မဟုတ် သာသနာတွင် သန့်ရှင်းရေးအလုပ်သမားကို ခန့်ကြပါသလား။ သူတို့ကို တစ်ရက် အိမ်ပြန်နားခိုင်းပြီး မိသားစုနှင့် အချိန်သုံးခိုင်း၍ သူတို့ လုပ်ရမည့်အရာကို ဝင်လုပ်ပေးပါ။ ရုံးခန်း၌ ကော်ဖီ သို့မဟုတ် ရေနွေးကြမ်းကို နေ့စဉ် ပထမဆုံး ပြုလုပ်သူဖြစ်ဖို့ ကြိုးစားပါ။ သင့်ကို အစေခံသည့်စားပွဲထိုးကို မုန့်ဖိုးပေး၍ သူတို့ကို ဘုရားသခင် ချစ်ကြောင်း စာရွက်တွင် မှတ်စု ရေးထားခဲ့ပေးပါ။ ဖန်တီးနိုင်စွမ်းရှိ၍ ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ပါ။

တစ်ဖက်တွင် ဤသို့ပြုလုပ်ခြင်းက တပည့်တော်များ၏ခြေကို ဆေးကြောပေးသည့် ခရစ်တော်၏ လုပ်ဆောင်ချက်ကို မမီသော်လည်း အခြားတစ်ဖက်တွင် အကြောင်းဖန်မှ လုပ်လေ့ရှိသည့် ကြင်နာမှုအဖြစ်သာ မမှတ်ယူစေချင်ပါ။ ဒုက္ခဝေဒနာ ခံစားခဲ့သောအစေခံကျွန် ခရစ်တော်ကို ပြန်မြင်ယောင်စေရန် သူတပါးအတွက် ကောင်းချီးဖြစ်မည့် အခွင့်အရေးများကို လက်လွှတ်မခံဘဲ နှိမ့်နှိမ့်ချချ၊ စေတနာမေတ္တာကို ရှေ့တန်းတင်ပြီး ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင် ရမည့်အရာများ ဖြစ်သည်။ ဘုရားသခင်၏ မျက်နှာသာပေးခြင်းကို ခံဖို့ ဤအရာတို့ကို လုပ်ရခြင်း မဟုတ်သကဲ့သို့ သူတပါး မြင်ကောင်းအောင်လည်း လုပ်ရခြင်း မဟုတ်ပါ (သင်လုပ်သည့်အရာများကို ဆိုရှယ်မီဒီယာပေါ်တွင် မတင်မီ သေချာပြန်စဉ်းစားပါ)။ နှိမ့်ချခြင်း၌ ရင့်ကျက်ကြီးထွားဖို့နှင့် ထိုမှတစ်ဆင့် ကျွန်ုပ်တို့၏အထဲ၌ ဘုရားသခင် ပိုအလုပ် လုပ်အောင် ကျွန်ုပ်တို့ လုပ်ရခြင်း ဖြစ်သည်။

ဆုတောင်းခြင်း

ခရစ်တော်၏ နှိမ့်ချခြင်းနှင့် အစေခံနှလုံးသားအတွက် ဘုရားသခင်ကို ချီးမွမ်းပါ။ သင့်ကို ဘုရားသခင် မြင်သကဲ့သို့ ကိုယ့်ကိုကိုယ် မြင်ပြီး နှိမ့်ချခြင်းနှင့် ပညာတရား၌ နေ့စဉ် ကြီးထွားရန် ဘုရားသခင်အတွက် ဆုတောင်းပါ။ ဧဝံဂေလိတရား ဟောပြောခြင်းတွင် သတ္တိရှိပြီး နှိမ့်ချတတ်ရန် အချင်းချင်းအတွက် ဆုတောင်းပေးကြပါ။

တာဝန်ခံမှု ရှိခြင်း (၁၅ မိနစ်)

မာနထောင်လွှားတတ်သောသူတို့အား ဝန်ခံဖို့ ဖိတ်ခေါ်ပါ။ ထိုသို့ ဝန်ခံခြင်းသည် မာနရှိသောသူအတွက် လွယ်ကူသည့် အရာ မဟုတ်ပါ။ ထို့နောက်၊ သူတို့နှင့်အတူ ဆုတောင်း၍ နှိမ့်ချခြင်း၌ ကြီးထွားကြကာ အစေခံနှလုံးသား ရှိရန် ဘုရားသခင်ထံ တောင်းဆိုပါ။

တာဝန်ခံမှုရှိခြင်းဖောင်ကို နှစ်ယောက်တစ်တွဲဖြင့်ဖြစ်စေ၊ အဖွဲ့ငယ်လိုက်ဖြစ်စေ ပြည့်စုံအောင် ဖြည့်၍ အချင်း ချင်းအတွက် ဆုတောင်းကြပါ။

မှတ်စုများ

မမေ့ပါနှင့် ...

ကိစ္စဟူသမျှကို သိသလိုလို မနေခြင်းနှင့် လေ့လာသင်ယူလိုစိတ် ရှိခြင်းသည် နှိမ့်ချသည့်နည်းတစ်မျိုး ဖြစ်သည်။ သင့်ယုံကြည်ခြင်းနှင့် သက်သေခံဟောပြောခြင်း၌ သင့်ကို ရင့်ကျက်ကြီးထွားစေနိုင်မည့် အကြောင်းအရာများကို advancegroups.org/blog တွင် ပုံမှန် လေ့လာသင်ယူနိုင်သည်။

အစည်းအဝေး ၉
ဧဝံဂေလိဆရာ၏ အခွင့်ထူး

မိမိအနီးအနား၌ ရှိသောသူတို့ထံ ဧဝံဂေလိတရား ဟောပြောဖို့ အခွင့်အရေးကို ရှာ၍ မြင်တတ်သည့်အပြင် ၎င်းအခွင့်အရေးကို အမိအရ ယူတတ်ခြင်းသည် ဧဝံဂေလိဆရာ ရရှိသည့် ဆုကျေးဇူး၏ လက္ခဏာတစ်ခု ဖြစ်သည်။ အခွင့်အရေး ဟူသမျှကို အကျိုးရှိရှိ အမိအရ ယူတတ်ခြင်းကို ဤအစည်းအဝေးတွင် ဆွေးနွေးသွားမည် ဖြစ်သည်။

အစည်းအဝေးကို ဝါကျတစ်ကြောင်းဖြင့် အကျဉ်းချုပ်ခြင်း
ဧဝံဂေလိတရား ဟောပြောဖို့ ကျွန်ုပ်တို့ထံ ရောက်လာသည့် အခွင့်အရေးဟူသမျှကို အမိအရ ယူဖို့ အမြဲ အဆင်သင့်ဖြစ်နေရမည့်အပြင် အခြေအနေနှင့် အချိန်ခါတိုင်းတွင် သတင်းကောင်းကို ရှင်းရှင်းလင်းလင်း ဟောပြောရှင်းပြနိုင်ရပေမည်။

အစည်းအဝေး နောက်ကြောင်း
ကျွန်ုပ်တို့၌ ရှိသည့်မျှော်လင့်ခြင်းအကြောင်းကို မေးလာသောသူ မှန်သမျှထံ ဧဝံဂေလိတရား ရှင်းပြဟောပြောရန် အဆင်သင့်ဖြစ်ဖို့ လိုအပ်ကြောင်း ရှင်ပေတရု တိုက်တွန်းထားသည် (၁ ပေ ၃း၁၅)။ အချိန်တိုင်း၊ အခြေအနေတိုင်းတွင် ဧဝံဂေလိတရား ဟောပြောဖို့ အဆင်သင့်ဖြစ်ရန် တိမောသေကို ရှင်ပေါလု မှာကြားခဲ့သည် (၂ တိ ၄း၂)။ အခွင့်အရေး မှန်သမျှကို အသုံးချတတ်ဖို့လည်း အခြားတစ်နေရာတွင် တိုက်တွန်းထားသည် (ကောလော ၄း၅)။ အချိန်တိုင်း အစေခံဖို့၊ ဟောပြောဖို့ အဆင်သင့်ဖြစ်ခြင်းကို ခရစ်တော်၏ အသက်တာ၌ ကျွန်ုပ်တို့ တွေ့နိုင်သည်။ ရံဖန်ရံခါ အခွင့်အရေး မြင်တတ်ဖို့ မျှော်လင့်မထားသည့်နေရာများကို ကြည့်တတ်ခြင်း (ဇက္ကဲနှင့် တွေ့ဆုံခြင်း၊ လုကာ ၁၉း၁-၂၀)၊ လူမှုရေးအရ စိန်ခေါ်မှုရှိသော အချိန်တွင်ပင် အဆင်သင့်ဖြစ်နေခြင်း (ရှမာရိအမျိုးသမီးနှင့် တွေ့ဆုံခြင်း၊ ယော ၄း၁-၂၆)၊ အခင့်အရေး ရတိုင်း သတ္တိရှိခြင်း (ဖာရိရှဲတစ်ယောက်၏ အိမ်သို့ ရောက်လာသည့် အပြစ်သားဖြစ်သော အမျိုးသမီး၊ လုကာ ၇း၃၆-၅၀)၊ လူ့အပယ်ခံများထံ ဝေငှဟောပြောခြင်း (နူနာများကို ကျန်းမာစေခြင်း၊ လုကာ ၁၇း၁၁-၁၉)၊ နှင့် မိမိကိုယ်တိုင် နာကျင်မှုဝေဒနာကို ခံစဉ် သမ္မာတရားကို ဟောပြောခြင်း (ကားတိုင်ထက်၌ သူခိုးလူဆိုးတစ်ယောက်ထံ ဟောပြောခြင်း၊ လုကာ ၂၃း၃၉-၄၃) စသည်တို့ ပါဝင်သည်။

ဘီလီဂရေဟမ် စီစဉ်ကျင်းပသည့် ဟောပြောပွဲများတွင် ဧဝံဂေလိတရားဟောပြောခြင်း သည် အလွန်နာမည်ကြီးသည်။ ဘီလီဂရေဟမ်လောက် လူမြောက်များစွာထံ ဟောပြောသောသူ တစ်ယောက်မျှ မရှိပါ။ သို့သော်၊ ထိုဟောပြောပွဲများတွင်သာ ဧဝံဂေလိတရား ဟောပြောခဲ့ခြင်း မဟုတ်ပါ။ ဘီလီဂရေဟမ်သည် သမ္မတများ သို့မဟုတ် တော်ဝင်များနှင့် တွေ့သည်ဖြစ်စေ၊ လူသိများသော တီဗီအစီအစဉ်တွင် ဆွေးနွေးဟောပြောသည်ဖြစ်စေ၊ နိုင်ငံရပ်ခြားရှိ စစ်သားများထံ အစေခံသည်ဖြစ်စေ၊ လမ်းတွင် လူများနှင့် တွေ့သည်ဖြစ်စေ တွေ့သောသူမှန်သမျှထံ ဧဝံဂေလိတရား ဟောပြောဖို့ အမြဲ အဆင်သင့် ရှိနေခဲ့သည်။

ဆရာကြီး ဘီလီဂရေဟမ်သည် မဟာစေခိုင်းချက်ကို လေးလေးနက်နက် သဘောပေါက်လို့ ဧဝံဂေလိတရား ဟောပြောဖို့ အမြဲ အဆင်သင့်ဖြစ်နေခဲ့ခြင်း မဟုတ်ပါ။ ဧဝံဂေလိတရားကို ကောင်းမွန်စွာ သဘောပေါက်လက်ခံ၍ ၎င်းဧဝံဂေလိတရားအပေါ် ပုံအပ်အသက်ရှင်သောကြောင့်သာ အခွင့်အရေးဟူသမျှကို အမိအရ ယူခဲ့ခြင်း ဖြစ်သည်။

အခွင့်အရေးကို အသုံးချ ဟောပြောခြင်းထက် ပိုသောစိတ်ကျေနပ်မှု ဖြစ်သည့် ပျောက်ဆုံးသောဝိညာဉ်များအတွက် သနားခြင်းကရုဏာရှိခြင်းသည် ဆုကျေးဇူးရရှိသည့် ဧဝံဂေလိဆရာများ၏ လက္ခဏာများမှ တစ်ခု ဖြစ်သည်။ ဧဝံဂေလိဆရာသည် လူတိုင်း ဧဝံဂေလိသတင်းကြားဖို့ စိတ်အားထက်သန်မည့်အပြင် သူတပါး၏ ပြစ်တင်ခြိမ်းခြောက် မှုရှိသည့်တိုင် အခွင့်အရေး ဟူသမျှကို အပိုင်ယူကာ ယေရှုအကြောင်းကို မပြောဘဲ နေနိုင်မည် မဟုတ်ပါ (တမန် ၄း၁၈-၂၀)။ ဧဝံဂေလိ ဟောပြောခြင်း ဆုကျေးဇူး ရရှိသောသူများသာမဟုတ်ဘဲ ယုံကြည်သူမည်သူမဆို ဧဝံဂေလိတရားကို မိမိအတွက် နားလည်၍ ကျေးဇူးတရား၌ အသက်ရှင်လေလေ ပျောက်ဆုံးသောသူများအတွက် သနားခြင်းကရုဏာစိတ် ရှိလေလေ ဖြစ်၍ ဘုရားသခင်၏ ပုံသဏ္ဌာန်တော်အတိုင်း ကြီးထွားအသက်ရှင်ကာ ဘုရားသခင်၏ သနားခြင်း ကရုဏာကို ဝေမျှတတ်လာမည် ဖြစ်သည်။

ဒဲ့စ်မွန်ဒိုဒ် ၏ ဖြစ်ရပ်မှန်ကို အခြေခံ၍ ဟက်ဆောကုန်း အမည်ရှိသော ဟောလီဝုဒ်ရုပ်ရှင်ဇာတ်ကားတစ်ကားရှိသည်။ ၎င်းဇာတ်ကားတွင် ဒဲ့စ်မွန်ဒိုဒ် သည် ဒုတိယကမ္ဘာစစ်အတွင်း ရှေ့တန်းဆေးအဖွဲ့အတွင် ပါဝင်ရန် အမည်စာရင်းပေးသွင်းခဲ့သည်။ သို့သော်၊ ဘုရားသခင်အပေါ် မိမိ၏ယုံကြည် ချက်ကြောင့် မည်သည့်အခြေအနေ ရောက်လာပါစေ သေနတ်ကိုင်ဆောင်ရန် ငြင်းပယ်ခဲ့သည်။ ဂျပန်ကျွန်းစုတစ်စု အပါအဝင် ဖြစ်သည့် အိုကေနာဝါကျွန်းတွင် တာဝန်ကျသော ဒဲ့စ်မွန်ဒိုဒ် သည် ဟက်ဆောကုန်း ရှိ ရန်သူ့နယ်နိမိတ်နားတွင် ရောက်နေခဲ့သည်။ ရန်သူဘက်မှ အပြင်းအထန် ပစ်ခတ်မှုကြောင့် အမေရိကန်နှင့် ဂျပန်နှစ်နိုင်ငံဘက်မှ ဒဏ်ရာရသော စစ်သားများ၏ အော်သံများကိုလည်း ကြားလျက် သူတို့ကို မိမိတတ်နိုင်သမျှ ကယ်တင်ဖို့ ကြိုးစားခဲ့သည်။ ယာယီအတွက် ပြုလုပ်ထားသည့် စက်သီးတွင် တပ်ထားသည့် ကြိုးဖြင့် လူနာတို့ကို တောင်ကုန်းပေါ်မှ အောက်သို့ လျှောချရသည်။ ဒဲ့စ်မွန်ဒိုဒ်ကိုယ်တိုင်လည်း လက်ဖြောင့်တပ်သား၏ ပစ်ခတ်မှုကြောင့် လက်မောင်းတွင် ဒဏ်ရာ ရရှိခဲ့သော်လည်း လူနာများကို ကယ်တင်ရန် သူတတ်နိုင်သလောက် ကြိုးစားခဲ့သေးသည်။ နောက်ပိုင်းတွင် သူ၏ခန္ဓာကိုယ်၌ ဗုံးဆန်အစအန ၁၇ လုံး တွေ့ခဲ့ကြသည်။

နှစ်ပေါင်းများစွာ ကြာပြီးနောက် ဤအတွေ့အကြုံကို မေးမြန်းချိန်တွင် ဒဲ့စ်မွန်ဒိုဒ်က အလွန်အမင်း မောပန်းပြီး မည်သူ့ကိုမျှ မကယ်နိုင်သည့် အခြေအနေမျိုး ရောက်သည့်အချိန်တွင် “ကိုယ်တော်… နောက်တစ်ယောက်လောက် ကယ်နိုင်ဖို့ ကျွန်တော့်ကို ကူညီပါ” ဟူ၍ ဆုတောင်းခဲ့ကြောင်း ပြန်ရှင်းပြခဲ့သည်။ ထိုနေ့တွင်၊ ဒဲ့စ်မွန်ဒိုဒ်သည် လူအယောက် ၇၅ ၏ အသက်ကို ကယ်တင်နိုင်ခဲ့သည်။

ဒဲ့စ်မွန်ဒိုဒ်၏ ဆုတောင်းသံသည် ဧဝံဂေလိဆရာ၏ ဆုတောင်းသံဖြစ်သင့်သည်။ ပျောက်ဆုံးသောဝိညာဉ်များအတွက် ဘုရားသခင်၏ ခံစားချက်နှလုံးသား ပိုင်ဆိုင်ထားသူများ၏ ဆုတောင်းသံဖြစ်သည်။ “ကိုယ်တော်…ခက်ခဲသည်ဖြစ်စေ၊ ပေးဆပ်ရသည်ဖြစ်စေ နောက်ထပ်တစ်ယောက်လောက်ထံ ဟောပြောနိုင်ဖို့ အခွင့်အရေး ပေးပါ”။

အစည်းအဝေး လမ်းညွှန်

တွေ့ဆုံခြင်း (၁၀-၂၀ မိနစ်)

တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံမိတ်ဆက်စကားပြောဖို့ အချိန်သုံးပါ။ သက်သေခံခြင်း၊ ခွန်အားပေးခြင်း၊ အခွင့်အရေးများကို အတူသုံးသပ်ခြင်းနှင့် အဖွဲ့အတွက် ခွန်အားဖြစ်စေမည့် မည်သည့်အကြောင်းအရာကိုမဆို ဝေငှပြောဆိုနိုင်သည်။ အဖွဲ့တွင် လူနည်းလျှင် နောက်ဆုံးတွေ့ဆုံခဲ့သည့်အချိန်မှစ၍ ယနေ့အထိ မိမိအနိုင်ယူအောင် မြင်ခဲ့သည့်အရာတစ်ခုနှင့်ကျရှုံးခဲ့သည့်အရာတစ်ခုစီကို တစ်ယောက်ချင်းစီ ပြောခိုင်းပါ။ အဖွဲ့တွင် လူများလျှင် နောက်ဆုံးအစည်းအဝေးမှစ၍ ယနေ့အထိ မိမိအကြောင်းကို သက်သေခံလိုသောသူ လေးယောက် သို့မဟုတ် ငါးယောက်ကို သက်သေခံခိုင်းပါ။

ဆုတောင်းခြင်း

အချိန်တစ်ခုလုံးကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံ၍ တွေ့ဆုံခြင်းအပိုင်းတွင် ကြားခဲ့သည့်အခြေအနေ အကောင်း၊ အဆိုးများအတွက် ဘုရားသခင်ထံ ဆုတောင်းဆက်ကပ်ပါ။

သွန်သင်ခြင်း (၂၀-၃၀ မိနစ်)

အောက်ပါသင်ခန်းစာများကို သင်နှစ်သက်သည့်နည်းဖြင့် သင်ပေးနိုင်သကဲ့သို့ တစ်လုံးမကျန် ဖတ်ပြခြင်းဖြင့်လည်း သင်ပေးနိုင်သည်။ ထို့ပြင်၊ သင်ကိုယ်တိုင် ပြင်ဆင်၍လည်း တင်ပြနိုင်သည်။

> ”ထိုအခါ ပဌနာပြုရသော သုံးချက်တီးအချိန်၌ ပေတရုနှင့် ယောဟန်တို့သည် ဗိမာန်တော်သို့ တက်ကြသည်ရှိသော် အမိဝမ်းတွင်းကပင် ခြေမစွမ်းသောသူတယောက်ကို သူတပါးတို့သည် ထမ်းလျက်လာကြ၏။ ဗိမာန်တော်သို့ ဝင်သောသူတို့မှာ စွန့်ကြဲခြင်းကို ခံစေခြင်းငှါ တင့်တယ်အမည်ရှိသော တံခါးနားမှာ ထိုသူကို ထားလေ့ရှိ၏။ ပေတရုနှင့် ယောဟန်တို့သည် ဗိမန်ာတော်သို့ ဝင်လာကြသည်ကို ထိုသူသည် မြင်လျှင် စွန့်ကြဲပါဟု တောင်းလေ၏။ ထိုအခါ ပေတရုနှင့် ယောဟန်တို့သည် ထိုသူကို စေ့စေ့ကြည့်ရှု၍ ငါတို့အား မျှော်ကြည့်လော့ဟုဆိုလျှင် ထိုသူသည် တစုံတခုကို ရမည်ဟု စိတ်ထင်နှင့်တမန်တော်တို့ကို မျှော်ကြည့်လျက် နေ၏။ ပေတရုကလည်း ငါ၌ ရွှေငွေမရှိ။ ရှိသည်အရာကို သင့်အား ငါပေးမည်။ နာဇရက်မြို့သား ယေရှုခရစ်၏ နာမတော်အားဖြင့် ထ၍ လှမ်းသွားလော့ဆိုလျက်”
>
> **တမန် ၃း၁-၆**

အခွင့်အရေးကို ဆုံးရှုံးဖို့က အင်မတန် လွယ်ကူသည်။ အသက်အရွယ် အိုမင်းရင့်ရော်လာသည့်အချိန်တွင် လူတော်တော်များများသည် မိမိတို့ ဆုံးရှုံးခဲ့သည့်အခွင့်အရေးများအပေါ် နောင်တရတတ်ကြသည်။ စမ်းကြည့်ဖို့ ယုံကြည်မှုသာ ရှိခဲ့လျှင် သို့မဟုတ် သူတပါး၏ အထင်အမြင်ကို မစိုးရိမ်ခဲ့ပဲ ကြိုးစားခဲ့လျှင် မိမိလုပ်ခဲ့သင့်သည့်အရာများ မလုပ်ခဲ့မိခြင်း အပေါ် နောင်တအကြီးအကျယ် ရတတ်ကြသည်။

“The Fear of Missing Out” သို့မဟုတ် FOMO ဟုခေါ်သည့် “အခွင့်အရေးဆုံးရှုံးမည်ကို ကြောက်ခြင်း” သည် ယခုခေတ် ဆိုရှယ်မီဒီယာလောကတွင် ရေပန်းစားနေသည်။ အဆက်အသွယ် ပြတ်သည်ဟု မရှိနိုင်သည့်လောကတွင် သူတပါး ပြုလုပ်သည့်အရာများကို ကျွန်ုပ်တို့ မြင်၍ ကျွန်ုပ်တို့ထက် သူတပါးက ဘဝအတွေ့အကြုံကောင်းများ ပိုင်ဆိုင်ကြောင်း ထင်ရသည့်အခါ “အခွင့်အရေးဆုံးရှုံးမည်ကို ကြောက်ခြင်း” (FOMO) က စတင်ဝင်ရောက်လာသည်။ ယေဘုယသဘောအရ ဆိုရလျှင် “အခွင့်အရေးဆုံးရှုံးမည်ကို ကြောက်ခြင်း” (FOMO) သည် အဆက်အသွယ်မပြတ်တောက်ခြင်း၏ ဘေးထွက်ဆိုးကျိုးဖြစ်၍ လူတစ်ယောက်အတွက် အကူအညီ မဖြစ်သည့်အပြင် အန္တရာယ်ပင် ရှိသည်။ ကျမ်းစာ ဖတ်ရှုသည့်အချိန်တွင်ကော “အခွင့်အရေးဆုံးရှုံးမည်ကို ကြောက်ခြင်း” ရှိပါသလား။ တမန်တော်ဝတ္ထုတွင် တပည့်တော်များနှင့် ကနဦးအသင်းတော်တို့၏ လုပ်ဆောင်မှုများကို ဖတ်ရှုသည့်

အခါ “အခွင့်အရေးဆုံးရှုံးမည်ကို ကြောက်ခြင်း” (FOMO) ကို ခံစားပါသလား။

ဓမ္မသစ်ကျမ်းရှိ တမန်တော်များအကြောင်းကို ဖတ်ရှုသည့်အခါ သူတို့၏ ဧဝံဂေလိတရား ဟောပြောခြင်းအတွေ့ အကြုံကို ကိုယ်တိုင်မတွေ့ကြုံသောကြောင့် တစ်စုံတစ်ခု ဆုံးရှုံးသလို ခံစားမိသည်လည်း ဖြစ်နိုင်သည်။ ခဲဖြင့် ပေါက်သတ်ခြင်းကဲ့သို့ ကြောက်စရာကောင်းသောအတွေ့အကြုံကို ကျွန်ုပ်တို့ အတော်များများက မလိုချင်ကြသော် လည်း တမန်တော်များ၏ သာသနာတွင် တစ်ပါးတည်း တွေ့ရသည့် အံ့ဖွယ်နိမိတ်လက္ခဏာများကို မြင်၍ တွေ့ကြုံခံစားရန် ကျွန်ုပ်တို့ အလိုရှိကြသည်။

တမန်တော်ဝတ္ထု ၃ တွင် နေ့စဉ်တွေ့လေ့ရှိသည့်အဖြစ်အပျက်ဖြစ်သော ပိုက်ဆံတောင်းနေသည့် ဒုက္ခိတတစ်ယောက်ကို ပေတရုနှင့် ယောဟန် တွေ့ခဲ့ကြသည်။ ပေတရုနှင့် ယောဟန်အနေဖြင့် ဤကံဆိုးသောပုဂ္ဂိုလ်ကို လျစ်လျူရှုပြီး ဖြတ်သွားရုံမျှသာ ပြုနိုင်ခဲ့ကြသကဲ့သို့ ပိုက်ဆံအနည်းငယ်ပေးပြီး ထွက်သွား၍လည်း ရသည်။

ဤနေရာတွင် အသုံးပြုထားသည့် စကားလုံးကို သတိပြုပါ။ ဆက်သွားမည့်အစား ပေတရုနှင့် ယောဟန်သည် ရပ်ခဲ့ကြသည်။ ထိုပုဂ္ဂိုလ်က ပေတရုနှင့် ယောဟန်က သေသေချာချာကြည့်ပြီး ထိုပုဂ္ဂိုလ်ကလည်း တစ်စုံတစ်ခု ရမည်အထင်ဖြင့် ပြန်ကြည့်သည့် သဘောတရား ပေါ်အောင် NRSV တွင် ဘာသာပြန်ထားသည်။

> **ဆွေးနွေးပါ** – သင့်ဘေးပတ်ဝန်းကျင်ရှိလောကကို သင်သေသေချာချာ ကြည့်ပါသလား။ ဧဝံဂေလိတရား ဟောပြောရန် ရောက်လာသည့်အခွင့်အရေးကို အမိအရ ဖမ်းယူရာတွင် သင်မည်မျှ ကျွမ်းကျင်ပါသနည်း။

အဆိုပါဒုက္ခိတသည် မိမိအလိုအပ်ဆုံးဖြစ်သည်ဟု ထင်မှတ်သောငွေကို ရရှိရန် အခွင့်အရေး တွေ့ခဲ့သည်။ ကံအား လျော်စွာ မိမိတို့ရှေ့၌ ကျရောက်သော အခွင့်အရေးကို တမန်တော်များက သတိထားမိခဲ့ကြပြီး ထိုဒုက္ခိတ အလိုအပ်ဆုံး ဖြစ်သည့် ယေရှုကပေးခဲ့ကြသည်။ ဒုက္ခိတ သို့မဟုတ် အပယ်ခံလူသားကို သနားခြင်းသက်သက်ကြောင့် မဟုတ်ဘဲ ပျောက်ဆုံးသောဝိညာဉ်ကို ချစ်သည့်စိတ်ကြောင့် ပေတရုနှင့် ယောဟန် ဆက်မသွားဘဲ ရပ်ခဲ့ကြသည်။

ဘုရားသခင်ကို ချီးမြှောက်သောသူသည် ဘုရားသခင်၏ ချီးမြှောက်ခြင်း ခံမည်ဖြစ်ကြောင်း သမ္မာကျမ်းစာတွင် ဖော်ပြထားသည် (၁ ဓမ္မ ၂း၃၀)။ “သေးငယ်သောအမှု” ၌ ဘုရားကို ချီးမြှောက်သည့်အခါ ပို၍ သိသာသည်။ သေးငယ်သောအရာ၊ လူသူမမြင်သောအရာတို့၌ ယုံကြည်ထိုက်သူအဖြစ် ကိုယ့်ကိုကိုယ် ကျွန်ုပ်တို့ သက်သေပြသည့် အခါ ကြီးသောအမှုကို ဘုရားသခင်အပ်ပေးလိမ့်မည်။ ပို၍ ကြီးမားသောစင်မြင့် ဖြစ်သည်။ သို့သော်၊ အဘယ်ကြောင့် ပရိတ်သတ်အများအပြားကိုသာ လိုချင်ရသနည်း။ ကြီးမားသောစင်မြင့်ထက် ကျွန်ုပ်တို့၏အသက်တာ၌ ကြီးမားစွာ ထင်ရှားသော သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးသည် ပို၍ကောင်းသည်။ ဘုရားသခင်ထံ သင့်ကိုသင် အပ်နှံသည့်အခါ အသက်ရှင်သောဘုရားသခင်၏ ဝိညာဉ်တော်ကို အပြည့်အဝ သင်ရရှိနိုင်သည်။ သို့သော်၊ မိမိအမှုတော် မြတ်အတွက် အကောင်းဆုံး အသုံးပြုမည့်သူများကိုသာ အပြည့်အဝ ထပ်ခါတလဲလဲ ပေးလေ့ရှိသည်။ ဘုရားသခင်၏ အကူအညီဖြင့် ဂေါလျက်ကို ဣသရေလလူမျိုး မည်သူမဆို သတ်နိုင်ခဲ့မည်မှန်သော်လည်း ဒါဝိဒ်တစ်ယောက်သည် ၎င်းအမှုအတွက် ယုံကြည်ထိုက်သူဖြစ်ကြောင်း သက်သေပြခဲ့ပြီး ရှေ့ထွက်ခဲ့သူ ဖြစ်သည်။ ဤသို့ ဖြင့် ပလ္လင်ရမည့်အလားအလာ အစပြုခဲ့သည်။

စွန့်စားမှုအပြည့်အဝ လိုချင်လျှင် သေးငယ်သောအမှုနှင့် နေ့စဉ်ရရှိသည့် အခွင့်အရေးတိုင်း၌ သစ္စာရှိ၍ ဘုရားသခင် လုပ်ဆောင်သည့်အမှုကို ကြည့်ပါ။ ထိုအခွင့်အရေးများကို အမိအရ ယူဖို့ လှုံ့ဆော်မှုဆန္ဒ မရှိလျှင် သင်၏သက်တောင့် သက်သာနေရာမှ သင့်ကိုခေါ်ထုတ်၍ သင်ဆန္ဒမရှိသည့်အချိန်တွင်လည်း ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်တတ်ရန် ဘုရားသခင်ထံ အကူအညီ တောင်းပါ။ သင်လက်လွှတ်ဆုံးရှုံးခဲ့သည့် အခွင့်အရေးများအပေါ် လိပ်ပြာမလုံဘဲ ဘုရား သခင်ကို စိတ်ပျက်စေမိသည်ဟု သင်ခံစားလျှင် လက်လွှတ်ဆုံးရှုံးခဲ့သည့်အခွင့်အရေးများအပေါ် လိပ်ပြာမလုံဘဲ နေဖို့ ဘုရားသခင် အလိုတော် မရှိကြောင်းပါ သတိရ၍ ဘုရားသခင်ကို ချစ်သောကြောင့် ပျောက်ဆုံးသောဝိညာဉ်များကို ချစ်တတ်ရန် သင့်ကို အလိုရှိကြောင်းကိုလည်း အောက်မေ့ပါ။

ပြည့်စုံသောသူ တစ်ယောက်မျှ မရှိပါ။ တမန်တော်များကိုယ်တိုင် သူတို့၏ဧဝံဂေလိတရား ဟောပြောခြင်းတွင် အမှားများကျူးလွန်မိကာ လက်လွှတ်ဆုံးရှုံးခဲ့သည့်အ ခွင့်အရေးများလည်း ရှိခဲ့မည်မှာ သေချာသည်။ မိမိအပေါ် ဖိအားများစေသည့် မဖြစ်နိုင်သောစံနှုန်းဖြင့် ကိုယ့်ကိုကိုယ် မတိုင်းတာမိဖို့ အရေးကြီးသည်။ ကျေးဇူးတရားကြွယ်ဝစေသည့် ဘုရားသခင်၏ အနှိုင်းမဲ့မေတ္တာတော်ဖြင့် ကိုယ့်ကိုကိုယ် တိုင်းတာသင့်ပေသည်။ ဤနည်းအတိုင်း ကျွန်ုပ်တို့သည် နေ့စဉ် ဘုရားသခင် ချပေးထားသည့် အခွင့်အရေးများ၌ သစ္စာရှိကာ တဖြည်းဖြည်း ရင့်ကျက်ကြီး ထွားလာနိုင်ကြသည်။

“ဘုရားသခင်က ကျွန်တော့်ကို အသက်ကယ်လှေတစ်စင်း ပေးထားပြီး ‘မူးဒီရယ်…တတ်နိုင်သလောက် လူတွေကို ကယ်တင်ပါ’” ဟု ဒီအယ်မူးဒီ ပြောခဲ့ဖူးသည်။

ဘုရားသခင်အပေါ် ထားရှိသည့် သင်၏ချစ်ခြင်းမေတ္တာနှင့် လောကီလူသားတို့အပေါ် ဘုရားသခင်ထားရှိသည့် ချစ်ခြင်းမေတ္တာက မည်သူသည် ရေနစ်နေ၍ မည်သူ့ကို ရေထဲမှ ဆယ်ယူရမည်ကို သိမြင်ကာ သင်၏ကြီးထွားခြင်း အတိုင်းအဆကိုလည်း ညွှန်ပြပေးလိမ့်မည်။

နေ့စဉ် ကြုံတတ်သည့်အခွင့်အရေးများကို သတိထားမိ၍ သစ္စာရှိသောသူဖြစ်နိုင်ရန် လက်တွေ့ကျသော အောက်ပါ အကြံပြုချက်များကို ဆင်ခြင်ကြည့်ပါ။

၁။ မှတ်စုရေးခြင်း

မှတ်စုရေးခြင်းနှင့် ပတ်သက်၍ အထောက်အကူ ပြုသည့် ရှုထောင့်များစွာ ရှိသည်။ အခွင့်အရေးကို စိတ်ထဲတွင် အမြဲမှတ်ထား၍ သင့်နေ့စဉ်ဘဝမှတ်တမ်းကို အသေးစိတ် ချရေးပါ။ သင့်အလုပ်ခွင်တွင် မည်သူနှင့် အချိန်သုံး လေ့ရှိသနည်း။ သင့်မြို့ရှိ အိမ်ခြေရာမဲ့တစ်ယောက်ကို အမြဲ လျစ်လျူရှုပြီး ဖြတ်သွားလေ့ရှိပါသလား။ ကျောင်းဂိတ်ဝတွင် စကားပြောလေ့ရှိ ပါသလား။ ဤပုဂ္ဂိုလ်များ

ကို သင့်မှတ်စုတွင် ထည့်ရေးခြင်းက သင့်စိတ်ထဲတွင် အမြဲရှိနေစေ၍ သူတို့အတွက် သင်ဆုတောင်းပေးနိုင်သည်။ ထို့ပြင်၊ မိမိကိုမိမိ ပြန်လည်သုံးသပ်ခြင်းအတွက် အသုံးပြုနိုင်သည်။ သူတို့နှင့် စကားပြောကြိမ် များလာသည်နှင့်အမျှ ဘာသာရေးအကြောင်းကို ပြောဖြစ်ရန် တမင် ရည်ရွယ်ပါသလား။ ရက်သတ္တပတ်ပေါင်းများစွာ အရေးမကြီးသောအရာများကိုသာ ပြောကြပါသလား။ သို့မဟုတ် နက်နဲသောအရာများကို ပြောဆိုဆွေးနွေးဖို့ ကြိုးစားကြည့်ဖူးပါသလား။ သင်ဆန္ဒရှိလျှင် သင်တာဝန်ခံမှုရှိရန် သင့်မှတ်စုများကို ဖတ်ပေး၍ မေးမြန်းနိုင်မည့်သူတစ်ယောက်ကို အကူအညီတောင်းပါ။

၂။ စိန်ခေါ်မှု

နေ့စဉ်အခွင့်အရေးများကို အမိအရ ယူဖို့ အခက်အခဲရှိလျှင် သင့်ကိုသင် စိန်ခေါ်မှု ပေးနိုင်သည်။ ဥပမာ – "ဒီတစ်ပတ် အတွင်း အနည်းဆုံး သူစိမ်းတစ်ယောက်ဆီမှာ ခရစ်တော်အကြောင်းကို ဟောပြောမယ်။" ဤစိန်ခေါ်မှုသည် လက်တွေ့လည်းကျ၍ ထုတ်ဖော်ကြေညာသည့်သဘောလည်း သက်ရောက်နိုင်သည်။ ဤစိန်ခေါ်မှုက သင်ပုံမှန် ပြုလုပ်သည့် ဧဝံဂေလိတရား ဟောပြောခြင်းကို နောက်တစ်ဆင့်သို့ ပို့ဆောင်ပေးသင့်သည်။

၃။ စွန့်စားမှု

သင့်စိတ်ကို တာဝန်ဟူသည့်အသိမှ စွန့်စားမှုဟူသည့်အသိသို့ ပြောင်းပစ်ပါ။ ဧဝံဂေလိတရားဟောပြောဖို့ ကျွန်ုပ်တို့၌ တာဝန်ရှိ၍ ကျွန်ုပ်တို့ထံ ဘုရားသခင် တောင်းဆိုသည့်အရာကို ကျွန်ုပ်တို့ နာခံရမည်။ သို့သော်၊ ချစ်ခြင်းမေတ္တာ မရှိလျှင် အဓိကအချက်နှင့် လွဲသွားလိမ့်မည်။ သင့်တစ်ပတ်တာ အခွင့်အရေးများကို ကြိုတင်စဉ်းစား၍ ဝန်ထုပ်ဝန်ပိုးအဖြစ် မမြင်ဘဲ စွန့်စားမှုတစ်ခုအဖြစ် မြင်ပါ။ မနက် ၉ နာရီမှ ညနေ ၅ နာရီ အလုပ်လုပ်သောသူများစွာက စနေနေ့နှင့် တနင်္ဂနွေနေ့ကို စောင့်မျှော်တတ်ကြသည်။ ကျွန်ုပ်တို့လည်း နောက်ထပ်လာမည့်အခွင့်အရေးကို အလားတူ စိတ်အားထက်သန်မှုမျိုးဖြင့် စောင့်မျှော်သင့်သည် မဟုတ်လော။ ထိုသို့ဖြစ်လျှင် မှန်မြတ်သောစိတ်ထားဖြင့် စွန့်စားမှုကို ပိုက်ထွေးလာမည်ဖြစ်၍ စိန်ခေါ်မှု ကြီးမားသည့်အချိန်တွင်လည်း ဆက်သွားနိုင်မည်ဖြစ်သည်။

မာတင်လူသာက အောက်ပါအတိုင်း မိန့်ဆိုခဲ့ဖူးသည် –

> "ယုံကြည်ခြင်းသာ ရှိလျှင် ယုံကြည်သူတစ်ယောက်ကို ချုပ်ထိန်း၍ပင် ရမည် မဟုတ်ပါ။ မိမိဆန္ဒကို မိမိ ငြင်းပယ်ကာ ထွက်၍ မိမိအသက်ပေးဆပ်ရသည့်တိုင် ဧဝံဂေလိတရားကို ဝန်ခံသွန်သင်လိမ့်မည်။"

ဆွေးနွေးခြင်း (၂၀ မိနစ်)

၁။ သိသာထင်ရှားသောအခွင့်ရေးတစ်ခုကို ဆုံးရှုံးခဲ့ဖူးပါသလား။ ၎င်းအတွေ့အကြုံမှ သင်ဘာ သင်ယူခဲ့သနည်း။

၂။ ဧဝံဂေလိတရား ဟောပြောဖို့ ရလာသည့်အခွင့်အရေးတိုင်းကို လက်လွှတ်မခံ အမိအရ ယူရန် မည်သည့်အရာများက သင့်အတွက် အကြီးမားဆုံးသော စိန်ခေါ်မှုများ ဖြစ်သနည်း။

၃။ ပုံမှန်အားဖြင့် ဧဝံဂေလိတရားဘက် လမ်းကြောင်းမတည့်သည့် အခြေအနေတစ်ခုကို ဧဝံဂေလိတရား ဟောပြောဖို့ အခွင့်အရေးအဖြစ် ရည်ရွယ်ချက်ရှိရှိ သင်မည်သို့ဖန်တီးလေ့ရှိသနည်း။

၄။ (မှတ်စုရေးခြင်း၊ စိန်ခေါ်မှု၊ စွန့်စားမှု) သွန်သင်ခြင်းသင်ခန်းစာမှ အကြံပြုချက် သုံးချက်ကို ဆွေးနွေးတိုင်ပင်ပါ။ ဤအချက်သုံးချက်၏ တန်ဖိုးကို သင်မြင်ပါသလား။ ၎င်းတို့ကို သင်အကောင်အထည် ဖော်နိုင်ပါမည်လော။

> "သဘောတရားမှာ ဤသို့ ဖြစ်သည် – သင်အစေခံသည့်လူများ၏ လိုအပ်မှုအခြေအနေနှင့် သဟဇာတဖြစ်အောင် ပြုလုပ်ပါ။ သူတို့ကြားသိနားလည်နိုင်မည့် ပုံစံနှင့် အခြေအနေဖြင့် ဧဝံဂေလိတရားကို သူတို့ထံ သင်ဟောပြောရပေမည်။"
>
> **ကက်သရင်း ဘွတ်**

လိုက်လျှောက်ကျင့်သုံးခြင်း (၅ မိနစ်)

ပုံမှန်အားဖြင့် ကိုယ်ဆုံးရှုံးသည့်အခွင့်အရေး သို့မဟုတ် အခွင့်ကောင်း မယူဖို့ ရွေးချယ်ခဲ့သည့်အခွင့်အရေးမျိုးကို ယခုအခါ အမိအရ အခွင့်ကောင်းယူရန် ရည်ရွယ်ချက် စိတ်ပိုင်းဖြတ်ထားပါ။ သင်ဆက်သွယ်နိုင်သည့် သူငယ်ချင်း ဟောင်း ရှိပါသလား။ အိမ်ခြေရာမဲ့လူတစ်ယောက်ကို စကားပြောဖို့ အချိန်ပေးနိုင်ပါသလား။ ထိုင်နေကျ လက်ဖက် ရည်ဆိုင်မှာ ပုံမှန်ထိုင်ဖြစ်လျှင် ယေရှုအကြောင်းကို သင်ပြောနိုင်ပါသလား။

အဖွဲ့သားတစ်ဦးချင်းစီက ယေရှုအကြောင်းကို ဝေငှဟောပြောဖို့ ရည်ရွယ်၍ တစ်ပတ်တာအတွင်း အခွင့်အရေးတစ်ခုခု ရှိမည်မှာ သေချာသည်။ ဤသို့အခွင့်ကောင်း ယူ၍ လာမည့်လတွင် အချင်းချင်း ပြန်အစီရင်ခံရန် စိတ်ပိုင်းဖြတ်ထားကြ ပါ။ ဤသို့ ပြုလုပ်ရခြင်းမှာ ထင်ရှားမြင်ရာ ပစ်မှတ်ပန်းတိုင် ချထားခြင်းမျိုး မဟုတ်ဘဲ အကျင့်စရိုက်တစ်ခုကို ပြောင်းလဲ တည်ဆောက်ရန် ဖြစ်ကြောင်းကို မမေ့ပါနှင့်။ တမင်ရည်ရွယ်၍ အစပြုသည့်အရာသည် အချိန်ကြာလာသည်နှင့်အမျှ ပုံမှန်အကျင့်တစ်ခုအဖြစ် ပြောင်းလဲသွားနိုင်သည်။

မှတ်စုချရေးတတ်ဖို့ သေချာစဉ်းစားပါ။

ဆုတောင်းခြင်း

သူတပါးထံ ဧဝံဂေလိတရားကို ဝေငှဟောပြောနိုင်ရန် ကျွန်ုပ်တို့အား ဘုရားသခင်က အခွင့်အရေးများ ပေးသောကြောင့် ဘုရားသခင်ထံ ကျေးဇူးတော် ချီးမွမ်းပါ။ အချိန်အတော်အတန်ကြာ သင်ရည်ရွယ်ထားခဲ့သည့် တိကျသေချာသော အခွင့်အရေးများကိုလည်း ပေးရန် ဘုရားသခင်ထံ ဆုတောင်းပါ။ ထိုနည်းတူ၊ နေ့စဉ် အခွင့်အရေးများကိုလည်း ဖန်တီးပေးရန် ဆုတောင်းပါ။ သင့်အနီးအနားရှိ အခွင့်အရေးများကို မြင်တတ်ရန်နှင့် ၎င်းအခွင့်အရေးများကို သတ္တိရှိရှိ အခွင့်ကောင်းယူရန် အချင်းချင်းအတွက် ဆုတောင်းပေးကြပါ။

တာဝန်ခံမှု ရှိခြင်း (၁၅ မိနစ်)

သုံးယောက်တစ်ဖွဲ့ ဖွဲ့ပြီး မိမိတို့ လျစ်လျူရှုခဲ့သည့် သေချာသော အခွင့်အရေးများကို ဆွေးနွေးပါ။ ပြဿနာအရင်းအမြစ်ဖြစ်သော အဘယ်ကြောင့် လျစ်လျူရှုခဲ့သည့်အကြောင်းကို ဆွေးနွေးတိုင်ပင်ပါ။ လိုအပ်လျှင် ဘုရားသခင်ထံမှ ခွင့်လွှတ်ခြင်းကို တောင်းခံ၍ အနာဂတ်တွင် အခွင့်အရေးများကို အပိုင်ယူနိုင်ရန် လက်တွေ့ကျသော အကြံများကို အချင်းချင်း ပေးကြပါ။

တာဝန်ခံမှုရှိခြင်းဖောင်ကို နှစ်ယောက်တစ်တွဲဖြင့်ဖြစ်စေ၊ အဖွဲ့ငယ်လိုက်ဖြစ်စေ ပြည့်စုံအောင် ဖြည့်၍ အချင်း ချင်းအတွက် ဆုတောင်းကြပါ။

မမေ့ပါနှင့် …

ဤခရီးအတွက် အချင်းချင်း ခွန်အားပေးတိုက်တွန်းခြင်းသည် အင်မတန် အရေးကြီးသည့်အချက် ဖြစ်သည်။ (messenger ကို အသုံးပြု၍) အချင်းချင်း အဆက်အသွယ် ပြုလုပ်ကြပါ။ အောင်မြင်မှုများကို အတူတူ အောင်ပွဲခံကြပါ။ တစ်ယောက်နှင့်တစ်ယောက် ချီးကျူးစကားဆို၍ ဆုတောင်းတင်ပြချက်များကို ဆုတောင်းပေးပါ။

မှတ်စုများ



အစည်းအဝေး ၁၀
ဧဝံဂေလိဆရာ၏ သစ္စာရှိခြင်း

သမ္မာကျမ်းစာသည် ယေရှုခရစ်တော်ကို ယုံကြည်ခြင်းဖြင့် မိမိတို့၏ ပုန်ကန်သောအပြစ်မှ နောင်တရ၍ ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ရန် ဘုရားသခင်၏ ဖိတ်ခေါ်မှုဗျာဒိတ်တော် ဖြစ်သည်။ ဧဝံဂေလိတရားကိုသာ တင်ပြရှင်းပြခြင်းမျိုး မဟုတ်ဘဲ ကြားနာသူတို့အား မိမိတို့ကြားနာခဲ့သည့် ဧဝံဂေလိတရားကို ရဲရဲဝံ့ဝံ့ လက်ခံရန် ဖိတ်ခေါ်ဖို့ ကျွန်ုပ်တို့မည်သို့ သေချာအောင် ပြုလုပ်ရမည်နည်း။

အစည်းအဝေးကို ဝါကျတစ်ကြောင်းဖြင့် အကျဉ်းချုပ်ခြင်း
ဧဝံဂေလိတရား ဟောပြောခြင်း တာဝန်သည် ဧဝံဂေလိတရားအလုံးစုံကို ဟောပြောရန် စိတ်ပိုင်းဖြတ်ထားခြင်းမျိုး ဖြစ်၍ ၎င်းတွင် မိမိတို့၏ ဦးတည်ရာလမ်းကြောင်း ပြောင်းကာ ယေရှုခရစ်တော်ကို ယုံကြည်ခြင်းဖြင့် စစ်မှန်သော ဘဝအသက်တာကို လက်တွေ့ခံစားရန် ကြားနာသူတို့အား ဖိတ်ခေါ်ခြင်းလည်း ပါဝင်သည်။

အစည်းအဝေး နောက်ကြောင်း
မိမိ၏ မင်္ဂလာရက်မြတ်နေ့၌ ဘုရားကျောင်းခန်းမဆောင် စင်မြင့်ထက်တွင် မတ်တပ်ရပ်နေသော သတို့သားအကြောင်း ကို စဉ်းစားကြည့်ပါ။ လှလှပပ ဆင်မြန်းထားသော အဆောက်အအုံကြီးကို ကြည့်၍ သတို့သမီး ဝင်လာမည့်အချိန်ကို ဆွေမျိုး၊ မိတ်ဆွေတို့နှင့်အတူ စိတ်လှုပ်ရှားစွာ စောင့်မျှော်ခဲ့သည်။ မိမိအိပ်မက်ထဲက အမျိုးသမီးသည် အချိန်မရွေး ရောက်လာနိုင်သည်။ ၁၀ မိနစ် ခန့်ကြာပြီဖြစ်သော်လည်း သတို့သမီး ရောက်မလာသေးပါ။ သတို့သမီး နောက်ကျတာ မထူးဆန်းပါဘူးလေဟူ၍ မိမိကိုမိမိ နှစ်သိမ့်သေးသည်။ သို့သော်၊ မိနစ် ၂၀ ခန့် ကြာညောင်းသော်လည်း သတို့သမီး၏ အရိပ်အယောင် မတွေ့ရသေး။ ရှက်ကြောက်သည့်လေသံဖြင့် အနည်းငယ် ရယ်မောခဲ့သေးသည်။ မိနစ် ၃၀ ကြာသော်လည်း သတို့သမီး ရောက်မလာသေးသည့်အပြင် အဘယ်ကြောင့် နောက်ကျရသည်ကိုလည်း မသိရ။ ကြွရောက်လာ သောပရိသတ်တို့၏ တီးတိုးညည်းညူမှုကြောင့် သတို့သားမှာ အနည်းငယ် ပျာယာခတ်စပြုလာသည်။ ၄၅ မိနစ်ပြီးလို့ တစ်နာရီကြာညောင်းသော်လည်း သတို့သမီး ရောက်မလာသေး။ ပရိသတ်များ၏ ညည်းတွားသံသည်လည်း ကျယ်လောင်သည်ထက် ကျယ်လောင်လာသည်။ ဘာများ ဖြစ်နေပါလိမ့်။ အကြောင်းတစ်ခုခုကြောင့် အမှန်တကယ် နောက်ကျလေခြင်းလား။ သို့မဟုတ် လုံးဝ ရောက်မလာဖို့ ဆုံးဖြတ်ခဲ့လေသလား။

သတို့သားသည် သတို့သမီး ရောက်မလာရသည့် ဖြစ်နိုင်ချေအကြောင်းအရင်းများကို စဉ်းစားခဲ့ပြီးနောက် သူသတိရ သည့်အချက်ကြောင့် နှလုံးအောင့်သည်အထိ ဖြစ်ခဲ့ရသည်။ သူ့ကို လက်ထပ်ထိမ်းမြားဖို့ သတို့သမီးကို အမှန်တကယ် မတောင်းဆိုခဲ့သေးခြင်း ဖြစ်သည်။

လူတစ်ယောက်ထံမှ တုံ့ပြန်မှုကို လိုချင်လျှင် ဖိတ်ခေါ်မှုက အင်မတန် အရေးကြီးသည်။ ရှင်မာကုက ယေရှု ဟောပြောခဲ့သည့် ဧဝံဂေလိတရားကို အနှစ်ချုပ်ဖြင့် ဤသို့ ရေးသားခဲ့သည်။ “အချိန်ပြည့်ပြီ။ ဘုရားသခင်၏ နိုင်ငံတော်သည် တည်လုနီးပြီ။ နောင်တရကြလော့” (မာကု ၁း၁၅)။

“နောင်တ” ဟူသည့် စကားလုံးကို လူတော်တော်များများ နားမလည်ကြသောကြောင့် ၎င်းစကားလုံးက ပြဿနာများစွာကို ဖန်တီးသည်။ “နောင်တ” ဟူသည့် စကားလုံးကို “ပြန်လှည့်ရင် လှည့်၊ မလှည့်ရင် သေ” ဟူသည့် တရားစီရင်ခြင်း သဘောမျိုးဖြင့် ကောက်ယူ၍ ဧဝံဂေလိတရားဟောပြောခြင်းကို နားလည်ကြသည်။ ထို့နောက်၊ ယခုတွင် “နောင်တ” ဟူသည့် စကားလုံးကို မနှစ်သက်သောသူများစွာ ရှိသည်။

သို့သော်၊ မှန်ကန်စွာ သဘောပေါက်ပါလျှင် “နောင်တ” ဟူသည့်စကားလုံးသည် အံ့ဖွယ်ကောင်းသော ဧဝံဂေလိဆိုင်ရာ သမ္မာတရားကို ဖော်ပြပေးသည်။ “နောင်တ” ဆိုသည်မှာ စိတ်ပြောင်းခြင်း၊ ဘဝဦးတည်ရာလမ်းကြောင်းပြောင်းခြင်း သဘောဆောင်သည်။ “လမ်းမှားကို သင်လိုက်နေတယ်။ ငါ့ကြောင့် ခမည်းတော်ထံသို့ သွားသည့် သမ္မာတရားလမ်းသို့ သင်လိုက်နိုင်သည်” ဟူသည့်သဘောမျိုးဖြင့် ယေရှု ပြောနေခြင်း ဖြစ်သည်။ သေခြင်းထက် အသက်ရှင်ခြင်းကို သိနိုင်ခွင့် ပေးသောကြောင့် နောင်တ

သည် ကြားသောသူတိုင်းအတွက် သတင်းကောင်း ဖြစ်သည်။ ဘုရားသခင်ကို ပုန်ကန်သောကြောင့် ကျွန်ုပ်တို့သည် မိမိအပေါ် တရားစီရင်ခြင်းကို ယူဆောင်လာကြသည်။ ၎င်းအဖြစ်မှန်ကို နောင်တတရားက သတိပေး၍ ထိုတရားစီရင်ခြင်းမှ လွတ်မြောက်ရန် ယေရှုကို သမ္မာတရားအဖြစ် လက်ခံဖို့ ဖိတ်ခေါ်ခြင်းလည်း ဖြစ်သည်။

နောင်တရခြင်း (ပြောင်းလဲခြင်း) တွင် သုံးမျိုး ပါဝင်ကြောင်း Walter A. Elwell နှင့် Barry J. Beitzel က ရှင်းပြကြသည်။

> "ပထမအနေဖြင့်၊ နောင်တရခြင်းတွင် တိကျသေချာသော အပြစ်၊ မှားယွင်းသောဘုရား၊ အတ္တအတွက် အသက်ရှင်သောဘဝတို့မှ ပြန်လည့်ခြင်း ဖြစ်သည် (၁ သက် ၁း၉၊ ဗျာဒိတ် ၉း၂၀၊ ၂၁ နှင့် ၁၆း၁၁)။ ဒုတိယအနေဖြင့်၊ ပြောင်းလဲခြင်းသည် ဘုရားသခင်၏ အလိုတော်နှင့် ဤလောကတွင် ဘုရားသခင် လုပ်ဆောင်သည့် ကျေးဇူးတော်အမှု၏ ရလဒ်ဖြစ်သည် (တမန် ၁၁း၁၈၊ ရောမ ၂း၄၊ ၂ ကော ၇း၁၀၊ ၂ တိ ၂း၂၅၊ ၂ ပေ ၃း၉)။ တတိယအနေဖြင့်၊ ပြောင်းလဲခြင်းသည် မိမိ၏ဘဝတစ်ခုလုံးကို အပ်နှံကာ ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်ထံ ပြန်လှည့်ခြင်း ဖြစ်သည် (တမန် ၁၄း၁၅၊ ၁ သက် ၁း၉၊ ၁ ပေ ၂း၂၅)။ ထို့ကြောင့်၊ ပြောင်းလဲခြင်းသို့မဟုတ် နောင်တရခြင်းသည် ကြီးကျယ်ခမ်းနားသည်ဖြစ်စေ၊ မခမ်းနားသည်ဖြစ်စေ၊ ချက်ခြင်းဖြစ်စေ၊ ဖြည်းဖြည်းချင်းဖြစ်စေ၊ ခံစားချက်အပြည့်ဖြင့်ဖြစ်စေ၊ တည်တည်ငြိမ်ငြိမ် ဖြစ်စေ ဘုရားသခင်ထံ ပြောင်းလဲရန် သစ္စာပြုခြင်းမျိုး ဖြစ်သည်။"

ယေရှုပြုခဲ့သည်နည်းတူ ပထမဆုံး ဧဝံဂေလိတရား ဟောပြောသောသူများသည် ကြားနာသူများ တုံ့ပြန်ရန် အခွင့်အရေး ကို ပေးခဲ့ကြသည်။ ယေရှုအကြောင်းဟောပြောခြင်းကို လေ့လာသည့်အခါ နောင်တရဖို့ ဖိတ်ခေါ်ခြင်းသည် ၎င်းဒေသနာ၏ အထွတ်အထိပ်အဖြစ် မြင်ရလေ့ရှိသည် (တမန် ၂း၃၇-၃၉၊ ၃း၂၅-၃၉၊ ၄း၁၂၊ ၅း၃၁၊ ၁၀း၄၃)။

ဧဝံဂေလိတရားတွင် ဘုရားသခင်ထံတော်မှ ထွက်မပြေးရန် လူသားတို့ကို ဖိတ်ခေါ်ခြင်း ပါဝင်သည်။ ယေရှုခရစ်တော်၌ ယုံကြည်ခြင်းဖြင့် ပြန်လှည့်၍ ဘုရားသခင်ကို ဖူးတွေ့နိုင်သည်။ ထိုသို့ပြုခြင်းဖြင့် ယေရှု၏ဖြစ်တည်ခြင်း သမ္မာတရား၏ ပြောင်းလဲစေခြင်းကို ခံပြီး ဝိညာဉ်တော်၏ တန်ခိုးတော်ဖြင့် ကျွန်ုပ်တို့၏အသက်တာ ပြောင်းလဲသွားသည်။

အစည်းအဝေး လမ်းညွှန်

တွေ့ဆုံခြင်း (၁၀-၂၀ မိနစ်)

တစ်ယောက်နှင့်တစ်ယောက် မိတ်ဆက်စကားပြောဖို့ အချိန်သုံးပါ။ သက်သေခံခြင်း၊ ခွန်အားပေးခြင်း၊ အခွင့်အရေး များကို အတူသုံးသပ်ခြင်းနှင့် အဖွဲ့အတွက် ခွန်အားဖြစ်စေမည့် မည်သည့်အကြောင်းအရာကိုမဆို ဝေငှပြောဆိုနိုင်သည်။ နောက်ဆုံးတွေ့ဆုံခဲ့သည့် အစည်းအဝေးနှင့် စပ်လျဉ်း၍ မိမိတို့ ရရှိခဲ့သည့် အခွင့်အရေးများကို ဆွေးနွေးတိုင်ပင်ကြပါ (အစည်းအဝေး ၉ – လိုက်လျှောက်ကျင့်သုံးခြင်း)။

ဆုတောင်းခြင်း

အချိန်ကို ဘုရားသခင်ထံ ဆုတောင်းဆက်ကပ်အပ်နှံ၍ လွန်ခဲ့သည့် ရက်သတ္တပတ်များတွင် ဧဝံဂေလိဝေငှဖို့ ရခဲ့သည့် အခွင့်အရေးများအတွက် ကျေးဇူးတော် ချီးမွမ်းပါ။ ထိုအခွင့်အရေးများကြောင့် ကယ်တင်ခြင်း ရခဲ့သောပုဂ္ဂိုလ်များ အတွက်လည်း ဆုတောင်းပေးပါ။

သွန်သင်ခြင်း (၃၀-၄၀ မိနစ်)

အောက်ပါသင်ခန်းစာများကို သင်နှစ်သက်သည့်နည်းဖြင့် သင်ပေးနိုင်သကဲ့သို့ တစ်လုံးမကျန် ဖတ်ပြခြင်းဖြင့်လည်း သင်ပေးနိုင်သည်။ ထို့ပြင်၊ သင်ကိုယ်တိုင် ပြင်ဆင်၍လည်း တင်ပြနိုင်သည်။

> "ထိုသူတို့သည် ကြားလျှင် စိတ်နှလုံးပူပန်ခြင်း ရှိ၍ ညီအစ်ကိုတို့ အဘယ်သို့ ပြုရမည်နည်းဟု ပေတရုမှစ၍ အခြား သောတမန်တော်တို့အား မေးမြန်းကြ၏။ ပေတရုကလည်း သင်တို့၏အပြစ်ကို လွှတ်စေခြင်းငှါ နောင်တရ၍ တယောက်မျှ မကြွင်း၊ ယေရှုခရစ်၏နာမ၌ ဗတ္တိဇံကို ခံကြလော့။ သို့ပြုလျှင်၊ သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော ဆုကျေးဇူးတော်ကို ခံရကြလိမ့်မည်။ အကြောင်းမူကား၊ ဂတိတော်သည် သင်တို့နှင့်၎င်း၊ သင်တို့၏သားသမီးတို့နှင့်၎င်း၊ ဝေးသောသူတို့တွင် ငါတို့၏ ဘုရားသခင် ထာဝရဘုရား ခေါ်တော်မူသမျှသောသူတို့နှင့်၎င်း ဆိုင်သည်ဟု ဟော၏"
>
> **တမန် ၂း၃၇-၃၉**

ဧဝံဂေလိတရားတွင် ကားတိုင်သည် အရေးပါသကဲ့သို့ ဖိတ်ခေါ်ခြင်းသည်လည်း အရေးပါသည်။ ပင်တေကုတ္တေပွဲနေ့ သန့်ရှင်းသောဝိညာဉ် ကြွလာခြင်းကို ခံစားပြီးနောက် ပေတရုသည် လူအစုအဝေးကြီးထံ ဧဝံဂေလိ ဟောပြောခဲ့သည်။ ဝိညာဉ်တော်၏ တန်ခိုး လုပ်ဆောင်မှုကြောင့် ဧဝံဂေလိတရား ကြားနာသူတို့သည် "စိတ်နှလုံး ပူပန်ခြင်း" ရှိခဲ့ကြသည်။

ဤသို့ ဖြစ်ပျက်ခဲ့သည်ဟု စဉ်းစားကြည့်ပါ။ ကြားနာသော ပရိသတ်တို့က ယေရှုကို ယုံကြည်ကိုးစားဖို့ အဆင်သင့်ဖြစ်နေ ချိန်တွင် ပေတရုသည် "အားလုံးကို ကျေးဇူးတင်ပါတယ်။ အားလုံး ကောင်းသောညပါ" ဟု နှုတ်ဆက်ပြီး သူငယ်ချင်း များနှင့် ထမင်းစားရန် ထွက်သွားခဲ့သည်။ လူအစုအဝေးကြီးသည်လည်း ကြားခဲ့သည့်ဒေသနာ၏ တို့ထိခြင်းကို ခံခဲ့ကြ သော်လည်း မည်သို့လက်တွေ့ တုံ့ပြန်ရမည်ကို မသိကြသောကြောင့် အဖြေမရှိသော မေးခွန်းများစွာဖြင့် အိမ်ပြန်သွား ခဲ့ကြသည်။ ပေတရု ဟောပြောခဲ့သည့် ယေရှုကို ယုံကြည်လက်ခံဖို့ အခွင့်အရေး မရခဲ့ကြပါ။

ကျေးဇူးတော်ကြောင့် ထိုသို့ မဖြစ်ခဲ့ပါ။ ပေတရုသည် လူအုပ်ကြီးအား နောင်တရရန် ဖိတ်ခေါ်ခဲ့လေသည်။ ဧဝံဂေလိတရားကို ကြားလို့ မိမိတို့နှလုံးသားထဲတွင် ဝိညာဉ်တော်၏ တို့ထိမှုကို တုံ့ပြန်ရန် သေချာသောနည်းကို ချပေးခဲ့သည်။ ဧဝံဂေလိတရားတွင် နောင်တရဖို့ ဖိတ်ခေါ်ခြင်း ပါဝင်၍ ကြားခဲ့သည့်အရာအပေါ် မည်သို့တုံ့ပြန်ရမည်ကို ရှင်းပြခြင်းလည်း ပါဝင်သည်။ တပည့်တော်များသည် ဧဝံဂေလိတရားအစုံအလင်ကို ဟောပြောရန် စိတ်ပိုင်းဖြတ် ထားခဲ့ကြသကဲ့သို့ ကျွန်ုပ်တို့လည်း အလားတူ ပြုကြသင့်သည်။

ပုံမှန် တရားဒေသနာ ပြင်ဆင်သောသူများ သို့မဟုတ် ဟောပြောပွဲအတွက် ပြင်ဆင်သောသူများအနေဖြင့် မိမိတို့၏ ဒေသနာကို နေ့စဉ်အသက်တာတွင် ကျင့်သုံးရန် နည်းလမ်းများကို ချပြပေးထားခြင်း၏ အရေးကြီးပုံကို ကောင်းကောင်း သိကြလိမ့်မည်။ တမန်တော်များအပါအဝင် ယေရှု၏ ဟောပြောခြင်းသည် လိုက်လျှောက်ကျင့်သုံးခြင်းဖြင့် ပြည့်နှက် နေသည်။ "ဘုရားသခင်၏ နိုင်ငံတော်သည် တည်လုနီးပြီ။ နောင်တရကြလော့" ဟူ၍ ရှင်မာကု မှတ်တမ်းတင်ထားသည့် ယေရှု၏ ပထမဆုံးဒေသနာသည် လိုက်လျှောက်ကျင့်သုံးခြင်း ဖြစ်သည်။ "ခင်ဗျားတို့ လမ်းမှားကို လိုက်နေတယ်။ နောက်ပြန်လှည့်ပြီး ပြောင်းလဲခြင်းကို ခံစားကြဖို့ လိုတယ်" ဟူသည့်သဘောမျိုးဖြင့် မိန့်တော်မူခြင်း ဖြစ်သည်။

ခရစ်ဝင်ကျမ်းတစ်လျှောက် ယေရှုသည် ဖိတ်ခေါ်မှုကို အမြဲပေးခဲ့သည်။ "ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့ ငါ့ထံသို့ လာကြလော့" (မဿဲ ၁၁း၂၈)၊ "လာ၍ ကြည့်ကြလော့" (ယော ၁း၃၉)၊ "ငါ့နောက်သို့ လိုက်ကြလော့" (မဿဲ ၄း၁၉)၊ "ရေငတ်သောသူရှိလျှင် ငါ့ထံသို့ လာ၍ သောက်လော့" (ယော ၇း၃၇)၊ "လာ၍ နံနက်စာကို စားကြလော့" (ယော ၂၁း၁၂)။

ဤဖိတ်ခေါ်ချက်များသည် ထင်ရာစိုင်းပြုလုပ်သည့်အရာ မဟုတ်သကဲ့သို့ ပေါ့ပေါ့တန်တန် ပြုလုပ်ထားသည်လည်း မဟုတ်ပါ။ ၎င်းတို့က ယေရှု၏ဖြစ်တည်ခြင်းကို ညွှန်ပြ၍ လက်ခံလျှင် အကျိုးရှိသကဲ့သို့ ငြင်းပယ်လျှင်လည်း ဆိုးကျိုးရှိသည်။ တုံ့ပြန်မှုသည် ဖိတ်ခေါ်ချက်၏ အနှစ်သာရ ဖြစ်သည်။ ဟိုမရောက် ဒီမရောက် ပြုခြင်းသည်ပင် ငြင်းပယ်ခြင်း မည်သည်။ "ယုံကြည်ပါတယ်" ဟူသည့် အချက်ကသာ ဖိတ်ခေါ်ချက်ကို လက်ခံခြင်းဖြစ်၍ နောက်ဆက် တွဲကောင်းချီးကိုလည်း ခံစားစေလိမ့်မည်။

> **ဆွေးနွေးပါ** – အောက်ပါသမ္မာကျမ်းလာ ဖိတ်ခေါ်ချက်များကို လေ့လာ၍ အဖွဲ့လိုက် ဆွေးနွေး တိုင်ပင်ပါ။

၁။ တပည့်တော်များကို ခေါ်ဆိုခြင်း (မာကု ၁း၁၇)

ယေရှု၏ ခေါ်ဆိုခြင်းသည် လူတစ်ဦးတစ်ယောက်ချင်းနှင့် ဆိုင်သည်။

၂။ လူငယ်သူဌေးတစ်ယောက်အပေါ် ခေါ်ဆိုခြင်း (မဿဲ ၁၉း၁၆-၂၂)

ယေရှု၏ ခေါ်ဆိုခြင်းသည် တန်ဖိုးကြီးသည်/ပေးဆပ်မှု များသည်။

၃။ သေသောသူကို ခေါ်ခြင်း (ယော ၁၁း၄၃)

ယေရှု၏ ခေါ်ဆိုခြင်းသည် တန်ခိုးကြီးသည်။

ကျွန်ုပ်တို့၏ ဒေသနာဟောပြောခြင်း၏ အရေးကြီးဆုံးအပိုင်းမှာ ဧဝံဂေလိတရားကို တုံ့ပြန်နိုင်သည့်အခွင့်အရေး ဖြစ်သည်။ ဧဝံဂေလိတရားကို မှန်မှန်ကန်ကန် ဟောပြောဝေငှရန် ယေရှုကို ကယ်တင်ရှင်သခင်အဖြစ် လက်ခံဖို့ ဖိတ်ခေါ်ခြင်းလည်း ပါဝင်ရမည်။

အချို့သောအခွင့်အရေးများတွင် အခြားသောအခွင့်အရေးများထက် ဖိတ်ခေါ်ခြင်း ပေးဖို့ ပိုကောင်းသည့်အချိန် ရှိသည်။ သို့ ဖြစ်လျှင်၊ မည်သို့သောအခြေအနေနှင့် ကြုံတွေ့ပါစေ ဧဝံဂေလိတရားဟောပြောသည့်အခါ တုံ့ပြန်မှုကို ကျွန်ုပ်တို့ မည်သို့ သစ္စာရှိရှိ "ဖိတ်ခေါ်" နိုင်မည်နည်း။ စင်မြင့်ပေါ်မှ ဖြစ်စေ၊ တစ်ဦးချင်း တွေ့ဆုံခြင်းတွင်ဖြစ်စေ တနင်္ဂနွေမနက် ဝတ်ပြုကိုးကွယ်ခြင်း တက်ရောက်ဖို့သာ မဖိတ်ခေါ်ဘဲ (ဖိတ်ခေါ်ရမည့်အရာ ဖြစ်သော်လည်း) ဘုရားသခင်၏နိုင်ငံ တော်ထဲသို့ ကျွန်ုပ်တို့ ဖိတ်ခေါ်ရပေမည်။ ထိုသို့ပြုလုပ်ရမည့် တစ်ချက်ချင်းစီကို သမ္မာကျမ်းစာတွင် မဖော်ပြထား သော်လည်း အောက်ပါသဘောတရားများက အစပြုရန် အထောက်အကူ များစွာ ပြုပေလိမ့်မည်။

တိုက်ရိုက်ကျသော မေးခွန်းများကို မေးပါ

တိုက်ရိုက်ကျ၍ ရိုးရှင်းသောမေးခွန်းများကို မေးပါ။ ယေရှု မည်သူဖြစ်ကြောင်းနှင့် မည်သို့ နောက်လိုက်ရမည့်အ ကြောင်းကို ရှင်းပြပြီးလျှင် "ဒီနေ့ပဲ ယေရှုကို သင်ယုံကြည်ကိုးစားလိုပါသလား။ ယေရှုနှင့် မိတ်သဟာယဖွဲ့ပြီး ဘဝသစ်ကို အစပြုလိုပါသလား" သို့မဟုတ် "ဒီနေ့ပဲ ယေရှုကို မယုံကြည်မကိုးစားနိုင်အောင် ဘယ်အရာကများ အတားအဆီး ဖြစ်နေသလဲ" ဟူ၍ မေးပါ။

တစ်ဖက်သား နားလည်နိုင်မည့် ပုံဥပမာ သို့မဟုတ် သာဓကဆောင်၍ ရှင်းပြလျှင် ၎င်းကို အဓိကထား၍ မေးခွန်းမေးပါ။ ဥပမာ – ပျောက်သောသားပုံဥပမာမှ ဝေငှဟောပြောလျှင် 'ဒီနေ့ သင့်ကို ဘုရားသခင် အိမ်ပြန်ခေါ်နေတယ်။ ပျောက်သောသား ပြုခဲ့သလို ခမည်းတော်ဘုရားရဲ့ ရင်ခွင်ကို ဒီနေ့ပဲ ပြန်လာလိုပါသလား" ဟူ၍ မေးပါ။ ဤသို့ မေးခွန်းမေးခြင်းက တစ်ဖက်သားအနေဖြင့် ယေရှုကို ယုံကြည်ဖို့ ဆန္ဒရှိသည်၊ မရှိသည်ကို ကျွန်ုပ်တို့ သိနိုင်သည်။ ထို့နောက်၊ သူတို့၏တုံ့ပြန်မှုကို ပိုရှင်းအောင် သင်ပြုလုပ်နိုင်သည်။ ပထမဆုံး သင်မေးသည့် မေးခွန်းသည် တိုက်ရိုကကျ၍ ရိုးရှင်းကာ သင်ဝေငှခဲ့သည့်ဒေသနာနှင့် သက်ဆိုင်မှု ရှိရမည်။

အချိန်လိုသလောက် ယူပါ

လူအုပ်ထံ စကားပြောသောအခါ ပရိသတ်တို့၏နှလုံးသားကို ဝိညာဉ်တော် တို့ထိသည်ဟု ခံစားသည်အထိ စောင့်ပါ။ ကြာချိန်ကို (စိတ်ကသိကအောက်ဖြစ်ခြင်း) ထည့်စဉ်းစားရန် မလိုပါ။ ဝေငှခဲ့သည့်အရာများကို ကြားနာသူများ ဆင်ခြင်နှလုံးသွင်းဖို့ အချိန်ပေးခြင်းနှင့် ဘုရားသခင်အား မိမိလုပ်ဆောင်လိုသည့်အရာကို လုပ်ဆောင်ရန် နေရာပေး ခြင်းသည် အဓိကကျသည်။ တစ်ဦးချင်းအခြေအနေမျိုးတွင် လူတစ်ယောက်သည် စဉ်းစားဆင်ခြင်ရန် အချိန်နှင့် နေရာ လိုအပ်သည်လည်း ဖြစ်နိုင်သောကြောင့် နောက်တစ်ချိန်တွင် ပြန်တွေ့ပြီး ဆွေးနွေးကြရန် သင်စီစဉ်နိုင်သည်။ လူတစ်ယောက်အား တုံ့ပြန်ဖို့ ကျွန်ုပ်တို့ အတင်းတိုက်တွန်းခြင်းမျိုး မပြုလုပ်သည်ကို သတိပြုပါ။ မိမိအချိန်တွင် အလုပ်လုပ်ရန်

ဘုရားသခင်ကို စောင့်ဆိုင်းခြင်းသာ ဖြစ်သည်။ သင့်လျော်သည့် အချိန်တွင် တုံ့ပြန်မှု ရရှိရန် စောင့်ဆိုင်းတတ်ပါ။

မျှော်လင့်ချက်ကို ရှင်းလင်းစေပါ
တစ်စုံတစ်ယောက် လက်ခံလျှင် ဖြစ်လာနိုင်သည့်အရာနှင့် သူတို့ ဖိတ်ခေါ်ခြင်း ခံသည့်အချက်ကို သဘောပေါက်ရန် ရှင်းပြပေးပါ။ ဥပမာ – အတူတူဆုတောင်း၍ ကျမ်းစာအုပ်ပေးပြီး ကျမ်းစာဖတ်ရှုခြင်းအစီအစဉ်ကို ပေးမည်ဖြစ် ကြောင်း၊ သင့်အသင်းတော်/အသင်းတော်တစ်ပါးပါးနှင့် ချိတ်ဆက်ပေးမည်ဖြစ်ကြောင်းကို ရှင်းပြပေးပါ။ သူတို့၏ ဘဝအသက်တာသည် ပိုကောင်းသောဘဝသို့ ချက်ချင်းပြောင်းလဲသွားမည် မဟုတ်ကြောင်းကိုလည်း ရှင်းပြပေးပါ။ ယေရှုနှင့်အတူ နေ့စဉ်အချိန်သုံးခြင်းက ယေရှု ကတိပေးထားသည့် ပြည့်စုံသောဘဝကို ရရှိမည်ဖြစ်ကြောင်း ရှင်းပြပေးပါ။ လက်တွေ့ကျသော နောက်တစ်ဆင့်ခြေလှမ်းများကို ရှင်းပြ၍ ယေရှုကို လက်ခံပြီးနောက် တပည့်တော်ဖြစ်ခြင်းဘဝနှင့်ဆိုင်သည့် ဝိညာဉ်ရေးရာ သဘောတရားကိုလည်း ရှင်းပြပေးပါ။

လက်ခံခြင်းကို ကြိုဆိုဂုဏ်ပြု၍ ငြင်းပယ်ခြင်းအပေါ် ပျူငှာပါ
တစ်စုံတစ်ယောက်က ဖိတ်ခေါ်မှုကို လက်ခံလိုသည့်လက္ခဏာပြလျှင် အတည်ပြု၍ ဝမ်းမြောက်ပါ။ စိတ်ထဲတွင် မရှိဘဲ မလုပ်ပါနှင့်။ ထိုသို့တုံ့ပြန်မှုအပေါ် သင် မဝမ်းမြောက်နိုင်လျှင် ဧဝံဂေလိတရားကို သင် မဟောပြောသင့်သည်မှာ သေချာသည်။ ထိုနည်းတူ၊ လူတစ်ယောက်က သင့်ဖိတ်ခေါ်မှုကို အတည့်အလင်း ငြင်းဆိုလျှင် သူ့အပေါ် ပျူငှာပါ။ နှိမ့်ချပါ။ ဖိတ်ခေါ်မှုကို မလက်ခံသောသူအား နောင်တစ်ချိန်တွင် ဘုရားသခင်က ဖွင့်ပြခဲ့လျှင် လက်ခံဖို့ ထပ်မံဖိတ်ခေါ်ပါ။ လက်ခံခဲ့ပါက သူတို့ ဆက်သွယ်နိုင်သည့် သင့်လိပ်စာသို့မဟုတ် အသင်းတော်တစ်ပါးပါး၏ လိပ်စာကို ပေးထားခဲ့ပါ။

ဧဝံဂေလိတရားကို လူများ မတုံ့ပြန်ရသည့် အကြောင်းအရင်းများစွာထဲမှ တစ်ခုမှာ လက်ခံဖို့ မည်သူမျှ မဖိတ်ခေါ်သောကြောင့်ဖြစ်သည်။ မည်သူမျှ မတုံ့ပြန်ဘဲ ဧဝံဂေလိတရား ရပ်ဆိုးမည်ကိုကြောက်ကြသောကြောင့် ဧဝံဂေလိဆရာများက ဖိတ်ခေါ်မှု မပေးကြရခြင်း၏ အဓိကအကြောင်းအရင်းဖြစ်သည်။ သို့သော်၊ သင်၌ ကယ်တင်နိုင်သည့် တန်ခိုး မရှိပါ။ ယေရှု၏ ဖိတ်ခေါ်မှုကိုပင် ငြင်းပယ်၍ ထွက်သွားသောသူများလည်း ရှိခဲ့သည်။ မည်သည့်အရာဖြစ်လာပါစေ ဧဝံဂေလိတရားအပေါ် သစ္စာရှိ၍ ဖိတ်ခေါ်မှု ပေးရန် ကျွန်ုပ်တို့ ခေါ်ဆိုခြင်း ခံကြသည်။ ခရစ်တော်သည် ကျွန်ုပ်တို့အား ကိုယ့်ကိုကိုယ် ငြင်းပယ်၍ မိမိကားတိုင်ကို ထမ်း၍ နောက်တော်သို့ လိုက်ရန် ဖိတ်ခေါ် သည် (မဿဲ ၁၆း၂၄)။ ဧဝံဂေလိတရားဟောပြောခြင်းတွင်လည်း မည်မျှပင် ပေးဆပ်ရ၍ မိုက်မဲသည့်ပုံ ပေါ်ပါစေ ကိုယ့်ကိုကိုယ် ငြင်းပယ်ရမည်။

> "ဧဝံဂေလိတရားဆိုသည်မှာ အသစ်သောဖြစ်တည်ခြင်းသို့ ခေါ်ဆောင်ရန် ကြားနာသောသူတို့အား ဆုံးဖြတ်ချက်ချဖို့ ဟောပြောခြင်းဖြင့် ဘုရားသခင်၏ ဖိတ်ခေါ်မှု ဖြစ်သည်။"
>
> **မိုင်ကယ်ဂရင်း**

ယေရှုနှင့် တမန်တော်များသည် ဧဝံဂေလိတရားကို ဟောပြောသည့်အခါ ဖိတ်ခေါ်မှု ပေးခဲ့ကြသကဲ့သို့ ကျွန်ုပ်တို့လည်း ပေးသင့်သည်။ တုံ့ပြန်မှု မည်သို့ ဖြစ်ပါစေ ဧဝံဂေလိတရားနှင့် နောင်တရ၍ ယေရှုခရစ်ကို ယုံကြည်ကိုးစားရန် ဖိတ်ခေါ်ချက်အပေါ် သစ္စာရှိကြောင်း ထင်ရှားလိမ့်မည်။ ကျန်အရာများကို ဘုရားသခင် တာဝန်ယူလိမ့်မည်။

ဆွေးနွေးခြင်း (၁၅ မိနစ်)

၁။ ယေရှုကို ယုံကြည်ဖို့ တုံ့ပြန်မှု မတောင်းဆိုဘဲ ဧဝံဂေလိတရားကို အမှန်တကယ် ဟောပြောလို့ ဖြစ်ပါသလား။

၂။ ဧဝံဂေလိတရားဟောပြောခြင်းဆိုင်ရာ တုံ့ပြန်မှုအပိုင်းနှင့် ပတ်သက်၍ မည်သည့်အရာက လွယ်ကူ၍ မည်သည့်အရာက ခက်ခဲသနည်း။

၃။ ဧဝံဂေလိတရားကို သင်ဝေငှသည့်အခါ ကြားနာသောသူတို့အား ၎င်းဧဝံဂေလိတရားကို တုံ့ပြန်နိုင်ရန် ကူညီဖို့ သင်ဘာ သင်ယူခဲ့သနည်း။

> "နောင်တဆိုသည်မှာ သုံးပါးတစ်ဆူဘုရားသခင်နှင့် ဆက်ဆံရေး တည်ဆောက်ရန် လမ်းစဉ်သက်သက် မဟုတ်ပါ။ ၎င်းဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းရန် လမ်းစဉ်လည်း ဖြစ်သည်။ "ယုံကြည်သူများ၏ ဘဝတစ်ခုလုံးသည် နောင်တတရားနှင့် ပြည့်နှက်သင့်သည်" ဟူ၍ လူသာ (Luther) မိန့်ဆိုခဲ့သည်။ ခရစ်ယာန်အသက်တွင် ဘဝတစ်ခု လုံးနှင့်ဆိုင်သည့် ဆက်ဆံရေး ပါဝင်၍ ဤပျက်စီးသောကမ္ဘာတွင် ကျွန်ုပ်တို့ အသက်ရှင်သရွေ့ နောင်တတရားသည် ကျွန်ုပ်တို့ဘဝ၏ တစ်စိတ်တစ်ပိုင်း ဖြစ်လိမ့်မည်။"
>
> **မာ့ခ်ဂျေဘော်ဒါ**

လိုက်လျှောက်ကျင့်သုံးခြင်း

ဧဝံဂေလိတရား ဝေငှတိုင်း တုံ့ပြန်မှုရှိဖို့ ရည်ရွယ်၍ ဖိတ်ခေါ်ခြင်း ပေးပါ။ သင်သည် ဤအပိုင်းတွင် အခက်တွေ့နေ သော ပလ္လင်ပေါ်တရားဟောဆရာ ဖြစ်ကောင်းဖြစ်နိုင်သည်။ တုံ့ပြန်မှုရှိရန် နည်းလမ်းမျိုးစုံကို စမ်းသုံးကြည့်ပါ။ မည်သူမျှ တုံ့ပြန်သူ မရှိလျှင်လည်း ပေါကြောင်ကြောင်နိုင်သည်ဟူ၍ မခံစားပါနှင့်။ ထိုနည်းတူ၊ သင်သည် လူတစ်ယောက်ထံ ယေရှုအကြောင်း ဟောပြောဖို့ အစပြုတတ်၍ ကောင်းကောင်းမွန်မွန် ဟောပြောတတ်သူ ဖြစ်သော်လည်း နောက်တစ်ဆင့်အတွက် ချိတ်ဆက်ပေးရာတွင် အားနည်းသောသူ ဖြစ်ကောင်းဖြစ်နိုင်သည်။ ဤလတွင် အနည်း ဆုံး လူတစ်ယောက်ထံ ဧဝံဂေလိတရားအကြောင်းပြောပြီး ယေရှုကို ယုံကြည်လိုသည်၊ မယုံကြည်လိုသည်ကို မေးပါ။

ဆုတောင်းခြင်း

ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်ရန် ဘုရားသခင် ကမ်းလှမ်းသည့် ဖိတ်ခေါ်မှုအတွက် ဘုရားသခင်ကို ကျေးဇူးတော် ချီးမွမ်းပါ။ ဧဝံဂေလိတရား ဟောပြောသည့်အခါ သူတပါးကို နောင်တသို့ ရှင်းရှင်းလင်းလင်း ယုံကြည်မှုအပြည့်ဖြင့် ဖိတ်ခေါ်တတ်ဖို့ သတ္တိကို ဘုရားသခင်ထံ တောင်းလျှောက်ပါ။ ဤနည်းဖြင့် တရားစီရင်ခြင်းထက် မျှော်လင့်ခြင်းကို ပေးနိုင်သည်။ ဤဖိတ်ခေါ်ချက်အပေါ် လက်ခံနိုင်မည့် နှလုံးသားများအတွက် ဆုတောင်းပေးပါ။

တာဝန်ခံမှု ရှိခြင်း

'မိမိကိုမိမိ ငြင်းပယ်ခြင်း" နှင့် ပတ်သက်၍ မိမိဘဝ၏ မည်သည့်အပိုင်းတွင် တိုးတက်အောင် တည်ဆောက်ဖို့ လိုကြောင်းကို နှစ်ယောက်တစ်တွဲဖြင့် ဆွေးနွေးပါ။ လူတိုင်းတွင် ရုပ်တုသဖွယ်ကိုးကွယ်သည့်အပိုင်းများ ရှိတတ်သကဲ့သို့ ပြုပြင်ရမည့် စာရိတ္တ လိုအပ်မှုလည်း ရှိတတ်သည်။ ဧဝံဂေလိတရားဆိုင်ရာ ဖိတ်ခေါ်ချက်ကို သူတပါးထံ ပေးသည့်အခါ မိမိအလိုဆန္ဒကို ငြင်းပယ်ကာ ခရစ်တော်နောက်တော်သို့ လိုက်ရန် ဘုရားသခင်၏ ဖိတ်ခေါ်သံကိုလည်း အသစ်တဖန် ပြန်လည်အောက်မေ့ကြပါစို့။ ဤအပိုင်းကို အချင်းချင်း ဝေငှဆွေးနွေးကြသည့်အခါ တစ်ယောက်အတွက် တစ်ယောက် ဆုတောင်းပေးပါ။

တာဝန်ခံမှုရှိခြင်းဖောင်ကို နှစ်ယောက်တစ်တွဲဖြင့်ဖြစ်စေ၊ အဖွဲ့ငယ်လိုက်ဖြစ်စေ ပြည့်စုံအောင် ဖြည့်၍ အချင်း ချင်းအတွက် ဆုတောင်းကြပါ။

မမေ့ပါနှင့် ...

Advance တွင် သွန်သင်ခြင်းနှင့် ခွန်အားပေးခြင်းနှင့်ဆိုင်သော အကြောင်းအရာမျိုးစုံပါသော podcast channel လည်းရှိသည်။ ၎င်းတို့ကို နားထောင်ရန် advancegroups.org/podcast ဟူ၍ ရှာပါ။

မှတ်စုများ

အစည်းအဝေး ၁၁
ဧဝံဂေလိဆရာ၏ နှိုးဆော်ချက်

ဧဝံဂေလိဆရာ၏ သာသနာမှာ လောကီ အရပ်ရပ်သို့ ဧဝံဂေလိတရားကို ဟောပြော ခြင်းသက်သက် မဟုတ်၊ ဧဝံဂေလိတရား ဟောပြောဖို့ အသင်းတော်တစ်ခုလုံးကို တိုက်တွန်းနှိုးဆော်ခြင်းလည်း ပါသည်။ ဧဝံဂေ လိတရား ဟောပြောခြင်းတင် ဘုရားသခင် အပေါ် သစ္စာရှိသောသူများ ဖြစ်ရန် ကျွန်ုပ် တို့ ပတ်ဝန်းကျင်ရှိ အသင်းတော် ယုံကြည် သူများအား မည်သို့ ခွန်အားပေး၍ ပြင်ဆင်ရ မည့်အကြောင်းကို ဤအပိုင်းတွင် လေ့လာသွား မည်။

အစည်းအဝေးကို ဝါကျတစ်ကြောင်းဖြင့် အကျဉ်းချုပ်ခြင်း
ဧဝံဂေလိဆရာသည် လောကီသားတို့ထံ ဧဝံဂေလိတရား ဟောပြော ခြင်းအပြင် အမှုတော်မြတ်အတွက် ယုံကြည် သူအားလုံးကို ခွန်အား ပေး၍ ပြင်ဆင်ပေးခြင်းဖြင့် အသင်းတော်ကို ဧဝံဂေလိတရား ဟောပြောခြင်းတွင် ပါဝင်ရန် တိုက်တွန်းနှိုးဆော်ဖို့ ဆက်ကပ်ထား ရပေမည်။

အစည်းအဝေး နောက်ကြောင်း
ဆိုရှယ်မီဒီယာ ခေတ်စားသည့်အချိန်မှစ၍ "လွှမ်းမိုးသူများ" (influencer) ပေါ်ပေါက်လာကြသည်။ ဤပုဂ္ဂိုလ်များသည် ဆိုရှယ် မီဒီယာပေါ်တွင် (အထူးသဖြင့် Youtube) follower များများ ရှိ အောင် ပြုလုပ်ကြပြီး လူတွေအပေါ် ကြီးမားသောလွှမ်းမိုးမှု ရှိသည် အထိ ဆွဲဆောင်မှု ရှိလာကြသည်။ အသစ်အဆန်းတော့ မဟုတ် ပါ။ ကြော်ငြာလောကနှင့် အားကစားလောကမှ ဆယ်လီများက ဘာ ဝတ်ရမည်၊ ဘာစားရမည်၊ ဘာသောက်ရမည်၊ ဘယ်လိုအနံ့မျိုး ရှိ ရမည် စသည်ဖြင့် ကျွန်ုပ်တို့ကို အမြဲကြောငြာကြသည်မှာ နှစ် ပေါင်းများစွာ ရှိခဲ့ပြီးဖြစ်သည်။ သို့သော်၊ ပစ္စုပ္ပန်မျိုးဆက် ဆယ် လီများသည် သူတပါးအပေါ် လွှမ်းမိုးမှု ရှိရုံဆန္ဒတစ်ခုတည်းဖြင့် follower များကို ရှာတတ်ကြသည်။

ဤလောက၏ လွှမ်းမိုးမှုအတိုင်း မကျင့်ဆောင်ပဲ သန့်ရှင်းသော ဝိညာဉ်တော်ထံ အပ်နှံ၍ အသစ်ပြုပြင်သောစိတ်ဖြင့် ပြောင်းလဲခြင်း ခံရန် ရောမသြဝါဒစာတွင် ကျွန်ုပ်တို့ကို ရှင်ပေါလု သတိပေး ထားသည် (ရောမ ၁၂:၂)။ ဘုရားသခင်၏ သန့်ရှင်းသောလူများဖြစ် သည့်အလျောက် ကျွန်ုပ်တို့သည် အသက်၊ လွတ်မြောက်ခြင်းနှင့် မျှော်လင့်ခြင်းသတင်းကို ယူဆောင်ပေးသည့် မူလလွှမ်းမိုးသူများ ဖြစ်ကြသည်။

အရသာကင်းမဲ့သောဆားသည် အသုံးမဝင်ကြောင်းကို အစည်းအဝေး ၇ တွင် ကျွန်ုပ်တို့ ဆွေးနွေးခဲ့ပြီး ဖြစ်သည်။ ဆိုရှယ် မီဒီယာလောကတွင် လွှမ်းမိုးမှုရှိသူများသည် follower မည်မျှရှိ၍ မိမိကြော်ငြာသည့်ကုန်ပစ္စည်းအပေါ် မည်မျှသောအရေအတွက်က စိတ်ဝင်တစား တုံ့ပြန်ကြသည်ဟူသည့်အပေါ် သူတို့၏လွှမ်းမိုး မှုစွမ်းအား မူတည်သည်။ အသင်းတော်အနေဖြင့် ကျွန်ုပ်တို့၏ ထူးခြားမှုလက္ခဏာသည် ပို၍ အရေးကြီးသည်။ ၎င်းထူးခြားမှု ကို ဆုံးရှုံးခြင်းသည် ကြီးမားသော ဆုံးရှုံးမှု ဖြစ်သည်။ လွှမ်းမိုးမှု အား နည်းလာသည်နှင့်အမျှ ဆိုရှယ်မီဒီယာလောကတွင် လွှမ်းမိုး မှုရှိ သူများ၏ ကျော်ကြားမှုသည် မှေးမှိန်လာ၍ အလုပ်လက်မဲ့ လည်း ဖြစ်လာနိုင်သည်။ သို့သော်၊ အသင်းတော်က ၎င်း၏ထူးခြားမှု ဆုံးရှုံး၍ လွှမ်းမိုးမှု မရှိတော့လျှင် လောကီလူသားတို့သည် ဧဝံဂေ လိတရား၏ လက်တွေ့အသက်ရှင်ခြင်းအပိုင်းကို တွေ့မြင်ခွင့် ရှိကြ တော့မည် မဟုတ်သည့်အပြင် သူတို့နားလည်နိုင်အောင် ဧဝံဂေလိ တရားကို ဟောပြောမည့်သူလည်း ရှိတော့မည် မဟုတ်ပါ။

ဧဝံဂေလိဆရာများသည် လောကီလူသားများက ဧဝံဂေလိ တရား လက်ခံသည်ကို တွေ့မြင်ဖို့ ဆန္ဒပြင်းပြကြသည့်အပြင် ဤ လောကတွင် ဧဝံဂေလိတရားဆိုင်ရာ လွှမ်းမိုးမှုရှိရန် အသင်းတော် ကို ဆက်လက်၍ တိုက်တွန်းနှိုးဆော်ဖို့လည်း ဆန္ဒပြင်းပြင်ရပေ မည်။ ဧဝံဂေလိတရားနှင့် ပတ်သက်လာလျှင် "ဒုတိယအစီအစဉ်" ဟူ၍ မရှိပါ။ ယေရှုခရစ်၏ အသင်းတော်သည် တစ်ပါးတည်းသော သံတမန် ဖြစ်သည်။ ဤအချက်ကို အသင်းတော်က မေ့လျော့တိုင်း သို့မဟုတ် အာရုံမစိုက်နိုင်သည့်အချိန်တိုင်း ဧဝံဂေလိဆရာများနှင့် ကဏ္ဍအသီးသီးတွင် ဧဝံဂေလိတရား ဟောပြောခြင်း၌ စိတ်ဓာတ် ပြင်းပြစွာ ပါဝင်သောသူတိုင်းက ဧဝံဂေလိတရားမီးကို မွှေး၍ ဆက်လက်လောင်ကျွမ်းရန် တိုက်တွန်း နှိုးဆော်သင့်သည်။ သို့မှသာ၊ အားလုံးမြင်နိုင်အောင် ဧဝံဂေလိတရား၏ လွှမ်းမိုးမှု တောက်ပလာ

နိုင်လိမ့်မည်။ သို့ပြုလျှင်၊ ဘုရားသခင်၏ ဘုန်းတော်အလုံးစုံအတွက် တစ်လောကလုံးသို့ အသင်းတော်တစ်ခုလုံးက ဧဝံဂေလိ တရားတစ်ခုလုံးကို ယူဆောင်သွားနိုင်ကြလိမ့်မည်။

အစည်းအဝေး လမ်းညွှန်

တွေ့ဆုံခြင်း (၁၀–၂၀ မိနစ်)

တစ်ယောက်နှင့်တစ်ယောက် မိတ်ဆက်စကားပြောဖို့ အချိန်သုံးပါ။ သက်သေခံခြင်း၊ ခွန်အားပေးခြင်း၊ အခွင့်အရေး များကို အတူသုံးသပ်ခြင်းနှင့် အဖွဲ့အတွက် ခွန်အားဖြစ်စေမည့် မည်သည့်အကြောင်းအရာကိုမဆို ဝေငှပြောဆိုနိုင်သည်။ နောက်ဆုံးအစည်းအဝေးတွင် ဆွေးနွေးခဲ့သည့်အတိုင်း ဧဝံဂေလိတရားကို တုံ့ပြန်ရန် လူတို့အား မိမိ ဖိတ်ခေါ် ခဲ့သည့်အတွေ့အကြုံများကို အချင်းချင်း ဝေငှကြပါ (အစည်းအဝေး ၁၀ – လိုက်လျှောက်ကျင့်သုံးခြင်း)။ ဤကြားထဲတွင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ဖို့ အခွင့်အရေး ရခဲ့ပါသလား။ မည်သည့် ရလဒ်မျိုး ရှိခဲ့သနည်း။

ဆုတောင်းခြင်း

အချိန်တစ်ခုလုံးကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံ၍ တွေ့ဆုံခြင်းတွင် ကြားခဲ့သည့်အခြေအနေ အကောင်း၊ အဆိုးများအတွက် ဘုရားသခင်ထံ ဆုတောင်းဆက်ကပ်ပါ။

သွန်သင်ခြင်း (၂၀–၃၀ မိနစ်)

အောက်ပါသင်ခန်းစာများကို သင်နှစ်သက်သည့်နည်းဖြင့် သင်ပေးနိုင်သကဲ့သို့ တစ်လုံးမကျန် ဖတ်ပြခြင်းဖြင့်လည်း သင်ပေးနိုင်သည်။ ထို့ပြင်၊ သင်ကိုယ်တိုင် ပြင်ဆင်၍လည်း တင်ပြနိုင်သည်။

> "ခရစ်တော်၏ ကိုယ်တော်ကို တည်ဆောက်၍ ဓမ္မဆရာ၏အမှုကို ပြုတတ်မည်အကြောင်း၊ သန့်ရှင်းသူတို့ကို ပြင်ဆင်ခြင်းအလို့ငှါ ထိုသခင်သည် လူအချို့တို့ကို တမန်တော်အရာ၌၎င်း၊ အချို့တို့ကို ပရောဖက်အရာ၌၎င်း၊ အချို့တို့ကို သာသနာပြုအရာ၌၎င်း၊ အချို့တို့ကို သင်းအုပ်ဆရာ၊ ဆရာအရာ၌၎င်း ခန့်ထားတော်မူ၏။ ငါတို့ရှိသမျှသည် ယုံကြည်ခြင်းသို့၎င်း၊ ဘုရားသခင်၏ သားတော်ကို သိကျွမ်းခြင်းသို့၎င်း၊ တညီတညွတ်တည်းရောက်၍ ခရစ်တော်၏ ပြည့်စုံခြင်းပမာဏအရပ်တည်းဟူသော ကြီးရင့်သောလူ၏အဖြစ်သို့ ရောက်ကြသည်တိုင်အောင် ဖြစ်သတည်း"
>
> **ဧဖက် ၄း၁၁–၁၃**

ရာထူးနေရာ ရှိသောသူများပင် ဘဝတွင် နိုးဆော်မှု လိုအပ်ကြပေသည်။ ဟောလီဝုဒ် မင်းသားကြီး Dwayne 'The Rock' Johnson ကိုယ်တိုင် အင်တာဗျူးတွင် ဤသို့ ဖြေကြားခဲ့ဖူးသည်။

> "ကျွန်တော် ၈ နှစ်သားအရွယ်တုန်းက မြောက်ကယ်ရောလိုင်းနား ပြည်နယ်၊ ချားလ်လော့မြို့မှာ Raiders of the Lost Ark ဇာတ်ကားကို ကြည့်ဖြစ်ခဲ့တယ်။ ကြီးမားတဲ့စိတ်အားထက်သန်မှုနဲ့ အဲဒီနေရာကနေ ကျွန်တော် ထွက်လာခဲ့တယ်။ အဲဒီဇာတ်ကားကို ကျွန်တော် နှစ်သက်ခဲ့တယ်။ အဲ့ဇာတ်ကားထဲက ဟိုကောင်ကြီးလို ကျွန်တော် ဖြစ်ချင်ခဲ့မှန်း ကျွန်တော်သိခဲ့တယ်။"

ဆွေးနွေးပါ – သူ/သူမ လုပ်သလို ချက်ချင်း လုပ်ချင်လောက်အောင် သင့်ကို နိုးဆော်မှု စိတ်ခွန်အားပေး သောသူ တစ်ယောက်ယောက်ကို သင်တွေ့ဆုံဖူးပါသလား။ သင့်အပေါ် လွှမ်းမိုးမှု သက်ရောက်အောင် သူတို့ လုပ်ဆောင်သည့် မည်သည့်အချက် သို့မဟုတ် သူနှင့် ပတ်သက်သည့် မည်သည့်အချက်က သင့်ကို ဆွဲဆောင်ပါသနည်း။

မိသားစုဝင်ထဲမှဖြစ်စေ၊ သမိုင်းထဲက သူရဲကောင်းများထဲမှဖြစ်စေ၊ ခေတ်ပေါ်ဂီတလောကထဲမှ ဖြစ်စေ၊ စိတ်ကူးယဉ်ဝတ္ထုထဲရှိ ဇာတ်ကောင်များမှ ဖြစ်စေ နေရာမျိုးစုံ၊ လူမျိုးစုံထံမှ နိုးဆော်မှု စိတ်ခွန်အားကို ကျွန်ုပ်တို့ ရှာတွေ့နိုင်သည်။ အချို့သောနိုးဆော်မှုက ကျွန်ုပ်တို့၏ ဝါသနာများနှင့် အလုပ်အကိုင်များအပေါ်ပင် သက်ရောက်မှု ရှိ၍ ကျွန်ုပ်တို့၏ စာရိတ္တနှင့် လောကအမြင်ကိုလည်း ပုံသွင်းနိုင်သည့်စွမ်းအား ရှိသည်။ တစ်ဖက်တွင် သင့်ကို စိတ်ဓာတ်ကျစေသည်လည်း ဖြစ်နိုင်သည်။ အင်မတန်အရည်အချင်း ရှိသောပုဂ္ဂိုလ်တစ်ယောက်ယောက်ကို သင်မြင်သည့်အခါ "ကျွန်တော်/ကျွန်မ သူ့လို တော်လာမှာလည်း မဟုတ်ဘူး။ မထူးပါဘူး" ဟူ၍ ဘာမျှ ကြိုးစားရှာဖွေလိုစိတ် မရှိအောင် သင့်ကို စိတ်ပျက်စေသည်လည်း ဖြစ်နိုင်သည်။

နိုးဆော်မှု ပေးနိုင်သော သမ္မာကျမ်းစာလာ ပုဂ္ဂိုလ်များစွာ ရှိသည်။ သမ္မာကျမ်းစာအထဲရှိ ယုံကြည်ခြင်းသူရဲကောင်း များနှင့် အပြင်လောကရှိ ယုံကြည်ခြင်းသူရဲကောင်းများကို ကျွန်ုပ်တို့ အတုခိုးသင့်သည်။ မည်မျှပင် ထူးချွန်သောသူများ ဖြစ်စေကာမူ သူတို့သည် ဘုရားသခင်အပေါ် သစ္စာရှိသော ကျွန်ုပ်တို့ကဲ့သို့ သာမန်ပုဂ္ဂိုလ်များသာ ဖြစ်ကြောင်းကို ကျွန်ုပ်တို့ သိထားသင့်သည်။ ဖာရောဘုရင်ထံ အာဏာအပြည့် စကားပြောနိုင်သည့်အကြောင်းမှာ မောရှေ၏ အပြောအဆို ကျွမ်းကျင်မှုကြောင့် မဟုတ်ကြောင်း၊ ဘုရားသခင်၏ ခေါ်ဆိုခြင်းအပေါ် သစ္စာရှိ၍ ဘုရားသခင်၏ တန်ခိုးအပေါ် ဆက်ကပ်အပ်နှံခြင်းကြောင့် ဖြစ်ကြောင်းကို ကျွန်ုပ်တို့ သိထားသည့်အခါ အင်မတန် ကြီးမားသောခွန်အား ဖြစ်ပေသည်။ ဘုရားသခင်သည် မပြောင်းလဲသောကြောင့် ကျွန်ုပ်တို့လည်း အလားတူ ပြုနိုင်ကြသည်။

ကျွန်ုပ်တို့ကို အဆုံးစွန် နိုးဆော်မှုပေး၍ တန်ခိုးပေးနိုင်သူမှာ တစ်ဦးတည်း ရှိသည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏နေ့စဉ်ဘဝနေပုံနေနည်းအတွက် အကောင်းဆုံးပုံသက်သေ ဖြစ်သကဲ့သို့ ထိုနည်းအတိုင်း အသက်ရှင်နိုင်ရန် ပြည့်စုံသော တန်ခိုးပေးနိုင်သူလည်း ဖြစ်သည်။ ခရစ်တော်၏ ပုံသက်သေနှင့် သွန်သင်မှုအတိုင်း အသက်ရှင်ရန် နိုးဆော်ခြင်း ခံ၍ ယုံကြည်ခြင်းအသက်တာအတွက် ခရစ်တော်၏ တန်ခိုးပေးခြင်း ခံသည့်အတိုင်း ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ရှိ လူများအပေါ် လွှမ်းမိုးမှုရှိရန် ကျွန်ုပ်တို့ စဉ်းစားသင့်သည်။

မိမိနိုင်ငံတော် ရည်ရွယ်ချက်အတွက် အသုံးတည့်မည့် ဆုကျေးဇူးမျိုးစုံကို အသင်းတော်ထံ ယေရှု ပေးဝေခဲ့သည့် အကြောင်းကို ဧဖက် ၄ တွင် ရှင်ပေါလု သွန်သင်ထားသည်။ ဧဝံဂေလိဆရာများသည် တမန်တော်များ၊ သင်းအုပ်ဆရာ များ၊ ဆရာများ၊ ပရောဖက်များနှင့်အတူ ဖော်ပြခြင်း ခံရသည်။ ထိုသို့သောဆုကျေးဇူးကို ရရှိသောသူများသည် အမှုတော်မြတ်အတွက် အသင်းတော်ကို ပြင်ဆင်၍ ခရစ်တော်၏ကိုယ်ကို တည်ဆောက်ရန် လုပ်ဆောင်ရမည်ဖြစ်ကြောင်း ရှင်ပေါလု ရှင်းပြထားသည်။

> "…ခရစ်ယာန်အသိုင်းအဝိုင်းတွင် ပေါ်ပြူလာဖြစ်လာသည့် အယူအဆ တစ်ခု ပေါ်လာသည်…
>
> ၎င်းမှာ အသင်းတော်လုပ်ငန်းကို ဓမ္မပညာ ဆည်းဖူး၍ အသင်းတော်ထံမှ လခစားသော ကျွမ်းကျင်ဆရာများကသာ လုပ်ဆောင်ရမည်ဟူသည့် အယူအဆ ဖြစ်သည်။ ဤခံယူချက်အရ သာမန်ယုံကြည်သူများသည် တရားဒေသနာ ဟောကြားခြင်း၊ အကြံပေးခြင်း၊ နှစ်သိမ့်ခြင်းနှင့် အသင်းတော်တွင် ပြုလုပ်သည့်အခြားသောအရာများနှင့် ပတ်သက်၍ သာသနာအကျိုးကိုသာ ခံစားသောသူများ ဖြစ်သည်ဟု ယူဆသည်။ သို့သော်၊ ခေါင်းဆောင်မှုအတွက် ဆုကျေးဇူး ရှိရခြင်းမှာ ယုံကြည်သူများကို အမှုတော်မြတ်အတွက် ပြင်ဆင်ရန် ဖြစ်သည်။ အသင်းတော်သည် ဆော်သြစည်းရုံးခြင်း ခံရသော စစ်တပ်ကဲ့သို့ ဖြစ်သင့်သည်။"
>
> **အာစီစပေါရောလ်**

ဧဖက် ၄ ရှိ သာသနာအခန်းကဏ္ဍများကို ကြည့်ပြီး အသင်းတော်ရှိ ထူးခြားသောလူအချို့ကို ရည်ညွှန်းသည်ဟူ၍ ကောက်ချက်ချခြင်းသည် လွန်စွာ မှားယွင်းသောအရာ ဖြစ်သည်။ ရှင်ပေါလု ပေးပို့သည့်စာက ၎င်းထက် ပိုကောင်းသောသဘောဆောင်သည်။ အသင်းတော်သည် ထူးခြားသောကြောင့် အဆိုပါသာသနာများ ရှိရခြင်း ဖြစ်သည်။ အသင်းတော်အနေဖြင့် တညီတညွတ်တည်း ရင့်ကျက်ခြင်းသို့ ကြီးထွားရန် သာမန်ပုဂ္ဂိုလ်များကို ဘုရားသခင် အသုံးပြုသည်။ အသင်းတော်အပြင်ဘက်ရှိလူများကို ဧဝံဂေလိတရားဖြင့် သွားရောက်ခေါ်ဆောင် သည့်နည်းတူ အသင်းတော်ထဲရှိ လူများကို ကျွန်ုပ်တို့ ဂရုစိုက် စောင့်ရှောက်ရသည်။ အားလုံး ပါဝင်ရပါမည်။

မိမိတို့၏ဆုကျေးဇူးများကို အကျိုးရှိရှိ အသုံးပြုရန် ကျွန်ုပ်တို့၌ တာဝန် ရှိသည်။ ဆိုလိုသည်မှာ လွှမ်းမိုးမှု ရှိအောင် ရည်ရွယ်အသက်ရှင်ခြင်း ဖြစ်သည်။ ထို့ပြင်၊ လွန်ခဲ့သည့်အစည်းအဝေးများတွင် ဆွေးနွေးခဲ့သည့် နှိမ့်ချခြင်းနှင့် သန့်ရှင်းခြင်းအတိုင်း အသင်းတော်ကို ပြိုကွဲစေနိုင်သည့် ဆုကျေးဇူးများကို လွဲမှားစွာ အသုံးပြုခြင်းလည်း မရှိရလေအောင် ကျွန်ုပ်တို့ ကာကွယ်ရပေမည်။ မာန၊ အတ္တ၊ မနာလိုမှုနှင့် အာဏာအလွဲသုံးစားခြင်းတို့သည် အသင်းကွဲခြင်းကို ဖြစ်စေနိုင်သည့် ဖြတ်လမ်းနည်းများ ဖြစ်သည်။

ဆွေးနွေးပါ – သင့်အသင်းတော်မှ မည်သူကို နိုးဆော်မှုပေးတတ်သူအဖြစ် သင်မြင်သနည်း။ အသင်းတော်၌ မည်သည့်အခန်းကဏ္ဍနှင့် တာဝန်များကို လူတို့ စိတ်ဝင်စားကြသည်ဟု သင်မြင်သနည်း။ သင်းအုပ်ဆရာ သို့မဟုတ် လူငယ်ခေါင်းဆောင်၊ ဝတ်ပြုကိုးကွယ်ခြင်း ဦးဆောင်သူ သို့မဟုတ် ကျမ်းစာသင်ပေးသူအဖြစ် ဖြစ်ချင်ကြသည်လည်း ဖြစ်နိုင်သည်။ ဧဝံဂေလိတရား ဟောပြောသက်သေခံဖို့ လူတွေ စိတ်ဝင်စားကြပါသလား။ စိတ်မဝင်စားကြလျှင် အဘယ်ကြောင့် စိတ်မဝင်စားကြသနည်း။

မိမိကိုမိမိ ဧဝံဂေလိဆရာအဖြစ် မှတ်ယူသည်ဖြစ်စေ၊ မမှတ်ယူသည်ဖြစ်စေ ဧဝံဂေလိတရားကို သစ္စာရှိရှိ ဟောပြောဝေငှရန် သူတပါးကို တိုက်တွန်းနိုးဆော်နိုင်သည့် နည်းလမ်း ငါးမျိုး ရှိသည်။

၁။ ဧဝံဂေလိတရားကို ဟောပြောပါ

ဧဝံဂေလိတရားဟောဖို့ သူတပါးကို တိုက်တွန်းနိုးဆော်ရန် အကောင်းဆုံးနည်းမှာ တွေ့ဆုံကြသည့်အခါ ပုံမှန် ဟောပြောဝေငှခြင်း ဖြစ်သည်။ နောက်တစ်နည်းမှာ ကျွန်ုပ်တို့ တရားဟောသည့်နေရာတွင် ယုံကြည်သူညီအစ်ကိုများကို လိုက်ပါရန် ဖိတ်ခေါ်ခြင်း ဖြစ်သည် (ပါဝင်ဆုတောင်းကူခြင်းအပြင် ယေရှုကို ပထမဆုံးအကြိမ် ကြားသိသောသူများအပေါ် ဧဝံဂေလိတရား၏တန်ခိုး အလုပ်လုပ်ပုံကို မြင်သည့်အခါ သူတို့၏ ယုံကြည်ခြင်းလည်း တိုးပွားလာနိုင်သည်။ ထို့ပြင်၊ လူတစ်ဦးတစ်ယောက်ထံ ဧဝံဂေလိတရား ဟောပြောဝေငှဖို့ အခွင့်အရေး ရှိသည့်နေရာ သို့မဟုတ် အချိန်တွင် ယုံကြည်သူညီအစ်ကိုများကို ခေါ်ဆောင်သွားခြင်း ဖြစ်သည်။ ဧဝံဂေလိတရားကို တစ်ဦးချင်း ဟောပြောသည်ဖြစ်စေ၊ အများရှေ့တွင် ဟောပြောသည်ဖြစ်စေ ဧဝံဂေလိတရားသည် အခွင့်ထူးဖြစ်၍ ယုံကြည်သူတိုင်းအတွက် ဝမ်းမြောက်စရာ ဖြစ်သည်။

၂။ သက်သေခံချက်ကို ပြင်ဆင်ပါ

ခရစ်တော်ကို စတွေ့ခဲ့သည့်အချိန်မှစ၍ ယခုအချိန်ထိ မိမိတို့၏ဘဝအပေါ် ဘုရားသခင် ပြုသည့် အကျိုးနှင့်ဆိုင်သော အတွေ့အကြုံသက်သေကို စဉ်းစားတတ်ရန် လူတို့ကို ကူညီပါ။ ခရစ်တော်ကို မည်သို့ စတင်ကိုးစားဖြစ်ခဲ့ကြသနည်း။ မကြာခင်ကာလအတွင်း သူတို့၏အသက်တွင် ဘုရားသခင် မည်သည့်အရာ လုပ်ဆောင်နေသနည်း။ မိမိ၏အတွေ့အကြုံသက်သေကို ပြင်ဆင်ခြင်းသည် ကျွန်ုပ်တို့အပေါ် ဘုရားသခင် လုပ်ဆောင်ခဲ့သည့်အရာများကို ကျေးဇူးတော် ချီးမွမ်းသည့်သဘော သက်ရောက်သောကြောင့် ကိုးကွယ်ခြင်း မြောက်သကဲ့သို့ ဧဝံဂေလိတရား ဟောပြောရန် သူတပါးကို တိုက်တွန်းနိုးဆော်ဖို့နှင့် ပြင်ဆင်ဖို့ အင်မတန် ကောင်းမွန်သောနည်း ဖြစ်သည်။

၃။ ပုံပြောခြင်းကို ဦးစားပေးခြင်း

ကျွန်ုပ်တို့၏ ဧဝံဂေလိတရား လုပ်ရှားမှုကို သူတပါးနှင့် တွေ့ဆုံစကားပြောသည့်အခါ မကြာခဏ ကျွန်ုပ်တို့ ဝေငှသင့်သည်။ သင်အားဖြင့် ဘုရားသခင် အလုပ်လုပ်သည့်အခါ ဝမ်းမြောက်၍ ခွန်အားယူပါ။ အဆင်မပြေသည့်အခြေအနေမျိုး ကြုံသည့်အခါ အထောက်အကူပြု၍ အပြုသဘောဆောင်သည့်အတွေးအခေါ်မျိုး ထားရှိပါ။ သူတို့ကဲ့သို့သော သာမန်ပုဂ္ဂိုလ်များအား ဘုရားသခင် အသုံးပြုသည့် အတွေ့အကြုံများကို ယုံကြည်သူများ ကြားသည့်

အခါ သူတို့ကိုလည်း ဘုရားသခင် အသုံးပြုနိုင်ကြောင်း ယုံကြည်မှု ကြီးမားလာမည် ဖြစ်သည်။

၄။ အတူတူ လက်တွေ့လုပ်ဆောင်ပါ
သရုပ်ဆောင်၍ ဧဝံဂေလိတရား ဟောပြောခြင်းတွင် "လက်တွေ့လေ့ကျင့်ခြင်း" သည် ထူးဆန်းသကဲ့သို့ ဖြစ်နိုင်သော်လည်း ကိုယ်ပြောမည့်အကြောင်းအရာအတွက် ပြင်ဆင်ရန်နှင့် ယုံကြည်မှုရှိဖို့ လူတို့ကို ပျိုးထောင်ရန် အင်မတန်ကောင်းသောနည်းလမ်းဖြစ်သည်။ လေ့ကျင့်သင်ယူခြင်း မရှိဘဲ သို့မဟုတ် အကူအညီ မပါဘဲ အများသုံးလမ်းမပေါ်တွင် မည်သူမျှ ကားမောင်းဖို့ ကျွန်ုပ်တို့ မမျှော်လင့်သင့်ပေ။ ထိုနည်းတူ၊ အတူတူ လေ့ကျင့်သင်ယူဖို့ အခွင့်အရေး မပေးဘဲ ဧဝံဂေလိတရားကို ယုံကြည်မှုအပြည့်ဖြင့် သက်သေခံဝေငှဖို့ လူတစ်ယောက်ကို ကျွန်ုပ်တို့ မမျှော်လင့်သင့်ပါ။

၅။ အခွင့်အရေး ပေးပါ
သင့်အသင်းတော်နှင့် ကျယ်ပြန့်သော မိတ်အစုအဖွဲ့ဖြင့် ဧဝံဂေလိတရား ဟောပြောခြင်း အခွင့်အရေးများကို လူတွေအတွက် ဖန်တီးပေးပါ။ ဒေသန္တရနှင့် အပြည်ပြည်ဆိုင်ရာ သာသနာအခွင့်အလမ်းများကို ဖန်တီး၍ သင်ဦးဆောင်သည့် အစီအစဉ်များတွင် ပါဝင်လာအောင် လူတွေကို ဖိတ်ခေါ်ပါ။ သို့မဟုတ် လမ်းမပေါ် ဧဝံဂေလိတရား ဟောပြောခြင်းတွင် သူငယ်ချင်းအချို့ကို အချိန်အနည်းငယ်ပါဝင်ဖို့ ဖိတ်ခေါ်ပါ။ ဤအချက်ကို သင်ပြုလုပ်နိုင်သည့် နည်းလမ်းမျိုးစုံ ရှိသည်။ သင်ကိုယ်တိုင် မသွားမီ သင်တန်းအနည်းငယ် ပေးနိုင်သကဲ့သို့ ပြန်ရောက်လာသည့်အခါလည်း ပြန်လည်ရှင်းလင်းတင်ပြနိုင်သည်။ အချိန်ကြာလာသည်နှင့်အမျှ လူတို့သည် ဤ 'စနစ်ကျသော' အခွင့်အရေးများမှ ရလာသည့် အတွေ့အကြုံများကို မိမိတို့၏နေ့စဉ်ဘဝတွင် အံဝင်ခွင်ကျသောအရာများအဖြစ် မြင်လာပြီး သူတို့သည် စီစဉ်ချမှတ်ထားသည့် ဧဝံဂေလိအစီအစဉ်မှ နေ့စဉ်အခွင့်အရေးများကို အပိုင်ယူတတ်လာကြလိမ့်မည်။

၎င်းကို ကျွန်ုပ်တို့ မည်သို့ပင် လုပ်ကြပါစေ ခရစ်တော်၌ ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများကို ဘုရားသား သမီးများအနေဖြင့် ဘုရား၏သံတမန်များလည်း ဖြစ်ကြောင်းကို အပြည့်အဝ နားလည်လာကြရန် တိုက်တွန်းနှိုးဆော်၍ ကူညီပေးရပါမည်။

ဆွေးနွေးခြင်း (၁၅ မိနစ်)

၁။ ဖေက်သြဝါဒပေးပို့စာထဲတွင် ရှင်ပေါလု ဖော်ပြသည့်နည်းအတိုင်း အသင်းတော်ကို တည်ဆောက်ခြင်းဆိုသည်မှာ အဘယ်နည်း။

၂။ ယေရှု၏ နောက်လိုက်များအဖြစ် ဤလောကတွင် ကျွန်ုပ်တို့၏ ထူးခြားမှုများနှင့် အသင်းတော်၌ စိတ်အားထက်သန်သော ဧဝံဂေလိတရားများအဖြစ်ကို မည်သို့ ကျွန်ုပ်တို့ စောင့်ထိန်းနိုင်မည်နည်း။

၃။ ဧဝံဂေလိတရား ဟောပြောဖို့ တိုက်တန်းနှိုးဆော်ရန် ဤအစည်းအဝေးတွင် တင်ပြထားသည့် နည်းလမ်း ငါးမျိုးအပြင် အခြားမည်သည့်နည်းလမ်းများ ရှိပါသေးသနည်း။

လိုက်လျှောက်ကျင့်သုံးခြင်း (၁၀ မိနစ်)

ဤအဖွဲ့တွင် ပထမနှစ်ပြီးဆုံးပြီးနောက် ဧဝံဂေလိဆရာများအဖြစ် ကြီးထွားလာရန် ဒုတိယနှစ်ထဲထိ အတူတူ ပါဝင်လာဖို့ သင်ဆန္ဒရှိမည်ဟု မျှော်လင့်မိပါသည်။ ဧဝံဂေလိတရားဟောပြောခြင်းတွင် အသင်းတော်ကို တိုက်တွန်းနှိုးဆော်ဖို့ စိတ်ထဲတွင် မှတ်ထားရင်း လက်ရှိအဖွဲ့အပြင် သင်ကိုယ်တိုင် အစပြုသည့် Advance အဖွဲ့တစ်ဖွဲ့ကို ဦးဆောင်ဖို့ စဉ်းစားရန် ယခုအချိန်သည် အကောင်းဆုံးအချိန် ဖြစ်နိုင်သည်။

သူတပါးကို ဧဝံဂေလိတရား ဟောပြောခြင်းတွင် ခွန်အားပေး တိုက်တွန်းရန်မှာ ဧဝံဂေလိဆရာများအနေဖြင့် ကျွန်ုပ်တို့၏ ဆန္ဒဖြစ်သောကြောင့် Advance လှုပ်ရှားမှုတွင် တိုးပွားများပြားခြင်း (Multiplication) သည် အခရာကျသောအချက် ဖြစ်သည်။ သင်ကိုယ်တိုင် ပါဝင်သည့်ဤခရီးတွင် စိတ်ဝင်စားသောသူတို့၏ အမည်များကို စာရင်းပြုစု၍ လာမည့်ရက်သတ္တပတ်များတွင် သူတို့ကို ဆက်သွယ်ဖို့ အချိန်ယူပါ။ သင့်ကိုယ်ပိုင်အဖွဲ့ကို စီစဉ်ဖွဲ့စည်းရန် လက်ရှိအဖွဲ့မှ သင်၏အတွေ့အကြုံများနှင့် Advance တွင် ရှိသည့် အထောက်အကူပြုနိုင်သောအရာများကို အသုံးပြုပါ။

ဆုတောင်းခြင်း

ဒေသန္တရအသင်းတော်ရှိ ယုံကြည်သူများအားလုံး ဧဝံဂေလိတရားအပေါ် သစ္စာရှိသောသူများဖြစ်ဖို့ ဆုတောင်းရန် အချိန်သုံးပါ။ သူတပါးကို ခွန်အားပေးတိုက်တွန်းဖို့ အခွင့်အရေးများအတွက် ဆုတောင်းပါ။ လိုအပ်နေ သောလောကီလူသားများထံသာ ဧဝံဂေလိတရား ဟောပြောဖို့ မဟုတ်ဘဲ ယေရှု၏ အခြားနောက်လိုက်များကိုလည်း အလားတူ ပြုရန် ခွန်အားပေးနှိုးဆော်ဖို့ မှာကြားပါ။

တာဝန်ခံမှု ရှိခြင်း

ဧဝံဂေလိတရား လှုပ်ရှားမှု မရှိသောကြောင့် သို့မဟုတ် ပျောက်ဆုံးသောဝိညာဉ်များအတွက် လောင်ကျွမ်းသောနှလုံး မရှိသောကြောင့် သင့်အသင်းတော် သို့မဟုတ် အသင်းတော်ရှိလူတို့အပေါ် သင် စိတ်ကုန်၍ ဒေါသထွက်ဖူးပါသလား။ ထိုသို့သောခံစားချက်သည် မမှားသော်လည်း ၎င်းခံစားချက်ကို ရန်သူသည် ခါးသီးမှုအဖြစ် ပြောင်းကာ ခွင့်မလွှတ် နိုင်ခြင်း သို့မဟုတ် မိမိကိုမိမိ အထင်ကြီးခြင်းကို ဖြစ်စေနိုင်သည်။ ဤသဘောတရားကို တစ်ဖွဲ့လုံး ဆွေးနွေး၍ ကျွန်ုပ်တို့၏ ညီအစ်ကိုမောင်နှမများအပေါ် နူးညံ့သိမ်မွေ့သောစိတ်နေသဘောထား ရှိ၍ သစ္စာရှိသော ဝေငှသက်သေခံသောသူများ ဖြစ်လာရန် သူတို့ကို ခွန်အားပေးတိုက်တွန်းဖို့ ဉာဏ်ပညာ ရရှိဖို့ နှစ်ယောက်တစ်တွဲ ဆုတောင်းပါ။

တာဝန်ခံမှုရှိခြင်းဖောင်ကို နှစ်ယောက်တစ်တွဲဖြင့်ဖြစ်စေ၊ အဖွဲ့ငယ်လိုက်ဖြစ်စေ ပြည့်စုံအောင် ဖြည့်၍ အချင်း ချင်းအတွက် ဆုတောင်းကြပါ။

မမေ့ပါနှင့် ...

တစ်ကမ္ဘာလုံးဆိုင်ရာ ဧဝံဂေလိဆရာများ ကွန်ရက် (The Global Network of Evangelists) အဖွဲ့က ကမ္ဘာ့နိုင်ငံ အသီးသီးရှိ ဧဝံဂေလိဆရာများကို ပြင်ဆင်ပေးသည်၊ ကူညီထောက်ပံ့သည်၊ မိတ်သဟာယဖွဲ့သည်။ သူတို့ ဝက်ဆိုက် ဖြစ်သော evangelist.global တွင် လေ့လာပါ။ Advance အဖွဲ့ တွင် ပါဝင်သည့်ကာလ ပထမနှစ်တစ်နှစ် ကုန်လာပြီ ဖြစ်သောကြောင့် လေ့လာစရာများကို လေ့လာပါ။ လက်ရှိ သင့် Advance အဖွဲ့တွင် ပါဝင်သည့်အစိတ်အပိုင်းတစ်ခုအဖြစ် အထက်ပါ ကွန်ရက်တွင် ပါဝင်ရန် စဉ်းစားစေချင်သည်။

မှတ်စုများ

အစည်းအဝေး ၁၂
အပန်းဖြေအနားယူခြင်း

Advance အဖွဲ့ ၏ ပထမဆုံးနှစ်အတွက် အထွတ်အထိပ်မှာ အပန်းဖြေအနားယူချိန် ဖြစ်သည်။ မည်သို့ အပန်းဖြေမည်ကို သင်ကိုယ်တိုင် ဆုံးဖြတ်နိုင်သည်။ သို့သော်၊ Advance group အစည်းအဝေးများ၏ အခြေခံသဘောတရားများအတိုင်း မည်သို့ အတူတူအချိန်သုံး၍ အဓိကအချက်ကို အဓိကထားပြီး ပထမနှစ်ကို မည်သို့အဆုံးသတ်မည့် အကြောင်းနှင့်ပတ်သက်၍ အကြံပြုချက်များ ရှိသည်။

ADVANCE အဖွဲ့ အပန်းဖြေခြင်းကို ပြုလုပ်နည်း [

သဘောတရားမှာ မိမိအချိန်သုံးနေကျနေရာမှ ထွက်၍ ပုံမှန် Advance အဖွဲ့အစည်းအဝေးရှိချိန်ထက် ရှည်ကြာသော သီးသန့်အချိန် သတ်မှတ်ခြင်း ဖြစ်သည်။ သင်လုပ်စရာ တစ်ခုခု ရှိလျှင် မနက် သို့မဟုတ် သို့မဟုတ် ညနေပိုင်းတွင် လုပ်ဖို့ ကြိုးစားပါ။ အပန်းဖြေခြင်းအတွက် တစ်နေ့လုံး အချိန်ပေးနိုင်လျှင် အကျိုးများစွာ ရှိပါလိမ့်မည်။

အပန်းဖြေချိန်တွင် သင်လုပ်နိုင်သည့် အောက်ပါအကြံပြုချက်များကို ကြည့်ပါ။

အဓိကကျမ်းချက်

အပန်းဖြေချိန်အတွင်း အဓိကအာရုံစိုက်ဖို့ အကြောင်းအရာတစ်ခုခုကို ရှာနေလျှင် အောက်ပါ ကောလောသဲ ကျမ်းချက်က အင်မတန်ကောင်းသောကျမ်းချက် ဖြစ်သည်။

> "ဆုတောင်းပဌနာပြုခြင်းအမှုကို အမြဲပြု၍ ကျေးဇူးတော်ကို ချီးမွမ်းလျက် စောင့်ရှောက်ကြလော့။ ငါသည် ခရစ်တော်၏ နက်နဲသောအရာကြောင့် အချည်အနှောင်ခံရသည်ဖြစ်၍ ထိုနက်နဲသောအရာကို ဟောပြောခြင်းငှါ ဘုရားသခင်သည် တရားဟောရာတံခါးကို ငါတို့အား ဖွင့်တော်မူမည်အကြောင်းကိုငှင်း၊ ထိုနက်နဲသောအရာကို ဟောပြောအပ်သည်နှင့်အညီ ငါသော်ပြမည်အကြောင်းကိုငှင်း၊ ငါတို့အဘို့လည်း ဆုတောင်းကြလော့။ ပြင်ပလူတို့၏ မျက်နှာကို ထောက်လျက် ပညာနှင့်ကျင့်ဆောင်၍ ကာလအချိန်ကို ရွေးနှုတ်ကြလော့။ လူအသီးအသီးတို့အား အဘယ်သို့ ပြန်ပြောရမည်ကို သိနိုင်မည်အကြောင်း၊ သင်တို့စကားသည် ဆားအားဖြင့် ငန်သောအရသာနှင့် ပြည့်စုံလျက် အစဉ်မပြတ်တင့်တယ်လျောက်ပတ်ပါစေ"
>
> **ကောလောသဲ ၄း၂-၆**

ဤကျမ်းချက်ငယ်လေးတွင် ရှင်ပေါလုသည် ဧဝံဂေလိတရားဟောပြောခြင်းနှင့် ပတ်သက်၍ ရှင်းလင်းလေ့လာပြီး အတည်ပြုနိုင်သည့် အချက် ၁၂ ချက် ရေးသာထားသည်။

၁။ ပုံအပ်မြုပ်နှံခြင်း (ဆုတောင်းပဌနာပြုခြင်းအမှုကို အမြဲပြု၍)

၂။ ဝိညာဉ်ရေးရာ မိတ်သဟယဖွဲ့ခြင်းကို အားပေးပါ (ငါတို့အဘို့လည်း ဆုတောင်းကြလော့)

၃။ ဘုရားသခင်ကို မှီခိုပါ (ဘုရားသခင်သည် တရားဟောရာတံခါးကို ငါတို့အား ဖွင့်တော်မူမည်အကြောင်း)

၄။ ဟောပြောခြင်းအတွက် ပုံအပ်ပါ (ထိုနက်နဲသောအရာကို ဟောပြောခြင်း၄)

၅။ ရှင်းလင်းစွာ ဟောပြောရန် ဆန္ဒ ရှိပါ (ဟောပြောအပ်သည်နှင့်အညီ ငါဘော်ပြမည်အကြောင်း)

၆။ ဧဝံဂေလိတရားအတွက် ပေးဆပ်မှုကို လက်ခံပါ (ငါသည် ခရစ်တော်၏ နက်နဲသောအရာကြောင့် အချည်အနှောင်ခံရသည်)

၇။ ဘုရားပေးသည့် ဉာဏ်ပညာကို မှီခိုပါ (ပညာနှင့် ကျင့်ဆောင်၍)

၈။ အခွင့်အရေးများကို အပိုင်ယူပါ (ကာလအချိန်ကို ရွေးနှုတ်ကြလော့)

၉။ စကားပြောပါ၊ နားထောင်ပါ (အပြန်အလှန် စကားပြောခြင်း)

၁၀။ နူးညံ့သိမ်မွေ့၍ နိမ့်ချခြင်း ရှိပါ (အစဉ်မပြတ် တင့်တယ်လျောက်ပတ်ပါစေ)

၁၁။ ထူးခြားမှု ရှိပါ (ဆားအားဖြင့် ငန်သောအရသာ)

၁၂။ အဆင်သင့်ဖြစ်ပါ (လူအသီးသီးတို့အား အဘယ်သို့ ပြန်ပြောရမည်ကို သိနိုင်မည်အကြောင်း)

ကျမ်းချက်ကို တစ်ယောက်တည်းလေ့လာမလား၊ အဖွဲ့လိုက်လေ့လာမလား (အောက်တွင်ကြည့်ပါ)၊ အထက်ပါ အချက်များကို မည်သို့ရှာထုတ်၍ မည်သို့ ဆွေးနွေးမည် စသည်တို့သည် သင့်အပန်းဖြေချိန်ကို မည်သို့အသုံးပြုမည် ဟူသည့်အချက်ပေါ် မူတည်၍ သင့်သဘောသာ ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ၊ အကြံပြုထားသည့် အောက်ပါ လှုပ်ရှားမှုများအတိုင်း လုပ်ဆောင်ရန် ကျမ်းချက်နှင့် ပေးထားသောအချက်အလက်များကို စိတ်ထဲတွင် မှတ်ထားပါ။

နှုတ်ကပတ်တော်

ဘုရားသခင်၏ နှုတ်ကပတ်တော်အပေါ် လုံးလုံးလျားလျား ဆက်ကပ်အပ်နှံထားသော ဧဝံဂေလိဆရာများအား ရင့်ကျက်ကြီးထွားရန် ကူညီမစခြင်းသည် Advance အဖွဲ့၏ အဓိကပစ်မှတ်ပန်းတိုင် ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သာ၍နက်နဲအောင် လေ့လာရန် ဤအပန်းဖြေချိန်သည် အင်မတန်ကောင်းသောအခွင့်အရေး ဖြစ်သည်။

ကျမ်းစာဖတ်ရှုရန် ကြာမြင့်စွာ အချိန်သုံးခြင်း (တစ်ဦးတည်း ဖတ်ရှုခြင်း)

ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ကြာမြင့်စွာ အချိန်သုံးခြင်းသည် မည်သည့်အခါမျှ အကျိုးမဲ့ မဟုတ်ပါ။ ရှင်မာကုခရစ်ဝင်ကျမ်းတစ်အုပ်လုံး သို့မဟုတ် ဓမ္မသစ်ကျမ်းထဲမှ ကျမ်းအုပ်တစ်အုပ်ကို တစ်ထိုင်တည်း အပြီးဖတ်ရှုခြင်းက ၎င်းကျမ်းအုပ်ရှိ အကြောင်းအရာကို ခြုံပြီး သိနိုင်သည့်အကောင်းဆုံးသောနည်းတစ်ခု ဖြစ်သည်။ သိပ်မရှည်သောကျမ်းအုပ်ဖြစ်လျှင် အကြိမ်ပေါင်းများစွာ ပြန်ဖတ်နိုင်ပြီး ဖတ်တိုင်း ဆုတောင်းခြင်း၊ ဆင်ခြင်သုံးသပ်ခြင်း၊ မှတ်စုများထားခြင်း ပြုလုပ်သင့်သည်။ ကျမ်းအုပ်တစ်အုပ်တည်းကို ဖတ်ရှုကြဖို့ ရွေးချယ် နိုင်ကြသကဲ့သို့ မိမိတို့ဖတ်ရှုသည့်အရာနှင့် ဆင်ခြင်သုံးသပ်ချက်များကို ပြန်မျှဝေနိုင်ရန် အခြားရွေးချယ်မှုများကိုလည်း ပေးနိုင်သည်။

ကျမ်းစာလေ့လာခြင်း (အဖွဲ့လိုက် ဖတ်ရှုခြင်း)

အပန်းဖြေခြင်းတွင် ကျမ်းစာလေ့လာခြင်းကို ပြုနိုင်သည့် နည်းလမ်းများစွာ ရှိသည်။ Advance အဖွဲ့အစည်း အဝေးများတွင် လေ့လာခဲ့သည့် အဓိကကျမ်းချက်များကို ပြန်၍ လေ့လာနိုင်သကဲ့သို့ အပန်းဖြေချိန်အတွက် အဓိကကျသည့် ကျမ်းချက် သို့မဟုတ် အကြောင်းအရာတစ်ခုခုကို သင်ရွေးချယ်နိုင်သည်။ မည်သို့ပင်ဖြစ်စေ၊ ဧဝံဂေလိဆရာများ ပြုစုပျိုးထောင်ခြင်းကို အဓိကအချက်အဖြစ် အမြဲမှတ်ထားစေချင်သည်။

ထပ်လောင်းအစည်းအဝေးနှင့် အခြားသော ADVANCE အရင်းအမြစ်များ

အပန်းဖြေချိန်ကို ပုံမှန် Advance အဖွဲ့ တွေ့ဆုံခြင်းအစည်းအဝေးတစ်ခုအဖြစ် မှတ်ယူလျှင် ထပ်လောင်းအစည်း အဝေးတစ်ခုကဲ့သို့ ခံယူနိုင်သည်။ ကျွန်ုပ်တို့ ကျင့်သုံးလာသည့်ပုံစံအတိုင်း Advance အဖွဲ့အစည်းအဝေးကို ပြုလုပ်ရန် သင်၌ ကိုယ်ပိုင်နည်း ရှိကောင်းရှိနိုင်သည်။

ထို့ပြင်၊ (advancegroups.org/blog) Advance ဝိက်ဆိုက်တွင် One Thing blog ကိုလည်း သွားရောက်လေ့လာလျှင် ဧဝံဂေလိတရား စဟောပြောစဉ်က သိခဲ့သင့်သည့်အကြောင်းအရာတစ်ခုစီကို အသီးသီး မျှဝေကြသည့် ဧဝံဂေလိ ဆရာများကို သက်သေခံချက်များကို ဖတ်ရှုနိုင်သည်။ ဤသက်သေခံချက်များက ဆွေးနွေးခြင်းအစပြုရန် အင်မတန် အထောက်အကူပြုသည်။

ဆုတောင်းခြင်း

အပန်းဖြေချိန်အတွင်း ဆုတောင်းဖို့အချိန်ကို သပ်သပ် ဖယ်ထားပါ။ တိကျသောအရာအတွက် ဆုတောင်းဖို့ အချိန်သပ်သပ်၊ သမ္မာကျမ်းစာအတိုင်း ဆုတောင်းခြင်းနှင့် မိမိဆန္ဒရှိသလို ဆုတောင်းဖို့ အစီအစဉ် ဆွဲထားပါ။ အပန်းဖြေချိန်တွင် မည်သည့်အရာတွက် ဆုတောင်းသည်ဖြစ်စေ အောက်ပါအချက်သုံးချက်ကို ထည့်သွင်း ဆုတောင်းစေချင်သည်။

အချင်းချင်းအတွက် ဆုတောင်းခြင်း

အတူတူအချိန်သုံးချိန်တွင် တစ်ယောက်အတွက် တစ်ယောက် ဆုတောင်းပေးပါ။ ကျေးဇူးတော်ချီးမွမ်းစရာ တစ်ချက်နှင့် လိုအပ်ချက်တစ်ချက်အတွက် အချင်းချင်း ဆုတောင်းခံပါ။ ဆုတောင်းခံချက်တင်ရာတွင် ရိုးသားပွင့်လင်းမှု ရှိရန် တိုက်တွန်းပါ။ ထို့ပြင်၊ လျင်လျင်မြန်မြန် ပြုမည့်အစား တစ်ယောက်၏ ဆုတောင်းခံချက်ကို အချိန်ပေး၍ နားထောင်ပေးပါ။ ဤအချိန်အတွင်းမှ ရလာသည့် ခွန်အားများနှင့် မှတ်သားစရာများကို မှတ်သားထားပါ။

ဒေသန္တရအသင်းတော်နှင့် တစ်ကမ္ဘာလုံးအတွက် ဆုတောင်းခြင်း

မိမိအသင်းတော်အတွက် ဆုတောင်းသကဲ့သို့ ကမ္ဘာအနှံ့သို့ ဧဝံဂေလိတရား ကျယ်ပြန့်ရန်အတွက်လည်း ဆုတောင်းပါ။ မိမိအသင်းတော်အတွက်ဖြစ်စေ၊ တစ်ကမ္ဘာလုံးအတွက်ဖြစ်စေ စိတ်ထဲတွင် တိတိကျကျ ကိန်းအောင်းသောအရာ ရှိပါလျှင် ၎င်းအတွက်လည်း ဆုတောင်းပါ။ တစ်စုံတစ်ယောက်၊ အသင်းတော်များ၊ သာသနာများ၊ အမှုတော်ဆောင်များ၊ သတင်းထဲက အခြေအနေများ စသည့် အရာများအတွက်လည်း သင်ဆုတောင်းနိုင်သည်။

ADVANCE အတွက် ဆုတောင်းခြင်း

မိမိ၏ရင့်ကျက်ခြင်း၊ အသီးသီးခြင်းနှင့် ကယ်တင်ခြင်းအကြောင်းများကို ပြန်ဆင်ခြင်အောက်မေ့ရင်း ဤအဖွဲ့တွင် နေသည့်ကာလအတွက် ကျေးဇူးတော် ချီးမွမ်းပါ။ မိမိအစပြုခဲ့သည့်အမှုကို အဆုံးတိုင်အောင် လုပ်ဆောင် ဘုရားသခင်ထံ ဆုတောင်းပါ။ ဘုန်းတော်ထင်ရှားစေမည့် ခရစ်တော်၏ ပုံသဏ္ဌာန်တော်အဖြစ်သို့ ပြောင်းလဲရန်လည်း ဆုတောင်းပါ (၂ ကော ၃း၁၇–၁၈ အတိုင်း သင်ဆုတောင်းနိုင်သည်)။

ကိုးကွယ်ခြင်း

နှုတ်ကပတ်တော် ဖတ်ရှုခြင်း၊ ဆုတောင်းခြင်းနှင့် မိတ်သဟာယဖွဲ့ခြင်းတို့သည် ကိုးကွယ်ခြင်းအစိတ်အပိုင်းများ ဖြစ်ကြသည်။ သို့သော်၊ သီချင်းဆိုခြင်းဖြစ်စေ၊ ထုတ်ဖော်မှုအသစ်အဆန်းတို့ ဖြင့်ဖြစ်စေ ကိုးကွယ်ခြင်းကို သင်ပြုလုပ်နိုင်သည်။

ဂုဏ်တော်ချီးမွမ်းခြင်းဖြင့် ကိုးကွယ်ခြင်း

သင့်အသိထဲတွင် ဂီတတွင် အရည်အချင်းရှိသောသူ ရှိလျှင် ဂုဏ်တော်ချီးမွမ်းကိုးကွယ်ခြင်းတွင် ပါဝင်ရန် ခေါ်ဖိတ်ပါ။ အွန်လိုင်းတွင်လည်း ကိုးကွယ်ခြင်း အထောက်အကူပြုနိုင်သော အပလယ်ဂေးရှင်းနှင့် ဗီဒီယိုများစွာ ရှိသည်။ အားလုံး လိုက်ဆိုနိုင်အောင် သင်အနှစ်သက်ဆုံးသီချင်းကို youtube တွင် လိုက်ရှာလျှင် သီချင်းစာသားနှင့်တကွ တွေ့လိမ့်မည်။ ဘုန်းတော်ကို ထင်ရှားစေရန် ယုံကြည်သူများ စုဝေးကာ ချီးမွမ်းခြင်းတွင် တန်ခိုးရှိသည်။

သက်သေခံခြင်းနှင့် ချီးမွမ်းခြင်း

တစ်နှစ်တာလုံး သင့်အသက်တာ၌ ဘုရားသခင် လုပ်ဆောင်ခဲ့သည့်အမှုများ ဖြစ်သော ရင့်ကျက်ကြီးထွားလာခြင်း၊ အဆင်ပြေအောင်မြင်ခြင်း၊ ဧဝံဂေလိ ဝေငှခွင့်နှင့် အသီးအပွင့်များ အကြောင်းကို သက်သေခံ ဝေငှကြပါ။ တစ်ယောက် သက်သေခံပြီးတိုင်း ဆုတောင်းရင်း ဘုရားသခင်ကို ချီးမွမ်းကြပါ။ ဘုရားသခင်၏ ဖြစ်တည်ခြင်းနှင့် သင့်အတွက် လုပ်ဆောင်ခဲ့သည့်အရာများအတွက် ကျေးဇူးတော် ချီးမွမ်းဖို့ သီချင်းဖြင့်ဖြစ်စေ၊ တစ်ဖွဲ့လုံးအတွက် အဆင်ပြေမည့် နည်းတစ်ခုဖြင့်ဖြစ်စေ ချီးမွမ်းကြပါ။

တိုက်တွန်းစေလွှတ်ခြင်း

ဘုရားသခင် ခေါ်ဆို၍ တန်ခိုးပေးတော်မူသည့် ဧဝံဂေလိတရား ဟောပြောခြင်းအမှုကို ဆက်လက်လုပ်ဆောင်ရန် ဘုရားသခင်ရှေ့တော်၌ အချင်းချင်း ခွန်အားပေးတိုက်တွန်းကြခြင်းဖြင့် အတူတကွ ဝတ်ပြုကိုးကွယ်ခြင်းကို ပြုလုပ်နိုင်သည်။ Advance အဖွဲ့ ပထမဆုံးနှစ် ကုန်ဆုံးချိန်တွင် ဤမှတ်တိုင်ကို ပြန်ကြည့်၍ ခွန်အားယူကာ ဘုရားသခင်ထံ ကျေးဇူးတော် ချီးမွမ်းနိုင်သည်။ ထို့ပြင်၊ တစ်လောကလုံး ကယ်တင်ခြင်းရရန်နှင့် ဘုရားသခင်၏ ဘုန်းတော် ထင်ရှားရန် နောက်တစ်ကြိမ် သွား၍ ဧဝံဂေလိတရား ဝေငှဟောပြောကြမည်ဖြစ်သောကြောင့် အချင်းချင်းအတွက် ဆုတာင်းကြပါ။

နှစ်စဉ် ပြန်လည်သုံးသပ်ခြင်း

စာမျက်နှာ ၂၄၄ တွင် မေးထားသည့် မေးခွန်းများအတိုင်း ပြန်လည်ဆင်ခြင်သုံးသပ်ကာ ဖောင်ကို ဖြည့်၍ ပေးထားသည့်အဖြေများအပေါ် ဆုတောင်းပါ။ ၎င်းကို တစ်ယောက်ချင်းစီ ပြုလုပ်နိုင်သကဲ့သို့ အဖွဲ့လိုက်လည်း ပြုလုပ်နိုင်သည်။

မိတ်သဟာယဖွဲ့ခြင်း

အတူတူ စုရုံးကြသည့်အခါ မိတ်ဆွေရင်းချာ ဖြစ်လာကြပြီး တစ်ယောက်အပေါ် တစ်ယောက် ယုံကြည်မှု တိုးလာသည်။ မိမိ၏ Advance အဖွဲ့နှင့် မိတ်သဟာယဖွဲ့ခြင်းသည် မိမိအတွက် ကောင်းချီးဖြစ်မည်ဟု မျှော်လင့်မိသည်။ တစ်ယောက်နှင့်တစ်ယောက် တာဝန်ခံမှုရှိခြင်းနှင့် ပျော်ရွှင်ဝမ်းမြောက်စွာ မိတ်သဟာယဖွဲ့ခြင်းကို ဤအပန်းဖြေခြင်းတွင် ဆက်လက်လုပ်ဆောင်နိုင်သည်။

တာဝန်ခံမှု ရှိခြင်း

တာဝန်ခံမှုရှိခြင်းသည် ယခုအချိန်ထိ အစည်းအဝေးတိုင်းအတွက် အဓိကကျသောအပိုင်း ဖြစ်သည်။ ယခုနောက်ဆုံးနှစ် အစည်းအဝေးတွင်လည်း သန့်ရှင်း၍ နှိမ့်ချသောအသက်တာဖြင့် အသက်ရှင်ရန် တစ်ယောက်အပေါ်တစ်ယောက် တာဝန်ခံမှုရှိခြင်းကို ဆက်လက်လုပ်ဆောင်ပါ။

အစာရှောင်ခြင်း/စားသောက်ခြင်း

အပန်းဖြေချိန်တွင် အစာရှောင်ဖို့ အချိန်တစ်ခု ဖယ်ထားလျှင် အင်မတန် ကောင်းပေမည်။ သို့မဟုတ် အတူတူ စားသောက်စဉ် ဆွေးနွေးတိုင်ပင်ခြင်းကိုလည်း ပြုလုပ်နိုင်သည်။ အပန်းဖြေခြင်း၏ ရည်ရွယ်ချက်ကို ပြီးပြည့်စုံစေသရွေ့ မည်သည့်နည်းဖြင့် အချိန်သုံးသုံး မှန်သည်၊ မှားသည် မရှိပါ။

လှုပ်ရှားမှုများ

အားလုံး အတူတူ ပါဝင်နိုင်သည့် လှုပ်ရှားမှုတစ်ခုခုကို ပြင်ဆင်သင့်သည်။ ဥပမာ – သဘာဝအလှများ ရှိရာ ဥယျာဉ်တစ်နေရာရာတွင် အပန်းဖြေကြလျှင် အတူတူ လမ်းလျှောက်ကြ၍ ဘုရားသခင်နှင့် သီးသန့်အချိန်သုံးခြင်း ဆိုင်ရာ လှုပ်ရှားမှုများကို လမ်းလျှောက်ရင်း ပြုလုပ်နိုင်ကြသည်။ သို့မဟုတ်၊ သင်တို့အဖွဲ့သည် မြို့ပြပတ်ဝန်းကျင်တွင် အပန်းဖြေကြလျှင် ပန်းချီပြတိုက်ကို အတူတူ သွားရောက်လေ့လာ၍ ထိုသို့လေ့လာကြစဉ် ဆင်ခြင်အောက်မေ့ နှလုံးသွင်း၍ ပြန်လည်သုံးသပ်ရန် ပန်းချီအချို့ကို အသုံးပြုပြီး ဘုရားသခင်နှင့် သီးသန့်အချိန်သုံးခြင်းဆိုင်ရာ လှုပ်ရှားမှုများကိုလည်း ပြုလုပ်နိုင်ကြသည်။

ထိုနည်းတူ၊ အတူတကွ ပါဝင်လုပ်ရှားနိုင်သည့် အားကစား သို့မဟုတ် ရိုးရှင်းသော ဖျော်ဖြေမှုတစ်ခုခုကို ပြုလုပ်နိုင် သည်။ ဘုရားဝတ်၌ မွေ့လျော်၍ ဆက်ကပ်အပ်နှံမှုကို အဓိကထားသည့် မိတ်သဟာယမျိုး ဖြစ်စေ၊ အတူတကွ အချိန်ကောင်းသုံး၍ အချင်းချင်းကြား ဆက်ဆံရေး ပိုကောင်းစေသည့် မိတ်သဟာယမျိုးဖြစ်စေ အတူတူ အချိန် သုံးစေချင်သည်။

နောက်တစ်ဆင့်

Advance ပထမနှစ်သည် ပြီးဆုံးပြီ။ ဤပထမနှစ် (နှင့် အပန်းဖြေခြင်း) ကို အပြီးမသတ်မီ မိမိအဖွဲ့နှင့် မိမိအဖွဲ့အားဖြင့် ရှိလာမည့် အဖွဲ့သစ်များအတွက် နောက်တစ်ဆင့်ကို ကြိုတင်ကြည့်စေချင် သည်။

ဤအဖွဲ့
Advance အဖွဲ့တွင် မိမိ၏အတွေ့အကြုံများကို ဝေငှလိုသောသူများ ကို အချိန်ပေးပါ။ မိမိကြီးထွားရင့်ကျက်လာပုံ၊ တိုးတက်လာပုံနှင့် မိမိသင်ယူခဲ့သည့် အကြီးမားဆုံးသောအရာတို့ကို မျှဝေပါ။ ဤအရာတို့၌ အချင်းချင်း ခွန်အားပေး တိုက်တွန်းကြပါ။

ဤ Advance ပထမနှစ်အတွက် ကျေးဇူးတော်ချီးမွမ်း၍ လာမည့် နေ့ရက်များအတွက် ဘုရားသခင်ထံ ဆုတောင်းကာ ဆက်ကပ်ပါ။

ဒုတိယနှစ် အစပြုမည့်နေ့ရက်ကို အတူတူ ဆုံးဖြတ်ကြပါ။

အဖွဲ့သစ်များ
နောက်ဆုံးအစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် အဖွဲ့သစ်များ ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ ဆွေးနွေးပါ။ အဖွဲ့သစ် ဖွဲ့ဖို့ မည်သို့ အခြေအနေ ရှိသည်များကိုလည်း မေးမြန်းပါ။ အဖွဲ့သစ် ဖွဲ့မည့် သူများရှိလျှင် သူတို့အတွက် ဆုတောင်းပေးပါ။

အပန်းဖြေချိန်ကို မည်သို့မည်ပုံ အသုံးပြုကြပါစေ Advance ၏ အဓိကအချက်များကို အဓိကထား၍ အဖွဲ့တစ်ဖွဲ့အနေဖြင့် မိမိတို့ တွေ့ကြုံခဲ့သည့်အရာများကို ပြန်ဆင်ခြင်သုံးသပ်ကြပြီး လာမည့်နေ့ ရက်များအတွက် ဆုတောင်းကြပါ။

မှတ်စုများ

ဒုတိယနှစ်

“

လူမည်သည်ကား၊ ခရစ်တော်၌ ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။
ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ။
ထိုသို့ ဖြစ်သော်၊ ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် ဖြစ်ကြ၏။
ဘုရားသခင်သည် ယေရှုခရစ်အားဖြင့် ငါတို့၏ရန်ကို ငြိမ်းစေ၍ ကိုယ်တော်နှင့် မိဿဟာယဖွဲ့စေတော်မူ၏။ ထိုမိဿဟာယတရားကို ဟောရသောအခွင့်အရာကို ငါတို့၌ အပ်ပေးတော်မူ၏။
ထိုတရားမူကား၊ ဘုရားသခင်သည် ခရစ်တော်အထဲ၌ ရှိနေလျက်
လောကီသားတို့၏ အပြစ်များကို မှတ်တော်မမူ၊
ရန်ကို ငြိမ်းစေ၍ ဘုရားသခင်နှင့် မိဿဟာယတရားကိုလည်း ငါတို့၌ အပ်ပေးတော်မူ၏။
ထို့ကြောင့်၊ ငါတို့သည် ခရစ်တော်၏ သံတမန်ဖြစ်ကြ၏။
သင်တို့သည် ရန်ငြိမ်း၍ ဘုရားသခင်နှင့် မိဿဟာယဖွဲ့ကြလော့ဟု ဘုရားသခင်သည်
ငါတို့အားဖြင့် နှိုးဆော်သွေးတော်မူသကဲ့သို့ ငါတို့သည် ခရစ်တော်၏
ကိုယ်စားဖြစ်၍ သင်တို့ကို တောင်းပန်သွေးဆောင်ကြ၏”

၂ ကော ၅:၁၇-၂၀

အစည်းအဝေး ၁

ဧဝံဂေလိတရား ဟောပြောခြင်း၏ စိန်ခေါ်မှုနှင့် အသီးအပွင့်

ဧဝံဂေလိတရား ဟောပြောရာတွင် ရင်ဆိုင်တွေ့ကြုံသည့် စိန်ခေါ်မှုများနှင့် ကျွန်ုပ်တို့ သယ်ဆောင်သည့် ဧဝံဂေလိတရား၏ အသီးအပွင့်များကို လေ့လာခြင်းဖြင့် Advance ဒုတိယနှစ်ကို အစပြုထားသည်။

အစည်းအဝေးကို ဝါကျတစ်ကြောင်းဖြင့် အကျဉ်းချုပ်ခြင်း
ကျွန်ုပ်တို့သည် အသီးအပွင့်ရှိသော ဧဝံဂေလိတရား၏ သံတမန်များဖြစ်ချင်ကြသည့်အလျောက် စိန်ခေါ်မှု များစွာကိုလည်း ဤလောကတွင် ရင်ဆိုင်ကြလိမ့်မည်။

အစည်းအဝေး နောက်ကြောင်း
ဂရိဒဏ္ဍာရီတစ်ခုဖြစ်သည့် Herakles တွင် ဇုးစ် (Zeus) ၏ သားတော်သည် မဖြစ်နိုင်ဟန်ရှိသည့်အလုပ်ကို လုပ်ဖို့ တာဝန်ပေးအပ်ခြင်း ခံရသည်။ ဘုရားတစ်ပိုင်း၊ လူတစ်ပိုင်းဖြစ်သောကြောင့် အဆိုပါအလုပ်ကို ပြီးမြောက်အောင် လုပ်ဆောင်ခဲ့ပြီး အကျော်ကြားဆုံးသော သူရဲကောင်းအဖြစ် ဂရိစာပေများတွင် ဖော်ကျူးခြင်း ခံရသည်။ ထိုသို့ အလွန်ကျော်ကြားသောကြောင့် ရောမလူမျိုးတို့က သူ့ကို မိမိတို့၏သူရဲကောင်းအဖြစ် ခံယူကာ ‘ဟာခီးလိစ်’ (Hercules) ဟူ၍ အမည်ပေးခဲ့ကြသည်။ “ဟာခီးလစ်၏ ကြိုးပမ်းမှု” ဟူ၍ ကြီးမားသောတာဝန်ကို လုပ်ဆောင်နိုင်ခြင်းကို ရည်ညွှန်း၍ သူ၏အမည်ကို ယနေ့အချိန်ထိ အမွှမ်းတင် အသုံးပြုလာကြသည်။

ဖျော်ဖြေမှုနှင့် လူ့ကျင့်ဝတ်များကို လက်ဆင့်ကမ်းပေးဖို့ ရည်ရွယ်ချက်အပါအဝင် အခြားသောရည်ရွယ်ချက်များဖြင့် ရှေးဒဏ္ဍာရီပုံပြင်များကို ပြောပြလေ့ရှိကြသည်။ ဟာခီးလိစ်ကဲ့သို့သော ပုဂ္ဂိုလ်များသည်လည်း သူတို့ လုပ်ဆောင်သောအရာများကို ကြားဖူးသောသူများအတွက် စိတ်ခွန်အား ဖြစ်ဖို့ ရည်ရွယ်သည်။

ခရစ်ယာန်များအနေဖြင့် ရန်လို၍ မှောင်မိုက်သော ဤလောကသို့ ဘုရားသခင်၏ သစ္စာရှိသော သံတမန်များဖြစ်ခြင်း တည်းဟူသော “ဟာခီးလိစ်” အလုပ်ကို ကြိုးစားလုပ်ဆောင်ဖို့ မပြည့်စုံသောဒဏ္ဍာရီပုံပြင်များရှိ ဇာတ်ကောင်များထံမှ စိတ်ခွန်အား ယူဖို့ မလိုအပ်ပါ။ ယေရှုခရစ်၏ သက်တော်စဉ်၊ သာသနာတော်၊ အသေခံတော်မူခြင်းနှင့် ရှင်ပြန်ထမြောက် တော်မူခြင်းတို့မှ ကျွန်ုပ်တို့ ခွန်အားယူသည်။ စိန်ခေါ်မှုများ၊ ညဉ်းပန်းနှိပ်စက်ခြင်းနှင့် ဆင်းရဲဒုက္ခများကို ရင်ဆိုင်ရန် ယေရှုက ကျွန်ုပ်တို့ကို စိတ်ခွန်အားပေးရုံသက်သက် မဟုတ်ပါ ထိုအရာတို့ကို ရင်ဆိုင်စဉ် ကျွန်ုပ်တို့နှင့်အတူ အတူပါရှိကြောင်း မိန့်တော်မူသည် (မဿဲ ၂၈း၂၀)။ ယေရှုသည် ယုံကြည်ခြင်းကို ကြံ့ကြံ့ခံဖို့ ကျွန်ုပ်တို့အတွက် ပုံသက်သေကောင်း ဖြစ်သကဲ့သို့ ကျွန်ုပ်တို့၏ လမ်းခရီးတွင် ကူညီမစ၍ တန်ခိုးခွန်အားပေးသူလည်း ဖြစ်သည်။

ဆာလံ ၁ တွင် ရိုးရှင်းနက်နဲသောသမ္မာတရားကို တွေ့နိုင်သည်။ အသက်ရှင်ရာလမ်းနှင့် ပျက်ဆီးရာလမ်းနှစ်လမ်း ရှိကြောင်း ဖော်ပြထားသည်။ မည်သည့် ဘဝမုန်တိုင်း တိုက်ခိုက်ပါစေ ဘုရားသခင်၌ သစ္စာရှိရှိ အမြစ်တွယ် သောသူတို့သည် စစ်မှန်သောအသက်ကို တွေ့၍ အသီးများသီးလိမ့်မည်။ ထိုသို့သောပုဂ္ဂိုလ်တို့၏ သီးနှံရိပ်သိမ်းခြင်း သည် ပျက်ဆီးသည့်အဆင့်ထိ လေထဲ၌ လူးလိမ့်စေသော အပြောင်းအလဲများသည့် ဤလောက၏ အခြေအနေများ အပေါ် မမူတည်ဘဲ မပြောင်းလဲနိုင်သော ဘုရားသခင်၏ သမ္မာတရား၌ မူတည်သည်။ အသက်စမ်းရေ၌ စိုက်ပျိုး ခြင်းခံလျှင် မုန်တိုင်းဒဏ်ကို ခံနိုင်မည့်အပြင် အသီးအပွင့်ရှိလာနိုင်လိမ့်မည်။

စိန်ခေါ်မှုနှင့် အသီးအပွင့် (ရုန်းကန်ခြင်းနှင့် တိုးတက်ခြင်း) သည် ဒွန်တွဲနေသည်။ ကားတိုင်ပေါ်၌ ယေရှု ခံစားခဲ့သည့် အကြီးမားဆုံးသော နာကျင်မှုဝေဒနာသည် ကျွန်ုပ်တို့ကိုယ်စား အကြီးမားဆုံးအောင်မြင်မှုကို ယူဆောင်ပေးသည်။ ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်၍ စစ်မှန်သောအသက်ကို ကျွန်ုပ်တို့ ပြန်တွေ့နိုင်ရန် ဖြစ်သည်။ ဘဝတွင် အကြိမ်ကြိမ် ရုန်းကန်ရသည့်တိုင် ဘုရားသခင်၌ မွေ့လျော်ခြင်းသည် ယုံကြည်သူများအနေဖြင့် ဘဝ ပေးအခက် အခဲများကို ရင်ဆိုင်ကြရမည့်နည်း ဖြစ်သည်။ ထိုသို့ ပြုလျှင်၊ ဘဝတွင် နာကျင်မှုနှင့် တွေ့ကြုံသည့်အချိန်နှင့် ဧဝံဂေလိတရား ဟောပြောခြင်းတွင်လည်း ခက်ခဲသည်ဟု ထင်ရသည့်အခါ ကျွန်ုပ်တို့ သွေ့ခြောက်သွားကြမည် မဟုတ်ပါ။ ဟာခီးလိစ် ရင်ဆိုင်ခဲ့သည့် ပြဿနာထက် ကြီးမားသည့်ပြဿနာမျိုး ရင်ဆိုင်သော ဤလောကထံ ဧဝံဂေလိတရားကို ကျွန်ုပ်တို့ ဆက်ဟောမြဲ ဆက်ဟောကြမည်။ မိမိကိုမိမိ မသိသောသူများ၊ နာကျင်မှုဝေဒနာ ခံရသူများ၊ ရုပ်တုကိုးကွယ်သူများနှင့် သေခြင်းတရားကို ရင်ဆိုင်

သော လောကီသားတို့ထံ ဒဏ္ဍာရီပုံပြင် မဟုတ်၊ သမိုင်းမှတ်တမ်းတွင် အစစ်အမှန် တည်ရှိ၍ ဘုရား-လူဖြစ်သူ တစ်လောကလုံး၏ ကယ်တင်ရှင် ယေရှုအကြောင်းကို ကျွန်ုပ်တို့ ဟောပြောရပေမည်။

အစည်းအဝေး လမ်းညွှန်

တွေ့ဆုံခြင်း (၁၀-၂၀ မိနစ်)

တစ်ယောက်နှင့်တစ်ယောက် မိတ်ဆက်စကားပြောဖို့ အချိန်သုံးပါ။ သက်သေခံခြင်း၊ ခွန်အားပေးခြင်း၊ အခွင့်အရေးများကို အတူသုံးသပ်ခြင်းနှင့် အဖွဲ့အတွက် ခွန်အားဖြစ်စေမည့် မည်သည့်အကြောင်းအရာကိုမဆို မျှဝေပြောဆိုနိုင်သည်။ Advance အဖွဲ့သစ် အစပြုသောသူ ရှိမရှိ မေးမြန်းကြပါ။ ရှိပါက ဂုဏ်ပြုပြီး သူတို့အဖွဲ့သစ်အတွက် ဆုတောင်းပေးပါ။ ဤတစ်နှစ်အတွင်း အဖွဲ့သစ်ကို အစပြုရန် ကျန်ပုဂ္ဂိုလ်များကိုလည်း ခွန်အားပေးတိုက်တွန်းပါ။

ဆုတောင်းခြင်း

အချိန်တစ်ခုလုံးကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံ၍ တွေ့ဆုံခြင်းအပိုင်းတွင် ကြားခဲ့သည့်အခြေအနေ အကောင်း၊ အဆိုးများအတွက် ဘုရားသခင်ထံ ဆုတောင်းဆက်ကပ်ပါ။

သွန်သင်ခြင်း (၃၀-၄၀ မိနစ်)

အောက်ပါသင်ခန်းစာများကို သင်နှစ်သက်သည့်နည်းဖြင့် သင်ပေးနိုင်သကဲ့သို့ တစ်လုံးမကျန် ဖတ်ပြခြင်းဖြင့်လည်း သင်ပေးနိုင်သည်။ ထို့ပြင်၊ သင်ကိုယ်တိုင် ပြင်ဆင်၍လည်း တင်ပြနိုင်သည်။

> "ကောင်းသောအပင်သည် မကောင်းသောအသီး၊ မကောင်းသောအပင်သည် ကောင်းသောအသီးကို မသီးနိုင်။ ကောင်းသောအသီးမသီးသော အပင်ရှိသမျှတို့ကို ခုတ်လှဲ၍ မီးထဲသို့ ချလိုက်တတ်၏။ သို့ ဖြစ်လျှင်၊ ထိုပရောဖက်တို့၏အကျင့်ကို ထောက်သော် သူတို့၏သဘောကို သိရကြလိမ့်မည်"'
>
> **မဿဲ ၇း၁၈-၂၀**

မိမိလူတို့အပါအဝင် အထူးသဖြင့် ဧဝံဂေလိတရားဆိုင်ရာ သံတမန်များ၏ အကျင့်စာရိတ္တနှင့် ပတ်သက်၍ ဘုရားသခင် ပြုပြင်ပြောင်းလဲဖို့ ရည်ရွယ်ကြောင်းကို ပထမနှစ်တွင် ကျွန်ုပ်တို့ အတူတူလေ့လာခဲ့ကြပြီး ဖြစ်သည်။ ဤလောကသို့ ဧဝံဂေလိတရားကို သယ်ဆောင်သွားသည့်အခါ ရင်ဆိုင်ကြုံတွေ့သည့် စိန်ခေါ်မှုများနှင့် အတူ အသီးအပွင့်များကို ဤတစ်နှစ်တွင် လေ့လာသွားကြမည် ဖြစ်သည်။

ဂျွန်ဝိုက်စလီ (John Wesley) သည် တစ်နေရာမှ အခြားတစ်နေရာသို့ မြင်းဖြင့် ခရီးနှင်ခဲ့ရသော်လည်း သူ၏ဘဝ တစ်လျှောက်လုံးတွင် ဒေသနာပေါင်း ၄၀,၀၀၀ ကျော် ဟောပြောခဲ့သည်။ ၁၈ ရာနှစ်တွင် ဗြိတိန်နိုင်ငံတစ်နိုင်ငံလုံးအနှံ့ ခရီးသွားပြီး ဧဝံဂေလိတရား ယူဆောင်သွားသည့်အခါ သူရင်ဆိုင်ခဲ့သည့် စိန်ခေါ်မှုများ၊ အခက်အခဲများနှင့် ညှဉ်းပန်းနှိပ်စက်မှုများကို ဝိုက်စလီ၏ ဒိုင်ယာရီမှတ်တမ်းကို ကြည့်လျှင် တွေ့နိုင်သည်။ ဧဝံဂေလိတရားကြောင့် လူများစွာ၏ဘဝများ ပြောင်းလဲသွားခဲ့ကြသည့်အချက်ကို ထည့်မတွက်လျှင် သူရင်ဆိုင်ခဲ့သည့် စိန်ခေါ်မှုများကို အလွန်ခါးသီးသောရာများအဖြစ် မှတ်ရပေလိမ့်မည်။ ရုန်းကန်မှုများသည် အမှန်တကယ် ရင်ဆိုင်ရသည်မှန်သော်လည်း ဧဝံဂေလိတရားအတွက် ရုန်းကန်ခြင်းသည် အင်မတန် တန်ဖိုးရှိလှသည်။

ရှေ့တန်းတွင် ဧဝံဂေလိတရား ဟောပြောခြင်းသဘောတရားကို နားလည်သဘောပေါက်ရန် ဂျွန်ဝိုက်စလီကဲ့သို့သော ပုဂ္ဂိုလ်၏ အတ္ထုပတ္တိသည် အင်မတန် အထောက်အကူ ပြုသည်။ သင်ကိုယ်တိုင်ကော မည်သို့သောအတွေ့အကြုံမျိုး ရှိသနည်း။

> **ဆွေးနွေးပါ –** ဧဝံဂေလိတရား ဟောပြောဝေငှသည့်အခါ မည်သည့်စိန်ခေါ်မှုမျိုးကို သင်ကြုံတွေ့တတ်သနည်း။

တစ်ခါတရံ စိန်ခေါ်မှုသည် ကောင်းသောအရာ ဖြစ်သည်။ ဥပမာ – နေ့စဉ် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကြောင့် ပေးဆပ်ရသည့်စိန်ခေါ်မှုမျိုး၊ ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်းရှိခြင်း၊ အခြားရုပ်တုများနှင့် အနှောင့်အယှက်များထက် ဘုရားသခင်ကို ဦးစားပေးခြင်း၊ အခြားယုံကြည်သူများနှင့် မိတ်သဟာယဖွဲ့ခြင်း၊ အမှုတော်မြတ်အတွက် သူတပါးကို တိုက်တွန်း၍ ပြင်ဆင်ခြင်း စသည့်စိန်ခေါ်မှုမျိုးသည် ကောင်းသောစိန်ခေါ်မှုများ ဖြစ်သည်။

သာမန်အားဖြင့် ကောင်းသောအရာအဖြစ် သတ်မှတ်၍ မရသော အတွေ့အကြုံအချို့ ရှိသည်။ ၎င်းတို့မှာ လောက၏ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူသားကို ကြောက်ခြင်း၊ ရန်သူ၏ စုံစမ်းသွေးဆောင်ခြင်းနှင့် စွပ်စွဲခြင်း၊ မိမိ၏ကြိုးစား အားထုတ်မှုကို ရုပ်တုသဖွယ် ကိုးစားခြင်းနှင့် သူတပါးနှင့် နှိုင်းယှဉ်ခြင်းတို့ ဖြစ်သည်။ သို့သော်၊ ကျွန်ုပ်တို့အား ယုံကြည်ခြင်း၌ နာခံသောသူများဖြစ်ရန် ဤစိန်ခေါ်မှုများကို ဘုရားသခင် အသုံးပြုနိုင်သည်။

ကျွန်ုပ်တို့ တွေ့ကြုံသည့် စိန်ခေါ်မှုများကို မည်သို့ ရင်ဆိုင်၍ ၎င်းစိန်ခေါ်မှုများ၏ အလဲထိုးအနိုင်ယူခြင်း မခံဘဲ ဘုရားသခင်၏ ခေါ်ဆိုခြင်းနှင့် အမှုတော်မြတ်အတွက် ဝိညာဉ်ရေးရာ တွန်းအားအဖြစ် ကျွန်ုပ်တို့ မည်သို့ တိုးတက်ပြုပြင်သင့်ပါသနည်း။ အင်မတန် ရိုးရှင်းလွန်းသည်ဟု ထင်မှတ်နိုင်သော်လည်း အဖြေမှာ ယေရှု၏ နောက်တော်သို့ လိုက်ခြင်း ဖြစ်သည်။

ယေရှုသည် တပည့်တော်များအား "ငါ့နောက်သို့ လိုက်လော့" ဟူ၍ ရှင်ယောဟန် ခရစ်ဝင်ကျမ်း ပထမနှင့် နောက်ဆုံးအခန်းကြီးတွင် ဖိတ်ခေါ်ခဲ့သည်။ ဤဖိတ်ခေါ်မှုနှစ်ကြိမ်လုံးလုံးတွင် တပည့်တော်များသည် အသက်အန္တရာယ်၊ ကျရှုံးမှု၊ စိတ်ပျက်မှု၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ သဘောထားကွဲလွဲခြင်းနှင့် အခြားအခြားသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်ခဲ့ကြသည်။ ကောင်းကင်သို့ ယေရှု တက်ကြွပြီးနောက် တပည့်တော်များသည် ဧဝံဂေလိတရားဟောပြော၍ အသင်းတော် တည်ထောင်ခြင်းဖြင့် ခရစ်တော် နောက်သို့ လက်တွေ့လိုက်လျှောက်ခဲ့ကြသည်။ သို့သော်၊ ယခင်နည်းတူ စိန်ခေါ်မှုများကို ရင်ဆိုင်ခဲ့ကြသည်။ သို့သော်၊ မတူညီသောအရာ နှစ်ချက်ရှိသည်။ ပထမမှာ၊ ရှင်ပြန်ထမြောက်သော ယေရှုက မြင်ခဲ့ကြသောကြောင့် ယေရှုကို မေရှိယအဖြစ်သာ မမြင်ကြတော့ဘဲ အရှင်သခင်အဖြစ် သိမြင်ခဲ့ကြသည်။ ဒုတိယမှာ၊ အရာအားလုံးကို ပြောင်းလဲစေသော ခရစ်တော်ပေးသည့် ဆုကျေးဇူးကို ရရှိခဲ့ကြသည်။

ယေရှုနောက်တော်သို့ လိုက်ခြင်းသည် ယေရှုကို သိကျွမ်းခြင်းဖြစ်သည်။ မကြာမီ တပည့်တော်တစ်ယောက် ဖြစ်လာမည့် နာသနေလသည် ယေရှုအကြောင်းကို ပထမဆုံး ကြားသိသည့်အချိန်တွင် "နာဇာရက်မြို့၊ ဟုတ်လား။ နာဇရက်မြို့ကနေ ကောင်းတာထွက်လာဖူးလို့လား" ဟူ၍ ခနိုးခနဲ့ ပြန်တုံ့ ပြန်ခဲ့သည်။ သို့သော်၊ နာသနေလသည် ယေရှုကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်၍ ယေရှု၏ ပရောဖက်ပြုခြင်းဆိုင်ရာ တန်ခိုးကို လက်တွေ့ သိမြင်ပြီးနောက် စော်ကားခြင်းမှ အတွင်းသိအဆင်းသိ အဖြစ်သို့ ပြောင်းလဲသွားသည် (ယော ၁း၄၃-၅၀)။ ယေရှုနှင့် ထိပ်တိုက် တွေ့သည့်အခါ နာသနေလသည် ယေရှုကို ခနိုးခနဲ့ပြုသည့်အဖြစ်မှ နောက်လိုက်သည့်အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

ခရီးတိုင်း၌ စမှတ်ရှိသကဲ့သို့ ဆက်ဆံရေးတိုင်းသည် "မင်္ဂလာပါ" ဟူသည့် ရိုးရှင်းသောနှုတ်ဆက်စကားဖြင့် စတင်တတ်သည်။ အချိန်ကြာလာသည်နှင့်အမျှ နာသနေလနှင့် သူငယ်ချင်းများသည် ယေရှု၏ ဖြစ်တည်ခြင်းအမှန်ကို သိရှိသွားခဲ့ကြပြီး ရှုပ်ထွေးခဲ့ကြသည့်အဖြစ်မှ ယုံကြည်မှုအပြည့် ရှိလာခဲ့ကြကာ နဂိုနှိမ်ခဲ့သည့်အဖြစ်မှ "နာဇရက်မြို့လား။ နာဇရက်မြို့ကနေ ထွက်လာတဲ့ မြင့်မြတ်သောလူတစ်ယောက်အကြောင်းကို မိတ်ဆက်ပေးရပါစေ" ဟူသည့် ကြွေးကြော်သံအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

> **ဆွေးနွေးပါ –** ယေရှုနောက်တော်သို့ လိုက်သောကြောင့် သင့်အသက်တာ မည်သို့ ပြောင်းလဲသွားသနည်း။ မည်သည့်အသီးအပွင့် သင်တွေ့နိုင်သနည်း။

ယေရှုနောက်တော်သို့ လိုက်သည့်အခါ တစ်လောကလုံးက ကိုယ့်ကို ဆန့်ကျင်ပုန်ကန်သည့်ပုံ ပေါ်သော်လည်း ယေရှုနှင့် မိတ်သဟာယဖွဲ့ခြင်း၌ ပျော်ရွှင်ဝမ်းမြောက်ခြင်း၌ ကျွန်ုပ်တို့ ရှာတွေ့နိုင်သည်။ ပတ်ဝန်းကျင်၏ စိန်ခေါ်မှုကို အံတုရုံတင်မက အနိုင်ယူကျော်လွှားနိုင်သည်။ ခရစ်တော် ပေးသနားသည့် သန့်ရှင်းသောဝိညာဉ်တော်နှင့် ထိုဝိညာဉ်တော်မှ ဆင်းသက်သော အသီးအပွင့်များဖြင့် ကျွန်ုပ်တို့ ကျော်လွှားနိုင်ခြင်း ဖြစ်သည်။

> "ဝိညာဉ်ပကတိ၏အကျိုးမူကား၊ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်းပေတည်း။ ထိုသို့သောအကျင့်ကို အဘယ်တရားမျှ မမြစ်တား"
>
> **ဂလာတိ ၅း၂၂-၂၃**

ဤအရာသည် ကျွန်ုပ်တို့၏အသက်တာ၌ ဘုရားသခင် လုပ်ဆောင်သည့်အရာဖြစ်၍ ဘုရားသခင်၏ မျက်မှောက်တော်နှင့် တန်ခိုးတော်အောက် ကိုယ့်ကိုကိုယ် အပ်နှံသည့်အခါ မွန်မြတ်သော အကျင့်စာရိတ္တ ရှိလာတတ်သည်။ အမှုတော်မြတ်လမ်းခရီးတွင် နေ့စဉ်ကြုံတွေ့သည့် ပြဿနာများ၊ အတားအဆီးများ၊ ညှဉ်းပန်းနှိပ်စက်ခြင်းများနှင့် အခက်အခဲများသည် ကျွန်ုပ်တို့၏ ဧဝံဂေလိတရားဟောပြောခြင်းကို စိန်ခေါ်မှု မပေးပါ။ ယေရှုကို သိကျွမ်း၍ နောက်တော်သို့ နေ့စဉ်လိုက်လျှောက်ခြင်းသည်သာ ကျွန်ုပ်တို့ကို စိန်ခေါ်သည့်အရာ ဖြစ်သည်။

ဝိညာဉ်တော်၏ "အသီးများ" ဟူ၍ ကျွန်ုပ်တို့ မကြာခဏ ကြားရသော်လည်း မူရင်းဂရိဘာသာစကားတွင် "အသီး" သည် အနည်းကိန်းဖြစ်သည် (အင်္ဂလိပ်ကျမ်းစာများတွင် အနည်းကိန်းဖြင့် ဘာသာပြန်ထားသည်)။ အရေးကြီးပါသလား။ ဝိညာဉ်အသီးတစ်ခုကို (ဘဝတစ်ခု) လက္ခဏာကိုးမျိုးဖြင့် ရှင်ပေါလု ဖော်ပြလိုသည်လည်း ဖြစ်နိုင်သည် (တစ်ခါတရံ ၎င်းလက္ခဏာများကို 'ကျေးဇူးတော်များ' သို့မဟုတ် 'ပါရမီများ' ဟူ၍ ခေါ်ကြသည်)။ ၎င်းသည် ရှင်ပေါလု ဖော်ပြသည့် ခရစ်ယာန်အသက်တာ ဖြစ်သည်။

ဝိညာဉ်အသီးတစ်ခုလုံးကို သဘောပေါက်နားလည်နိုင်ရန် ဒုတိယနှစ် အစည်းအဝေးများတွင် ကျွန်ုပ်တို့ အသေးစိတ် လေ့လာသွားမည်။ ၎င်းဝိညာဉ်အသီးကို ကျွန်ုပ်တို့၏ဘဝမှ ဖယ်ထား၍ မဖြစ်နိုင်ပါ။

သင့်အသက်တာ၌ ဘုရားသခင့် ဝိညာဉ်တော်၏ သက်ရောက်မှု အပါအဝင် ၎င်းမှ ဆင်းသက်လာသည့် အသီးအပွင့်နှင့် ပတ်သက်၍ ဘုရားသခင် လုပ်ဆောင်သည့်အရာ ဖြစ်သည်။ သင့်ဘဝအသက်တာတစ်ခုလုံးအတွက် သင့်အပေါ် ဘုရားသခင်၏ ခေါ်ဆိုခြင်း ဖြစ်သည် (မဿဲ ၁၆း၂၄-၂၇)။ ကျွန်ုပ်တို့၏ အသက်တာ၌ အကျင့်စာရိတ္တအချို့တွင် ပိုကောင်းသည့်ပုံ ပေါ်နိုင်သော်လည်း နယ်ပယ်အားလုံး၌ ကြီးထွားရင့်ကျက်ဖို့ လိုအပ်သည်။ ဘုန်းတော်ကိုလည်း အမြဲတစဉ် ထင်ရှားစေရမည်။ ကိုယ့်အားကို ကိုး၍ ထိုသို့ မပြုလုပ်နိုင်သောကြောင့် လူ့အသီးဟု မခေါ်ဘဲ ဝိညာဉ်အသီးဟု ခေါ်ရခြင်း ဖြစ်သည်။

> "ယေရှုနောက်သို့ လိုက်ခြင်းသည် ရိုးရှင်းသော်လည်း မလွယ်ကူပါ။ နာကျင်သည်အထိ မေတ္တာထား၍ ဆက်လက်မေတ္တာထားမြဲထားပါ"
>
> **မာသာထီရီဆာ**

လောကကို ချစ်ပြီး လောကကို ကျွန်ုပ်တို့ မပြုပြင်နိုင်ပါ။ ဘုရားသခင်ကသာ ပြုပြင်နိုင်သည်။ ရိုးရှင်းသော်လည်း ပေးဆပ်မှုကြီးမားသော ယေရှုနောက်တော်သို့ လိုက်ခြင်းတွင် ကိုယ့်ကိုကိုယ် ဆက်ကပ်ထားလျှင် ကျွန်ုပ်တို့ တတ်နိုင်သည့်အစွမ်းကို ကျော်လွန်၍ ချစ်နိုင်မည် ဖြစ်သည်။ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်အခြေအနေကို ကျော်လွန်၍ မေတ္တာပြုနိုင်မည်။ ကျွန်ုပ်တို့ ရင်ဆိုင်သည့်စိန်ခေါ်မှုကို ကျော်လွန်၍ မေတ္တာပြနိုင်မည်။ တစ်လောကလုံးကို ကယ်တင်နိုင်သည့်တန်ခိုးရှိ၍ ကောင်းကင်မှ ဆင်းသက်သည့် မေတ္တာမျိုးဖြင့် ကျွန်ုပ်တို့ ချစ်နိုင်မည်။ ဝိညာဉ်အသီး၏ တနိုးခုးဖြင့် ကျွန်ုပ်တို့ ချစ်နိုင်သည်။

အဓိကအချက်အကို အဓိကထားရန် မာသာထီရီဆာ၏ အဆိုအမိန့်ကို ကျွန်ုပ်တို့ ပြင်နိုင်သည်။

> “ဧဝံဂေလိဟောပြောခြင်းသည် ရိုးရှင်းသော်လည်း မလွယ်ကူပါ။ နာကျင်သည်အထိ ဟောပြော၍ ဆက်လက်ဟောပြောမြဲ ဟောပြောပါ”

ဆွေးနွေးခြင်း (၁၅ မိနစ်)

၁။ ယေရှုနောက်သို့ လိုက်ခြင်းဆိုသည်မှာ အဘယ်နည်း။

၂။ စိန်ခေါ်မှုများကြားထဲမှ ယေရှုကို အရှင်သခင်အဖြစ် ကြွေးကြော်ခြင်းတွင် မည်သည့်တန်ခိုး ရှိပါသနည်း။

၃။ သင့်ယုံကြည်ခြင်းအသီးအပွင့်ကို မည်သို့ သင်သိမြင်၍ ဝမ်းမြောက်သင့်ပါသနည်း။

> “စိတ်ပျက်ခြင်းအမှောင်တိ ဖုံးလွှမ်းသည့်အခါ ကုန်ဆုံးသည်အထိ သည်းခံပါ။ အကြောင်းမှာ နှုတ်ဖြင့် ဖော်ပြ၍ မရနိုင်သည့် ဝမ်းမြောက်ခြင်းဖြစ်သော ယေရှုနောက်သို့ လိုက်ခြင်းသည် ထိုအမှောင်ထုထဲမှ ထွက်လာလိမ့်မည်”
>
> **အိုစဝဲလ်ချန်ဘာ**

လိုက်လျှောက်ကျင့်သုံးခြင်း (၅ မိနစ်)

သင့်နေ့စဉ်အသက်တာ၌ ဝိညာဉ်အသီး တွေ့ရှိဖို့ ဆုတောင်းခြင်းဖြင့် ယေရှုနောက်သို့ လိုက်ဖို့ Advance ဒုတိယနှစ်အစပိုင်းကတည်းက ဆုံးဖြတ်ချက်ချပါ။ ပထမနှစ်တွင် ဆုတောင်းခြင်းဒိုင်ယာရီ ထားရှိခဲ့လျှင် ၎င်းကို ဆက်လက်ကျင့်သုံး၍ သင့်ဧဝံဂေလိတရားဟောပြောခြင်း၌ ကြုံတွေ့သည့် စိန်ခေါ်မှုများနှင့် ၎င်းအပေါ် သင်၏တုံ့ပြန်မှု၌ တွေ့ရသည့် ဝိညာဉ်တော်အသီးကို မှတ်တမ်းတင်ရေးသားပါ။ ဆုတောင်းခြင်းဒိုင်ယာရီ မရှိသေးလျှင် ယခုသည် အစပြုဖို့ အကောင်းဆုံးအချိန် ဖြစ်သည်။

တာဝန်ခံမှုရှိခြင်းနှင့် ဆုတောင်းခြင်း (၁၅ မိနစ်)

တာဝန်ခံမှုရှိခြင်းဖောင်ကို နှစ်ယောက်တစ်တွဲဖြင့်ဖြစ်စေ၊ အဖွဲ့ငယ်လိုက်ဖြစ်စေ ပြည့်စုံအောင် ဖြည့်၍ အချင်း ချင်းအတွက် ဆုတောင်းကြပါ။

“ကိုယ်တော်…ကျွန်ုပ်တို့နှင့်အတူ အမြဲရှိသောကြောင့် ကျေးဇူးတော်ချီးမွမ်းပါ၏။ ဘယ်လို စိန်ခေါ်မှုမျိုး ရင်ဆိုင်ရပါစေ အချိန်အခါတိုင်း ကိုယ်တော့်နောက်လိုက်ဖို့ အကျွန်ုပ်တို့ကို ကိုယ်တော်၏ ကျေးဇူးတော်ဖြင့် မစတော်မူပါ။ ကျွန်ုပ်တို့၏အသက်တာ၌ အလုပ်လုပ်သော ကိုယ်တော်၏ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏အထဲ၌လည်းကောင်း၊ ကျွန်ုပ်တို့အားဖြင့်လည်းကောင်း အသီးများသီးဖို့ လမ်းပြတော်မူပါ။”

ဆွေးနွေးချိန်နှင့် တာဝန်ခံမှုဖောင် ဖြည့်ချိန်တွင် သတိထားမိခဲ့သည့် စိန်ခေါ်မှုများအတွက် အတူတူ ဆုတောင်းပါ။ ဝိညာဉ်အသီးဖြစ်သည့် ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်းနှင့် ကာမဂုဏ်ချုပ်တည်းခြင်းတို့၌ သင်နေ့စဉ် ကြီးထွားရန် ဘုရားသခင်ထံ အကူအညီ တောင်းပါ။

မမေ့ပါနှင့် … (၁၀ မိနစ်)

လာမည့်အစည်းအဝေးများအတွက် အချိန် မသတ်မှတ်သေးလျှင် ယခု သတ်မှတ်ပါ။ ကြိုတင်ပြင်ဆင်ပြီး ဦးစားပေးဖို့ တွေ့ဆုံမည့်ရက်ကို အနည်းဆုံး ၆ လ ကြိုတင်၍ သတ်မှတ်ပါ။

မှတ်စုများ

အစည်းအဝေး ၂

ဘုရားသခင်၏ စိန်ခေါ်မှု – ကိုးကွယ်ခြင်းနှင့် နာခံခြင်း

ဘုရားသခင်ကို နံဝိညာဉ်ဖြင့်လည်းကောင်း၊ သစ္စာဖြင့်လည်းကောင်း ကိုးကွယ်ခြင်း အကြောင်းနှင့် ထိုကိုးကွယ်ခြင်းမှ ဧဝံဂေလိ တရားဟောပြောခြင်း မည်သို့ စီးဆင်းလာမည့် အကြောင်းကို ဤအစည်းအဝေးတွင် လေ့လာသွားမည်။

အစည်းအဝေးကို ဝါကျတစ်ကြောင်းဖြင့် အကျဉ်းချုပ်ခြင်း
ဘုရားသခင်ကို နံဝိညာဉ်နှင့် သစ္စာတရားဖြင့် ကိုးကွယ်မည့် သူများအပြင် ယေရှုနောက်တော်သို့ လိုက်ခြင်း၏ အဖိုးအခကို တွက်ချက်၍ ဤလောကသို့ မျှော်လင့်ခြင်းကို ဟောပြောရုံ သက်သက် မဟုတ်ဘဲ အရာရာ၌ နာခံမှု ရှိသော သန့်ရှင်းသော သူများကို ဘုရားသခင် ရှာနေသည်။

အစည်းအဝေး နောက်ကြောင်း
ကိုးကွယ်ခြင်းဆိုင်ရာ အခြေခံမေးခွန်းကို မိမိအသက်တာဖြင့် လူတိုင်း ဖြေရလိမ့်မည်။ ၎င်းမေးခွန်းမှာ "သင်ကိုးကွယ်မှာလား" ဟူသည့် မေးခွန်းမဟုတ်။ အကြောင်းမှာ၊ လူတိုင်းသည် တစ်စုံတစ်ခုကို ကိုးကွယ်တတ်ကြ သူချည်း ဖြစ်သည်။ လူတိုင်းဖြေရမည့်မေးခွန်းမှာ "မည်သူ့ကို သင်ကိုးကွယ်မည်နည်း" ဟူသည့် မေးခွန်းဖြစ်သည်။

ဘုရား ပုံသွင်းထားသည့်အပေါက်တစ်ခုအကြောင်းကို ပြင်သစ် အတွေးအခေါ်ပညာရှင် ဘလိစ် ပါစကယ် (Blaise Pascal) က အဆိုပြုခဲ့သည်။

> "တစ်ချိန်က လူ၌ စစ်မှန်သောပျော်ရွှင်ခြင်း ရှိခဲ့သော်လည်း ယခုအခါ သဲလွန်စအဖြစ် ဟာကွက်တစ်ခုသာ ကျန်ရစ် ကြောင်းကို လူ၌ ရှိသည့် ဆာလောင်တောင့်တခြင်း၊ အကူအညီမဲ့ခြင်းတို့က မီးမောင်းထိုးပြနေသည် မဟုတ်လား။ လူသားသည် ၎င်းဟာကွက်ကို သူ့ပတ်ဝန်းကျင်၌ရှိသောအရာအားလုံးဖြင့် ဖြည့်ဆည်းဖို့ ကြိုးစားတတ်သည်။ အမှန်တကယ် တည်ရှိမှု မရှိသောအရာများကိုပင် ရှာတတ်သည်။ ဤအကန့်အသတ်မရှိ ကျယ်၍ နက်ရှိုင်းသော အပေါက်ကို အကန့်အသတ်မရှိ၊ ပြောင်းလဲမှု မရှိသောအရာကသာ ဖြည့်ဆည်းနိုင်လိမ့်မည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ ဘုရားသခင်ကိုယ်တိုင်သာ ဖြည့်ဆည်းနိုင်သည်။"
>
> **ပါစကယ်**

ကျွန်ုပ်တို့သည် ကိုးကွယ်ဖို့ ဖန်ဆင်းခံကြရသည်။ ထိုကိုးကွယ်ခြင်း အပေါက်ကို ဘုရားသခင်ဖြင့် မဖြည့်လျှင် မည်သည့်အခါမျှ ကျွန်ုပ်တို့ ကျေနပ်မှု ရှာတွေ့နိုင်မည် မဟုတ်ပါ။ သို့မဟုတ်လျှင် ကျွန်ုပ်တို့သည် မည်သူမျှ မမောင်းသည့် ကားကဲ့သို့လည်းကောင်း၊ မစားထားသည့် အစားအစာကဲ့သို့လည်းကောင်း၊ မည်သူမျှ မကန်သည့် ဘောလုံးကဲ့သို့လည်းကောင်း၊ တစ်ခါမျှ မကြားဖူးသည့် တေးသွားကဲ့သို့လည်းကောင်း ဖြစ်လိမ့်မည်။ ဘုရားသခင်ဖြင့် မဖြည့်ဆည်းလျှင် ကျွန်ုပ်တို့ တည်ရှိကြအုံးမည်ဖြစ်သော်လည်း ကျေနပ်မှု ရှိနိုင်မည် မဟုတ်ပါ။

> "ကျွန်ုပ်၏အထဲတွင် ဤလောက၌ ရှိရှိသမျှအရာက မကျေနပ်စေနိုင်သည့် ဆန္ဒရှိနေလျှင် ကျွန်ုပ်သည် နောက်ကမ္ဘာအတွက် ဖန်ဆင်းထားခြင်း ခံသည်မှာ သေချာသည်။"
>
> **စီအက်စလူးဝိစ်**

ကျွန်ုပ်တို့သည် ဘဝ၊ ချစ်ခြင်းမေတ္တာနှင့် ကျေနပ်မှုတို့၏ အနှိမ့်မလက်တွေ့ကျသောအရာသည် အရှင်ဘုရင်ကို ကိုးကွယ်ခြင်းဖြစ်သည့် ဘုရားသခင်၏ နိုင်ငံတော်တွင် နေထိုင်ကြရန် ဖန်ဆင်းခြင်း ခံကြရသည်။ ဘုရားသခင်ကို ပုန်ကန်သည့်အဖြစ်မှ ဆက်ဆံရေး တည်ဆောက်သည့်အဖြစ်သို့ ပြောင်းလဲသည့်အခါ ကိုးကွယ်ခြင်းသည် ကျွန်ုပ်တို့ ပြုသင့်သည့် တုံ့ပြန်မှု ဖြစ်သည်။

ကိုးကွယ်ခြင်းဆိုသည်မှာ အဘယ်နည်း။ ကိုးကွယ်ခြင်းအတွက် ဓမ္မသစ်ကျမ်းတွင် အသုံးအများဆုံးဖြစ်သည့် စကားလုံးမှ proskuneo ဖြစ်၍ "ဂုဏ်ပြုထိုက်၊ ဂါရဝပြုထိုက်သူကို ဒူးထောက်ကာ ဂုဏ်ပြု၍ ဂါရဝပြုခြင်း" ဟူသည့် အဓိပ္ပာယ်ရှိသည်။ ကိုးကွယ်ခြင်းအတွက် ဒုတိယအသုံးအများဆုံးဖြစ်သည့် စကားလုံးမှာ "အစေခံခြင်း" ဟူသည့် အဓိပ္ပာယ်ရှိသော latreuoဖြစ်သည်။

ကျမ်းစာကို ဖတ်သည့်အခါ “ကိုးကွယ်ခြင်း” ဟုသာ ဘာသာပြန်ထားသည့်အတွက် ၎င်းစကားလုံး၏ သက်ရောက်မှုအဓိပ္ပာယ်များကို စဉ်းစားဆင်ခြင်ကြည့်ပါ။ ဘုရားကျောင်းရောက်လို့ သီချင်းဦးဆောင်သူက မတ်တပ်ရပ်ပြီး “ကိုးကွယ်” ကြစို့ဟူ၍ ဖိတ်ခေါ်သည့်အခါ ၎င်းစကားလုံး၏ သက်ရောက်မှုအဓိပ္ပာယ်များကို ဆင်ခြင်ကြည့်ပါ။

ကိုးကွယ်ခြင်းစကားလုံးကို ကြားတိုင်း ဘုရားသခင်တစ်ပါးတည်းသာ ကျွန်ုပ်တို့၏ တိုးလျှိုးခြင်း၊ နာခံခြင်း၊ အစေခံခြင်းနှင့် ပေးလှူခြင်း ထိုက်တန်ကြောင်းကို မမေ့ပါနှင့်။ ကျွန်ုပ်တို့အတွက် ဘုရားသခင်၏ ပေးဆပ်မှုကို တုံ့ပြန်သောအားဖြင့် ကျွန်ုပ်တို့သည် ဒူးထောက်၍ “ကိုယ်တော်... ကိုယ်တော်သည် ထိုက်တန်သောဘုရားဖြစ်ပါ၏။ မည်မျှပင် ပေးဆပ်ရပါစေ ကိုယ်တော့်ဘုန်းတော်အတွက်ဆိုပြီး အကျွန်ုပ်၏ အစေခံခြင်းဖြင့် ကိုယ်တော့်အလိုတော် ပြည့်စုံပါစေ” ဟူ၍ ကြွေးကြော်နိုင်သည်။

နံ့ဝိညာဉ်နှင့် သစ္စာတရားဖြင့် ကိုးကွယ်ရန် ကျွန်ုပ်တို့ကို ဘုရားသခင် အလိုတော်ရှိသည် (ယော ၄:၂၄)။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ခရစ်တော်၌ သမ္မာတရားကို ပေးတော်မူ၍ သန့်ရှင်းတော်မူသော ဘုရားသခင်ကို သန့်ရှင်းသောလူများအနေဖြင့် ကိုးကွယ်နိုင်ရန် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့ကို တန်ခိုးပေးတော်မူသည်။

၎င်းသည် ဘုရားသခင် အလိုတော်ရှိသည့် ကိုးကွယ်ခြင်းမျိုးဖြစ်သည်။

အစည်းအဝေး လမ်းညွှန်

တွေ့ဆုံခြင်း (၁၀–၂၀ မိနစ်)

တစ်ယောက်နှင့်တစ်ယောက် မိတ်ဆက်စကားပြောဖို့ အချိန်သုံးပါ။ သက်သေခံခြင်း၊ ခွန်အားပေးခြင်း၊ အခွင့်အရေးများကို အတူသုံးသပ်ခြင်းနှင့် အဖွဲ့အတွက် ခွန်အားဖြစ်စေမည့် မည်သည့်အကြောင်းအရာကိုမဆို ဝေငှပြောဆိုနိုင်သည်။ ဝိညာဉ်အသီးအတွက် ဆုတောင်းခြင်းနှင့် ဆုတောင်းခြင်းဒိုင်ယာရီနှင့် ပတ်သက်၍ မည်သည့်အခြေအနေ ရှိကြောင်း အချင်းချင်းမေးမြန်းပါ (အစည်းအဝေး ၂ – လိုက်လျှောက်ကျင့်သုံးခြင်း)။ ဆက်လက်လုပ်ဆောင်ဖို့လည်း အချင်းချင်း ခွန်အားပေးကြပါ။

ဆုတောင်းခြင်း

အချိန်တစ်ခုလုံးကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံ၍ တွေ့ဆုံခြင်းအပိုင်းတွင် ကြားခဲ့သည့်အခြေအနေ အကောင်း၊ အဆိုးများအတွက် ဘုရားသခင်ထံ ဆုတောင်းဆက်ကပ်ပါ။

သွန်သင်ခြင်း (၃၅–၄၅ မိနစ်)

အောက်ပါသင်ခန်းစာများကို သင်နှစ်သက်သည့်နည်းဖြင့် သင်ပေးနိုင်သကဲ့သို့ တစ်လုံးမကျန် ဖတ်ပြခြင်းဖြင့်လည်း သင်ပေးနိုင်သည်။ ထို့ပြင်၊ သင်ကိုယ်တိုင် ပြင်ဆင်၍လည်း တင်ပြနိုင်သည်။

> “ညီအစ်ကိုတို့၊ အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာ၊ ဘုရားသခင် နှစ်သက်တော်မူသော လက္ခဏာနှင့်ပြည့်စုံသော ယဇ်ကို သင်တို့သည် ပူဇော်၍ မိမိကိုယ်ခန္ဓာကို ဘုရားသခင်အား ဆက်ကပ်ခြင်းတည်းဟူသော သင်တို့ပြုအပ်သော ဝတ်ကို ပြုမည်အကြောင်း ဘုရားသခင်၏ ကရုဏာတော်ကို ထောက်ထား၍ သင်တို့ကို ငါတိုက်တွန်းနှိုးဆော်ပေ၏။ သင်တို့သည် လောကီပုံသဏ္ဌာန်ကို မဆောင်ကြနှင့်။ ကောင်းမြတ်သောအရာ၊ နှစ်သက်ဘွယ်သောအရာ၊ စုံလင်သောအရာတည်းဟူသော ဘုရားသခင် အလိုတော်ရှိသောအရာသည် အဘယ်အရာဖြစ်သည်ကို သင်နိုင်မည်အကြောင်း စိတ်နှလုံးကို အသင့်ပြင်ဆင်၍ ပုံသဏ္ဌာပြောင်းလဲခြင်းသို့ ရောက်ကြလော့”
>
> **ရောမ ၁၂:၁–၂**

ဆွေးနွေးပါ သင့်အသက်တာနှင့် ပတ်ဝန်းကျင်တွင် ကိုးကွယ်ခြင်းကို မည်သို့ သင်ထင်ရှားစေသနည်း။

ဘုရားသခင်နှင့် နေ့စဉ်အချိန်သုံးခြင်း၊ မိသားစုကို မေတ္တာပြခြင်း၊ ပတ်ဝန်းကျင်ရှိ လူတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းခြင်းစသည်တို့ကို လျစ်လျူရှုလျက် ဧဝံဂေလိတရားဟောပြောခြင်းသာသနာကို ကျွန်ုပ်တို့ ပြုနေလျှင် အပြင်ပန်းသဏ္ဌာန်၌ ကြည့်ကောင်းသော်လည်း အတွင်းပိုင်း၌ ပုတ်ပွနေသော ပူဇော်သက္ကာကို ဘုရားသခင်ထံ ပူဇော်မိရန် စာတန်၏ ထောင်ချောက်ထဲ ရောက်နေလိမ့်မည်။

ဘုရားသခင်သည် ဧဝံဂေလိဆရာများကို မရှာမီ ကိုးကွယ်သူများကို အရင်ရှာသည်။

> “အသင်းတော်သည် ဧဝံဂေလိတရားဟောပြောခြင်းကို ပထမဦးပေးသင့်သည်ဟု ပြောတတ်ကြသည်။ ၎င်းသည် မှားသည်။ ဘုရားသခင်ကို ချစ်ခြင်းသည် ပထမပညတ်တော်ဖြစ်၍ ကိုယ်နှင့်စပ်ဆိုင်သောသူကို ချစ်ခြင်းသည် ဒုတိယပညတ်ဖြစ်သောကြောင့်လည်းကောင်း၊ အသင်းတော်သည် ဧဝံဂေလိတရားဟောပြောခြင်းကို ပြီးဆုံးအောင် လုပ်ဆောင်သည့်နောက်ပိုင်းတွင်လည်း ဘုရားသခင်၏ လူတို့သည် ဆက်လက်၍ ထာဝရ ကိုးကွယ်ကြ မည်ဖြစ်သောကြောင့်လည်းကောင်း၊ ဧဝံဂေလိဟောပြောခြင်းကိုယ်၌သာ ကိုးကွယ်ခြင်းသဘော ဆောင်၍ ပြောင်းလဲလာသူများသည် “ဘုရားသခင် နှစ်သက်တော်မူသော လက္ခဏာနှင့် ပြည့်စုံသော ယဇ်” ဖြစ်လာသည့် “ယဇ်ပုရောဟိတ်အမှုတော်” ဖြစ်သောကြောင့်လည်းကောင်း ကိုးကွယ်ခြင်းသည် ဧဝံဂေလိတရားဟောပြောခြင်းထက် အလျင်ကျရပေမည်။"
>
> **ဂျွန်စတော့**

အမှန်တကယ် ကိုးကွယ်ခံထိုက်သူကို ကိုးကွယ်ရန် လူတို့အား ဖိတ်ခေါ်ခြင်းသည် ဧဝံဂေလိဆရာ၏ အဓိကတရား ဖြစ်သည်။ ကျွန်ုပ်တို့၏ ကိုးကွယ်ခြင်းကို နှစ်ပိုင်းပိုင်း၍ မဖြစ်နိုင်ပါ။ ဘုရားသခင်ကို မကိုးကွယ်လျှင် အခြားအရာကို ကိုးကွယ်ရာ ရောက်သည်။ ဘုရားသခင်သည်သာ ကိုးကွယ်ခံထိုက်သူ ဖြစ်၍ ထိုဘုရားကို ကိုးကွယ်ခြင်းဖြင့်သာ စစ်မှန်သောအသက်နှင့် စိတ်ကျေနပ်မှုကို ကျွန်ုပ်တို့ ရရှိနိုင်သည်။

ဧဝံဂေလိဆရာများအနေဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ သာသနာနှင့် အရည်အချင်းများအပါအဝင် အရာအားလုံးအထက်တွင် ဘုရားသခင်အား ကိုးကွယ်ခြင်းကို အမြဲဦးစားပေး ထားရပေမည်။

ကိုးကွယ်ခြင်းသည် ဘုရားသခင်ထံ ချီးမွမ်းသီချင်းဆိုခြင်းသက်သက်သာ ဖြစ်သည်ဟု အလွယ်တကူ အမှားကြီး ထင်မိနိုင်သည်။ ချီးမွမ်းသီချင်းသည် ကိုးကွယ်ခြင်းအတွက် အင်မတန်အရေးပါသည် မှန်သော်လည်း တန်ဆာပလာမျှသာ ဖြစ်သည်။ ကိုးကွယ်ခြင်း၏ အနှစ်သာရမှာ သစ္စာရှိခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်၊ နာခံခြင်း ဖြစ်သည်။

ဓမ္မသစ်ကျမ်း၌ ကိုးကွယ်ခြင်းအတွက် အသုံးအများဆုံးဖြစ်သည့် စကားလုံးမှာ proskuneo ဖြစ်၍ အပ်နှံခြင်းနှင့် နာခံခြင်းသဘောဆောင်သည်။ ဘုရားသခင့်ရှေ့တော်၌ ဒူးထောက်၍ “ကိုယ်တော်... ကိုယ်တော်သည် ကိုးကွယ်ခြင်း ခံထိုက်ပါ၏။ ဆိုလိုသည်မှာ ကိုယ်တော့်၏ဂုဏ်တော်ကို ချီးမွမ်းဂုဏ်ပြုပါ၏။ အကျွန်ုပ်၏အသက်တာကို ကိုယ်တော့်ထံ အပ်နှံ၍ လုံးလုံး ဆက်ကပ်ပါ၏။ အကျွန်ုပ်၏အသက်တာသည် ကိုယ်တော့်ရှေ့တော်၌ ကိုးကွယ်ခြင်းယဇ် ဖြစ်ပါစေ” ဟူ၍ ဝန်ခံခြင်း ဖြစ်သည်။ ဤသို့သောကိုးကွယ်ခြင်းမျိုးသည် ဘုရားသခင်အားသူ၏ ဖြစ်တည်မှုအတိုင်း ဂုဏ်ပြုချီးမွမ်း၍ ဘုရားသခင်၏ တန်ခိုးအာဏာတော်အောက် နာခံခြင်းဖြင့် အပ်နှံသည်။

ဆွေးနွေးပါ ကိုးကွယ်ခြင်းစိတ်နေသဘောထား ပျိုးထောင်ရန် နည်းငါးမျိုး ရှိသည်။ ဤနည်းငါးမျိုးက ဧဝံဂေလိတရားဟောပြောခြင်းကို မည်သို့ ဗဟိုပြုသနည်း။

၁။ အချိန်သည် ပြဿနာ မဟုတ်ပါ

အတူတကွ သီချင်းဆိုကြမည့်အကြောင်းကို ရည်ညွှန်းရန် “ကဲ... ဝတ်ပြုကိုးကွယ်ချိန် အစပြုကြရအောင်” ဟူ၍ ကျွန်ုပ်တို့ ပြောလေ့ရှိကြသည်။ သီချင်းသီဆိုခြင်းက ကိုးကွယ်ခြင်းတစ်ခုလုံးကို ခြုံသယောင်ယောင် ထင်ရသောကြောင့် အထက်ပါအတိုင်း ပြောဆိုခြင်းက အမြင်မှားစေနိုင်သည်။ ဘုရားသခင်ကို တုံ့ပြန်သည့်အခြားသောနည်းများကို “ဝတ်ပြုကိုးကွယ်ချိန်” ဟု ကျွန်ုပ်တို့ သုံးနှုန်းလျှင် မည်သို့ ဖြစ်မည်နည်း။ အဖွဲ့တစ်ခု ဖွဲ့ပြီး အားလပ်ရက်တွင် လမ်းမပေါ် ထွက်၍ ဧဝံဂေလိတရားဟောပြောကာ သူတပါးအတွက် ဆုတောင်းပေးခြင်းဖြင့် ကိုးကွယ်ခြင်းကို အဘယ်ကြောင့် မပြုသနည်း။ ကျွန်ုပ်တို့၏ ကိုးကွယ်ခြင်းကို ဧဝံဂေလိတရားဟောပြောခြင်းနှင့် ဆက်စပ်မှု ပြုလေလေ ဘုရားသခင် နှစ်သက်သော တုံ့ပြန်မှုဖြစ်သော ကိုးကွယ်ခြင်းမျိုးကို ကျွန်ုပ်တို့ လက်တွေ့ခံစားလိမ့်မည်။

၂။ အံ့အားသင့်လျက် ချီးမွမ်းပါ

ဘုရားသခင်၏ ဖြစ်တည်ခြင်းနှင့် လုပ်ဆောင်ခဲ့သောအမှုများအတွက် ချီးမွမ်းခြင်းက ကျွန်ုပ်တို့ကို အံ့အားသင့်စေသင့်သည်။ ကျွန်ုပ်တို့ ဆိုနေကျ သီချင်းက တရင်းတနှီးများ ဖြစ်လွန်းလေသလား။ လူတို့၏အသက်တာ၌ ဘုရားသခင် လုပ်ဆောင်သည့်အမှုများကြောင့် အံ့အားသင့်ကြရန် သက်သေခံခြင်းကို ဦးစားပေး၍ ချီးမွမ်းခြင်းကို လုပ်ဆောင်ကြလျှင် မည်သို့ ဖြစ်မည်နည်း။ ကျွန်ုပ်တို့ကြား၌ ဘုရားသခင် လုပ်ဆောင်သည့်အမှုများကို ရည်ညွှန်း၍ ကိုယ်တိုင်စပ်ထားသည့်သီချင်းကိုသာ ဆိုကြလျှင် ကျွန်ုပ်တို့၏ ကိုးကွယ်ခြင်း မည်သို့ ဖြစ်မည်နည်း။ ဧဝံဂေလိတရား ဟောပြောခြင်းအသီးအပွင့်များအတွက် ဘုရားသခင်ကို ချီးမွမ်းရင်း ကျွန်ုပ်တို့ကြားထဲ၌ ဘုရားသခင်၏ ကယ်တင်ခြင်းတန်ခိုးကြောင့် ဆက်လက် အံ့အားသင့်ကြမည် ဖြစ်သည်။

၃။ ကိုယ်တိုင်ပါဝင်ဖို့ ပွဲကြည့်ပရိသတ်ထဲက တစ်ယောက် ဖြစ်ပါ

အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စုပေါင်းဝတ်ပြုကိုးကွယ်ခြင်းတွင် ကိုယ်တိုင်ပါဝင်ခြင်း ပါဝင်သည်။ အသင်းတော်ယုံကြည်ချက်များကို ဖတ်ရွတ်သည်ဖြစ်စေ၊ သီချင်းဆိုသည်ဖြစ်စေ၊ သက်သေခံချက်ကို ချီးကျူးသည်ဖြစ်စေ ပါဝင်ရမည်။ သို့သော်၊ ကိုယ်တိုင် မပါဝင်မီ ပွဲကြည့်တစ်ယောက် ဖြစ်ရပါမည်။ ဂုဏ်တော်ချီးမွမ်းခြင်းတွင် မပါဝင်မီ သီချင်းသစ်ကို ပါဝင် သင်ယူရပေမည်။ ဧဝံဂေလိတရားလက်တွေ့ဟောပြောခြင်းကို လာရောက်ကြည့်ရှုဖို့ ယုံကြည်သူများကို တိုက်တွန်းလျှင် မည်သို့ ဖြစ်မည်နည်း။ “အောင်မြင်မှု” နှင့် “ကျရှုံးမှု” နှစ်မျိုးလုံးကို မြင်ခွင့် ရကြပြီးနောက် ပို၍ ယုံကြည်မှု ရှိလာကြမည်လော။ ဝတ်ပြုကိုးကွယ်ခြင်းတွင်၊ အထူးသဖြင့် ဧဝံဂေလိတရားဟောပြောခြင်းတွင် ကိုယ်တိုင်ပါဝင်ရန် အကောင်းဆုံးနည်းမှာ စူးစမ်းလေ့လာသူအဖြစ် အစပြုခြင်း ဖြစ်သည်။

၄။ သန့်ရှင်းသကဲ့သို့ သန့်ရှင်းရမည်

ဧဝံဂေလိတရားနှင့် ကျွန်ုပ်တို့၏ဝတ်ပြုကိုးကွယ်ခြင်းနှစ်ခုလုံးသည် သန့်ရှင်းခြင်း၌ ဗဟိုပြုရမည်။ ဘုရားသခင် သန့်ရှင်းသကဲ့သို့ သန့်ရှင်းရန်နှင့် ဘုရားသခင်နှင့် သူ၏ သန့်ရှင်းခြင်းကို ကိုးကွယ်သော သန့်ရှင်းသူများဖြစ်ရန် ကျွန်ုပ်တို့အား အလိုတော်ရှိသည်။ ဧဝံဂေလိတရားနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဝတ်ပြုကိုးကွယ်ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း သန့်ရှင်းခြင်းအကြောင်းကို ကျွန်ုပ်တို့ ဘယ်နှစ်ကြိမ် ဟောပြောကြသနည်း။ ဘုရားသခင်ကို ကိုးကွယ်ရန် အချိန် “သီးသန့်သတ်မှတ်ခြင်း” ကို ကျင့်သားရကြသော်လည်း ဧဝံဂေလိတရား ဟောပြောခြင်းအတွက် အချိန်သီးသန့် သတ်မှတ်နိုင်ကြမည်လော။

၅။ သက်တောင့်သက်သာဖြစ်ခြင်းကို ရင်ဆိုင်ပါ

ကျွန်ုပ်တို့၏အတွေ့အကြုံမျိုးစုံကို ဝေမျှရုံဖြင့် ဝတ်ပြုကိုးကွယ်ခြင်းကို ပြုလုပ်ကြလျှင် လွယ်ကူလွန်းရာ ကျမည်ဖြစ်သည်။ စစ်မှန်သောကိုးကွယ်ခြင်း၏ အနှစ်သာရမှာ ပေးဆပ်မှု ဖြစ်သည်။ ဘုရားသခင်နှင့် ကျွန်ုပ်တို့ကြား ဆက်ဆံရေးကို ပြန်လည်တည်ဆောက်ဖို့ ယေရှု၏ ပေးဆပ်မှုကြောင့် ဘုရားသခင်ကို ကျွန်ုပ်တို့ ကိုးကွယ်နိုင်သည်။ ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ခြင်း အဖိုးအခကို ကျွန်ုပ်တို့ မည်သို့ တွက်ချက်ကြသနည်း။ ဘုရားသခင်အား

ကိုးကွယ်ခြင်းဝတ်ကို ပြုဖို့ နာခံခြင်းဖြင့် အစေတော်ခံရန် မည်သည့် သက်တောင့်သက်သာသော ဘဝမှ ကျွန်ုပ်တို့ကို ဘုရားသခင် ခေါ်ပါသနည်း။

ကျွန်ုပ်တို့၏နေ့စဉ်အသက်တာတွင် ပေးဆပ်မှုနှင့် ဘုရားသခင်၌ မွေ့လျော်ခြင်းတွင် စစ်မှန်ပြီး သမ္မာကျမ်းလာ ကိုးကွယ်ခြင်း အမြစ်တွယ်သည်။ ဤလောကတွင် ပျောက်ဆုံးသောဝိညာဉ်များကို ရှာ၍ ကယ်တင်ခြင်းသည် အမြဲပါဝင်မည့်အရာ ဖြစ်သည်။

> "အတ္တကင်းသော ခရစ်တော်အမှုတော်မြတ်သည် အမြင့်ဆုံးသော ဝတ်ပြုကိုးကွယ်ခြင်း ဖြစ်သည်။ ပျောက်ဆုံးသောသူများနှင့် အကူအညီမဲ့သူများကို ရှာဖွေသော ခြေသံသည် အကြီးမားဆုံးသော ချီးမွမ်းခြင်း ဖြစ်သည်"
>
> **ဘီလီ ဂရေဟမ်**

ဆွေးနွေးခြင်း (၁၅ မိနစ်)

၁။ ကိုးကွယ်ခြင်းဆိုသည်မှာ အဘယ်နည်း။

၂။ ကိုးကွယ်ခြင်းတွင် သန့်ရှင်းခြင်းသည် အဘယ်ကြောင့် အဓိကကျသနည်း။

၃။ ကိုးကွယ်ခြင်းနှင့် ဧဝံဂေလိတရား ဟောပြောခြင်းသည် မည်သို့ ဆက်စပ်မှု ရှိသနည်း။

လိုက်လျှောက်ကျင့်သုံးခြင်း (၅ မိနစ်)

လက်တွေ့ကျသော အကြံပြုချက် ငါးချက်ကို သင့်အသက်တာနှင့် အသင်းတော်၌ မည်သို့ ကျင့်သုံးရမည်ကို ဆင်ခြင်ပါ။ ပထမနှစ်၊ အစည်းအဝေး ၈ ကို တစ်ချက်ပြန်လေ့လာ၍ (ဧဝံဂေလိဆရာ၏ အကျင့်စာရိတ္တ) သန့်ရှင်းခြင်းက ဧဝံဂေလိတရားနှင့် ၎င်းသန့်ရှင်းခြင်းမှ စီးဆင်းလာသည့် ဝတ်ပြုကိုးကွယ်ခြင်းအတွက် အဘယ်ကြောင့် ဗဟိုကျရသည့်အကြောင်းကို ပြန်ဆင်ခြင်သုံးသပ်ပါ။

ဆုတောင်းခြင်း

"ကောင်းကင်အဖ၊ နံဝိညာဉ်နှင့် သစ္စာတရားအားဖြင့် ကိုယ်တော့်ကို ကိုးကွယ်နိုင်ဖို့ ကူညီတော်မူပါ။ အသက် ရှင်သောယဇ်အဖြစ် ကျွန်ုပ်တို့၏အသက်တာကို ပူဇော်သည့်အခါ ပတ်ဝန်းကျင်ရှိ လောကီလူသားများက ကိုယ်တော်၏ သမ္မာတရား မျှော်လင့်ချက်ကို မြင်နိုင်ရန် ၎င်းကိုးကွယ်ခြင်းကို အသုံးပြုတော်မူပါ။ ဝိညာဉ်တော်၏ တန်ခိုးတော်ဖြင့် ဧဝံဂေလိတရား လက်တွေ့ဟောပြောခြင်း အသံတော်သည် ကျွန်ုပ်တို့၏ ဝတ်ပြုကိုးကွယ်ခြင်းအသံတော် ဖြစ်ပါစေ။"

တာဝန်ခံမှု ရှိခြင်း (၁၅ မိနစ်)

တာဝန်ခံမှုရှိခြင်းဖောင်ကို နှစ်ယောက်တစ်တွဲဖြင့်ဖြစ်စေ၊ အဖွဲ့ငယ်လိုက်ဖြစ်စေ ပြည့်စုံအောင် ဖြည့်၍ အချင်း ချင်းအတွက် ဆုတောင်းကြပါ။

မမေ့ပါနှင့် ...

ဧဝံဂေလိတရား ဟောပြောခြင်းအတွက် လက်တွေ့ကျသည့် အထောက်အကူများကို Advance Essentials စီးရီးတွင် တွေ့နိုင်သည်။ ကိုးကွယ်ခြင်းနှင့် ဧဝံဂေလိတရားဟောပြောခြင်းကြား ဆက်နွယ်မှုကို World- Winning Worship တွင် ရှင်းပြထားသည်။ ထပ်မံလေ့လာနိုင်ရန် advancegroups.org/AES ကို သွားပါ။

မှတ်စုများ

အစည်းအဝေး ၃

တပည့်တော်၏ အသီးအပွင့် – သစ္စာရှိခြင်းနှင့် မိမိကိုမိမိ ထိန်းချုပ်ခြင်း

ဝိညာဉ်အသီးဖြစ်သော သစ္စာရှိခြင်းနှင့် မိမိကိုမိမိ ထိန်းချုပ်ခြင်းအကြောင်းကို ဤအစည်းအဝေးတွင် လေ့လာ သွားမည်။ ဘုရားသခင်အပေါ် သစ္စာရှိခြင်းဆိုသည်မှာ အဘယ်နည်း။ အသက်တာ၌ မိမိကိုမိမိ ထိန်းချုပ်ခြင်းသည် မည်သည့်သဘော ရှိသနည်း။

အစည်းအဝေးကို ဝါကျတစ်ကြောင်းဖြင့် အကျဉ်းချုပ်ခြင်း
မိမိကားတိုင်ကို ထမ်း၍ အကြွင်းမဲ့သစ္စာနှင့်တကွ နောက်တော်သို့ လိုက်ရန် ယုံကြည်သူတိုင်း ယေရှု စိန်ခေါ်မှု ပေး၍ ၎င်းသစ္စာရှိခြင်းတွင် အဆင်မပြေသည့်အချိန်၌ပင် ဧဝံဂေလိသမ္မာတရားအကြောင်းကို သစ္စာရှိရှိ ဟောပြောခြင်း ပါဝင်သည်။

အစည်းအဝေး နောက်ကြောင်း
တစ်ကမ္ဘာလုံးက အသိအမှတ်ပြုသည့် သစ္စာရှိခြင်းသည် အိမ်ထောင်ရေးအကြောင်းဖြစ်သည်ဟုဆိုလျှင် မှားမည်မထင်။ ချစ်ခြင်းမေတ္တာ၌ အရင်းခံ၍ တစ်ယောက်အပေါ်တစ်ယောက် အကြွင်းမဲ့သစ္စာရှိကြရန် လူတွေ သစ္စာဆိုကြကြောင်း ယဉ်ကျေးမှုနှင့် သမိုင်းတစ်လျှောက် တွေ့နိုင်သည်။ သစ္စာရှိခြင်းသည် အိမ်ထောင်ရေးအတွက် အဓိကကျသောအပိုင်းဖြစ်၍ ထိုကဲ့သို့ သစ္စာရှိနိုင်ရန် နှစ်ဦးနှစ်ဖက်ထံမှ မိမိကိုမိမိ ထိန်းချုပ်ခြင်းသည် အင်မတန် အရေးကြီးသည်။

အသင်းတော်ကို သတို့သမီး၊ ခရစ်တော်ကို သတို့သားအဖြစ် ဓမ္မသစ်ကျမ်းတွင် ဖော်ပြသည့် ကျမ်းချက်များစွာ ရှိသည် (၂ ကော ၁၁:၂-၃၊ ဧဖက် ၅:၂၂-၃၁၊ ဗျာ ၁၉:၇-၈၊ ၂၁:၂-၁၄)။ ဤကျမ်းချက်အားလုံးသည် ဣသရေလလူမျိုးအား ဘုရားသခင်၏ သတို့သမီးအဖြစ် ဖော်ပြသည့် ဓမ္မဟောင်းကျမ်းရှိ ပုံခိုင်းချက်ကို ပြန်မြင်ယောင်စေသည် (ယေရမိ ၂:၂၊ ဟော ၂-၃)။ ဆိုလိုရင်းမှာ ရှင်းသည်။ အိမ်ထောင်ရေးတွင် ခင်ပွန်းသည်နှင့် ဇနီးသည်ကြား သစ္စာရှိခြင်းသည် အရေးကြီးသကဲ့သို့ ဘုရားသခင်သည် မိမိလူတို့အပေါ် သစ္စာရှိသည်နည်းတူ ဘုရားသခင်၏လူတို့သည်လည်း ဘုရားသခင်အပေါ် လုံးလုံး သစ္စာရှိရပေမည်။

မိမိဘဝတစ်ခုလုံးအား ခရစ်တော်ထံ ဆက်ကပ်ရန် သီလရှင် ဝတ်သောသူများကို ယေရှုနှင့် “ထိမ်းမြားသောသူများ” အဖြစ် တင်စားခေါ်ဆိုကြသည်။ ဘုရားသခင်ထံ လုံးလုံး အကြွင်းမဲ့ သစ္စာရှိနိုင်ရန် အိမ်ထောင်ပြုခြင်းကို စွန့်လွှတ် ကြသည်။ ထိုသို့သော ခေါ်ဆိုခြင်းသည် အရေးမကြီးသည် မဟုတ်သော်လည်း သသနာ့ဘောင်ထဲ ဝင်သောသူ များသည် မဝင်သောသူများထက် ပို၍ သစ္စာရှိသောသူများအဖြစ် သတ်မှတ်ခြင်းသည် လွဲမှားသည့်အရာဖြစ်ကြောင်းကို သိမှတ်ထားရပေမည်။

ဘုရားသခင်ကို တုံ့ပြန်ရန် ယုံကြည်သူများအား ရှင်ပေတရု တိုက်တွန်းခွန်အားပေးပုံကို တစ်ချက် ကြည့်ပါ။

> မိမိ၏ကောင်းမြတ်ခြင်းကို ထောက်၍ မိမိ၏ဘုန်းတော်အတွက် ကျွန်ုပ်တို့အား ခေါ်တော်မူသောသူကို သိကျွမ်းခြင်းဖြင့် ဘုရားဝတ်၌ မွေ့လျော်ခြင်း ရှိရန် လိုအပ်သည့်အရာမှန်သမျှကို မိမိတန်ခိုးတော်ဖြင့် ဘုရားသခင် ပေးသနားတော်မူခဲ့ပြီး ဖြစ်သည်။ ဤအရာများဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့ကို မွန်မြတ်၍ ကြီးမားသော ကတိတော်များကို ပေးခဲ့သည်။ ၎င်းတို့ ဖြင့် ကျွန်ုပ်တို့သည် မကောင်းသောအလိုဆန္ဒကြောင့် ဖြစ်လာသည့် ပျက်စီးယိုယွင်းခြင်းမှ လွတ်မြောက်၍ ဘုရားဖြစ်ခြင်းသဘော၌ ပါဝင်နိုင်သည်။
>
> “ထိုသို့အလို့ငှါ သင်တို့သည် ယုံကြည်ခြင်း၌ သီလကိုရင်း၊ သီလ၌ ပညာကိုရင်း၊ ပညာ၌ ကာမဂုဏ်ချုပ်တည်းခြင်းကိုရင်း၊ ကာမဂုဏ်ချုပ်တည်းခြင်း၌ သည်းခံခြင်းကိုရင်း၊ သည်းခံခြင်း၌ ဘုရားဝတ်ကို ပြု၍ မွေ့လျော်ခြင်းကိုရင်း၊ ထိုမွေ့လျော်ခြင်း၌ ညီအစ်ကိုစုံမက်ခြင်းကိုရင်း၊ ညီအစ်ကိုစုံမက်ခြင်း၌ ချစ်ခြင်းမေတ္တာကိုရင်း၊ အလွန်ကြိုးစား အားထုတ်၍ ထပ်ဆင့်ကြလော့”
>
> **၂ ပေ ၁:၅-၇**

ကျွန်ုပ်တို့သည် ဘုရားအပေါ် အကြွင်းမဲ့ သစ္စာမရှိနိုင်ကြပါ။ သို့သော်၊ ကျွန်ုပ်တို့အထဲ၌ အလုပ်လုပ်သော ဝိညာဉ်တော်ကြောင့် နေ့စဉ်အသက်တာတွင် သစ္စာရှိရှိ အသက်ရှင်နိုင်သည်။

ခရစ်တော်၏ ဘုန်းတော်ကို ထင်ရှားစေသည့်အသက်တာမျိုးဖြင့် အသက်ရှင်ရန် အချက်နှစ်ချက် လိုအပ်သည်။ ၎င်းတို့မှာ ကိုးစားခြင်းနှင့် တန်ဖိုးထားခြင်း ဖြစ်သည်။

တန်ခိုးတော်ကို ပေးရန် ဘုရားသခင်ကို ကျွန်ုပ်တို့ ကိုးစားကြပြီး ကျွန်ုပ်တို့၏အသက်တာ၌ ၎င်းကို အသုံးပြုခြင်းဖြင့် ထိုတန်ခိုးတော်ကို ကျွန်ုပ်တို့ တန်ဖိုးထားကြသည်။ ဘုရားသခင်အား တုံ့ပြန်ဖို့ ရှင်ပေတရု ပေးထားသည့် အချက်အလက်များကို ပြန်ကြည့်ပါ။ အချက်တစ်ချက်စီအတွက် ဘုရားသခင်ကို ကိုးစား၍ အသက်တာ၌ လက်တွေ့ကျင့်သုံးခြင်းဖြင့် တန်ဖိုးထားပါ။

သီလ

- ပညာ (ဘုရားသခင်၏ သမ္မာတရားနှင့် စာရိတ္တကို သိခြင်းပညာ)
- ကာမဂုဏ်ချုပ်တည်းခြင်း
- သည်းခံခြင်း
- ဘုရားဝတ်၌ မွေ့လျော်ခြင်း (သန့်ရှင်းခြင်း)
- ညီအစ်ကိုချင်း စုံမက်ခြင်း
- ချစ်ခြင်းမေတ္တာ

ဘုရားသခင်၏ တန်ခိုးတော်ဖြင့် ဤအချက်အားလုံး ကျွန်ုပ်တို့ ရနိုင်၍ ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာတွင် လိုက်လျှောက်ကျင့်သုံးရမည်။

ဤအရာဖြင့် ဘုရားသခင်၏ ပြည့်ဝစုံလင်ခြင်းနှင့် ကျွန်ုပ်တို့၏အသက်တာအတွက် ထောက်ပံ့ကူညီခြင်းကို ကျွန်ုပ်တို့ တွေ့နိုင်သည်။ မေတ္တာရှေ့ထား၍ ဘုရားသခင်ထံ သစ္စာရှိရှိ အသက်ရှင်ဖို့ ကြိုးစားကြသည့်အခါ ဘုရားသခင် ထောက်ပံ့ပေးထားသည့်အရာကို နေ့စဉ် လက်တွေ့ကျင့်သုံးရပေမည်။

ဘုရားသခင်၏ တန်ခိုးတော်ဖြင့် ကျွန်ုပ်တို့သည် ပြည့်စုံသော ဘုရားသခင် အလိုတော်ရှိသည့် သစ္စာရှိသော သတို့သမီး ဖြစ်လာနိုင်ကြသည်။

အစည်းအဝေး လမ်းညွှန်

တွေ့ဆုံခြင်း (၁၀–၂၀ မိနစ်)

တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံမိတ်ဆက်စကားပြောဖို့ အချိန်သုံးပါ။ သက်သေခံခြင်း၊ ခွန်အားပေးခြင်း၊ အခွင့်အရေးများကို အတူသုံးသပ်ခြင်းနှင့် အဖွဲ့အတွက် ခွန်အားဖြစ်စေမည့် မည်သည့်အကြောင်းအရာကိုမဆို ဝေငှပြောဆိုနိုင်သည်။ နောက်ဆုံးအစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် အကြံပြုချက် ငါးချက်မှ တစ်ချက်ချက်ကို မိမိတို့အသက်တာတွင်ဖြစ်စေ၊ အသင်းတော်တွင်ဖြစ်စေ ကျင့်သုံး၊ မကျင့်သုံး မေးပါ (အစည်းအဝေး ၂ – လိုက်လျှောက်ကျင့်သုံးခြင်း)

ဆုတောင်းခြင်း

အချိန်တစ်ခုလုံးကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံ၍ တွေ့ဆုံခြင်းအပိုင်းတွင် ကြားခဲ့သည့်အခြေအနေ အကောင်း၊ အဆိုးများအတွက် ဘုရားသခင်ထံ ဆုတောင်းဆက်ကပ်ပါ။

သွန်သင်ခြင်း (၃၀–၄၀ မိနစ်)

အောက်ပါသင်ခန်းစာများကို သင်နှစ်သက်သည့်နည်းဖြင့် သင်ပေးနိုင်သကဲ့သို့ တစ်လုံးမကျန် ဖတ်ပြခြင်းဖြင့်လည်း သင်ပေးနိုင်သည်။ ထို့ပြင်၊ သင်ကိုယ်တိုင် ပြင်ဆင်၍လည်း တင်ပြနိုင်သည်။

> "သစ္စာစကားဟူမူကား၊ ထိုသခင်နှင့်အတူ သေလျှင် အတူရှင်လိမ့်မည်။ သည်းခံလျှင် ထိုသခင်နှင့်အတူ စိုးစံလိမ့်မည်။ ထိုသခင်ကို ငါတို့သည် ငြင်းပယ်လျှင် ငါတို့ကို ငြင်းပယ်တော်မူလိမ့်မည်။ ငါတို့သည် မယုံကြည်သော်လည်း ထိုသခင်သည် သစ္စာတည်သဖြင့် ကိုယ်ကို ငြင်းပယ်တော်မမူနိုင်"
>
> **၂ တိ ၂း၁၁–၁၃**

ဘုရားသခင်ကို နာခံခြင်း၊ နံ့ဝိညာဉ်နှင့်လည်းကောင်း၊ သစ္စာနှင့်လည်းကောင်း ကိုးကွယ်ခြင်းအကြောင်းကို နောက်ဆုံးအစည်းအဝေးတွင် ကျွန်ုပ်တို့ လေ့လာခဲ့ကြသည်။ သစ္စာရှိခြင်းသည် နာခံခြင်း၏ ရလဒ် ဖြစ်သည်။

ကျွန်ုပ်တို့အားလုံး ရင်ဆိုင်သည့် ပြဿနာအကြောင်းကို ရှင်ပေါလု သတိပေးထားသည်။ ၎င်းပြဿနာမှာ ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်အပေါ် သစ္စာမရှိသောသူများဖြစ်ကြ၍ ထိုသစ္စာမရှိခြင်းက ငြိမ်သက်လှသော ဘုရားသခင် ဖန်ဆင်းသည့်ဤလောကတွင် ကြီးမားသော ပြဿနာ ဖြစ်ပေါ်စေသည်။ သို့သော်၊ သတင်းကောင်းရှိသည်။ ဘုရားသခင်သည် သစ္စာရှိတော်မူ၍ သူ၏သစ္စာရှိခြင်းသည် ကျွန်ုပ်တို့အပေါ် မမူတည်ပါ။ အစဉ်အမြဲတည်သော ဘုရားသခင်၏ သစ္စာရှိခြင်းကြောင့် ငြိမ်သက်ခြင်းက ပြဿနာကို အနိုင်ယူလေသည်။

ဘုရားသခင်သည် ကျွန်ုပ်တို့အပေါ် အမြဲ သစ္စာရှိသည်။ ၎င်းသစ္စာသည် ဘုရားသခင်၏ ဖြစ်တည်ခြင်းအတွက် အရေးပါသည့်အချက်ဖြစ်သည်။ ဘုရားသခင်၏ သစ္စာတော်အကြောင်းကို အောက်ပါဆာလံတွင် ကြည့်ပါ။

> "အိုထာဝရဘုရား၊ ကိုယ်တော်သည် သနားစုံမက်တတ်သော သဘော၊ ကျေးဇူးပြုတတ်သောသဘော၊ သည်းခံတတ်သော သဘော၊ ကရုဏာနှင့် သစ္စာကြွယ်ဝသော သဘောနှင့် ပြည့်စုံသောဘုရား ဖြစ်တော်မူ၏"
>
> **ဆာလံ ၈၆း၁၅**

> "ကရုဏာတော်သည် အစဉ်အမြဲတည်ရပါ၏။ သစ္စာတော်ကို ကောင်းကင်၌ ခိုင်ခံ့မြဲမြံစေတော်မူသည်ဟု အကျွန်ုပ်သဘောကျပါ၏"
>
> **ဆာလံ ၈၉း၂**

> "အကြောင်းမူကား၊ ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၏။ ကရုဏာတော်သည် အစဉ်အမြဲ ရှိ၍ သစ္စာတော်သည် ကာလအဆက်ဆက် တည်လေသတည်း"
>
> **ဆာလံ ၁၀၀း၅**

ဘုရားသခင်၏ချစ်ခြင်းမေတ္တာနှင့် သစ္စာရှိခြင်းကြား ဆက်နွယ်မှုကို သတိပြုမိပါသလား။ ၎င်းထက် သာ၍ကောင်းနိုင်သေးသည်။...

> "အကြောင်းမူကား၊ ပညတ်တရားကို မောရှေလက်တွင် ပေးတော်မူ၏။ ကျေးဇူးတရားနှင့် သစ္စာတရားမူကား ယေရှုခရစ်အားဖြင့် ဖြစ်သတည်း"
>
> **ယော ၁း၁၇**

သစ္စာမဲ့သောအဖြစ်မှ သစ္စာရှိသောသူများအဖြစ်သို့ ကျွန်ုပ်တို့ ပြောင်းလဲနိုင်ရန် ကျွန်ုပ်တို့ထံ ဘုရားသခင် ပေးသနားတော်မူသည့် ယေရှုသည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်နှင့် သစ္စာတော်၏ ပြယုဂ်ဖြစ်သည်။

တစ်လောကလုံးတွင် ယေရှုကို ချစ်ခြင်းနှင့် ယေရှုအပေါ် သစ္စာရှိခြင်းသည် အကောင်းဆုံးအရာ ဖြစ်သည်။

ချစ်ခြင်းနှင့် သစ္စာတည်ရာအဖြစ် တစ်ကမ္ဘာလုံးက အသိအမှတ်ပြုသည့် အိမ်ထောင်ရေးသည် မေတ္တာမျှကြသူနှစ်ယောက်က မိမိတို့၏ဆက်ဆံရေးကို တည်မြဲသောဆက်ဆံရေးအဖြစ် လူသိရှင်ကြား တရားဝင်ကြေညာခြင်းဖြစ်သည်ဟု Psychology Today တွင် ဖော်ပြထားသည်။ ကားတိုင်ထက်တွင် ယေရှု အသေခံသည့်အခါ ဘုရားသခင်သည် မိမိ၏သစ္စာတော်ကို အစဉ်အမြဲတည်သောသစ္စာအဖြစ် လူသိရှင်ကြား တရားဝင် ကြေညာခဲ့သည်။ ကျွန်ုပ်တို့သည် သစ္စာမဲ့သောဇနီးသည်ကဲ့သို့ ပြုကျင့်ခဲ့ကြသော်လည်း မိမိနှင့် ပြန်လည်၍ ဆက်ဆံရေး တည်ဆောက်ရန် ဘုရားသခင်သည် ပြည့်စုံသောခင်ပွန်းသည်အဖြစ် သစ္စာပြုခဲ့သည်။ သင်္ချိုင်းထဲမှ ယေရှု ထမြောက်သည့်အခါ ဘုရားသခင်သည် မိမိ၏သစ္စာတော်ကို အသစ်သောအသက်အဖြစ် ကျွန်ုပ်တို့နှင့်အတူ ထာဝရတည်နေရန် ပေးသနားတော်မူခဲ့သည်။

"သင့်ကို ဘုရားသခင် ချစ်တယ်ဆိုတာ သေချာလား။ ဘုရားသခင် သစ္စာရှိတယ်ဆိုတာ သေချာလား" ဟူသည့် မေးခွန်းသည် စာတန်ထံမှ လာသည်ဖြစ်စေ၊ ဤလောကထံမှ လာသည်ဖြစ်စေ၊ သို့မဟုတ် ကျွန်ုပ်တို့၏ ဇာတိထံမှ လာသည်ဖြစ်စေ ကျွန်ုပ်တို့ ရင်ဆိုင်သည့်စိန်ခေါ်မှုကြောင့် ဘုရားသခင်၏ သစ္စာတော်ကို သံသယဖြင့် မေးခွန်း ထုတ်လာသည့်အခါ ဘုရားသခင်၏ မဆုတ်မနစ်သော မေတ္တာတော်နှင့် သစ္စာတော် ထင်ရှားရာ ကားတိုင်ကို ကျွန်ုပ်တို့ ညွှန်ပြနိုင်သည်။

"ဟုတ်တယ်။ သေချာသည်။"

ဆုတောင်းပါ – ဘုရားသခင်၏ သစ္စာတော်အတွက် ကျေးဇူးတော် ချီးမွမ်းရန် အချိန် အနည်းငယ်ယူ၍ ဆုတောင်းပါ။ အဖွဲ့ဝင်များထဲမှ စိန်ခေါ်မှုများ ရင်ဆိုင်သောသူရှိလျှင် သူတို့၏စိန်ခေါ်မှုများကို ဘုရားသခင်ထံ ဆုတောင်းခြင်းဖြင့် အပ်နှံပါ။ ဤစိစ်ကြောခြင်းကာလတွင် ဘုရားသခင်ကို ကိုးစားနိုင်ရန် ဘုရားသခင်ထံ အကူအညီတောင်းပါ။

သစ္စာရှိခြင်းဖြင့် ဘုရားသခင်ကို တုံ့ပြန်ခြင်းဆိုသည်မှာ အဘယ်နည်း။

သစ္စာရှိဖို့ ကျွန်ုပ်တို့၏ ဆက်ကပ်မှုသည် နေ့စဉ် ပြောင်းလဲနိုင်သည့် ခံစားချက်အပေါ် တစ်ခါတရံ မူတည်တတ်သည်။ သို့သော်၊ အချိန်တိုင်း အမြဲတမ်း သစ္စာရှိရန် ကျွန်ုပ်တို့ကို ဘုရားသခင် အလိုရှိသည်။ ကားတိုင်၏မျှော်လင့်ခြင်း၌ အရင်းတည်သော လုံးလုံးအပ်နှံမှု၊ နာခံမှု၊ ကောင်းချိန်နှင့် ဆိုးချိန်မရွေး သစ္စာရှိမှုကို ဘုရားသခင် လိုက်ရှာသည်။

သစ္စာရှိခြင်းဆိုသည်မှာ ရိုးသားပွင့်လင်းစွာ အသက်ရှင်ခြင်းကို ဆိုလို၍ တသမတ်ကျကျ အသက်ရှင်ခြင်းဟူ၍ ဖော်ပြရေးသားနိုင်သည်။ ရိုးသားပွင့်လင်းခြင်းဆိုသည်မှာ နာကျင်မှု ခံစားသည်ဖြစ်စေ၊ ကျွန်ုပ်တို့ ခံနိုင်သည်ထက် ပေးဆပ်ရသည်ဖြစ်စေ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းအကြောင်းကို ရည်ရွယ်ချက်ရှိရှိ ဟောပြော၍ မှန်ကန်သောလမ်း၊ သစ္စာရှိသောလမ်းကို ရွေးချယ်ခြင်း ဖြစ်သည်။ ရိုးသားပွင့်လင်းစွာ အသက်ရှင်ခြင်းက ဟန်ဆောင်ခြင်းအန္တရာယ်မှ ကင်းလွတ်စေပြီး မည်မျှပင် ပေးဆပ်ရပါစေ ပိုကြီးမားသော အရာအတွက် အသက်ရှင်ဖို့ ကျွန်ုပ်တို့ ပြင်ဆင်ထားကြောင်း တစ်လောကလုံးကို ပြသရာ ရောက်သည်။

ဝိညာဉ်ရေးစည်းမျဉ်းဆိုသည်မှာ စွန့်လွှတ်ခြင်းသက်သက် မဟုတ်ပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့် ဆက်ဆံရေး တည်ဆောက်၍ အကူအညီ ပေးကာ လမ်းပြရန်နှင့် ကျွန်ုပ်တို့၏ဘဝအတွက် ရည်ရွယ်ချက်များကို ဖော်ပြရန် အလိုတော်ရှိသည်။ ဆုတောင်းခြင်း၊ ကျမ်းစာလေ့လာခြင်း၊ ကိုးကွယ်ခြင်း၊ ဆင်ခြင်နှလုံးသွင်းခြင်း၊ အစာရှောင်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ပြုလုပ်ဖို့ ဆုံးဖြတ်သည့်အခါ ဝိညာဉ်ရေး စည်းမျဉ်းသည် အလွန်အထောက်အကူ ပြုသည်။ ဤအရာများအားဖြင့် ခရစ်တော်၌ ကျွန်ုပ်တို့၏ ဖြစ်တည်ခြင်းကို ကျွန်ုပ်တို့ ပိုနားလည်လာပြီး ဘုရားသခင်အပေါ် နာခံခြင်းက အသက်တာပြောင်းလဲခြင်းကို ဖြစ်စေသည်။

ဆွေးနွေးပါ – ခရစ်ယာန်ဖြစ်ခြင်းကို ပျော်ရွှင်မှုနှင့် ကြီးပွားခြင်းကို ကန့်သတ်သည့်အရာအဖြစ် လူများစွာ မြင်ကြသည်။ သို့သော်၊ ဘဝ၌ ကြွယ်ဝ၍ ကျေနပ်မှုကို ပေးရန် မိမိကြွလာကြောင်း ယေရှု မိန့်တော်မူသည်။ ဤနှစ်ခုက မည်သို့ အဆက်ပြတ်သွားကြ၍ သစ္စာရှိခြင်းနှင့် မိမိကိုမိမိ ထိန်းချုပ်ခြင်းက ကျွန်ုပ်တို့အတွက် မည်သို့အကူအညီ ဖြစ်သနည်း။

မိမိကိုမိမိ ထိန်းချုပ်ခြင်းက ဝိညာဉ်အသီး ဖြစ်ရခြင်းမှာ အကြောင်းအရင်းရှိသည်။ ကျွန်ုပ်တို့၏အသက်တာ၌ ဘုရားသခင်၏

ဘုန်းတော်ကို မထင်ရှားစေသည့်အရာ၊ အထူးသဖြင့် အပြစ်သို့ သွေးဆောင်သည့်အရာများကို ပြန်ဆင်ခြင်သုံးသပ်ရန် ဘုရားသခင် အလိုတော်ရှိသည်။ ၎င်းနှင့်ပတ်သက်၍ ယေရှုက ရှင်းရှင်းလင်းလင်း မိန့်တော်မူခဲ့သည်။

> "လက်ျာလက်ဖြစ်သော်လည်း သင့်ကို မှားယွင်းစေလျှင် ထိုလက်ကို ဖြတ်ပစ်လော့"
>
> **မဿဲ ၅း၃၀**

ကိုယ့်လက်ကို ဖြတ်ဖို့ သံဖြတ်လွှကို မယူခင် ဘုရားသခင်နှင့် ကျွန်ုပ်တို့ကို ဝေးကွာစေသည့်အရာများကို သိမှတ်ပြီး ၎င်းတို့ကို ကျွန်ုပ်တို့၏ဘဝမှ ဖြတ်ပစ်ရန် ယေရှု ဖိတ်ခေါ်နေသည်။

သင့်အသက်တာကို ပြန်ဆင်ခြင်၍ စည်းကမ်းရှိဖို့ လိုအပ်သည့်အပိုင်းများကို ပြန်သုံးသပ်ပါ။ သင်စားသောက်သည့်အရာနှင့် ကြည့်သည့်အရာများနှင့် မသက်ဆိုင်သည့်အပိုင်းလည်း ဖြစ်နိုင်သည်။ ဆိုရှယ်မီဒီယာပေါ်တွင် သင်ရေးသားသည့် သင့်အတွေးအမြင်များကို ပြန်ဆင်ခြင်ဖို့ လိုအပ်သည်လည်း ဖြစ်နိုင်သည်။ ဆုတောင်းခြင်းနှင့် ကျမ်းစာဖတ်ရှုလေ့လာခြင်းကဲ့သို့ ဝိညာဉ်ရေးအလေ့အကျင့်များ ရှိဖို့ အချိန်ပေးရန် လိုအပ်သည်လည်း ဖြစ်နိုင်သည်။ အလွန်အကျွံ ကတိပေးခြင်း၊ ကတိမတည်ခြင်း၊ အချိန်မမှန်ခြင်း၊ သူတပါးကို အကောင်းမြင်တတ်ခြင်း စသည့်အပိုင်းများကို ပြန်ဆင်ခြင်ဖို့ လိုအပ်သည်လည်း ဖြစ်နိုင်သည်။

ဘုရားသခင်၏ စိန်ခေါ်မှုမှာ အသက်တာ၌ သစ္စာရှိခြင်းသက်သက်မဟုတ်ဘဲ ဧဝံဂေလိတရားဟောပြောခြင်း၌ သစ္စာရှိခြင်းလည်း ပါဝင်သည်။ သစ္စာရှိရှိ အသက်ရှင်သည်နည်းတူ ဘုရားအကြောင်းကို သစ္စာရှိရှိ ဟောပြောရမည်။ ကျွန်ုပ်တို့အတွက် ဘုရားသခင် ပြင်ဆင်ပေးထားသည့် ပြည့်ဝသောအသက်တာဖြင့် အသက်ရှင်ခြင်းသည် ဘုရားသခင်အပေါ် စစ်မှန်စွာ သစ္စာရှိခြင်း ဖြစ်သည်။ ကျွန်ုပ်တို့ကို အမြဲချစ်တော်မူသောဘုရားသခင်ထံ မေတ္တာယဇ်အဖြစ် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းအကြောင်းကို လိုက်လျှောက်၍ ဟောပြောရမည်။

ဆွေးနွေးခြင်း (၂၀ မိနစ်)

၁။ သင့်အသက်တာ၌ သူ၏သစ္စာတော်ကို ဘုရားသခင် မည်သို့ ထင်ရှားစေသနည်း။

၂။ "စည်းမျဉ်း" နှင့် "မိမိကိုမိမိ ထိန်းချုပ်ခြင်း" ကို ကြားသည့်အခါ သင့်စိတ်ထဲ၌ မည်သည့်အတွေး ဝင်လာသနည်း။

၃။ သင့်အသက်တာ၌ ဘုရားသခင်အပေါ် သစ္စာရှိဖို့ မလွယ်ကူသော မည်သည့်အပိုင်းများ ရှိပါသနည်း။

၄။ မိမိကိုမိမိ ထိန်းချုပ်ခြင်းရှိသောအသက်တာက သင်၏ ဧဝံဂေလိတရားဟောပြောခြင်းအပေါ် မည်သည့် သက်ရောက်မှု ရှိနိုင်သနည်း။

တာဝန်ခံမှု ရှိခြင်း (၂၀ မိနစ်)

တာဝန်ခံမှုရှိခြင်းဖောင်ကို ဖြည့်ခြင်းအပြင် သစ္စာရှိခြင်းနှင့် မိမိကိုမိမိ ထိန်းချုပ်ခြင်းကို ဆင်ခြင်စဉ်းစားသည့်အခါ အောက်ဖော်ပြပါ ကျွန်ုပ်တို့၏ဘဝ၌ အဓိကကျသောအပိုင်းများနှင့် သက်ဆိုင်သော မေးခွန်းများကို အပြန်အလှန် မေးကြပါ။

အချိန်

ကျွန်ုပ်တို့သည် မအားမလပ်အောင် အလုပ်များသောကမ္ဘာတွင် အသက်ရှင်ကြသည်။ ကျွန်ုပ်တို့၏တန်ဖိုး အကြီးဆုံးအရာ ဖြစ်သော အချိန်ကို အပြိုင်အဆိုင် လုယူသောအရာများစွာ ရှိသည်။ အချို့သောသူတို့အတွက် အလုပ်များခြင်းသည် ဂုဏ်ယူစရာပင် ဖြစ်လာသောကြောင့် အင်မတန်အရေးပါသော မေးခွန်းနှစ်မျိုးကို ရင်ဆိုင်ရပေမည်။ ပထမမေးခွန်းမှာ၊ အရေးကြီးသောအရာများအတွက် သင်အလုပ်ရှုပ်ပါသလား။ ဒုတိယမေးခွန်းမှာ၊ အလုပ်ရှုပ်ခြင်းက ကောင်းသည်ဟု မည်သူ ပြောသနည်း။r?

ဆက်ဆံရေး

သင့်ဆက်ဆံရေး၌ မည်မျှ စည်းမျဉ်းစည်းကမ်း ရှိပါသနည်း။ မိသားစုအပါအဝင် အသိမိတ်ဆွေများနှင့် အချိန်သုံးခြင်းသည် သပ်သပ်ဖြစ်၍ သူတို့နှင့် ပြောဆိုဆွေးနွေးသည့် အကြောင်းအရာ အရည်အသွေးသည်သပ်သပ် ဖြစ်သည်။ သူတို့ရှိသည့်နေရာတွင် ရှိခြင်းနှင့် သူတို့နှင့်အတူရှိနေခြင်းသည် မတူပါ။

စိတ်

ကျွန်ုပ်တို့သည် စိတ်ကူးစိတ်သန်းမျိုးစုံ၊ အချက်အလက်မျိုးစုံနှင့် အတွေးအခေါ်မျိုးစုံ၏ ထိုးနှက်ခြင်းကို နေ့စဉ် ခံကြရသည်။ ကျွန်ုပ်တို့၏စိတ်သည် အဆက်မပြတ် အစာကျွေးခြင်း ခံရသည်။ သို့သော်၊ ကျန်းမာရေးနှင့် ညီညွတ်၍ အာဟာရရှိသော အစားအစာများကို ကျွေးသလား။ ကျွန်ုပ်တို့ ကြည့်သည့်အရာ၊ မြင်သည့်အရာ၊ ဖတ်သည့်အရာ၊ ပြောသည့်အရာနှင့် စဉ်းစားသည့်အရာတို့၌ စည်းကမ်းရှိခြင်းသည် အင်မတန် အရေးကြီးသည်။ သင့်စိတ်ကို သန့်ရှင်း၍ ကျန်းမာစေရန် မည်သည့်အရာများကို ဖြတ်တောက်ပစ်ဖို့ လိုအပ်သနည်း။

ဝိညာဉ်

ကျွန်ုပ်တို့၏ ဝိညာဉ်ကို မည်သို့ ထိန်းသိမ်းကြပ်မတ်ရမည်နည်း။ ကျွန်ုပ်တို့၏ ဝိညာဉ်ကို ဘုရားသခင်၏ သန့်ရှင်းသောဝိညာဉ်တော်ထံ အပ်နှံခြင်းဖြင့် ထိန်းသိမ်းကြပ်မတ်နိုင်သည်။ ဤရိုးရှင်းသောမေးခွန်းကို ကိုယ့်ကိုကိုယ် ပြန်မေးပါ – ကျွန်ုပ်၏ဝိညာဉ်ကို သန့်ရှင်းသောဝိညာဉ်တော်ထံ နေ့စဉ်အပ်နှံခြင်းက ဘာကိုဆိုလိုသနည်း။

တာဝန်ခံမှုရှိခြင်းဖောင်ကို နှစ်ယောက်တစ်တွဲဖြင့်ဖြစ်စေ၊ အဖွဲ့ငယ်လိုက်ဖြစ်စေ ပြည့်စုံအောင် ဖြည့်၍ အချင်း ချင်းအတွက် ဆုတောင်းကြပါ။

ဆုတောင်းခြင်း

"သစ္စာရှိတော်မူသော ဘုရားသခင်...ကိုယ်တော်၏ အမြဲတည်သော မေတ္တာတော်အတွက် ကျေးဇူးတင်ပါ၏။ ကိုယ်တော့်အပေါ် ကျွန်ုပ်သစ္စာမဲ့ခဲ့သောအချိန်များအတွက် ဝန်ချတောင်းပန်ပါ၏။ ကျွန်ုပ်ဘဝ၌ ကိုယ့်ကိုကိုယ် ထိန်းချုပ်ခြင်း ပိုရှိနိုင်ဖို့ ကူညီတော်မူပါ။ ကိုယ်တော့်ကို ပို၍ ကျွန်ုပ် သိချင်ပါ၏။ ကိုယ်တော်နှင့်အတူ နေ့စဉ် ပို၍ အချိန်သုံးလိုပါ၏။ ကျွန်ုပ် ကျူးလွန်သောအပြစ်များအတွက် ဝန်ချတောင်းပန်သကဲ့သို့ ကျွန်ုပ်အသက်တာ၌ စည်းကမ်းမရှိသော အပိုင်းများကို ကိုယ်တော့်ထံ ဆက်ကပ်အပ်နှံပါ၏။ ကျွန်ုပ်ကို စွန့်ပစ်မည် မဟုတ်ဘဲ ကျွန်ုပ်နှင့်အတူ အမြဲရှိမည်ဖြစ်သောကြောင့် ကိုယ်တော့်ကို ကျေးဇူးတင်ပါ၏။ ကိုယ်တော့် ဘုန်းတော်ကို ထင်ရှားစေသည့် နည်းဖြင့်လည်းကောင်း၊ သူတပါးအတွက် ခွန်အားဖြစ်မည့်နည်းဖြင့်လည်းကောင်း အသက်ရှင်နိုင်ရန် ကျွန်ုပ်ကို မစကူညီဖို့ တောင်းလျှောက်ပါ၏။ အာမင်။"

လိုက်လျှောက်ကျင့်သုံးခြင်း (၅ မိနစ်)

သင့်အပေါ် တာဝန်ခံမှု ရှိနိုင်ရန် သင့်ဘဝ၌ စွန့်လွှတ်ဖို့ သို့မဟုတ် ဖြတ်ပစ်ဖို့ လိုအပ်သည့်အပိုင်းများကို သင်ယုံကြည်ရသည့် သူငယ်ချင်းထံ မျှဝေပါ။ လာမည့်ရက်သတ္တပတ်များတွင် သင့်ကို ပြန်စစ်ဆေးဖို့နှင့် အောက်ပါမေးခွန်းများကို မေးဖို့ အကူအညီတောင်းပါ။

၁။ ဒီနေ့အထိ အခြေအနေ ဘယ်လိုရှိလဲ။

၂။ သင်ပြုပြင်နေသည့်ကာလ၌ ဘုရားသခင် လုပ်ဆောင်သည့်အမှုကို သင်မြင်ပါသလား။

မမေ့ပါနှင့် ...

Advance podcast ကို သင်နားဆင်ပြီးပြီလား။ မိမိတို့စိတ်ဝင်စားသည့်အရာများကို မျှဝေကြသော 'Advance Passion' စီးရီးကို နားထောင်ကြည့်ပါ။ ၎င်းစီးရီးတွင် ကျွန်ုပ်တို့ ပတ်ဝန်းကျင်ရှိ မယုံကြည်သူများထံ ဧဝံဂေလိဟောပြောဖို့ စကားလမ်းကြောင်း ခင်းပေးနိုင်ရန် ဝါသနာများ၊ အလုပ်အကိုင်၊ စိတ်ဝင်စားသည့်အရာများနှင့် အတွေ့အကြုံများအကြောင်းကို ဆွေးနွေးဝေမျှကြသည်။

မှတ်စုများ

အစည်းအဝေး ၄

မိမိထံမှ လာသည့် စိန်ခေါ်မှု – စွမ်းဆောင်မှုနှင့် နှိုင်းယှဉ်မှု

မိမိထံမှ ရောက်လာလေ့ရှိသည့် စိန်ခေါ်မှု အကြောင်းကို ဤအစည်းအဝေးတွင် လေ့လာသွားမည်။ ၎င်းတို့မှာ နှိုင်းယှဉ်မှုဆိုင်ရာ စိန်ခေါ်မှုနှင့် ဘုရားသခင်ထံမှ ရရှိသည့် ကျေးဇူးတော်နှင့် ချစ်ခြင်းမေတ္တာ၌ မတည်ဘဲ မိမိကြိုးစားစွမ်းဆောင်မှု၌ တန်ခိုး ရှာဖွေခြင်း စိန်ခေါ်မှု ဖြစ်သည်။

အစည်းအဝေးကို ဝါကျတစ်ကြောင်းဖြင့် အကျဉ်းချုပ်ခြင်း
ကျွန်ုပ်တို့၏ ခေါ်ဆိုခြင်းနှင့် အလားအလာရှိသော အရည်အချင်းကို ဖျက်ဆီး၍ သေစေနိုင်သည့်အရာမှာ နှိုင်းယှဉ်မှု ဖြစ်ပြီး ကျွန်ုပ်တို့၌ ကန့်သတ်မှုများနှင့် မလုံလောက်သော အရည်အချင်းများ ရှိသော်လည်း ခရစ်တော်၏ လုံလောက်မှုကို ယုံကြည်ကိုးစားရန် သင်ယူခြင်းသည် ဘုရားသခင်၏ ခေါ်ဆိုခြင်း နောက်လိုက်ရန် လွတ်လပ်မှုကို ပေးသည်။

အစည်းအဝေး နောက်ကြောင်း
တစ်ခါတရံ အကြီးမားဆုံးသော မျှော်လင့်ချက်မှာ မိမိအပေါ် ထားရှိသည့်အရာ ဖြစ်တတ်သည်။ ထိုသို့ဆိုရာတွင်၊ အလိုလို ရောက်လာခြင်း မဟုတ်ဘဲ မိသားစု၊ ပတ်ဝန်းကျင်၊ ယဉ်ကျေးမှုနှင့် လူမှုအသိုင်းအဝိုင်းမှ ပေါ်လာတတ်သည်။ ၎င်းနှင့် ပတ်သက်လျှင် ကျွန်ုပ်တို့အပေါ် အရက်စက်ဆုံးပုဂ္ဂိုလ်မှာ ကျွန်ုပ်တို့ပင် ဖြစ်သည်။

ဣသရေလလူမျိုးတို့၌လည်း နှိုင်းယှဉ်တတ်သည့်ပြဿနာ ရှိသည်။ သူတို့ကို ကျွန်ဘဝမှ အကြိမ်ကြိမ် ဘုရားသခင် ကယ်နုတ်ခဲ့သည့်သမိုင်း၊ တိုက်ပွဲတစ်ပွဲပြီးတစ်ပွဲ အနိုင်ယူရန် ဘုရားသခင် ဦးဆောင်ခဲ့သည့်သမိုင်း၊ ကတိတော်ပြည်သို့ ဘုရားသခင် ခေါ်ဆောင်ခဲ့သည့် သမိုင်း ရှိခဲ့သော်လည်း တစ်ခုခု လိုနေသလို ခံစားခဲ့ကြသည်။ ဘုရင်တစ်ပါး လိုချင်ခဲ့ကြသည်။

မင်းမျိုးမင်းနွယ်သည် ယခုခေတ်ထက် ရှေးခေတ်တွင် ပို၍ အရေးကြီးသည်။ ဘုရင်တစ်ပါးသည် မိမိလူမျိုးတို့ကို သူတို့ ကိုးကွယ်သည့် ဘုရားများ ကိုယ်စား အလွန်အရေးပါသည့် နည်းမျိုးစုံဖြင့် ဦးဆောင်လေ့ရှိသည်။ ဥပမာ – အဲဂုတ္တု ဖာရောဘုရင်တို့သည် မိမိတို့၏ အုပ်ချုပ်မှုဖြင့် ဘုရားများနှင့် လူသားများကြား ပေါင်းကူးတံတားခင်းပေး၍ စကြဝဠာ၌ စနစ်ကျသော တည်ငြိမ်အေးချမ်းမှု တည်ဆောက်ရန် တာဝန်ပေးအပ်ခြင်း ခံခဲ့ကြသည်။ ရှေးဘုရင်များ၏ တာဝန်တစ်ရပ်မှာ လိုအပ်လျှင် စစ်တိုက်ပြီး မိမိပြည်နယ်ကို ကာကွယ်ရန်ခြင်း ဖြစ်သည်။ တစ်ခါတရံ ဘုရင်ကိုယ်တိုင် ရှေ့တန်းထွက်၍ ဦးဆောင်ရသည်။

ဣသရေလလူမျိုးတို့သည် မိမိတို့၏အိမ်နီးနားချင်း နိုင်ငံများကို ကြည့်၍ မိမိတို့၌ ဘုရင် မရှိကြောင်းကို သတိထားမိခဲ့ကြသည်။ သူတို့၌ ဘုရင်တကာတို့၏ ဘုရင် ဘုရားသခင် ရှိသော်လည်း တိုင်းတပါးနိုင်ငံရှိ ဘုရင်များနှင့် ယှဉ်နိုင်ရန် လူသားဘုရင်တစ်ပါးကို အလိုရှိခဲ့ကြသည်။ လူ့ဘုရင်တစ်ပါး ရရှိဖို့ ပရောဖက် ရှမွေလမှတစ်ဆင့် ဘုရားသခင်ထံ တောင်းဆိုခဲ့ကြသည် (၁ ဓမ္မ ၈)။

နှိုင်းယှဉ်ခြင်းက ဘုရားသခင်ကို နန်းချရန် လမ်းခင်းပေးသကဲ့သို့ ဖြစ်သည်။ အစပြုပုံသည် အင်မတန် ပါးနပ်သည်။ အကောင်းဘက်မှ နှိုင်းယှဉ်မှု ပြုသည့်အခါ ကျွန်ုပ်တို့သည် ဘုရားသခင်ကို နန်းချပြီး မိမိတို့၏အတ္တနှင့် ကိုယ်ပိုင်လုံလောက်မှုက အစားထိုးနေရာယူလာသည်။ အဆိုးဘက်မှ နှိုင်းယှဉ်မှု ပြုသည့်အခါ ကျွန်ုပ်တို့၏ အားနည်းချက်များကို အသုံးပြုရန် ဘုရားသခင်၌ တန်ခိုး မရှိသည့်အပြင် ချစ်ချင်းမေတ္တာလည်း မရှိဟူသည့်သဘောဖြင့် ဘုရားသခင်ကို နန်းချကြသည်။ ဣသရေလလူမျိုးတို့သည် ဘုရားသခင်ကို ကိုယ်စားပြုမည့် ဘုရင်တစ်ပါးကို အလိုရှိခဲ့ကြသည်။ သို့သော်၊ ဘုရင်ရှိခြင်းက ဘုရားသခင်အပေါ် ယုံကြည်အားကိုးမှု လျော့နည်းလာစေပြီး လူတွေအပေါ် ပိုကိုးစားလာစေသည်။

ဣသရေလလူမျိုးတို့၏အကြောင်းတွင် စွမ်းဆောင်မှုနှင့် ပတ်သက်၍လည်း သင်ခန်းစာ ယူစရာ ရှိသည်။ ဣသရေလလူမျိုးတို့သည် မိမိတို့၏ ဖြစ်တည်မှုကို မေတ္တာထား၍ သစ္စာရှိတော်မူ

သော ဘုရားသခင်၌ အခြေမပြုကြဘဲ လောကသားတို့ရှေ့တွင် ကြိုးစားစွမ်းဆောင်မှုဖြင့် မိမိတို့၏တန်ဖိုးကို ပြသဖို့ ကြိုးစားခဲ့ကြသည်။

ကျွန်ုပ်တို့၏ စွမ်းဆောင်မှုဖြင့် တိုင်းတာလျှင် အလားတူ ထောင်ချောက်ထဲ ကျွန်ုပ်တို့ အလွယ်တကူ ကျရောက်နိုင်သည်။

- သာသနာဆိုင်ရာ စွမ်းဆောင်မှု – မည်မျှ အောင်မြင်ပုံ
- ခေါင်းဆောင်မှုဆိုင်ရာ စွမ်းဆောင်မှု – မည်မျှ လေးစားခြင်း ခံရပုံ
- အလုပ်အကိုင်ဆိုင်ရာ စွမ်းဆောင်မှု – မည်မျှအလုပ်ရှုပ်ပုံ
- ပေးဆပ်မှုဆိုင်ရာ စွမ်းဆောင်မှု – မည်မျှရက်ရောပုံ
- ဝိညာဉ်ရေးရာ စွမ်းဆောင်မှု – မည်မျှစည်းကမ်းရှိပုံ
- အကျင့်စာရိတ္တဆိုင်ရာ စွမ်းဆောင်မှု – မည်မျှသန့်ရှင်းပုံ
- မိသားစုရေးရာ စွမ်းဆောင်မှု – မည်မျှ ဆက်ဆံရေးကောင်းပုံ
- အသိဉာဏ်ပိုင်းဆိုင်ရာ စွမ်းဆောင်မှု – မည်မျှ ဗဟုသုတ ကြွယ်ပုံ

ဤအပိုင်းများတွင် ကျွမ်းကျင်တတ်မြောက်ရန် ကျွန်ုပ်တို့ အကောင်းဆုံး သင်ယူရမည် ဖြစ်သော်လည်း ကျွန်ုပ်တို့၏ တန်ဖိုးနှင့် ဖြစ်တည်ခြင်းကို ဤအရာများတွင် မရှာသင့်ပါ။ ကျွန်ုပ်တို့၏ တန်ဖိုးနှင့် ဖြစ်တည်ခြင်းသည် ဘုရားသခင်၌ ဖြစ်၍ စိတ်အားထက်သန်မှု၊ ကျေးဇူးတော်နှင့် စိတ်နှိမ့်ချခြင်းတို့ ဖြင့် အမှုတော်ဆောင်နိုင်ရန် ကျွန်ုပ်တို့ကို ဘုရားသခင် မစတော်မူသည်။

အစည်းအဝေး လမ်းညွှန်

တွေ့ဆုံခြင်း (၁၀–၂၀ မိနစ်)

တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံမိတ်ဆက်စကားပြောဖို့ အချိန်သုံးပါ။ သက်သေခံခြင်း၊ ခွန်အားပေးခြင်း၊ အခွင့်အရေးများကို အတူသုံးသပ်ခြင်းနှင့် အဖွဲ့အတွက် ခွန်အားဖြစ်စေမည့် မည်သည့်အကြောင်းအရာကိုမဆို ဝေငှပြောဆိုနိုင်သည်။ နောက်ဆုံး အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် ဆက်ကပ်မှုနှင့် ပတ်သက်၍ မည်သည့်အခြေအနေ ရှိကြောင်း အပြန်အလှန် မေးမြန်းကြပါ (အစည်းအဝေး ၃ – လိုက်လျှောက်ကျင့်သုံးခြင်း)။

ဆုတောင်းခြင်း

အချိန်တစ်ခုလုံးကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံ၍ တွေ့ဆုံခြင်းအပိုင်းတွင် ကြားခဲ့သည့်အခြေအနေ အကောင်း၊ အဆိုးများအတွက် ဘုရားသခင်ထံ ဆုတောင်းဆက်ကပ်ပါ။

သွန်သင်ခြင်း (၄၀–၅၀ မိနစ်)

အောက်ပါသင်ခန်းစာများကို သင်နှစ်သက်သည့်နည်းဖြင့် သင်ပေးနိုင်သကဲ့သို့ တစ်လုံးမကျန် ဖတ်ပြခြင်းဖြင့်လည်း သင်ပေးနိုင်သည်။ ထို့ပြင်၊ သင်ကိုယ်တိုင် ပြင်ဆင်၍လည်း တင်ပြနိုင်သည်။ “ယေရှုသည် တပည့်တော်တို့နှင့် ခရီးသွားကြစဉ် ရွာတရွာသို့ ဝင်တော်မူ၍ မာသအမည်ရှိသော မိန်းမတစ်ဦးသည် မိမိအိမ်၌ ကိုယ်တော်ကို ညှော်ခံလေ၏။ ထိုမိန်းမ၌ မာရိအမည်ရှိသော ညီမတစ်ယောက်ရှိ၏။ ထိုမာရိသည် ယေရှု၏ခြေတော်ရင်း၌ ထိုင်၍ စကားတော်ကို နားထောင်လျက်နေ၏။ မာသမူကား၊ လုပ်ကျွေးခြင်းအမှုများ၌ စိတ်ပူပန်ခြင်းရှိသဖြင့် အထံတော်သို့ ချဉ်းကပ်၍ သခင် ကျွန်မ၏ညီမသည် ကျွန်မတစ်ယောက်တည်း လုပ်ကျွေးစေခြင်းငှါ ကျွန်မကို ပစ်ထားသည်အရာကို လျစ်လျူရှုသော စိတ်ရှိတော်မူသလော။ သူသည် ကျွန်မကို ကူညီမည်အကြောင်း အမိန့်ရှိတော်မူပါဟု လျှောက်သော်၊ ယေရှုက မာသ၊ မာသ၊ သင်သည် များစွာသောအမှုတို့၌ စိုးရိမ်၍ နှောင့်ယှက်ခြင်းကို ခံရ၏။ လိုသောအရာတစ်ခုတည်းရှိ၏။ မာရိမူကား၊ ကောင်းသောအဘို့ကို ရွေးယူပြီ။ ထိုအဘို့ကို အဘယ်သူမျှ မနုတ်မယူရာဟု မိန့်တော်မူ၏”

လုကာ ၁၀း၃၈–၄၂

မာသသည် ယေရှုကို အစေခံလုပ်ကျွေးရန် အလုပ်ရှုပ်လွန်းခဲ့သောကြောင့် ယေရှု၏မျက်မှောက်တော်မှ ကောင်းချီးခံစားရန် မေ့လျော့ခဲ့သည်။ ထို့ပြင်၊ မိမိ၏ကြိုးစားမှုကို နှိုင်းယှဉ်သည့်အခါ အလုပ်အားလုံးကို မိမိအတွက်သာ အကုန်ထားခဲ့ဟန်ပေါ်သောကြောင့် မာသသည် မာရိအပေါ်လည်း စိတ်ဆိုးခဲ့သည်။ စွမ်းဆောင်မှုနှင့် နှိုင်းယှဉ်မှုတို့သည် ဘုရားသခင်၏ အတူပါရှိမှု မျက်မှောက်တော်အတွက် အဟန့်အတား ဖြစ်စေကြောင်းမှာ ဤအဖြစ်အပျက်တွင် ထင်ရှားသည်။ ကျွန်ုပ်တို့၏ ကြိုးစားအားထုတ်မှုနှင့် သူတပါး၏ ကြိုးစားအားထုတ်မှု နှိုင်းယှဉ်ခြင်းနှင့် ဆန့်ကျင်၍ ဘေရှုက “ငါ၏ အတူပါရှိမှုသည် လုံလောက်သည်” ဟူသည့် နက်နဲသော သတိပေးချက်ကို ပေးထားသည်။

စံတစ်ခုခုအတိုင်း စွမ်းဆောင်ရန်ကျွန်ုပ်တို့သည် ရှန်းကန်လေ့ရှိ၍ ဖိအားများအောက် ရောက်သွားတတ်ကြသည်။ မိသားစု စားဝတ်နေရေးအတွက် ကြိုးစားလုပ်ဆောင်ခြင်းက အချို့အတွက် စွမ်းဆောင်မှုတစ်ခု ဖြစ်သည်။ စွမ်းဆောင်မှုသည် လိုအပ်ချက်ကို ဖြည့်ဆည်းခြင်း ဖြစ်သည်။

အချို့အတွက်မူ၊ စွမ်းဆောင်မှုသည် မိမိလုပ်ဖော်ဆောင်ဖက်ထက် အောင်မြင်ခြင်း သို့မဟုတ် ရှေ့ရောက်ခြင်း ဖြစ်သည်။ စွမ်းဆောင်မှုသည် အောင်မြင်ခြင်း ဖြစ်သည်။ စွမ်းဆောင်မှုသည် ရည်မှန်းချက်ပန်းတိုင်သို့ အရောက်လှမ်းခြင်း ဖြစ်သည်။ စွမ်းဆောင်မှုသည် အတ္တ၌ အရင်းတည်လေ့ရှိသည်။

> **ဆွေးနွေးပါ** – သင့်ဘဝ၌ “စွမ်းဆောင်မှု” ကို မည်သို့ သင်တိုင်းတာသနည်း။ ဧဝံဂေလိတရား ဟောပြောခြင်းတွင်ကော မည်သို့ တိုင်းတာသနည်း။

နှိုင်းယှဉ်ခြင်းက သင့်အကျင့်စာရိတ္တကို ပျက်ဆီးစေမည်မှာ သေချာသည်။ အကောင်းဘက်မှ နှိုင်းယှဉ်လျှင် မိမိအတ္တကြီးအောင် ကျွေးမွေးသကဲ့သို့ ဖြစ်ပြီး မာန ကြီးလာအောင်လည်း ပြုလုပ်ရာရောက်သည်။ အဆိုးဘက်မှ နှိုင်းယှဉ်လျှင် မိမိကိုမိမိ ဓိတ်ဓာတ်ကျအောင် ပြုလုပ်သကဲ့သို့ ဖြစ်ပြီး ကိုယ့်ကိုကိုယ် အားလျော့နည်းစေရာ ရောက်သည်။ သင့်ထက် စိတ်အားထက်သန်သော တရားဟောဆရာ၊ ဓမ္မပညာတွင် အသိပညာပိုမြင့်သူ၊ အဟောအပြော ကောင်းသူ၊ ပို၍ ကြည့်ကောင်းသူ အမြဲရှိနေမည်မှာ သေချာသည်။

နှိုင်းယှဉ်ခြင်းတိုင်းက မကောင်းသည်တော့ မဟုတ်ပါ။ တစ်ခါတရံ သူတပါး လေ့လာသင်ယူ၍ ကြီးထွားပုံကို ကြည့်ခြင်းက အထောက်အကူ ပြုတတ်သည်။ သူတပါး၏ အောင်မြင်မှုနှင့် ကျရှုံးမှုများကို အကဲခတ်လေ့လာပြီး သင်ယူခန်းစာများ ယူခြင်းသည် လူ့အတွေ့အကြုံ၏ သဘောသဘာဝ ဖြစ်သည်။ သို့သော်၊ အကောင်းမြင်သည့် အကဲခတ်လေ့လာခြင်းနှင့် အဆိုးမြင်သည့်နှိုင်းယှဉ်ခြင်းကြား ခြားနားမှုမှာ စိတ်ခွန်အားနှင့် ဝေဖန်ရှုတ်ချခြင်းတွင် ထင်ရှားတတ်သည်။

သူတပါး အောင်မြင်သည်ကို မြင်သည့်အခါ မိမိလျှောက်သည့်လမ်းအတိုင်း ဆက်လျှောက်ဖို့ **သင့်စိတ်ဓာတ်ကို မြှင့်တင်ပေးသလား**။ သူတပါး ရုန်းကန်နေရသည်ကို မြင်သည့်အခါ သူတို့ကို တတ်နိုင်သည့်ဘက်မှ ကူညီဖို့ **စိတ်ဆန္ဒ ရှိပါသလား**။ သို့မဟုတ် သူတပါး အောင်မြင်သည်ကို မြင်သည့်အခါ သူတပါးလောက် မအောင်မြင်လို့ ကိုယ့်ကိုကိုယ် ဝေဖန်ရှုတ်ချလေသလား။ ကိုယ့်လောက် သူတပါး မအောင်မြင်သည့်အခါ သူတပါးကို ကျွန်ုပ်တို့ ဝေဖန်ရှုတ်ချလေသလား။

မိမိနှလုံးသားကို ဟန်ချက်ညီအောင် အမြဲစစ်ဆေးပေးသင့်သည်။ ဘုရားသခင်၏ အစေခံရင်း နှိုင်းယှဉ်မှုများနှင့် စွမ်းဆောင်မှု အန္တရာယ်ထဲ မကျရောက်လေအောင် သတိပြုရမည့် အချက် ၆ ချက်ရှိသည်။

> **ဆွေးနွေးပါ** – အောက်ပါအချက်များကို ဆွေးနွေး၍ အဖွဲ့သားများထဲတွင် ဤအချက်များနှင့် ငြိစွန်းသောသူများ ရှိလျှင် မှတ်ထား၍ အတူတကွ ဆုတောင်းနိုင်ရန် တာဝန်ခံမှုရှိခြင်းအပိုင်းရောက်သည့်အခါ ပြန်ဆွေးနွေးတိုင်ပင်ပါ။

စိတ်ပျက်စရာများကို သတိပြုပါ

နှိုင်းယှဉ်မှုနှင့် ပတ်သက်လာလျှင် စိတ်ပျက်ခြင်းသည် ပထမဆုံး ရင်ဆိုင်ရမည့် ပြဿနာဖြစ်သည်။ ကျွန်ုပ်တို့အနီးအနားရှိ ပုဂ္ဂိုလ်များနှင့် ကိုယ့်ကိုကိုယ် အဆိုးဘက်မှ နှိုင်းယှဉ်လျှင် အလွယ်တကူ စိတ်ပျက်လာ၍ ဘာကိုမျှ ထိထိရောက်ရောက် လုပ်ဆောင်နိုင်မည် မဟုတ်တော့ပါ။ ဘုရားသခင်၏ ခေါ်ဆိုခြင်းဆိုင်ရာ ဝမ်းမြောက်ခြင်းကို ခိုးယူဖို့ အဆိုးဘက်မှ နှိုင်းယှဉ်ခြင်းကို ကျွန်ုပ်တို့ ခွင့်မပြုသင့်ပါ။ သို့မဟုတ်လျှင် သစ္စာရှိရမည့်နေရာများတွင် သစ္စာရှိနိုင်မည် မဟုတ်တော့ပါ။ သူတပါး၏ အောင်မြင်မှုကြောင့် စိတ်ပျက်မည့်အစား ဘုရားသခင်၏ နိုင်ငံတော်အတွက် အနိုင်အဖြစ် ခံယူကာ သူတပါးနှင့်အတူ ဝမ်းမြောက်သင့်ပေသည်။ ကျွန်ုပ်တို့၏ ကန့်သတ်မှုနှင့် ကျရှုံးမှုများအတွက် စိတ်ပျက်နေမည့်အစား သူတပါး၏ အောင်မြင်မှုအတွက် ဘုရားသခင်ကို ကျေးဇူးတော် ချီးမွမ်းသင့်သည်။ ထိုသို့သောစိတ်နေသဘောထားဖြင့် ဘုရားသခင်ကို ကျွန်ုပ်တို့ ချီးမြှောက်လျှင် ကျွန်ုပ်တို့၏ စွမ်းဆောင်မှုကို ကျော်လွန်သည့် ဝမ်းမြောက်ခြင်းကို ရှာတွေ့နိုင်လိမ့်မည်။

ခွန်အားပေးခြင်းကို သတိပြုပါ

ခွန်အားပေးခြင်းနှင့် ဆိုင်သည့် ပြဿနာသည် အားငယ်ခြင်းနှင့် ဒွန်တွဲနေတတ်သည်။ ပုံမှန်အခြေအနေတွင် ခွန်အားပေးခြင်းကို ပြဿနာအဖြစ် ကျွန်ုပ်တို့ မြင်လေ့မရှိသော်လည်း အကောင်းဘက်မှ သူတပါးနှင့် နှိုင်းယှဉ်ခြင်းခံပြီး ခွန်အားပေးခြင်း ခံရသည့်အခါ သူတပါးထက် ကိုယ့်ကိုကိုယ် အထင်ကြီးစရာ ဖြစ်လာတတ်သည်။ မိမိအောင်မြင်ခြင်းအပေါ် မူးရူးသောသူများ ဖြစ်သွားတတ်သည်။ သူတပါးထက် ကိုယ်က ပိုကောင်းသည်ဟူ၍ တွေးခြင်းဖြင့် မိမိအတ္တကို ပိုမကြီးစေဖို့ ကျွန်ုပ်တို့ သတိပြုရမည်။ ကိုယ့်အချိန်၊ အရည်အချင်း၊ ဆုကျေးဇူးနှင့် အရင်းအမြစ်များကို မိမိထက် နိမ့်ကျသောသူပုံပေါ်သော်လည်း ကြီးထွားလျက်ရှိသောသူများထံ ရက်ရက်ရောရော ပေးကမ်းရပေမည်။

အရည်အချင်းများကို သတိပြုပါ

အရည်အချင်း သို့မဟုတ် ဆုကျေးဇူးနှင့် ပတ်သက်၍ နှိုင်းယှဉ်မှုလည်း ရှိတတ်သည်။ ပင်ကိုယ်အရည်အချင်းသည် ဘုရားဘုန်းတော်အတွက် အသုံးပြု၍ ရသော်လည်း ၎င်းပင်ကိုယ်အရည်အချင်းတစ်ခုတည်းနှင့် ဧဝံဂေလိတရား ဟောပြောခြင်းတွင် အောင်မြင်အောင် စွမ်းဆောင်နိုင်သည်ဟူသည့် လွဲမှားသောအတွေးကို သတိပြုရပါမည်။ စွမ်းဆောင်မှုအပေါ် အခြေခံသည့် အရည်အချင်းသည် ဘုရားသခင်၏ တန်ခိုးတော်ကို အရေးမကြီးသလို ထင်ရအောင် ပြုလုပ်လိမ့်မည်။ ထို့ပြင်၊ တရားဟောပြောခြင်း သို့မဟုတ် ပို့ချဟောပြောခြင်းတွင် အရည်အချင်းရှိသောသူများကို ဧဝံဂေလိတရားဟောပြောခြင်းအတွက် လိုက်နာရမည့်စံတစ်ခုအဖြစ် သတ်မှတ်တတ်ကြသည်။ သို့သော်၊ ဘုရားသခင်သည် ကျွမ်းကျင်မှုထက် စာရိတ္တကို ပို၍ တန်ဖိုးထားလေသည်။ ဘုန်းတော်အတွက် အသုံးပြု၍ရသည့် သင်ပိုင်ဆိုင်သော အရည်အချင်းအားလုံးအတွက် ကျေးဇူးတော် ချီးမွမ်းပါ။ သို့သော်၊ ဘုရားသခင် ပေးသည့် ဆုကျေးဇူးများကို သစ္စာရှိရှိ အသုံးပြုနိုင်ရန် ကောင်းကင်ထက်မှ လာသည့် ဉာဏ်ပညာနှင့် ကျေးဇူးတော်ကို ပိုလျှံအောင် ရရှိဖို့ ဘုရားသခင်ထံ တောင်းခံပါ။

လွဲမှားသော စိတ်နှိမ့်ချခြင်းကို သတိပြုပါ

ဧဝံဂေလိတရားဟောပြောခြင်းတွင် နှိမ့်ချခြင်းသည် အရေးကြီးသော်လည်း လွဲမှားသော နှိမ့်ချခြင်းသည် အဆိပ်ရှိသည်။ မိမိကို မိမိ သူတပါးနှင့် နှိုင်းယှဉ်၍ မိမိ၏စွမ်းဆောင်မှုကို သုံးသပ်သည့်အခါ သူတပါး၏ အသိအမှတ်ပြုခြင်းကို ရှာနေပါလျက် နှိမ့်ချခြင်းရှိသကဲ့သို့ အသက်ရှင်မိရန် လွယ်ကူသည်။ မိမိကိုမိမိ ဤမေးခွန်းကို မေးပါ – အောင်မြင်ခြင်းနှင့် ပတ်သက်ပြီး နှိမ့်ချခြင်းကို မည်သို့ သင်ထင်ရှားစေသနည်း။ သုံးသပ်နိုင်သည့်တစ်နည်းမှာ ချီးကျူးဂုဏ်ပြုခြင်း ခံသည့်အခါ သင်မည်သို့ တုံ့ပြန်သည်ကို သတိပြုမိခြင်း ဖြစ်သည်။ ၎င်းချီးကျူးခြင်းကို ပြန်ငြင်းပြီး နိမ်ပြောသလား။ သို့မဟုတ် ကျေးဇူးတင်ကြောင်း ပြော၍ ဘုရားသခင်ကို ချီးမွမ်းသလား။ ပြန်ငြင်းခြင်းသည် နှိမ့်ချသည့်တုံ့ပြန်မှုကဲ့သို့ ထင်ရနိုင်သော်လည်း စစ်မှန်သောနှိမ့်ချခြင်းသည် ငြင်းပယ်ခြင်းကို မပြုဘဲ ချီးကျူးခြင်းကို သိမ်မွေ့နူးညံ့စွာ လက်ခံပြီး ဘုရားသခင်ကို တဆင့် ကျေးဇူးတော် ချီးမွမ်းသည်။

ရလဒ်များကို သတိပြုပါ
ဧဝံဂေလိတရားဟောပြောခြင်းဆိုင်ရာ အောင်မြင်မှုကို သင်မည်သို့ တိုင်းတာသနည်း။ သင်သည် အချိန်ပြည့် ဧဝံဂေလိဆရာဖြစ်လျှင်"ရလဒ်များ" (လက်ခံသောသူများ အရေအတွက်) ကို ကြည့်ခြင်းဖြင့် သင့်ခေါ်ဆိုမှုကို အတည်ပြုဖို့ ကြိုးစားသည်လည်း ဖြစ်နိုင်သည်။ ဧဝံဂေလိတရားဆိုင်ရာ အောင်မြင်မှုကို အရေအတွက်ဖြင့် တိုင်းတာလျှင် သင်မခံထိုက်သည့် ချီးမွမ်းခြင်းကို ခံယူမည့်အန္တရာယ်ရှိသည်။ ဘုရားသခင်၌သာ ကယ်တင်နိုင်သည့် တန်ခိုးရှိသည်။ မိမိ၏သာသနာကို အတည်ပြုရန် သွေးဆောင်မှု ရှိလာနိုင်ပြီး တုံ့ပြန်မှုအသီးကို အစီအရင်ခံ၍ "လက်ထောင်တာတော့ ဆယ်ယောက်လောက်တော့ ရှိတယ်။ ဒါပေမဲ့ ဆယ့်နှစ်ယောက်လို့ ပြောရင် ကျမ်းစာနဲ့ ပိုညီနိုင်တယ်။ လက်မထောင်ပေမဲ့ စိတ်နှလုံးထဲမှာ ယုံကြည်တဲ့သူလည်း ရှိနိုင်တာပဲ" ဟူ၍ ပြောပြီး မိမိကိုမိမိ "ဆွဲဆန့်သည့်" ဧဝံဂေလိဆရာ ဖြစ်လာမည်မှာ စိုးရိမ်စရာရှိသည်။ ဤသို့သောလှည့်စားခြင်းကစားကွက်တွင် မပါဝင်ဖို့ အရေးကြီးသည်။ ဘုရားသခင် ကြီးမြတ်ကြောင်း ပြဖို့ လူတွေအထင်ကြီးအောင် အရေအတွက်များကို ကြွားပြောဖို့ မလိုပါ။ ထိုအရေအတွက်များကို တင်ပြသည့်အခါ ဘုရားသခင် ကြီးမြတ်ကြောင်းကို ထင်ရှားစေလို၍ တင်ပြသလား။ သို့မဟုတ် မိမိကြီးမြတ်ကြောင်း ထင်ရှားစေလို၍ တင်ပြလေသလား။ ဧဝံဂေလိတရားဟောပြောခြင်းဆိုင်ရာ အောင်မြင်ခြင်းကို ကယ်တင်ခြင်းရရှိသည့် အရေအတွက်ဖြင့် မတိုင်းတာရဘဲ ကျွန်ုပ်တို့ ပတ်ဝန်းကျင်ရှိ မယုံကြည်သူများထံ ဧဝံဂေလိတရား ဟောပြောခြင်း၌ သစ္စာရှိခြင်းဖြင့် တိုင်းတာရသည်။ ကျန်အပိုင်းကို ဘုရားသခင် တာဝန်ယူလိမ့်မည်။

လူကိုကျေနပ်စေတတ်သူများကို သတိပြုပါ
တစ်ခါတရံ ကျွန်ုပ်တို့၏ စွမ်းဆောင်မှုများသည် ဘုရားသခင်ကို ကျေနပ်စေဖို့ထက် လူကို ကျေနပ်စေဖို့ ဖြစ်တတ်သည်။ သို့သော်၊ ခမည်းတော် ဘုရားသခင်ကို ကျေနပ်စေခြင်းမှ လွဲ၍ မည်သူ့ကိုမျှ ကျေနပ်စေဖို့ ဧဝံဂေလိတရားကို ကျွန်ုပ်တို့ မဟောပြောသင့်ပါ။ မီတာ ၁၀၀ အပြေးပြိုင်သမားလည်းဖြစ်၊ ခရစ်ယာန်သာသနာပြုလည်း ဖြစ်သူ အဲရစ်လစ်ဒယ် (Eric Liddle) သည် တနင်္ဂနွေနေ့တွင် အပြေးပြိုင်ခြင်း ကျင်းပခြင်းကို ရှောင်ပြီး ၁၉၂၄ ခုနှစ် ပဲရစ်အိုလံပစ်ပြိုင်ပွဲတွင် မီတာ ၄၀၀ ကို ဝင်ပြိုင်ရာ ရွှေတံဆိပ် ရရှိခဲ့သည်။ သူ့အတွက် ဘုရားသခင်သည် အရေးကြီးသောအရာဖြစ်ပြီး သူ၏ခရစ်ယာန်ခံယူချက်အတွက် အိုလံပစ်တွင် ပါဝင်ခွင့်ကိုပင် စွန့်လွှတ်ရန် ဝန်မလေးခဲ့ပါ။ မည်သူတစ်ဦး တစ်ယောက်ကိုမျှ ကျေနပ်စေဖို့ ရည်ရွယ်ပြီး အပြေးကို နှစ်သက်ခဲ့သူ မဟုတ်ပါ။ "ကျွန်တော် ပြေးတဲ့အခါ ဘုရားသခင်ရဲ့ ကျေနပ်နှစ်သက်မှုကို ခံစားရတယ်" ဟူ၍ ပြောခဲ့သည်။ ဘုရားသခင်ကို ကျေနပ်စေလိုသည့်ဆန္ဒထက် မပိုသည့်ဆန္ဒ မရှိမိဖို့ အရေးကြီးသည်။ သို့ပြုလျှင် ဤလောကတွင် လုပ်ဆောင်ရုံသာ လုပ်ဆောင်ခြင်းမှ ထာဝရကာလတိုင် တည်မြဲမည့် ကိုးကွယ်ခြင်းအတွက် ကျွန်ုပ်တို့၏ ပျော်ရွှင်ခြင်းနှင့် စိတ်ဓာတ်ခွန်အားကို မြှင့်တင်ပေးလိမ့်မည်။

ခရစ်တော်ကဲ့သို့ အသက်ရှင်ခြင်းနှင့် ပတ်သက်၍ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ မိမိကိုမိမိ ခရစ်တော်နှင့် **နှိုင်းယှဉ်ဖို့** မဟုတ်။ ခရစ်တော်၌ **တည်**၍ ထိုခရစ်တော်ကို **ထင်ရှားစေရန်** ဖြစ်သည် (ယော ၁၅း၅-၈)။ ခရစ်တော်ကို အတုခိုးခြင်းဆိုသည်မှာ ခရစ်တော်၏ ခြေတော်ရင်းတွင် နေ့စဉ် ထိုင်၍ "ကိုယ်တော်သည် ကျွန်ုပ်အတွက် လုံလောက်တယ်" ဟူ၍ ကြွေးကြော်ခြင်း ဖြစ်သည်။ စွမ်းဆောင်မှုကို အဓိကထား၍ အစေတော်ခံသည့်အခါ မိမိကိုမိမိ ဖိအားပေးသကဲ့သို့ ဖြစ်ပြီး မကောင်းနည်းဖြင့် ပေါက်ကွဲသည့်ဖိအားဖြစ်သွားတတ်သည်။ သို့သော်၊ အတူပါရှိခြင်းကို အဓိကထား၍ အစေတော်ခံသည့်အခါမူ ကျွန်ုပ်တို့အတွက် ဘုရားသခင်၏ မေတ္တာတော်ကို မြင်၍ ဘုရားသခင်အပေါ် ကျွန်ုပ်တို့ စိတ်ဓာတ်ပြင်းပြလာကာ လောကတွင် စိတ်ဓာတ်ပြင်းပြစွာ အစေခံနိုင်သည်။

ယေရှုသည် အမြဲပို၍ ကြီးမြတ်သောသူ ဖြစ်သည်။ သို့သော်၊ ကျွန်ုပ်တို့၏ မတတ်နိုင်ခြင်း၌ ခရစ်တော်၏ တတ်နိုင်ခြင်းဖြင့် နှိုင်းယှဉ်သည့်အခါ ကျွန်ုပ်တို့အထဲ၌ အလုပ်လုပ်သည့် ဝိညာဉ်တော်အားဖြင့် ခရစ်တော်၏ ကြီးမြတ်ခြင်းကို ကျွန်ုပ်တို့ ထင်ရှားစေနိုင်သည်။ ခရစ်တော်သည် မိမိကျေးဇူးတော်နှင့် တန်ခိုးတော်ဖြင့် ကျွန်ုပ်တို့၏ ပြုပြင်ပြောင်းလဲဆဲဖြစ်သော အသက်တာ၌ စုံလင်သော မိမိ၏အတူပါရှိမှုကို ထင်ရှားစေသည်။

ဆွေးနွေးခြင်း (၂၀ မိနစ်)

၁။ သင့်သာသနာ အောင်မြင်ခြင်းကို သင်မည်သို့ တိုင်းတာသနည်း။

၂။ စံတစ်ခုအတိုင်း "စွမ်းဆောင်" ဖို့ လိုအပ်ကြောင်း မည်သည့်အရာက သင့်ကို ခံစားစေသနည်း။

၃။ ကိုယ့်ကိုကိုယ် မည်သူနှင့် နှိုင်းယှဉ်လေ့ရှိ၍ အဘယ်ကြောင့် နှိုင်းယှဉ်သနည်း။

၄။ "ဝေဖန်ရှုတ်ချခြင်း" မှ မိမိကိုယ်ကို မည်သို့ ကာကွယ်၍ "စိတ်ခွန်အားပြင်းပြခြင်း" သို့ ကိုယ့်ကိုကိုယ် မည်သို့ တွန်းပို့နိုင်မည်နည်း။

တာဝန်ခံမှုရှိခြင်း (၂၀ မိနစ်)

သွန်သင်ခြင်းအပိုင်းမှ အားနည်းချက် အပိုင်း ၆ ပိုင်းကို တစ်ချက်ပြန်ကြည့်၍ မိမိတို့၏ အားနည်းသည့်အပိုင်းများကို နှစ်ယောက်သို့မဟုတ် သုံးယောက်တစ်တွဲဖြင့် အတူတူ ဆွေးနွေးတိုင်ပင်ကြပါ။

တာဝန်ခံမှုရှိခြင်းဖောင်ကို နှစ်ယောက်တစ်တွဲဖြင့်ဖြစ်စေ၊ အဖွဲ့ငယ်လိုက်ဖြစ်စေ ပြည့်စုံအောင် ဖြည့်၍ အချင်း ချင်းအတွက် ဆုတောင်းကြပါ။

ဆုတောင်းခြင်း

"ခမည်းတော်ဘုရား... ကျွန်ုပ်တို့ကို ကိုယ်တော် မြင်သည်အတိုင်း မြင်တတ်အောင် သွန်သင်တော်မူပါ။ ကျွန်ုပ်တို့၏ ဖြစ်တည်ခြင်းသည် ကျွန်ုပ်တို့၏ ကျော်ကြားမှု၊ အောင်မြင်မှု၊ အွန်လိုင်း၌ သူတပါး၏ follow နှင့် like ရခြင်း၊ လောကီအရာ၌ အောင်မြင်မှုတို့၌ မမူတည်ကြောင်း၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ သားသမီးများဖြစ်သည်ဟူသည့်အချက်၌သာ မူတည်ကြောင်းကို သင်ယူတတ်ဖို့လည်း သွန်သင်တော်မူပါ။ ၎င်းဖြစ်တည်ခြင်းက ကိုယ်တော့်ကို ထင်ရှားစေသောကြောင့် လောကအတွက် ကောင်းချီးဖြစ်စေတော်မူပါ။ အရာအားလုံးထက် ကိုယ်တော်၌ မွေ့လျော်၍ ကိုယ်တော်၏ မျက်မှောက်တော်ကို လိုချင်ဖို့ မစတော်မူပါ။ ကျွန်ုပ်တို့ ဖြစ်သည်အတိုင်း ကိုယ်တော် ချစ်တော်မူ၍ ကိုယ်တော်ဖြစ်စေချင်သည့် ပုဂ္ဂိုလ်အဖြစ်သို့ ကြီးထွားနိုင်ရန် ချစ်တော်မူသောကြောင့် ကျေးဇူးတော်ကို ချီးမွမ်းပါ၏။ အာမင်"

လိုက်လျှောက်ကျင့်သုံးခြင်း (၅ မိနစ်)

လာမည့်ရက်သတ္တပတ်များအတွင်း အောက်ပါကျမ်းချက်များထဲမှ တစ်ချက်ကို ဆင်ခြင်နှလုံးသွင်း၍ သင်မည်သူဖြစ်ကြောင်း ဘုရားသခင်၏ မိန့်တော်မူချက်အတိုင်း မိမိကိုမိမိ ပြန်သတိပေးပါ။ ဘုရားသခင်၏ ဖြစ်တည်ခြင်းကို မိမိကိုမိမိ အုတ်မြစ်ချပါ။ သင့်ဖြစ်တည်ခြင်းနှင့် ပတ်သက်၍ သင်ရှာတွေ့သည့်အရာကို တစ်ယောက်ယောက်ထံ နေ့စဉ် မျှဝေပါ။ ဘုရားသခင်နှင့် ဆက်ဆံရေးတည်ဆောက်လျှင် ရှာတွေ့နိုင်သည့် ဖြစ်တည်ခြင်းအကြောင်းကို သက်သေခံ ဝေငှရန် အခွင့်အရေးအဖြစ်လည်း အသုံးပြုနိုင်သည်။

- ကမ္ဘာ ၁း၂၇
- ရောမ ၈း၃၇
- ၁ ကော ၃း၁၆
- ၂ ကော ၅း၁၇
- ဖေက် ၂း၁၀
- ၁ ပေ ၂း၉
- ၁ ယော ၃း၁-၂

မမေ့ပါနှင့် ...

ဆိုရှယ်မီဒီယာသည် နှိုင်းယှဉ်ခြင်းအတွက် အန္တရာယ်ရှိသည့် နယ်ပယ် ဖြစ်သည်။ သို့သော်၊ အဓိကအရာကို အာရုံပြု၍ စိတ်ခွန်အားများ ယူဖို့ အထောက်အကူ ပြုနိုင်သည်။ ထိုသို့ပြုလုပ်ရန် Advance Groups ဆိုရှယ်မီဒီယာ စာမျက်နှာများကို ရည်ရွယ်ထားသည်။ Instagram နှင့် Facebook တွင် follow လိုက်ပါ။

advancegroups

f advancegroups.org

သို့မဟုတ် အောက်ပါ QR ကုဒ်ကို scan ဖတ်နိုင်သည်။

မှတ်စုများ



အစည်းအဝေး ၅

သတင်းစကား၏ အသီးအပွင့် – ကောင်းမြတ်ခြင်းနှင့် ငြိမ်သက်ခြင်း

ဝိညာဉ်အသီးဖြစ်သော ကောင်းမြတ်ခြင်းနှင့် ငြိမ်သက်ခြင်းအကြောင်းနှင့် မည်သို့ ဧဝံဂေလိတရား၏ ပင်မအချက်ဖြစ်ကြောင်းကို ဤအစည်းအဝေးတွင် လေ့လာသွားမည်။

အစည်းအဝေးကို ဝါကျတစ်ကြောင်းဖြင့် အကျဉ်းချုပ်ခြင်း
ဖရိုဖရဲဖြစ်၍ စိုးရိမ်မှုများနှင့် ပြည့်ကာ ဒုက္ခဝေဒနာကို ခံစားသည့် ဤလောကအတွက် မျှော်လင့်ခြင်းကို ယူဆောင်လာပေးသည့် ပြည့်စုံသော ငြိမ်သက်ခြင်း ပေးသူ ဘုရားသခင်၏ ပြည့်စုံသော ကောင်းမြတ်ခြင်းသည် ဧဝံဂေလိတရား၏ အလယ်ဗဟိုတွင် ရှိနေသည်။

အစည်းအဝေး နောက်ကြောင်း
ဖျော်ဖြေခြင်း ရုပ်ရှင်လောကတွင် ဆုပေးပွဲအခမ်းအနားသည် အသစ်အဆန်း မဟုတ်ပါ။ မိမိတို့၏ နယ်ပယ် အသီးသီးတွင် အတော်ဆုံး၊ အကောင်းဆုံးများကို ရွေးဖို့ ရုပ်ရှင်လောကနှင့် ဂီတလောကတို့က နိုင်ငံတကာ ဆုပေးပွဲများကို ကျင်းပလေ့ရှိကြသည်။ မိမိလုပ်ဖော်ဆောင်ဖက်များထံမှ အသိအမှတ်ပြုခြင်း၊ လက်ခံခြင်း ရရှိခြင်းသည် ထူးခြားသောခံစားချက် ဖြစ်သည်။

လက်ခံခြင်းမိန့်ခွန်းပြောခြင်းသည် နူးညံ့သိမ်မွေ့သောအရာ ဖြစ်သည်။ အပြောအဆို မှန်လျှင် သူတပါးအမြင်တွင် ဟာသဉာဏ်ရွှင်၍ ရိုးသားနှိမ့်ချသူအဖြစ် သတ်မှတ်ခြင်းခံမည်ဖြစ်သော်လည်း အပြောအဆို မှားလျှင် မိမိ၏အတ္တ၊ မာနကြီးခြင်းနှင့် ထိုက်တန်ခြင်းတို့ ဖြင့် အောက်သိုးသိုး ကျန်ခဲ့လိမ့်မည်။ အလှောင်ပြောင်ခံရဆုံး အိုစကာ မိန့်ခွန်းများထဲမှ တစ်ခုမှာ ၁၉၈၅ အကယ်ဒမီ ဆုပေးပွဲ အခမ်းအနားတွင် ရုပ်ရှင်မင်းသမီး ဆယ်လီဖီးလ် (Sally Fields) ၏ လက်ခံခြင်းမိန့်ခွန်း ဖြစ်သည်။

"ကျွန်မဘဝတစ်လျှောက်လုံးမှာ သမားရိုးကျအလုပ်ဆိုတာ မရှိခဲ့ဖူးဘူး။ ခင်ဗျားတို့ရဲ့ လေးစားမှုထက် ဘာကိုမှ ကျွန်မ မလိုချင်ခဲ့ဘူး။ အစပိုင်းမှာတော့ ခင်ဗျားတို့ရဲ့ လေးစားမှု မခံထိုက်ဘူးလို့ ထင်ခဲ့ပေမဲ့ အခုတော့ ခင်ဗျားတို့ ကျွန်မကို နှစ်သက်ကြတယ်ဆိုတာ အခု ငြင်းလို့မရတော့ဘူး။"

မိမိလုပ်ဖော်ဆောင်ဖက်များ၏ လက်ခံမှုကို လိုချင်ကြောင်း ပွင့်ပွင့်လင်းလင်း ပြောခဲ့သောကြောင့် ဆယ်

ဆယ်လီဖီးလ်၏ လက်ခံခြင်းမိန့်ခွန်းသည် အလှောင်ပြောင် ခံခဲ့သည်။ သူတပါး၏ နှစ်သက်ခြင်းကို တောင့်တလွန်းသည့်သဘော ပေါ်သည်။ အမှန်မူ၊ ဆယ်လီဖီးလ် ပြောသည့်အရာသည် သူတပါး၏ အကြိုက်ခံလိုခြင်း၊

လက်ခံမှု ရယူလိုခြင်းဟူသည့် လူတိုင်းလိုလို စဉ်းစားသည့်အရာ၊ ကြုံတွေ့သည့်အရာဖြစ်သည်။ ကျွန်ုပ်တို့ ကောင်းလျှင် လက်ခံခြင်း ခံရမည်ဖြစ်ပြီး လက်ခံခြင်း ခံရလျှင် ငြိမ်သက်ခြင်း ရရှိမည်။

သူတပါး၏လက်ခံမှု ရယူလိုခြင်းဆန္ဒကြောင့် မိမိ၏ဖြစ်တည်ခြင်းကို ကျွန်ုပ်တို့ ရှာဖွေတတ်ကြသည်။ အခြေခံအကျ ဆုံးသော လူသားနှင့် ဆိုင်သည့် မေးခွန်းမှာ "ငါဘယ်သူလဲ" ဟူသည့် မေးခွန်းဖြစ်သည်။

ကောင်းကင်၌ ပြုလုပ်မည့် ဆုပေးပွဲအခမ်းအနားသည် မည်သို့ပုံပေါ်မည်ဟု သင်ထင်သနည်း။ အဖြောင့်မတ်ဆုံးသူ၊ အကြင်နာဆုံးသူ၊ အနှိမ့်ချဆုံးသူ၊ မေတ္တာထားတတ်ဆုံးသူတို့အတွက် ဆုလက်ဆောင် ရှိသည်လည်း ဖြစ်နိုင်သည်။ ဆုရရှိမည့်အမည်စာရင်းထဲတွင် ပါဝင်ရန် သူတော်စင်တစ်ယောက်အဖြစ် အသက်ရှင်ဖို့ လိုလိမ့်မည်။ ယေရှုတစ်ယောက်တည်းသာ နှစ်စဉ် ဆုရမည်မှာ သေချာသည်။ သို့သော်၊ ဘုရားသခင်သည် ဆုပေးပွဲအခမ်းအနားကို ကျင်းပခဲ့ပြီး ဖြစ်သည်။ အကြီးဆုံးဆုတစ်ခုရှိသည်။ ၎င်းဆုအား မည်သူမည်ဝါ ရရှိကြောင်း ကြေညာသည့်အခါ အားလုံး အံ့အားသင့်ခဲ့ရသည်။ အားလုံးက ဆုရရှိခဲ့ကြသည်။

> "သို့သော်လည်း၊ ကရုဏာတော်နှင့် ကြွယ်ဝတော်မူသော ဘုရားသခင်သည် ငါတို့ကို ချစ်တော်မူသော မဟာမေတ္တာတော်အားဖြင့် ဒုစရိုက်အပြစ်၌ သေလျက်ရှိနေသော ငါတို့ကို ခရစ်တော်နှင့်အတူ အသက်ရှင်စေတော်မူပြီ။ ကျေးဇူးတော်ကြောင့်သာ ကယ်တင်ခြင်းသို့ ရောက်ရ၏။ ယေရှုခရစ်အားဖြင့် ငါတို့ကို ထမြောက်စေ၍ ကောင်းကင် အရပ်၌

နေရာပေးတော်မူပြီ။ အကြောင်းမူကား၊ ထိုသခင်အားဖြင့် ငါတို့၌ ကျေးဇူးပြု၍ ကျေးဇူးတော်၏ အလွန်ကြွယ်ဝခြင်းကို နောင်ကပ်ကာလတို့၌ ထင်ရှားစေမည်အကြောင်း ဖြစ်သတည်း"

ဧဖက် ၂း၄-၇

ယေရှုသည် ကျွန်ုပ်တို့၏ ဆုလက်ဆောင်ဖြစ်၍ ထိုယေရှုအားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ ချစ်ခြင်းကို လက်ခံရရှိခဲ့ကြသည်။ ဘုရားသခင် ပေးတော်မူသည့် ငြိမ်သက်ခြင်းကိုလည်း ပိုင်ဆိုင်ရရှိကြသည်။ ၎င်းဆု လက်ဆောင်ကို ကျွန်ုပ်တို့ ကောင်းသောကြောင့် ရရှိခဲ့ကြခြင်း မဟုတ်ပါ။ လူ့ကြိုးစားအားထုတ်မှုဖြင့် ကျွန်ုပ်တို့ မကောင်းနိုင်သောကြောင့် ၎င်းဆုလက်ဆောင်ကို အခမဲ့ ရရှိကြခြင်း ဖြစ်သည်။

"ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။ ကိုယ်အလိုအလျောက် ရောက်သည်မဟုတ်။ ဘုရားသခင် သနားတော်မူရာ ဖြစ်သတည်း။ ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ ရောက်သည်မဟုတ်။ သို့ဖြစ်၍ အဘယ်သူမျှ ဝါကြွားစရာ မရှိ"

ဧဖက် ၂း၈-၉

ယေရှု၏ ဧဝံဂေလိတရားသည် ငြိမ်သက်ခြင်း၊ ယုံကြည်မှုနှင့် လုံခြုံမှုကို ယူဆောင်လာပြီး ယေရှုအားဖြင့် ၎င်းတို့ကို ကျွန်ုပ်တို့ လက်ခံရရှိ၍ ကျေးဇူးတော်အားဖြင့် ပြည့်စုံဘဝသို့ ဆက်လျှောက်နိုင်သည်။ ယခုမူ ကျွန်ုပ်တို့သည် တစ်ချိန်က ကျွန်ုပ်တို့ကိုယ်တိုင် ပြဿနာကောင်အဖြစ် ပါဝင်ခဲ့သည့် ဤလောကအတွက် ဖြေရှင်းနည်း အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နိုင်သည်။

ခရစ်တော်၏ အတူပါရှိခြင်းက ကျွန်ုပ်တို့၏ကောင်းမှုကို ထင်ရှားစေမည်မဟုတ်ဘဲ ဘုရားသခင်၏ ကောင်းမြတ်ခြင်းကို ထင်ရှားစေလိမ့်မည်။ ၎င်းဆုလက်ဆောင်သည် တစ်ချိန်က ဘုရားသခင်ကို ရန်တိုက်ခဲ့သည့် လူသားမျိုးနွယ်အတွက် ဘုရားတရားနှင့်ဆိုင်သော ငြိမသက်ခြင်းကို ယူဆောင်လာပေးသည်။

အစည်းအဝေး လမ်းညွှန်

တွေ့ဆုံခြင်း (၁၀-၂၀ မိနစ်)

တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံမိတ်ဆက်စကားပြောဖို့ အချိန်သုံးပါ။ သက်သေခံခြင်း၊ ခွန်အားပေးခြင်း၊ အခွင့်အရေးများကို အတူသုံးသပ်ခြင်းနှင့် အဖွဲ့အတွက် ခွန်အားဖြစ်စေမည့် မည်သည့်အကြောင်းအရာကိုမဆို ဝေငှပြောဆိုနိုင်သည်။ ဖြစ်တည်ခြင်းဆိုင်ရာ ကျမ်းချက်များ ဖတ်ရှုခြင်းနှင့် ပတ်သက်၍ မည်သို့အခြေအနေဖြစ်ကြောင်းကို အဖွဲ့သားများအား မေးပါ (အစည်းအဝေး ၄ – လိုက်လျှောက်ကျင့်သုံးခြင်း)။ ခွန်အားရခဲ့ပါသလား။ မိမိတို့၏ဖြစ်တည်ခြင်း ရှာဖွေတွေ့ရှိသည့်အကြောင်းကို သူတပါးထံ ဝေငှသည့်အခါ ဧဝံဂေလိတရား ဟောပြောဖို့ လမ်းကြောင်းဖွင့်ပေးခဲ့ပါသလား။

ဆုတောင်းခြင်း

အချိန်တစ်ခုလုံးကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံ၍ တွေ့ဆုံခြင်းအပိုင်းတွင် ကြားခဲ့သည့်အခြေအနေ အကောင်း၊ အဆိုးများအတွက် ဘုရားသခင်ထံ ဆုတောင်းဆက်ကပ်ပါ။

သွန်သင်ခြင်း (၃၅-၄၅ မိနစ်)

အောက်ပါသင်ခန်းစာများကို သင်နှစ်သက်သည့်နည်းဖြင့် သင်ပေးနိုင်သကဲ့သို့ တစ်လုံးမကျန် ဖတ်ပြခြင်းဖြင့်လည်း သင်ပေးနိုင်သည်။ ထို့ပြင်၊ သင်ကိုယ်တိုင် ပြင်ဆင်၍လည်း တင်ပြနိုင်သည်။

"မကောင်းသောအသီးကို သီးသောအပင်ကား ကောင်းသောအပင် မဟုတ်။ ကောင်းသောအသီးကို သီးသောအပင်ကား မကောင်းသောအပင် မဟုတ်။ အသီးကို ထောက်၍ အပင်သဘောကို သိရ၏။ ဆူးပင်၌ သင်္ဘောသဖန်းသီးကို မဆွတ်တတ်။ တောချုံ၌ စပျစ်သီးကို မဆွတ်တတ်။ ကောင်းသောသူသည် ကောင်းသောမိမိစိတ်နှလုံး ဘဏ္ဍာတိုက်ထဲက ကောင်းသောအရာကို ထုတ်ဘော်တတ်၏။ မကောင်းသောသူသည် မကောင်းသောအရာကို ထုတ်ဘော်တတ်၏။ အကြောင်းမူကား၊ စိတ်နှလုံးအပြည့်ရှိသည်အတိုင်း နှုတ်မြွက်တတ်၏။"

လုကာ ၆း၄၃-၄၅

ကျွန်ုပ်တို့၏ဘဝတွင် စိုးရိမ်ပူပန်စရာအကြောင်းများစွာ ရှိသည်။ စိုးရိမ်ပူပန်စရာများကို သတင်းတွင် နေ့စဉ် တွေ့နေ၊ ကြားနေရသည်။ ကမ္ဘာကြီးသည် မတည်မြဲသောနေရာ ဖြစ်သည်။ စီးပွားရေးအတက်အကျကြောင့် အလုပ်အကိုင်များလည်း ပျောက်လိုက်၊ ပေါ်လိုက် ဖြစ်တတ်ကြသည်။ အစိုးရလည်း အတက်ရှိသကဲ့သို့ အကျလည်း ရှိသည်။ တစ်ချိန်က ကောင်းခဲ့သော ဆက်ဆံရေးသည်လည်း ငြီးငွေ့စရာ ကောင်းလာ၍ ရန်လိုမုန်းတီးမှု အစပြုလာသည်။ ရှောင်လွှဲ၍ မရသည့် သေခြင်းမှ သင့်ကို အကောင်းဆုံးသောဆရာဝန်ကပင် မကယ်နိုင်ပါ။

ပျက်သုန်း၍ ယာယီသာဖြစ်သော ဤလောကတွင် နေ့မြင်ညပျောက်ပြီး မတည်မြဲသောအရာများ၌ မျှော်လင့်ခြင်းကို ရှာ၍ မဖြစ်နိုင်ပါ။ ကြိုတင်သိမြင်၍ မရဘဲ အလျဉ်းသင့်သလို ဖြစ်ပျက်တတ်သည့် ဤလောကတွင် ငြိမ်သက်ခြင်းကိုလည်း ရှာ၍ မဖြစ်နိုင်ပါ။

သို့သော်၊ ဤလောကသည် ထိုသို့ မဖြစ်သင့်ပါ။ ဤကမ္ဘာသည် ဖန်ဆင်းရှင်ဘုရားသခင် ဖန်ဆင်းခဲ့သည့်အချိန်က "အလွန်ကောင်းသည်" ဟု ကြွေးကြော်သံအတိုင်း ဖြစ်သင့်သည်။

လွန်ခဲ့သောတစ်ပတ်အတွင်း ဘုရားသခင် ကောင်းမြတ်ကြောင်းကို ဘယ်နှစ်ကြိမ် ကြားခဲ့ဖူးသနည်း။ ကျွန်ုပ်တို့၏ ဆုတောင်းခြင်း၊ သီချင်းဆိုခြင်း၊ ယုံကြည်ချက်နှင့် ခံယူချက်တို့တွင် အမြဲထည့်ဆို၊ ထည့်ပြောလေ့ရှိသည်။ ဘုရားသခင်၏ ကောင်းမြတ်ခြင်းကို ဘုရားသခင်ဖြစ်ခြင်း၏ အဓိကအချက်အဖြစ် သမ္မာကျမ်းစာက အကြိမ်ကြိမ် ဖော်ပြထားသည်။ ကောင်းမြတ်ခြင်းသည် ဘုရားသခင်၏ ဝိသေသလက္ခဏာမျှသာ မဟုတ်ပါ။ ဘုရားသခင်ကိုယ်တိုင်သည် ကောင်းမြတ်ခြင်း ဖြစ်သည်။

ဘုရားသခင် မပါဘဲ အကြွင်းမဲ့ကျင့်ဝတ်ဟူသည် မရှိနိုင်ပါ။ လူ့အသက်သတ်ခြင်းကဲ့သို့သော လုပ်ရပ်မျိုးသည် အမြဲမှားသည်ဟု မိန့်တော်မူသော အကြွင်းမဲ့ဥပဒေ/ပညတ် ချမှတ်ထားသူ မရှိဘဲ လူ့အသက်သတ်ခြင်းက တစ်ခါတရံ မှန်သည်ဟု ပြော၍ ရနိုင်သည်။ ဘုရားသခင်သည် ဤစကြဝဠာ၏ ဘုရင်ဖြစ်သောကြောင့် မိမိ၏စာရိတ္တအတိုင်း ဘောင်တစ်ခုကို သတ်မှတ်ခဲ့သည်။ တစ်စုံတစ်ခုကို "ကောင်းသည်" ဟု မိန့်တော်မူရခြင်းသည် သူကိုယ်တိုင် ကောင်းမြတ်သောကြောင့် ဖြစ်သည်။ တစ်စုံတစ်ခုကို မကောင်းသောအရာဟု မိန့်တော်မူသည့်အခါ ၎င်းသည် သူ၏ပြည့်စုံသောကောင်းမြတ်ခြင်းနှင့် ဆန့်ကျင်ဘက် ဖြစ်သောကြောင့် မကောင်းသောအရာအဖြစ် သတ်မှတ်ရခြင်း ဖြစ်သည်။

တစ်ခါတရံ ဤအချက်ကို လူတွေ နားမလည်ကြသောကြောင့် ဘုရားသခင် နောက် မလိုက်သောသူများသည် ဘယ်နည်းနှင့်မျှ မကောင်းနိုင်ဟူ၍ ထင်မြင်ကြသည်။ ထိုသို့ မဟုတ်ပါ။ ကျွန်ုပ်တို့အားလုံးသည် ကောင်းမြတ်သော ဘုရားသခင်၏ ပုံသဏ္ဌာန်တော်အတိုင်း ဖန်ဆင်းခြင်း ခံကြသည်။ ဘုရားသခင် အမှန်တကယ် တည်ရှိမှသာ ကောင်းမြတ်ခြင်းသည် အဓိပ္ပာယ်ရှိနိုင်သည်။ ဘုရားသခင် အမှန်တကယ် မရှိလျှင် အမှန်နှင့် အမှားသဘောတရားသည် အကြွင်းမဲ့မဟုတ်ကြတော့ဘဲ ကျွန်ုပ်တို့၏ ဆန္ဒအတိုင်း ဆုံးဖြတ်ကြသည်။ သို့သော်၊ ထိုသို့မဟုတ်ကြောင်းကို ကျွန်ုပ်တို့၏ အသိစိတ်က သိနေသည်။ လူ့ကျင့်ဝတ်အတွက် အကြွင်းမဲ့စံရှိကြောင်းကို ကျွန်ုပ်တို့ ခံစားသိရှိကြသည်။ ထို့ပြင်၊ ဘုရားသခင် မရှိလျှင် ကျွန်ုပ်တို့ ကောင်းခြင်း၊ မကောင်းခြင်းသည် အခြေအမြစ် မရှိသောအရာ ဖြစ်သည်။ ကျွန်ုပ်လုပ်သည့်အရာ မှန်သလား။ မှားသလား။ ကျွန်ုပ်လုပ်ရပ်ကြောင့် ကျွန်ုပ် လူကောင်းဖြစ်သလား။ လူဆိုးဖြစ်သလား။ မည်သည့်အရာ မှန်ကြောင်း မည်သူ၌ ဆုံးဖြတ်ခွင့် ရှိသနည်း။

အဆုံးမရှိသည့် ဤကျင့်ဝတ်ဆိုင်ရာအတွေးအမြင်မှ လွတ်မြောက်နိုင်သည့်နည်း တစ်နည်းသာ ရှိသည်။ ၎င်းမှာ ဘုရားသခင်၏ နှုတ်တော်ထွက်အတိုင်း ယုံကြည်ခြင်း ဖြစ်သည်။

ဤလောကတွင် တွေ့မြင်နေရသည့် ဒုက္ခဝေဒနာနှင့် မကောင်းမှုဒုစရိုက်များစွာကြောင့် ဘုရားသခင်၏ ကောင်းမြတ်ခြင်းကို ယုံကြည်၍ ကိုးစားသူများကပင် ဘုရားသခင်၏ ကောင်းမြတ်ခြင်းကို အလွယ်တကူ သံသယဝင်နိုင်ကြသည်။ ဘုရားသခင် အလွန်ကောင်းမြတ်လျှင် အဘယ်ကြောင့် ဒုက္ခဝေဒနာ ရှိနေရသနည်း။ ဘုရားသခင်သည် ငြိမ်သက်ခြင်းအရှင် ဖြစ်လျှင် အဘယ်ကြောင့် ပြဿနာပေါင်းစုံ ရှိနေရသနည်း။ လူတိုင်း တွေ့ကြုံခံစားသည့် နာကျင်မှုဝေဒနာနှင့် စပ်လျဉ်း၍ မေးလေ့ရှိသော မေးခွန်းဖြစ်သောကြောင့် အရေးကြီးသော မေးခွန်း ဖြစ်သည်။ ဒုက္ခဝေဒနာကို ကျွန်ုပ်တို့အားလုံး ခံစားကြသည်။

ဒုက္ခဝေဒနာနှင့်ဆိုင်သည့် မေးခွန်းကို ချဉ်းကပ်ရန် အထောက်အကူပြုမည့် နည်းလမ်းများစွာ ရှိသည်။ ဆင်ခြင်နှလုံးသွင်းရန် အောက်တွင် လေးချက် ဖော်ပြထားသည်။

၁။ ဒုက္ခဝေဒနာ ခံစားဖို့ ဤကမ္ဘာကို ရည်ရွယ်မထားခဲ့ပါ

ကမ္ဘာကို ဘုရားသခင် ဖန်ဆင်းသည့်အခါ ကြည့်ရှု၍ ကောင်းသည်ဟု မိန့်တော်မူခဲ့သည်။ ဘုရားသခင်၏ ပြည့်စုံခြင်းကို ကျွန်ုပ်တို့ ပုန်ကန်တိုက်လှန်သောကြောင့် တည်ငြိမ်အေးချမ်းသော ဘုရားသခင် ဖန်ဆင်းသည့် ကမ္ဘာအပေါ် မတည်ငြိမ်မှု ရောက်လာသည်။ ဤသို့ ဖြင့် ဒုက္ခဝေဒနာသည်လည်း ဤကမ္ဘာထဲသို့ ဝင်လာသည်။ ဒုက္ခဝေနဒနာ နာကျင်ရသည့်အကြောင်းမှာ ဒုက္ခဝေဒနာ ခံစားဖို့ ရည်ရွယ်ပြီး ကျွန်ုပ်တို့ကို ဘုရားသခင် မဖန်ဆင်းခဲ့သောကြောင့် ဖြစ်သည်။

မယုံကြည်သူများအတွက် ဒုက္ခဝေဒနာ ဖန်ဆင်းခြင်းက မှန်သည်၊ မှားသည်ကို ထင်မြင်ချက်ပေးရန် အကြွင်းမဲ့အခြေခံ မရှိသောကြောင့် ဒုက္ခဝေဒနာဆိုင်ရာ ပုစ္ဆာမေးခွန်းကို ဖြေရန် ပို၍ပင်ခက်ခဲသည် (မကောင်းသောအရာအဖြစ်သာ ခံစားသည်)။ ကြုံရာကျပန်းကျသော စကြဝဠာတွင် ဒုက္ခဝေဒနာသည် ရှောင်လွှဲ၍ မရသည့် ကြုံရာကျပန်းကျသော အရှိတရား ဖြစ်သည်။ သို့သော်၊ ဖန်ဆင်းခြင်းခံသည့် စကြဝဠာတွင် ဒုက္ခဝေဒနာသည် ပြီးပြည့်သော ဖန်ဆင်းရှင်ကို ပုန်ကန်သောကြောင့် ဖြစ်လာသည့် ရှောင်လွှဲ၍ မရသော အရှိတရား ဖြစ်သည်။ ကြုံရာကျပန်းကျသော စကြဝဠာတွင် ဒုက္ခဝေဒနာ ခံစားသော်လည်း မျှော်လင့်ချက် မရှိပါ။ ဖန်ဆင်းခြင်းခံသည့် စကြဝဠာတွင် ဒုက္ခဝေဒနာ ခံစားသော်လည်း ပြီးပြည့်စုံသော မျှော်လင့်ချက် ရှိသည်။

၂။ ယေရှုကြောင့် မျှော်လင့်ခြင်း ရှိသည်

ဘုရားသခင်သည် ကျွန်ုပ်တို့ကို ချစ်သောကြောင့် ကျွန်ုပ်တို့ ခံစားသည့် ဒုက္ခဝေဒနာကို ဂရုစိုက်တော်မူသည်။ ဒုက္ခဝေဒနာ ခံစားသည့်အခါ ကျွန်ုပ်တို့ကို ဘုရားသခင် ပစ်မထားဘဲ ကိုယ်တော်ကိုယ်တိုင် ဝေဒနာ ခံစားခြင်းဖြင့် ကျွန်ုပ်တို့ကို တွေ့ဆုံသည်။ ကားတိုင်ပေါ်၌ ခရစ်တော် လုပ်ဆောင်သည့် ကယ်တင်ခြင်းအမှုကြောင့် ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဒုက္ခဝေဒနာကို နားလည်သည့် ဘုရား ဖြစ်သည်။ ကျွန်ုပ်တို့သည် အပြစ်တရား (ပုန်ကန်ခြင်း) နှင့် သေခြင်းမှ ကယ်တင်ခြင်း ခံရပြီး စစ်မှန်သောအသက်ကို သိနိုင်သည့်အပြင် အကြီးမားဆုံးသော ဒုက္ခဝေဒနာကြားထဲတွင်ပင် ကျွန်ုပ်တို့ကို တွန်းအားဖြစ်စေသည့် ပစ္စုပ္ပန်နှင့် အနာဂတ်ဆိုင်ရာ မျှော်လင့်ခြင်း ရှိသည်။ ယေရှုနောက်တော်သို့ လိုက်လို့ ဒုက္ခဝေဒနာ မခံစားတော့ဘူးလို့ မဆိုလိုပါ။ မိမိနောက်တော်သို့ လိုက်သောကြောင့် ပိုကြီးမားသော ဒုက္ခဝေဒနာ ခံစားမည်ဖြစ်ကြောင်း မိမိနောက်လိုက်များအား ယေရှု မိန့်မှာခဲ့သည် (ယော ၁၆း၃၃)။ ယေရှုနောက်တော်သို့ လိုက်သောကြောင့် ဒုက္ခဝေဒနာ ခံစားသည့်အခါ ကျွန်ုပ်တို့ကို တစ်ယောက်တည်း ပစ်မထားပါ။ ယေရှုသည် ကျွန်ုပ်တို့နှင့် အတူ ရှိ၍ ကျွန်ုပ်တို့ ခံစားသည့် ဒုက္ခဝေဒနာသည် အလဟဿ မဖြစ်သည့်အပြင် ရှက်ကြောက်စရာဖြစ်အောင်လည်း ထားခဲ့မည် မဟုတ်ပါ။

၃။ ဤလောကရှိ ဒုက္ခဝေဒနာကို ကျွန်ုပ်တို့ ဖြေရှင်းနိုင်သည်

ပျက်ဆီးခြင်းကြားတွင် မျှော်လင့်ခြင်းကို ယူဆောင်၍ ဤလောက၌ အလင်းဖြစ်ရန် မိမိလူတို့အား ဘုရားသခင် ခေါ်နေသည်။ ကားတိုင်အားဖြင့် ဒုက္ခဝေဒနာအတွက် အဖြေပေးထားပြီးနောက် ၎င်းအဖြေကို ဤလောကသို့ ယူဆောင်ရန် ဘုရားသခင် မှာထားသည်။ ကျွန်ုပ်တို့သည် ဤလောကတွင် ဘုရားသခင်၏ ခြေလက်များ ဖြစ်၍ ဘုရား ဖန်ဆင်းစက ပြည့်စုံသောအခြေအနေသို့ ဤ

ဒုက္ခနှင့်

လောကကို ပြန်မခေါ်ဆောင်မီ ဘုရားသခင်၏ ကောင်းမြတ်ခြင်းကို ကျွန်ုပ်တို့ ဟောပြောရပေမည်။ သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးတော်ဖြင့် နှစ်သိမ့်ခြင်း၊ ကျန်းမာခြင်းနှင့် မျှော်လင့်ခြင်းကို ကျွန်ုပ်တို့ ယူဆောင်နိုင်သည်။

၄။ တစ်နေ့တွင် အရာအားလုံး အဆင်ပြေလိမ့်မည်

ယေရှု တစ်ဖန်ပြန်ကြွလာသည့်အခါ ဘုရားသခင်၏ ပြည့်စုံသော တရားမျှတခြင်းကို ပြန်ယူဆောင်၍ အရာအားလုံးကို မှန်အောင် ထာဝရအတွက် ပြုလုပ်လိမ့်မည်။ ထိုအချိန်တွင် ဝမ်းနည်းခြင်း၊ နာကျင်ခြင်းတို့ ရှိတော့မည် မဟုတ်ကြောင်း၊ မျက်ရည်များ သုတ်ပေးခြင်း ခံရမည်ဖြစ်ကြောင်း သမ္မာကျမ်းစာတွင် ဖော်ပြထားသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ပြီးပြည့်သော ငြိမ်သက်ခြင်းနှင့် မျက်မှောက်တော်၌ ထာဝရ အတူနေရလိမ့်မည်။

ဆွေးနွေးပါ – အထက်ပါအချက်လေးချက်ထဲမှ မည်သည့်အချက်သည် သင်ခံစားသည့် ဒုက္ခဝေဒနာနှင့် ထပ်တူကျသည်ဟု မြင်သနည်း။ ဒုက္ခဝေဒနာကို ကျော်လွှားနိုင်ရန် ယေရှုကို မသိသေးသောသူတစ်ယောက်အား သင်မည်သို့ ကူညီနိုင်မည်နည်း။

ပျက်ဆီးယိုယွင်းနေသော ကမ္ဘာတွင် ဧဝံဂေလိတရားသည် ကျွန်ုပ်တို့ကို ငြိမ်သက်ခြင်း ပေးသည်။ ငြိမ်သက်ခြင်းကို လူတွေ သိနားလည်ဖို့ ဤကမ္ဘာလောကသို့ ကျွန်ုပ်တို့ သယ်ဆောင်မည့် ခြေစွပ်ကဲ့သို့ ဧဝံဂေလိတရားဖြင့် မိမိကိုမိမိ ပြင်ဆင်ရန် ရှင်ပေါလု တိုက်တွန်းထားသည်။

> "ငြိမ်သက်ခြင်းနှင့် ယှဉ်သော ဧဝံဂေလိတရားကို ဟောပြောအံ့သောငှါ ပြင်ဆင်သောအဖြစ်တည်းဟူသော ခြေစွပ်ကို စွပ်လျက် ခံရပ်ကြလော့"
>
> **ဧဖက် ၆း၁၅**

ငြိမ်သက်ခြင်းသည် ခံစားချက်သက်သက် မဟုတ်ပါ။ ဧဝံဂေလိတရား၏ တန်ခိုးတော်ဖြင့် လွှမ်းခြုံခြင်းခံရန် ဘုရားသခင် အလိုတော်ရှိသည့် ဝိညာဉ်ရေးအင်္ဂါလက္ခဏာ ဖြစ်သည်။ ငြိမ်သက်ခြင်းသည် ဖရိုဖရဲဖြစ်၍ ရှုပ်ထွေးလှသည့် ဘဝအခြေအနေများတွင်ပင် ဘုရားသခင်ကို အားကိုးခြင်း၏ အကျိုး ဖြစ်သည်။

ခရစ်တော်၏ ကယ်တင်ခြင်းအမှုဖြင့် ငြိမ်သက်ခြင်း ရှာတွေ့နိုင်ကြောင်း ကျွန်ုပ်တို့ နားလည်သည့်အခါ ဤလောကသို့ သွား၍ သစ်လွင်သောယုံကြည်မှုနှင့် အခွင့်အာဏာဖြင့် အသက်ရှင်ရန် ဝိညာဉ်တော်က ကျွန်ုပ်တို့ကို မစသည်။ ကောင်းကင်နှင့် မြေကြီးရှိ အခွင့်အာဏာရှိသမျှ ပေးအပ်ခြင်း ခံကြောင်း ယေရှု ကြွေးကြော်ပြီးနောက် ထိုအခွင့်အာဏာနှင့် ဝိညာဉ်တော်၏ တန်ခိုးတော်ဖြင့် တပည့်တော်များ ဖြစ်စေရန် ဤလောကသို့ ကျွန်ုပ်တို့ကို စေလွှတ်သည် (မဿဲ ၂၈း၁၆–၂၀၊ တမန် ၁း၈)။ ငြိမ်သက်ခြင်းဖြင့် လွှမ်းခြုံခြင်း ခံသည့်အခါ မှောင်မိုက်သော ဤလောကအတွက် ကျွန်ုပ်တို့ အဆင်သင့်ဖြစ်နေပြီ။ မည်သည့်မျှော်လင့်မထားသော အဖြစ်အပျက် ရောက်လာပါစေ ယေရှု၏ခွန်အား၌ ယုံကြည်မှုအပြည့်ဖြင့် ကျွန်ုပ်တို့ အသက်ရှင်နိုင်သည်။ ထိုသို့ဆိုသော်၊ အရာအားလုံး အဆင်ပြေမည်ဟု ဆိုလိုခြင်း မဟုတ်ပါ။ စုံစမ်းခြင်းများ၊ စိန်ခေါ်မှုများ၊ ဘဝအခက်အခဲများကို ယုံကြည်မှုအပြည့်နှင့် မျှော်လင့်ခြင်းဖြင့် ရင်ဆိုင်ကြောင်း ဆိုလိုသည်။

မတရားမှုများကို ဖြေရှင်းရန်လည်း ပို၍အသင့်ဖြစ်နေလိမ့်မည်။ ဘုရားသခင်ကို မသိသော်လည်း မတရားမှုကို မနှစ်သက်၍ ထိုမတရားမှုများကို တန်ပြန်တိုက်ခိုက်ရန် မိမိတို့၏ ဘဝတစ်ခုလုံးကို ပုံအပ်သောသူများစွာ ဤလောကတွင် ရှိကြသည်။ တရားမျှတမှုအတွက် သူတို့၏ကြိုးပမ်းမှုအပေါ် ထိုပုဂ္ဂိုလ်များကို ကျွန်ုပ်တို့ ချီးကျူးဂုဏ်ပြုသင့်ပြီး ဘုရားသခင် မနှစ်သက်သည့် မတရားမှုများကို တိုက်လှန်ရန် သူတို့နှင့် ကျွန်ုပ်တို့ ပူးပေါင်းသင့်ပေသည်။ သို့သော်၊ ဧဝံဂေလိတရား၏ ကောင်းမြတ်မှုကြောင့် ကျွန်ုပ်တို့၏ ကိုယ်ပိုင်ဖြောင့်မတ်ခြင်းထက် ပိုသော ဖြောင့်မတ်ခြင်းရှိကြောင်းကိုလည်း ကျွန်ုပ်တို့ ရှင်းပြနိုင်သည်။ ဤလောကတွင် အနိုင်ကျင့်တတ်သည့်အာဏာများထက် ပိုကြီးမားသောအာဏာရှိသည်။ မတရားမှုကြောင့် ပျက်ဆီးသည့်အရာထက် ကြီးမားသော မျှော်လင့်ခြင်း ရှိသည်။ စစ်မှန်သော တရားမျှတခြင်းသည် ဘုရားသခင်၌ ရှိသည်။

ဆွေးနွေးပါ – ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်၌ မြင်ရ၊ ကြားရသော မတရားမှုများကို တုံ့ပြန်နိုင်ရန် ဧဝံဂေလိတရား၏ အလယ်ဗဟို၌ ရှိသော ကောင်းမြတ်ခြင်းနှင့် ငြိမ်သက်ခြင်းက ကျွန်ုပ်တို့ကို မည်သို့ အထောက်အကူ ပြုသနည်း။

မတရားမှုများကို ဆန့်ကျင်ပြီး တုံ့ပြန်ဟောပြောသည့်အခါ အလားတူ လုပ်ဆောင်ရန် သူတပါးကိုလည်း ကျွန်ုပ်တို့ တိုက်တွန်းရမည်။ ဘုရားသခင်၏ ကောင်းမြတ်ခြင်းကို ကျွန်ုပ်တို့ ထင်ရှားစေသည့်အခါ ဘုရားသခင်၏ စစ်မှန်သော တရားမျှတမှုနှင့် ငြိမ်သက်ခြင်းကို တွေ့ကြုံခံစားရန် သူတပါးကိုလည်း ကျွန်ုပ်တို့ ဖိတ်ခေါ်နိုင်သည်။

ဆွေးနွေးခြင်း (၂၀ မိနစ်)

၁။ ဘုရားသခင် ကောင်းမြတ်ကြောင်း ကျွန်ုပ်တို့ မည်သို့ သိနိုင်သနည်း။

၂။ ကျွန်ုပ်တို့၏အသက်တာ၌ ဘုရားသခင်၏ ကောင်းမြတ်ခြင်းကို မည်သို့ ကျင့်သုံးနိုင်သနည်း။

၃။ ဧဝံဂေလိတရားဟောပြောခြင်းနှင့် ပတ်သက်၍ ငြိမ်သက်ခြင်းဆိုင်ရာ သံတမန်ဆိုသည်မှာ အဘယ်နည်း။

၄။ ဧဝံဂေလိတရားဟောပြောခြင်းနှင့် လူမှုရေးဆိုင်ရာ တရားမျှတခြင်းအလုပ်သည် မည်သို့ဆက်စပ်မှု ရှိသနည်း။

> "ဇာတိကပတိစိတ်သဘောသည် သေခြင်းအကြောင်း ဖြစ်၏။ ဝိညာဉ်ပကတိစိတ်သဘောသည် အသက်ရှင်ခြင်း အကြောင်းနှင့် ငြိမ်သက်ခြင်းအကြောင်း ဖြစ်၏"
>
> **ရောမ ၈း၆**

လိုက်လျှောက်ကျင့်သုံးခြင်း (၅ မိနစ်)

လာမည့်ရက်သတ္တပတ်များအတွင်း လူတစ်ယောက်ယောက်၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးသူ ဖြစ်ဖို့ ကြိုးစားပါ။ ဒုက္ခဝေဒနာ ခံစားနေသော လူတစ်ယောက်ယောက်ထံ ချစ်ခြင်းမေတ္တာ၊ ကြင်နာမှုနှင့် အစေခံပေးခြင်းဖြင့် ဘုရားသခင်၏ ကောင်းမြတ်ခြင်းကို ထင်ရှားစေပါ။ အခက်အခဲရင်ဆိုင်သူတစ်ယောက်အတွက် အနည်းငယ်သော မေတ္တာပြခြင်းက ကြီးမားသော အကျိုးသက်ရောက်မှု ရှိနိုင်သည်။ ၎င်းသည် အောက်ပါအတိုင်း ဖြစ်နိုင်သည် –

- နေမကောင်းသူ သို့မဟုတ် မသန်စွမ်းသူတစ်ယောက်အတွက် လိုအပ်သည်များကို ဝယ်ပေးခြင်း
- လူချင်းစကားပြောဖို့ တောင့်တသော သက်ကြီးရွယ်အိုတစ်ယောက်ယောက်ထံ အလည်သွားခြင်း
- ဒုက္ခဝေဒနာ ခံစားသူတစ်ယောက်၏ ရင်ဖွင့်ချက်များကို အကြံပေးဖို့ ရည်ရွယ်ဖို့ မဟုတ်ဘဲ နားထောင်ပေးခြင်း
- ဧဝံဂေလိတရားဟောပြောခြင်းနှင့် ပတ်သက်၍ ရုန်းကန်နေသော လူတစ်ယောက်ထံ သင့် Advance အတွေ့အကြုံများကို မျှဝေခြင်း (သို့မဟုတ် သူတို့ ပါဝင်နိုင်မည့်အဖွဲ့သစ်ကို ဖွဲ့ခြင်း)
- လူတစ်ယောက်ယောက်နှင့် အတူဆုတောင်းခြင်း သို့မဟုတ် အတူ ကျမ်းစာဖတ်ရှုခြင်း
- လူတစ်ယောက်ယောက်ကို ဆိုရှယ်မီဒီယာပေါ်တွင် ခွန်အားပေးခြင်း
- လူတစ်ယောက်ယောက်အတွက် လက်ဆောင်ဝယ်ပေးခြင်း
- လူတစ်ယောက်ယောက်အတွက် ထမင်းချက်ပေးခြင်း

ဆုတောင်းခြင်း

"ခမည်းတော်ဘုရား … ကိုယ်တော်သည် ကောင်းမြတ်တော်မူသည်။ သူတပါးထံ ကိုယ်တော့်ကောင်းမြတ်မှုကို ထင်ရှားစေသည့် အသက်တာမျိုးဖြင့် အသက်မရှင်မိသောကြောင့် ဝန်ချတောင်းပန်ပါ၏။ စင်ကြယ်သောနှလုံးသား ရှိ၍ ကျွန်ုပ်၏ စိတ်နှလုံးနှင့် ဝိညာဉ်တို့ကို အမြော်အမြင်ရှိစွာ ကျွေးမွေးနိုင်ရန် ကူညီတော်မူပါ။ ကျွန်ုပ်ဖြစ်သည်အတိုင်း ချစ်တော်မူ၍ ၎င်းချစ်ခြင်းကြောင့် ငြိမ်သက်ခြင်းကို ရရှိသောကြောင့် ကိုယ်တော့်ကို ကျေးဇူးတင်ပါ၏။ တရားမျှတမှုဘက်မှ ယုံကြည်မှုအပြည့်၊ အမြော်အမြင်ရှိရှိ ရပ်တည်နိုင်ဖို့ ကူညီတော်မူပါ။ ထိုနည်းဖြင့် ကိုယ်တော့်ကောင်းမြတ်မှုကို ထင်ရှားစေ၍ လောကသားများ ပြောင်းလဲနိုင်သည်။ ယေရှုနာမတော်ကို အမှီပြု၍ ဆုတောင်းပါ၏။ အာမင်"

တာဝန်ခံမှု ရှိခြင်း (၁၅ မိနစ်)

တာဝန်ခံမှုရှိခြင်းဖော်ကို နှစ်ယောက်တစ်တွဲဖြင့်ဖြစ်စေ၊ အဖွဲ့ငယ်လိုက်ဖြစ်စေ ပြည့်စုံအောင် ဖြည့်၍ အချင်း ချင်းအတွက် ဆုတောင်းကြပါ။

မမေ့ပါနှင့် …

The Advance website တွင် ဧဝံဂေလိတရား ဟောပြောခြင်းနှင့် ဤလောကရှိ အရှိတရားအကြောင်းများကို အပတ်စဉ် ရေးသားထားသည့် ဆောင်းပါးများနှင့် စာစုများ ရှိသည်။ advancegroups.org/blog တွင် ဝင်ကြည့်နိုင်သည်။

မှတ်စုများ



အစည်းအဝေး ၄

လောကထံမှ စိန်ခေါ်မှု – ကြောက်ရွံ့ခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်း

ဤလောကတွင် သက်သေခံဝေငှကြသည့်အခါ ရင်ဆိုင်သည့် စိန်ခေါ်မှုများကို မဆုတ်မနစ်သောဇွဲဖြင့် မည်သို့ ကျော်ဖြတ်မည့်အကြောင်းကို လေ့လာဆွေးနွေးသွားမည်။ အထူးသဖြင့် ကျွန်ုပ်တို့ကို ဆုပ်ကိုင်၍ အားလျော့စေမည့် လူကို ကြောက်ရွံ့ခြင်းနှင့် နာကျင်မှုနှင့် စိတ်ပျက်ခြင်းကို ဖြစ်စေနိုင်သည့် အမျိုးမျိုးသောပုံစံဖြင့် ညှဉ်းပန်းနှိပ်စက်ခြင်းတို့ကို ကျော်လွှားနိုင်မည့်နည်း လေ့လာသွားမည်။

အစည်းအဝေးကို ဝါကျတစ်ကြောင်းဖြင့် အကျဉ်းချုပ်ခြင်း
မိမိတို့၏ယုံကြည်ခံယူချက်ကြောင့် ခရစ်ယာန်တိုင်း ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အတိုက်အခံကို ရင်ဆိုင်ရမည် ဖြစ်ပြီး စုံစမ်းနှောင့်ယှက်ခြင်းတိုင်းကို အရေးမပါသလို မဆက်ဆံဘဲ လက်တွေ့ကျကျ တုံ့ပြန်၍ ကျော်လွှားနိုင်ရန် သမ္မာကျမ်းစာတွင် ရှင်းလင်းစွာ သွန်သင်ချက် ပေးထားသည်။

အစည်းအဝေး နောက်ကြောင်း
သမိုင်းတစ်လျှောက် ယခုအချိန်သည် ခရစ်ယာန်များ အများဆုံး ညှဉ်းပန်းနှိပ်စက်ခံ၍ အသတ်ခံရကြောင်း ခန့်မှန်းကြသည်။ မိမိတို့၏ ယုံကြည်ခြင်းကြောင့် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ခရစ်ယာန် ဆယ်ယောက်လျှင် တစ်ယောက်က ပြင်းထန်သော ညှဉ်းပန်းနှိပ်စက်ခြင်း ခံရသည်ဟု ခရစ်ယာန် ညှဉ်းပန်းနှိပ်စက်ခြင်းကို ကိုယ်စားပြုသည့် အဖွဲ့အစည်းဖြစ်သော Open Doors က ထုတ်ပြန်သည်။ ယခုအချိန်တွင် ကမ္ဘာပေါ်ရှိ နေရာတစ်နေရာရာတွင် ယေရှု၏နောက်လိုက်တစ်ယောက်သည် ထောင်ချခြင်း၊ နှိပ်စက်ခြင်း သို့မဟုတ် အသတ်ခံရခြင်းအထိ ကြုံတွေ့နေသည်။

ညှဉ်ပန်းနှိပ်စက်ခြင်းဟု ဆိုရာတွင် နည်းမျိုးစုံ၊ ပုံစံမျိုးစုံ ရှိသည်။ ညှဉ်းပန်းနှိပ်စက်ခြင်းဆိုသည်မှာ မိမိ၏ ယုံကြည်ခြင်းကြောင့် တစ်ဖက်သား၏ ရက်စက်ကြမ်းတမ်းသော ဆက်ဆံမှုခံခြင်း ဖြစ်သည်။ ခရစ်ယာန်တော်တော်များများအတွက် ညှဉ်းပန်းနှိပ်စက်ခြင်းသည် မိမိ၏ယုံကြည်ခြင်းကြောင့် အလုပ်ခွင်တွင် အနိုင်ကျင့်ခံရခြင်း သို့မဟုတ် လူမှုနယ်ပယ်တွင် ဂုဏ်သိက္ခာကျအောင် ဆက်ဆံခံခြင်းလည်း ဖြစ်နိုင်သည်။ ထိုသို့ခံရခြင်းသည် စိတ်ပျက်ဖွယ် ကောင်းသည်မှန်သော်လည်း ကျွန်ုပ်တို့ ခံရသည်ထက် အဆပေါင်းများစွာ ညှဉ်းပန်းနှိပ်စက်ခြင်း ခံရသော ယုံကြည်သူများစွာ တစ်ကမ္ဘာလုံးတွင် ရှိကြောင်းကို ကျွန်ုပ်တို့ အမြဲသတိရသင့်သည်။ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို ရန်လိုမှုဟူသမျှသည် စိန်ခေါ်မှုတစ်ရပ် ဖြစ်၍ ခရစ်တော်၌ အောင်နိုင်သူများ ဖြစ်သောကြောင့် ဓားစာခံကဲ့သို့သာ မိမိကိုမိမိ မမြင်ရန် သတိထားရပေမည်။

မိမိနောက်တော်သို့ လိုက်သောသူတိုင်း ညှဉ်းပန်းနှိပ်စက်ခြင်း ခံရမည်ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း ယေရှု မိန့်တော်မူခဲ့သည် (ယော ၁၅:၁၉-၂၀)။ ဤအချက်သည် မိမိယုံကြည်ခြင်းကို သက်တောင့်သက်သာစေမည့်အရာအဖြစ် ခံယူသောသူများအတွက် လက်မခံနိုင်စရာအချက်လည်း ဖြစ်နိုင်သည်။ သို့သော်၊ စစ်မှန်သောယုံကြည်ခြင်းအတိုင်း အသက်ရှင်သောသူသည် စော်ကားသည့်သဘောရှိသော ဧဝံဂေလိတရားနှင့် ၎င်း၏ ထူးခြားသော ထုတ်ဖော်ချက်ကို ဆန့်ကျင်ရန် အတူပူးပေါင်းသူများစွာကို ရင်ဆိုင်ရမည်မှာ အမှန်ပင် ဖြစ်သည်။

ရောမမြို့၌ ရုံးထုတ်စစ်ဆေးခြင်းခံပြီး အသတ်ခံဖို့ (မာတုရ) သွားသည့်လမ်းတွင် အန္တိအုတ်မြို့ရှိ ဘိရှော့ အိတ်နာရှာ့စ် (Igatisu, Bishiop of Antioch) သည် ညှဉ်းပန်းနှိပ်စက်ခြင်း ခံနေသော ခရစ်ယာန်များထံ အောက်ပါအတိုင်း စာပို့ခဲ့သည်။

> လူတိုင်း နောင်တရဖို့ မျှော်လင့်လို့ ရတာကြောင့် ဘုရားသခင်ကို ရှာတွေ့ဖို့ လူတိုင်းအတွက်လည်း ဆုတောင်းကြပါ။ သင်တို့အပြုအမူအားဖြင့် သူတို့ကို သွန်သင်ပါ။ သူတို့ စိတ်ဆိုးဒေါသထွက်လျှင် နူးညံ့သိမ်မွေ့လိုက်ပါ။ သူတို့ ဝါကြွားလျှင် နှိမ့်ချခြင်းဖြင့် တုံ့ပြန်ပါ။ သူတို့ စော်ကားလာလျှင် ဆုတောင်းပေးပါ။ သူတို့ ကျူးလွန်သည့်အမှားအတွက် ယုံကြည်ခြင်း၌ ခိုင်ခံ့မြဲမြံပါ။ သူတို့၏ ရက်စက်မှုအတွက် ယဉ်ကျေးသိမ်မွေ့ပြပါ။ သူတို့ ပြုကျင့်သကဲ့သို့ မပြုကျင့်မိဖို့ အထူးသတိပြုကြပါ။ ကျွန်ုပ်တို့သည် သူတို့၏ ညီအစ်ကိုမောင်နှမများ ဖြစ်ကြောင်း စိတ်ရှည်သည်းခံပေးခြင်းဖြင့် ပြသကြပါစို့။ ထို့ပြင်၊ သခင်ယေရှုကို အတုခိုးဖို့ ဝန်မလေးကြပါစို့”

ယုံကြည်သူညီအစ်ကိုချင်းများအား မတူညီသော စိတ်နေသဘောထားဖြင့် အသက်ရှင်ရန် အိတ်နာရှာ့စ်၏ တိုက်တွန်းမှုကို သင်သတိပြုမိပါသလား။

ဒေါသနှင့် ရင်ဆိုင်သည့်အခါ နူးညံ့သိမ်မွေ့ပါ

ဝါကြွားခြင်းနှင့် ရင်ဆိုင်သည့်အခါ နှိမ့်ချပါ

စော်ကားခြင်း ခံရသည့်အခါ ဆုတောင်းပေးပါ

အမှားကျူးလွန်ကြသည့်အခါ ယုံကြည်ခြင်း၌ ခိုင်ခံ့မြဲမြံပါ

ရက်စက်ခြင်း ကြုံသည့်အခါ ယဉ်ကျေးပါ

ဤသို့ တုံ့ပြန်ခြင်းက မိမိတို့၏အကြောက်တရားကို အနိုင်ယူခြင်းဖြစ်သည်။ နာကျင်မှုနှင့် ဒုက္ခဝေဒနာအပေါ် အကြောက်တရား၊ မတရားမှုနှင့် ကျရှုံးမှုအပေါ် အကြောက်တရား၊ ဆုံးရှုံးမှုနှင့် သေခြင်းအပေါ် အကြောက်တရား၊ လူအပေါ် အကြောက်တရား ဟူသမျှကို အနိုင်ယူခြင်း ဖြစ်သည်။

ခရစ်တော်အပေါ် သစ္စာရှိဖို့ ရွေးချယ်လို့ လှောင်ပြောင်ခံရခြင်း၊ အထင်သေးခံရခြင်း၊ ရက်ရက်စက်စက် ဆက်ဆံခံခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခံခြင်းတို့ကို အကြောက်တရားဖြင့် တုံ့ပြန်မည့်အစား စိတ်ရှည်သည်းခံမှုဖြင့် တုံ့ပြန်ရန် ယုံကြည်သူများကို အိတ်နာရှာ့စ် တိုက်တွန်းနှိုးဆော်သည်။ စိတ်ရှည်သည်းခံခြင်းကို "မိမိကိုမိမိ ထိန်းချုပ်ခြင်း၊ ချုပ်တည်းခြင်း၊ သည်းခံခြင်း" ဟူ၍ အဘိဓာန်တွင် အဓိပ္ပာယ် ဖွင့်ဆိုထားသည်။ ယေရှုအပေါ် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကြောင့် ကျွန်ုပ်တို့ဘဝ၌ အငြင်းပွားမှု ရောက်လာသည့်အခါ မိမိကိုမိမိ ထိန်းချုပ်ခြင်း၊ ချုပ်တည်းခြင်းနှင့် သည်းခံခြင်းကို ကျွန်ုပ်တို့ ပြသနိုင်ပါသလား။

ကျွန်ုပ်တို့၏ အင်အားဖြင့် မဖြစ်နိုင်ပါ။ နေ့စဉ် ကိုယ့်ကိုကိုယ် ငြင်းပယ်ခြင်းဖြင့် ဝိညာဉ်တော်၏ တန်ခိုးတော်၊ မေတ္တာနှင့် စည်းကမ်းဖြင့် အသစ်တဖန် မွေးဖွားခြင်း မျှော်လင့်ချက် ရှိသည်။ ကြောက်တတ်သည့်စိတ်ထားထက် မှန်ကန်သော စိတ်နေသဘောထား ရရှိလိမ့်မည်။ ကျွန်ုပ်တို့၏ ချုပ်တည်းခြင်းကို သန့်ရှင်းသောဝိညာဉ်တော် ကောင်းချီးပေး၍ ကျွန်ုပ်တို့ကို ညှဉ်းပန်းနှိပ်စက်သူများအား ကျွန်ုပ်တို့ ခွင့်လွှတ်နိုင်လိမ့်မည်။ "အိုအဘ... သူတို့၏အပြစ်ကို လွှတ်တော်မူပါ။ သူတို့သည် ကိုယ်ပြုသောအမှုကို မသိကြ" ဟူ၍ ခရစ်တော်သည် ကားတိုင်ပေါ်တွင် ကြွေးကြော်ခဲ့သည်။

ယုံကြည်ခြင်းအားကြောင့် ကျွန်ုပ်တို့၏ စိတ်ရှည်သည်းခံခြင်းသည် ညှဉ်းပန်းနှိပ်စက်ခြင်းကို သည်းခံနိုင်၍ အကြောက်တရားကို အနိုင်ယူနိုင်ရန် ကူညီပါစေသော။ ကန်းသောသူတို့၏ မျက်စိကို မြင်အောင် ကူညီပါစေသော။

အစည်းအဝေး လမ်းညွှန်

တွေ့ဆုံခြင်း (၁၀ မိနစ်)

တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံမိတ်ဆက်စကားပြောဖို့ အချိန်သုံးပါ။ သက်သေခံခြင်း၊ ခွန်အားပေးခြင်း၊ အခွင့်အရေးများကို အတူသုံးသပ်ခြင်းနှင့် အဖွဲ့အတွက် ခွန်အားဖြစ်စေမည့် မည်သည့်အကြောင်းအရာကိုမဆို ဝေငှပြောဆိုနိုင်သည်။ လွန်ခဲ့သောလတွင် သူတပါး၏ လိုအပ်ချက်များကို မည်သို့ ဖြည့်ဆည်းခဲ့ကြောင်း ဝေမျှကြပါ (အစည်းအဝေး ၅ – လိုက်လျှောက်ကျင့်သုံးခြင်း)။

ဆုတောင်းခြင်း

အချိန်တစ်ခုလုံးကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံ၍ တွေ့ဆုံခြင်းအပိုင်းတွင် ကြားခဲ့သည့်အခြေအနေ အကောင်း၊ အဆိုးများအတွက် ဘုရားသခင်ထံ ဆုတောင်းဆက်ကပ်ပါ။

သွန်သင်ခြင်းနှင့် ဆွေးနွေးခြင်း (၆၀+ မိနစ်)

ဤအစည်းအဝေးတွင် ညှဉ်းပန်းနှိပ်စက်ခြင်းကို သည်းခံနိုင်သည့် ၁၀ မျိုးမှ တစ်ခုချင်းစီကို သင်ယူဆွေးနွေး လေ့လာသွားမည်။ စုံစမ်းနှောင့်ယှက်ခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းကြားထဲတွင် ခွန်အားရရှိနိုင်သည့်နည်းများကို ဆွေးနွေးဖို့ အချိန်ယူရန် ဝန်မလေးပါနှင့်။ သင့်အဖွဲ့အတွက် ဆက်စပ်မှုအရှိဆုံးသောအချက်ကို အထူးပြုပြီး လေ့လာဖို့ ရွေးချယ်နိုင်သကဲ့သို့ ယခုအစည်းအဝေးကို တစ်လအတွင်း နှစ်ကြိမ်တွေ့ဖို့လည်း ရွေးချယ်နိုင်သည်။

> "ငါ့ညီအစ်ကိုတို့ သင်တို့၏ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်းအရာသည် သည်းခံခြင်းကို ပွားစေတတ်သည်ဟု သိမှတ်လျက် အထူးထူးအပြားပြား စုံစမ်းနှောင့်ယှက်ခြင်းနှင့် တွေ့ကြုံသောအခါ ဝမ်းမြောက်စရာအကြောင်း သက်သက် ဖြစ်သည်ဟု မှတ်ကြလော့။ သင်တို့သည် အလျှင်းမချို့တဲ့ဘဲ စေ့စပ်စုံလင်မည်အကြောင်း သည်းခံခြင်းစိတ်သည် အကုန်အစင် ပြုပြင်ပါစေ"
>
> **ယာကုပ် ၁း၂-၄**

စစ်ကြောစုံစမ်းခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်း ကြုံသည့်အခါ သည်းခံရန် ယုံကြည်သူများကို ရှင်ယာကုပ် တိုက်တွန်းသည်။ သည်းခံခြင်းက ရင့်ကျက်ခြင်းတွင် ကြီးထွားရန် ကူညီပေးကြောင်း ဖော်ပြသည်။ ရင့်ကျက်လာသည့်အခါ ဘုရားသခင် ပြင်ဆင်ပေးသည့်အသက်ကို အပြည့်အဝ ရရှိမည် ဖြစ်သည်။ စစ်ကြောခြင်း ရောက်လာသည့်အခါ ဝမ်းမြောက်စရာအဖြစ် မှတ်ယူရန်ပင် ခွန်အားပေးသည်။ ထိုသို့ပြုလုပ်နိုင်ရန် လက်တွေ့ကျသော အချက် ၁၀ ချက်ကို ရှင်ယာကုပ် ချပြထားသည်။

> ၁။ ဝမ်းမြောက်ခြင်း၌ သည်းခံခြင်း "ငါ့ညီအစ်ကိုတို့ သင်တို့၏ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်းအရာသည် သည်းခံခြင်းကို ပွားစေတတ်သည်ဟု သိမှတ်လျက် အထူးထူးအပြားပြား စုံစမ်းနှောင့်ယှက်ခြင်းနှင့် တွေ့ကြုံသောအခါ ဝမ်းမြောက်စရာအကြောင်း သက်သက် ဖြစ်သည်ဟု မှတ်ကြလော့။"
>
> **ယာကုပ် ၁း၂-၃**

ထာဝရဘုရား၏ ဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့၏ အစွမ်းသတ္တိဖြစ်၍ ညှဉ်းပန်းနှိပ်စက်ခြင်း ကြုံသည့်အခါ ကျွန်ုပ်တို့ အလိုအပ်ဆုံးအရာ ဖြစ်သည်။ ဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့၏ ဝိညာဉ်အတွက် ကျောက်ဆူးကဲ့သို ဖြစ်သည်။ လှေတစ်စင်းကို လှိုင်းလုံးကြီးက လုံခြုံဘေးကင်းသောကမ်းမှ ဝေးရာသို့ သယ်ဆောင်နိုင်သကဲ့သို့ စစ်ကြောစုံစမ်းခြင်းက ကျွန်ုပ်တို့ကို ဘုရားသခင်၏ မျက်မှောက်တော်မှ အဝေးသို့ ခေါ်ဆောင်သွားနိုင်သည်။ ကယ်တင်ခြင်း၌ ဝမ်းမြောက်ခြင်းကို အမြဲတစဉ် အောက်မေ့သတိရခြင်းက ဘုရားသခင်၏ တန်ခိုးတော်၊ မျက်မှောက်တော်နှင့် ငြိမ်သက်ခြင်း၌ အုတ်မြစ်ချရန် အထောက်အကူ ပြုသည်။

ဆွေးနွေးပါ – "အထူးထူးအပြားပြားသောစုံစမ်းနှောင့်ယှက်ခြင်း" ကို ဝမ်းမြောက်ခြင်းဖြင့် သည်းခံခြင်းက လက်တွေ့အသက်တာတွင် မည်သို့ပုံစံ ပေါ်သနည်း။

၂။ စိတ်ရှည်သည်းခံခြင်း

> "သင်တို့သည် အလျှင်းမချို့တဲ့ဘဲ စေ့စပ်စုံလင်မည်အကြောင်း သည်းခံခြင်းစိတ်သည် အကုန်အစင် ပြုပြင်ပါစေ"
>
> **ယာကုပ် ၁း၄**

သည်းခံခြင်းကို ငြိမ်ကုတ်နေခြင်းအဖြစ် ကျွန်ုပ်တို့အများစုက မြင်တတ်ကြသည်။ အခက်အခဲပြဿနာနှင့် ရင်ဆိုင်သည့်အခါ ဘာမှုမလုပ်ဘဲ စိတ်ရှည်ရှည်ထိုင်ပြီး ပြဿနာပြေလည်မည့်အချိန်ကို စောင့်တတ်ကြသည်။ သို့သော်၊ သမ္မာကျမ်းစာ သွန်သင်သည့် ဝိညာဉ်အသီးဖြစ်သော စိတ်ရှည်သည်းခံခြင်းသည် ငြိမ်ကုတ်မနေဘဲ လှုပ်ရှားမှုရှိသော စိတ်ရှည်သည်းခံခြင်း ဖြစ်သည်။ လှုပ်ရှားမှုရှိသော သည်းခံခြင်းသည် ဘုရားသခင်ကို ကိုးစားခြင်းဖြင့် တုံ့ပြန်ခြင်း ဖြစ်သည်။

ဆွေးနွေးပါ – ငြိမ်ကုတ်သော သည်းခံခြင်းနှင့် လှုပ်ရှားမှုရှိသော သည်းခံခြင်းကြား မည်သည့် မတူညီမှု ရှိသနည်း။

၃။ ပညာတရား၌ သည်းခံခြင်း

> "သင်တို့တွင် တစုံတယောက်သောသူသည် ပညာကို လိုလျှင်၊ ကဲ့ရဲ့ပြစ်တင်ခြင်းကို ပြုတော်မမူဘဲ ခပ်သိမ်းသောသူတို့အား စေတနာစိတ်နှင့် ပေးသနားတော်မူသော ဘုရားသခင်ကို တောင်းစေ။ တောင်းလျှင် ရလိမ့်မည်"
>
> **ယာကုပ် ၁း၅**

ကျန်အချိန်ထက် ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ရင်ဆိုင်သည့်အခါ ကောင်းကင်မှလာသောပညာကို ကျွန်ုပ်တို့ လိုအပ်သည်။ အသက်ရှည်ခြင်းနှင့် စည်းစိမ်ချမ်းသာအပါအဝင် အခြားအရာထက် ဉာဏ်ပညာကို တောင်းခဲ့သောကြောင့် ဘုရားသခင်သည် ရှောလမုန်မင်းကြီးအား ဉာဏ်ပညာကို ပေးသနားခဲ့သည် (၃ဓမ္မ ၃း၄-၁၅)။ စုံစမ်းနှောင့်ယှက်ခြင်း ကြုံသည့်အခါ ဝိညာဉ်သဘော ထားရှိခြင်းသည် လွယ်ကူသည့်အရာ မဟုတ်ပါ။ ထို့ကြောင့်၊ ဘုရားသခင်ထံတော်မှ ဉာဏ်ပညာကို တောင်းခံခြင်းသည် အင်မတန် အရေးပါသကဲ့သို့ ထိုဉာဏ်ပညာပေးခြင်းဖြင့် ကျွန်ုပ်တို့ကို ဘုရားသခင်ကောင်းချီးပေးလိုသည်။

ဆွေးနွေးပါ – တိကျသောသင့်ဘဝအတွေ့အကြုံတွင် ကောင်းကင်မှလာသော ပညာက သင့်ကို မည်ကဲ့သို့ ကူညီခဲ့ဖူးပါသနည်း။

၄။ ယုံကြည်ခြင်း၌ သည်းခံခြင်း

> "သို့ရာတွင် တွေးတောခြင်းမရှိဘဲ ယုံကြည်သောစိတ်နှင့် တောင်းရမည်။ တွေးတောခြင်းရှိသောသူသည်ကား။ လေခတ်၍ လှုပ်ရှားတတ်သောလှိုင်းတံပိုးနှင့် တူ၏။ ထိုသို့သောသူသည် စိတ်နှစ်ခွရှိသောသူ၊ ပြုလေသမျှတို့၌ မတည်ကြည်သောသူဖြစ်၍ ထာဝရဘုရား၏ လက်တော်မှ တစုံတခုကို ရမည်ဟု မထင်မမှတ်စေနှင့်"
>
> **ယာကုပ် ၁း၆-၈**

ညှဉ်းပန်းနှိပ်စက်ခြင်းမုန်တိုင်းကို ကျော်လွှားဖို့ဆို ဘုရားကိုအားကိုးခြင်းက မရှိမဖြစ် လိုအပ်သည်။ မီးမြှားဖြင့် ပစ်ခတ်ခြင်း ခံရသည့်အခါ ယုံကြည်ခြင်းဒိုင်းလွှားဖြင့် ငြိမ်းသတ်နိုင်သည် (ဧဖက် ၆း၁၆)။ ခန္ဓာကိုယ်တွင် အနာတရ ရကောင်းရနိုင်သော်လည်း ဘုရားသခင်ကို ကိုးစားသောသူတစ်ယောက်သည် ဝိညာဉ်ရေးရာ၌ ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံမည် မဟုတ်ပါ။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် ကျေးဇူးတော်၌ တည်ဆောက်ထားသည်။ ယုံကြည်ခြင်း၌ သည်းခံသည့်အပြင် ရရှိထားသည့် ကျေးဇူးတော်ဖြင့် ညှဉ်းပန်းနှိပ်စက်သူများအား ကျေးဇူးပြုနိုင်သည်။

ဆွေးနွေးပါ – မိမိရင်ဆိုင်သည့် ညှဉ်းပန်းနှိပ်စက်ခြင်းကို ယုံကြည်ခြင်းဒိုင်းလွှားဖြင့် မည်သို့ ကာကွယ်၍ ကျေးဇူးပြုခြင်းဖြင့် မည်သို့ တုံ့ပြန်သနည်း။

၅။ ဘုရားသခင်နှင့် အချိန်သုံးခြင်း၌ သည်းခံခြင်း

> "သို့ ဖြစ်၍ ငါချစ်သောညီအစ်ကိုတို့၊ ခပ်သိမ်းသောသူတို့သည် နားကြားခြင်း၌ လျင်မြန်ကြစေ။ စကားပြောခြင်း၌ရင်း၊ အမျက်ထွက်ခြင်း၌ရင်း နှေးကြစေ။ လူ၏ဒေါသအမျက်သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားကို မပြုစုတတ်"
>
> **ယာကုပ် ၁း၁၉-၂၀**

ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ ဆက်ဆံရေးသည် အရာအားလုံးထက် တန်ဖိုးရှိသည်။ တစ်လောကလုံးသည် ကျွန်ုပ်တို့ကို ဆန့်ကျင်သော်လည်း ဘုရားသခင်သည် ကျွန်ုပ်တို့ဘက်၌ ရှိကြောင်း ကျွန်ုပ်တို့ သိမှတ်ထားရမည်။ ဘုရားသခင်ကို ကြည်ညို၍ ရှာဖွေပြီး အကူအညီတောင်းကာ ပုံသဏ္ဍာန်တော်နှင့်အညီဖြစ်စိမ့် မျက်မှောက်တော်ထဲ တိုးဝင်သည့်အခါ အထက်ပါသိမှတ်ခြင်းက အစပြုသည်။ သူတပါး၏ လှောင်ပြောင်ခြင်း ခံရသည့်အခါ ဘုရားစကားကို ကျွန်ုပ်တို့ နားထောင်သလား။ သို့မဟုတ် လှောင်ရယ်သံများကို အာရုံစိုက် နားထောင်သလား။ ညှဉ်းပန်းနှိပ်စက်သောသူများအား ဒေါသဖြင့် တုံ့ပြန်လေသလား။ သို့မဟုတ် မေတ္တာထားကာ ဘုရားသခင်ထံ ဆုတောင်းပေးသလား။ ဘုရားသခင်၏ မျက်မှောက်တော်၌ အချိန်သုံးသည့်အခါ မိမိ၏ဖြောင့်မတ်ခြင်းဖြင့် မဟုတ်ဘဲ ဘုရားသခင်၏ သန့်ရှင်း၍ ကျေးဇူးပြုတော်မူသော ဖြောင့်မတ်ခြင်းဖြင့် ဤလောကကို တုံ့ပြန်ရန် အဆင်သင့်ဖြစ်နေလိမ့်မည်။

ဆွေးနွေးပါ – စုံစမ်းနှောင့်ယှက်ခြင်း သို့မဟုတ် ညှဉ်းပန်းနှိပ်စက်ခြင်း ရောက်လာသည့်အခါ ဘုရားသခင်နှင့် အချိန်သုံးပြီး ဖြေရှင်းဖို့ ဦးစားပေးရန် သင်မည်မျှ လျင်မြန်သနည်း။

၆။ သမ္မာတရား၌ သည်းခံပါ

“ထို့ကြောင့်၊ ခပ်သိမ်းသောညစ်ညူးခြင်း၊ မနာလိုသောစိတ်လွန်ကျူးခြင်းကို ပယ်ရှား၍ သင်တို့စိတ်ဝိညာဉ်ကို ကယ်တင်နိုင်သော၊ အထဲ၌ စိုက်ပျိုးသော နှုတ်ကပတ်တရားကို နူးညံ့သိမ်မွေ့သောစိတ်နှင့် ခံယူကြလော့။ ကိုယ်ကိုကိုယ်လှည့်ဖြား၍ နှုတ်ကပတ်တရားကို နာရုံမျှသာ ပြုသောသူမဟုတ်၊ တရားကို ကျင့်သောသူ ဖြစ်ကြလော့။ လွတ်ခြင်းနှင့် စပ်ဆိုင်၍ စုံလင်သောတရားကို စေ့စေ့ကြည့်ရှု၍ တည်ကြည်သောသူမူကား၊ တရားနာ၍ မေ့လျော့သောသူမဟုတ်၊ အကျင့်ကျင့်သောသူ ဖြစ်သဖြင့်၊ မိမိကျင့်သောအကျင့်၌ မင်္ဂလာရှိသောသူဖြစ်၏”

ယာကုပ် ၁း၂၁-၂၂၊ ၂၅

ဘဝ ခက်ခဲကြမ်းတမ်းလာသည့်အခါ စိတ်သက်သာရာရန် မိမိအတွက် သက်တောင့်သက်သာရှိသည့်နေရာသို့ ပြန်သွားတတ်ကြသည်။ ကြုံတွေ့သည့် နှစ်မြှုပ်ဖွယ်မကောင်းသော စုံစမ်းနှောင့်ယှက်ခြင်းကို ဖြေရှင်းရန် ကျွန်ုပ်တို့ စားသောက်သည့်အရာ၊ ကြည့်သည့်အရာ၊ ကစားသည့်အရာတို့ ဖြင့် ကျေနပ်မှုကို ရှာတတ်ကြသည်။ ၎င်းတို့ကို စိတ်သက်သာဖို့ ပြုလုပ်သည့်အခါ ကျွန်ုပ်တို့ဘဝအတွက် အဆိပ်အတောက်များ ဖြစ်လာနိုင်သည်။ စိတ်သက်သာဖို့နှင့် လမ်းပြမှုရဖို့ နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့ ဖတ်ရှုပါသလား။ ကျွန်ုပ်တို့၏ နေ့စဉ်သံလိုက်အိမ်မြှောင်နှင့် နေ့စဉ်အစာအဖြစ်လည်းကောင်း၊ ပတ်ဝန်းကျင်ရှိ ပြဿနာသဲများ ပြိုကျချိန်တွင် ကျွန်ုပ်တို့၏ဘဝကို တည်ဆောက်ဖို့ ခိုင်မာသောအုတ်မြစ် သမ္မာတရားကျောက်အဖြစ်လည်းကောင်း ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့ ခွင့်ပြုပါသလား။

ဆွေးနွေးပါ – ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို လှုပ်ကိုင်သည့် စိတ်ပင်ပန်းခြင်း ရောက်လာသည့်အခါ စိတ်ချမှုနှင့် အတွေးအမြင်များကို မည်သည့်နေရာ၌ ကျွန်ုပ်တို့ ရှာတတ်ကြသနည်း။

၆။ သန့်ရှင်းခြင်း၌ သည်းခံခြင်း

“အပြစ်သွေးဆောင်ခြင်းကို ခံရသောသူမည်သည်ကား၊ ဘုရားသခင်သည် ငါ့ကို သွေးဆောင်တော်မူသည်ဟု မပြောစေနှင့်။ မကောင်းသောအရာသည် ဘုရားသခင်ကို မသွေးဆောင်နိုင်ရာ။ ကိုယ်တော်သည်လည်း အဘယ်သူကိုမျှ အပြစ်သို့ သွေးဆောင်တော်မမူ။ မိမိတပ်မက်သော စိတ်ဆွဲငင်ဖြားယောင်းခြင်းကို ခံသောသူမည်သည်ကား၊ အပြစ်သွေးဆောင်ခြင်းသို့ ရောက်တတ်၏”

ယာကုပ် ၁း၁၃-၁၄

သွေးဆောင်သူမှာ စာတန်ဖြစ်၍ စစ်ကြောသူမှာ ဘုရားသခင်ဖြစ်သည်။ စာတန်သည် သင့်ကို သွေးဆောင်သည့်အခါ သင်ကျရှုံးအောင်၊ သင့်ယုံကြည်ခြင်း ပြိုလဲအောင် ရည်ရွယ်သည်။ ဘုရားသခင်သည် သင့်ကို စစ်ကြောသည့်အခါ သင်အောင်မြင်ကျော်လွှား၍ သင့်ယုံကြည်ခြင်း တိုးတက်ခိုင်ခံ့ရန် ရည်ရွယ်သည်။ သွေးဆောင်ခြင်းခံသည်ဖြစ်စေ၊ စစ်ကြောခြင်း ခံသည်ဖြစ်စေ ဤသို့ ကျွန်ုပ်တို့ ဆုတောင်းနိုင်သည် – “ကိုယ်တော်... သန့်ရှင်းခြင်း၌ ကြံ့ကြံ့သည်းခံနိုင်ဖို့ မစတော်မူပါ။ ထိုသန့်ရှင်းခြင်းအတွက် ကိုယ်တော့်သားတော်အားဖြင့်လည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးတော်အားဖြင့်လည်းကောင်း ကျွန်ုပ်တို့ကို ကိုယ်တော် ကယ်တင်ခဲ့ပြီး ဖြစ်သည်။”

ဆွေးနွေးပါ – ညှဉ်းပန်းနှိပ်စက်ခြင်း ခံသည့်အချိန်တွင် သန့်ရှင်းခြင်းအသက်တာရှိခြင်းသည် မည်ကဲ့သို့ ဖြစ်သနည်း။

၈။ အမှုတော်မြတ်၌ သည်းခံခြင်း

“ခမည်းတော်ဘုရားသခင့်ရှေ့၌ စင်ကြယ်သန့်ရှင်းသော သီလဟူမူကား၊ မိဘမရှိသောသူငယ်တို့နှင့် မုတ်ဆိုးမတို့သည် ဆင်းရဲခံရသောအခါ သူတို့ကို ကြည့်ရှုပြုစုခြင်း။ ကိုယ်တိုင်လည်း လောကီအညစ်အကြေးနှင့် ကင်းစင်အံ့သောငှါ စောင့်ရှောက်ခြင်းပေတည်း”

ယာကုပ် ၁း၂၇

ကျွန်ုပ်တို့ ရှေ့မဆက်နိုင်ရန် ညှဉ်းပန်းနှိပ်စက်ခြင်း ရောက်လာတတ်သည်။ ၎င်းက ကျွန်ုပ်တို့ကို ကြောက်အောင်၊ စိတ်မပါအောင်၊ စိတ်ဆိုးအောင် အမြဲဆွပေးသည်။ ထို့ကြောင့်၊ အကောင်းဆုံးတုံ့ပြန်နည်းမှာ အတိုက်အခံကြားထဲမှ တစ်ကောင်းဆန်စိတ် မရှိဘဲ စေတနာမေတ္တာရှေ့ထားကာ အမှုတော်မြတ်ကို ဆက်လက်ထမ်းဆောင်ခြင်း ဖြစ်သည်။

ဆွေးနွေးပါ – လှောင်ပြောင်ခံရသည့်အခါ သို့မဟုတ် အနိုင်ကျင့်ခံရသည့်အခါ အမှုတော်မြတ်တွင် သည်းခံခြင်း၏ တန်ခိုးမှာ အဘယ်နည်း။

၉။ မျှော်လင့်ခြင်း၌ သည်းခံခြင်း

“စုံစမ်းနှောင့်ယှက်ခြင်းကို သည်းခံသောသူသည် မင်္ဂလာရှိ၏။ အကြောင်းမူကား၊ စစ်ကြောစုံစမ်းခြင်းကို ခံပြီးမှ သခင်ဘုရားကို ချစ်သောသူတို့အား ဂတိထားတော်မူသောအသက်သရဖူကို ရလိမ့်မည်”

ယာကုပ် ၁း၁၂

“ငါတို့အား ပေါ်ထွန်းလတံ့သော ဘုန်းကို ထောက်သော်၊ ယခုမျက်မှောက်ကာလ၌ ခံရသော ဆင်းရဲဒုက္ခကို ပမာဏမပြုထိုက်” ကြောင်း ယုံကြည်သူများကို ရှင်ပေါလု ခွန်အားပေးတိုက်တွန်းခဲ့သည် (ရောမ ၈း၁၈)။ ၎င်းမျှော်လင့်ခြင်းသည် ကျွန်ုပ်တို့အတွက်သာ မဟုတ်ကြောင်း၊ ၎င်းမျှော်လင့်ခြင်း၌ သည်းခံလျှင် လိုအပ်နေသော ဤလောကီသားတို့ကိုလည်း မျှော်လင့်ခြင်း ပေးနိုင်ကြောင်း ရှင်ပေါလု ရေးသားခဲ့သည်။ မျှော်လင့်ခြင်း၏ တန်ခိုးကို အကြီးမားဆုံးသော ညှဉ်းပန်းနှိပ်စက်ခြင်း၌ ထင်ရှားစွာ မြင်ရလေ့ရှိသည်။

“ဆင်းရဲဒုက္ခခံခြင်းသည် ခရစ်ယာန်ယုံကြည်ခြင်းအတွက် ရှက်စရာ မဟုတ်ပါ။ ၎င်းဆင်းရဲဒုက္ခခံခြင်းက ကျွန်ုပ်တို့၏ အသက်တာ၌ ခရစ်တော်၏ နာမတော် ချုပ်သီထားသည့် အပ်ချည်ကဲ့သို့ ဖြစ်သည်။”

ရေဗက္ကာ မက်လောလင်း

ဆွေးနွေးပါ – ခရစ်ယာန်တို့၏ ဆင်းရဲဒုက္ခခံခြင်း၌ မျှော်လင့်ခြင်း မည်သို့ ထင်ရှားနိုင်သနည်း။

၁၀။ မိတ်သဟာယဖွဲ့ခြင်း၌ သည်းခံပါ

ရှင်ယာကုပ်သည် မိမိပေးပို့စာကို တစ်ဦးတစ်ယောက်ထံ ရေးထားခြင်း မဟုတ်၊ အသင်းတော်ထံ ရေးသားခဲ့သည်။ မိတ်သဟာယဖွဲ့ခြင်းသည် အရေးကြီးသည်။ ခက်ထန်ကြမ်းတမ်းသော အပြင်လောကနှင့် ဝေးရာသို့ ပုန်းကွယ်ရန် မဟုတ်ဘဲ အပြင်လောကရှိ ကြမ်းတမ်းသော စုံစမ်းနှောင့်ယှက်ခြင်းများကို ရင်ဆိုင်ပြီး အတူတူ အနိုင်ယူနိုင်ရန် အချင်းချင်း အားသစ်များလောင်းဖို့၊ ခွန်အားပေးဖို့ မိတ်သဟာယဖွဲ့ရန် ညှဉ်းပန်းနှိပ်စက်ခြင်းက တွန်းပို့သင့်သည်။

ဆွေးနွေးပါ – သင်ရင်ဆိုင်သည့် စုံစမ်းနှောင့်ယှက်ခြင်းနှင့် မယုံကြည်သူများထံ သက်သေခံဝေငှ ခြင်းအတွက် သင့်အသင်းတော်တွင် နေရာပေးထားပါသလား။ ဤအပိုင်းတွင် အချင်းချင်း ဆုတောင်းပေး၍ ခွန်အားပေး တိုက်တွန်းကြပါသလား။ မပြုလုပ်ကြလျှင် မည်သို့ ဖြစ်သွားမည်နည်း။

လိုက်လျှောက်ကျင့်သုံးခြင်း (၅ မိနစ်)

opendoors.org ရှိ World Watch တွင် အစီလိုက်ရေးသားထားသည့် နိုင်ငံများမှ တစ်နိုင်ငံကို ရွေးပြီး အပတ်စဉ် ဆုတောင်းပေးပါ။ မိမိယုံကြည်ခြင်းအတွက် ညှဉ်းပန်းနှိပ်စက်ခြင်း ခံသောနိုင်ငံအသီးသီးရှိ ယုံကြည်သူများအတွက် ဆုတောင်းပေးသည့်အခါ ကျွန်ုပ်တို့သာ ဆင်းရဲဒုက္ခ မခံစားကြောင်းကို မြင်နိုင်လာမည်။ အသင်းတော်၏ ဆုတောင်းပေးခြင်းနှင့် ကူညီပေးခြင်းအပြင် ဝိညာဉ်တော်၏ တန်ခိုးတော်ဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူ ရှိနေသည်။

ဆုတောင်းခြင်း

ညှဉ်းပန်းနှိပ်စက်ခြင်းဆိုင်ရာ အပိုင်းသုံးပိုင်းကို အထူးသဖြင့် အာရုံစိုက်၍ ဆုတောင်းပါ။

၁။ အဖွဲ့ဝင်များထဲမှ ညှဉ်းပန်းနှိပ်စက်ခြင်းခံသော ပုဂ္ဂိုလ်များအတွက် ဆုတောင်းပေးပါ။

၂။ သင့်ပတ်ဝန်းကျင်တွင် ညှဉ်းပန်းနှိပ်စက်ခြင်းကြောင့် ဧဝံဂေလိတရား ကျယ်ပြန့်မှုကို အဟန့်အတား ဖြစ်စေသည့်နယ်ပယ်များအတွက် ဆုတောင်းပေးပါ။

၃။ နိုင်ငံအသီးသီးရှိ ညှဉ်းပန်းနှိပ်စက်ခြင်းခံသောအသင်းတော်များအတွက် ဆုတောင်းပေးပါ။

တာဝန်ခံမှု ရှိခြင်း (၁၅ မိနစ်)

တာဝန်ခံမှုရှိခြင်းဖောင်ကို နှစ်ယောက်တစ်တွဲဖြင့်ဖြစ်စေ၊ အဖွဲ့ငယ်လိုက်ဖြစ်စေ ပြည့်စုံအောင် ဖြည့်၍ အချင်း ချင်းအတွက် ဆုတောင်းကြပါ။

မမေ့ပါနှင့် ...

Advance သည် တစ်ကမ္ဘာလုံးနှင့်ဆိုင်သော လှုပ်ရှားမှုဖြစ်သောကြောင့် advancegroups.org/global သို့ သွား၍ Open Doors Watch List ကို ကြည့်ပြီး လစဉ် Advance Groups အစည်းအဝေးရှိသည့် နိုင်ငံတိုင်းအတွက် ဆုတောင်းပေးပါ။ Advance ကြောင့် အကျိုးကျေးဇူးရရှိမည့် အခြားနိုင်ငံမှ လူတစ်ယောက်ယောက်ကို သိလျှင် (အဖွဲ့ရှိနှင့်သည်ဖြစ်စေ၊ မရှိသေးသည်ဖြစ်စေ) website ကို ဝင်ကြည့်ရန် တိုက်တွန်းပါ။

မှတ်စုများ



အစည်းအဝေး ၇

သံတမန်၏ အသီးအပွင့် – သနားကြင်နာမှုနှင့် ဝမ်းမြောက်ခြင်း

ဧဝံဂေလိတရားသံတမန်များဖြစ်သော ကျွန်ုပ်တို့သည် ကယ်တင်ခြင်းက ပေးသည့် ဝမ်းမြောက်ခြင်းဖြင့် အသက်ရှင်၍ ဘုရားသခင်ပေးသည့် သနားကြင်နာခြင်းကို ဤလောကသို့ ထင်ရှားစေနိုင်သည့် နည်းများကို ကျွန်ုပ်တို့ လေ့လာသွားမည်။ ထာဝရဘုရား၏ ဝမ်းမြောက်ခြင်း စွမ်းအားဖြင့် စကားနှင့် အလုပ်၌ သနားကြင်နာမှုရှိရှိ ဧဝံဂေလိတရား ဟောပြောခြင်းသည် မည်သည့်ပုံစံရှိသနည်း။

အစည်းအဝေးကို ဝါကျတစ်ကြောင်းဖြင့် အကျဉ်းချုပ်ခြင်း
ဘုရားသခင်၏ သနားကြင်နာမှုသည် မျှော်လင့်ခြင်းကင်းမဲ့လောက်အောင် ပုန်ကန်တတ်သော လူသားမျိုးနွယ်ကို မျှော်လင့်ခြင်းနှင့်ပြည့်သော ဆက်ဆံရေးသို့ ဆွဲခေါ်ရန် တန်ခိုးရှိသည့်အပြင် ၎င်းသနားကြင်နာမှုက ယုံကြည်သူများအား ဝမ်းမြောက်ခြင်းကို ပေးသည်သာမက ဤလောကအတွက် အစေခံဖြစ်နိုင်ရန် တန်ခိုးခွန်အားကိုလည်း ပေးသနားသည်။

အစည်းအဝေး နောက်ကြောင်း
ဘုရားသခင်သည် "မြေကြီးပေါ်မှာ လူကို ဖန်ဆင်းတော်မူသည်ကို နောင်တရ၍ နှလုံးတော် ပူပန်လျက်ရှိတော်မူ" ကြောင်း သမ္မာကျမ်းစာတွင် တွေ့နိုင်သည် (ကမ္ဘာ ၆း၆)။

ဤလောက၌ မကောင်းမှု ပြည့်နေသည်ကို ဘုရားသခင် မြင်တော်မူခဲ့သည်။ အထူးသဖြင့် ဤအချိန်တွင် အလွန်ဆိုးဝါးသောကြောင့် ဤလောကတွင် လူတွေအား ဖန်ဆင်းခဲ့သည်ကို နောင်တရရလောက်အောင် နှလုံးတော်ကို ကြေကွဲစေခဲ့သည်။ ဤအချက်သည် အံ့အားသင့်စရာ မဟုတ်ပါ။ လူတို့၏ လုံးလုံးဆိုးယုတ်ခြင်းနှင့် နောင်တမရှိခြင်းတို့က ဘုရားသခင်၏သဘောသဘာဝနှင့် ဆန့်ကျင်ဘက် ဖြစ်နေသည်။

ကမ္ဘာဦး ၆း၆ ကမေးခွန်းတစ်ခု ပေါ်လာစေသည်။ ဘုရားသခင် နောင်တရသည်ဆိုသည်မှာ အဘယ်နည်း။ ဖြေရှင်းချက်တစ်နည်းမှာ ဘုရားအကြောင်းကို ဖော်ပြရန် လူ့ဘာသာစကားသည် အမြဲမလုံလောက်ကြောင်းကို သိမှတ်ထားခြင်း ဖြစ်သည်။ ဤနေရာတွင် ဖော်ပြထားသည့် ရှုပ်ထွေးလှသောအဖြစ်ကို အကုန်အစင် ကျွန်ုပ်တို့ နားမလည်နိုင်သော်လည်း မိမိရှေ့တွင် မြင်နေရသော မကောင်းမှုကြောင့် ဘုရားသခင် မည်မျှ ဝမ်းနည်း၍ စိတ်ညစ်ကြောင်းကို လူ့ဘာသာစကားဖြင့် ဖော်ပြဖို့ ဘုရားသခင် နောင်တရသည်ဟူ၍ ဖော်ပြထားသည်ကိုတော့ ကျွန်ုပ်တို့ နားလည်နိုင်သည်။

ဘုရားသခင် နောင်တရသည့် ဤနေရာ၌ပင် ကမ္ဘာကြီး အဆုံးသတ်ခဲ့သင့်သော်လည်း အဆုံး မသတ်ခဲ့ပါ။ ဘာကြောင့်လဲ။ အကြောင်းမှာ၊ လူသားတို့၏ မကောင်းမှုကြောင့် ဘုရားသခင် ဝမ်းနည်းရသော်လည်း မိမိ၏သနားခြင်းမေတ္တာဖြင့် တည်ဆောက်ထားသည့် ထာဝရရှုထောင့်မှ ဘုရားသခင် ကြည့်ခဲ့သောကြောင့် ဖြစ်သည်။

ကျွန်ုပ်တို့ အလွန်ဆိုးယုတ်သော်လည်း ကျွန်ုပ်တို့နှင့် ထိုက်တန်သည့် ဖျက်ဆီးခြင်းသို့ ကျွန်ုပ်တို့ကို ဘုရားသခင် ပစ်မထားခဲ့ပါ။ လူသားတိုင်း ဘုရားသခင်၏ စံချိန်စံညွှန်းကို မမီနိုင်ကြပါ (ရောမ ၃း၂၃)။ သို့သော်၊ မိမိ၏သနားခြင်းကရုဏာဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့ မထိုက်တန်သောအရာဖြစ်သည့် ဒုတိယအခွင့်အရေးကို ပေးသနားသည်။ ကမ္ဘာဦးကျမ်း ၆ တွင် ကမ္ဘာကြီးကို ချက်ချင်း ဘုရားသခင် မဖျက်ဆီးရသည့်အကြောင်းမှာ နောဧသည် ဘုရားသခင်ရှေ့တော်၏ ကျေးဇူးတော်ကို ခံစားရရှိသောကြောင့်ဖြစ်ကြောင်း တွေ့နိုင်သည်။

ဤနေရာတွင် အသေးစိတ်က အရေးကြီးသည်။ ဘုရားသခင်၏ ကျေးဇူးတော်ကို နောဧက လုပ်ယူရရှိသည်ဟူ၍ ကျမ်းစာ၌ ဖော်ပြမထားပါ။ ဘုရားသခင်သည် ကျေးဇူးကြီးလှသောကြောင့်သာ နောဧအနေဖြင့် ကျေးဇူးတော် ရရှိခြင်း ဖြစ်သည်။ နောဧ၏ ဖြောင့်မတ်ခြင်းသည် ဘုရားသခင်၏ ကျေးဇူးတော်ကြောင့်သာဖြစ်သည်။ ပြောင်းပြန်အချိုး မကျပါ။ နောဧထံ ဘုရားသခင် ပေးထားသည့် ကျေးဇူးတော်သည် အလဟသ မဖြစ်သွားခဲ့ပါ။

ဘုရားသခင်၏ ကျေးဇူးတော်ကို မည်သည့်အခါမျှ ကျွန်ုပ်တို့ လုပ်ယူ၍ မဖြစ်နိုင်ပါ။ ဘုရားသခင်၏ သနားခြင်းကရုဏာကြောင့်သာ ၎င်းကျေးဇူးတော်ကို မထိုက်တန်ဘဲလျက် အခမဲ့ ရရှိကြသည်။

ဘုရားသခင်၏ သနားခြင်းကရုဏာ၌ မျှော်လင့်ခြင်းအလားအလာကို နောဇ တွေ့ခဲ့ခြင်း မဟုတ်ဘဲ ဘုရားသခင်၏ သနားခြင်းကရုဏာကြောင့် နောဇ၌ မျှော်လင့်ခြင်းအလားအလာ ရှိခဲ့သည်။

ဘုရားသခင်အကြောင်းကို လောကီတစ်နိုင်ငံလုံးသို့ သွားရောက်ဟောပြောသည့်အခါ ဘုရားသခင်၏ သနားခြင်းကရုဏာ မျှော်လင့်ခြင်းကို လက်တွေ့မကျသောအရာအဖြစ် ကျွန်ုပ်တို့ မဟောပြောပါ။ ဘုရားသခင်၏ အစေတော်ကို သစ္စာရှိရှိ ခံနိုင်သည့် အလားအလာရှိအောင် ဘုရားသခင်၏ သနားခြင်းကရုဏာတော်က အလုပ်လုပ်လျက်ရှိနေသည်။

အစည်းအဝေး လမ်းညွှန်

တွေ့ဆုံခြင်း (၁၀-၂၀ မိနစ်)

တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံမိတ်ဆက်စကားပြောဖို့ အချိန်သုံးပါ။ သက်သေခံခြင်း၊ ခွန်အားပေးခြင်း၊ အခွင့်အရေးများကို အတူသုံးသပ်ခြင်းနှင့် အဖွဲ့အတွက် ခွန်အားဖြစ်စေမည့် မည်သည့်အကြောင်းအရာကိုမဆို ဝေငှပြောဆိုနိုင်သည်။ ယခင်အစည်းအဝေးတွင် (အစည်းအဝေး ၆ – လိုက်လျှောက်ကျင့်သုံးခြင်း) နိုင်ငံအသီးသီးမှ အစည်းအဝေးရှိသော Advance groups ထဲမှ သင်သိသော အဖွဲ့ရှိပါသလား။ သူတို့အတွက် အတူတူ ဆုတောင်းကြပါ။

ဆုတောင်းခြင်း

အချိန်တစ်ခုလုံးကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံ၍ တွေ့ဆုံခြင်းအပိုင်းတွင် ကြားခဲ့သည့်အခြေအနေ အကောင်း၊ အဆိုးများအတွက် ဘုရားသခင်ထံ ဆုတောင်းဆက်ကပ်ပါ။

သွန်သင်ခြင်း (၄၅-၅၀ မိနစ်)

အောက်ပါသင်ခန်းစာများကို သင်နှစ်သက်သည့်နည်းဖြင့် သင်ပေးနိုင်သကဲ့သို့ တစ်လုံးမကျန် ဖတ်ပြခြင်းဖြင့်လည်း သင်ပေးနိုင်သည်။ ထို့ပြင်၊ သင်ကိုယ်တိုင် ပြင်ဆင်၍လည်း တင်ပြနိုင်သည်။

> "ထို့ကြောင့်၊ သင်တို့သည် ဘုရားသခင် ရွေးကောက်သောသူ၊ သန့်ရှင်းသောသူ၊ ချစ်အပ်သောသူကဲ့သို့ သနားစုံမက်ခြင်း၊ ကျေးဇူးပြုခြင်း၊ စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းတို့ကို ယူတင်ဝတ်ဆောင်ကြလော့"
>
> **ကောလော ၃း၁၂**

သနားကြင်နာမှုသည် လက်ခံရရှိသူတစ်ယောက်အတွက် တန်ခိုးပါ၍ ပြောင်းလဲမှုပေးသောအကျိုးသက်ရောက်မှု ရှိသည်။ လွန်ခဲ့သောနှစ်အနည်းငယ်တွင် ခရစ်ယာန်လူမှုရေး ပရဟိတအဖွဲ့များက ပါဝင်လှူဒါန်းခြင်းဖြင့် သနားကြင်နာမှုကို ပြသခဲ့ကြသည်။ တစ်သီးပုဂ္ဂလသဘောဆောင်သည့် လူမှုအသိုင်းအဝိုင်းတွင် သနားကြင်နာမှုသည် ကျွန်ုပ်တို့ လက်ဝယ်ရှိသည့် တန်ခိုးကြီးသော အရင်းအမြစ် ဖြစ်လာသည်။ သနားကြင်နာမှု ပြခြင်းက ပိတ်ထားသော တံခါးကို ပွင့်စေသည်။ အေးစက်သောနှလုံးသားကို နွေးထွေးစေသည်။ မာကြောသော စိတ်နေသဘောထားကို ပျော့စေသည်။ အသက်တာများစွာကို ပြောင်းလဲပေးသည်။

ရိုးရှင်းသော သနားကြင်နာမှုသည် လှပသော်လည်း ဤလောကသို့ ဘုရားသခင်၏ သနားကြင်နာမှုကို ထင်ရှားစေရန် ကျွန်ုပ်တို့ ပြသည့် သနားကြင်နာမှုသည် လုပ်ဆောင်မှုကို ကျော်လွန်၍ ဘုရားသခင့်နိုင်ငံတော်၏ သံတမန်များအဖြစ် ကျွန်ုပ်တို့၏ ဖြစ်တည်ခြင်းအုတ်မြစ်ကို ပြသရန် လိုအပ်သည်။ ကျွန်ုပ်တို့ဘဝ၏ အလယ်ဗဟို၌ ခရစ်တော် ရှိသည့်အခါ ဝိညာဉ်ရေးရာ သနားကြင်နာမှုတွင် ကျွန်ုပ်တို့ ကြီးထွားကြသည်။

ကျွန်ုပ်တို့ဘဝ၏ အလယ်ဗဟို၌ ယေရှုကို ထားခြင်းသည် ယေရှုကို "နှလုံးသားထဲသို့ ဖိတ်ခေါ်ခြင်း" ထက် များစွာပိုသည်။ ခရစ်တော်၏ သခင်ဖြစ်ခြင်းအောက် ဝန်ခံအပ်နှံ၍ ကျွန်ုပ်တို့ အကျင့်စာရိတ္တကို ပုံသွင်းခွင့် ပေးခြင်း ပါဝင်သည်။ ဧဝံဂေလိတရားကို တုံ့ပြန်ဖို့ အောက်ပါဖိတ်ခေါ်ချက်နှစ်ချက်ကို ဆင်ခြင်ကြည့်ပါ။

၁။ ယေရှုကို သင့်စိတ်နှလုံးထဲ လက်ခံမလား။

၂။ သင့်ဘဝတစ်ခုလုံးကို ယေရှုထံ သင်ပေးမလား။

ဆွေးနွေးပါ – ကျွန်ုပ်တို့ထံ ဘုရားသခင် တောင်းဆိုသည့်အရာကို အထက်ပါနှစ်ချက်မှ မည်သည့်အချက်က ပို၍ ပေါ်လွင်စေသနည်း။ အဘယ်ကြောင့်နည်း။

မျှော်လင့်ချက် ကင်းမဲ့စွာ အသက်ရှင်သောသူများကို မြင်ဖို့ အဝေးကြီးကို ကြည့်ဖို့ မလိုပါ။ ၎င်းသည် လူသားမျိုးနွယ်အတွက် အကြီးမားဆုံးသောအဖြစ်ဆိုးများထဲမှ တစ်ခု ဖြစ်သည်။ ကားတိုင်ထက်သို့ ကျွန်ုပ်တို့အပြစ်ကို ယေရှု ယူဆောင်သွားသည့်အခါ ဤလောက၏ မျှော်လင့်ချက် ကင်းမဲ့ခြင်းကိုလည်း ယူဆောင်သွားသည်။ ထို့ကြောင့်၊ မျှော်လင့်ချက် မရှိသကဲ့သို့ ကျွန်ုပ်တို့ အသက်ရှင်ရန် မလိုအပ်ပါ။ အံ့အားသင့်စရာ မဟုတ်လော။ သို့သော်၊ မျှော်လင့်ချက် ကင်းမဲ့မှုကို ကျွန်ုပ်တို့ တွေ့မြင်ရသေးသည်။ သင်ကိုယ်တိုင် ယနေ့ မျှော်လင့်ချက် ကင်းမဲ့သကဲ့သို့ အသက်ရှင်နေသည်လည်း ဖြစ်နိုင်သည်။ ယေရှု၏ ပေးဆပ်မှုဖြင့် ပြသခဲ့သည့် ဘုရားသခင်၏ သနားကြင်နာမှုသည် ၎င်းမျှော်လင့်ချက်မဲ့ခြင်းကို ထာဝရဖယ်ရှား၍ သာမန်ပျော်ရွှင်ခြင်းထက် ပိုသော ဝမ်းမြောက်ခြင်း မျှော်လင့်ချက်ဖြင့် အစားထိုးနိုင်သည်။

ပျော်ရွှင်ခြင်းသည် လူတိုင်းအတွက် အရေးကြီးသည်။ "အသက်၊ လွတ်လပ်မှု၊ ပျော်ရွှင်မှုကို ရှာဖွေခြင်း" ဟူ၍ လူ့အခွင့်အရေးအဖြစ် လွတ်လပ်ရေးကြေငြာချက်တွင် အမေရိကန်ပြည်ထောင်စုက ထည့်သွင်းထားသည်။ ဘဝတွင် အလိုချင်ဆုံးအရာ မည်သည့်အရာဖြစ်ကြောင်း သင့်ပတ်ဝန်းကျင်ရှိ လူတွေကို မေးကြည့်ပါ။

သူတို့၏အဖြေတွင် ပျော်ရွှင်ခြင်းထည့်ဖို့ ရာခိုင်နှုန်းမှာ အတော်များသည်။

ပျော်ရွှင်ခြင်းဆိုတာ ဘာလဲ။ ကျွန်ုပ်တို့၏ဘဝတွင် ပျော်ရွှင်ခြင်းကို မည်သို့ တိုင်းတာမည်နည်း။ လူတစ်ယောက်၏ ပျော်ရွှင်ခြင်းသည် အခြားတစ်ယောက်အတွက် ဝေဒနာလည်း ဖြစ်နိုင်သည်။ ဘောလုံးဗိုလ်လုပွဲတစ်ပွဲတွင် နောက်ဆုံးခရာမှုတ်သံကြားသည့်အခါ နှစ်ဖက်အသင်းကို ကြည့်လျှင် အလွယ်တကူ သိနိုင်သည်။ အနိုင်ယူသွားသောအသင်း၏ ပျော်ရွှင်ကြည်နူးမှုသည် ရှုံးသွားသောအသင်း၏ စိတ်ပျက်ခြင်းနှင့် ဆန့်ကျင်ဘက် ဖြစ်နေသည်။ အားလုံး ပျော်ရွှင်နိုင်သည့်ကမ္ဘာတွင် ကျွန်ုပ်တို့ အသက်ရှင်နိုင်ပါသလား။

ဆွေးနွေးပါ – သင့်ဘဝ၌ ပျော်ရွှင်မှုကို မည်သို့ တိုင်းတာမည်နည်း။ ပျော်ရွှင်ခြင်းနှင့် ပတ်သက်၍ သင်နားလည်ပုံနှင့် ယေရှုကို မသိသောသူများ နားလည်ပုံကြား ကွာခြားမှု ရှိပါသလား။

ပျော်ရွှင်ခြင်းသည် ခေတ္တခံစားချက် ဖြစ်သည်။ ဧဝံဂေလိတရားဟောပြောသည့်အခါ ခရစ်ယာန်ဖြစ်လာလျှင် ပျော်ရွှင်ခြင်း ရှာတွေ့မည်ဟူသည့် ကတိမျိုး ပေးမိဖို့ အင်မတန် လွယ်ကူသည်။ ၎င်းသည် အရောင်းအဝယ်ပြုသူများ နှစ်သက်သည့်စကား ဖြစ်သည်။ သို့သော်၊ ၎င်းသည် မမှန်ပါ။ သူတပါးကို လိမ်လည်လှည့်ဖြားခြင်းသည် သနားကြင်နာမှု ကင်းမဲ့ခြင်း ဖြစ်သည်။ ဧဝံဂေလိတရားနှင့်ဆိုင်သည် သနားကြင်နာမှုသည် ၎င်းဧဝံဂေလိတရားကို မည်မျှလှပအောင် ထုပ်ပိုးခြင်းနှင့် မဆိုင်ဘဲ ၎င်းဧဝံဂေလိတရား၏ သမ္မာတရားနှင့် မျှော်လင့်ခြင်း ဖြစ်သည်။

ကျွန်ုပ်တို့အား ပျော်ရွှင်သာယာသောဘဝကို ပေးဖို့ ယေရှု အသေမခံခဲ့ပါ။ သေခြင်းအစား အသက်ရရန် ယေရှု အသေခံခဲ့သည်။ ကျွန်ုပ်တို့ ရရှိသည့်အသက်သည် တစ်နေ့ ထာဝရကာလတွင် စုံလင်မည်ဖြစ်ပြီး ဝမ်းနည်းခြင်းမရှိ၊ နာကျင်ခြင်းလည်း ရှိမည် မဟုတ်ပါ (ယော ၁၀း၁၀၊ ဗျာ ၂၁း၄)။ သို့သော်၊ ကျွန်ုပ်တို့ သေသည့်အချိန်ထိ သို့မဟုတ် ခရစ်တော် ကြွလာသည့်အချိန်ထိ ဘုရားသခင်ကို လူတွေ ငြင်းပယ်ဖို့ ရွေးချယ်ကြသည့် မပြည့်စုံသော ဤလောကတွင် ကျွန်ုပ်တို့အသက်ရှင်သည်ဟူသည့် အရှိတရားကိုတော့ ကျွန်ုပ်တို့ လက်ခံရလိမ့်မည်။ ဝမ်းနည်းခြင်းသည် ဘဝ၏အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ သတင်းကောင်းမှာ ယေရှုသည် နက်ရှိုင်းသော မျှော်လင့်ခြင်းကို ကျွန်ုပ်တို့ထံ ပေးကမ်းသည်။

> "ထိုနည်းတူ၊ ယခုတွင် သင်တို့သည် ဝမ်းနည်းခြင်းရှိကြသော်လည်း နောက်တဖန် သင်တို့ကို ငါတွေ့မြင်သဖြင့် သင်တို့သည် စိတ်နှလုံးဝမ်းမြောက်ခြင်း ရှိကြလိမ့်မည်။ ထိုဝမ်းမြောက်ခြင်းကို အဘယ်သူမျှ လုယူဖျက်ဆီးခြင်းငှါ မတတ်နိုင်"
>
> **ယော ၁၆း၂၂**

ပြည့်ဝသော ထာဝရအသက်ကို ရနိုင်ရန် ကျွန်ုပ်တို့အတွက် ယေရှု၏အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းက လုပ်ဆောင်ပေးသည်။ ဝိညာဉ်တော်ပေးသည့် ဝမ်းမြောက်ခြင်းကို မည်သူကမျှ မခိုးယူနိုင်ပါ။ ကျွန်ုပ်တို့၏ ဝမ်းမြောက်ခြင်းသည် ပျော်ရွှင်ခြင်းနှင့် မတူပါ။ ကျွန်ုပ်တို့၏ ဝမ်းမြောက်ခြင်းသည် ဝိညာဉ်ရေးနှင့်ဆိုင်၍ ထာဝရအတွက် ဖြစ်သည်။ ၎င်းကို ရှင်ပေါလုက ဤသို့ ရှင်းပြထားသည်။

> "ထို့ကြောင့်၊ ငါတို့သည် ယုံကြည်ခြင်းရှိ၍ ဖြောင့်မတ်ရာသို့ရောက်လျှင်၊ ငါတို့ သခင်ယေရှုခရစ်အားဖြင့် ဘုရားသခင့်ရှေ့တော်၌ ငြိမ်သက်ခြင်းကို ခံစားကြ၏။ ထိုကျေးဇူးတော်ကို ခံစားရသည်အကြောင်းမှာ ယုံကြည်ခြင်းရှိ၍၊ ထိုသခင်အားဖြင့်သာ ခံစားသောအခွင့်ကို ရကြ၏။ သို့ဖြစ်၍ ဘုရားသခင်၏ဘုန်းတော်ကို မျှော်လင့်၍ ဝါကြွားဝမ်းမြောက်ခြင်း ရှိကြ၏"
>
> **ရောမ ၅း၁-၂**

နေ့စဉ်အသက်တာတွင် ဘုရားသခင်ကို မည်မျှကိုးစားသည်ဟူသည့်အချက်က ယုံကြည်ခြင်းကို ကျွန်ုပ်တို့ ဝတ်ဆင်သည်၊ မဝတ်ဆင်သည် ထင်ရှားမည်ဖြစ်ကြောင်း ရှင်ပေါလု ညွှန်းဆိုခြင်း ဖြစ်သည်။ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းသည် ခံစားချက်ထက် ကြီးမားလျှင် ဘဝကို မတူညီသောရှုထောင့်ဖြင့် ကျွန်ုပ်တို့ မြင်တတ်လိမ့်မည်။ မည်မျှပင် ဘဝခက်ခဲပါစေ အနာဂတ်နှင့် ပတ်သက်၍ ဘုရားသခင်၏ ကတိတော်၌ မျှော်လင့်ချက် ရှိသည်။ ပို၍ ဘဝအဆင်ပြေသွားသည်ဟု မဆိုလိုပါ။ ကျွန်ုပ်တို့နှင့် သူတပါး ကြုံတွေ့သည့် နာကျင်မှုများကို ပေါ့တန်သောအရာ အဖြစ် မသတ်မှတ်သည်မှာ သေချာသည်။ သို့သော်၊ အခက်ခဲဆုံးအချိန်တွင်ပင် ကျွန်ုပ်တို့၌ မျှော်လင့်ချက်ရှိသည်။ ရှင်ပေါလုက ဆက်လက်၍ –

> "ထိုမျှမက၊ ဒုက္ခဆင်းရဲခြင်းကိုခံ၍ ဝါကြွားဝမ်းမြောက်ခြင်း ရှိကြ၏။ အကြောင်းမူကား၊ ဒုက္ခဆင်းရဲခြင်းသည် သည်းခံခြင်းကို ပြုစုတတ်၏။ သည်းခံခြင်းသည်လည်း သက်သေထင်ရှားခြင်းကို ပြုစုတတ်၏။ သက်သေထင်ရှားခြင်းသည်လည်း မျှော်လင့်ခြင်းကို ပြုစုတတ်၏။ ထိုမျှော်လင့်ခြင်းသည် ရှက်ကြောက်စရာ အကြောင်းနှင့် ကင်းလွတ်၏။ အဘယ်ကြောင့်နည်းဟူမူကား၊ ငါတို့အား ပေးတော်မူသော သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်၏မေတ္တာတော်ကို ငါတို့စိတ်နှလုံးထဲသို့ ညွန်းလောင်းတော်မူ၏"
>
> **ရောမ ၅း၃-၅**

အကောင်းဘက်က မြင်သောစိတ်နေသဘောထားမျိုး ရှိခြင်းသက်သက်ကို မရည်ညွှန်းပါ။ အခြေအနေတိုင်း၌ ဘုရားသခင်ကို ကိုးစားရန် သင်ယူခြင်း ဖြစ်သည်။ အထူးသဖြင့်၊ ဘုရားသခင် အတူမပါရှိသကဲ့သို့ ထင်ရသည့်အချိန်မျိုးတွင်လည်း ကိုးစားနိုင်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူ အမြဲရှိ၍ ကျွန်ုပ်တို့ ရင်ဆိုင်တွေ့ကြုံသည့်အရာများ၌ ကျွန်ုပ်တို့၌ ရင်းနှီးမြှုပ်နှံမှု ပြုတတ်သည်။

ရောမ ၅ တွင် တွေ့ရသည့်အတိုင်း အခြေအနေတိုင်း၌ ဝမ်းမြောက်ခြင်းစိတ်ထား ထားရှိနိုင်ဖို့ အောက်ပါအချက်များက အထောက်အကူ ပြုနိုင်သည်။

- မကောင်းသောအရာ ဖြစ်ပျက်တတ်သည်။ ခက်ခဲသောအချိန် ရှိတတ်သည်။

- ဘုရားသခင်၏ အကူအညီဖြင့် ခက်ခဲမှုများကို ကျော်ဖြတ်နိုင်ပြီး သင်ခန်းစာများကို သင်ယူနိုင်သည်။
- စာရိတ္တ၌ ရင့်ကျက်ကြီးထွားလာ၍ ယေရှုကို ပိုအတုခိုးလာသည်။
- ပြီးပြည့်စုံသောကောင်းကင်အပေါ် ယုံကြည်မှု ပိုရှိလာသည်။
- ထာဝရဝမ်းမြောက်ခြင်း သိကြဖို့ သူတပါးထံလည်း ကောင်းကင်အကြောင်းကို ဝေငှဖို့ အသက်ရှင်ရသည်။
- ကျွန်ုပ်တို့ကိုယ်တိုင် တစ်ချိန်က ခံစားခဲ့သည့် နာကျင်မှုကို ဖြေရှင်းဖို့ အခွင့်ရလာသည်။

ဆွေးနွေးပါ – သင့်ကိုယ်ပိုင်အသက်တာ၌ ရောက် ၅ ရှိ အချက်များကို သင်တွေ့ပါသလား။

ကျွန်ုပ်တို့၏ မျှော်လင့်ခြင်းနှင့် ဝမ်းမြောက်ခြင်းသည် အခြေအနေ၌ မတည်ဘဲ ယေရှု၌သာ တည်သည်။ ယေရှုနှင့် အစပြု၍ ယေရှုနှင့် အဆုံးသတ်သည်။ ဤအချက်ကို ကျွန်ုပ်တို့ သိထားသည့်အခါ ကျွန်ုပ်တို့၏ဘဝ ပြောင်းလဲ၍ ကျွန်ုပ်တို့၏စိတ်နှလုံးနှင့် စိတ်နေသဘောထား ပြောင်းလဲမှုကို မြင်တွေ့သည့် ပတ်ဝန်းကျင်လူများအပေါ်လည်း အကျိုးသက်ရောက်မှုရှိသည်။

ဘုရားသခင်၏ သနားကြင်နာမှုနှင့် ခရစ်တော်၌ ရှိသည့် မျှော်လင့်ခြင်းအကြောင်းကို နှုတ်လျှာနှင့် အသက်တာဖြင့် ထင်ရှားစေသည့်အခါ ဝမ်းမြောက်ခြင်း ရှိလာသည်။ ဘဝကဲ့သို့ပင် ဧဝံဂေလိတရားဟောပြောခြင်းသည်လည်း စိန်ခေါ်မှုများနှင့် ပြည့်နေသည်။ ဧဝံဂေလိတရား ပေးသည့် ဝမ်းမြောက်ခြင်းက ကျွန်ုပ်တို့ကို ဆက်လျှောက်နိုင်ရန် ခွန်အားပေးသည်။

ဆွေးနွေးခြင်း (၁၅ မိနစ်)

၁။ ဤလောကသို့ ကျေးဇူးတော်နှင့် သနားကြင်နာမှုကို ကျွန်ုပ်တို့ မည်သို့ ထင်ရှားစေနိုင်သနည်း။

၂။ ယနေ့ ဤလောကသို့ ကောင်းကင် ယူဆောင်ခြင်းသည် မည်သည့်အရာကို ဆိုလိုသည်ဟု သင်ထင်သနည်း။

၃။ ခရစ်တော်နှင့်အတူ လျှောက်လှမ်းသောဘဝအကြောင်းကို ရှင်းပြသည့်အခါ ကျွန်ုပ်တို့၏သက်သေခံချက်တွင် ဝမ်းမြောက်ခြင်းက မည်သည့်အပိုင်းကဏ္ဍတွင် ပါဝင်သနည်း။

> “ခရစ်ယာန်ကျင့်ဝတ်နှင့် သက်ဆိုင်၍ အင်မတန် အရေးကြီး၍ အကျိုးသက်ရောက်မှုရှိသော အချက်တစ်ချက် ရှိသည်။ ပစ္စုပ္ပန်ကာလ၌ ခရစ်ယာန်တို့၏ လုပ်ဆောင်မှုသည် အရေးမကြီးသည့် ပုံပေါ်သည်ဖြစ်စေ၊ လောကီအောင်မြင်ခြင်းကို တန်ဖိုးထားသောသူများအတွက် အဓိပ္ပာယ်မရှိသကဲ့သို့ ထင်ရသည်ဖြစ်စေ ထွန်းကား၍ ကျယ်ပြန့်နေသည့် ဘုရားသခင့်နိုင်ငံတော်၌ တည်ဆောက်လျက် ရှိနေသည်”
>
> **ဖလဲမိန်းရုလဲချ်**

လိုက်လျှောက်ကျင့်သုံးခြင်း (၅ မိနစ်)

သင့်ကိုယ်ပိုင်သက်သေခံချက်ကို တစ်ချက် ပြန်ကြည့်ပါ။ သင့်ဘဝ၌ ဘုရားသခင် လုပ်ဆောင်သည့်အမှုကို ဖော်ပြရာတွင် ဘုရားသခင် ပေးသည့် ဝမ်းမြောက်ခြင်းအကြောင်းကို သင်မည်သို့ ထင်ရှားစေသည်ကို ပြန်ဆင်ခြင်ပါ။ တစ်ချိန်က သင်မည်သည့် လူစားမျိုးဖြစ်ကြောင်း ရှင်းပြရန် မည်မျှ အချိန်သုံး၍ ယခု သင် မည်သည့်လူစားမျိုး ဖြစ်လာကြောင်း ရှင်းပြရန် မည်မျှ အချိန်သုံးသနည်း။ သင့်သက်သေခံချက်၌ မည်သူက ဘုန်းထင်ရှားသနည်း။ သင့်အတိတ်လော။ သင်ကိုယ်တိုင်လော။ သို့မဟုတ် သင့်အရှင်ဘုရင်လော။

ဆုတောင်းခြင်း

“ခမည်းတော် ဘုရား … ကိုယ်တော့်ထံမှ ရရှိသည့် ကျေးဇူးတော်ကြောင့် ကိုယ် မထိုက်တန်မှန်း သိမြင်လာပါ၏။ ကိုယ်တော့်ကျေးဇူးတော်ကို တန်ဖိုးမထားခဲ့သည့်အချိန်အတွက် ခွင့်လွှတ်တော်မူပါ။ ကျွန်ုပ်တို့ ပတ်ဝန်းကျင်ရှိ လောကီသားများထံ ကိုယ်တော့်ကျေးဇူးတော်ကို ထင်ရှားစေဖို့ ကိုယ်တော့်ဝိညာဉ်တော်ဖြင့် ကျွန်ုပ်တို့ကို မစတော်မူပါ။ အရှင်ယေရှု… ကိုယ်တော့် သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းကြောင့် အနာဂတ်အတွက် မျှော်လင့်ခြင်းရရှိသည့်အပြင် နှလုံးသားထဲ၌ ထာဝရဝမ်းမြောက်ခြင်း ပိုင်ဆိုင်ခွင့်ရသောကြောင့် ကျေးဇူးတော် ချီးမွမ်းပါ၏။ ကိုယ်တော့်၏ ဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့၏ အစွမ်းခွန်အား ဖြစ်ပါစေ။ ကျွန်ုပ်တို့၏ ဖြစ်တည်ခြင်းတစ်ခုလုံး၊ လုပ်ဆောင်မှုတစ်ခုလုံးအပေါ် သက်ရောက်မှု ရှိပါစေ။”

တာဝန်ခံမှု ရှိခြင်း (၂၅ မိနစ်)

တာဝန်ခံမှုရှိခြင်းဖောင်ကို နှစ်ယောက်တစ်တွဲဖြင့်ဖြစ်စေ၊ အဖွဲ့ငယ်လိုက်ဖြစ်စေ ပြည့်စုံအောင် ဖြည့်၍ အချင်း ချင်းအတွက် ဆုတောင်းကြပါ။

မမေ့ပါနှင့် …

advancegroups.org/blog ရှိ ‘How I Came To Faith’ စီးရီးတွင် ခွန်အားရယူနိုင်သည့် သက်သေခံချက်များကို သင်ဝင်ရောက်ဖတ်ရှုနိုင်သည်။ Advance သည် သက်သေခံချက် အဓိထားသည့် လှုပ်ရှားမှုဖြစ်၍ လူပုဂ္ဂိုလ်တို့၏ အသက်တာနှင့် သူတို့အားဖြင့် ဘုရားသခင် လုပ်ဆောင်သည့်အမှုများကို ကျွန်ုပ်တို့ ကြားသိရသည်ကို နှစ်သက်သည်။ သင့်အကြောင်းကိုလည်း advancegroups.org/stories တွင် ပေးပို့နိုင်သည်။

မှတ်စုများ

အစည်းအဝေး ၈

ရန်သူဘက်မှ စိန်ခေါ်မှု - သွေးဆောင်ခြင်းနှင့် စွပ်စွဲခြင်း

လောကဘက်နှင့် ရန်သူဘက်မှ သွေးဆောင်ခြင်းနှင့် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို ဖျက်ဆီး၍ စိတ်ပျက်အောင် ပြုလုပ်မည့် စိန်ခေါ်မှုကို ဤအစည်းအဝေးတွင် လေ့လာသွားမည်။ သန့်ရှင်းသော သံတမန်များအဖြစ် ဤလောကသို့ ဧဝံဂေလိတရားကို သယ်ဆောင်နိုင်ရန် သွေးဆောင်ခြင်းကို သစ္စာရှိခြင်းဖြင့် မည်သို့ တုံ့ပြန်နိုင်၍ စွပ်စွဲမှုများကို မည်သို့ တိုက်လှန်ရမည်နည်း။

အစည်းအဝေးကို ဝါကျတစ်ကြောင်းဖြင့် အကျဉ်းချုပ်ခြင်း
စာတန်သည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို ဖျက်ဆီး၍ ကျွန်ုပ်တို့၏သက်သေခံချက်ကို ပြိုပျက်စေလိုသည့်ဆန္ဒ ရှိသော်လည်း ကျွန်ုပ်တို့သည် ဘုရားသခင်၌ အောင်နိုင်သောသူများ ဖြစ်ကြသည့်အပြင် ရန်သူ၏ စိန်ခေါ်မှုများနှင့် ကျွန်ုပ်တို့၏ အားနည်းချက်များကို အနိုင်ယူနိုင်ရန် ကောင်းကင်ထံမှ တန်ခိုးကိုကျွန်ုပ်တို့ ရရှိကြသည်။

အစည်းအဝေး နောက်ကြောင်း
စာတန်ဟူသည့်အမည်သည် စွပ်စွဲသူ သို့မဟုတ် ရန်သူဟူသည့် အဓိပ္ပာယ်ရသော ဟေဗြဲစကားလုံးကို အက္ခရာ ဖလှယ်ထားခြင်း ဖြစ်သည်။ စာတန်၏ စွပ်စွဲမှုသည် ကြိုးကိုင်ခြယ်လှယ်ခြင်းနှင့် သမ္မာတရားကို ရှုတ်ချခြင်းဟူ၍ ပုံစံနှစ်မျိုး ရှိသည်။

သမ္မာတရားအပေါ် ကျွန်ုပ်တို့၏ နားလည်မှုကို စာတန်က မိမိ၏လိမ်လည်လှည့်ဖြားမှုဖြင့် ကြိုးကိုင်ခြယ်လှယ်လိုသည်။ ဘုရားသခင်ကို သိခြင်း၌ အမြစ်တွယ်သည့် လုံခြုံမှုမှ ကျွန်ုပ်တို့ကို သံသယနှင့် မကိုးစားခြင်းဟူသည့် မလုံခြုံမှုသို့ ခေါ်ဆောင်ရန် ကျွန်ုပ်တို့၏ခံစားချက်ကို တိုက်ခိုက်လာလိမ့်မည်။ သင့်ဆုတောင်းချက် အဖြေ မရခဲ့သည့်အချိန်ကို ပြန်စဉ်းစားကြည့်ပါ။ ဆုတောင်းချက် အဖြေ မရရသည့်အကြောင်းမှာ ဘုရားသခင်သည် မကိုးစားထိုက်သောကြောင့် ဖြစ်သည်ဟူ၍လည်းကောင်း၊ ဘုရားသခင် အမှန်တကယ် မတည်ရှိသောကြောင့်ဖြစ်သည်ဟူ၍လည်းကောင်း သင့်နားထဲတွင် စာတန်က စကားလာပြောလိမ့်မည်။

ထို့ပြင်၊ စာတန်သည် ကျွန်ုပ်တို့၏ ကျရှုံးခြင်းအရှိတရားကို အသုံးပြု၍ ရှုတ်ချခြင်းကို ယူဆောင်လာလိမ့်မည်။ ဤနေရာတွင် စာတန်မှန်သည်ဟု ဆိုနိုင်သည်။ အကြောင်းမှာ၊ ကျွန်ုပ်တို့သည် ပစ်မှတ်ကို လွဲ၍ ဘုရားသခင် ချမှတ်ထားသည့် စုံလင်သော စံချိန်စံညွှန်းကို လိုက်မမီနိုင်ကြပါ။ သို့သော်၊ စာတန်သည် ကျွန်ုပ်တို့၏ ကျရှုံးမှုများတွင် ဘုရားသခင်၏ ကျေးဇူးတော်ကို မမြင်နိုင်အောင် အရှက်တရားဖြင့် ကျွန်ုပ်တို့ကို ကြိုးကိုင်ခြယ်လှယ်လိမ့်မည်။ ခရစ်တော်၌ ရှိသောသူများအတွက် အပြစ်စီရင်ခြင်း မရှိတော့ကြောင်းကို ကျွန်ုပ်တို့အား စာတန်က မေ့လျော့စေလိုသည် (ရောမ ၈:၁)။

ခွင့်လွှတ်ခြင်း စီမံကိန်း (The Forgiveness Project) စာအုပ်ကို ရေးသားသူ မာရီယာကန်တာကူဇီနို (Marina Cantacuzino) က ခွင့်လွှတ်ခြင်းက မည်သို့မည်ပုံဖြစ်ကြောင်းကို တိတိကျကျ ရေးသားဖို့ ခက်ခဲကြောင်း အောက်ပါအတိုင်း ရေးသားခဲ့သည်။

> "သေသေချာချာ ကျွန်မ ပြောနိုင်သည့်အရာမှာ ခွင့်လွှတ်ခြင်းသည် အသေမဟုတ်ဘဲ အမြဲလှုပ်ရှား၍ တစ်ရက်ပြီးတစ်ရက်၊ တစ်နာရီပြီးတစ်နာရီ အပြောင်းအလဲ ရှိနိုင်သည်။ မနက်အိပ်ရာနိုးချိန်တွင် သင့်စိတ် ကြည်လင်သည်၊ မကြည်လင်သည်နှင့် တစ်နေ့တာလုံး မိမိရင်ဆိုင်ရသည့်အပေါ် မူတည်သည်။"
>
> **မာရီယာကန်တာကူဇီနို**

ခွင့်လွှတ်ခြင်းနှင့်ဆိုင်သည့် ရှုပ်ထွေးလှသော လူ့အတွေ့အကြုံများနှင့် ကစားရသည်ကို စာတန် နှစ်သက်တတ်သည်။ ဘုရားသခင်၏ ခွင့်လွှတ်ခြင်းသည် ကျွန်ုပ်တို့၏ခွင့်လွှတ်ခြင်းကဲ့သို့ အပြောင်းအလဲမြန်၍ ခံစားချက်အပေါ် မူတည်သည်ဟူ၍ ကျွန်ုပ်တို့ကို စာတန် ယုံကြည်စေချင်သည်။ သို့သော်၊ ၎င်းသည် မမှန်ပါ။ ကျေးဇူးတော်ကို အမှန်ကတယ် ရှာသောသူများကို ခွင့်လွှတ်ရန် ဘုရားသခင်သည် သစ္စာရှိသောဘုရား ဖြစ်သည် (၁ ယော ၁:၉)။ ကျွန်ုပ်တို့၏ခွင့်လွှတ်ခြင်းသည် ပြည့်စုံသော ဘုရားသခင်၏ ခွင့်လွှတ်ခြင်းမှ စီးဆင်းလာသည်။

> "ခွင့်လွှတ်ခြင်းက စိတ်ဝိညာဉ်ကို လွတ်လပ်စေသကဲ့သို့ ကြောက်ရွံ့မှုကို ဖယ်ရှားပေးသည်။ ထို့ကြောင့်၊ ခွင့်လွှတ်ခြင်းသည် အလွန်အစွမ်းထက်သောလက်နက်တစ်ခု ဖြစ်သည်။"
>
> **နယ်လ်ဆန်မန်ဒယ်လာ**

ခွင့်လွှတ်ခြင်း၌ အစမ်းတန်ခိုးရှိသည်။ ခွင့်လွှတ်ခြင်း၏ အကြီးမားဆုံးသော အစွမ်းတန်ခိုးမှာ ဘုရားသခင်ထံမှ ဦးစွာ ရရှိခဲ့သည့် ခွင့်လွှတ်ခြင်းနှင့်ကျေးဇူးတော်ကိုထင်ရှားစေသည်ဟူသည့်အချက်ဖြစ်သည်။ သူတပါးကို မခွင့်လွှတ်နိုင်လျှင် ကျွန်ုပ်တို့ကိုယ်တိုင် ခွင့်လွှတ်ခြင်း မခံရသေးကြောင်း ထင်ရှားစေသည်ဟု ယေရှု မိန့်တော်မူခဲ့သည် (မဿဲ ၁၈း၂၁-၃၅)။ ခွင့်လွှတ်ခြင်း ခံရသောသူတို့သည် သူတပါးကို ခွင့်လွှတ်နိုင်သည်။

ကျွန်ုပ်တို့၏ယုံကြည်ခြင်းကိုဖျက်ဆီးလိုသည့် တန်ခိုးရှိသောရန်သူကို ကျွန်ုပ်တို့ ရင်ဆိုင်နေရသည်။ သို့သော်၊ ကျေးဇူးတော်ကြောင့် ကျွန်ုပ်တို့ကို မိမိ၏ချစ်ခြင်းမေတ္တာတော်ထဲ၌ ထား၍ စာတန်၏ စွပ်စွဲချက်များနှင့်ကြိုးကိုင်ခြယ်လှယ်မှုများကိုတုံ့ပြန်နိုင်ရန် လိုအပ်သည့်အရာအားလုံးကို ပေးသနားတော်မူသော အရာခပ်သိမ်းကို ဖန်ဆင်းသည့် အနန္တတန်ခိုးရှင် ဘုရားသခင်၏ အစေတော်ကို ကျွန်ုပ်တို့ ခံကြသည်။

ကျွန်ုပ်တို့သည် တန်ခိုးကြီး၍ မပြောင်းလဲနိုင်သော ဘုရားသခင်၏ နှုတ်တော်ထွက်ဖြင့် စာတန်၏ လိမ်လည်မှုများကို တုံ့ပြန်ကြသည်။ သစ္စာရှိသော ဘုရားသခင်၏ ခွင့်လွှတ်ခြင်းဖြင့် စာတန်၏ အကြံအစည်များကို ဖျက်ဆီးနိုင်သည်။ ကျွန်ုပ်တို့အထဲ၌ ရှိသောသူသည် လောကဘက်၌ရှိသောသူထက် သာ၍ ကြီးသောကြောင့် ကျွန်ုပ်တို့ ဝမ်းမြောက်နိုင်သည် (၁ ယော ၄း၄)။

အစည်းအဝေး လမ်းညွှန်

တွေ့ဆုံခြင်း (၁၀-၂၀ မိနစ်)

တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံမိတ်ဆက်စကားပြောဖို့ အချိန်သုံးပါ။ သက်သေခံခြင်း၊ ခွန်အားပေးခြင်း၊ အခွင့်အရေးများကို အတူသုံးသပ်ခြင်းနှင့် အဖွဲ့အတွက် ခွန်အားဖြစ်စေမည့် မည်သည့်အကြောင်းအရာကိုမဆို ဝေမျှပြောဆိုနိုင်သည်။ အဖွဲ့ငယ်ဖြစ်လျှင် နောက်ဆုံးတွေ့ဆုံခဲ့သည့် အစည်းအဝေးမှစပြီး မိမိအောင်မြင်ကျော်လွှားခဲ့သည့်အရာတစ်ချက်နှင့် ကျရှုံးခဲ့သည့်အရာတစ်ချက်ကို တစ်ယောက်ချင်းစီ ဝေမျှပါ။ အဖွဲ့ကြီးလျှင် သက်သေခံရန် လူလေးယောက် သို့မဟုတ် ငါးယောက်ကို ဖိတ်ခေါ်ပါ။

ဆုတောင်းခြင်း

အချိန်တစ်ခုလုံးကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံ၍ တွေ့ဆုံခြင်းအပိုင်းတွင် ကြားခဲ့သည့်အခြေအနေ အကောင်း၊ အဆိုးများအတွက် ဘုရားသခင်ထံ ဆုတောင်းဆက်ကပ်ပါ။

သွန်သင်ခြင်းနှင့် ဆွေးနွေးခြင်း (၆၀ မိနစ်)

ဤသွန်သင်ခြင်းအပိုင်းတွင် ဆွေးနွေးခြင်းလည်း များစွာ ပါဝင်မည်။ အောက်ပါသင်ခန်းစာများကို သင်နှစ်သက် သည့်နည်းဖြင့် သင်ပေးနိုင်သကဲ့သို့ တစ်လုံးမကျန် ဖတ်ပြခြင်းဖြင့်လည်း သင်ပေးနိုင်သည်။ ထို့ပြင်၊ သင်ကိုယ်တိုင် ပြင်ဆင်၍လည်း တင်ပြနိုင်သည်။

> "လူ၌ဖြစ်တတ်သော စုံစမ်းနှောင့်ယှက်ခြင်းကိုသာ သင်တို့သည် ခံရကြ၏။ ဘုရားသခင်သည် သစ္စာနှင့် ပြည့်စုံတော်မူသည်ဖြစ်၍၊ သင်တို့ မခံနိုင်သော စုံစမ်းနှောင့်ယှက်ခြင်းကို သင်တို့၌ ရောက်စိမ့်သောငှာ အခွင့်ပေးတော်မမူ။ သင်တို့သည် ခံနိုင်မည်အကြောင်း စုံစမ်းနှောင့်ယှက်ခြင်းအရာနှင့်တကွ၊ ထွက်မြောက်သောလမ်းကိုလည်း စီရင်ပြုပြင်တော်မူလိမ့်မည်။"
>
> **၁ ကော ၁၀း၁၃**

ဘုရားသခင်သည် မသွေးဆောင်တတ်ပါ။ သွေးဆောင်ခြင်းသည် စာတန်၏ ကစားကွင်း ဖြစ်သည် (ယာကုပ် ၁း၁၃-၁၅)။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို သိဖို့ မဟုတ်ဘဲ ကျွန်ုပ်တို့ သင်ယူပြီး တစ်ဖြည်းဖြည်း ရင့်ကျက်ကြီးထွားလာရန် ကျွန်ုပ်တို့ကို စစ်ကြောစုံစမ်းတတ်သည်။ ခြားနားမှုမှာ ဤသို့ ဖြစ်သည်။ စာတန် သွေးဆောင်သည့်အခါ သူ၏ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ကျရှုံးဖို့ ဖြစ်ပြီး ဘုရားသခင် စစ်ကြောစုံစမ်းသည့်အခါ ကျွန်ုပ်တို့ အောင်မြင်ဖို့ မျှော်လင့်တတ်သည်။ နည်းဗျူဟာနှင့် စိတ်ရင်းသဘောထားချင်း မတူကြပါ။ တိုက်ပွဲတစ်ပွဲ၏ တစ်ဝက်မှာ မိမိသည် တိုက်ပွဲတွင် ရောက်နေကြောင်းကို သိခြင်း ဖြစ်သည်။ ကျန်တစ်ဝက်မှာ တန်ပြန်တိုက်လှန်ခြင်း ဖြစ်သည်။ သွေးဆောင်ခြင်းကို တုံ့ပြန်ခြင်းနှင့် အနိုင်ယူဖို့မျှော်လင့်ချက်တစ်ခုလုံးသည် ဘုရားသခင်အပေါ်၌သာ မူတည်ကြောင်း ၁ ကော တွင် ရှင်ပေါလု သတိပေးထားသည်။

ယေဘုယျအားဖြင့် ကျွန်ုပ်တို့၏အသက်တာတွင် သွေးဆောင်ခြင်းခံရသည့်နယ်ပယ်သုံးမျိုး ရှိသည်။ ၎င်းတို့မှာ၊ လောက၊ ကိုယ်ကာယနှင့် ရန်သူ။ အားလုံးကို အနိုင်ယူနိုင်ရန် ကျွန်ုပ်တို့ကို ဘုရားသခင် ပြင်ဆင်၍ တန်ခိုး ပေးထားသည်။

လောက - အပြင်ဘက်၌ရှိသော တိုက်ပွဲ

လောကသည် အင်မတန် ဆွဲဆောင်မှုရှိသော နေရာ ဖြစ်သည်။ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းနှင့် ဆန့်ကျင်ဘက် မဖြစ်သော ရတနာများနှင့် ပျော်ရွှင်စရာများစွာ ဤလောကတွင် ရှိသည်။ ထိုနည်းတူ၊ ကျွန်ုပ်တို့၏အသက်တာတွင် ခရစ်တော်ကို အရှင်ဘုရင်အဖြစ်မှ နှင်ထုတ်နိုင်သည့် အရာများစွာလည်း ရှိသည်။ ၎င်းတို့သည် ကျွန်ုပ်တို့အတွက် အလွန်အမင်း အရေးကြီးသကဲ့သို့ ဖြစ်လာကြသည်။ သို့မဟုတ် မကောင်းသောအရာသို့ ခေါ်ဆောင်သည်။ ကျွန်ုပ်တို့သည် လောကအပျော်အပါးများနောက်သို့ အလွန်အကျူး လိုက်သွားသည့်အခါ မိမိကိုမိမိ ချီးမြှောက်လာလိမ့်မည်။ သို့သော်၊ ဘုရားသခင်သည် သက်စမ်းရေကို သောက်၍ သူ့ကို ချီးမြှောက်ရန် ကျွန်ုပ်တို့ကို ခေါ်သည် (ယော ၄း၁၄)။

ကိုယ်ကာယ - အတွင်းဘက်၌ရှိသော တိုက်ပွဲ

ဤပျက်ဆီးသောကမ္ဘာတွင် ကျွန်ုပ်တို့သည် ပျက်ဆီးယိုယွင်းသည့် ကိုယ်ခန္ဓာကို တိုက်လှန်နေရသည်။ ကျွန်ုပ်တို့ကိုယ်ခန္ဓာ၏ အကျင့်များမှာ သူ့မယားကိုပြစ်မှားခြင်း၊ မတရားသောမေထုန်၌ မှီဝဲခြင်း၊ ညစ်ညူးစွာကျင့်ခြင်း၊ ကိလေသာ လွန်ကျူးခြင်း၊ ရုပ်တုကိုကိုးကွယ်ခြင်း၊ သူတစ်ပါးကိုပြုစားခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ရန်တွေ့ခြင်း၊ ဂုဏ်ပြိုင်ခြင်း၊ အမျက်ထွက်ခြင်း၊ ငြင်းခုန်ခြင်း၊ အချင်းချင်းကွဲပြားခြင်း၊ သင်းခွဲခြင်း၊ သူ့အကျိုးကိုငြူစူခြင်း၊ လူအသက်ကိုသတ်ခြင်း၊ ယစ်မျိုးကို သောက်ကြူးခြင်း၊ ပွဲလုပ်ခြင်းစသည်တို့ ဖြစ်ကြောင်း ရှင်ပေါလု ရေးသားထားသည် (ဂလာတိ ၅း၁၉-၂၁)။ အလွန်များသောအချက်များပင် မဟုတ်လော။

ဤအချက်များသည် ဤနှစ် Advance တွင် လေ့လာသည့် ဝိညာဉ်တော်၏အသီးနှင့် ဆန့်ကျင်ဘက် ဖြစ်ကြသည်။ ဝိညာဉ်တော်ဖြင့် အသက်ရှင်ခြင်းသည် ကျွန်ုပ်တို့အပြစ်များ၏ စိန်ခေါ်မှုကို အနိုင်ယူနည်းဖြစ်ကြောင်း ရှင်ပေါလု ရေးသားသည်။ ကျွန်ုပ်တို့၏ဘဝကို ဘုရားသခင်၏ဝိညာဉ်တော်ကို လုံးလုံး ထိန်းချုပ်ခွင့် ပေးလိုက်သည့်အခါ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်းတို့ ရှိလာလိမ့်မည် (ဂလာတိ ၅း၂၂-၂၃)။

> **ဆွေးနွေးပါ** - လောကနှင့် ကိုယ်ကာယဘက်မှ ရောက်လာသည့် သွေးဆောင်ခြင်းတွင် မည်သည့်အပိုင်းကို အနိုင်ယူရန် ခက်ခဲသည်ဟု သင်မြင်သနည်း။ ထိုအပိုင်းများတွင် ရင့်ကျက်ကြီးထွားခြင်း သို့မဟုတ် အနိုင်ယူခြင်းကို တွေ့မြင်ပါသလား။

ရန်သူ - ဝိညာဉ်ရေးရာ တိုက်ပွဲ

ဤသွေးဆောင်ခြင်းအပိုင်းတစ်ပိုင်းစီကို ဆွေးနွေးနိုင်သကဲ့သို့ အကုန်လုံး သွန်သင်ပြီးမှ မေးခွန်းများနှင့်အတူ အဆုံးသတ်ပိုင်းတွင် ဆွေးနွေးဖို့ အချိန်ယူနိုင်သည်။

ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို စာတန် မုန်းတီးသည်။ ယုံကြည်ခြင်းကြောင့် သူ့ကို ကိုးကွယ်မည့်အစား ဘုရားသခင်အား ကျွန်ုပ်တို့ ကိုးကွယ်သည်ကို စာတန် မုန်းတီးသည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို ဖျက်ဆီးဖို့ သူတတ်နိုင်သလောက် လုပ်လိမ့်မည်။ စာတန်သည် ကျွန်ုပ်တို့၏ငွေကြေး၊ ကျန်းမာရေး၊ မိသားစု၊ အလုပ်အကိုင်အပါအဝင် မည်သည့်အရာကိုမျှ စိတ်မဝင်စားသော်လည်း ကျွန်ုပ်တို့ ပျက်ဆီးဖို့ ၎င်းတို့ကို ကြိုးကိုင်ခြယ်လှယ်၍ ကျွန်ုပ်တို့ကို တိုက်ခိုက်ရန် အသုံးပြုလိမ့်မည် (ယော ၁၀း၁၀)။ ကျွန်ုပ်တို့ကို စာတန် တိုက်ခိုက်နည့် နည်းအချို့နှင့် ကျွန်ုပ်တို့ တုံ့ပြန်နိုင်သည့်နည်းများကို အောက်တွင် ဖော်ပြထားသည်။

စာတန်သည် ကျွန်ုပ်တို့ထံ မုသားပြောလိမ့်မည် - သမ္မာတရားကို သိထားပါ

စာတန်သည် လိမ်ညာသူ ဖြစ်သည်။ ကျွန်ုပ်တို့အတွက် ဘုရားရည်ရွယ်သည့် ဘဝမှ လမ်းလွှဲစေပြီး ပျက်စီးခြင်းနှင့် သေခြင်းသို့ ဦးတည်စေရန် စာတန်သည် သူ၏မုသားများကို အသုံးပြုသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော် အုတ်မြစ်အပေါ်၌ ယုံကြည်ခြင်းကို ကျွန်ုပ်တို့ တည်ဆောက်ရမည်။ ပညာရှိသည် မိမိအိမ်ကို ကျောက်ပေါ်၌ ဆောက်သော်လည်း လူမိုက်သည် သဲပေါ်၌ ဆောက်သည် (မဿဲ ၇း၂၄-၂၇)။ ကျွန်ုပ်တို့ထံ ရောက်လာသည့် မုန်းတိုင်းဖြင့် ကျွန်ုပ်တို့နှင့် ဘုရားသခင်ကြား ဆက်ဆံရေးကို ဖျက်ဆီးရန် ခိုင်မာသောအုတ်မြစ်မှ မခိုင်သောအုတ်မြစ်သို့ ကျွန်ုပ်တို့၏အိမ်ကို တွန်းပို့ရန် စွပ်စွဲတတ်သည်။

စာတန်၏မုသားကို သတိထားမိ၍ တွန်းလှန်နိုင်ရန် ကျွန်ုပ်တို့၏ စိတ်နှလုံးထဲ၌ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သိမ်းထားရမည်။ သမ္မာကျမ်းစာကို ဖတ်ရှုခြင်းသည် အရေးကြီးသကဲ့သို့ အလွတ်ကျက်ခြင်းသည်လည်း အရေးကြီးသည်။ ကျွန်ုပ်တို့ကို မုသားဖြင့် ရှုပ်ထွေးအောင် ပြုလုပ်ဖို့ စာတန်၏ ကြိုးပမ်းမှုကို တုံ့ပြန်ရန် ဘုရားသခင်၏ သမ္မာတရားကို စိတ်နှလုံးထဲ၌ သိထားခြင်းသည် အင်တန်အစွမ်းရှိသောနည်း ဖြစ်သည် (ဆာလံ ၁၁၉း၁၁)။

ကျွန်ုပ်တို့ တစ်ယောက်တည်းရှိသည့်အချိန်ကို စာတန် အသုံးချသည် - အပေါင်းအသင်းကို ဦးစားပေးပါ

ယေရှုကို ထိပ်တိုက်ရင်ဆိုင်ရန် သဲကန္တာရထဲတွင် ရက်လေးဆယ်လုံးလုံး ၊ယေရှုတစ်ယောက်တည်း ရှိသည့်အချိန် ယေရှုကို စာတန် ထိပ်တိုက်ရင်ဆိုင်ခဲ့သည်မှာ မတော်တဆ မဟုတ်ပါ (မဿဲ ၄း၁-၁၁)။ ကျွန်ုပ်တို့ တစ်ယောက်တည်း ရှိသည့်အချိန်တွင် စာတန်က ကျွန်ုပ်တို့ကို အကြီးမားဆုံး တိုက်ခိုက်တတ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်အပေါ် ခိုင်ခိုင်မာမာ ရပ်တည်ခြင်းဖြင့် စာတန်ကို ယေရှု တုံ့ပြန်ခဲ့သကဲ့သို့ ကျွန်ုပ်တို့လည်း တုံ့ပြန်နိုင်သည်။ သို့သော်၊ တစ်ယောက်တည်း ရှိသည့်အချိန်တွင် ပို၍ သတိထားရပေမည်။ ထို့ကြောင့်၊ မိတ်သဟာယဖွဲ့ခြင်းကို ဦးစားပေးရမည်။ တစ်ယောက်တည်းရှိချိန်တွင် စာတန်၏တိုက်ခိုက်မှုကို တွန်းလှန်ရန်နည်းတစ်နည်းမှာ သူငယ်ချင်းနှင့် စာအပြန်အလှန်ပေးပို့ခြင်း၊ သို့မဟုတ် တစ်နည်းမဟုတ်တစ်နည်းဖြင့် သူငယ်ချင်းများနှင့် ချိတ်ဆက်ခြင်း ဖြစ်သည်။

ကျွန်ုပ်တို့ အရှက်ကွဲဖို့ စာတန် အားပေးလိမ့်မည် - တာဝန်ခံမှုရှိ၍ ဘုရားသခင်၏ ကျေးဇူးတော်ကို ကိုးစားပါ

စာတန်သည် မုသားအရှင်ဖြစ်သော်လည်း အမှန်တရားအချို့ကိုလည်း အကွက်ကျကျ အသုံးပြုချိန်လည်း ရှိသည်။ ကျွန်ုပ်တို့၏အပြစ်များနှင့် ကျရှုံးမှုများကို သိမြင်စေပြီး စိတ်ပျက်ပြီး အရှုံးပေးရန် ကျွန်ုပ်တို့ကို ထောင်ချောက်ဆင် ဖမ်းလိုသည်။ အမှန်တရားကို မုသားဖြင့် ရောလိမ့်မည်။ ကျွန်ုပ်တို့ ပြုမိမှားမိခဲ့သည့် အဖြစ်မှန်နှင့် ခွင့်လွှတ်ခြင်း မရှိဟူသည့်မုသားကို ရောလိမ့်မည်။ ကျွန်ုပ်တို့၏အပြစ်ကို ယူ၍ မုသားများနှင့် ရောကာ ကျွန်ုပ်တို့ အရှက်ကွဲပြီး ရှုတ်ချစရာဖြစ်အောင် ကြိုးကိုင်ခြယ်လှယ်သွားလိမ့်မည်။

မလွတ်နိုင်သည့်ကျိန်ခြင်းအောက်တွင် ကျွန်ုပ်တို့ကို စာတန် ပို့လိုသော်လည်း အပြစ်ကျိန်ခြင်း၊ ရှက်ကြောက်ခြင်းနှင့် သေခြင်းတို့ကို ယေရှု ဖြေရှင်းခဲ့ပြီး ဖြစ်သည်။ ခရစ်တော်၏ အသွေးတော်သည် ကျွန်ုပ်တို့ စင်ကြယ်အောင် ဆေးကြော၍ အသက်ပေးတော်မူခဲ့သည် (ရောမ ၅း၉)။ အပြစ်စီရင်ခြင်းလည်း မရှိတော့ပါ (ရောမ

စး၁)။ ခရစ်တော်၌ ရှိသောသူတိုင်းသည် သန့်ရှင်းသောဝိညာဉ်လက်ဆောင်ကို ရရှိကြသည်။ စာတန်ကဲ့သို့ မဟုတ်ဘဲ ဝိညာဉ်တော်က ကျွန်ုပ်တို့၏အပြစ်ကို ထင်ရှားစေသည့်အခါ ရှက်ကြောက်စေဖို့ မဟုတ်၊ နောင်တရဖို့ ဖြစ်သည်။ ယုံကြည်ရသည့်မိတ်ဆွေများဖြင့် သန့်ရှင်းသောဝိညာဉ်တော်ထံ တာဝန်ခံမှု ရှိရပါမည်။ ကျွန်ုပ်တို့၏ကျရှုံးမှုများဖြင့် ကျွန်ုပ်တို့ကို အမှောင်ထဲတွင် ပိတ်ထားဖို့ စာတန်ကို ကျွန်ုပ်တို့ ခွင့်မပြုသင့်ပါ။ ကျွန်ုပ်တို့၏ကျရှုံးမှုများကို မျှော်လင့်ခြင်းနှင့် ကုစားခြင်း ရှိသည့် အလင်းထဲသို့ ယူဆောင်ရပါမည်။

ကျွန်ုပ်တို့၏ သံသယများကို စာတန် ကြိုးကိုင်ခြယ်လှယ်လိမ့်မည် – ဧဝံဂေလိတရား ဗဟိုပြုသည့် မိတ်သဟာယကရုဏာကို ရှာပါ

သံသယရှိသူများထံ ကရုဏာပြဖို့ ယုံကြည်သူများကို ယုဒ တိုက်တွန်းခဲ့သည် (ယုဒ ၂၂)။ အချက် ၃ ချက်ကို သတိပြုပါ။

၁။ တစ်ခါတရံ ဘဝ၌ သံသယရှိချိန် ရှိလိမ့်မည်

၂။ သံသယသည် ကောင်းသောအရာ မဟုတ်သောကြောင့် ကရုဏာဖြင့် တုံ့ပြန်ဖို့ လိုသည်။

၃။ ချစ်ခြင်းမေတ္တာ၊ နှိမ့်ချခြင်းနှင့် ကျေးဇူးတော်ဖြင့် အချင်းချင်း ပံ့ပိုးပေး၍ ခွန်အားပေးဖို့ လိုအပ်သည်။

ရှောင်လွှဲမရသည့်လူ့သံသယကို ကြိုးကိုင်ခြယ်လှယ်ဖို့ စာတန်ကြိုးစားသည့်အခါ ကျွန်ုပ်တို့၌ ရှိသည့် မေးခွန်းပုစ္ဆာများကို ဝိုင်းကူဖြေရှင်းပေးဖို့နှင့် ဧဝံဂေလိသမ္မာတရား၌ အမြစ်တွယ်စေကာ ဆုတောင်းခြင်းဖြင့် မေတ္တာပြနိုင်သော ယုံကြည်သူညီအစ်ကိုမောင်နှမများနှင့် ချိတ်ဆက်ဖို့ လိုအပ်သည်။ သံသယကို ရှောင်လွှဲ၍ မရနိုင်သော်လည်း မိမိလူတို့အထဲ၌ အလုပ်လုပ်သည့် ဘုရားသခင်၏ ကရုဏာတော်ဖြင့် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို ဖျက်ဆီးခွင့် ပေးဖို့ မလိုပါ။

စာတန်သည် ကျွန်ုပ်တို့ကို ရတနာစည်းစိမ်များ ကမ်းလှမ်းလိမ့်မည် – ထာဝရဘုရား၌ မွေ့လျော်ပါ

စာတန်သည် အပြင်ဘက်၌ရှိသော လောကနှင့် အတွင်းဘက်၌ရှိသော ကိုယ်ကာယဖြင့် သွေးဆောင်ခြင်း ပြုလေ့ရှိသည်။ ကျွန်ုပ်တို့သည် တစ်စုံတစ်ခုနှင့် ထိုက်တန်ကြောင်းနှင့် ရှိသင့်ကြောင်း ပြောရာတွင် စာတန်သည် ကျွမ်းကျင်လှသည်။ နားထောင်ပါများလေလေ ခရစ်တော်၌ ကျွန်ုပ်တို့ ကျေနပ်မှု မရှိလေလေ ဖြစ်လိမ့်မည်။ ခါးသီးခြင်း၊ မကျေနပ်ခြင်း၊ သူတပါးကို မနာလိုခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်းနှင့် မိမိကိုမိမိ သူတော်ကောင်းထင်မှတ်ခြင်းတို့ကို ကျွန်ုပ်တို့ ခံစားလိမ့်မည်။

မည်သည့်အရာအတွက် ကျွန်ုပ်တို့ အသက်ရှင်ကြသနည်း။ ဘုရားသခင်၏ မျက်မှောက်တော်ထက် အခြားသောအရာ၌ ကျေနပ်လျှင်၊ မိမိ၌ မွေ့လျော်လျှင် စာတန် ကတိပေးသည့် လောကစည်းစိမ်ဥစ္စာနှင့် ခန္ဓာအရ ပြီးပြည့်စုံခြင်း၏ အနိုင်ယူခြင်း အလွယ်တကူ ခံရလိမ့်မည်။ ကျွန်ုပ်တို့အားလုံး ဤနည်းဖြင့် သွေးဆောင်ခြင်း ခံကြရသည်။ ခြိစည်းရိုးတစ်ဖက်သည် အမြဲစိမ်းလန်းစိုပြေသည့်ပုံ ပေါ်တတ်သည်။ ဘုရားသခင်၏ ထာဝရနိုင်ငံတော်မြေဆီလွှာ၌ အမြစ်တွယ်လျှင် မှန်သည့်ဘက်မှ ရပ်တည်မည် ဖြစ်သည်။ ထို့ကြောင့်၊ ဘုရားသခင်ထံ မိမိကိုမိမိ မြှုပ်နှံခြင်းဖြင့် ယုံကြည်ခြင်းကို ပျိုးထောင်၍ ခရစ်တော်သည် လုံလောက်ကြောင်းကို ကျွန်ုပ်တို့ သိမှတ်ရပေမည် (ဆာလံ ၁)။

စာတန်သည် ကျွန်ုပ်တို့၏အကြောက်တရားကို ကစားလိမ့်မည် – ငါတို့ဘက်၌ ရှိသောသူသည် လောကဘက်၌ ရှိသောသူထက် သာ၍ ကြီးကြောင်းကို အောက်မေ့ပါ

ကြောက်မက်ဖွယ်ကောင်းသောလောကတွင် ကျွန်ုပ်တို့ အသက်ရှင်ကြသည်။ ဘုရားသခင်ကို မကိုးစားဘဲ ကျွန်ုပ်တို့၏ သက်သေခံချက်တွင် ထိရောက်မှု မရှိအောင် စာတန်သည် ကျွန်ုပ်တို့၏အကြောက်တရားကို အသုံးပြုတတ်သည်။ ကျွန်ုပ်တို့၏အကြောက်တရားကို စာတန် လှုံ့ဆော်ပေးတိုင်း ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ဘေးဖယ်ထားရန် အမြဲ သွေးဆောင်တတ်သည်။ ချစ်ခြင်းမေတ္တာ၏ ဆန့်ကျင်ဘက်မှာ မုန်းတီးခြင်း မဟုတ်၊ ကြောက်ရွံ့ခြင်း ဖြစ်သည်။

အကြောက်တရားက ငြိမ်သက်ခြင်းကို ခိုးယူသည်။ အကြောက်တရားက ယုံကြည်မှုကို ဖျက်ဆီးသည်။ အကြောက်တရားက တစ်ကိုယ်ကောင်းဆန်မှုကို ဖြစ်စေ၍ စိတ်မပါမှုကို ဖြစ်စေသည်။ အကြောက်တရားက ဝမ်းမြောက်ခြင်းကို ဖျက်ဆီး၍ သမ္မာတရားကို ဖုံးကွယ်ကာ သေခြင်းကို ယူဆောင်လာသည်။

"ချစ်ခြင်းမေတ္တာသည် ကြောက်ခြင်းသံဝေဂနှင့် မပေါင်းနိုင်ရာ" (၁ ယော ၄း၁၈) ဟု သမ္မာကျမ်းစာ ဆိုရာတွင် နက်ရှိုင်း၍ ထာဝရအတွက် အရေးကြီးသောအချက်ကို ပြောနေခြင်း ဖြစ်သည်။ ကြောက်ဖို့ မလိုကြောင်း ဘုရားသခင် မိန့်တော်မူသောကြောင့် ကြောက်ခြင်းအစား ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့ ရွေးချယ်နိုင်သည်။

ချစ်ခြင်းမေတ္တာက ငြိမ်သက်ခြင်း ပေး၍ ယုံကြည်မှုကို တည်ဆောက်ပေးသည်။ ချစ်ခြင်းမေတ္တာက တစ်ကိုယ်ကောင်းမဆန်ဘဲ စိတ်အားထက်သန်မှု ရှိအောင်လည်း နှိုးဆော်ပေးသည်။ ချစ်ခြင်းမေတ္တာက ဝမ်းမြောက်ခြင်းကို ပေးသကဲ့သို့ သမ္မာတရားကိုလည်း ထင်ရှားစေကာ အသက်ကိုလည်း ပေးသည်။

လောကကြီးသည် ဗရုတ်ကျရှုတ်ပွနေသည်။ အားနည်းသည့် ကျွန်ုပ်တို့လူသားတို့သည် အကြောက်တရား ရှိမည်မှာ မလွဲမသွေပင်။ သို့သော်၊ ၎င်းအကြောက်တရား၏ အနိုင်ယူခြင်း ခံဖို့ မလိုပါ။ စာတန်၏အကြောက်တရားကစားနည်းကို ခုခံ၍ သာ၍ကြီးမားသောပုဂ္ဂိုလ်ကို ကျွန်ုပ်တို့ ကိုးစားနိုင်သည်။ ထိုပုဂ္ဂိုလ်သည် ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့အထဲ၌ ရှိ၍ အကြောက်တရားကို ကျွန်ုပ်တို့ မသိတော့အောင် ကားတိုင်တွင် အကြောက်တရားကို သယ်ဆောင်သွားသောသူ ဖြစ်သည်။

> **ဆွေးနွေးပါ** – စွပ်စွဲချက်နှင့် သွေးဆောင်ခြင်းတွင် မည်သည့်အပိုင်း၌ တုံ့ပြန်မှု အဆင်သင့်ဖြစ်ဖို့ ပို၍ သင်လိုအပ်သနည်း။

ဤအပိုင်းအားလုံးနှင့် ပတ်သက်၍ ရှင်ပေတရု၏ သတိပေးချက်ကို ကြားနာကြပါစို့ –

> "သမ္မာသတိရှိလျက် မအိပ်ဘဲ စောင့်နေကြလော့။ သင်တို့၏ရန်သူတည်းဟူသော မာရ်နတ်သည် ဟောက်သောခြင်္သေ့ကဲ့သို့ အဘယ်သူကို မျိုရမည်နည်းဟူ၍ လှည့်လည်ရှာဖွေလျက်ရှိ၏"
>
> **၁ ပေ ၅း၈**

သတိရှိခြင်းက ရန်သူ၏တိုက်ခိုက်မှုကို မြင်စေ၍ အနိုင်ယူခြင်းဖြင့် တုံ့ပြန်ဖို့ ဘုရားသခင်က ကျွန်ုပ်တို့ကို ခွန်အားပေးထားသည်။

ဆုတောင်းခြင်းနှင့် တာဝန်ခံမှုရှိခြင်း (၃၀ မိနစ်)

မိမိကိုယ်စီ ရင်ဆိုင်သည့် သွေးဆောင်ခြင်းကို ပွင့်ပွင့်လင်းလင်း ဝေမျှ၍ အချင်းချင်း ဆုတောင်းပေးရန် ဤအစည်းအဝေးတွင် တာဝန်ခံမှုအတွက် အချိန်ပို ပေးထားသည်။

ဝိညာဉ်တိုက်ပွဲကို တုံ့ပြန်သည့်အနေဖြင့် အောက်ပါအချက်များကို ဆုတောင်းခြင်းနှင့်တကွ ဆင်ခြင်နှလုံးသွင်းပါ။

- "သင်က မကောင်းသောသူဖြစ်တယ်" ဟူ၍ ရန်သူက တီးတိုးပြောသည့်အခါ "ယေရှုက ကောင်းမြတ်တယ်" ဟူ၍ ပြန်တုံ့ပြန်နိုင်သည်။
- ဘုရားသခင်က ကျွန်ုပ်တို့ကို စိတ်ပျက်စေကြောင်း ပြောလာသည့်အခါ ကျွန်ုပ်တို့သည် ပြောင်းလဲခြင်းမရှိ၊ မဆုတ်မနစ်သော ခမည်းတော်၏ သစ္စာတော်ကို ယုံကြည်အားကိုးကြောင်း သင်ပြန်ပြောနိုင်သည်။
- အတိတ်က ကျွန်ုပ်တို့၏ကျရှုံးမှုများဖြင့် မခံချင်အောင် ရန်သူ ပြောလာသည့်အခါ ကျွန်ုပ်တို့၏အပြစ်များကို ယေရှု ယူဆောင်သွားပြီဖြစ်ကြောင်း ကျွန်ုပ်တို့ ပြန်တုံ့ပြန်နိုင်သည်။
- ယနေ့ ကျွန်ုပ်တို့ကျူးလွန်သောအပြစ်များကို ဖော်ပြသည့်အခါ "ဘုရားသခင်၏ ကျေးဇူးတော်သည် လုံလောက်သည်" ဟူ၍ ပြန်တုံ့ပြန်နိုင်သည်။
- ရန်သူက ကျွန်ုပ်တို့ကို မုသားဖြင့် တိုက်ခိုက်လာသည့်အခါ ဘုရားသခင်၏ နှုတ်ကပတ်တော်သမ္မာတရားဖြင့် ပြန်တုံ့ပြန်နိုင်သည်။
- ရန်သူ၏ စွပ်စွဲမှုက ကျွန်ုပ်တို့ ကိုင်တွယ်နိုင်သည်ထက် ကြီးမားလွန်းသည့်အခါ ကျွန်ုပ်တို့ကို ကူညီဖို့ သန့်ရှင်းသော ဝိညာဉ်တော်၏ အကူအညီကို တောင်းခံနိုင်သကဲ့သို့ အခြား ခရစ်ယာန်မိသားစုနှင့် မိတ်သဟာယဖွဲ့ခြင်းဖြင့်လည်း ခွန်အားယူနိုင်သည်။
- • ရန်သူ၏ စွပ်စွဲမှုတိုင်းအတွက် ကားတိုင်ထက်တွင် အောင်ပွဲခံခဲ့သော ယေရှုကို ကျွန်ုပ်တို့ ယုံကြည်ကိုးစားနိုင်သည်။ အောင်နိုင်ခြင်းနှင့် ထာဝရငြိမ်သက်ခြင်းကို ညွှန်းဆိုသည့် "အမှုပြီးပြီ" ဟူ၍လည်း ကားတိုင်ထက်တွင် ကြွေးကြော်ခဲ့သည်။

ဝိညာဉ်တိုက်ပွဲဆိုသည်မှာ အနိုင်ယူဖို့ ကြိုးစားခြင်း မဟုတ်ဘဲ ခရစ်တော်၌ ကျွန်ုပ်တို့ ပိုင်ဆိုင်ထားနှင့်သည့်အရာအပေါ် မားမားမတ်မတ် ရပ်တည်ခြင်း ဖြစ်သည်။

တာဝန်ခံမှုရှိခြင်းဖောင်ကို နှစ်ယောက်တစ်တွဲဖြင့်ဖြစ်စေ၊ အဖွဲ့ငယ်လိုက်ဖြစ်စေ ပြည့်စုံအောင် ဖြည့်၍ အချင်း ချင်းအတွက် ဆုတောင်းကြပါ။

လိုက်လျှောက်ကျင့်သုံးခြင်း (၅ မိနစ်)

သင့်ဘဝ၌ တာဝန်ခံမှုရှိခြင်းအပိုင်းကို ပြန်စဉ်းစားကြည့်ပါ။ သင်ယုံကြည်ရသည့်ပုဂ္ဂိုလ်များထံ သင့်ဘဝအကြောင်းကို ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း သင်မျှဝေပါသလား။ ခရစ်တော်၌ ယုံကြည်သူညီအစ်ကိုတစ်ယောက်ယောက်ထံ သင့်အပြစ်များကို ဝန်ချဖူးပါသလော။ သင့်အပြစ်ပြုလေ့ရှိသည့်အပိုင်းများတွင် တိုးတက်မှုရှိသည်ဟု မိမိကိုမိမိ သင်မြင်ပါသလော။ မမြင်လျှင် သင်ယုံကြည်ရသည့်မိတ်ဆွေအချို့နှင့် တာဝန်ခံမှုရှိရန် ဆွေးနွေး၍ အချင်းချင်း ပံ့ပိုးကူညီကြပါ။

တာဝန်ခံမှုရှိခြင်းသည် အမှုအကျင့်စီမံခြင်းစနစ်မဟုတ်ပါ။ တာဝန်ခံမှုရှိခြင်းသည် အခြားသောယုံကြည်သူများနှင့် မိတ်သဟာယဖွဲ့ခြင်းဖြင့် သင့်ယုံကြည်ခြင်း ကြီးရင့်ရန် ရည်ရွယ်ခြင်း ဖြစ်၍ စာတန်၏အကြံအစည်များကို ဖျက်ဆီး၍ လောကအပေါ် အမြင်ပြောင်းလဲကာ ဇာတိအလိုက် ငြင်းဆန်ရန် အချင်းချင်း ကူညီနိုင်သည်။ အထူးသဖြင့်၊ တာဝန်ခံမှုရှိခြင်းတွင် ဘုရားသခင်၏ မျက်မှောက်တော်တွင် အတူတူ မွေ့လျော်နိုင်သည်။

မမေ့ပါနှင့် ...

Advance လှုပ်ရှားမှုတစ်ခုလုံးကို သိဖို့၊ နိုင်ငံအသီးသီးထံ ဧဝံဂေလိတရား မည်သို့ရောက်ကြောင်းနှင့် Advance က ပေးသည့် အခွင့်အရေးများကို မည်သို့ လက်ခံရရှိကြကြောင်းကို သိရန် လစဉ် Advance email newsletter ကို Sign up လုပ်ပါ။ advancegroups.org တွင် Sign up လုပ်ပါ

မှတ်စုများ

အစည်းအဝေး ၉

နည်းဗျူဟာ၏ အသီးအပင် – နူးညံ့ခြင်းနှင့် စိတ်ရှည်ခြင်း

စိတ်ရှည်ခြင်း၌ ကြီးထွားရန် အကူအညီဖြစ်စေမည့် ဘုရားသခင်၌ အပ်နှံခြင်းသဘောတရားကို ဤအစည်းအဝေးတွင် လေ့လာသွားမည်။ ဤလောကတွင် သနားကြင်နာမှု ရှိနိုင်ရန် စိတ်ရှည်ခြင်းအသီးက မည်သို့ အထောက်အကူပြုပါသနည်း။ ကျွန်ုပ်တို့၏ဘဝ၌ အောင်မြင်မှုရရန် ဘုရားသခင်ကို စောင့်မျှော်စဉ် လူတွေအပေါ် ဝိညာဉ်ရေး၌ မည်သို့ နူးညံ့သိမ်မွေ့နိုင်ပါသနည်း။

အစည်းအဝေးကို ဝါကျတစ်ကြောင်းဖြင့် အကျဉ်းချုပ်ခြင်း
ဧဝံဂေလိတရားကို နှုတ်ဖြင့်လည်းကောင်း၊ အလုပ်ဖြင့်လည်းကောင်း ဟောပြောသက်သေခံသည့်အခါ စိတ်ရှည်ခြင်းနှင့် ဘုရားသခင်ထံ အပ်နှံခြင်းဖြင့် ဝေဒနာခံစားနေသော ဤလောကသို့ နူးညံ့ခြင်းနှင့် သနားကြင်နာမှုကို ကျွန်ုပ်တို့ ယူဆောင်နိုင်သည်။

အစည်းအဝေး နောက်ကြောင်း
ဘုရားသခင်၏ လျှံပယ်သော ကျေးဇူးတော်နှင့် သနားကြင်နာမှုမေတ္တာတော်ကြောင့် စစ်မှန်သောအသက်ကို ကျွန်ုပ်တို့ ရရှိနိုင်သည်။ ခမည်းတော်ထံမှ သားတော်အားဖြင့် ကျေးဇူးတော် ရရှိပြီးသည့်အလျောက် ကျွန်ုပ်တို့၏အသက်တာ၌ အလုပ်လုပ်သည့် ဝိညာဉ်တော်အားဖြင့် ဤလောကသို့ စစ်မှန်သောကျေးဇူးတော်ကို ကျွန်ုပ်တို့ အလိုလို သွားရောက်ပြသသင့်သည်။

သို့သော်၊ ကျေးဇူးတော်ကို အလွဲသုံးစားမိဖို့ အင်မတန် လွယ်ကူသည်။ ဘုရားသခင်ထံတော်မှ ကျေးဇူးတော်ကို ပေါ့ပေါ့တန်တန် လက်ခံဖို့ မသင့်ပါ။ ဘုရားသခင်သည် ကျေးဇူးတော်ကြီးမား၍ ကျွန်ုပ်တို့ကို ခွင့်လွှတ်မည်ဖြစ်သောကြောင့် မိမိကြိုက်သလို အသက်ရှင်ခွင့်လိုင်စင်ကဲ့သို့ ကျေးဇူးတော်ကို မသတ်မှတ်သင့်ပါ။

ကျေးဇူးတော်က ကျွန်ုပ်တို့၏အပြစ်များကို လက်ခံနိုင်အောင် မပြုလုပ်ပေးပါ။ စစ်မှန်သောနောင်တဖြင့် အပြစ်သားများ လက်ခံခြင်း ရရှိနိုင်အောင် ကျေးဇူးတော်က ပြုလုပ်ပေးသည်။ ၎င်းသည် ပထမအချက်နှင့် လုံးလုံးဆန့်ကျင်ဘက် ဖြစ်သည်။

ဘုရားသခင် ပေးထားသည့် ကျေးဇူးတော်ကို အလွဲသုံးစားလျှင် ဘုရားသခင် အလိုတော်ရှိသည့် ပြည့်စုံသော ဆက်ဆံရေးမျိုးကို တည်ဆောက်၍ ရမည် မဟုတ်ပါ။ ကျေးဇူးတော်ကို အလွဲသုံးစားခြင်းသည် ခရစ်တော်၏ သခင်ဖြစ်ခြင်းကို ငြင်းပယ်ခြင်းဖြစ်သည်ဟူ၍ သမ္မာကျမ်းစာတွင် ပြတ်ပြတ်သားသား ဆိုထားသည် (ယုဒ ၄)။

ကျေးဇူးတော်ကို ပေါ့ပေါ့တန်တန် ဆက်ဆံခြင်းသည် ကားတိုင်ပေါ်တွင် ခရစ်တော်ပြုလုပ်ခဲ့သည့်အမှုကို ဂရုမစိုက်ရာ ရောက်သည်။ ကျွန်ုပ်တို့ဘဝ၏ပလ္လင်မှ ယေရှုကို ထုတ်ပယ်ခြင်းကဲ့သို့ ဖြစ်သည်။ ကျွန်ုပ်တို့အတွက် ကျေးဇူးတော် လုပ်ဆောင်ပေးခဲ့သည့်အရာနှင့် အဘယ်ကြောင့် တန်ဖိုးကြီးရသည့်အကြောင်းကို ရှင်ပေါလုက ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်။

> “ဘုရားသခင်သည် နှလုံးသွင်းတော်မူသော စေတနာတော်နှင့် လျော်သော အလိုတော်၏ နက်နဲသောအရာကို ငါတို့အား ပြတော်မူ၏”
>
> **ဧဖက် ၁း၇**

ကျွန်ုပ်တို့တစ်ဦးတစ်ယောက်ချင်းစီ၏ အပြစ်များ (လက္ခဏာများ) ကို ဖြေရှင်းရန် မဟုတ်ဘဲ ကျွန်ုပ်တို့၏အပြစ်ဇာတိ (အကြောင်းတရား) ကို ဖြေရှင်းရန် ဘုရားသခင်က ကျေးဇူးတော် ပေးသနားသည်။ ဧဝံဂေလိတရားသည် အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ရှိ အပြစ်မှ ကျွန်ုပ်တို့ကို ကယ်တင်တော်မူသည်။

- ကားတိုင်တွင် ခရစ်တော်လုပ်ဆောင်ခဲ့သည့်အမှုကြောင့် အတိတ်ရှိ အပြစ်၏ **ဒဏ်မှ** ကျွန်ုပ်တို့ ကယ်တင်ခြင်း ခံရသည်။
- ကျွန်ုပ်တို့၏အသက်တာ၌ ဝိညာဉ်တော်၏ အလုပ်ဖြင့် ပစ္စုပ္ပန်ရှိ အပြစ်၏ **တန်ခိုးမှ** ကျွန်ုပ်တို့ ကယ်တင်ခြင်း ခံရသည်။

- ခမည်းတော်၏ ထာဝရစိုးစံမှုနှင့် ရောက်လာမည့်နိုင်ငံတော်ဖြင့် အနာဂတ်ရှိ အပြစ်၏ **တည်ရှိခြင်းမှ** ကယ်တင်ခြင်း ခံရသည်။

ကျွန်ုပ်တို့၏ဘဝ၌ ဘုရားသခင်၏ ခွင့်လွှတ်ခြင်းနှင့် ကျေးဇူးတော်ကို အသစ်တဖန် ရရှိဖို့ လိုအပ်သည့်အချိန် ရှိလိမ့်မည်။ "ယုံကြည်သူ၏ဘဝအသက်တာတစ်ခုလုံးသည် နောင်တတရားနှင့် ပြည့်နှက်သည့်အသက်တာ ဖြစ်သင့်သည်" ဟူ၍ မာတင်လူသာ ရေးသားခဲ့ဖူးသည်။ ယေရှုနှင့် ဆက်ဆံရေး တည်ဆောက်ဖို့သာ နောင်တရခြင်း မဟုတ်ဘဲ နေ့စဉ် နောင်တရဖို့ လိုအပ်ကြောင်းကို ဆိုလိုသည်။ ဘုရားသခင်ကို အပြစ်ပြုသော်လည်း ဘုရားသခင်သည် ကျွန်ုပ်တို့အပေါ် အမြဲ ကြင်နာ၍ စိတ်ရှည်သည် (၂ ပေ ၃း၉)။ ဘုရားသခင်၏ သနားကြင်နာမှုသည် အံ့သြဖွယ်ကောင်းသည်။ ယုံကြည်ခြင်း၌ ကြီးရင့်လေလေ ကျွန်ုပ်တို့၏ဘဝမှ အပြစ်များကို နှုတ်ပစ်ရာ၌လည်း ကြီးထွားလာသည်။ ဘုရားသခင်၏ ဝိညာဉ်တော်အား မိမိအလုပ် (ကုစားခြင်းနှင့် ရွေးနုတ်ခြင်း) ကို လုပ်ခွင့်ပေး၍ ကျွန်ုပ်တို့ လုပ်ရမည့်ပိုင်း တွင်လည်း (အပြစ်သွေးဆောင်ခြင်းမှ ထွက်ပြေးခြင်း) ကိုယ်ကိုယ်တိုင် သစ္စာရှိလျှင် ကြီးထွားရင့်ကျက်နိုင်သည်။

ယေရှု၏ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း၌ ထင်ရှားသည့် ဘုရားသခင်၏ ကျေးဇူးတော်သည် ကျွန်ုပ်တို့၏အပြစ်ဇာတိကို ဖုံးဖိ၍ ပြုပြင်ပြောင်းလဲပေးကာ မပြည့်စုံသော ဖန်ဆင်းခံကျွန်ုပ်တို့အား ပြည့်စုံသော ဖန်ဆင်းရှင်နှင့်အတူ စစ်မှန်သော ဆက်ဆံရေး တည်ဆောက်ရန် လမ်းကြောင်းခင်းပေးသည်။ ဘုရားသခင်သည် မိမိကျေးဇူးတော်အားဖြင့် မည်သို့မည်ပုံ အသက်ရှင်ရမည်ဟူ၍ အတင်းမတိုက်တွန်းပါ။ ကျွန်ုပ်တို့ကို ဖန်ဆင်းစဉ် ယခင်ကတည်းက ရည်ရွယ်တော်မူခဲ့သည့် စစ်မှန်သောအသက်တာအတိုင်း အသက်ရှင်ရန်သာ လမ်းကြောင်း ဖွင့်ပေးခဲ့သည်။

မိမိရရှိသည့်ကျေးဇူးတော်ကို လက်ဆင့်ကမ်းဝေမျှရန် ပျက်ကွက်ခြင်းသည်လည်း ကျေးဇူးတော်ကို အလွဲသုံးစားခြင်း တစ်မျိုးဖြစ်သည်မှာ မှန်သည်။ အခမဲ့ရရှိသည့်အရာကို အခမဲ့ ပြန်မျှဝေရပေမည် (မဿဲ ၁၀း၈)။ ကျွန်ုပ်တို့ကိုယ်တိုင် ဘုရားသခင်၏ ခွင့်လွှတ်ခြင်းနှင့် လက်ခံခြင်း ခံရကြောင်းကို မလက်ခံနိုင်သောကြောင့်လား သို့မဟုတ် မိမိကိုမိမိ မခွင့်လွှတ်နိုင်၊ မလက်ခံနိုင်သောကြောင့်လား သူတပါးထံ ကျေးဇူးပြုဖို့ ဆန္ဒ မရှိကြပါ။ မိမိသားတော်၏ အသေခံမှု ကြောင့် ကျွန်ုပ်တို့ကို ဘုရားသခင် ခွင့်လွှတ်ကြောင်းကို မမေ့ပါနှင့်။ ကားတိုင်ပေါ်တွင် ယေရှု အသေခံရခြင်းမှာ ကျွန်ုပ်တို့အားလုံး၏ အပြစ်ကြောင့် ဖြစ်သော်လည်း ဘုရားသခင်သည် ၎င်းကို ဗွေမယူပါ။ ဘုရားသခင်ကို ကျွန်ုပ်တို့ တောင်းခံလျှင် ဘုရားသခင် မခွင့်လွှတ်နိုင်သည့်အပြစ် မရှိ။ ပုန်ကန်မှု မရှိ။ ကျရှုံးမှု မရှိပါ။ ကျန်လောကသား အားလုံးအတွက်လည်း မှန်သည်။

ဘုရားသခင်၏ ကျေးဇူးတော်သည် ကျွန်ုပ်တို့အတွက် လုံလောက်သည် (၂ ကော ၁၂း၉)။ ၎င်းကျေးဇူးတော်ကို ကျွန်ုပ်တို့ အလွဲသုံးစားခြင်း မပြုဘဲ ၎င်းကျေးဇူးတော်ကို သူတပါးထံ ပြန်လည်လက်ဆင့်ကမ်းခြင်းဖြင့် နှိမ့်ချစွာ၊ ဝမ်းမြောက်စွာ အသက်ရှင်ရပေမည်။ ဤနည်းဖြင့်၊ သူတို့လည်း ဘုရားသခင်၏ သနားကြင်နာမှုကို ခံစားကြလိမ့်မည်။

အစည်းအဝေး လမ်းညွှန်

တွေ့ဆုံခြင်း (၁၀–၂၀ မိနစ်)

တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံမိတ်ဆက်စကားပြောဖို့ အချိန်သုံးပါ။ သက်သေခံခြင်း၊ ခွန်အားပေးခြင်း၊ အခွင့်အရေးများကို အတူသုံးသပ်ခြင်းနှင့် အဖွဲ့အတွက် ခွန်အားဖြစ်စေမည့် မည်သည့်အကြောင်းအရာကိုမဆို ဝေငှပြောဆိုနိုင်သည်။ ကျန်အဖွဲ့သားများအတွက် ခွန်အားဖြစ်စေရန် မိမိ၏တာဝန်ခံမှုရှိခြင်းကို ဝေမျှလိုသောသူကို ဝေမျှခွင့် ပေးပါ (အစည်းအဝေး ၈ – လိုက်လျောက်ကျင့်သုံးခြင်း)။

ဆုတောင်းခြင်း

အချိန်တစ်ခုလုံးကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံ၍ လွန်ခဲ့သည့်လများအတွင်း ဧဝံဂေလိတရား ဝေငှခွင့်ရသည့် အခွင့်အရေးများအတွက် ကျေးဇူးတော် ချီးမွမ်းပါ။ ၎င်းအခွင့်အရေးများမှ ယုံကြည်လက်ခံလာသော သူများအတွက်လည်း ဆုတောင်းပါ။

သွန်သင်ခြင်း (၃၀–၄၀ မိနစ်)

အောက်ပါသင်ခန်းစာများကို သင်နှစ်သက်သည့်နည်းဖြင့် သင်ပေးနိုင်သကဲ့သို့ တစ်လုံးမကျန် ဖတ်ပြခြင်းဖြင့်လည်း သင်ပေးနိုင်သည်။ ထို့ပြင်၊ သင်ကိုယ်တိုင် ပြင်ဆင်၍လည်း တင်ပြနိုင်သည်။

> "အရာရာ၌ စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းနှင့် ပြည့်စုံသဖြင့်၊ မေတ္တာစိတ်နှင့် တယောက်ကိုတယောက် သည်းခံခြင်း ရှိကြ၍ အသင့်အတင့် ပေါင်းဘော်ခြင်း အဖွဲ့အစည်းဖြင့် သင်တို့သည် အချင်းချင်းစိတ်သဘော မခြားမနားတလုံးတဝတည်း ဖြစ်အံ့သောငှါ ကြိုးစားအားထုတ်ကြလော့"
>
> **ဧဖက် ၄း၂–၃**

ကျွန်ုပ်တို့သည် ဘဝတစ်လျှောက်လုံး တစ်စုံတစ်ခုအပေါ်၌ ယုံကြည်မှု ထားကြရသည်။ ကျွန်ုပ်တို့ ယုံကြည် အားကိုးသည့်အချို့အသာအရာများမှာ အရေးကြီးသည်။ ဥပမာ – နေမကောင်းသည့်အခါ ပြုစု၍ အကြံဉာဏ်ကောင်းများပေးသော ဆရာဝန်များသို့မဟုတ် ရူပဗေဒ နိယာမနှင့် အမြင့်ပေ ၃၅,၀၀၀ တွင် လေယာဉ်စီးနိုင်အောင် တီထွင်ကြသော အင်ဂျင်နီယာများ ဖြစ်ကြသည်။ အချို့တို့မှာ လျှို့ဝှက်ချက်များ သိမ်းပေးသည့် ယုံကြည်ရသောသူငယ်ချင်းများ ဖြစ်နိုင်သည်။

ယုံကြည်မှု ချိုးဖောက်ခံရမည်ကို မည်သူမျှ မကြိုက်ကြပါ။ သို့သော်၊ တစ်ချိန်ချိန်တွင် တစ်ယောက်ယောက်ကြောင့် ယုံကြည်မှု ပျက်ဆီးသည့်အချိန် ရှိတတ်ကြသည်။

ဘုရားသခင်ကို ကျွန်ုပ်တို့ လုံးလုံး ယုံကြည်နိုင်သည်။ ကျွန်ုပ်တို့ကို မည်သည့်အခါမျှ စိတ်ပျက်စေမည် မဟုတ်ပါ။ ဘုရားသခင်ဖန်ဆင်းသည့် အံ့ဖွယ်အရာများသည် ကျွန်ုပ်တို့တစ်ဦးတစ်ယောက်ချင်းအား စိတ်ဝင်စားကြသည်မှာ မှတ်သားဖို့ သင့်သည်။

ဘုရားသခင်သည် ကျွန်ုပ်တို့ တစ်ဦးတစ်ယောက်ချင်းစီကို စုံလင်စွာ ချစ်တော်မူသည်။

မသေချာမရေရာသည့်အချိန် သို့မဟုတ် ဒုက္ခဝေဒနာ ခံစားသည့်အချိန်တွင် စိတ်ရှည်သည်းခံခြင်း ပျောက်ကွယ်ဖို့ အင်မတန်လွယ်ကူသည်။ ၎င်းက ဘုရားသခင်အပေါ် ကျွန်ုပ်တို့၏ယုံကြည်ကိုးစားမှုကို ဘာထင်ရှားစေသနည်း။ အနန္တတန်ခိုးရှင်ဘုရားသခင်၌ လုံးလုံး ယုံကြည်အားကိုးခြင်းနှင့် လုံးလုံး အပ်နှံခြင်းက ဘဝ၌ ဝိညာဉ်ရေးရာ စိတ်ရှည်ခြင်းကို တိုးပွားစေသည်။ စိတ်ရှည်ရှည်ထားပြီး ယေရှုနှင့်အတူ လျှောက်လှမ်းဖို့ ဆန္ဒရှိလျှင် သစ္စာရှိခြင်း၊ စစ်မှန်သောယုံကြည်မှုကို ထင်ရှားစေလိမ့်မည်။

စိုးရိမ်ပူပန်ခြင်း၊ မယုံကြည်နိုင်ခြင်း၊ ကြောက်ရွံ့ခြင်း၊ စိတ်ပျက်ခြင်းနှင့် ဒေါသတို့သည် ကျွန်ုပ်တို့၏ စိတ်ရှည်သည်းခံခြင်းကို တိုက်လှန်ကြသည်။ ဤအရာတို့က သင့်ဘဝအား မည်မျှ ပျက်ဆီးစေနိုင်သည်ကို သတိပြုမိပါသလား။ ဤအရာတို့ကို သမ္မာကျမ်းစာတွင် အကြိမ်ကြိမ် ဆန့်ကျင်မိန့်ဆိုထားသည်။

အောက်ပါကျမ်းချက်များကို အဖွဲ့လိုက်ကြည့်၍ အတူတူ အသံထွက် ဖတ်ပါ။

- လုကာ ၁၂း၂၂–၂၆ (စိုးရိမ်ခြင်း)
- ဖိလိ ၄း၆–၇ (ပူပန်ခြင်း)
- သုတ္တံ ၃း၅ (မယုံကြည်နိုင်ခြင်း)
- ဟေဗြဲ ၁၃း၅ (ကြောက်ရွံ့ခြင်း)
- သုတ္တံ ၁၂း၁၆ (စိတ်ပျက်ခြင်း)
- ယာကုပ် ၁း၁၉–၂၀ (ဒေါသ)

ဆွေးနွေးပါ မည်သည့်ကျမ်းချက်က သင့်အတွက် စိန်ခေါ်မှုအကြီးဆုံး ကျမ်းချက် ဖြစ်သနည်း။ အထက်ပါအချက်များအောက်တွင် လောကီပြဿနာများမှ မည်မျှ သင်ထည့်သွင်းနိုင်သနည်း။

ယောဘဝတ္ထုသည် သမ္မာကျမ်းစာတစ်အုပ်လုံးတွင် နားလည်မှုအလွဲဆုံးသောကျမ်းအုပ်ထဲမှ တစ်အုပ် ဖြစ်သည်။ ယောဘသည် ဘုရားသခင်ကို သစ္စာရှိရှိ ကိုးကွယ်သူဖြစ်သော်လည်း ကြီးမားသောဆုံးရှုံးမှုနှင့် နာကျင်မှုများစွာ ရင်ဆိုင်ခဲ့သည်။ နာကျင်မှုဝေဒနာခံစားသည့်ကြားမှ ဖြစ်ပျက်ခဲ့သည့်အရာအတွက် ဘုရားသခင်ကို ကျိန်ဆဲဖို့ ယောဘ ငြင်းဆိုခဲ့သည်။ သို့သော်၊ အရေးကြီးသောမေးခွန်းများ ထုတ်လာသည်။ ဆင်းရဲဒုက္ခခံသည့်အခါ ကျွန်ုပ်တို့ကိုယ်တိုင် မေးဖူးကြသည်။ ၎င်းမှာ – ဘာကြောင့်လဲ။

ဘုရားသခင်က ယောဘကို ရိုးရှင်းသောအဖြေ မပေးခဲ့ပါ။ ဘုရားသခင်ကို ယောဘကို ပြန်၍ မေးခွန်းများစွာ မေးခဲ့သည်။

ကောင်းကင်ထက်တွင် ကြယ်များ ဖန်ဆင်းစဉ်က ယောဘ ဘယ်ရောက်နေခဲ့သနည်း။ ဤစကြဝဠာ၌ အရာဝတ္ထုများ ဖြစ်တည်လာသည့်အချိန်တွင် ယောဘ ဘယ်ရောက်နေခဲ့သနည်း။ လူသားမျိုးနွယ်သည် ဖန်ဆင်းခံဖြစ်၍ မိမိသည် ဖန်ဆင်းရှင်ဖြစ်ကြောင်း ယောဘကို ဘုရားသခင် သတိပေးခဲ့သည်။ ဘဝ၌ မည်သည့်စိန်ခေါ်မှုမျိုး ရောက်လာပါစေ ကြယ်များကို ဖန်ဆင်းခဲ့သည့် ဘုရားသခင်သည် အရာအားလုံးအား ချုပ်ကိုင်နေသေးကြောင်းကို ယောဘ သိမြင်လာခဲ့သည်။ ဘုရားသခင်သည် ကောင်းမြတ်တော်မူ၍ မိမိလူတို့ကို ချစ်တော်မူသည် (ယောဘ ၃၈–၄၁)။

ဘဝအတက်အကျတွင် စိတ်ရှည်သည်းခံခြင်း ထားရှိနိုင်ဖို့ ခက်ခဲသော်လည်း ဤအရှိတရားကို ကျွန်ုပ်တို့ လက်ခံရပေမည်။ ဘုရားသခင်သည် ယောဘအား သိမ်မွေ့နူးညံ့စွာ ပြစ်တင်ကြိမ်းမောင်းခြင်းဖြင့် တုံ့ပြန်ခဲ့သည်။ အမြင်မှန် ပြန်ရဖို့ ယောဘကို ဘုရားသခင် အခွင့်အရေး ပေးခဲ့သည်။

ယောဘဝတ္ထုသည် ဆင်းရဲဒုက္ခမျိုးစုံခံသော လူတစ်ယောက်အကြောင်းသက်သက် မဟုတ်ပါ။ သစ္စာရှိခြင်းနှင့် အပ်နှံခြင်းအကြောင်း ဖြစ်သည်။ ခက်ခဲသောမေးခွန်းများစွာနှင့် လုံးပန်းခဲ့ရသော်လည်း ဘုရားသခင်ထံ ယောဘ အပ်နှံနိုင်ခဲ့သည်။ မိမိလိုချင်သည့် အဖြေအားလုံးကို မရရှိခဲ့သော်လည်း ထိုအပ်နှံခြင်း၌ ငြိမ်သက်ခြင်းကို ရှာတွေ့ခဲ့သည်။ ကျွန်ုပ်တို့ ရှာဖွေသည့် မေးခွန်းအားလုံးအတွက် အဖြေမရသော်လည်း ကျွန်ုပ်တို့ မည်မျှ ကျေနပ်နိုင်ပါသနည်း။

ကြေကွဲဝမ်းနည်းဖွယ် အခက်ခဲများနှင့် ရင်ဆိုင်ရချိန်တွင်လည်း ဘုရားသခင်ကို ကိုးစားခြင်းနှင့် ဘုရားသခင်၏ အခွင့်အာဏာတော်၌ မိမိကိုမိမိ ပုံအပ်ခြင်းက ကျွန်ုပ်တို့အား သည်းခံနိုင်အောင် ကူညီပေးကြောင်းကို ယောဘ၏ဘဝမှ ကျွန်ုပ်တို့ သင်ခန်းစာ ယူနိုင်သည်။ ကျွန်ုပ်တို့ သည်းခံနိုင်သည်။ အလွယ်တကူ ဒေါသ မထွက်ဘဲ ဝိညာဉ်ရေး၌ စိတ်ရှည်သည်းခံနိုင်သောသူများ ကျွန်ုပ်တို့ ဖြစ်နိုင်သည်။ ကျွန်ုပ်တို့ မျှော်လင့်သည်အတိုင်း ဖြစ်မလာသည့်အချိန်တွင်လည်း ဘုရားသခင်ကို အလွယ်တကူ ငြင်းပယ်မည် မဟုတ်ပါ။ ဘုရားသခင်၏ အမြင်ရှုထောင့်သည် ကျွန်ုပ်တို့၏အမြင်ထက် ပိုကြီးမားကြောင်းကို ကျွန်ုပ်တို့ မြင်လာလိမ့်မည်။ ကောင်းကင်၌ ကြယ်များကို ဖန်ဆင်းခဲ့သူမှာ ဘုရားသခင်ကိုယ်တိုင်ပင် မဟုတ်လော။

ဤရှုထောင့်အမြင်ဖြင့် ယောဘသည် "မျှော်လင့်လျက် ဝမ်းမြောက်"၍ "ဆင်းရဲဒုက္ခရောက်သောအခါ သည်းခံ" နိုင်ခြင်း ဖြစ်သည် (ရောမ ၁၂း၁၂)။

အစဉ်မပြတ် ဆုတောင်းရန်လည်း အထက်ပါကျမ်းချက်တွင် ရှင်ပေါလု တိုက်တွန်းထားသည်။ ဆုတောင်းခြင်းက ဤလောကသို့ ဘုရားသခင်၏ နူးညံ့၍ သနားကြင်နာမှုရှိသော ရှုထောင့်မျိုးကို ထင်ရှားပြသရန် လိုအပ်သည့် စိတ်ရှည်ခြင်းကို ဖြစ်ပေါ်စေသည်။ ဆုတောင်းခြင်းက အမြင်ရှုထောင့်သစ်ကို ပေးတတ်သည်။ တစ်ခါတရံ ဆုတောင်းခြင်းဖြင့် ကျွန်ုပ်တို့၏ အတွေးအမြင်များနှင့် ခံစားချက်များကို အသံထွက် ဖွင့်ပြောသည့်အခါ အမြင်ရှုထောင့်သစ်ကို ရတတ်သကဲ့သို့ ဆုတောင်းခြင်း၌ ဘုရားသခင်က ကျွန်ုပ်တို့နှင့် တွေ့ဆုံတတ်သည်။ (တိတ်ဆိတ်ခြင်းအပါအဝင်) ဘုရားသခင်၏ တုံ့ပြန်မှုကို ကျွန်ုပ်တို့ အမြဲ မနှစ်သက်သည်လည်း ဖြစ်နိုင်သည်။ သို့သော်၊ ဘုရားသခင်သည် အမြဲနားညောင်း၍ ဘုရားပေးသည့် အဖြေသည် အမြဲမှန်ကြောင်းကိုမူ ကျွန်ုပ်တို့ လုံးလုံး ယုံကြည်သည်။

ဆုတောင်းသည့်အခါ မိမိကိုယ်ကို အဓိက မထားဖို့လည်း အရေးကြီးသည်။ ယောဘဝတ္ထုသည် အလွယ်တကူ သတိမထားမိသည့်အချက်ဖြင့် အဆုံးသတ်ထားသည်။ အမြင့်မှန်ရသော ယောဘသည် ဘုရားသခင်ကို ကိုးကွယ်ခဲ့သည်။ ထိုအချိန်တွင် ခက်ခဲချိန်တွင် အကူအညီ မဖြစ်ခဲ့ဘဲ ဘုရားသခင်၏ ဖြစ်တည်ခြင်းနှင့် စာရိတ္တကို လွဲမှားစွာ ချပြခဲ့ကြသော မိမိသူငယ်ချင်းများအတွက်လည်း ဆုတောင်းပေးရန် ယောဘအား ဘုရားသခင် မိန့်မှာခဲ့သည်။ ယောဘသည် မိန့်မှာသည့်အတိုင်း မိမိသူငယ်ချင်းများအတွက် ဆုတောင်းပေးခဲ့ပြီး မိမိ၏ပိုင်ဆိုင်မှု ပြန်ရရှိကြောင်း သမ္မာကျမ်းစာတွင် ဖော်ပြထားသည်။

အင်မတန် ပြီးပြည့်စုံသောအချက်ပင် မဟုတ်လော။ စိတ်ရှည်သည်းခံခြင်းနှင့် နာခံခြင်းသည် ဒွန်တွဲလျက်ရှိကြောင်း (ကျွန်ုပ်တို့နှင့်) ယောဘအား ဘုရားသခင် ဖွင့်ပြခဲ့သည်။ နှလုံးကြေကွဲချိန်၊ စိတ်ပျက်ချိန်၊ ဘဝမေးခွန်းပုစ္ဆာများနှင့် ရှုပ်ထွေးချိန်တွင်ပင် သူတပါးကို ဦးစားပေးခြင်းက ဘုရားသခင်ထံမှ ကောင်းချီးမင်္ဂလာ ရရှိရာလမ်းကြောင်းဖြစ်ကြောင်း ဖွင့်ပြတော်မူသည်။

ယခင်မိသားစု ဆုံးရှုံးလို့ ခံစားခဲ့သည့် နာကျင်မှုကို ဘုရားကောင်းချီးဖြစ်သော မိသားစုအသစ်က ပျောက်ကင်းစေပါသလား။ မပျောက်ကင်းစေပါ။ ယောဘသည် ၎င်းနာကျင်မှုကို သေသည့်အချိန်ထိ ခံစားမည်မှာ သေချာသည်။ ဘဝက ကျွန်ုပ်တို့ကို ဒုက္ခိတ ဖြစ်အောင် ပြုလုပ်တတ်သည်။ သို့သော်၊ ကျွန်ုပ်တို့ကို မျှော်လင့်ချက်မဲ့အောင် မထားခဲ့ပါ။ မည်သည့်အရာ ဆုံးရှုံးပါစေ အသစ်သောအရာကို ဘုရားသခင် ပြင်ဆင်ပေးကြောင်း မျှော်လင့်ချက်ကို ယောဘ ရရှိခဲ့သည်။ တစ်နေ့တစ်ချိန်တွင် ကျွန်ုပ်တို့၏ နာကျင်သောအတွေ့အကြုံများ ကုစားခြင်းခံ၍ ကောင်းမြတ်ခြင်းက ကြီးစိုးလိမ့်မည်။ ကောင်းကင်၌ ဒုက္ခိတဟူ၍ ရှိမည် မဟုတ်ပါ။

ကျွန်ုပ်တို့၏ဘဝ၌ ဝိညာဉ်ရေးစိတ်ရှည်ခြင်းကြောင့် ပြောင်းလဲမှုအကျိုးကို ခံစားသည့်အခါ ဤလောက လိုအပ်သည့် သနားကြင်နာ၍ နူးညံ့သိမ်မွေ့သောအသင်းတော် ဖြစ်လာနိုင်သည်။ ကျွန်ုပ်တို့ကိုယ်တိုင် ကြီးမားသောပြောင်းလဲမှုကို စောင့်စားရင်း ဘုရားသခင်ကို ယုံကြည်အားကိုးခြင်းဖြင့် လောကီလူသားများထံ ပြောင်းလဲမှုကို ကျွန်ုပ်တို့ ယူဆောင်နိုင်ပေသည်။

ဆွေးနွေးပါ – ဝိညာဉ်ရေးစိတ်ရှည်ခြင်းသည် ဤလောကသို့ ထင်ရှားစေရမည့် ဘုရားသခင်၏ နူးညံ့ခြင်းနှင့် သနားကြင်နာမှုတို့နှင့် အဘယ်ကြောင့် ဒွန်တွဲနေပါသနည်း။

ဂျူးလူမျိုးတစ်ယောက်သည် ဓားပြတို့၏လက်ချက်ကြောင့် လမ်းဘေးတွင် သေလုနီးပါးအခြေအနေဖြင့် ပစ်ထားခြင်းခံကြောင်းကို ယေရှု ဟောပြောသည့် ကောင်းသောရှမာရိအမျိုးသား ပုံဥပမာတွင် တွေ့နိုင်သည်။ သူ့ကို ကူညီဖို့ ကျွန်ုပ်တို့ မျှော်လင့်သည့် လူပုဂ္ဂိုလ်များက ထိုလမ်းအတိုင်း ဖြတ်လျှောက်ခဲ့ကြသော်လည်း မသိကျိုးကျွန်ပြုခဲ့ကြသည်။ နောက်ဆုံးတွင် ရှမာရိလူမျိုးနှင့် ဂျူးလူမျိုးကြားတို့သည် မတည့်ကြသော်လည်း ရှမာရိအမျိုးသားတစ်ယောက်က သူ့ကို အကူအညီ ပေးခဲ့သည်။ ရှမာရိအမျိုးသားက ဂျူးလူမျိုးကို အဘယ်ကြောင့် ကူညီခဲ့သနည်း။

> “ရှမာရိလူတစ်ယောက်သည် ခရီးသွားရာတွင် ထိုလူနာရှိရာသို့ ရောက်၍ မြင်သောအခါ ဂရုဏာစိတ်ရှိသည်”
>
> **လုကာ ၁၀း၃၃**

ဝိညာဉ်ရေးရာ သနားကြင်နာမှုသည် အတားအဆီးဟူသမျှကို ဖြတ်ကျော်နိုင်သည်။ အင်မတန် ဆင်းရဲနွမ်းပါး၍ လိုအပ်သူများအား ပရဟိတသဘောဖြင့် ကူညီမစခြင်းကိုသာ သနားကြင်နာမှုအဖြစ် ကျွန်ုပ်တို့ မြင်လျှင် ကျွန်ုပ်တို့၏ဘဝ၌ ဝိညာဉ်ရေးရာ သနားကြင်နာမှု အမြစ်တွယ်နိုင်မည် မဟုတ်ပါ။ “ပရဟိတ” ပြုလုပ်ခြင်းသည် အကျိုးရှိ၍ ချီးကျူးထိုက်သောလုပ်ရပ်ဖြစ်သော်လည်း ကိုယ်တိုင်ကြုံတွေ့သောပုဂ္ဂိုလ်များနှင့် အဝေးတွင် ရှိသောသူများအပေါ် ကျွန်ုပ်တို့၏ဘဝတစ်ခုလုံး၌ သနားကြင်နာမှု ရှိခြင်းက ယေရှု၏ နောက်လိုက်မှန်များအတွက် စစ်မှန်သောစံ ဖြစ်သည်။

အသက်တာ၌ ဝိညာဉ်တော်၏ တန်ခိုးအားဖြင့် ဤလောကတွင် အသက်ရှင်နေသရွေ့ သနားကြင်နာမှု၊ ကရုဏာပြဖို့ လိုအပ်သောအရာများကို ကျွန်ုပ်တို့အား ဘုရားသခင် ပေးသနားပြီး ဖြစ်သည်။ စိတ်ရှည်သည်းခံခြင်းဖြင့် ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိလူများကို မေတ္တာပြ၍ တစ်လောကလုံးသို့ ဘုရားသခင်၏ နူးညံ့သိမ်မွေ့ခြင်းကို ထင်ရှားစေနိုင်သည်။

ခေါ်ဆိုမှုမှာ ရှင်းသည် –

> “ထိုသူသုံးယောက်တို့တွင် အဘယ်သူသည် ထားပြလက်သို့ ရောက်သောသူနှင့် စပ်ဆိုင်သောသူဖြစ်သနည်းဟု ပြန်၍ မေးတော်မူလျှင် ကျမ်းတတ်ကလည်း လူနာကို သနားသောသူသည် စပ်ဆိုင်သောသူဖြစ်ပါ၏ဟု လျှောက်သော် ယေရှုက သင်သည် သွား၍ ထိုနည်းတူ ပြုလော့ဟု မိန့်တော်မူ၏”
>
> **လုကာ ၁၀း၃၆-၃၇**

ဆွေးနွေးခြင်း (၁၅ မိနစ်)

၁။ ဘုရားသခင်ကို ကိုးစားခြင်းက စိတ်ရှည်ခြင်းအတွက် သော့ချက်ဖြစ်လျှင် ဘုရားသခင်ကို ပို၍ ကိုးစားနိုင်ရန် မည်သို့ သင်ယူနိုင်သနည်း။

၂။ ဘဝ၌ မည်သည့်အရာများက သင့်စိတ်ရှည်ခြင်းကို ပျောက်စေတတ်သနည်း။

၃။ ဧဝံဂေလိတရား ဟောပြောခြင်း၌ ကရုဏာပြခြင်း (နူးညံ့ခြင်း) ကို မည်သို့ ထင်ရှားစေနိုင်သနည်း။

> “ကျွန်ုပ်တို့၏ ပြဿနာများကို မည်သို့ ပြုရမည်နည်း။ ထိုပြဿနာများမှ ကျွန်ုပ်တို့ကို ဘုရားသခင် ကယ်တင်သည့်အချိန်ထိ ထိုပြဿနာများနှင့်အတူ အသက်ရှင်ရန် ကျွန်ုပ်တို့ သင်ယူရပေမည်။ ညည်းတွားခြင်း မပြုဘဲ သည်းခံနိုင်ရန် ကျေးဇူးတော် ရရှိဖို့ ဆုတောင်းရပေမည်။ ပြဿနာများကို စိတ်ရှည်ရှည် သည်းခံခြင်းက ဝိညာဉ်ရေးအတွက် စုံလင်ခြင်းကို ယူဆောင်လာနိုင်သည်။ ၎င်းပြဿနာကို တွန်းလှန်သည့်အခါ သို့မဟုတ် ဆန္ဒမရှိဘဲ သည်းခံသည့်အခါ ကျွန်ုပ်တို့အတွက် အန္တရာယ်ရှိနိုင်သည်”
>
> **အေဒဗလျူတော့ဇာ [A. W. TOZER]**

လိုက်လျှောက်ကျင့်သုံးခြင်း (၅ မိနစ်)

လာမည့်လအတွင်း သင်ဦးစားပေးရမည့် ဆုတောင်းချက်များအတွက် အစည်းအဝေးနောက်ကြောင်းမှ “အပြစ်ဒဏ်၊ တန်ခိုးနှင့် တည်ရှိခြင်း” ကို ယူသုံးပါ။ လာမည့်ရက်သတ္တပတ်များအတွင်း ဧဝံဂေလိတရားဟောပြောရာတွင် ပြောဆိုဆွေးနွေးမည့်အရာများအဖြစ် ခံယူပါ။

• ကားတိုင်တွင် ခရစ်တော်လုပ်ဆောင်ခဲ့သည့်အမှုကြောင့် အတိတ်ရှိ အပြစ်၏ **ဒဏ်မှ** ကျွန်ုပ်တို့ ကယ်တင်ခြင်း ခံရသည်။

• ကျွန်ုပ်တို့၏အသက်တာ၌ ဝိညာဉ်တော်၏ အလုပ်ဖြင့် ပစ္စုပ္ပန်ရှိ အပြစ်၏ **တန်ခိုးမှ** ကျွန်ုပ်တို့ ကယ်တင်ခြင်း ခံရသည်။

• ခမည်းတော်၏ ထာဝရစိုးစံမှုနှင့် ရောက်လာမည့်နိုင်ငံတော်ဖြင့် အနာဂတ်ရှိ အပြစ်၏ **တည်ရှိခြင်းမှ** ကယ်တင်ခြင်း ခံရသည်။

ဆုတောင်းခြင်း

“ဖခမည်းတော် … ကိုယ်တော့်ကို လုံးလုံးကိုးစားဖို့ ကူညီတော်မူပါ။ ကျွန်ုပ်တို့ကို စွန့်ပစ်မထားသောကြောင့် ကျေးဇူးတော် ချီးမွမ်းပါ၏။ စိတ်ရှည်ခြင်းပုံသက်သေထားရှိ၍ ကိုယ်တော့်ကို လောကီလူသားများ ကိုးစားဖို့ မျှော်လင့်ချက် ပေးခြင်းဖြင့် ဤလောကတွင် ပြောင်းလဲမှုကို ယူဆောင်ဖို့ ကူညီတော်မူပါ။ အခက်ခဲဆုံးအချိန်တွင် ကိုယ်တော့်ဝိညာဉ်တော်က ကျွန်ုပ်တို့ကို သည်းခံနိုင်ဖို့နှင့် ယေရှုကိုသာ အာရုံစိုက်ဖို့ ကူညီမည့်အကြောင်း ဆုတောင်းပါ၏။ ကိုယ်တော်၏ ကရုဏာတော်ကို လူများ သိဖို့ ခမည်းတော်၏ နူးညံ့ခြင်းကို ကျွန်ုပ်တို့၏အသက်တာ၌ ထင်ရှားရန် ဆုတောင်းဆက်ကပ်အပ်နှံပါ၏။ အာမင်။”

တာဝန်ခံမှုရှိခြင်း (၁၅ မိနစ်)

တာဝန်ခံမှုရှိခြင်းဖောင်ကို နှစ်ယောက်တစ်တွဲဖြင့်ဖြစ်စေ၊ အဖွဲ့ငယ်လိုက်ဖြစ်စေ ပြည့်စုံအောင် ဖြည့်၍ အချင်း ချင်းအတွက် ဆုတောင်းကြပါ။

မမေ့ပါနှင့် …

စိတ်ရှည်သည်းခံတတ်၍ စိတ်နှလုံးကို အသစ်ပြုပြင်ဖို့ နည်းတစ်နည်းမှာ နှုတ်ကပတ်တော်၌ မျှော်လင့်ခြင်း ဖြစ်သည်။ ဧဝံဂေလိတရား အခြေပြု ကျမ်းစာလေ့လာခြင်းကို ပိုနက်နဲအောင် ပြုလုပ်နိုင်ရန် YouVersion တွင် အခမဲ့ ရရှိနိုင်သည့် “ ‘Exploring Evangelism Myths’ ကို အသုံးပြုခြင်းဖြင့် Advance သမ္မာကျမ်းစာလေ့လာခြင်းကို ပြုလုပ်နိုင်သည်။

မှတ်စုများ



အစည်းအဝေး ၁၀
မိသားစုထံမှ လာသည့် စိန်ခေါ်မှု – မိတ်သဟာယနှင့် နှောင့်ယှက်ခြင်း

ဧဝံဂေလိတရား ဟောပြောရာတွင် ကျွန်ုပ်တို့၏အသင်းတော်မိသားစုမှ ရောက်လာနိုင်သည့် စိန်ခေါ်မှုကို ဤအစည်းအဝေးတွင် ကြည့်သွားမည်။ မတူညီကွဲပြားသော လူမှုအသိုင်းအဝိုင်းတွင် လူတိုင်းက ဧဝံဂေလိတရားအတွက် စိတ်အားကြီးကြမည် မဟုတ်ပါ။ ကျွန်ုပ်တို့ မည်သို့ တုံ့ပြန်သင့်သနည်း။ ကျွန်ုပ်တို့၌ ခရီးတွင်သော သာသနာရှိသော်လည်း ဒေသန္တရအသင်းတော်ရှိ စိတ်အားကြီးပုံချင်း မတူသော ညီအစ်ကိုမောင်နှမများကို ကျွန်ုပ်တို့ မည်သို့ ခွန်အားပေးတိုက်တွန်းသင့်သနည်း။

အစည်းအဝေးကို ဝါကျတစ်ကြောင်းဖြင့် အကျဉ်းချုပ်ခြင်း
ဧဝံဂေလိတရား ဟောပြောခြင်းတွင် စိတ်အားထက်သန်ပုံချင်း မတူသော အသင်းတော်မိသားစုနှင့် မိတ်သဟာယ ဖွဲ့ခြင်းကို ရပ်တံ့မည့်အစား တစ်လောကလုံးသို့ ဧဝံဂေလိတရား ယူဆောင်ရန် အချင်းချင်း ခွန်အားပေး ပြင်ဆင်ကြကာ အသင်းတော်မိသားစုကို ခွန်အားပေး တိုက်တွန်းရပေမည်။

အစည်းအဝေး နောက်ကြောင်း
သီးသန့်အခန်းတွင် ချုပ်လှောင်ခြင်းသည် တစ်ကမ္ဘာလုံးရှိ ထောင်တိုင်းတွင် ကျင့်သုံးသည့် နှစ်မြို့ဖွယ်မကောင်းသော အပြစ်ဒဏ်ဖြစ်သည်။ ဤကဲ့သို့ သီးသန့်ချုပ်လှောင်ခြင်း၏ အကျိုးဆက်ကို ကျယ်ကျယ်ပြန့်ပြန့် သုတေသန ပြုကြသည့်အခါ ရလဒ်မှာ အင်မတန် စိတ်မကောင်းစရာ ဖြစ်သည်။ ဤသို့ တိုတောင်းလှသော အချိန်ကာလတစ်ခုသာ သီးသန့်ချုပ်လှောင်ခြင်း ခံသောသူများပင် စိုးရိမ်ကြောင့်ကြမှု၊ စိတ်ဖိစီးမှု၊ စိတ်ကျရောဂါ၊ ဒေါသ၊ ကြောက်စိတ်မွန်ခြင်း၊ ကြမ်းတမ်းသောအပြုအမူ၊ စိတ်ဝေဒနာ၊ စိတ်ဖောက်ပြန်မှု၊ စိတ်အာရုံချောက်ချားခြင်း၊ မှတ်ဉာဏ်ပျောက်ဆုံးခြင်း၊ မိမိကိုမိမိ အန္တရာယ်ပြုခြင်းနှင့် ကိုယ့်ကိုကိုယ်သတ်သေလိုခြင်း ခံစားတတ်ကြသည်။

ဤတွေ့ရှိချက်များက အံ့အားသင့်စရာ မဖြစ်ပါ။ သီးသန့်ချုပ်လှောင်ခြင်းကြောင့် လူသား ဖန်ဆင်းခံရသည့် ရည်ရွယ်ချက်များဖြစ်သော ဆက်ဆံရေး၊ လူမှုအသိုင်းအဝိုင်းနှင့် မိတ်သဟာယတို့ကို မရရှိနိုင်ကြပါ။ ဤအရာများကို ခံစားခွင့် မရှိသည့်အခါ မည်သည့်ရလဒ်ကောင်းမျှ ထွက်မလာပါ။

လူ့သမိုင်းတစ်လျှောက် လူမှုအသိုင်းအဝိုင်းသည် လူသားရှင်သန်ရေးအတွက် မရှိမဖြစ် လိုအပ်သည့်အရာ ဖြစ်သည်။ လူမျိုးစုများ နေထိုင်သောအသိုင်းအဝိုင်းတွင် အမဲလိုက်ခြင်း၊ ရန်သူများကို တိုက်လှန်ခြင်း၊ တိရစ္ဆာန် အစာကျွေးခြင်း၊ အိမ်မှုကိစ္စ၊ ပညာရေး၊ ကျန်းမာရေးနှင့် ခေါင်းဆောင်မှု စသည်ဖြင့် အားလုံး၌ ကိုယ်စီကဏ္ဍရှိကြသည်။ တိုးတက်ဖွံ့ဖြိုးသော ယနေ့ကမ္ဘာတွင် လူမှုအသိုင်းအဝိုင်းဆိုသည်မှာ မိမိတို့၏ဖြစ်တည်မှုကို ရှာဖွေခြင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် မည်သည့်နေရာနှင့် ဆက်စပ်မှုရှိ၍ ကျွန်ုပ်တို့ကို အရှိအတိုင်း မည်သည့်နေရာတွင် လက်ခံကြမည်နည်း။

အင်တာနက်ကြောင့် လူတော်တော်များများက မိမိတို့၏လူမျိုးစုကို ရှာနိုင်ကြသည်။ ပေါ့အဆိုတော်၊ တီဗီရှိုး၊ မိမိနှင့်သက်ဆိုင်သော လိင်၊ ဝါသနာ သို့မဟုတ် ကျွမ်းကျင်မှု၊ နိုင်ငံရေး၊ ကိုယ်ကျင့်တရား၊ ဘာသာရေးရာ လောကအမြင်၊ မျောက်မောင်းမကို နှစ်သက်သော အွန်လိုင်းအသိုင်းအဝိုင်း စသည်ဖြင့် မိမိနှင့်ဆိုင်သော လူအစုအဖွဲ့ကို သင်ရှာလျှင် တွေ့နိုင်သည်။ ဤလူမှုအသိုင်းအဝိုင်းက ကောင်းမှုများစွာကို ပြုလုပ်နိုင်သော်လည်း လူမှုအသိုင်းအဝိုင်းကို ပံ့ပိုးကူညီသူအဖြစ် မမြင်တော့ဘဲ စားသုံးသူအဖြစ်သာ ဖြစ်လာနိုင်သည့် အန္တရာယ် ရှိသည်။ လူမှုအသိုင်းအဝိုင်းတစ်ခုကို ကျွန်ုပ်တို့ သတ်မှတ်သည့် တန်ဖိုးအတိုင်း ရွေးချယ်သည့်အခါ ၎င်းအသိုင်းအဝိုင်းကို မနှစ်သက်တော့လျှင် အခြားအသိုင်းအဝိုင်း ရှာတတ်ကြသည်။ ဤနည်းဖြင့် လူမှုအသိုင်းအဝိုင်းတွင် ကိုယ့်အတွက်သာ မြင်တတ်ကြသည်။ အတ္တဆန်လာသည်။

သီးသန့်အထီးကျန်ပြီး တန်ဖိုးထားခြင်း မခံရသကဲ့သို့ ခံစားကြသောကြောင့် လူတော်တော်များများသည် မိမိတို့ကို တန်ဖိုးထားမည့် လူမှုအသိုင်းအဝိုင်းကို ရှာတတ်ကြသည်။ မိမိမည်သူမည်ဝါဖြစ်ကြောင်း၊ ဘဝအဓိပ္ပာယ်နှင့် ရည်ရွယ်ချက်တို့ကို ရှာဖွေခြင်းသည် အင်မတန် စွမ်းအားရှိသည်။ အကြောင်းမှာ၊ ကျွန်ုပ်တို့ကို ဖန်ဆင်းသောဘုရားနှင့် ဆက်ဆံရေးတည်ဆောက်ခြင်း၌ ဤအရာတို့ကို ကျွန်ုပ်တို့ သိနိုင်သည်။ ဘုရားသခင် တည်ဆောက်သည့် အသိုင်းအဝိုင်းမှ ကျွန်ုပ်တို့ ထွက်သွားသည့်အခါ သီးသန့်အခန်းတွင် ချုပ်လှောင်ခြင်း ခံရသော အကျဉ်းသားများ ရင်ဆိုင်သည့် ပြဿနာဖြစ်သော အဆက်အသွယ် ပျက်တောက်ခြင်းကို ကျွန်ုပ်တို့ တွေ့ကြုံကြလိမ့်မည်။

အသင်းတော်သည် ခမည်းတော်၊ သားတော်နှင့် ဝိညာဉ်တော်ဖြင့် ဖွဲ့စည်းထားသည့် ပြီးပြည့်စုံသော ထာဝရလူအစု အဖွဲ့ဖြစ်သောကြောင့် အန္တိမလူမှုအသိုင်းအဝိုင်း ဖြစ်သည်။ သို့သော်၊ လူသားတို့ ဖြင့် စုဖွဲ့ထားသောကြောင့် ပြည့်စုံခြင်း မရှိပါ။ ကျွန်ုပ်တို့ အမှားကျူးလွန်တတ်ကြသောကြောင့် အသင်းတော် အသိုင်းအဝိုင်းသည်ပင် ဤလောကရှိ ပျက်ယွင်းသော အခြားလူမှုအသိုင်းဝိုင်းများကဲ့သို့ အထီးကျန်သလို ခံစား၍ နာကျင်မှုကိုလည်း ခံစားရနိုင်သည်။ သို့သော်၊ မပြည့်စုံသည့်ကြားမှ မျှော်လင့်ချက်တော့ အမြဲရှိသည်။ အသင်းတော်သည် တူညီသောဝါသနာတစ်ခုကြောင့် စုဖွဲ့ကြသည့် လူအစုအဝေးသာ မဟုတ်ဘဲ ဤလောကသို့ မိမိကို ထင်ရှားစေရန် ဘုရားသခင် ရည်ရွယ်သည့်အရာ ဖြစ်ကြောင်းကို ကျွန်ုပ်တို့ သိလျှင် မျှော်လင့်ခြင်းရောင်ခြည် သန်းလာလိမ့်မည်။ အသင်းတော်သည် ကျွန်ုပ်တို့နှင့်မဆိုင် ဘုရားသခင်နှင့်သာ ဆိုင်ကြောင်းကို သိထားလျှင် ကျွန်ုပ်တို့၏ မပြည့်စုံခြင်းမှ ဘုရားသခင်၏ ပြည့်စုံခြင်း ထင်ရှားလိမ့်မည်။

> "အထီးကျန်ဆန်ခြင်းက စိတ်ပျက်ခြင်းနှင့် ဝေးကွာခြင်းကို ဖြစ်သော်လည်း အတူတူရှိနေခြင်းက အကောင်းမြင်စေကာ ထိုးထွင်းတီထွင်နိုင်စွမ်း ပေးသည်။ အေးအတူပူအမျှ ရပ်တည်ကြသော လူတို့သည် ကြံ့ခိုင်လာ၍ ကြွယ်ဝချမ်းသာလာကြကာ ဝမ်းမြောက်ခြင်းကိုလည်း ပိုခံစားတတ်ကြသည်။"
>
> **ဗီဗစ်မာသီ၊ အမေရိကန်ပြည်ထောင်စု ခွဲစိတ်ဆေးမှူးချုပ်**

ဤအချက်သည် လူမှုအသိုင်းအဝိုင်းအတွက် မှန်သော်လည်း ဘုရားသခင်နှင့်ဆိုင်သည့် လူမှုအစုအဖွဲ့၌ အစစ်မှန်ဆုံးသောပုံစံနှင့် မျှော်လင့်ခြင်းကို တွေ့နိုင်သည်။ အချင်းချင်းနှင့်သာ ဆိုင်တာမျိုး မဟုတ်ဘဲ ယေရှုနှင့် ဆိုင်ကြသည်။ ကျွန်ုပ်တို့၏လူမှုအသိုင်းအဝိုင်းသည် ခရစ်တော်နှင့်ဆိုင်သောကြောင့် ကြံ့ခိုင်၍ ကြီးပွားတိုးတက်ကာ ဝမ်းမြောက်ခြင်းလည်း ပိုရှိလာသည်။

ခရစ်တော်၌ အမှန်တည်ရှိမှ အသင်းတော်အမှန် ဖြစ်မည်။ ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်၏ မိသားစုထဲသို့ ဗတ္တိဇံခံကြ၍ တစ်လုံးတစ်ဝတည်း ဖြစ်လာကြကာ အစိတ်အပိုင်းများစွာရှိသော အသိုင်းအဝိုင်း ဖြစ်ကြသည် (၁ ကော ၁၂:၁၂-၁၃)။ ယေရှု၏ နောက်တော်သို့ လိုက်ခြင်းဆိုသည်မှာ မတူကွဲပြားသော လူအစုအဖွဲ့တွင် ပါဝင်ပြီး အားလုံးအကျိုးအတွက် (ဘုရားသခင်၏ ဘုန်းတော်အတွက်) မိမိတတ်နိုင်သည့် ကဏ္ဍမှ ပါဝင်အစေခံခြင်းဖြစ်သည်။ ခရစ်ယာန်တို့သည် တစ်ဦးတည်းအချိန်သုံးသင့်သည်မှာ မှန်သည် (ဥပမာ - ဘုရားသခင်နှင့် သီးသန့်အချိန်သုံးခြင်း)။ သို့သော်၊ သီးခြားနေ၍တော့ မဖြစ်ပါ။ အသင်းတော်မိသားစုတွင် ပါဝင်ခြင်းဖြင့် ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ဖွဲ့စည်းထားသည့် ပြည့်စုံသောမိသားစုအရိပ်အယောင်ကို တစ်လောကသားလုံး မြင်နိုင်လိမ့်မည်။

အစည်းအဝေး လမ်းညွှန်

တွေ့ဆုံခြင်း (၁၀-၂၀ မိနစ်)

တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံမိတ်ဆက်စကားပြောဖို့ အချိန်သုံးပါ။ သက်သေခံခြင်း၊ ခွန်အားပေးခြင်း၊ အခွင့်အရေးများကို အတူသုံးသပ်ခြင်းနှင့် အဖွဲ့အတွက် ခွန်အားဖြစ်စေမည့် မည်သည့်အကြောင်းအရာကိုမဆို ဝေငှပြောဆိုနိုင်သည်။ လွန်ခဲ့သောလအတွင်း လေ့လာဆွေးနွေးခဲ့သည့်အစည်းအဝေးကြောင့် ရလာသည့်အခွင့်အရေးများနှင့်တကွ ၎င်းမှ မိမိရရှိသည့် ခွန်အားနှင့် စိန်ခေါ်မှုများကိုလည်း ဝေမျှကြပါ။

ဆုတောင်းခြင်း

အချိန်ကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံ၍ လွန်ခဲ့သောလတွင် ဧဝံဂေလိတရား ဟောပြောခွင့် ရခဲ့သည့် အခွင့်အရေးများအတွက် ဘုရားသခင်ကို ကျေးဇူးတော် ချီးမွမ်း၍ ထိုအခွင့်အရေးမှားမှ ကယ်တင်ခြင်း ရသောသူများအတွက်လည်း ဆုတောင်းပေးပါ။

သွန်သင်ခြင်း (၄၅-၅၀ မိနစ်)

အောက်ပါသင်ခန်းစာများကို သင်နှစ်သက်သည့်နည်းဖြင့် သင်ပေးနိုင်သကဲ့သို့ တစ်လုံးမကျန် ဖတ်ပြခြင်းဖြင့်လည်း သင်ပေးနိုင်သည်။ ထို့ပြင်၊ သင်ကိုယ်တိုင် ပြင်ဆင်၍လည်း တင်ပြနိုင်သည်။

> "မျှော်လင့်ခြင်းအကြောင်းကို ဝန်ခံ၍ မတိမ်းမယိမ်းမရွေ့လျော့ဘဲ တည်ကြည်ကြကုန်အံ့။ အကြောင်းမူကား၊ ဂတိထားတော်မူသောသူသည် သစ္စာနှင့် ပြည့်စုံတော်မူ၏။ ထိုမှတပါး မေတ္တာစိတ်ရှိစေခြင်းငှါ၎င်း၊ ကောင်းသောအကျင့်ကို ကျင့်စေခြင်းငှါ၎င်း၊ တိုက်တွန်းနှိုးဆော်ရသောအခွင့်ကို ရှာ၍ အချင်းချင်း တယောက်ကိုတယောက် ထောက်စာကြည့်ရှုကြကုန်အံ့။ လူအချို့တို့၏ ထုံးစံရှိသည်အတိုင်း အချင်းချင်း စည်းဝေးခြင်းအမှုကို မရှောင်လွှဲကြနှင့်။ အချင်းချင်းတို့ကို တိုက်တွန်းနှိုးဆော်ကြလော့။ ကာလအချိန်ရောက်လုနီးသည်ကို ထောက်သဖြင့်၊ သာ၍ ကြိုးစားကြလော့"
>
> **ဟေဗြဲ ၁၀:၂၃-၂၅**

ဧဝံဂေလိဆရာများ သို့မဟုတ် ဧဝံဂေလိတရား ဟောပြောခြင်းတွင် စိတ်အားထက်သန်သူများကို အသင်းတော်မိသားစုတွင် ရှေးရိုးလမ်းစဉ်အတိုင်း မလိုက်သောသူများအဖြစ် ထင်မြင်ခြင်း ခံတတ်ကြသည်။

သူတို့သည် အသင်းတော်အထဲ၌ ဖြစ်ပျက်သည့်အရာများထက် အသင်းတော်အပြင်ဘက် ဖြစ်ပျက်သောအရာများကို ပို၍စိတ်ဝင်စားလေ့ရှိသောသူများ ဖြစ်တတ်ကြသည်။ အချို့ဧဝံဂေလိဆရာများသည် ဒေသန္တရအသင်းတော် မိတ်သဟာယတွင်ပင် ပျက်ကွက်လေ့ရှိကြသည်။ နယ်လှည့်ဧဝံဂေလိတရား ဟောပြောသောကြောင့် (အကောင်းဆုံးတော့ မဟုတ်ပါ) ဖြစ်နိုင်သကဲ့သို့ အသင်းတော်ပေါ် မကျေနပ်မှုကြောင့် သီးသန့်နေလိုသောကြောင့်လည်း ဖြစ်နိုင်သည် (လက်ခံဖွယ် မရှိပါ)။ မည်သည့်အရာမျှ အထောက်အကူ မပြုပါ။ မိမိတို့ ခေါ်ဆိုခြင်းခံရသည့်အမှုတော်မြတ်အတွက် ဧဝံဂေလိဆရာကို ကူညီရာ မရောက်ပါ။ အသင်းတော်ကို ဧဝံဂေလိတရား ဟောပြောဖို့ နှိုးဆော်ပြီး ပြင်ဆင်ရာလည်း မရောက်ပါ (ဧဖက် ၄:၁၁-၁၂)။

အတူစည်းဝေးခြင်းကို မပျက်ကွက်ရန် ဟေဗြဲဩဝါဒစာ ရေးသားသူက ယုံကြည်သူများကို တိုက်တွန်းထားသည်။ အတူစည်းဝေးခြင်းကို မစွန့်လွှတ်ဖို့ အဓိပ္ပာယ်သက်ရောက်နိုင်သည့် စကားလုံး သုံးနှုန်းထားသည်။ ကျွန်ုပ်တို့၌ စိတ်ပျက်စရာများ မည်မျှပင်ရှိပါစေ၊ မည်မျှပင် အရေးကြီးသောအခြားကြောင်းအရာ ရှိလာပါစေ ခွန်အားယူဖို့၊ ခွန်အားပေးဖို့ အသင်းတော်မိသားစုနှင့် အတူစုဝေးခြင်းကို လုံးဝ မပျက်ကွက်သင့်ပါ။ မည်သည့်အကြောင်းကြောင့်ဖြစ်စေ အသင်းတော်ကို မစွန့်လွှတ်သင့်ပါ။

> **ဆွေးနွေးပါ** – အချိန်ပြည့် ဧဝံဂေလိဆရာအဖြစ် ခေါ်ခြင်းခံရသည်ဟု သင်ခံစားသည်ဖြစ်စေ၊ နေ့စဉ် ဧဝံဂေလိတရားဟောပြောခြင်းတွင် သစ္စာရှိဖို့ ကြိုးစားသူတစ်ယောက် ဖြစ်စေ သင်နှင့် သင့်ဒေသန္တရအသင်းတော်ကြား ဆက်ဆံရေး မည်သို့ ရှိသနည်း။ အသင်းတော်တွင် သင်ကိုယ်တိုင် မည်သို့ ပါဝင်ပတ်သက်သနည်း။

ဘုရားချစ်ခြင်း၌ အသက်ရှင်၍ ထင်ရှားစေဖို့ အချင်းချင်း ကူညီနိုင်မည့်နည်းများကို အမြဲသတိပြုရန် ဟေဗြဲဩဝါဒစာရေးသားသူက တိုက်တွန်းထားသည်။ ကျွန်ုပ်တို့သည် ဧဝံဂေလိတရား၌ စိုက်ပျိုးခြင်း ခံ၍ ထိုဧဝံဂေလိတရားကို တစ်လောကလုံး၌ စိုက်ပျိုးရပေမည်။ တပည့်တော် ပျိုးထောင်သည့် တာဝန်ခံမှုရှိသော တပည့်တော်၏ အသက်တာကို ပုံသက်သေပြရန် ကျွန်ုပ်တို့၏ ဒေသန္တရအသင်းတော်မိသားစုတွင် လုံးလုံး ပါဝင်ရပါမည်။

တစ်ခါတရံ ပြဿနာမှာ အသင်းတော်နှင့် အဆက်အသွယ်ပျက်ခြင်း မဟုတ်ဘဲ အသင်းတော်အတွင်း၌ အာရုံထွေပြားခြင်း ဖြစ်သည်။ ပင်တေကုတ္တတေပွဲနေ့၌ ဝိညာဉ်တော် မကြွမီ၊ အသင်းတော်လည်း မမွေးဖွားမီ တမန်တော် ၁ ၌ မိမိတပည့်တော်များထံ ယေရှု၏ နောက်ဆုံးအမှာစကားတွင် အချက်နှစ်ချက်အားဖြင့် တပည့်တော်များ အာရုံထွေပြားသည်ကို တွေ့နိုင်သည်။

တမန်တော် အခန်းကြီး ၁ ကို လှန်၍ အငယ် ၁-၁၁ ကို အတူတူကြည့်သွားမည်။

> "ထိုတမန်တော်တို့သည်လည်း စုဝေး၍ သခင်ဘုရား၊ ယခုအခါ ကိုယ်တော်သည် ဣသရေလအမျိုးသားတို့အား နိုင်ငံကို ပြန်ပေးတော်မူမည်လောဟု မေးလျှောက်ကြလျှင်"
>
> **တမန် ၁:၆)**

ဤနေရာတွင် တပည့်တော်တို့သည် မိမိတို့ မသိသည့်အရာကြောင့် အာရုံထွေပြားသွားခဲ့ကြသည်။ ဘုရားသခင်တစ်ပါးတည်းသာ သိနိုင်သည့်အရာများကြောင့် အာရုံမထွေပြားရန် တပည့်တော်များအား ယေရှု မှာကြားခဲ့သည်။

> "အိုဂါလိလဲလူတို့၊ အဘယ်ကြောင့် ကောင်းကင်သို့ ကြည့်မျှော်လျက် နေကြသနည်း။ သင်တို့နှင့် ခွါ၍ ကောင်းကင်သို့ ဆောင်ယူခြင်းကို ခံတော်မူသော ထိုယေရှုသည် သင်တို့ မျက်မှောက်၌ ကောင်းကင်သို့ ကြွသွားတော်မူသည်နည်းတူ တဖန် ကြွလာတော်မူလတံ့ဟု ပြောဆို၏"
>
> **တမန် ၁:၁၁**

ထို့ပြင်၊ တပည့်တော်တို့သည် ဖြစ်ပျက်ခဲ့ပြီးသောအရာနှင့် ဖြစ်ပျက်မည့်အရာများကြောင့် အာရုံထွေပြားခဲ့ကြသည်။ ယေရှု ကြွတက်သွားပြီးနောက် ကောင်းကင်တမန်နှစ်ပါး ရောက်လာ၍ သူတို့အား မည်သည့်အရာ လုပ်နေကြောင်းကို မေးခဲ့ကြသည်။

မိမိမသိသောအရာကြောင့် သင် သို့မဟုတ် အသင်းတော်မိသားစုရှိ ယုံကြည်သူများ မည်မျှ အာရုံထွေပြားတတ်သနည်း။ ဤနေရာ၊ ဤအချိန်တွင် ဘုရားသခင် လုပ်ဆောင်စေချင်သည့်အမှုကို အာရုံစိုက်ပြီး မလုပ်ဆောင်ဘဲ ဖြစ်ပျက်ပြီးသောအရာ သို့မဟုတ် ဖြစ်ပျက်ခဲ့သင့်သည်ဟု သင်ထင်သောအရာတို့ကြောင့် မည်မျှ သင်အာရုံထွေပြားတတ်သနည်း။

ခရစ်တော်၏သက်သေ မဖြစ်ရန် သင့်ကို သို့မဟုတ် အသင်းတော်မိသားစုမှ ယုံကြည်သူများကို မည်သည့်အရာများက အာရုံထွေပြားစေပါသနည်း။

- သတင်းကောင်း ဝေငှဖို့ သိသင့်သလောက် မသိသေးဟု ခံယူခြင်း
- အခြားတစ်ယောက်ကို စေလွှတ်ရန် ဘုရားသခင်ကို စောင့်မျှော်ခြင်း
- အတိတ်က ကျရှုံးမှုများကြောင့် အာရုံထွေပြားခြင်း
- အနာဂတ်စီမံကိန်းများကြောင့် အာရုံထွေပြားခြင်း
- သူတပါး၏ စိတ်အားထက်သန်မှု သို့မဟုတ် ဖိအားကြောင့် အာရုံမစိုက်နိုင်ခြင်း

> **ဆွေးနွေးပါ** – ဧဝံဂေလိတရား ဝေငှခြင်းမှ သင့်ဘဝနှင့် သင့်အသင်းတော်မိသားစုရှိ မည်သည့်အရာက သင့်ကို အာရုံထွေပြားစေပါသနည်း။

ထိုသို့အာရုံထွေပြားခြင်းက ဘုရားသခင် ပေးသနားသည့် စုံလင်သောအသက်တာကို မပိုင်ဆိုင်ရန် အဟန့်အတား ဖြစ်စေသောကြောင့် အလွန်စိတ်ပျက်ဖွယ်ကောင်းသည်။ ထိုအာရုံထွေပြားခြင်းက ကြောက်ရွံ့ခြင်း၊ စိတ်မပါတော့ခြင်း၊ ထိရောက်မှု မရှိတော့ခြင်း၊ စိတ်အားထက်သန်မှု မရှိတော့ခြင်း စသည်တို့ ဖြစ်စေနိုင်ပြီး ကျွန်ုပ်တို့ ကယ်တင်ခြင်း ခံရသည့်အသက်တာထက် ထွက်ပြေးလွတ်မြောက်ခဲ့သည့်အရင်ဘဝနှင့် ပိုနီးစပ်စေသည့် အန္တရာယ်ရှိသည်။

ကျွန်ုပ်တို့၏ဘဝ၌ စိတ်ပျက်ဖွယ်ကောင်းသော ဤအာရုံထွေပြားခြင်းကို အမြစ်တွယ်ဖို့ ခွင့်ပြုမည့်အစား ဘုရားသခင် ပေးသည့်အသက်ဖြင့် အသက်ရှင်ရန် ထိုအာရုံထွေပြားခြင်းကို ကျွန်ုပ်တို့ ခါချရပေမည်။ ထိုအာရုံထွေပြားခြင်းကို ခါချနိုင်သည့် အဓိကသော့ချက်ကို တပည့်တော်များအား အာရုံထွေပြားစေခဲ့သည့် အချက်နှစ်ချက်ကြားတွင် ဖော်ပြထားသည်။

> "သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကို ခံရ၍ ... ငါ၏သက်သေဖြစ်ကြလိမ့်မည်"
>
> **တမန် ၁း၈**

ဤအခန်းကြီးရှိ ပထမ အခန်းငယ် ၈ ခုတွင် သန့်ရှင်းသောဝိညာဉ်တော်ကို လေးကြိမ်တိုင်တိုင် ညွှန်းဆို ဖော်ပြထားသည်။ ဘုရားသခင် မိန့်မှာသည့် ကျွန်ုပ်တို့လုပ်ဆောင်ရမည့်အရာများမှ ကျွန်ုပ်တို့၏ အာရုံကို ထွေပြားစေသည့်အရာများကို တုံ့ပြန်ရန် လေးကြိမ်တိုင်တိုင် ဖော်ပြထားသောအရာသည် တန်ခိုးရှိသည်။ ဤအရာဖြင့် အသင်းတော်မိသားစုတစ်စုလုံးကိုလည်း အတူတူ အစေခံနိုင်ရန် ကျွန်ုပ်တို့ ခွန်အားပေးနိုင်သည်။

၁။ ညွှန်ကြားချက် ရှိသည်

> "ယေရှုသည် ရွေးကောက်တော်မူသော တမန်တော်တို့ကို ဝိညာဉ်တော်အားဖြင့် မှာထားပြီးမှ..."
>
> **တမန် ၁း၂**

ဆုကျေးဇူးရဖို့၊ တိကျသေချာသော ခေါ်သံကိုကြားဖို့နှင့် အခြားတစ်ယောက် လုပ်ဆောင်ဖို့ကို စောင့်မျှော်ပြီး အာရုံထွေပြားခြင်း မခံမိဖို့ အရေးကြီးသည်။ ယုံကြည်သူအားလုံးထံလာသည့် ဧဝံဂေလိတရား ခေါ်သံကို တုံ့ပြန်ရန် ကျွန်ုပ်တို့ကို ဘုရားသခင် စောင့်နေသည်။

> "ရှေ့တွင် ကျွန်ုပ်တို့ကို စောင့်ကြိုနေသည့်ဘဝကို လက်ခံနိုင်ရန် ကိုယ်ကိုယ်တိုင် စီစဉ်ခဲ့သည့်ဘဝကို စွန့်လွှတ်ဖို့တော့ လိုလိမ့်မည်"
>
> **ဂျိုးဆက် ကင်မ်ဘဲလ်**

မစောင့်ပါနှင့်တော့။ သွား၍ လူတို့ထံ ယေရှုအကြောင်းကို ဝေငှ ဟောပြောလော့။ သင့်ကို ဘုရားသခင် ခေါ်ပြီးဖြစ်သောကြောင့် သင့်ဘဝ၊ သာသနာနှင့် အခြေအနေတိုင်းတွင် ယေရှု၏ သက်သေတော် ဖြစ်ပါ။ ဤလောကတွင် ဘုရားသခင့် နိုင်ငံတော်၏ သံအမတ်ဖြစ်ဖို့ ဘုရားသခင်၏ ကြီးမားသောခေါ်သံအပေါ် သစ္စာရှိဖို့ သန့်ရှင်းသောဝိညာဉ်တော်ကို သင့်ကို လမ်းပြပို့ဆောင်လိမ့်မည်။

၂။ ဆုကျေးဇူး ကိုယ်စီ ရှိကြသည်

> "...ခမည်းတော်၏ ကတိကို ငံ့နေ" ကြလော့။
>
> **တမန် ၁း၄**

လက်ဆောင်တစ်ခုခုကို ရရှိသည့်အခါ မည်သို့ တုံ့ပြန်လေ့ရှိသနည်း။ "ကျေးဇူးတင်ပါတယ်" ဟူ၍ ပြန်ပြောလေ့ရှိ သည်မဟုတ်လော။ သန့်ရှင်းသောဝိညာဉ်အားဖြင့် အကောင်းဆုံးသောလက်ဆောင်ကို ကျွန်ုပ်တို့ ရရှိကြသောကြောင့် လူတစ်ဦးချင်းဖြစ်စေ၊ အသင်းတော်မိသားစုဖြစ်စေ ကျေးဇူးသိတတ်သည့်စိတ်ထားရှိဖို့ လိုအပ်သည်။ အသင်းတော်ထံ ဘုရားသခင် ပေးသနားသည့်အရာအပေါ် ကျွန်ုပ်တို့ ဂုဏ်ယူဝမ်းမြောက်ရပေမည်။

ကျွန်ုပ်တို့၏ဘဝ၌ အာရုံထွေပြားစေသောအရာများကို တိုက်လှန်ရန် ကျေးဇူးသိတတ်ခြင်းစိတ်ရှိခြင်းက မရှိမဖြစ် လိုအပ်သည်။ ကျေးဇူးသိတတ်စိတ်ရှိလျှင် ကျွန်ုပ်တို့ ကယ်တင်ခြင်းခံရသည့် ရည်ရွယ်ချက်နှင့် ကျွန်ုပ်တို့အထဲ၌ ဘုရားသခင်၏ လုပ်ဆောင်မှုများကို ကျွန်ုပ်တို့ အာရုံစိုက်နိုင်မည် ဖြစ်သည်။ တပည့်တော်များထံ ယေရှု၏ နောက်ဆုံးမိန့်မှာချက်နှင့်ပတ်သက် မဿဲဖော်ပြသည့် အချက်ကို အောက်မေ့ရန် သမ္မာကျမ်းစာတွင် ဖော်ပြာထးသည်။

> "ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ် ရှိသည်"
>
> **မဿဲ ၂၈း၂၀**

၃။ ဝိညာဉ်တော်၌ ဗတ္တိဇံခံခြင်း

> "သင်တို့သည် မကြာမမြင့်မီ သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံကို ခံရကြလိမ့်မည်"
>
> **တမန် ၁း၅**

ဝိညာဉ်တော်၌ ဗတ္တိဇံခြင်းဆိုသည်မှာ ဘုရားသခင်၏ အတူပါရှိမှုပေါ် အပ်နှံခြင်း ဖြစ်သည်။ ဘုရားသခင်၏ မျက်မှောက်၌ အသက်ရှင်သည့်အခါ ကျွန်ုပ်တို့၏ဘဝ ပြောင်းလဲသွားသည်။ ဧဝံဂေလိတရားကိုယ်၌သည် အတူပါရှိတော်မူခြင်းအကြောင်းကို ဖော်ပြသည့်အရာ ဖြစ်သည်။

ဒေဝဥယျာဉ်ထဲ၌ ခမည်းတော်၏ မျက်မှောက်တော်တွင် လျှောက်လှမ်းခြင်း၊ ခမည်းတော်၏ အတူပါရှိမှုကို ပုန်ကန်မှုဖြင့် ငြင်းပယ်ခြင်း၊ အသက်ကို သိရန် ဘုရားသခင်၏ မျက်မှောက်တော် လိုအပ်ခြင်း၊ ကျွန်ုပ်တို့နှင့် အတူနေ၍ ခမည်းတော်ကို ထင်ရှားစေရန် ယေရှု ကြွလာခြင်း၊ ကားတိုင်ဖြင့် မျက်မှောက်တော်သို့ တိုးဝင်ခွင့် ပြန်လည်ရရှိခြင်း၊ နိုင်ငံတော် တည်သည့်အခါ ဘုရားသခင်၏ မျက်မှောက်တော်၌ စုံလင်စွာ ထာဝရအသက်ရှင်မည့်အချိန်ထိ အသက်ရှင်နိုင်ရန် ကျွန်ုပ်တို့၏အထဲ၌ ဆုကျေးဇူးဖြစ်သော သန့်ရှင်းသောဝိညာဉ်တော် ကျွန်ုပ်တို့၏အထဲ၌ ကျိန်းဝပ်တော်မူခြင်း စသည်တို့ကို ဧဝံဂေလိတရား၌ တွေ့နိုင်သည်။

ဘုရားသခင်၏ မျက်မှောက်တော်၊ မိတ်သဟာယတော်နှင့် မေတ္တာတော်၌ အတူတူ တည်စေနိုင်ရန် ခရစ်ယာန်မိသားစုနှင့် အတူတူနေထိုင်ဖို့ လိုအပ်သည်။ ဤလောကတွင် ဘုရားသခင်၏ မျက်မှောက်တော် ထင်ရှားဖို့ ဤလောကတွင် ကျွန်ုပ်တို့ နေထိုင်ရပေမည်။

၄။ တန်ခိုး ခံရခြင်း

> " သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကို ခံရ၍..."
>
> **တမန် ၁း၈**

သူတပါး၏ ဆုကျေးဇူး၊ စိတ်အားထက်သန်မှုနှင့် ခေါ်ဆိုခံရခြင်းတို့ကြောင့် အာရုံထွေပြားဖို့ မလိုပါ။ ကျွန်ုပ်တို့ ရှိသည့်နေရာတွင် အစေခံရန် ကျွန်ုပ်တို့ကို ဘုရားသခင် ထားရှိသည်။ ယေရှုကို သေခြင်းမှ ထမြောက်စေတော်မူသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏အထဲတွင် ကျိန်းဝပ်သည် (ရောမ ၈း၁၁)။ ခရစ်တော်၌ ယုံကြည်သူညီအစ်ကိုမောင်နှမ များထံ ဘုရားသခင် ပေးသနားသည့် ကျေးဇူးတော်များကြောင့် အာရုံထွေပြားမည့်အစား ကျေးဇူးတော် ချီးမွမ်းသင့်သည်။ ယုံကြည်သူအားလုံး ရရှိသည့် ဆုကျေးဇူးဖြစ်သော သန့်ရှင်းသောဝိညာဉ်တော်၌ အချင်းချင်း ခွန်အားယူကြရပေမည်။ ထိုဝိညာဉ်တော်အားဖြင့် သာမန်လူများသည် သာမန်ထက်ထူးကဲသော ဘုရားသခင်၏ သာသနာတော်အတွက် အသုံးပြုခြင်း ခံကြသည်။

အသင်းတော်သည် ကျွန်ုပ်တို့၏ မိသားစု ဖြစ်သည်။ အသင်းတော်နှင့် အဆက်အသွယ် မပျက်ကြပါစို့။ မစွန့်လွှတ်ကြပါစို့။ သက်သေခံဝေငှဖို့ အာရုံထွေပြားခြင်း မခံမိဖို့လည်း သတိပြုကြပါစို့။ သစ္စာရှိ မိတ်သဟာယ ဖွဲ့ခြင်းဖြင့် အချင်းချင်းအတွက် ကောင်းချီးဖြစ်နိုင်သကဲ့သို့ လောကီလူသားတို့ကို ချစ်နိုင်ရန် အချင်းချင်း တိုက်တွန်းနိုင်ပေသည်။ ခမည်းတော်၏ ချစ်ခြင်းမေတ္တာအားဖြင့် ဘုရားသခင်၏ မိသားစုထဲသို့ ပြန်လာနိုင်ကြရန် လောကီလူသားများထံ ဝိညာဉ်တော်၏ တန်ခိုးတော်ဖြင့် ကျွန်ုပ်တို့၏အသက်တာ၌ ဧဝံဂေလိတရား ထင်ရှားပါစေ။ ဟောပြောလျက် ရှိပါစေ။

အရေးပေါ်အဖြစ် ခံယူကာ သွားကြပါစို့။ အေမီခါမီကာလ်က ဤသို့ သတိပေးထားသည် –

> "အနိုင်ယူဖို့ နာရီပိုင်းသာ ရှိပေမဲ့ အောင်ပွဲခံဖို့တော့ တသက်လုံးအချိန် ရှိတယ်"

ဆွေးနွေးခြင်း (၁၅ မိနစ်)

၁။ ယုံကြည်သူများအတွက် ဒေသန္တရအသင်းတော်တွင် ပါဝင်ခြင်းသည် အဘယ်ကြောင့် မရှိမဖြစ် လိုအပ်သောအရာ ဖြစ်သနည်း။

၂။ အပြုသဘောဆောင်၍ အကျိုးရှိမည့်နည်းဖြင့် အသင်းတော်မိသားစုကို ဧဝံဂေလိတရား ဟောပြောခြင်းတွင် ပါဝင်ရန် မည်သို့ ကျွန်ုပ်တို့ တိုက်တွန်းနိုင်ပါသနည်း။

၃။ ဤလောကတွင် ဧဝံဂေလိတရား ဟောပြောခြင်းနှင့် ပတ်သက်၍ အသင်းတော်သည် မည်သည့်အခန်းကဏ္ဍတွင် ပါဝင်သနည်း။

လိုက်လျှောက်ကျင့်သုံးခြင်း (၅ မိနစ်)

လာမည့်တနင်္ဂနွေနေ့တွင် ဘုရားကျောင်းသွားပါ။ ခေါင်းဆောင်များထံ မိမိကိုမိမိ တာဝန်ခံမှု ရှိစေပါ။ မိမိရရှိသည့် ဆုကျေးဇူးကို ကျော်လွှန်၍ အစေခံပါ။ တရားဟောဆရာတို့ ... ကားပါကင်ထိုးပေးခြင်းတဝန်ကိုလည်း ဝိုင်းကူပါ။ ဂီတသမားတို့၊ အစားအသောက်ဘက်တွင်လည်း ပါဝင်အစေခံပါ။ ဧဝံဂေလိတရားဟောပြောခြင်းကို သင်တတ်နိုင်သည့်နည်းဟူသမျှဖြင့် အားပေးပါ။ သူတပါးအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်မည့်အစား ကောင်းချီးဖြစ်ဖို့ နည်းရှာပါ။ အသင်းတော်မိသားစုဘဝတွင် နှိမ့်ချစွာ အသက်ရှင်၍ ယုံကြည်သူညီအစ်ကိုမောင်နှမများနှင့် မိတ်သဟာယဖွဲ့ဖို့ စိတ်ပိုင်းဖြတ်ထားပါ။

သင်ကိုယ်တိုင် Advance အဖွဲ့ကို အစမပြုသေးလျှင် အသင်းတော်လူကြီးများထံ စကားပြော၍ ဧဝံဂေလိတရား ဟောပြောခြင်း၌ ခွန်အားပေးတိုက်တွန်းဖို့ အသင်းတော်အတွင်းတွင် အဖွဲ့တစ်ဖွဲ့ ဖွဲ့၍ ရသည်၊ မရသည်ကို မေးမြန်းပါ။

ဆုတောင်းခြင်း

သင့်အသင်းတော်အတွက် ဆုတောင်းပါ – အသင်းတော် မိတ်သဟာယအတွက် ကောင်းချီးဖြစ်ဖို့နှင့် ကောင်းချီးခံရဖို့ ဆုတောင်းပါ။

ဒေသန္တရအသင်းတော်အတွက် ဆုတောင်းပါ – ယုံကြည်သူများကို ထိထိရောက်ရောက် တပည့်တော်ဖြစ်စေရန်နှင့် ဒေသန္တရအသိုင်းအဝိုင်းတွင် ပုံသက်သေများဖြစ်ရန် ဆုတောင်းပါ။

တစ်ကမ္ဘာလုံးရှိ အသင်းတော်များအတွက် ဆုတောင်းပါ – လူမျိုး၊ ယဉ်ကျေးမှု၊ ဘာသာစကား၊ သမိုင်းဆိုင်ရာ အဟန့်အတားများကို ကျော်လွှန်၍ နေရာတိုင်းရှိ လူသားအားလုံးအတွက် မျှော်လင့်ခြင်းကို ခရစ်တော်၏ ဧဝံဂေလိတရားအားဖြင့် ယူဆောင်နိုင်ရန် ဆုတောင်းပါ။

တာဝန်ခံမှုရှိခြင်း (၁၅ မိနစ်)

ဤအစည်းအဝေးနှင့် လိုက်လျှောက်ကျင့်သုံးခြင်းအပိုင်းတွင် လေ့လာခဲ့သည့်အရာများမှ အသင်းတော်နှင့်ဆိုင်သော မေးခွန်းများဖြင့် တာဝန်ခံမှုရှိခြင်းအပိုင်းကို ပြုလုပ်နိုင်သည်။ ဒေသန္တရအသင်းတော်နှင့် ဆက်သွယ်၍ ၎င်းအသင်းတော်အပေါ် သစ္စာရှိရန် အချင်းချင်း မည်သို့ ခွန်အားပေးကြမည်နည်း။

တာဝန်ခံမှုရှိခြင်းဖောင်ကို နှစ်ယောက်တစ်တွဲဖြင့်ဖြစ်စေ၊ အဖွဲ့ငယ်လိုက်ဖြစ်စေ ပြည့်စုံအောင် ဖြည့်၍ အချင်း ချင်းအတွက် ဆုတောင်းကြပါ။

မမေ့ပါနှင့် ...

ဤ Group Mentoring Guide (အဖွဲ့လိုက်နည်းပြခြင်းလမ်းညွှန်) ကို advancegroups. org/resources တွင် အခမဲ့ download ရယူနိုင်သည်။ အသင်းတော်တွင် အဖွဲ့သစ်များ ဖွဲ့ဖို့ စိတ်ဝင်စားသည်၊ စိတ်မဝင်စားသည်ကို သိနိုင်ရန် ဤနည်းဖြင့် အသင်းတော်လူကြီးများနှင့် ယုံကြည်သူများထံ ဤ Advance

မှတ်စုများ

အစည်းအဝေး ၁၁

ဤလောက၌ အသီးအပွင့် – ချစ်ခြင်းမေတ္တာ

ချစ်ခြင်းမေတ္တာသည် ဝိညာဉ်အသီးတွင် အမြင့်မြတ်ဆုံးသောအသီးဖြစ်ကြောင်းကို ဤအစည်းအဝေးတွင် လေ့လာသွားမည်။ ချစ်ခြင်းမေတ္တာသည် ဧဝံဂေလိတရားဟောပြောဖို့ တွန်းအားဖြစ်သင့်ကြောင်းကိုလည်း လေ့လာသွားမည်။

အစည်းအဝေးကို ဝါကျတစ်ကြောင်းဖြင့် အကျဉ်းချုပ်ခြင်း
ချစ်ခြင်းမေတ္တာသည် ဝိညာဉ်အသီးတွင် အမြင့်မြတ်ဆုံးဖြစ်၍ ထိုချစ်ခြင်းမေတ္တာ၌ ဘဝကို တည်ဆောက်သင့်ပြီး ဘုရားသခင်ကိုယ်တိုင်သည် ချစ်ခြင်းမေတ္တာဖြစ်သောကြောင့် ဧဝံဂေလိတရားဟောပြောခြင်းသည်လည်း ချစ်ခြင်းမေတ္တာမှ စီးဆင်းလာသင့်သည်။

အစည်းအဝေး နောက်ကြောင်း
"ချစ်ခြင်း" ကို ကျွန်ုပ်တို့ ချစ်ကြသော်လည်း မည်သည့်ချစ်ခြင်းကို ချစ်ကြသနည်း။ လူအများစုအတွက် ချစ်ခြင်းသည် နှလုံးသားကို အလွယ်တကူ နိုးဆွပေးသည့်အရာအဖြစ် ဟောလီဝုဒ်ဇာတ်ကားများထဲကအတိုင်း ထင်မြင်ကြသည်။ ထိုဇာတ်ကားများတွင် ချစ်ခြင်းသည် အခက်အခဲများကို ကျော်လွန်ကာ ပျော်ရွှင်စွာ အဆုံးသတ်သည့် မပြည့်စုံသောအချစ်ဇာတ်လမ်းကို ပြည့်စုံစွာ ဖော်ပြသည့်အရာ ဖြစ်သည်။ ထိုသို့သော ချစ်ပုံပြင်တို့ကို ဇာတ်ကားများတွင်သာ မတွေ့ရပါ။ တေးဂီတ၊ အနုပညာ၊ ဇာတ်ရုံ၊ ကဗျာနှင့် ပုံပြင်မျိုးစုံတွင် အချစ်အကြောင်းကို အမျိုးမျိုး ပုံဖော်တင်ဆက်ကြောင်းမှာ သမိုင်းတွင် ထင်ရှားသည်။ အနုပညာလက်ရာမြောက်သော တင်ဆက်မှုများကို ကြည့်ခြင်းဖြင့် လူသားတို့သည် အချစ်ရူးရူးကြသည်ဟု သုံးသပ်လျှင် မှားမည် မထင်ပါ။

အချစ်စွဲလမ်းသောကမ္ဘာတွင် အသက်ရှင်နေပါလျက် ချစ်ခြင်းကို လွဲမှားစွာ မြင်ကြသည်မှာ အံ့ဩဖို့ပင် ကောင်းသည်။ လောကကြီးသည် အားနည်းပျော့လျော့၍ ပုံပျက်လွန်းသောချစ်ခြင်းမေတ္တာထောင်ချောက်ထဲတွင် ပိတ်မိနေပြီး စစ်မှန်သောချစ်ခြင်းမေတ္တာကို တန်ဖိုးကြီးမားလွန်းသည်ဟု ထင်ကြသောကြောင့် မည်သူမျှ ဂရုမစိုက်ဘဲ ဘေးတွင် ချိတ်ထားကြသည်။

အစာမစား၊ ရေလည်းမသောက်ဘဲ ရက်ပေါင်းများစွာ နေရသည့်အဖြစ်ကို စဉ်းစားကြည့်ပါ။ အစာရေစာပြတ် လတ်မှုကြောင့် သေလုဆဲဆဲအခြေအနေတွင် သင့်ရှေ့၌ အရည်ရွှမ်းသောအသီးများ ရောက်လာသည် ဆိုပါစို့။ အသီးများ၏အနံ့ကပင် သင့်ကို ရေငတ်ပြေစေလောက်သည်။ ၎င်းအသီးကို သင်မစားမီ အထဲရှိ ကောင်းသောအပိုင်းကို စားဖို့ အခွံခွာရပါလိမ့်မည်။ သို့သော်၊ ထိုသို့ အခွံခွာမည့်အစား စားပွဲပေါ်တွင် အသီးထဲရှိ အရည်များ ပန်းထွက်လာ သည့်အချိန်ထိ အသီးကို သင့်လက်သီးဖြင့် စားပွဲပေါ်၌ သင်ရိုက်ထုသည်ဆိုပါစို့။ ကျန်ရှိသောအနည်းငယ်ကို ဖန်ခွက်ထဲတွင် သင်ညှစ်ထုတ်သော်လည်း တစ်ဝက်ပင် မရောက်နိုင်ပါ။ သင်ရေငတ်ပြေနိုင်ရန် ခွက်အပြည့် လိုအပ်သောကြောင့် ခွက်ထဲသို့ တံထွေး သင်ထွေးသော်လည်း သင့်တံထွေးကပင် မပြည့်စေနိုင်ပါ။ မလုံလောက်သေးပါ။ မတတ်နိုင်သည့်အဆုံး၊ သင့်တွင် နောက်ဆုံးလက်ကျန်ဖြစ်သော ကျင်ငယ်ဖြင့် ခွက်ကို အပြည့်ဖြည့်သည်။

ဤအကြောင်းသည် ဖတ်ဖို့၊ စဉ်းစားဖို့ မသင့်တော်သည့်အရာဖြစ်သည်။ ရွံစရာကောင်းသောကြောင့် အဖွဲ့လိုက် အစည်းအဝေးတွင် သင်မပြောလိုသည်လည်း ဖြစ်နိုင်သည်။ သို့သော်၊ ပြဿနာ၏လေးနက်မှုကို မြင်နိုင်ရန် ၎င်းပြဿနာကို အကျဉ်းတန်ရုပ်စိုးလောက်အောင် ဖော်ပြဖို့ လိုအပ်သည့်အချိန်လည်း ရှိတတ်သည်။ ကျွန်ုပ်တို့အပြစ် များ၏ ရုပ်ပျက်ဆင်းပျက်ဖြစ်သောအရှိတရားကို ကြားကောင်းသောစကားလုံးများဖြင့် အချိုသပ်ကာ ဖော်ပြခြင်းက ကျွန်ုပ်တို့နှင့် မယုံကြည်သူတို့အတွက် အကျိုး မရှိပါ။

ရွံရှာစရာကောင်းသည်မှန်သော်လည်း သင်အလွန်အမင်း ရေငတ်လျှင် အထက်ဖော်ပြပါ ဖျော်ရည်ကို သင်သောက်မည်ဖြစ်သည်။ သင်သာ အသီးကို "ထု၊ ရိုက်၊ ညှစ်" လုပ်မည့်အစား အချိန်ယူ၍ စနစ်တကျ အခွံခွာပြီး ပြင်ဆင်လျှင် သင့်ရေငတ်မှုကို ပြေစေမည့် ဖျော်ရည်ကောင်းကောင်း ရလိမ့်မည်။

> "ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ – ထိုချစ်ခြင်းမှာ ယနေ့ ပျောက်ဆုံးနေသည်။ ပင်လယ်ရေကို ရှာဖို့ ပင်လယ်ကို ကျောခိုင်းထားပြီး အရောင်အဆင်း မရှိသော သဲကန္တာရ လွင်ပြင်ဘက်ကို မျက်နှာ မူထားကြပြီ။ ကျွန်ုပ်တို့ ပြောင်းလဲဖို့ လိုအပ်သည်။ နောက်ပြန်လှည့်၍ လှိုင်းတွန့်များ တဖျက်ဖျက်

ရိုက်ခတ်ပြီး တိုင်းတာ၍ မရအောင် နက်ရှိုင်းကာ ပြည့်လျှံသော ပင်လယ်ရေကို ရှုစားနိုင်သည်။"

အိုစဝဲလ် ချမ်ဘာရ်စ်

လောကကြီးသည် ချစ်ခြင်းမေတ္တာကို အလွန်ဆာငတ်သော်လည်း တန်ဖိုးမရှိသောချစ်ခြင်းမေတ္တာကို ရွေးပြီး ပြည့်စုံ၍ စစ်မှန်သော ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကိုမူ ကျောခိုင်းကြသည်။ အကြောင်းမှာ၊ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို အခမဲ့ရနိုင်သော်လည်း ၎င်းချစ်ခြင်းကို လက်ခံလျှင် ပေးဆပ်ရမည့်အရာများသောကြောင့် ဖြစ်သည်။ ပေးဆပ်ရမည့်အရာများမှာ ကျွန်ုပ်တို့နှလုံးသားပလ္လင်နေရာတွင် ကိုယ်တိုင် နေရာမယူဘဲ ချစ်ခြင်းမေတ္တာကို နေရာပေးခြင်း၊ မိမိကိုယ်ကို ငြင်းပယ်ကာ ခရစ်တော်၌ အသစ်တဖန် ပြန်မွေးဖွားခြင်း ဖြစ်သည်။ ခရစ်တော်ကို သိခြင်းဖြင့် ချစ်ခြင်းကို ကျွန်ုပ်တို့ သိနိုင်သည်။

"ကမ္ဘာပေါ်တွင် အခိုင်ခံ့ဆုံးသောအရာမှာ ချစ်ခြင်းမေတ္တာဖြစ်သည်ဟု ကျွန်ုပ် ယုံကြည်သည်။ အမွန်မြတ်ဆုံးသောအရာကို ရာစုနှစ်ပေါင်းများစွာ လူသားများ ရှာဖွေခဲ့ကြသည်။ ၎င်းကို ကျင့်ဝတ်ဆိုင်ရာ အတွေးအခေါ်ပညာက အဓိကရှာဖွေကြသည်။ ဂရိအတွေးအခေါ်ပညာကလည်း ဤမေးခွန်းကိုသာ မေးကြသည်။ Epicureans နှင့် Stoics အတွေးအခေါ်ပညာရှင်များက ဖြေဖို့ ကြိုးစားခဲ့ကြသည်။ ပလေတိုနှင့် အရေ့စ်တိုတယ်တို့ကလည်း ရှာဖွေဖို့ ကြိုးစားခဲ့ကြသည်။ ၎င်းအမွန်မြတ်ဆုံးအရာကို ကျွန်ုပ် ရှာဖွေတွေ့ရှိပြီလို့ ကျွန်ုပ် ခံယူသည်။ ၎င်းမှာ ချစ်ခြင်းမေတ္တာ ဖြစ်သည်။ ဤချစ်ခြင်းမေတ္တာနိယာမသည် စကြဝဠာအလယ်ဗဟိုတွင် ရှိနေသည်။ "ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော်မူ၏" ဟူ၍ ရှင်ယောဟန် ပြောခဲ့သည်။ ချစ်ခြင်းမေတ္တာ ရှိသောသူသည် ဘုရားဖြစ်ခြင်း၌ ပါဝင်သောသူများ ဖြစ်ကြသည်။ မုန်းတီးသောသူတို့သည် ဘုရားသခင်ကို မသိကြပါ။"

မာတင် လူသာ ကိမ်း

ကျွန်ုပ်တို့၏ ဖျက်ဆီးတတ်သော ပုန်ကန်မှုကို အနိုင်ယူ၍ ထာဝရဆက်ဆံရေးကို တည်ဆောက်ပေးနိုင်သည့် ကျွန်ုပ်တို့ဘဝ၏ အလယ်ဗဟိုတွင် ထားရှိရမည့် ဘုရားသခင်နှစ်သက်သည့် ချစ်ခြင်းမေတ္တာနှင့် ဆင်တူသောကြောင့် လူတိုင်းသည် ဟောလီဝုဒ်အချစ်ကို တောင့်တကြသည်။ ဘုရားသခင် နှစ်သက်သည့် ချစ်ခြင်းမေတ္တာသည် အကြီးမားဆုံးသော ပျော်ရွှင်မှုကို ပေးသည်။

အစည်းအဝေး လမ်းညွှန်

တွေ့ဆုံခြင်း (၁၀-၂၀ မိနစ်)

တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံမိတ်ဆက်စကားပြောဖို့ အချိန်သုံးပါ။ လွန်ခဲ့သောအစည်းအဝေးမှစ၍ သင့်အသင်းတော်နှင့် ဆက်ဆံရေးအခြေအနေ မည်သို့ ရှိသနည်း။ ဤလအတွင်း အသင်းတော်နှင့် ပါဝင်ပတ်သက်မှု ရှိပါသလား။ အသင်းတော်မိသားစုအတွက် ကောင်းချီးဖြစ်ဖို့ အခွင့်အရေး ရှိခဲ့ပါသလား။ သက်သေခံခြင်း၊ အခွင့်အရေးများကို အတူသုံးသပ်ခြင်းနှင့် အဖွဲ့အတွက် ခွန်အားဖြစ်စေမည့် မည်သည့်အကြောင်းအရာကိုမဆို ဝေငှပြောဆိုနိုင်သည်။

ဆုတောင်းခြင်း

အချိန်တစ်ခုလုံးကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံ၍ တွေ့ဆုံခြင်းအပိုင်းတွင် ကြားခဲ့သည့်အခြေအနေ အကောင်း၊ အဆိုးများအတွက် ဘုရားသခင်ထံ ဆုတောင်းဆက်ကပ်ပါ။

သွန်သင်ခြင်း (၄၀-၅၀ မိနစ်)

အောက်ပါသင်ခန်းစာများကို သင်နှစ်သက်သည့်နည်းဖြင့် သင်ပေးနိုင်သကဲ့သို့ တစ်လုံးမကျန် ဖတ်ပြခြင်းဖြင့်လည်း သင်ပေးနိုင်သည်။ ထို့ပြင်၊ သင်ကိုယ်တိုင် ပြင်ဆင်၍လည်း တင်ပြနိုင်သည်။

"ခမည်းတော်သည် ငါ့ကို ချစ်တော်မူသကဲ့သို့ ငါသည် သင်တို့ကို ချစ်၏။ ငါ၏ချစ်ခြင်းမေတ္တာ၌ တည်နေကြလော့။ ငါသည် ငါ့ခမည်းတော်၏ ပညတ်တို့ကို စောင့်ရှောက်၍ ခမည်းတော်၏ မေတ္တာ၌ တည်နေသကဲ့သို့ သင်တို့သည် ငါ့ပညတ်တို့ကို စောင့်ရှောက်လျှင် ငါ့မေတ္တာ၌ တည်နေကြလော့။ သင်တို့၌ ငါဝမ်းမြောက်စရာအကြောင်း တည်စေခြင်းငှါ၎င်း၊ သင်တို့ဝမ်းမြောက်စရာအကြောင်း စုံလင်စေခြင်းငှါ၎င်း ဤစကားကို သင်တို့အား ဟောပြော၏။ ငါ့ပညတ်ဟူမူကား၊ ငါသည် သင်တို့ကို ချစ်သည်နည်းတူ သင်တို့သည် အချင်းချင်းချစ်ကြလော့။ ကိုယ်အဆွေ တို့အဘို့အလိုငှါ ကိုယ်အသက်ကိုစွန့်ခြင်းမေတ္တာထက်သာ၍ မြတ်သော မေတ္တာသည် အဘယ်သူ၌မျှ မရှိ။

ယောဟန် ၁၅:၉-၁၃

ကျွန်ုပ်တို့ကို ဘုရားသခင် ချစ်တော်မူသည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ ရဖို့ မထိုက်တန်ကြသော်လည်း ကျွန်ုပ်တို့ကို ဘုရား ပိုချစ်ဖို့ ဘာမျှ မလုပ်နိုင်သကဲ့သို့ ကျွန်ုပ်တို့ကို ပိုမချစ်အောင် ဘုရားကို ဘာကမျှ မလုပ်နိုင်ပါ။ ကျွန်ုပ်တို့ကို ပြည့်ပြည့်စုံစုံချစ်တော်မူ၍ ၎င်းချစ်ခြင်းကြောင့် ကယ်တင်ခြင်းလမ်းစဉ်ကို ပြင်ဆင်ပေးခဲ့သည်။ ကျွန်ုပ်တို့ လုပ်ယူသောကြောင့် မဟုတ်ဘဲ ကျွန်ုပ်တို့ကို ဘုရားသခင် ချစ်တော်မူ၍ ကျွန်ုပ်တို့အားလုံးထံ ကျေးဇူးပြုသောကြောင့် ဖြစ်သည် (ဧဖက် ၂:၄-၉)။ ကျွန်ုပ်တို့ကို ချစ်လွန်းသောကြောင့် ကားတိုင်ထက်တွင် ယေရှုကို စေလွှတ်ခဲ့ခြင်းဖြစ်ကြောင်းကို လူသိများသော ယောဟန် ၃:၁၆ တွင် ထင်ရှားစွာ တွေ့နိုင်သည်။

"ချစ်ခြင်းမေတ္တာ၏ အတိမ်အနက်ကို မေတ္တာလက်ဆောင်၏ တန်ဖိုးဖြင့် တိုင်းတာရလျှင် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို တိုင်းတာ၍ပင် ရမည် မဟုတ်ပါ။ အကြောင်းမှာ၊ ဘုရားသခင်၏ မေတ္တာလက်ဆောင်သည် ဘုရား ပိုင်ဆိုင်သည့် အမွန်မြတ်ဆုံးသောအရာ၊ တစ်ဦးတည်းသောသား၊ ထာဝရချစ်တော်မူသော သားတော် ဖြစ်သည်။ ကျွန်ုပ်တို့ကို ဤထက် ပို၍ မချစ်နိုင်ပါ။"

ဘာရုစ်မီနဲလ်

ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို အခမဲ့ရရှိနိုင်သော်လည်း လက်ခံရရှိသည့်အခါ ပေးဆပ်မှု ရှိသည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာက ကျွန်ုပ်တို့၏အသက်တာကို လုံးလုံး ပြောင်းလဲပစ်ရန် ၎င်းချစ်ခြင်းကို လုံးလုံးလျားလျား လက်ခံ၍ ကျွန်ုပ်တို့၏ ယခင်လူဟောင်းကို ထားခဲ့ကာ လူသစ်ထဲသို့ ဝင်ရပေမည် (၂ ကော ၅:၁၇)။ ဘုရားသခင် ကမ်းပေးသည့် ဆုလက်ဆောင်ကို အခမဲ့ရရှိသော်လည်း လက်ခံသည့်အခါ ယခင်ဘဝအတိုင်း ဆက်လက်အသက်ရှင်၍ မဖြစ်တော့ပါ။ ထိုဘုရား၏ အလိုတော်ရှိသည်အတိုင်း အသက်ရှင်ဖို့ ဆန့်ကျင်တွန်းလှန်သည့်အရာမှန်သမျှကို ကျွန်ုပ်တို့ စွန့်လွှတ်ရပေမည်။ ၎င်းသည် ဘုရားမေတ္တာ၏ အံ့သြဖွယ်ကောင်းသည့်အချက် ဖြစ်သည်။

"ဝိညာဉ်ပကတိ၏အကျိုးမူကား ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်းပေတည်း..."

ဂလာတိ ၅:၂၂-၂၃

ခရစ်တော်နည်းတူကျင့်ခြင်းနှင့် ပတ်သက်၍ တင်ပြရာတွင် ရှင်ပေါလုသည် သီလသုံးမျိုးဖြင့် စီစဉ်တင်ပြထားသည်။ ချစ်ခြင်းမေတ္တာသည် ပထမဆုံးဖြစ်၍ အရေးကြီးဆုံးသောသီလ ဖြစ်သည်။

- ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း
- စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း
- သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်း

"ချစ်ခြင်းမေတ္တာရှိသည့်နေရာတွင် ကျန်သီလများကိုလည်း တွေ့နိုင်သည်။ ကျန်သီလအားလုံးကို ချစ်စ်ခြင်းမေတ္တာက စုံလင်စွာ ထုံးဖွဲ့ပေးသည်။"

အက်ဖ်အက်ဖ်ဘာရုစ်

ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ် ကောင်းမြတ်သောအရာအားလုံးတို့သည် ဘုရား၌ တည်ကြသောကြောင့် ချစ်ခြင်းမေတ္တာက ကောင်းသောအရာတို့ကို ထုံးဖွဲ့ပေးသည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် အလွန်ရိုးရှင်း သော်လည်း အံ့ဖွယ်ကောင်းအောင် ရှုပ်ထွေးလှသည်။ ဘုရားသခင်နှင့် ထိပ်တိုက်တွေ့သည့်အခါ ဘုရားသခင်၏ မေတ္တာတရားကို ကျွန်ုပ်တို့ နားလည်နိုင်သည်။ သို့သော်၊ ထိုချစ်ခြင်းကို သိကျွမ်းခြင်း၌ ကြီးထွားရန်နှင့် အသက်တာ၌ အစဉ်မပြတ် အကျိုးသက်ရောက်မှု ရှိစေရန်မှု တသက်လုံး အချိန်သုံးဖို့ လိုအပ်လိမ့်မည်။

ဓမ္မဟောင်းကျမ်းတွင် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ဖော်ပြရန် သီးသန့်ဟေဗြဲစကားလုံး ရှိသည်။ ၎င်းစကားလုံး၏ အဓိပ္ပာယ်ကို ပြည့်ပြည့်စုံစုံ ဖော်ပြဖို့ အင်္ဂလိပ်စကားတစ်လုံးတည်းဖြင့် မရနိုင်ပါ။ အင်္ဂလိပ်ကျမ်းစာများတွင် အသုံးပြုထားသည့် စကားလုံးများကို အောက်တွင် တွေ့နိုင်သည်။

- သစ္စာစောင့်သိသောမေတ္တာ
- ကရုဏာတော်
- သနားခြင်း ကရုဏာ
- ကျေးဇူးတော်
- သစ္စာတော်
- သစ္စာရှိခြင်း

ဆွေးနွေးပါ – သင့်အပေါ် ဘုရားသခင် ထားသည့် ချစ်ခြင်းမေတ္တာကို နားလည်ရန် အထက်ပါ မတူညီသော စကားလုံးများက မည်သို့ ပံ့သွင်းအထောက်အကူပြုပါသနည်း။

ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် တမူထူးခြားသောကြောင့် ၎င်း၏ မကုန်ဆုံးနိုင်သောအံ့ဖွယ်ကို နားလည်နိုင်ရန် ထူးခြားသော စကားလုံး လိုအပ်သည်။ ဘုရားသခင်၏ချစ်ခြင်းနှင့် အခြားချစ်ခြင်းကြား မတူညီမှုမှာ ဘုရားသခင်၏ ချစ်ခြင်းသည် သန့်ရှင်းသည်။ စုံလင်၍ အဆုံးမရှိအောင် စစ်မှန်သည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် ကုန်ဆုံးခြင်း မရှိပါ (ယေရမိမြည် ၃:၂၂၊ ဆာလံ ၁၃၆)။ ကျွန်ုပ်တို့၏အသက်တာ၌ ဘုရားသခင်၏ မေတ္တာတော်ကို ထင်ရှားစေသည့်အခါ ချစ်ခြင်းအသီးကို သီးနိုင်သည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာက ကျွန်ုပ်တို့ကို ပံ့သွင်းပေးသည်။ ကျွန်ုပ်တို့၏အကောင်းဆုံးဖြစ်တည်ခြင်း မဟုတ်ဘဲ ဘုရားသခင်၏ အကောင်းဆုံးဖြစ်တည်ခြင်းအတိုင်း ကျွန်ုပ်တို့ကို ပံ့သွင်းသည်။ ဘုရားသခင်၏ ချစ်ခြင်းက ကျွန်ုပ်တို့ကို ခရစ်တော်နှင့် ပိုဆင်တူအောင် ပြုလုပ်ပေးသည်။

ရှင်ယောဟန် ၁၅ တွင် ယေရှု၏ချစ်ခြင်းမေတ္တာကို မတူညီသော နည်းနှစ်မျိုးဖြင့် ထင်ရှားသည်။

ပထမနည်းမှာ ခမည်းတော်အပေါ် ယေရှု၏ ချစ်ခြင်းမေတ္တာကို သူ၏နာခံခြင်း၌ တွေ့နိုင်သည်။ ယေရှုကဲ့သို့ ချစ်ခြင်းသည် ဘုရားသခင်ကို သိကျွမ်းကာ မျက်မှောက်တော်၌ အသက်ရှင်၍ ခမည်းတော်အပေါ် သစ္စာရှိခြင်းနှင့် နာခံခြင်း ဖြစ်သည်။

ဒုတိယနည်းမှာ၊ ယေရှု၏ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့ကိုယ်စား အသေခံခြင်း၌ တွေ့နိုင်သည်။ မိမိမိတ်ဆွေအတွက် အသက်ပေးခြင်းထက် ကြီးမားသောမေတ္တာ မရှိကြောင်း ယေရှု မိန့်တော်မူခဲ့သည်။ ယေရှုကဲ့သို့ ချစ်ခြင်းသည် ခံစားချက်ထက်ပိုသော လက်တွေ့ချစ်ခြင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်း၌ စစ်မှန်သောဝမ်းမြောက်ခြင်းကို သိထားလျက် ပေးဆပ်မှုဖြင့် ချစ်ရပေမည်။

ချစ်ခြင်းမေတ္တာအကြောင်း ပြောသည့်အခါ ယေရှုသည် သာလွန်သောဘဝနေနည်းနှင့် ပတ်သက်၍ အကြံပေးရုံသက်သက် မဟုတ်ပါ။ ဘုရားသခင်၏ မေတ္တာတော်အားဖြင့် လုပ်ဆောင်ပေးခဲ့သည့် အသက်လမ်းကို ယေရှု ကြေညာ၍ လမ်းကြောင်းခင်းပေးခဲ့သည်။

ဤချစ်ခြင်း ကြေညာခြင်း၌ ယေရှုသည် ဧဝံဂေလိတရားဟောပြောခြင်းအတွက် တွန်းအားကို ပေးခဲ့သည်။ ဧဝံဂေလိတရားဟောပြောခြင်းသည် မဟာစေခိုင်းချက်ကို နာခံရုံသက်သက် မဟုတ်ပါ။ ဘုရားသခင်၏ မျက်နှာရခြင်း သက်သက်၊ လူမြင်ကောင်းအောင် လုပ်ဆောင်ခြင်းသက်သက် မဟုတ်ပါ။ အကြောင်းမှာ၊ ကျွန်ုပ်တို့ အကောင်းဆုံး မေတ္တာပြနိုင်သည့်နည်းမှာ ဧဝံဂေလိတရားဟောပြောခြင်း ဖြစ်သည်။

သူတပါးကို ဘုရားသခင်နှင့် မေတ္တာဆက်ဆံရေး တည်ဆောက်နိုင်ရန် ဤလောကသို့ ဤမေတ္တာကို ကျွန်ုပ်တို့ မည်သို့ သယ်ဆောင်ရမည်နည်း။ ဘုရားသခင်နှင့် ဘုရားသခင် လုပ်ဆောင်ခဲ့သည့် အကြောင်းအရာတို့ကို ရှင်းရှင်းလင်းလင်း သိနိုင်ဖို့ ကျွန်ုပ်တို့ အသုံးပြုသည့်စကားလုံးများသည် အင်မတန် အရေးပါသည် (ရောမ ၁၀း၁၄၊ ၁၇)။ ထို့ပြင်၊ ချစ်ခြင်းမေတ္တာကို လက်တွေ့ထင်ရှားစေရန် ယေရှု အလိုတော်ရှိသည် (၁ ယော ၃း၁၆-၁၈)။ ဤအရှိတရားနှစ်ချက်ကို စိတ်ထဲတွင် မှတ်ထား၍ ၁ ယော တွင် တွေ့ရသည့် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာအကြောင်းနှင့် ဧဝံဂေလိတရားဟောပြောခြင်းအပေါ် ၎င်း၏သက်ရောက်မှု အကျဉ်းချုပ်ရှင်းလင်းချက်များကို ဆင်ခြင်ပါ (၁ ယော ၄း၇-၂၁။

- ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်သောကြောင့် ချစ်ခြင်းမေတ္တာသည် ဘုရားထံတော်မှ လာသည်။
- ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ကြိုးစားမှုဖြင့် ကျွန်ုပ်တို့ မရယူခဲ့ပါ။
- ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် ယေရှုခရစ်တော်အားဖြင့် ဤလောကသို့ ထင်ရှားသည်။
- ချစ်ခြင်းမရှိသောသူသည် ဘုရားသခင်ကို မသိသောသူဖြစ်သည်။
- ချစ်ခြင်းမေတ္တာအားဖြင့် ဘုရားသခင် ထင်ရှားသောကြောင့် ကျွန်ုပ်တို့ အချင်းချင်း ချစ်ကြရမည်။
- ချစ်တတ်ရန် ဝိညာဉ်တော်က ခွန်အားပေး၍ ကျွန်ုပ်တို့နှင့်အတူ ဘုရားသခင်ရှိကြောင်းကိုလည်း ယုံကြည်မှုပေးသည်။
- ဘုရားသခင်၏ ချစ်ခြင်းမေတ္တာအပေါ်၌ လုံးလုံး မှီခိုရပေမည်။
- ချစ်ခြင်းမေတ္တာက အကြောက်တရားကို ဖယ်ရှား၍ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာဖြင့် ကယ်တင်ခြင်း စိတ်ချမှု သိနိုင်သည်။
- ကျွန်ုပ်တို့ကို ဘုရားသခင် ရှေးဦးစွာ ချစ်တော်မူသောကြောင့် ဘုရားသခင်ကို ကျွန်ုပ်တို့ ချစ်ကြသည်။

ဆွေးနွေးပါ – ဤအချက်များက သင့်ဧဝံဂေလိတရားဟောပြောခြင်းကို မည်သို့ ပုံသွင်းမည်နည်း။

"အချစ်ကြောင့် ကမ္ဘာလည်ပတ်နေတာ" ဟူသည့် အသုံးအနှုန်းကို ကြားဖူးကြမည်ထင်သည်။ ဆိုလိုသည်မှာ အေးတိအေးစက်ဖြစ်၍ ကြမ်းတမ်းဆိုးယုတ်သောကမ္ဘာတွင် ချစ်ခြင်းမေတ္တာက လူတွေကို မောင်းနှင်ပေး၍ ရှင်သန်စေသည့်စွမ်းအားဖြစ်သည်။ ကမ္ဘာကို လည်ပတ်နိုင်အောင် ဖန်ဆင်းခဲ့သူမှာ ချစ်ခြင်းမေတ္တာ ဖြစ်သောကြောင့် ချစ်ခြင်းမေတ္တာက ကမ္ဘာကို လည်ပတ်စေသည်မှာ မှန်သည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ၌ ဘဝ၏အဓိပ္ပာယ်၊ ဖြစ်တည်ခြင်းနှင့် မျှော်လင့်ခြင်းကို ရှာတွေ့နိုင်သည်။ ဘုရားချစ်ခြင်း၌ ဤလောကနှင့်အတူ စစ်မှန်သောချစ်ခြင်းကို ထပ်တူ ခံစားကြသည်။ ချစ်ခြင်းမေတ္တာသတင်းစကားကို နှုတ်နှင့်အသက်တာဖြင့် ဟောပြောသောကြောင့် ဧဝံဂေလိတရားသည် ချစ်ခြင်းမေတ္တာလက်တွေ့ပြသခြင်းဖြစ်၍ ထိုဧဝံဂေလိတရားအတွက် ချစ်ခြင်းမေတ္တာက တွန်းအားပေးသည်။

ချစ်ခြင်းမေတ္တာက ဧဝံဂေလိတရားကို ကမ္ဘာပတ်စေသည်။

ဆွေးနွေးခြင်း (၁၅ မိနစ်)

၁။ စစ်မှန်သောချစ်ခြင်းကို သင်မည်သို့ ဖော်ပြရေးသားမည်နည်း။

၂။ ဤလောကတွင် ဧဝံဂေလိတရားဟောပြောခြင်းသည် အဘယ်ကြောင့် အကောင်းဆုံးမေတ္တာပြနည်း ဖြစ်သနည်း။

၃။ ဧဝံဂေလိတရားဟောပြောခြင်းအတွက် ချစ်ခြင်းမေတ္တာသည် အဘယ်ကြောင့် တွန်းအားဖြစ်သင့်သနည်း။

> "ဘုရားသခင်ကို ချစ်ရန် ကျွန်ုပ်တို့ကို တွန်းအားပေးသည့် အရာနှစ်ခု ရှိသည်။ ၎င်းတို့မှာ ဘုရားသခင်ကို ချစ်ခြင်းလောက် ယုတ္တိကျသောအရာ မရှိ။ ဘုရားသခင်ကို ချစ်ခြင်းလောက် အကျိုးရှိသောအရာ မရှိ။"
>
> **ကလေဗောမြို့နေ စိန့်ဘားနက်**

လိုက်လျှောက်ကျင့်သုံးခြင်း (၅ မိနစ်)

ဤလအတွင်း ဆာလံ ၁၃၆ ကို ဆင်ခြင်ရန် အချိန်သုံးပါ။ ဆာလံဆရာသည် ဘုရားသခင်၏ ဖြစ်တည်ခြင်းနှင့် လုပ်ဆောင်ခြင်းကို ထုတ်ဖော်၍ ဘုရားသခင်ထံ ကျေးဇူးတော်ချီးမွမ်းသည်။ သင့်နေ့စဉ်အသက်တာတွင် ဤပုံစံအတိုင်း သင်မည်သို့ အသက်ရှင်နိုင်မည်နည်း။ သင့်သက်သေခံဟောပြောခြင်းအတွက် မည်သည့်အကျိုး ရှိနိုင်သနည်း။

ဆုတောင်းခြင်း

"ခမည်းတော်ဘုရား…ကျွန်ုပ်တို့၏အပြစ်အတွက် အသေခံဖို့ သားတော်ကို စေလွှတ်ရလောက်အောင် ကျွန်ုပ်တို့ကို ချစ်တော်မူသောကြောင့် ကျေးဇူးတော် ချီးမွမ်းပါ၏။ ကျွန်ုပ်၏အသက်တာအားဖြင့် ကိုယ့်တော်ကို သူတပါး မြင်လာနိုင်ရန် ကျွန်ုပ်အသက်တာကို ကိုယ်တော့်မေတ္တာတော်ဖြင့် ပြောင်းလဲစေတော်မူပါ။ လူတိုင်းသမ္မာတရား သိဖို့ တစ်လောကလုံးထံ ကိုယ်တော့်မေတ္တာတော်ကို ကျွန်ုပ် ထင်ရှားစေလိုသည်။ အာမင်။"

တာဝန်ခံမှု ရှိခြင်း (၁၅ မိနစ်)

တာဝန်ခံမှုရှိခြင်းဖောင်ကို နှစ်ယောက်တစ်တွဲဖြင့်ဖြစ်စေ၊ အဖွဲ့ငယ်လိုက်ဖြစ်စေ ပြည့်စုံအောင် ဖြည့်၍ အချင်း ချင်းအတွက် ဆုတောင်းကြပါ။

မမေ့ပါနှင့် ...

ဧဝံဂေလိတရား ပိုမိုနားလည်၍ ဟောပြောဝေငှခြင်းတွင်လည်း တိုးတက်ဖို့ သင့်တစ်နှစ်တာကို ဆက်ကပ်နိုင် မည်ဆိုလျှင် The Message School of Evangelism တွင် လျှောက်လွှာတင်နိုင်သည်။ The Message Trust သည် The Global Network of Evangelists နှင့် ပူးပေါင်း၍ ဧဝံဂေလိတရား ဟောပြောခြင်းဆိုင်ရာ သီအိုရီနှင့် လက်တွေ့ကျကျ ဟောပြောခြင်းကို ၁၀ လ သင်ခန်းစာများ ပြင်ဆင်ထားသည်။ Manchester, UK တွင် အခြေစိုက်သည်။ ဆက်လက်လေ့လာရန် message.org.uk/MSE သို့သွားပါ။

ဒုတိယနှစ်

အစည်းအဝေး ၁၁

မှတ်စုများ



အစည်းအဝေး ၁၂

အပန်းဖြေအနားယူခြင်း

Advance နှစ်စဉ်နှစ်တိုင်း၏ အထွတ်အထိပ်မှာ အပန်းဖြေအနားယူခြင်း ဖြစ်သည်။ ၎င်းကို သင်စိတ်တိုင်းကျ လုပ်ဆောင်နိုင်သည်မှန်သော်လည်း Advance အဖွဲ့အစည်းအဝေး ယေဘုယျသဘောတရားများကို အဓိကထားပြီး ဒုတိယနှစ်အစည်းအဝေးကို အဆုံးသတ်ရန် အတူတူ အချိန်သုံးခြင်းနည်းများကို ဤနေရာတွင် အကြံပြုထားသည်။

ADVANCE အဖွဲ့ အပန်းဖြေခြင်း ပြုလုပ်နည်း

သဘောတရားမှာ မိမိအချိန်သုံးနေကျနေရာမှ ထွက်၍ ပုံမှန် Advance အဖွဲ့အစည်းအဝေးရှိချိန်ထက် ရှည်ကြာသော သီးသန့်အချိန် သတ်မှတ်ခြင်း ဖြစ်သည်။ သင်လုပ်စရာ တစ်ခုခု ရှိလျှင် မနက် သို့မဟုတ် သို့မဟုတ် ညနေပိုင်းတွင် လုပ်ဖို့ ကြိုးစားပါ။ အပန်းဖြေခြင်းအတွက် တစ်နေ့လုံး အချိန်ပေးနိုင်လျှင် အကျိုးများစွာ ရှိပါလိမ့်မည်။

အပန်းဖြေချိန်တွင် သင်လုပ်နိုင်သည့် အောက်ပါအကြံပြုချက်များကို ကြည့်ပါ။

အဓိကကျမ်းချက်

အပန်းဖြေချိန်အတွင်း အဓိကအာရုံစိုက်ဖို့ အကြောင်းအရာတစ်ခုခုကို ရှာနေလျှင် အောက်ပါ ၂ တိမောသေ ကျမ်းချက်က အင်မတန်ကောင်းသောကျမ်းချက် ဖြစ်သည်။

> "ကိုယ်တော်တိုင် ပေါ်ထွန်း၍ နိုင်ငံတော် ထင်ရှားသောကာလ၊ အသက်ရှင်သောသူ၊ သေသောသူတို့ကို စစ်ကြောစီရင်တော်မူသော သခင်ယေရှုခရစ်ရှေ့မှာ၎င်း၊ ဘုရားသခင့်ရှေ့မှာ၎င်း၊ ငါသည် သင့်ကို သစ္စာပေးသည်ကား၊ နှုတ်ကပတ်တရားတော်ကို ဟောပြောလော့။ အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကြိုးစားအားထုတ်လော့။ အပြစ်ကို ဘော်ပြလော့။ ဆုံးမခြင်းကို ပြုလော့။ အလွန်ရှည်သောစိတ်နှင့် ဩဝါဒမျိုးကိုပေး၍ တိုက်တွန်းသွေး ဆောင်လော့။ အကြောင်းမူကား၊ နောင်ကာလ၌ လူတို့သည် စင်ကြယ်သော ဩဝါဒကို နားမခံနိုင်ဘဲ ယားတတ်သော နားရှိလျှင် မိမိတပ်မက်ခြင်းအတိုင်း များပြားသောဆရာတို့နောက်သို့ လိုက်ကြလိမ့်မည်။ သမ္မာတရားကို နားမထောင်ဘဲ ဒဏ္ဍာရီစကားကို နားထောင်၍ လွဲသွားကြလိမ့်မည်။ သင်မူကား၊ အရာရာ၌ သမ္မာသတိရှိစေလော့။ ဆင်းရဲဒုက္ခကို သည်းခံလော့။ သာသနာပြုဆရာ ဆောင်ရွက်ရသောအမှုကို ဆောင်ရွက်လော့။ ဓမ္မဆရာအရာ၌ ခန့်ထား၍ ပြုရသောဝတ်များကို အကုန်အစင်ပြုလော့"
>
> **၂ တိ ၄း၁-၅**

ဧဝံဂေလိတရားဟောပြောရာတွင် ကြုံရသည့် စိန်ခေါ်မှုများနှင့် ပတ်သက်၍ ဆင်ခြင်နှလုံးသွင်းရမည့် အချက် ၁၂ ချက်ကို အထက်ပါကျမ်းချက်တွင် တွေ့နိုင်သည်။

၁။ ဧဝံဂေလိတရားဟောပြောခြင်းသည် ဘုရားသခင်၏ အတူပါရှိမှုနှင့် ဩဇာအာဏာဖြင့် လုပ်ဆောင်ရသည် (သခင်ယေရှုခရစ်ရှေ့မှာ၎င်း၊ ဘုရားသခင့်ရှေ့မှာ၎င်း)

၂။ လောကသည် ကျွန်ုပ်တို့ကို စီရင်သူ မဟုတ်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို တရားစီရင်သူ ဖြစ်သည် (အသက်ရှင်သောသူ၊ သေသောသူတို့ကို စစ်ကြောစီရင်တော်မူသော)

၃။ ကျွန်ုပ်တို့၏ တာဝန်သည် အရေးပေါ်ဖြစ်သည် (ကိုယ်တော်တိုင် ပေါ်ထွန်း၍ နိုင်ငံတော် ထင်ရှားသောကာလ)

၄။ ကျွန်ုပ်တို့သည် စေလွှတ်ခြင်း ခံရသည် (ငါသည် သင့်ကို သစ္စာပေးသည်)

၅။ ကျွန်ုပ်တို့သည် မိမိတို့၏အတွေးအခေါ်ကို မဟော။ နှုတ်ကပတ်တော်ကို ဟောပြောရသည် (နှုတ်ကပတ်တရားတော်ကို ဟောပြောလော့)

၆။ နေ့စဉ်အမှုတော်မြတ်အတွက် ကိုယ့်ကိုကိုယ် ပြင်ဆင်ရမည် (အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကြိုးစားအားထုတ်လော့။)

၇။ ခွန်အားပေးခြင်းနှင့် စိန်ခေါ်မှုကြား သဟဇာတဖြစ်မှုကို ရှာပါ (အပြစ်ကို ဘော်ပြလော့။ ဆုံးမခြင်းကို ပြုလော့။ ... ဩဝါဒမျိုးကို ပေး၍ တိုက်တွန်းသွေးဆောင်လော့)

၈။ စိတ်နှိမ့်ချခြင်းသည် မရှိမဖြစ် လိုအပ်သည် (အလွန်ရှည်သော စိတ်နှင့်)

၉။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သိ၍ အားကိုးပါ (နောင်ကာလ၌ လူတို့သည် စင်ကြယ်သော ဩဝါဒကို နားမခံနိုင်ဘဲ)

၁၀။ ယဉ်ကျေးမှုနှင့် ခေတ်ကာလပုံစံနောက်သို့ မလိုက်နှင့် (ယားတတ်သောနားရှိလျှင်)

၁၁။ ရှုထောင့်မှန်ထား၍ ဘုရားသခင်နှင့် အချိန်သုံးခြင်းကို ဦးစားပေးပါ (သင်မူကား၊ အရာရာ၌ သမ္မာသတိရှိစေလော့)

၁၂။ လုံး၀ ဖွဲမလျှော့ဘဲ ဆက်လက်လုပ်ဆောင်ပါ (ဆင်းရဲဒုက္ခကို သည်းခံလော့)

ဤကျမ်းချက်ကို အတူတူ လေ့လာမည်၊ မလေ့လာမည်၊ အထက်ပါ အချက်များကို သင်မည်သို့ ဆွဲထုတ်မည့်အကြောင်း၊ မည်သို့ အတူတူဆွေးနွေးကြမည့်အကြောင်း စသည်တို့သည် အပန်းဖြေ အနားယူချိန်ကို သင်အသုံးပြုသည့်နည်းပေါ်မူတည်၍ သင့် သဘောအတိုင်း သင်လုပ်နိုင်သည်။ အထက်ပါကျမ်းချက်နှင့် အချက်အလက်များကို စိတ်ထဲတွင် မှတ်ထား၍ အောက်ပါ လုပ်ရှားမှုများကို အတူတူကြည့်ပါ။

နှုတ်ကပတ်တော်

နှုတ်ကပတ်တော်အပေါ် လုံးလုံးအပ်နှံထားသည့် ဧဝံဂေလိဆရာများ ရင့်ကျက်ကြီးထွားဖို့ အချင်းချင်းကူညီရန်မှာ Advance အဖွဲ့၏ အဓိကရည်ရွယ်ချက် ဖြစ်သည်။ နှုတ်ကပတ်တော်ကို နက်နက်နဲနဲ အတူတကွ လေ့လာရန် ဤအပန်းဖြေအနားယူချိန်သည် အခွင့်ကောင်း ဖြစ်သည်။

ကျမ်းစာဖတ်ရှုရန် ကြာမြင့်စွာ အချိန်သုံးခြင်း (တစ်ဦးတည်း ဖတ်ရှုခြင်း)

အချိန်ကြာမြင့်စွာ ကျမ်းစာဖတ်ရှုခြင်းသည် မည်သည့်အခါမျှ အကျိုးမဲ့ မဟုတ်ပါ။ အထက်တွင် ဖော်ပြထားသည့် ၂ တိ ၄ အပြင် ၂ တိမောသေ တစ်အုပ်လုံးကို အတူတူ လေ့လာနိုင်သည်။ ဧဝံဂေလိဆရာ ပြုလုပ်ရမည့်အမှုနှင့် စိန်ခေါ်မှုများအကြောင်းကို ၂ တိမောသေ တစ်အုပ်လုံးတွင် တွေ့နိုင်သည်။ အားလုံး အတူတူ ဆွေးနွေးနိုင်ရန် ၂ တိမောသေ တစ်အုပ်လုံးကို အပိုင်းလေးပိုင်းဖြင့် John Stott အဆိုပြုထားသည်။

အခန်း ၁ – ဧဝံဂေလိဆရာ ... ဧဝံဂေလိတရားကို ကာကွယ်ပါ (၁း၁၄)

အခန်း ၂ – ဧဝံဂေလိဆရာ ... ဧဝံဂေလိတရားအတွက် ဆင်းရဲဒုက္ခခံပါ (၂း၃၊ ၈၊ ၉)

အခန်း ၃ – ဧဝံဂေလိဆရာ ... ဧဝံဂေလိတရားကို ဆက်ဟောပါ (၃း၁၃–၁၄)

အခန်း ၄ – ဧဝံဂေလိဆရာ ... ဧဝံဂေလိတရားကိုသာ ဟောပြောပါ (၄း၁–၂)

ထိုသို့မပြုလိုလျှင် ကျမ်းအုပ်တစ်အုပ်၏ အကြောင်းအရာအလုံးစုံကို ကောင်းကောင်း သဘောပေါက် နားလည်နိုင်ရန် ရှင်မာကုခရစ်ဝင်ကျမ်း သို့မဟုတ် ဓမ္မသစ်ကျမ်းပေးပို့စာများမှ တစ်အုပ်အုပ်ကို တစ်ထိုင်တည်း အပြီးဖတ်ဖို့ အချိန်သုံးနိုင်သည်။ သိပ်မရှည်သော ကျမ်းအုပ်ဖြစ်လျှင် အကြိမ်ပေါင်းများစွာ ပြန်ဖတ်နိုင်ပြီး ဖတ်တိုင်း ဆုတောင်းခြင်း၊ ဆင်ခြင်သုံးသပ်ခြင်း၊ မှတ်စုများထားခြင်း ပြုလုပ်သင့်သည်။ ကျမ်းအုပ်တစ်အုပ်တည်းကို ဖတ်ရှုကြဖို့ ရွေးချယ်နိုင်ကြ သကဲ့သို့ မိမိတို့ဖတ်ရှုသည့်အရာနှင့် ဆင်ခြင်သုံးသပ်ချက်များကို ပြန်မျှဝေနိုင်ရန် အခြားရွေးချယ်မှုများကိုလည်း ပေးနိုင်သည်။

ကျမ်းစာလေ့လာခြင်း (အဖွဲ့လိုက်ဖတ်ရှုခြင်း)

အပန်းဖြေခြင်းတွင် ကျမ်းစာလေ့လာခြင်းကို ပြုနိုင်သည့် နည်းလမ်းများစွာ ရှိသည်။ Advance အဖွဲ့အစည်းအဝေးများ တွင် လေ့လာခဲ့သည့် အဓိကကျမ်းချက်များကို ပြန်၍ လေ့လာနိုင် သကဲ့သို့ အပန်းဖြေချိန်အတွက် အဓိကကျသည့် ကျမ်းချက် သို့မဟုတ် အကြောင်းအရာတစ်ခုခုကို သင်ရွေးချယ်နိုင်သည်။ မည်သို့ပင်ဖြစ်စေ၊ ဧဝံဂေလိဆရာများ ပြုစုပျိုးထောင်ခြင်းကို အဓိကအချက်အဖြစ် အမြဲမှတ်ထားစေချင်သည်။

ထို့ပြင်၊ YouVersion ရှိ 'Guardians of the Gospel' (ဧဝံဂေလိတရားကို စောင့်ရှောက်သူများ) အမည်ပေးထားသော ၂ တိမောသေကျမ်းအုပ်လေ့လာခြင်းကိုလည်း သင်အသုံးပြုနိုင်သည်။

ထပ်လောင်းအစည်းအဝေးနှင့် အခြားသော ADVANCE အရင်းအမြစ်များ

အပန်းဖြေချိန်ကို ပုံမှန် Advance အဖွဲ့ တွေ့ဆုံခြင်းအစည်းအဝေး တစ်ခုအဖြစ် မှတ်ယူလျှင် ထပ်လောင်းအစည်းအဝေး တစ်ခုကဲ့သို့ ခံယူနိုင်သည်။ ကျွန်ုပ်တို့ ကျင့်သုံးလာသည့်ပုံစံအတိုင်း Advance အဖွဲ့အစည်းအဝေးကို ပြုလုပ်ရန် သင်၌ ကိုယ်ပိုင်နည်း ရှိကောင်း ရှိနိုင်သည်။

ထို့ပြင်၊ (advancegroups.org/blog) Advance website တွင် One Thing blog ကိုလည်း သွားရောက်လေ့လာလျှင် ဧဝံဂေလိတရား စဟောပြောစဉ်က သိခဲ့သင့်သည့်အကြောင်းအရာတစ်ခုစီကို

အသီးသီး မျှဝေကြသည့် ဧဝံဂေလိဆရာများ၏ သက်သေခံချက်များကို ဖတ်ရှုနိုင်သည်။ ဤသက်သေခံချက်များက ဆွေးနွေးခြင်း အစပြုရန် အင်မတန် အထောက်အကူပြုသည်။

ဆုတောင်းခြင်း

အပန်းဖြေချိန်အတွင်း ဆုတောင်းဖို့အချိန်ကို သပ်သပ် ဖယ်ထားပါ။ တိကျသောအရာအတွက် ဆုတောင်းဖို့အချိန် သပ်သပ်၊ သမ္မာကျမ်းစာအတိုင်း ဆုတောင်းခြင်းနှင့် မိမိဆန္ဒရှိသလို ဆုတောင်းဖို့ အစီအစဉ် ဆွဲထားပါ။ အပန်းဖြေချိန်တွင် မည်သည့်အရာတွက် ဆုတောင်းသည်ဖြစ်စေ အောက်ပါအချက်သုံးချက်ကို ထည့်သွင်း ဆုတောင်းစေချင်သည်။

အချင်းချင်းအတွက် ဆုတောင်းခြင်း

အတူတူအချိန်သုံးချိန်တွင် တစ်ယောက်အတွက် တစ်ယောက် ဆုတောင်းပေးပါ။ ကျေးဇူးတော်ချီးမွမ်းစရာ တစ်ချက်နှင့် လိုအပ်ချက်တစ်ချက်အတွက် အချင်းချင်း ဆုတောင်းခံပါ။ ဆုတောင်းခံချက်တင်ရာတွင် ရိုးသားပွင့်လင်းမှု ရှိရန် တိုက်တွန်းပါ။ ထို့ပြင်၊ လျှင်လျှင်မြန်မြန် ပြုမည့်အစား တစ်ယောက်၏ ဆုတောင်းခံချက်ကို အချိန်ပေး၍ နားထောင်ပေးပါ။ ဤအချိန်အတွင်းမှ ရလာသည့် ခွန်အားများနှင့် မှတ်သားစရာများကို မှတ်သားထားပါ။

ဒေသန္တရအသင်းတော်နှင့် တစ်ကမ္ဘာလုံးအတွက် ဆုတောင်းခြင်း

မိမိအသင်းတော်အတွက် ဆုတောင်းသကဲ့သို့ ကမ္ဘာအနှံ့သို့ ဧဝံဂေလိတရား ကျယ်ပြန့်ရန်အတွက်လည်း ဆုတောင်းပါ။ မိမိအသင်းတော်အတွက်ဖြစ်စေ၊ တစ်ကမ္ဘာလုံးအတွက်ဖြစ်စေ စိတ်ထဲတွင် တိတိကျကျ ကိန်းအောင်းသောအရာ ရှိပါလျှင် ၎င်းအတွက်လည်း ဆုတောင်းပါ။ တစ်စုံတစ်ယောက်၊ အသင်းတော်များ၊ သာသနာများ၊ အမှုတော်ဆောင်များ၊ သတင်းထဲက အခြေအနေများ စသည့် အရာများအတွက်လည်း သင်ဆုတောင်းနိုင်သည်။

ADVANCE အတွက် ဆုတောင်းခြင်း

မိမိ၏ရင့်ကျက်ခြင်း၊ အသီးသီးခြင်းနှင့် ကယ်တင်ခြင်းအကြောင်းများကို ပြန်ဆင်ခြင်အောက်မေ့ရင်း ဤအဖွဲ့တွင် နေသည့်ကာလအတွက် ကျေးဇူးတော် ချီးမွမ်းပါ။ မိမိအစပြုခဲ့သည့်အမှုကို အဆုံးတိုင်အောင် လုပ်ဆောင် ဘုရားသခင်ထံ ဆုတောင်းပါ။ ဘုန်းတော်ထင်ရှားစေမည့် ခရစ်တော်၏ ပုံသဏ္ဌာန်တော်အဖြစ်သို့ ပြောင်းလဲရန်လည်း ဆုတောင်းပါ (၂ ကော ၃း၁၇–၁၈ အတိုင်း သင်ဆုတောင်းနိုင်သည်)။

ကိုးကွယ်ခြင်း

နှုတ်ကပတ်တော် ဖတ်ရှုခြင်း၊ ဆုတောင်းခြင်းနှင့် မိတ်သဟာယဖွဲ့ခြင်းတို့သည် ကိုးကွယ်ခြင်းအစိတ်အပိုင်းများ ဖြစ်ကြသည်။ သို့သော်၊ သီချင်းဆိုခြင်းဖြစ်စေ၊ ထုတ်ဖော်မှုအသစ်အဆန်းတို့ ဖြင့်ဖြစ်စေ ကိုးကွယ်ခြင်းကို သင်ပြုလုပ်နိုင်သည်။

ဂုဏ်တော်ချီးမွမ်းခြင်းဖြင့် ကိုးကွယ်ခြင်း

သင့်အသိထဲတွင် ဂီတတွင် အရည်အချင်းရှိသောသူ ရှိလျှင် ဂုဏ်တော်ချီးမွမ်းကိုးကွယ်ခြင်းတွင် ပါဝင်ရန် ခေါ်ဖိတ်ပါ။ အွန်လိုင်းတွင်လည်း ကိုးကွယ်ခြင်း အထောက်အကူပြုနိုင်သော အပလယ်ဂေးရှင်းနှင့် ဗီဒီယိုများစွာ ရှိသည်။ အားလုံး လိုက်ဆိုနိုင်အောင် သင်အနှစ်သက်ဆုံးသီချင်းကို youtube တွင် လိုက်ရှာလျှင် သီချင်းစာသားနှင့်တကွ တွေ့လိမ့်မည်။ ဘုန်းတော်ကို ထင်ရှားစေရန် ယုံကြည်သူများ စုဝေးကာ ချီးမွမ်းခြင်းတွင် တန်ခိုးရှိသည်။

သက်သေခံခြင်းနှင့် ချီးမွမ်းခြင်း

တစ်နှစ်တာလုံး သင့်အသက်တာ၌ ဘုရားသခင် လုပ်ဆောင်ခဲ့သည့်အမှုများ ဖြစ်သော ရင့်ကျက်ကြီးထွားလာခြင်း၊ အဆင်ပြေအောင်မြင်ခြင်း၊ ဧဝံဂေလိ ဝေငှခွင့်နှင့် အသီးအပွင့်များ အကြောင်းကို သက်သေခံ ဝေငှကြပါ။ တစ်ယောက် သက်သေခံပြီးတိုင်း ဆုတောင်းရင်း ဘုရားသခင်ကို ချီးမွမ်းကြပါ။ ဘုရားသခင်၏ ဖြစ်တည်ခြင်းနှင့် သင့်အတွက် လုပ်ဆောင်ခဲ့သည့်အရာများအတွက် ကျေးဇူးတော် ချီးမွမ်းဖို့ သီချင်းဖြင့်ဖြစ်စေ၊ တစ်ဖွဲ့လုံးအတွက် အဆင်ပြေမည့် နည်းတစ်ခုဖြင့်ဖြစ်စေ ချီးမွမ်းကြပါ။

တိုက်တွန်းစေလွှတ်ခြင်း

ဘုရားသခင် ခေါ်ဆို၍ တန်ခိုးပေးတော်မူသည့် ဧဝံဂေလိတရား ဟောပြောခြင်းအမှုကို ဆက်လက်လုပ်ဆောင်ရန် ဘုရားသခင်ရှေ့တော်၌ အချင်းချင်း ခွန်အားပေးတိုက်တွန်းကြခြင်းဖြင့် အတူတကွ ဝတ်ပြုကိုးကွယ်ခြင်းကို ပြုလုပ်နိုင်သည်။ Advance အဖွဲ့ ပထမဆုံးနှစ် ကုန်ဆုံးချိန်တွင် ဤမှတ်တိုင်ကို ပြန်ကြည့်၍ ခွန်အားယူကာ ဘုရားသခင်ထံ ကျေးဇူးတော် ချီးမွမ်းနိုင်သည်။ ထို့ပြင်၊ တစ်လောကလုံး ကယ်တင်ခြင်းရရန်နှင့် ဘုရားသခင်၏ ဘုန်းတော် ထင်ရှားရန် နောက်တစ်ကြိမ် သွား၍ ဧဝံဂေလိတရား ဝေငှ ဟောပြောကြမည်ဖြစ်သောကြောင့် အချင်းချင်းအတွက် ဆုတောင်းကြပါ။

နှစ်စဉ် ပြန်လည်သုံးသပ်ခြင်း

စာမျက်နှာ ၂၄၆ တွင် မေးထားသည့် မေးခွန်းများအတိုင်း ပြန်လည်ဆင်ခြင်သုံးသပ်ကာ ဖောင်ကို ဖြည့်၍ ပေးထားသည့်အဖြေများ အပေါ် ဆုတောင်းပါ။ သင့်ကြီးထွားခြင်းကို သုံးသပ်ရန် လွန်ခဲ့သောနှစ်က ဖြည့်ခဲ့သည့် ဖောင်ကိုလည်း ပြန်ကြည့်နိုင်သည်။ ၎င်းကို တစ်ယောက်ချင်းစီ ပြုလုပ်နိုင်သကဲ့သို့ အဖွဲ့လိုက်လည်း ပြုလုပ်နိုင်သည်။

မိတ်သဟာယဖွဲ့ခြင်း

အတူတူ စုရုံးကြသည့်အခါ မိတ်ဆွေရင်းချာ ဖြစ်လာကြပြီး တစ်ယောက်အပေါ် တစ်ယောက် ယုံကြည်မှု တိုးလာသည်။ မိမိ၏ Advance အဖွဲ့နှင့် မိတ်သဟာယဖွဲ့ခြင်းသည် မိမိအတွက် ကောင်းချီးဖြစ်မည်ဟု မျှော်လင့်မိသည်။ တစ်ယောက်

နှင့်တစ်ယောက် တာဝန်ခံမှုရှိခြင်းနှင့် ပျော်ရွှင်ဝမ်းမြောက်စွာ မိတ်သဟာယဖွဲ့ခြင်းကို ဤအပန်းဖြေခြင်းတွင် ဆက်လက်လုပ်ဆောင်နိုင်သည်။

တာဝန်ခံမှု ရှိခြင်း

တာဝန်ခံမှုရှိခြင်းသည် ယခုအချိန်ထိ အစည်းအဝေးတိုင်းအတွက် အဓိကကျသောအပိုင်း ဖြစ်သည်။ ယခုနောက်ဆုံးနှစ်အစည်းအဝေးတွင်လည်း သန့်ရှင်း၍ နိမ့်ချသောအသက်တာဖြင့် အသက်ရှင်ရန် တစ်ယောက်အပေါ်တစ်ယောက် တာဝန်ခံမှုရှိခြင်းကို ဆက်လက်လုပ်ဆောင်ပါ။

အစာရှောင်ခြင်း/စားသောက်ခြင်း

အပန်းဖြေချိန်တွင် အစာရှောင်ဖို့ အချိန်တစ်ခု ဖယ်ထားလျှင် အင်မတန် ကောင်းပေမည်။ သို့မဟုတ် အတူတူ စားသောက်စဉ်ဆွေးနွေးတိုင်ပင်ခြင်းကိုလည်း ပြုလုပ်နိုင်သည်။ အပန်းဖြေခြင်း၏ ရည်ရွယ်ချက်ကို ပြီးပြည့်စုံစေသရွေ့ မည်သည့်နည်းဖြင့် အချိန်သုံးသုံး မှန်သည်၊ မှားသည် မရှိပါ။

လှုပ်ရှားမှုများ

အားလုံး အတူတူ ပါဝင်နိုင်သည့် လှုပ်ရှားမှုတစ်ခုခုကို ပြင်ဆင်သင့်သည်။ ဥပမာ – သဘာဝအလှများ ရှိရာ ဥယျာဉ်တစ် နေရာရာတွင် အပန်းဖြေကြလျှင် အတူတူ လမ်းလျှောက်ကြ၍ ဘုရားသခင်နှင့်သီးသန့်အချိန်သုံးခြင်း ဆိုင်ရာ လှုပ်ရှားမှုများကို လမ်းလျှောက်ရင်း ပြုလုပ်နိုင်ကြသည်။ သို့မဟုတ်၊ သင်တို့အဖွဲ့သည် မြို့ပြပတ်ဝန်းကျင်တွင် အပန်းဖြေကြလျှင် ပန်းချီပြတိုက်ကို အတူတူ သွားရောက်လေ့လာ၍ ထိုသို့လေ့လာကြစဉ် ဆင်ခြင်အောက်မေ့ နှလုံးသွင်း၍ ပြန်လည်သုံးသပ်ရန် ပန်းချီအချို့ကို အသုံးပြုပြီး ဘုရားသခင်နှင့်သီးသန့်အချိန်သုံးခြင်းဆိုင်ရာ လှုပ်ရှားမှုများကိုလည်း ပြုလုပ်နိုင်ကြသည်။

ထိုနည်းတူ၊ အတူတကွ ပါဝင်လှုပ်ရှားနိုင်သည့် အားကစားသို့မဟုတ် ရိုးရှင်းသော ဖျော်ဖြေမှုတစ်ခုခုကို ပြုလုပ်နိုင်သည်။ ဘုရားဝတ်၌ မွေ့လျော်၍ ဆက်ကပ်အပ်နှံမှုကို အဓိကထားသည့် မိတ်သဟာယမျိုးဖြစ်စေ၊ အတူတကွ အချိန်ကောင်းသုံး၍ အချင်းချင်းကြား ဆက်ဆံရေး ပိုကောင်းစေသည့် မိတ်သဟာယမျိုးဖြစ်စေ အတူတူ အချိန်သုံးစေချင်သည်။

နောက်တစ်ဆင့်

Advance ဒုတိယနှစ်သည် ပြီးဆုံးပြီ။ ဤဒုတိယနှစ် (နှင့်အပန်းဖြေခြင်း) ကို အပြီးမသတ်မီ မိမိအဖွဲ့အတွက် နောက်တစ်ဆင့်ကို ကြိုတင်ကြည့်စေချင်သည်။

ဤအဖွဲ့

Advance အဖွဲ့တွင် မိမိ၏အတွေ့အကြုံများကို ဝေငှလိုသောသူများကို အချိန်ပေးပါ။ မိမိကြီးထွားရင့်ကျက်လာပုံ၊ တိုးတက်လာပုံနှင့် မိမိသင်ယူခဲ့သည့် အကြီးမားဆုံးသောအရာတို့ကို မျှဝေပါ။ ဤအရာတို့၌ အချင်းချင်း ခွန်အားပေး တိုက်တွန်းကြပါ။

Advance အဖွဲ့နည်းပြခြင်းလမ်းညွှန် အပိုင်း ၃ (Advance Group Mentoring Guide Part Three) ကို ကြည့်၍ မိမိအဖွဲ့အတွက် အကျိုးရှိအောင် လာမည့်နှစ်တွင် မည်သို့ ပြုလုပ်ဖို့လိုအပ်ကြောင်းကို စတင်စဉ်းစားပါ။ လာမည့်နှစ်အတွက် မည်သည့်အရာအပေါ် စိတ်အလှုပ်ရှားဆုံးဖြစ်ကြောင်းကို ဆွေးနွေးတိုင်ပင်ကြပါ။

ဆုမတောင်းသေးလျှင် ဤ Advance ဒုတိယနှစ်အတွက် ကျေးဇူးတော်ချီးမွမ်း၍ လာမည့်နေ့ရက်များအတွက် ဘုရားသခင်ထံ ဆုတောင်းကာ ဆက်ကပ်ပါ။

တတိယနှစ် အစပြုမည့်နေ့ရက်ကို အတူတူ ဆုံးဖြတ်ကြပါ။

အဖွဲ့သစ်များ

တစ်နှစ်တာလုံးတွင် ဖွဲ့ခဲ့သည့်အဖွဲ့သစ်များ၏ တိုးတက်ပုံကို ဆွေးနွေးကြပါ။ တိုးပွားများပြားခြင်းသည် Advance အဖွဲ့အတွက် အရေးကြီးသောအပိုင်း ဖြစ်သည်။ အဖွဲ့သစ်ဖွဲ့ဖို့ အကူအညီ လိုအပ်လျှင် Advance website တွင် သွားပြီး လေ့လာနိုင်သကဲ့သို့ သင့်ကို နည်းမျိုးစုံဖြင့် ကူညီနိုင်သည့် ဒေသခံ Avance သံတမန်ကိုလည်း အကူအညီ တောင်းနိုင်သည်။

မိမိအစပြုခဲ့သည့်အဖွဲ့များ၏ အခြေအနေများကို မေးမြန်း၍ အတူတူ ဆုတောင်းကြပါ။

အပန်းဖြေချိန်ကို မည်သို့မည်ပုံ အသုံးပြုကြပါစေ Advance ၏ အဓိကအချက်များကို အဓိကထား၍ အဖွဲ့တစ်ဖွဲ့အနေဖြင့် မိမိတို့ တွေ့ကြုံခဲ့သည့်အရာများကို ပြန်ဆင်ခြင်သုံးသပ်ကြပြီး လာမည့်နေ့ရက်များအတွက် ဆုတောင်းကြပါ။ မိမိတို့ မြင်တွေ့ခဲ့သည့် ကြီးထွားခြင်းနှင့် အသီးအပွင့်များအတွက် ကျေးဇူးတော် ချီးမွမ်း၍ အနာဂတ်ကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံပါ။

မှတ်စုများ

တတိယနှစ်

Advance တတိယနှစ်မှ ကြိုဆိုပါ၏။

ယခုနှစ်တွင် မိမိတို့၏အဖွဲ့ကို ပထမနှင့် ဒုတိယနှစ်များထက် ပို၍ အံဝင်ခွင်ကျဖြစ်အောင် သင်ပြုလုပ်နိုင်လိမ့်မည်။ သင့်အဖွဲ့အတွက် အကျိုးဖြစ်စေမည့် Advance အဖွဲ့ အစည်းအဝေး တစ်နှစ် ပြုလုပ်ရန် အထောက်အကူပြုမည့် အရင်းအမြစ်များနှင့် အကြံဉာဏ်များကို ဤ အဖွဲ့နည်းပြခြင်း လမ်းညွှန်အပိုင်းတွင် သင်ယူလေ့လာလိမ့်မည်။



အစည်းအဝေး ၁

ဧဝံဂေလိတရားကို လက်တွေ့ ကျကျ ဟောပြောခြင်း– အပြန်အလှန် စကားပြောခြင်း

သာသနာခရီး၊ အစီအစဉ်၊ သို့မဟုတ် စင်မြင့်မှ ဟောပြောခြင်းသက်သက် မဟုတ်ဘဲ သတင်းကောင်းကို အခွင့်ရတိုင်း ဟောပြောခြင်း၏ အရေးပါပုံကို ဤအစည်းအဝေးတွင် လေ့လာသွားမည်။

အစည်းအဝေးကို ဝါကျတစ်ကြောင်းဖြင့် အကျဉ်းချုပ်ခြင်း များသောအားဖြင့် ဧဝံဂေလိတရားဟောပြောခြင်းတွင် အပြန်အလှန်စကားပြောခြင်း ပါဝင်မည် ဖြစ်သောကြောင့် အသင်းတော် စီစဉ်သည့် သာသနာအစီအစဉ် သို့မဟုတ် စင်မြင့်ပေါ်မှ ဟောပြောခြင်းအတွက်သာ ပြင်ဆင်ရမည် မဟုတ်ဘဲ ဘုရားသခင် ပြင်ဆင်ပေးသည့် အခွင့်အရေးတိုင်း ဧဝံဂေလိတရားကို ရှင်းရှင်းလင်းလင်း ဟောပြောနိုင်ရန် ကျွန်ုပ်တို့ ပြင်ဆင်ကြရပါမည်။

အစည်းအဝေး နောက်ကြောင်း
လူပေါင်းမျိုးစုံနှင့် နေ့စဉ် ကျွန်ုပ်တို့ အပြန်အလှန်စကားပြောဆက်ဆံကြသည်။ မျက်နှာချင်းဆိုင် စကားပြောချိန်များ၍ နည်းပညာတိုးတက်မှုကြောင့် ကမ္ဘာ့နေရာအသီးသီးမှ လူများစွာနှင့် နည်းအမျိုးမျိုးဖြင့် စကားပြောနိုင်သည်။ နည်းပညာအခြေပြု အပြန်အလှန်စကားပြောခြင်းက တစ်ခန်းထဲတွင် မျက်နှာချင်းဆိုင် အပြန်အလှန်စကားပြောခြင်း လောက် ထိရောက်မှု မရှိသော်လည်း သူစိမ်းအပါအဝင် သူငယ်ချင်းများနှင့် ဆက်သွယ်ဖို့ တန်ဖိုးဖြတ် မရသောနည်းလမ်း ဖြစ်လာသည်။

စင်မြင့်ပေါ်မှ တရားဟောပြောခြင်းက အပြန်အလှန်စကားပြောဖို့ မဖြစ်နိုင်ပါ။ နားဆင်သူများ၏ နှလုံးသား၌ အမြစ်တွယ်မည့် မျှော်လင့်ချက်ဖြင့် တရားဟောကြသည်။ အပြန်အလှန်စကားပြောခြင်းတွင်မူ မေးခွန်းမေးနိုင်သည။ ဆက်ဆံရေးတစ်ခု တည်ဆောက်နိုင်သည်။ အထူးသဖြင့်၊ နားထောင်ပေးနိုင်သည်။ စင်မြင့်ပေါ်မှ တစ်ဦးတည်း ဟောပြောခြင်းကို ချက်ချင်း ငြင်းဆို၍ ရသော်လည်း အပြန်အလှန်စကားပြောခြင်းတွင်မူ ပို၍ နားထောင်သော တစ်ဖက်သား၏ လိုအပ်ချက်ကို တိတိကျကျ တိုက်ရိုက်ပြောနိုင်သည်။

လူအုပ်ကြီးထံ ယေရှုဟောပြောသည့်အကြောင်းထက် လူတစ်ဦးတစ်ယောက်ထံ စကားပြောသည့်အကြောင်းကို ခရစ်ဝင်ကျမ်းများတွင် ပိုတွေ့နိုင်သည်။ မာကု ၁၀း၅၁ တွင် "သင်၌ အဘယ်သို့ ပြုစေလိုသနည်း" ဟူ၍ ဗာတိမဲထံ ယေရှု မေးခဲ့သည်။ "အရှင်ဘုရား အကျွန်ုပ်မျက်စိမြင်စေခြင်းငှါ ပြုတော်မူပါ" ဟူသည့် တုံ့ပြန်မှုတွင် ဗာတိမဲ၏ ဆန္ဒနှင့် ယေရှု ပျောက်ကင်းစေနိုင်သည်ဟူသည့် ယုံကြည်ခြင်းရှိသည်ကို တွေ့နိုင်သည်။ ဤတစ်ဦးချင်းတွေ့ဆုံမှုတွင် ဧဝံဂေလိတရားအကြောင်းကို တိတိကျကျ ရှင်းပြခြင်း မတွေ့ရသော်လည်း ရှာဖွေစူးစမ်းသူ၏ လိုအပ်ချက်ကို ဖြည့်ဆည်းရန် အခွင့်အရေး ရှိပြီး မျက်မမြင်ဘဝမှ ယေရှုကို ယုံကြည်လာခဲ့သည်။

သမ္မာကျမ်းစာတစ်အုပ်လုံးတွင် "ဧဝံဂေလိဆရာ" ဟူသည့်အမည်ဂုဏ်ပုဒ်ဖြင့် ဖော်ပြခံရသည့်တစ်ဦးတည်းသော ပုဂ္ဂိုလ်မှာ ဖိလိပ္ပုဖြစ်ပြီး လူအုပ်ကြီးထံ သာသနာပြုစဉ် အီသယောပိအမတ်တစ်ယောက်နှင့် တစ်ဦးချင်းတွေ့ဆုံကာ ဧဝံဂေလိဟောပြောရန် ကောင်းကင်တမန် မိန့်မှာခဲ့သည် (တမန် ၈း၂၆–၄၀)။

ယေရှုနှင့် ကနဦးဧဝံဂေလိဆရာများသည် လူအများထံ၌၎င်း၊ လူတစ်ဦးချင်းထံ၌၎င်း သတင်းကောင်း ဟောပြောရန် အဆင်သင့် ဖြစ်ခဲ့ကြသည်။ ကျွန်ုပ်တို့ကော အဆင်သင့် ဖြစ်ပါသလား။

အစည်းအဝေး လမ်းညွှန်

တွေ့ဆုံခြင်း (၁၀–၂၀ မိနစ်)

တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံမိတ်ဆက်စကားပြောဖို့ အချိန်သုံးပါ။ သက်သေခံခြင်း၊ ခွန်အားပေးခြင်း၊ အခွင့်အရေးများကို အတူသုံးသပ်ခြင်းနှင့် အဖွဲ့အတွက် ခွန်အားဖြစ်စေမည့် မည်သည့်အကြောင်းအရာကိုမဆို ဝေငှပြောဆိုနိုင်သည်။ အဖွဲ့တွင် လူနည်းလျှင် နောက်ဆုံးတွေ့ဆုံခဲ့သည့်အချိန်မှစ၍ ယနေ့အထိ မိမိအနိုင်ယူ အောင်မြင်ခဲ့သည့်အရာတစ်ခုနှင့်ကျရှုံးခဲ့သည့်အရာတစ်ခုစီကို တစ်ယောက်ချင်းစီ ပြောခိုင်းပါ။ အဖွဲ့တွင် လူများလျှင် နောက်ဆုံး အစည်းအဝေးမှစ၍ ယနေ့အထိ မိမိအကြောင်းကို သက်သေခံ

လိုသောသူ လေးယောက် သို့မဟုတ် ငါးယောက်ကို သက်သေခံခိုင်းပါ။

ဆုတောင်းခြင်း

အချိန်တစ်ခုလုံးကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံ၍ တွေ့ဆုံခြင်းအပိုင်းတွင် ကြားခဲ့သည့်အခြေအနေ အကောင်း၊ အဆိုးများအတွက် ဘုရားသခင်ထံ ဆုတောင်းဆက်ကပ်ပါ။

သွန်သင်ခြင်း (၂၀-၃၀ မိနစ်)

အောက်ပါသင်ခန်းစာများကို သင်နှစ်သက်သည့်နည်းဖြင့် သင်ပေးနိုင်သကဲ့သို့ တစ်လုံးမကျန် ဖတ်ပြခြင်းဖြင့်လည်း သင်ပေးနိုင်သည်။ ထို့ပြင်၊ သင်ကိုယ်တိုင် ပြင်ဆင်၍လည်း တင်ပြနိုင်သည်။

> "ထိုအခါ တပည့်တော်တို့သည် ရောက်လာ၍ ထိုမိန်းမနှင့် စကားပြောတော်မူသည်ကို အံ့ဩခြင်း ရှိကြ၏။ သို့သော်လည်း၊ အဘယ်အလိုတော်ရှိသနည်း။ ထိုမိန်းမနှင့် အဘယ်ကြောင့် စကားပြောတော်မူသနည်းဟု အဘယ်သူမျှ မလျှောက်ကြ။ ထိုမိန်းမသည်လည်း ရေအိုးကို ထားခဲ့၍ မြို့ထဲသို့ သွားပြီးလျှင် အကျွန်ုပ်ပြုဘူးသမျှသောအမှု အရာတို့ကို ထုတ်ဘော်သောသူကို လာ၍ ကြည့်ကြပါ။ ထိုသူသည် ခရစ်တော်မှန်လိမ့်မည်လောဟု လူများတို့အား ပြောဆိုသော်၊ သူတို့သည် မြို့ထဲမှ ထွက်၍ အထံတော်သို့ သွားကြ၏"
>
> **ယော ၄:၂၇-၃၀**

မယုံကြည်သေးသူမိတ်ဆွေတစ်ယောက်ထံ ယေရှုအကြောင်းကို မည်သည့်အချိန်တွင် သင်နောက်ဆုံး ဝေငှခဲ့သနည်း။ သူစိမ်းတစ်ယောက်ထံ မည်သည့်အချိန်တွင် သင်နောက်ဆုံး ဝေငှခဲ့သနည်း။ မျက်နှာချင်းဆိုင် ဝေငှသက်သေခံခြင်းကို စိန်ခေါ်မှုတစ်ခုအဖြစ် ဧဝံဂေလိဆရာအတော်များများ မြင်တတ်ကြသည်။ စင်မြင့်ပေါ်မှ ဟောပြောရလျှင် တစ်နေ့လုံး ဟောပြောနိုင်ကြသော်လည်း လက်ဖက်ရည်ဆိုင်တွင် သူစိမ်းတစ်ယောက်ထံ သက်သေခံဝေငှဖို့ ဝိညာဉ်တော်၏ တို့တိုခြင်း ခံရသည့်အခါမှု လုံးလုံး မတူတော့ပါ။

ဆွေးနွေးပါ – စင်မြင့်ပေါ်တွင် သတ္တိရှိရှိ ဟောပြောရဲသော်လည်း တစ်ဦးချင်းအဆင့်တွင် အဘယ်ကြောင့် လူအချို့မဟောပြောရဲကြသနည်း။ တစ်ဦးချင်းဟောပြောဝေငှခြင်းတွင် သင်၌ အခက်အခဲ ရှိသလော။ သို့မဟုတ် သင်ရဲရဲဝင့်ဝင့် ဟောပြောနိုင်သလော။

လူတစ်ဦးချင်း၏ဘဝကို ယေရှု စိတ်ဝင်စားသည်။ လူစုလူဝေးထံ ယေရှု ဟောပြောခဲ့သော်လည်း ခရီးသွားစဉ် သူတွေ့ဆုံသည့်လူများနှင့် တစ်ဦးချင်းအပြန်အလှန် စကားပြောသည့်အဖြစ်အပျက်များစွာကို ဓမ္မသစ်ကျမ်းတွင် မှတ်တမ်းတင်ထားသည်။ လူအချို့တို့သည် ယေရှုကို ရှာခဲ့ကြသည်။ မိမိဒေသနာကို ကြားနာလိုသည့် ပြင်းပြသော ဆန္ဒရှိသော လူအုပ်ကြီးထံ ဟောပြောသည်ဖြစ်စေ၊ မိမိကို မောင်းထုတ်လို့သည့် ဒေါသထွက်သော ဘာသာရေးခေါင်းဆောင်များထံ ဟောပြောသည်ဖြစ်စေ၊ မတူသော လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းထံ ဟောပြောသည်ဖြစ်စေ၊ ဆင်းရဲချမ်းသာမရွေး၊ ယောကျ်ားမိန်းမ မရွေး၊ ကျန်းမာသူ မကျန်းမာသူ၊ ဘာသာရေး လိုက်စားသူ မလိုက်စားသူ အားလုံးထံ ယေရှု ဟောပြောသည့်တရားမှာ အတူတူပင်ဖြစ်သည်။

ရှင်ယောဟန် ၄ တွင် ယေရှုနှင့် ရှမာရိအမျိုးသမီး တွေ့ဆုံခန်းမှ သင်ခန်းစာများစွာကို ကျွန်ုပ်တို့ သင်ယူနိုင်သည်။

၁။ တွေ့ဆုံဖို့ အဆင်သင့်ဖြစ်ပါ

ဤတွေ့ဆုံခြင်းသည် ရှမာရိအမျိုးသမီးအတွက် မျှော်လင့်မထားသည့်အရာ ဖြစ်သကဲ့သို့ မြင်မကောင်းသောအရာလည်း ဖြစ်သည်။ သို့သော်၊ ယေရှုသည် သူမနှင့် စကားပြောရန် အဆင်သင့်ဖြစ်နေခဲ့ပြီး သူမ လိုအပ်သည့် ရေအကြောင်းဖြင့် စကားလမ်းကြောင်းစခဲ့သည်။ လိုအပ်ချက်ကို ရိုးရိုးရှင်းရှင်း ထောက်ပြပြီး ဘယ်နှစ်ကြိမ် စကားလမ်းကြောင်းစနိုင် သနည်း။ ရေချိုးခန်းပြင်ဖို့ ရောက်လာသောသူထံ မည်သို့ စကားစပြောရမည်နည်း။ လက်ဖက်ရည်ဆိုင်ရှိ စားပွဲထိုးထံ မည်သို့ စကားစပြောရမည်နည်း။ စိုးရိမ်ရသော ဆေးစစ်တမ်းကို ပြောလာသော ဆရာဝန်ထံ မည်သို့စကားစပြောရ မည်နည်း။ စကားပြောဖို့ အခွင့်အရေးများစွာ နေ့စဉ် ကြုံတွေ့ကြသည်။ ကိုယ်နှင့်တွေ့ဆုံသောသူသည် "စူးစမ်းလေ့ လာသူ" ဖြစ်ပါက ခရစ်တော်၌ ရှိသည့် မျှော်လင့်ခြင်းအကြောင်းကို ပြောဖို့ အမြဲ အဆင်သင့်ဖြစ်နေဖို့ လိုသည်။ ကျွန်ုပ်တို့ ပင်ပန်းနေလျှင်လည်း အဆင်သင့်ဖြစ်နေရမည်။

၂။ ကိုယ်တိုင်ကိုယ်ကျ အပြုသဘောဆောင်၍ ဆက်ဆံပါ

ယေရှုသည် ရှမာရိအမျိုးသမီးကို ကြင်နာစွာ၊ သိမ်မွေ့နူးညံ့စွာ၊ သနားခြင်းကရုဏာဖြင့် ဆက်ဆံခဲ့သည်။ အပြန်အလှန်စကားပြောရာတွင် ပရောဖက်ပြုချက်များနှင့်တကွ အခြေအနေများကို သုံးသပ်ခြင်းဖြင့် ရှမာရိအမျိုးသမီး၏ဘဝနှင့် ပတ်သက်၍ ရိုးရိုးသားသား ယေရှု ဆက်ဆံပြောဆိုခဲ့သည်။ ယေရှုသည် သမ္မာတရားကို ကရုဏာထားပြီး ပြောပြကာ မိမိနှင့်တွေ့ဆုံသောသူများအား အပြုသဘောဆောင်သောစကားမျိုးဖြင့် ဆက်ဆံတတ်ရန် ကျွန်ုပ်တို့ကို သွန်သင်ပေးသည်။

၃။ သေချာစွာ နားထောင်ပေးပါ

ကျွန်ုပ်တို့၏ယုံကြည်ချက်၊ ကျွန်ုပ်တို့ဘဝအပေါ် ၎င်း၏အကျိုးသက်ရောက်မှုများ၊ တစ်ခုနှင့်တစ်ခု ဆန့်ကျင်သည်ဟု ထင်ရသောအရာများနှင့် ဟန်ဆောင်မှုများ စသည့်အရာများနှင့် ပတ်သက်၍ လူတွေက မေးခွန်း မေးလာကြလိမ့်မည်။ ဤမေးခွန်းများနှင့် ပတ်သက်၍ မိမိကိုမိမိ ကာကွယ်မည့်အစား သူတို့၏တုံ့ပြန်မှုများကို သေသေချာချာ နားထောင်ပေးဖို့ လိုအပ်သည်။ ရှမာရိအမျိုးသမီးထံ မေးခွန်းများစွာ ယေရှု မေးသကဲ့သို့ သူတို့ကို မေးခွန်းများဖြင့် တုံ့ပြန်၍လည်း ရသည်။ ကျွန်ုပ်တို့ ဟောပြောသည့်အရာ ချွင်းချက်မရှိ လက်ခံရန် တောင်းဆိုခြင်းထက် မေးခွန်းများဖြင့် တုံ့ပြန်ခြင်းက လူတို့အား ကျွန်ုပ်တို့ဟောပြောသည့်အရာကို ဆင်ခြင်ရန် လမ်းကြောင်းခင်းပေးသကဲ့သို့ ဖြစ်သည် (သူတို့၏အထင်အမြင်ကိုလည်း ဆင်ခြင်ရန် အခွင့်ပေးရာ ရောက်သည်)။ ဧဝံဂေလိတရားဟောပြောခြင်းတွင် မေးခွန်းကို အသုံးပြုရာ၌ ယေရှုသည် ဆရာတစ်ဆူ ဖြစ်သည်။ သူတို့၏အမြင်တွင် ဟာကွက်များကို ထောက်ပြ၍ သမ္မာတရားကို ပြန်လည်ဟောပြောသည်။

၄။ နားလည်မှုလွဲခြင်းမှ ဖွင့်ပြခြင်းသို့

ပထမတွင် ယေရှု မိန့်တော်မူသည့်အချက်ကို ရှမာရိအမျိုးသမီး လွဲမှားစွာ နားလည်ခဲ့သည် (အငယ် ၁၁)။ သူမ ရှင်းရှင်းလင်းလင်း သဘောပေါက်နားလည်သည့်အချိန်ထိ ယေရှု စိတ်ရှည်စွာ ရှင်းပြခဲ့သည်။ အပြန်အလှန်စကား ပြောရာတွင် နားလည်မှုလွဲခြင်းနှင့် အနက်ဖွင့်မှားခြင်းသည် သဘာဝ ဖြစ်သည်။ မလန့်ပါနှင့်။ သည်းခံပေးပါ။ ကျွန်ုပ်တို့ ဟောပြောသည့်အရာ ရှင်းလင်းသည့်အချိန်ထိ တစ်ဖက်သားအတွက် စိတ်ရှည်လက်ရှည် ရှင်းပြပေးဖို့ လိုအပ်သည်။ ၎င်းသည် ကျွန်ုပ်တို့၏ တာဝန် ဖြစ်သည်။ သဘောပေါက်နားလည်ခြင်းမှ ဖွင့်ပြခြင်းသို့ ပို့ဆောင်သူမှာ ဝိညာဉ်တော် ဖြစ်သည်။

၅။ အဓိကအရာကို အဓိကထားပါ

ရှမာရိအမျိုးသမီးထံ ရေတောင်းသောက်ခြင်းသည် မဖြစ်သင့်သည့်အရာဖြစ်ကြောင်း နိုင်ငံရေးနှင့် ယဉ်ကျေးမှုကို ထောက်၍ အမျိုးသမီး၏ တုံ့ပြန်မှုကို ယေရှုက အလွယ်တကူ အာရုံလွှဲနိုင်ခဲ့သော်လည်း ဧဝံဂေလိတရား ဆက်လက်ဟောပြောနိုင်ရန် အဓိကကို အဓိကထားခဲ့သည်။ ဧဝံဂေလိတရားကို တစ်ဦးချင်း စကားပြော ဟောပြောရာတွင် အာရုံလွဲစေနိုင်သည့်အရာများစွာ ကြုံလိမ့်မည်။ သို့သော်၊ (အနည်းငယ် လမ်းကြောင်းလွဲနိုင် သော်လည်း) ခရစ်တော်၏ ကားတိုင်အကြောင်းကို ကျွန်ုပ်တို့၏ အပြန်အလှန်စကားပြောခြင်းတွင် ဗဟိုပြုရပေမည်။

၆။ သင်နှင့်စကားပြောသူတို့၏ အလားအလာကို သတိပြုပါ

ဧဝံဂေလိတရားကို လက်ခံဖို့နှင့် ၎င်းဧဝံဂေလိတရားကို တစ်ဆင့် သက်သေခံဝေငှဖို့ အလားအလာကို သတိပြုပါ။ ဧဝံဂေလိတရားကို ပူပူနွေးနွေး လက်ခံသောသူများက စိတ်အားထက်သန်သော ဧဝံဂေလိဆရာများ ဖြစ်တတ်ကြသည်။ ဤအချက်ကို ကျွန်ုပ်တို့အတွက် စိန်ခေါ်မှု ဖြစ်သင့်သည်။ ကူးဆက်လွယ်ကူသော ကယ်တင်ခြင်းဆိုင်ရာ ဝမ်းမြောက်ခြင်းကို မမေ့လျော့သင့်ပေ။ ကျွန်ုပ်တို့၏ ဟောပြောသက်သေခံချက်ကို ကြားနာသောသူတို့က ချက်ချင်း ခရစ်တော်အတွက် သက်သေများ ဖြစ်လာနိုင်ကြသည်ကို မမေ့သင့်ပါ။

စင်မြင့်ပေါ်မှ ဟောပြောဖို့ (သို့မဟုတ် ပုံမှန် တရားဟောသော ဧဝံဂေလိဆရာဖြစ်ဖို့ ခေါ်ဆိုခြင်းနှင့် ဆုကျေးဇူးကို အားလုံး ရကြမည် မဟုတ်ပါ) အခွင့်အရေးကို ကျွန်ုပ်တို့အားလုံး ရရှိကြမည် မဟုတ်ပါ။ သို့သော်၊ ဧဝံဂေလိတရား ဟောပြောခြင်းတွင် အားလုံး ပါဝင်ရပေမည်။ ဧဝံဂေလိတရား ဟောပြောခြင်းတွင် တစ်ဦးချင်းအပြန်အလှန်စကားပြောခြင်း အမြဲပါဝင်သည်။ ယုံကြည်သူနှင့် စူးစမ်းလေ့လာသူကြား စကားပြောခြင်း အမြဲပါဝင်သည်။ ဤနည်းအတိုင်း ယေရှုနှင့် နောက်လိုက်တော်များ ကျင့်သုံးခဲ့ကြသောကြောင့် ကျွန်ုပ်တို့လည်း ကျင့်သုံးသင့်သည်။

ဆွေးနွေးခြင်း (၂၀ မိနစ်)

၁။ ကယ်တင်ခြင်းအကြောင်း ဟောပြောသည့်အခါ နားထောင်ခြင်းသည် အဘယ်ကြောင့် အရေးပါသနည်း။

၂။ တစ်ဖက်သားက မိတ်ဆွေဖြစ်သည်၊ သူစိမ်းဖြစ်သည်ဟူသည့် အချက်ပေါ် မူတည်၍ အပြန်အလှန်စကားပြော၍ ဧဝံဂေလိတရားဟောပြောခြင်း မည်သို့ ပြောင်းလဲနိုင်သနည်း။

၃။ အပြန်အလှန်စကားပြော၍ ဧဝံဂေလိတရားဟောပြောခြင်းအတွက် အခွင့်အရေးကို မည်သို့ ရည်ရွယ်ကာ ရှာဖွေနိုင်ပါသနည်း။

၄။ အပြန်အလှန်စကားပြော၍ ဧဝံဂေလိတရားဟောပြောခြင်းတွင် အခက်တွေ့သောသူများကို သင်မည်သို့ ခွန်အားပေး၍ ထောက်ပံ့နိုင်သနည်း။

> "ဧဝံဂေလိတရားဟောပြောခြင်းရာတွင် ကျွန်ုပ်တို့၏အခက်အခဲမှာ နည်းဗျူဟာ မဟုတ်ဘဲ ရင့်ကျက်ခြင်း ဖြစ်သည်။ ဘုရားသခင်ကို ကျွန်ုပ်တို့ ချစ်ပါသလား။ ဘုရားသခင် ဂရုစိုက်သောလူ (ပျောက်ဆုံးသောလူများ) ကို ကျွန်ုပ်တို့ ဂရုစိုက်ပါသလား။ ဘုရားသခင်၏ နှလုံးသားကို ကျွန်ုပ်တို့ ပိုင်ဆိုင်လျှင် မယုံကြည်သောသူငယ်ချင်းများနှင့် စကားပြောသည့်အခါ ဘုရားသခင်၏ နိုင်ငံတော် ကျယ်ပြန့်ရန် အမြဲရည်ရွယ်ကာ တတ်နိုင်သလောက် အမြဲကြိုးစားကြမည် ဖြစ်သည်။"
>
> **နောမန်နှင့် ဒေးဗစ် ကိုင်စလာ**

လိုက်လျှောက်ကျင့်သုံးခြင်း (၅ မိနစ်)

ဤတစ်ပတ်အတွင်း နေ့စဉ်အပြန်အလှန်စကားပြောသည့်အချိန်တွင် သင့်ယုံကြည်ခြင်းအကြောင်းကို လူတစ် ယောက်ထံ ပြောပြပါ။ သင့်ယုံကြည်ခြင်းနှင့် ပတ်သက်၍ သူတို့၌ မေးစရာရှိသည်၊ မရှိသည်ကို မေး၍ သူတို့နှင့် စကားပြောလိုကြောင်း ပြောပြပါ။ ယေရှုမည်သူဖြစ်ကြောင်း သူတို့၏ ထင်မြင်ချက်များနှင့် ပတ်သက်၍ မေးခွန်းမေးလိုကြောင်းကို ပြောပြ၍ မည်သို့ ဆက်ဖြစ်မည်ကို စောင့်ကြည့်ပါ။

ဆုတောင်းခြင်း

ကျွန်ုပ်တို့အနီးအနားရှိ လူများမှ အလားအလာရှိသောသူများထံ ဘုရားသခင် ပေးသည့် မျှော်လင့်ခြင်းအကြောင်းကို နေ့စဉ်ဝေငှဟောပြောနိုင်ရန် အခွင့်အရေး မြင်တတ်ဖို့ ဘုရားသခင်ထံ ဆုတောင်းပါ။ ကျွန်ုပ်တို့အား အခွင့်အရေးများကို ပေးသောကြောင့်၎င်း၊ ဤလောကတွင် ဘုရားသခင် လုပ်ဆောင်သည့်အမှုတွင် ကျွန်ုပ်တို့ကို တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်ခွင့်ပေးသောကြောင့်၎င်း ဘုရားသခင်ထံ ကျေးဇူးတော် ချီးမွမ်းပါ။ ကြောက်ရွံ့ခြင်းနှင့် စိုးရိမ်မှုများကို အနိုင်ယူနိုင်ရန် တစ်ဦးချင်း ဧဝံဂေလိတရား ဟောပြောခြင်းတွင် အခက်တွေ့သောသူများအတွက် ဆုတောင်းပေးပါ။ ထိုသို့ဟောပြောနိုင်ရန် အချင်းချင်းကို ခွန်အား

တာဝန်ခံမှု ရှိခြင်း (၁၅ မိနစ်)

တာဝန်ခံမှုရှိခြင်းဖောင်ကို နှစ်ယောက်တစ်တွဲဖြင့်ဖြစ်စေ၊ အဖွဲ့ငယ်လိုက်ဖြစ်စေ ပြည့်စုံအောင် ဖြည့်၍ အချင်း ချင်းအတွက် ဆုတောင်းကြပါ။

မှတ်စုများ

ပေးပါ။



အစည်းအဝေး ၂

လက်တွေ့ကျကျ ဧဝံဂေလိတရား ဟောပြောခြင်း – ခရစ်ယာန် ယုံကြည်ခြင်း ခုခံချေပခြင်း

ဧဝံဂေလိတရားဟောပြောခြင်းတွင် ခရစ်ယာန် ယုံကြည်ခြင်း ခုခံချေပခြင်းအား (apologetics) အသုံးပြုခြင်းကို ဤအစည်းအဝေးတွင် လေ့လာသွားမည်။ ခရစ်တော်၏ကားတိုင်အကြောင်းကို ဗဟိုပြု၍ လောကသားများ ဆွေးနွေးနိုးနှောလိုသည့် အကြောင်းအရာများနှင့် ပတ်သက်၍ ပိုသိဖို့လိုအပ်သည်။

အစည်းအဝေးကို ဝါကျတစ်ကြောင်းဖြင့် အကျဉ်းချုပ်ခြင်း
ယုံကြည်ခြင်း ခုခံချေပခြင်းသည် (Apologetics) ကျွန်ုပ်တို့၏ယုံကြည်ခံယူချက်နှင့် ပတ်သက်၍ မေးလာသည့် မေးခွန်းများကို တုံ့ပြန်ရန်နှင့် ကန့်ကွက်ငြင်းပယ်သောသူတို့ထံ ဧဝံဂေလိတရားကို ကာကွယ်ပြောဆိုရန် ကြိုးစား အားထုတ်မှု ဖြစ်သည်။

အစည်းအဝေး နောက်ကြောင်း
လူတွေ မေးလာသည့်မေးခွန်းများနှင့် ပတ်သက်၍ ယေရှု၏ဖြစ်တည်ခြင်းအမှန်နှင့် ကျွန်ုပ်တို့ဘဝအပေါ် ၎င်း၏အကျိုးသက်ရောက်မှုကို ညွှန်းဆိုသည့် မှန်ကန်သောအဖြေများဖြင့် တုံ့ပြန်ရန်မှာ ကျွန်ုပ်တို့၏ တာဝန် ဖြစ်သည်။

ခရစ်ယာန်ယုံကြည်ခြင်း ခုခံချေပခြင်း (Christian apologetics) ဆိုသည်မှာ “ခရစ်ယာန်ယုံကြည်ချက်ကို ကာကွယ်ခြင်း” ဖြစ်သည်။ ခုခံချေပခြင်းသည် (apologetics) သမ္မာကျမ်းစာတွင် အမြစ်တွယ်၍ ၁ ပေ ၃း၁၅ ရှိ apologia (ပြန်ပြောခြင်း) ဟူသည့် စကားလုံးမှ လာပြီး တမန် ၁၇ ရှိ အေသင်မြို့သားများထံ ရှင်ပေါလု၏ ဟောပြောပို့ချမှု တည်ဆောက်ပုံနှင့် ဟောပြောပုံတို့မှ ဆင်းသက်လာသည်။ ခရစ်ယာန်ယုံကြည်ချက်နှင့် ပတ်သက် မေးခွန်းများနှင့် ကန့်ကွက်မှုများကို ထိထိရောက်ရောက် ပြောင်ပြောင်မြောက်မြောက် တုံ့ပြန်ချက်ကို သမ္မာကျမ်းစာတွင် အကြိမ်ပေါင်းများစွာ တွေ့နိုင်သည်။

ဘုရားသခင်ကို ယုတ္တိကျအောင် ရှင်းပြရန်မှာ ယုံကြည်ခြင်းခုခံချေပခြင်း (apologetics) ၏ အဓိကရည်ရွယ်ချက် မဟုတ်ပါ။ လူတို့အား ဘုရားသခင် ပေးသည့် မျှော်လင့်ခြင်း၏ စစ်မှန်မှုနှင့် ချိတ်ဆက်ပေးရန် ဖြစ်သည်။ မေးခွန်းမေးလာသူတို့က ခရစ်တော်၌ ပြီးပြည့်စုံခြင်း ရှာတွေ့နိုင်ရန် ကျွန်ုပ်တို့၏ယုံကြည်ချက်ကို ကျွန်ုပ်တို့ ကာကွယ်ပြောဆိုရသည်။ ၎င်းကို ဘုရားသခင်နှင့် ဝိညာဉ်တော်၏ အကူအညီ မပါဘဲ ယုံကြည်ခြင်း ခုခံချေပခြင်း (apologetics) ကိုယ်၌က လုပ်ဆောင်နိုင်မည် မဟုတ်သော်လည်း လူတို့အား ယေရှုနှင့် တွေ့ဆုံရန် အဟန့်အတားဖြစ်စေသည့်အရာများကို ဖယ်ရှားပေးရန် အစွမ်းထက်သောအရာ ဖြစ်သည်။

> “ယုံကြည်ခြင်း ခုခံချေပခြင်းက (Apologetics) မကယ်တင်ပါ။ ယေရှုခရစ်တော်သာ ကယ်တင်နိုင်သည်။ သို့သော်၊ ၎င်း ယုံကြည်ခြင်း ခုခံချေပခြင်းက (apologetics) ဗတ္တိဇံဆရာ ယောဟန်ကဲ့သို့ ခရစ်တော်၏ကားတိုင်လမ်းကို တည့်မတ်စေကာ ဖြောင့်တန်းစေနိုင်သည်။
>
> **ဂျေဒဗလျူ မွန်ဂိုမယ်ရီ**

ဝိညာဉ်ရေးသဘောအရရော၊ အသိပညာအရရော ယေရှုကို သူ၏ပလ္လင်ထက်မှ နန်းချရန် ကြိုးပမ်းမှုကို ယုံကြည်ခြင်း ခုခံချေပခြင်းက (apologetics) ကာကွယ်ပေးသည်။ ခုခံချေပခြင်းက စိန်ခေါ်မှုကြီးမားသော အပြန်အလှန်စကား ပြောခြင်းဘက်သို့ ဦးတည်နိုင်သော်လည်း ယုံကြည်ခြင်းခုခံချေပခြင်း (apologetics) ၏ ရည်ရွယ်ချက်မှာ လူတို့ကို ပြစ်မှားဖို့ မဟုတ်ဘဲ ခရစ်တော်ထံသို့ ရောက်ရန် အခြားနည်းလမ်း မရှိကြောင်းကို ရှင်းပြရန် ဖြစ်သည်။ ယုံကြည်ခြင်း ခုခံချေပခြင်း (apologetics) သည် ဧဝံဂေလိတရား ဟောပြောခြင်းအတွက်သက်သက် မဟုတ်ပါ။ တပည့်တော်ဖြစ်စေခြင်းတွင်လည်း အသုံးပြုနိုင်သည်။

အစည်းအဝေး လမ်းညွှန်

တွေ့ဆုံခြင်း (၁၀–၂၀ မိနစ်)

တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံမိတ်ဆက်စကားပြောဖို့ အချိန်သုံးပါ။ သက်သေခံခြင်း၊ ခွန်အားပေးခြင်း၊ အခွင့်အရေးများကို အတူသုံးသပ်ခြင်းနှင့် အဖွဲ့အတွက် ခွန်အားဖြစ်စေမည့် မည်သည့်အကြောင်းအရာကိုမဆို ဝေငှပြောဆိုနိုင်သည်။ အဖွဲ့တွင် လူနည်းလျှင် နောက်ဆုံးတွေ့ဆုံခဲ့သည့်အချိန်မှစ၍ ယနေ့အထိ မိမိအနိုင်ယူ အောင်မြင်ခဲ့သည့်အရာတစ်ခုနှင့်ကျရှုံးခဲ့သည့်အရာတစ်ခုစီကို တစ်ယောက်ချင်းစီ ပြောခိုင်းပါ။ အဖွဲ့တွင် လူများလျှင် နောက်ဆုံးအစည်းအဝေးမှစ၍ ယနေ့အထိ မိမိအကြောင်းကို သက်သေခံလိုသောသူ လေးယောက် သို့မဟုတ် ငါးယောက်ကို သက်သေခံခိုင်းပါ။

ဆုတောင်းခြင်း

အချိန်တစ်ခုလုံးကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံ၍ တွေ့ဆုံခြင်းအပိုင်းတွင် ကြားခဲ့သည့်အခြေအနေ အကောင်း၊ အဆိုးများအတွက် ဘုရားသခင်ထံ ဆုတောင်းဆက်ကပ်ပါ။

သွန်သင်ခြင်း (၂၀–၃၀ မိနစ်)

အောက်ပါသင်ခန်းစာများကို သင်နှစ်သက်သည့်နည်းဖြင့် သင်ပေးနိုင်သကဲ့သို့ တစ်လုံးမကျန် ဖတ်ပြခြင်းဖြင့်လည်း သင်ပေးနိုင်သည်။ ထို့ပြင်၊ သင်ကိုယ်တိုင် ပြင်ဆင်၍လည်း တင်ပြနိုင်သည်။

> “စိတ်နှလုံးထဲ၌ ထာဝရအရှင်ဘုရားသခင်ကို ရိုသေခြင်း ရှိကြလော့။ သင်တို့မြော်လင့်ခြင်း၏အကြောင်းကို မေးမြန်းသောသူ ရှိသမျှတို့အား နူးညံ့သောသဘော၊ ကြောက်ရွံ့သောသဘောနှင့် ပြန်ပြောခြင်းငှါ ကာလအစဉ်မပြတ် အသင့်ရှိနေကြလော့”
>
> **၁ ပေ ၃:၁၅**

ကျွန်ုပ်တို့၌ ရှိသော မျှော်လင့်ခြင်းအကြောင်း မေးလာသောသူတို့အား ပြန်ပြောနိုင်ရန် အဆင်သင့်ဖြစ်ရမည့်အကြောင်း ပေတရု တိုက်တွန်းထားသည်။ ဧဝံဂေလိတရားကို ရှေးဦးစွာ ရှင်းရှင်းလင်းလင်း ဟောပြောဖို့ လိုအပ်သည်။ သူတို့က ထပ်မံ၍ မေးခွန်းမေးလာသည့်အခါ သူတို့ကို သေသေချာချာ အဓိပ္ပာယ်ရှိရှိ ပြန်ဖြေနိုင်ရမည်။

အခြေခံလည်းကျ၍ ဒဿနအတွေးအမြင်လည်းကျသော မေးခွန်းများဖြစ်သည့် “ဘာကြောင့် ကျွန်ုပ်တို့ ဤနေရာမှာ ရှိနေရသလဲ” သို့မဟုတ် “ကျွန်ုပ်တို့ ဘယ်ကနေ လာကြသလဲ” သို့မဟုတ် “ဘဝ၏အဓိပ္ပာယ်က ဘာလဲ” တို့သည် ဖြေဖို့ အခက်ဆုံးသော မေးခွန်းများ ဖြစ်သည်။ ဤမေးခွန်းများအတွက် ဧဝံဂေလိတရား၌ အဖြေရှိသော်လည်း တိုက်ရိုက် ဖြေကြားထားခြင်း မရှိပါ။ လိင်မှုကိစ္စ၊ ဖိုမကိစ္စနှင့် ကလေးဖျက်ချခြင်း စသည့်အကြောင်းများနှင့် ပတ်သက်၍ ခရစ်ယာန်အမြင်ရှုထောင့်ဖြင့် ရှင်းပြရန် မေးခွန်းမေးခြင်း ခံရတတ်သည်။ ဆင့်ကဲဖြစ်စဉ်ကို ဆန့်ကျင်၍ ကမ္ဘာဦးကျမ်းတွင် တွေ့ရသည့် ဖန်ဆင်းခြင်းအကြောင်းကို ကာကွယ်ခြင်းကဲ့သို့သော ခေတ်သစ်သိပ္ပံနည်းပညာဆိုင်ရာ နားလည်မှုကို ဆန့်ကျင်ပြီး အစဉ်အလာအရ ဖြစ်သော ယုံကြည်ချက်ကို ကာကွယ်ဖို့ လိုအပ်လာသည်လည်း ဖြစ်နိုင်သည်။ ထို့ပြင်၊ “ဘာကြောင့် ဘုရားသခင်က ဆင်းရဲဒုက္ခကို ခွင့်ပြုရသလဲ” ဟူသည့် ဘုရားသခင်၏ စာရိတ္တနှင့် ပတ်သက်သော မေးခွန်းများကို မေးလာသောသူများလည်း ရှိနိုင်သည်။

> **ဆွေးနွေးပါ** ယုံကြည်ခြင်းနှင့် ပတ်သက်၍ စိန်ခေါ်မှု ရှိသော မည်သည့်မေးခွန်းမျိုး မေးခြင်း ခံခဲ့ဖူးပါသနည်း။ ၎င်းမေးခွန်းမျိုးကို ပြန်ဖြေရန် မည်မျှ အဆင်သင့်ဖြစ်ပါသနည်း။

ယုံကြည်ခြင်း ခုခံချေပခြင်း (apologetics) က လူကို မကယ်နိုင်သည်မှာ ကောင်းသောအရာ ဖြစ်သည်။ သို့မဟုတ်လျှင် ကယ်တင်ခြင်းတာဝန်သည် ကျွန်ုပ်တို့၏ ခုခံချေပနိုင်စွမ်းပေါ်မှာ မူတည်လိမ့်မည်။ လူတို့အား လွဲမှားသောစဉ်းစား တွေးခေါ်ခြင်းမှ မှန်သောစဉ်းစားတွေးခေါ်ခြင်းသို့ ခုခံချေပခြင်းက ပို့ဆောင်ပေးနိုင်သော်လည်း ကျွန်ုပ်တို့ သက်သေခံဟောပြောသည့် ဧဝံဂေလိတရားကို ကြား၍ တုံ့ပြန်သည့်အခါ အသက်ကို ပေးနိုင်သူမှာ ဘုရားသခင်ကိုယ်တိုင် ဖြစ်သည်။

လမ်းတစ်ဖက်တွင် ဟင်းလင်းဖြစ်သည့် ခရစ်တော်၏ကားတိုင် ရှိသော လမ်းတွင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ဟော ပြောသည့်အရာကို နားထောင်သောသူနှင့် အတူရှိနေသည်။ ထိုလမ်းပေါ်တွင် ချိုင့်များ၊ လမ်းပိတ်ဆို့သောအတား အဆီးများ၊ နံရံများ၊ အကျိုးအပဲ့များ၊ ချွန်ထက်သောအရာဝတ္ထုများ စသည်ဖြင့် ရှိကြသည်။ မြူဆိုင်းများကြောင့် ကားတိုင်ကိုပင် ကောင်းကောင်း မမြင်ရပါ။ ယုံကြည်ခြင်း ခုခံချေပခြင်း (apologetics) ဆိုသည်မှာ ခရီးတွင်နိုင်အောင် လမ်းပေါ်ရှိ အကျိုးအပဲ့များကို ဖယ်ရှားခြင်း၊ ချိုင့်များကို မြေဖို့ခြင်း၊ နံရံများကို ထုခွဲခြင်း၊ အတားအဆီးများကို ရှင်းလင်းခြင်း၊ မြူဆိုင်းများကို ဖယ်ရှားခြင်းကဲ့သို့ ဖြစ်သည်။ ကားတိုင်နှင့် ပိုနီးနိုင်အောင် လူတွေကို ကျွန်ုပ်တို့ ကူညီလိုသည်။ ထိုနေရာတွင် ရှင်ပြန်ထမြောက်သော ယေရှုကို တွေ့ဆုံ၍ မိမိတို့ဘဝ၏ အရှင်သခင်အဖြစ် ဝန်ခံနိုင်ကြလိမ့်မည်။ မယုံကြည်သေးသောသူတစ်ယောက်အား ယုံကြည်လာရန် လမ်းခင်းပေးဖို့ ယုံကြည်ခြင်း ခုခံချေပခြင်း (apologetics) တည်ရှိရခြင်း ဖြစ်သည်။

ယုံကြည်ခြင်း ခုခံချေပခြင်း (apologetics) တွင် အောင်မြင်ရန် အောက်ပါအချက်လေးချက်ကို ဆင်ခြင်စဉ်းစားဖို့ လိုအပ်သည်။

၁။ အကောင်းဆုံး ပြင်ဆင်ပါ

အချို့သောသူတို့အတွက် ယုံကြည်ခြင်းခုခံချေပခြင်း (apologetics) သည် မိမိတို့ ဧဝံဂေလိတရားဟောပြောခြင်းတွင် အဓိကကျလိမ့်မည်။ ထို့ကြောင့်၊ သီဩလောဂျီ၊ ဒဿနအတွေးအခေါ်၊ သိပ္ပံနည်းပညာ၊ သမိုင်း၊ ပစ္စုပ္ပန်အဖြစ်အပျက် များ၊ ကမ္ဘာ့ဘာသာရေးနှင့် အခြားသောအကြောင်းအရာများကို လေ့လာဖို့ လိုအပ်လိမ့်မည်။ အချို့အတွက်မူ အကြောင်းအရာတစ်ခုခုကို စိတ်ဝင်စားသောလူတစ်ယောက်နှင့် စကားပြောလျှင် လိုအပ်သော အကြောင်းအရာ များကိုသာ ပြောတတ်ကြသည်။ ဘုရားသခင်နှင့် သူဖွင့်ပြတော်မူသည့် သမ္မာတရားကို နားလည်ခြင်း၌ နေ့စဉ် ကြီးထွားရန် နှုတ်ကပတ်တော်ကို ဖတ်ရှုလေ့လာခြင်းကိုမူ နေ့စဉ် လုပ်ရပေမည်။ ထိုသို့သောပြင်ဆင်ခြင်းသည် ဘုရားသခင်အကြောင်းကို လောကီသားများထံ ဟောပြောဖို့ ပြင်ဆင်ခြင်း မဟုတ်ဘဲ နေ့စဉ် ဘုရားကို ကိုးကွယ်ခြင်း၌ မိမိကိုမိမိ ပြင်ဆင်ခြင်း ဖြစ်သည်။ ယုံကြည်ခြင်း ခုခံချေပခြင်း (apologetics) သည် ဧဝံဂေလိတရား ဟောပြောခြင်း အတွက်သာ မဟုတ်ဘဲ တပည့်တော်ခြစ်စေခြင်းနှင့်လည်း ဆိုင်သည်။

၂။ ဆုတောင်းခြင်းကို ပုံမှန်လုပ်ဆောင်ပါ

ဧဝံဂေလိတရားကို မည်သည့်ပုံစံဖြင့် ဟောပြောပါစေ ဆုတောင်းခြင်းသည် အရေးကြီးသည်။ ယုံကြည်ခြင်း ခုခံချေပခြင်း (apologetics) နှင့် ပတ်သက်လာလျှင် ကျွန်ုပ်တို့နှင့် ထိတွေ့သောသူများထံ မိမိကိုမိမိ ထင်ရှားဖို့ ဘုရားသခင်ထံ ဆုတောင်းရမည့်အပြင် (ရှင်ပေတရု တိုက်တွန်းသည့်အတိုင်း) နူးညံ့သိမ်မွေ့မှုနှင့် ရိုသေလေးစားမှု ထားရှိကာ ပြန်လည်ဖြေကြားနိုင်ရန် ကျွန်ုပ်တို့ကို ကူညီဖို့လည်း ဆုတောင်းဖို့ လိုအပ်သည်။ ရှေ့တွင်ရှိသောပုဂ္ဂိုလ်ကို နူးညံ့သိမ်မွေ့စွာ စကားပြော၍ ဘုရားသခင်နှင့် ပတ်သက်လာလျှင် မည်သူ့ကိုမျှ ဘက်လိုက်ခြင်း၊ အလျှော့ပေးခြင်း မရှိဘဲ ဘုရားသခင်အကြောင်းကို အဖြစ်အတိုင်း ဟောပြောရပေမည်။

၃။ နှိမ့်ချခြင်းတန်ခိုးကို ဆောင်ထားပါ

ရိုင်းစိုင်းခြင်းနှင့် ရန်လိုခြင်းသည် တစ်ပါးသူကို ဆွဲဆောင်ရန် အဟန့်အတား ဖြစ်စေသည်။ မိမိခံယူချက်ကို ပြန်လည်ရှင်းပြရာတွင် နှိမ့်ချခြင်းတံခါးကို အမြဲဖွင့်ထားရပေမည်။ နှိမ့်ချစွာ တစ်ပါးသူကို ပြန်လည်တုံ့ပြန်ခြင်းဟု ဆိုရာတွင် ယဉ်ကျေးသိမ်မွေ့သော ဆက်ဆံရေးတစ်ခုကို တည်ဆောက်ဖို့ဆိုကာ မိမိခံယူချက်ကို စွန့်လွှတ်ဖို့ မလိုပါ။ နှိမ့်ချခြင်းဆိုသည်မှာ အရာအားလုံးကို မသိကြောင်း ဝန်ခံခြင်း ဖြစ်သည်။ တစ်ခါတရံ “မေးခန်းကောင်းပဲ။ အဖြေတော့ ကျွန်တော်/ကျွန်မ မသိဘူး” ဟူ၍ ပြန်လည်တုံ့ပြန်နိုင်ရမည်။ ဘုရားသခင်၏ အကြံအစည်တော်သည် ကျွန်ုပ်တို့၏ အကြံအစည်ထက် မြင့်မားသည် (ဟေရှာ ၅၅:၈–၉)။ ကျွန်ုပ်တို့သည် ၎င်းကို မှန်တွင် ရေးရေးမျှသာ မြင်ရသေးသည် (၁ ကော ၁၃:၁၂)။ သို့သော်၊ ဘုရားသခင်၏ ကိုယ်ပိုင်ဖွင့်ပြခြင်းကို လေ့လာခြင်းဖြင့် မိမိတို့၏တည်ရှိရခြင်းရည်ရွယ် ချက်ကို ကျွန်ုပ်တို့ သိနိုင်ပြီး ၎င်းဖွင့်ပြသည့်သမ္မာတရားကို သုံးသပ်ကာ လက်ခံ၍ လက်တွေ့ကျင့်သုံးပြီး ပြန်လည်ရှင်းပြနိုင်သည်။

၄။ မေးခွန်း၏အစွမ်းတန်ခိုးကို အသုံးပြုပါ

မေးခွန်းမေးလိုလျှင် မေးနိုင်ကြောင်း တစ်ဖက်သားကို ရှေးဦးစွာ အသိပေးရပေမည်။ မေးလာသည့်မေးခွန်းများကို ဖြေဖို့ ဝန်မလေးကြောင်းကို အသိပေးခြင်းက အပြန်အလှန်စကားပြောခြင်းအတွက် အခွင့်အရေးကောင်းတစ်ခုကို ဖန်တီးပေးသည်။ အထူးသဖြင့်၊ မိမိအတွက် အရေးပါသည့်မေးခွန်းများကို မမေးဝံ့သောသူများနှင့် ဆက်ဆံရသည့်အခါ ပို၍ပင် တန်ဖိုးရှိသည်။ ထို့ပြင်၊ ကိုယ့်ဘက်ကလည်း မေးခွန်းပြန်မေးဖို့ ကြောက်စရာ မလိုပါ။ မိမိကို မိမိ ကာကွယ်ရန် မေးခွန်းများကို ကြံဖန်မေးခြင်း မဟုတ်ဘဲ သူတို့၏အတွေးအခေါ်နှင့် စဉ်းစားပုံစဉ်းစားနည်းတွင် အားနည်းချက်ရှိကြောင်းကို နူးညံ့သိမ်မွေ့စွာ ထောက်ပြရန် ဖြစ်သည်။ ယေရှုသည် သာသနာပြုစဉ် မေးခွန်းများကို မေးရာတွင် ဆရာတစ်ဆူဖြစ်ပြီး သူပြန်ဖြေသည့်အရာထက် ပိုများသော မေးခွန်းများကို မေးခဲ့သည်။

စကားနိုင်လုပြီး မည်သူမျှ ဘုရားသခင်၏ကောင်းကင်နိုင်ငံတော်ထဲသို့ မဝင်နိုင်ပါ။ စကားနိုင်လုပွဲတွင် ရှုံးနိမ့်သော ကြောင့် ယေရှု၏ တပည့်တော်မဖြစ်နိုင်ဟူ၍လည်း မရှိပါ။ သို့သော်၊ နူးညံ့သိမ်မွေ့၍ ရိုသေလေးစားမှုအပြည့်ရှိသော ယုံကြည်ခြင်းခုခံချေပခြင်း (apologetics) က လူတစ်ယောက်ကို ကားတိုင်နှင့် ပိုနီးအောင် ခေါ်ဆောင်နိုင်သည်။ ထိုသို့ပြုရန် ဧဝံဂေလိတရားကို ရှင်းပြရာတွင် တစ်ဖက်သားအတွက် အရေးကြီးသောအကြောင်းအရာများကို ဦးစားပေး၍ ဖော်ပြရှင်းပြရပေမည်။

ဆွေးနွေးခြင်း (၂၀ မိနစ်)

၁။ မေးခွန်းများကို အလေးအနက်ထားဖို့ အဘယ်ကြောင့် အရေးကြီးသနည်း။

၂။ ယုံကြည်ခြင်း ခုခံချေပခြင်း (apologetics) ၏ ကန့်သတ်ချက်များမှာ အဘယ်နည်း။

၃။ ဧဝံဂေလိတရားဟောပြောရာတွင် ရောက်လာတတ်သည့် မေးခွန်းများကို မေးရန် သင်အဆင်သင့် ဖြစ်ပါသလား။

၄။ ယုံကြည်ခြင်း ခုခံချေပခြင်း (apologetics) ကို လေ့လာခြင်းက ကိုးကွယ်ခြင်းနှင့် မည်သို့သက်ဆိုင်သနည်း။

> “ယုံကြည်ခြင်းခုခံချေပခြင်း (Apologetics) သည် အရင်းအမြစ်တစ်ခု ဖြစ်သည်။ ဤပစ္စုပ္ပန်ကမ္ဘာတွင် လူတို့၏လက်တွေ့ဘဝနှင့် အဆက်အစပ်ပြုလုပ်ရန်မှာ ခုခံချေပသူ၏ တာဝန်သူ ဖြစ်သည်။ ထိုသို့ အဆက်အစပ် မပြုလုပ်လျှင် သီအိုရီသည် သီအိုရီအဖြစ်သာ ကျန်ခဲ့၍ စိတ်ကူးအတွေးအခေါ်သည် လေထဲတွင်သာ ပျောက်ကွယ်ပြီး လက်တွေ့ဘဝ၌ အမြစ်တွယ်မည် မဟုတ်ပါ”
>
> **အလစ်စတာ မက်ဂရက်**

လိုက်လျှောက်ကျင့်သုံးခြင်း (၅ မိနစ်)

ခရစ်ယာန်ယုံကြည်ချက်နှင့် ပတ်သက်၍ မေးလေ့ရှိသော အောက်ပါမေးခွန်းများကို ဆင်ခြင်ကာ လူတစ်ယောက်အား ခရစ်တော်၏ကားတိုင်သို့ မည်သို့ခေါ်ဆောင်မည်ကို လေ့လာပါ။

- ဘုရားသခင်ကို မည်သူ ဖန်ဆင်းသနည်း။
- ခရစ်ယာန်ယုံကြည်ချက် မှားယွင်းကြောင်း သိပ္ပံနည်းပညာက သက်သေပြပြီလော။
- မဟာပေါက်ကွဲမှုသီအိုရီနှင့် ဆင့်ကဲဖြစ်ပွားမှုကို မည်သို့ ဖြေရှင်းမည်နည်း (big bang theory and evolution)။
- ဘုရားသခင်သည် ကောင်းမြတ်သောဘုရား ဖြစ်လျှင် အဘယ်ကြောင့် ဤလောကတွင် ဆင်းရဲဒုက္ခကို ခွင့်ပြုသနည်း။

- သမ္မာကျမ်းစာတွင် အမှားများနှင့် ဆန့်ကျင်ကွဲလွဲမှုများ ရှိပါသလော။
- ဘုရားသခင် အမှန်တကယ် တည်ရှိလျှင် ကမ္ဘာလူသားများထံ အဘယ်ကြောင့် သူ့ကိုသူ မထင်ရှားပြသနည်း။
- အကြွင်းမဲ့အမှန်တရား (သမ္မာတရား) ဟူ၍ မရှိသောကြောင့် မိမိယုံကြည်လိုရာကို ယုံကြည်၍ ရသည် မဟုတ်လော။
- ကျွန်ုပ်သည် ကောင်းသောလူဖြစ်သည်။ ဘုရားသခင် အမှန်တကယ် မရှိကြောင်းကို မယုံကြည်လို့ အဘယ်ကြောင့် ကျွန်ုပ်ကို ငရဲပြည်သို့ ဘုရားသခင် ချပစ်မည်နည်း။
- အဘယ်ကြောင့် အခြားသောဘာသာ မမှန်ဘဲ ခရစ်ယာဘာသာ မှန်သည်ဟု ထင်သနည်း။
- နိမိတ်လက္ခဏာများ အမှန်တကယ် ဖြစ်ပျက်သည်ဟု ယုံကြည်ပါသလား။
-

ဆုတောင်းခြင်း

လောကီသားများ မေးတတ်သည့်မေးခွန်းများကို နှိမ့်ချမှုနှင့် တကွ မေတ္တာထားကာ ပြန်လည်ဖြေကြားနိုင်ဖို့ ဘုရားသခင်ထံ ဉာဏ်ပညာကို တောင်းကြပါ။ ဘုရာသခင်အကြောင်းကိုလည်း မှန်ကန်စွာ သတ္တိရှိရှိ ဟောပြောရပေမည်။ မိမိနှင့်စကားပြောသောသူများ၌ စိတ်နှလုံးတံခါးဖွင့်ကာ ခံယူလိုသောနှလုံးသား ရှိဖို့ ဆုတောင်းပါ။ မှန်ကန်၍ ယုတ္တိကျကာ ကျိုးကြောင်းခိုင်လုံသော အဖြေများကို ကျွန်ုပ်တို့ ပြန်ပေးနိုင်သော်လည်း ဘုရားသခင်၏ ကယ်တင်ခြင်းအမှုသည် စိန်ခေါ်မှုရှိသော မေးခွန်းများကို မှန်ကန်ပါးနပ်စွာ ဖြေဆိုနိုင်သည့် ကျွန်ုပ်တို့၏ အရည်အချင်း၌ မတည်သောကြောင့် ဘုရားသခင်ကို ချီးမွမ်းပါ။

တာဝန်ခံမှု ရှိခြင်း (၁၅ မိနစ်)

တာဝန်ခံမှုရှိခြင်းဖောင်ကို နှစ်ယောက်တစ်တွဲဖြင့်ဖြစ်စေ၊ အဖွဲ့ငယ်လိုက်ဖြစ်စေ ပြည့်စုံအောင် ဖြည့်၍ အချင်း ချင်းအတွက် ဆုတောင်းကြပါ။

မှတ်စုများ



အစည်းအဝေး ၃

လက်တွေ့ကျကျ ဧဝံဂေလိတရားဟောပြောခြင်း - အခက်အခဲ

အင်မတန် ခက်ခဲ၍ ရှုပ်ထွေးလှသောဘဝ အဖြစ်အပျက်ကြားထဲတွင်ပင် ဧဝံဂေလိတရား မျှော်လင့်ခြင်းကို အမြဲဟောပြောပြီး သူတပါး၏ လိုအပ်ချက်များကိုလည်း လက်တွေ့ကျကျ ဖြည့်ဆည်းပေးခြင်းဖြင့် ရောက်လာသည့် အခက်အခဲများ တုံ့ပြန်ဖြေရှင်းနည်းကို ဤအစည်းအဝေးတွင် လေ့လာသွားမည်။

အစည်းအဝေးကို ဝါကျတစ်ကြောင်းဖြင့် အကျဉ်းချုပ်ခြင်း
အခက်အခဲရင်ဆိုင်သောကြောင့် ဧဝံဂေလိဟောပြောခြင်းကို မဆိုင်းသင့်သည့်အပြင် ဤလောကတွင် ငြိမ်သက်ခြင်းသံတမန်များအဖြစ် ဆက်ရှိနေကာ အခက်အခဲများကြားမှ သူတပါး၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေး၍ ဧဝံဂေလိတရားမျှော်လင့်ခြင်းကို ကျွန်ုပ်တို့၏အပြောအဆိုနှင့် အပြုအမူတွင် အမြဲထင်ရှားစေရမည်။

အစည်းအဝေး နောက်ကြောင်း
တတိယရာစုအလယ်ပိုင်းခန့်တွင် ရောမအင်ပါယာသည် ဆိုင်းပရင်းကပ်ရောဂါ (plague of cryprian) အကြီးအကျယ် ရင်ဆိုင်ခဲ့ပြီး နေ့စဉ် ထောင်ချီ သေဆုံးကြသောကြောင့် ပြည်သူလူထုတို့သည် မိမိတို့၏မိသားစုဝင်များကိုပင် စာနာသနားခြင်း မရှိနိုင်တော့လောက်အောင် ရက်စက်ကြမ်းကြုတ်လာကြသည်။ အသက်ရှင်ကျန်ရစ်ဖို့ ရုန်းကန်ရသည့်အခြေအနေမျိုးတွင် အကြောက်တရားသည် လူတို့အား ရက်စက်ကြမ်းတမ်းသောအပြုအမူများ ပြုစေသည့် စွမ်းအားတစ်ခုကဲ့သို့ ဖြစ်တတ်သည်။

ထိုဆိုးရွားလှသောအခြေအနေကြားထဲတွင် အကြောက်တရားဖြင့် ပြည့်နေခဲ့သည့်လူအုပ်များနှင့် လုံးဝ မတူသော လူအုပ်စုတစ်စု ရှိခဲ့သည်။ ထိုလူအုပ်စုမှာ ခရစ်ယာန်များ ဖြစ်သည်။ မကြာသေးခင်ကမှ ပေါ်ပေါက်သောဘာသာရေး ဂိုဏ်းဟုဆိုနိုင်သည့် ယုံကြည်သူလူအုပ်စုသည် အလွန်ကြောက်ဖွယ်ကောင်းသော ကပ်ရောဂါကို သူတို့ပတ်ဝန်း ကျင်ရှိ လူများကဲ့သို့ ကြောက်ရွံ့ခြင်းနှင့် စိတ်ပျက်ခြင်းဖြင့် တုံ့ပြန်မည့်အစား ချစ်ခြင်းမေတ္တာနှင့် မျှော်လင့်ခြင်းဖြင့် တုံ့ပြန်ခဲ့ကြသည်။ ခရစ်ယာန်များသည် မကျန်းမာသောသူတို့ကို ပြုစုစောင့်ရှောက်ခဲ့ကြကာ အလောင်းများကိုလည်း သင်္ဂြိုလ်ပေးခဲ့ကြသည်။ ထို့ပြင်၊ ဤရှုပ်ထွေး၍ ကြောက်ဖွယ်ကောင်းသော ကပ်ရောဂါကြားထဲတွင် ခရစ်တော်ကို ယုံကြည်ခြင်းဖြင့် ရနိုင်သည့် မျှော်လင့်ခြင်းကို လူနာများအား ပေးခဲ့ကြသည်။ ဆိုင်းပရင်းကပ်ရောဂါက ရောမအင်ပါယာကြီးကို ဖျက်ဆီးလုနီးပါးအထိ ဖြစ်ခဲ့သော်လည်း သစ္စာရှိသော ခရစ်ယာန်များ၏ တုံ့ပြန်မှုကြောင့် အင်မတန်ကြောက်ဖွယ်ကောင်းသော ကမ္ဘာ့ကပ်ရောဂါကြားထဲမှ ခရစ်ယာန်ဘာသာသည် ဥရောပတစ်ခွင် ပျံ့နှံ့သွားခဲ့လေသည်။

၁၄ ရာစု၌ အလားတူတိုက်ကြီးတွင် ဖြစ်ပျက်ခဲ့သည့် Black Death ရောဂါသည် ပို၍ ဆိုးရွားသဖြင့် သေဆုံးမှု များခဲ့သည်။ မိမိပတ်ဝန်းကျင်အခြေအနေသည် အလွန်ဆိုးရှားသော်လည်း စီအဲနာမြို့သူ ကက်သရင်း (Catherine of Siena) သည် ကနဦးယုံကြည်သူများ၏ ခြေရာကို လိုက်ပြီး လက်တွေ့ကျကျ မေတ္တာကရုဏာပြသပြီး ဧဝံဂေလိတရားမျှော် လင့်ခြင်းကိုလည်း ပေးခဲ့သည်။ ကက်သရင်းကိုယ်တိုင် ရောဂါ ခံစားခဲ့သော်လည်း သူတပါးအကျိုးအတွက် မိမိရောဂါကို ဂရုမစိုက်အားခဲ့ပါ။ ဘုရားသခင်၏ အလိုတော်အောက် လုံးလုံးလျားလျား အပ်နှံခြင်းဖြင့် သူတပါးကို ကူညီခဲ့သည်။

> “မဖြစ်နိုင်ဟန်ရှိသောအရာများ သို့မဟုတ် အကျိုးဆက်ဖြစ်သော ဆင်းရဲဒုက္ခများကို သင့်မျက်စိက မြင်နိုင်မည် မဟုတ်ပါ။ ယုံကြည်ခြင်းအလင်းကိုသာ မြင်လိမ့်မည်။ ၎င်းအလင်းတွင် မဖြစ်နိုင်သည့်အရာဟူ၍ မရှိပေ။ ကျွန်ုပ်တို့ မထမ်းရွက်နိုင်သော မည်သည့်ဝန်ကိုမျှ ဘုရားသခင် မပေးကြောင်းကို အမြဲအောက်မေ့ပါ။”
>
> **စီအဲနာမြို့သူ ကက်သရင်း**

သေစေလောက်သော ဘာဘုနစ်ရောဂါ (bubonic plague) ကို ဝိတင်ဘာ့ (Wittenberg) မြို့လေးတွင် မာတင်လူသာ ရင်ဆိုင်သည့်အခါ အခြားဘုန်းတော်ကြီးများကဲ့သို့ ထွက်ပြေးဖို့ မစဉ်းစားခဲ့ပါ။ ထွက်ပြေးမည့်အစား အကူအညီလိုသူများထံ သွားရောက်ကူညီပေးခဲ့သည်။ လူသာအတွက်မူ “ယေရှုသာဆို ဘာလုပ်မှာလဲ” ဟူသည့် မေးချွန်းမျိုး မမေးဘဲ “အကူအညီလိုသူထဲမှာ ယေရှုပါတယ်ဆိုရင် ကျွန်ုပ်တို့ဘာလုပ်မှာလဲ” ဟူသည့် မေးခွန်းကို မေးခဲ့သည်။

"အားလုံးက သွေးခဲပြီး သတ္တိရှိချင်ကြသည်။ မည်သူမျှ ထွက်မပြေးဘဲ အားလုံး ရောက်လာကြသည်။ သို့သော်၊ "သင်တို့သည် ဤသူတည်းဟူသော ငါ့ညီတို့တွင် အငယ်ဆုံးသော သူတယောက်အား ပြုကြသမျှတို့ကို ငါ့အား ပြုကြပြီ" ဟူ၍ ယေရှု၏ မိန့်တော်မူချက်ကို မည်သူမျှ နားမထောင်ကြပါ။ အကြီးမားဆုံးသောပညတ်တော်ကို ပြောပြီးနောက် ယေရှုက "ထိုမှတပါး ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့" ဟူ၍ မိန့်တော်မူခဲ့သည်။ ကိုယ်နှင့်စပ်ဆိုင် သောသူကို ကိုယ်နှင့်အမျှ ချစ်ခြင်းပညတ်သည် ဘုရားသခင်ကို ချစ်ခြင်းပညတ်နှင့် တန်းတူဖြစ်ကြောင်း သတိပြုပါ။ ထို့ကြောင့်၊ ကိုယ်နှင့်စပ်ဆိုင်သောသူအပေါ် ကိုယ်ပြုသည့်အမှု သို့မဟုတ် မပြုမိသည့်အမှုသည် ဘုရားသခင်အပေါ် ပြုခြင်း၊ မပြုခြင်းနှင့် တိုက်ရိုက်သက်ဆိုင်သည်။ ခရစ်တော်၏ အစေတော်ကို ခံလိုလျှင် သင်၏ အနီးအနားတွင် မကျန်းမာသောသူများစွာကို သင်ပြုစုစောင့်ရှောက်နိုင်သည်။ ထိုသို့ပြုစုစောင့်ရှောက်ခြင်း၌ ခရစ်တော်ကို သင်ရှာတွေ့လိမ့်မည်။"

မာတင်လူသာ

သင်းအုပ်ဆရာလည်းဖြစ်၊ သီအိုလောဂျီဆရာလည်း ဖြစ်သူ ဒီးဒရိချ်ဘွန်ဟောဖာ (Dietrich Bonhoeffer) သည် ၁၉၃၉ ခုနှစ် ဇွန်လတွင် နာဇီပါတီ၏ ရန်လိုမှုအန္တရာယ်ကြောင့် မိမိတိုင်းပြည် ဂျာမနီကို ထားခဲ့ရန် မိတ်ဆွေများ၏ တိုက်တွန်းမှုကြောင့် ထွက်သွားခဲ့သော်လည်း တစ်လပင် မကြာပါ။ မိမိနိုင်ငံ အကူအညီလိုအပ်ချိန်တွင် ထားခဲ့ခြင်းသည် ကြီးမားသောအမှားဖြစ်သည်ဟူ၍ ခံယူကာ ဂျာမနီနိုင်ငံသို့ ပြန်သွားခဲ့သည်။

"နိုင်ငံခက်ခဲသည့်အချိန်တွင် ဂျာမနီနိုင်ငံသား ယုံကြည်သူများနှင့်အတူ ကျွန်ုပ်ရှိနေဖို့ လိုအပ်သည်။ ကျွန်တော့်လူတွေနှင့်အတူ ဤအခက်အခဲကို ရင်ဆိုင်ကျော်ဖြတ်ခြင်း မပြုလျှင် စစ်ကုန်ပြီးနောက်ပိုင်းမှ ဂျာမနီနိုင်ငံတွင် ခရစ်ယာန်အသက် တာကို ပြန်လည်တည်ဆောက်ခွင့် ကျွန်ုပ်၌ မရှိသင့်ပါ။"

ဒီးဒရိချ်ဘွန်ဟောဖာ

အခက်အခဲကြားထဲတွင် မားမားမတ်မတ် မရပ်တည်လျှင် အခက်အခဲပြီးဆုံးချိန်တွင် မိမိ၏ခရစ်ယာန်ပုံသက်သေနှင့် ရိုးသားမှုတို့ကို ဆုံးရှုံးမည်ဖြစ်ကြောင်းကို ဒီးဒရိချ်ဘွန်ဟောဖာ သိနေခဲ့သည်။ သူ၏ဆုံးဖြတ်ချက်ကြောင့် အသက် ပေးဆပ်ခဲ့ရသော်လည်း သူ၏အမွေအနှစ်သည် ယနေ့တိုင် အသက်ရှင်နေဆဲ ဖြစ်သည်။ ဒီးဒရိချ်ဘွန်ဟောဖာသည် ကြီးမားသောပေးဆပ်မှုများဖြင့် ယေရှု၏နောက်လိုက်၍ သူဟောပြောသည့်မျှော်လင့်ခြင်းအပေါ် လုံးလုံး ယုံကြည်မှုရှိသောသူအဖြစ် သမိုင်းတွင် လူသိများသည်။

ဘုရားကို လူသားတို့၏ ပုန်ကန်ခြင်းဖြစ်သော သမိုင်းတွင် အကြီးမားဆုံးသောပြဿနာကြားထဲတွင် မိမိတို့ကယ် တင်ရှင်၏ ဦးဆောင်မှုနောက် လိုက်ကာ သမ္မာတရားကို ယုံကြည်သောသူတို့အား မျှော်လင့်ခြင်းနှင့် ငြိမ်သက်ခြင်း ပေးရန် ကြောက်ဖွယ်ကောင်းသော အပြစ်နှင့် သေခြင်းကြား ခြေစုံပစ်ဝင်သောသူများစွာကို သမိုင်းတွင် တွေ့နိုင်သည် (ယော ၁၆း၃၃)။ ဧဝံဂေလိတရား ပေးသည့် ထာဝရငြိမ်သက်ခြင်းကို ယူဆောင်ရန် ဤခက်ခဲကြမ်းတမ်းသော ဤလောကသို့ ခရစ်တော်၏ တန်ခိုးတော်ဖြင့် ကျွန်ုပ်တို့သွားသည့်အခါ ယေရှုသည် ကျွန်ုပ်တို့နှင့်အတူ အမြဲရှိသည် (မဿဲ ၂၈း၁၈–၂၀)။

အစည်းအဝေး လမ်းညွှန်

တွေ့ဆုံခြင်း (၁၀–၂၀ မိနစ်)

တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံ မိတ်ဆက်စကားပြောဖို့ အချိန်သုံးပါ။ သက်သေခံခြင်း၊ ခွန်အားပေးခြင်း၊ အခွင့်အရေးများကို အတူသုံးသပ်ခြင်းနှင့် အဖွဲ့အတွက် ခွန်အားဖြစ်စေမည့် မည်သည့်အကြောင်းအရာကိုမဆို ဝေငှပြောဆိုနိုင်သည်။ အဖွဲ့တွင် လူနည်းလျှင် နောက်ဆုံးတွေ့ဆုံခဲ့သည့်အချိန်မှစ၍ ယနေ့အထိ မိမိအနိုင်ယူ အောင်မြင်ခဲ့သည့်အရာတစ်ခုနှင့်ကျရှုံးခဲ့သည့်အရာတစ်ခုစီကို တစ်ယောက်ချင်းစီ ပြောခိုင်းပါ။ အဖွဲ့တွင် လူများလျှင် နောက်ဆုံးအစည်းအဝေးမှစ၍ ယနေ့အထိ မိမိအကြောင်းကို သက်သေခံလိုသောသူ လေးယောက် သို့မဟုတ် ငါးယောက်ကို သက်သေခံခိုင်းပါ။

ဆုတောင်းခြင်း

အချိန်တစ်ခုလုံးကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံ၍ တွေ့ဆုံခြင်းအပိုင်းတွင် ကြားခဲ့သည့်အခြေအနေ အကောင်း၊ အဆိုးများအတွက် ဘုရားသခင်ထံ ဆုတောင်းဆက်ကပ်ပါ။

သွန်သင်ခြင်း (၄၀–၅၀ မိနစ်)

အောက်ပါသင်ခန်းစာများကို သင်နှစ်သက်သည့်နည်းဖြင့် သင်ပေးနိုင်သကဲ့သို့ တစ်လုံးမကျန် ဖတ်ပြခြင်းဖြင့်လည်း သင်ပေးနိုင်သည်။ ထို့ပြင်၊ သင်ကိုယ်တိုင် ပြင်ဆင်၍လည်း တင်ပြနိုင်သည်။

"ထိုအခါ၊ ယေရုရှလင်မြို့၌ရှိသော အသင်းတော်သည် ပြင်းစွာသော ညှဉ်းဆဲခြင်းကို ခံရသဖြင့် တမန်တော်တို့မှတပါး သင်းဝင်သူအပေါင်းတို့သည် ယုဒပြည်၊ ရှမာရိပြည် အရပ်ရပ်တို့၌ အနှံ့အပြားကွဲပြားကြ၏။ တရားကို ရိုသေသော သူတို့သည် သတေဖန်ကို သင်္ဂြိုလ်၍ ပြင်းစွာသောငိုကြွေးမြည်တမ်းခြင်းကို ပြုကြ၏။ ရှောလုသည် အသင်းတော်ကို ဖျက်ဆီးလေ၏။ အိမ်များသို့ ဝင်ပြီးလျှင် ယောကျ်ား၊ မိန်းမတို့ကို ဆွဲငင်၍ ထောင်ထဲ၌ လှောင်ထားတတ်၏။ ထို့ကြောင့်၊ အရပ်ရပ်သို့ ကွဲပြားသောသူတို့သည် လှည့်လည်၍ နှုတ်ကပတ်တော်တည်းဟူသော ဧဝံဂေလိတရားကို ဟောပြောကြ၏။"

တမန် ၈း၁–၄

အခက်အခဲဟူသည် အချိန်မရွေး ရောက်လာနိုင်သည်။ သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါ၊ ငွေကြေးအခက်အခဲ၊ သေဆုံးခြင်း စသည်ဖြင့် စိန်ခေါ်မှုများစွာ ရောက်လာနိုင်သည်။ အခက်အခဲရောက်လာသည့်အခါ လူတို့သည် ထိတ်လန့်တတ်ကြပြီး အကြောက်တရား ဝင်လာကာ ချက်ချင်းဆိုသလို မျှော်လင့်ခြင်း ပျောက်ကွယ်သွားတတ်သည်။ ဧဝံဂေလိတရားသည် စစ်မှန်သော မျှော်လင့်ခြင်းနှင့် ငြိမ်သက်ခြင်း မြစ်ဖျားခံ စီးဆင်းလာရာအဖြစ် ကျွန်ုပ်တို့ ယုံကြည်လျှင် အခက်အခဲများနှင့် ရင်ဆိုင်ချိန်တွင် ဧဝံဂေလိတရားဟောပြောဖို့ အခွင့်အရေး ရရန် ၎င်းအခြေအနေကို ကျွန်ုပ်တို့မည်သို့ အသုံးပြုမည်နည်း။

အခက်အခဲကို အခွင့်ကောင်းယူခြင်းသည် မသင့်တင့်သောအရာအဖြစ် မြင်ကောင်းမြင်နိုင်သော်လည်း မိမိအကျိုးအတွက် မဟုတ်ပါ။ အသင်းတော်အနေဖြင့် ကျွန်ုပ်တို့သည် နိုင်ငံတော်အကျိုးကို ရှာဖွေကြသည်။ ဘုရားသခင်၏ ဘုန်းတော်သည် ကျွန်ုပ်တို့၏တစ်ခုတည်းသော ရည်ရွယ်ချက် ဖြစ်သည်။

ကျွန်ုပ်တို့၏အသက်တာနှင့် အပြုအမူတို့၌ ဘုရားသခင်၏ ဘုန်းတော် ထင်ရှားသည့်အခါ ကျွန်ုပ်တို့ ခံစားရမည့် ပြည့်လျှံသောငြိမ်သက်ခြင်းဘက်သို့ ပိုနီးကပ်လာပြီး ထာဝရနိုင်ငံတော်ကို တစ်နေ့ စုံစုံလင်လင် သိလိမ့်မည် (ဗျာဒိတ် ၂၁း၁–၇)။ မိမိအကျိုးကိုသာ မရှာဘဲ ဆင်းရဲသောသူတို့နှင့် စိတ်မသာသောသူတို့ မင်္ဂလာခံစား၍ နှိမ့်သိမ့်ခြင်း ခံရမည့် ဘုရားသခင်၏ နိုင်ငံတော်အကျိုးကိုသာ ကျွန်ုပ်တို့ ရှာသင့်သည်။ မျှော်လင့်ချက် ရှိကြောင်းကို နှုတ်ကပတ်တော်နှင့် ဧဝံဂေလိတရား ဟောပြောခြင်းက ထင်ရှားစေသောကြောင့် အခက်အခဲကို မှန်ကန်သော တုံ့ပြန်နည်း ဖြစ်သည်။

တမန်တော်ဝတ္ထု ၈ ၌ ရှင်လုကာ ဖော်ပြသည့်အတိုင်း ညှဉ်းပန်းနှိပ်စက်ခြင်း ရောက်လာသည့်အခါ ကနဦးအသင်းတော် သည် ကြီးမားသောအခက်အခဲနှင့် ရင်ဆိုင်ခဲ့သည်။ ကိုယ့်ကိုကိုယ် သနားပြီး ငိုယိုကာ ပုန်းရှောင်နေမည့်အစား ယုံကြည်သူတို့သည် ရောက်သည့်နေရာတိုင်းတွင် ဧဝံဂေလိတရား ဟောပြောကြကြောင်း ရှင်လုကာ မှတ်တမ်းတင် ထားသည်။ တမန်တော်ဝတ္ထု၌ တွေ့ရသည့် တမန်တော်များအပါအဝင် အခြားခေါင်းဆောင်များ ဖြစ်ကြသည့် သတေဖန်နှင့် ဖိလိပ္ပုတို့၏ ဧဝံဂေလိလုပ်ရှားမှုများအကြောင့် အခက်အခဲကြားထဲတွင် အသင်းတော်တစ်ခုလုံး၏ လှုပ်ရှားမှုကို သတိမထားမိဖို့ အင်မတန် လွယ်ကူသည်။ တစ်လောကလုံးက ဧဝံဂေလိတရား၏ မျှော်လင့်ခြင်းကို သိမြင်နိုင်ရန် သမ္မာတရားအပေါ် ကျွန်ုပ်တို့၏ယုံကြည်မှု ပြဖို့ ဧဝံဂေလိတရားဟောပြောခြင်းကို အသင်းတော်က ဦးစားပေးရပေမည် (၂ တိ ၄း၁–၂)။

အခက်အခဲများအပေါ် ခရစ်ယာန်တို့၏ တုံ့ပြန်မှုက ယေရှုခရစ်တော်အပေါ် ယုံကြည်ခြင်းနှင့် ပတ်သက်၍ တစ်လောကလုံး၏ အမြင်အပေါ် တိုက်ရိုက်သက်ရောက်မှုရှိသည့်အဖြစ်အပျက်များစွာ သမိုင်းတွင် တွေ့နိုင်သည်။ ကမ္ဘာ့ကပ်ရောဂါ၊ အစာခေါင်းပါးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ကမ္ဘာ့စစ်နှင့် စီးပွားရေး အခက်အခဲများကို သမိုင်းတွင် ထင်ထင်ရှားရှား တွေ့နိုင်သည်။ ထိုသို့သောအချိန်မျိုးတွင် ခရစ်ယာန်များက ကိုယ်ကျိုးမကြည့်ဘဲ ထာဝရကောင်းကင်မျှော်လင့်ချက်ကို ဝိညာဉ်တော်၏ တန်ခိုးဖြင့် သွားရောက် ဟောပြောကြသည့်အခါ ယေရှုအား ယုံကြည်မှုသည် လျင်မြန်စွာ ပျံ့နှံ့သည့် အပြင် အသင်းတော်လည်း ကြီးထွားလာသည်။

အခက်အခဲကြုံချိန်တွင် စစ်မှန်သော ဧဝံဂေလိတရားမျှော်လင့်ချက်ကို ချပြနိုင်ရန် ကျွန်ုပ်တို့၏စာရိတ္တနှင့် အပြုအမူတို့၌ ရည်ရွယ်ချက်ရှိရပေမည်။ အခက်အခဲကြုံချိန်တွင် ဧဝံဂေလိဆရာ ထားရှိသင့်သည့် လက်တွေ့သော အဓိကလက္ခဏာငါးမျိုးကို အောက်တွင် ဖော်ပြထားသည်။

၁။ ဆုတောင်းခြင်းဖြင့် ဆက်ကပ်ပါ (ဆုတောင်းသော ဧဝံဂေလိဆရာ)

ဆုတောင်းသောဧဝံဂေလိဆရာဖြစ်ခြင်းက ဘုရားသခင်သည် အားကိုးထိုက်ကြောင်း(ဆာလံ ၁၀၀း၅)၊ ကျွန်ုပ်တို့၏ အော်ဟစ်သံကို နားထောင်ကြောင်း (၁ ပေ ၃း၁၂)၊ ကျွန်ုပ်တို့ ခံရသည့်ဆင်းရဲဒုက္ခကို လျစ်လျူမရှုကြောင်း (၂ ကော ၁း၃–၄) နှင့် ဘုန်းတော်အတွက် ကောင်းသောအမှုကို ပြုရန် အလိုတော်ရှိကြောင်း (ဖေက် ၂း၁၀) တို့ကို သိခြင်း ဖြစ်သည်။ ဧဝံဂေလိတရား ဟောပြောခြင်းကို ဆုတောင်းသောအသက်တာနှင့်တကွ တန်ခိုးတော်ကို အမှီပြု၍ လုပ်ဆောင်ရမည်။

ဘုရားသခင်ထံ ကျွန်ုပ်တို့ စကားပြောရမည်။ ဘုရားသခင်၏ ဖြစ်တည်ခြင်းကို ဝန်ခံ၍ ကိုးကွယ်ရမည်။ အရာအားလုံးအတွက် ကျေးဇူးတော် ချီးမွမ်း၍ အချိန်တိုင်း ကောင်းမြတ်တော်မူကြောင်းကို ယုံကြည်ခြင်း၌ ကြီးထွားရပေမည်။ မိမိတို့၏ကျရှုံးမှုနှင့် ကြောက်ရွံ့မှုများကို ဝန်ချခြင်းဖြင့် ဘုရားသခင်၏ ခွင့်လွှတ်ခြင်းနှင့် ရှေ့ဆက်နိုင်ရန် ကျေးဇူးတော်ကိုလည်း ရရှိနိုင်သည်။ ကျွန်ုပ်တို့ အစေခံသောသူများ ရင်ဆိုင်သောအခက်အခဲများ၌ ငြိမ်သက်ခြင်းကို ယူဆောင်ဖို့ ဆုတောင်းသည့်အခါ ကျွန်ုပ်တို့ကို ဘုန်းတော်အတွက် ဘုရားသခင် အသုံးပြုသည်။

ရှုပ်ထွေး၍ စိန်ခေါ်မှုများသော အခြေအနေနှင့် ရင်ဆိုင်ပြီး ဧဝံဂေလိတရားကို ယူဆောင်သွားသည့်အခါ ဘုရားသခင်၏ လှုံ့ဆော်မှု၊ လမ်းပြမှုနှင့် ဉာဏ်ပညာတော်ကို **ကျွန်ုပ်တို့ နားထောင်ရမည်။**

ဆုတောင်းခြင်းကို ကျွန်ုပ်တို့လုပ်ရှားမှု၏ အခြေခံအုတ်မြစ်အဖြစ်လည်းကောင်း၊ ကိုယ်နှင့် ဆက်ဆံရသောသူ များအတွက် ပူဇော်သည့် ယဇ်အဖြစ် ယူဆောင်သည့်အခါ ကျွန်ုပ်တို့သည် ဘုရားသခင်၏ သံတမန်များအဖြစ် **ဘုရားနှင့်အတူ လျှောက်လှမ်းရပေမည်**။

ဆွေးနွေးပါ – မည်သည့်အခက်အခဲများကို သင်လက်ရှိ ရင်ဆိုင်နေသနည်း။ ၎င်းအခြေအနေနှင့် ခံရသောသူများအတွက် ကျွန်ုပ်တို့ မည်သို့ ဆုတောင်းပေးရမည်နည်း။ (ဤအခြေအနေများအတွက် လာမည့်ဆုတောင်းခြင်းအစီအစဉ်တွင် ထည့်ဆုတောင်းပေးသွားမည်)။

၂။ အကူအညီ ပေးပါ (ဆက်ကပ်သော ဧဝံဂေလိဆရာ)

ဘုရားသခင်ကို မသိသောသူများကပင် ဆုတောင်းခြင်းကို မေတ္တာနှင့် ကြင်နာမှုသက်သေအဖြစ် ရရှိနိုင်ကြသည်။ သို့သော်၊ သူတို့ အမှန်တကယ် လိုအပ်သောအရာများကို ဖြည့်ဆည်းပေးခြင်း မရှိလျှင် ဆုတောင်းခြင်းတစ်ခုတည်းက သူတို့အတွက် အဓိပ္ပာယ်မရှိသကဲ့သို့ ဖြစ်သွားနိုင်သည်။ အခက်အခဲရင်ဆိုင်ချိန်နှင့် ရင်ဆိုင်ပြီးချိန်တွင် လူတိုင်းက လက်တွေ့ကျသောအကူအညီ လိုအပ်ကြမြဲ ဖြစ်သည်။ ကျွန်ုပ်တို့၏ ဧဝံဂေလိတရားဟောပြော

ခြင်းသည် နှုတ်ဖြင့် ဟောပြောခြင်းအပေါ် မူတည်သောလည်း ၎င်း၏ကျယ်ပြန့်သောအကျိုးသက်ရောက်မှုသည် ပြောင်းလဲသော အသက်တာဖြင့်အသက်ရှင်၍ ခရစ်တော်၏ ချစ်ခြင်းမေတ္တာနှင့် သနားကြင်မှုကို ပတ်ဝန်းကျင်လူများအား ပြသခြင်း အပေါ် မူတည်သည်။ ဆိုလိုသည်မှာ ခရစ်တော်၏လိုအပ်ချက်များကို ဖြည့်ဆည်းသကဲ့သို့ ခံယူပြီး သူတပါး၏လိုအပ် ချက်များကို လက်တွေ့ကျကျ ဖြည့်ဆည်းခြင်း ဖြစ်သည် (မဿဲ ၂၅:၄၀)။ ဈေးသွားဖို့ လိုကြသလား။ သို့မဟုတ် ဆေးဝါးများ လိုအပ်ကြလေသလား။ အိမ်သန့်ရှင်းရေး ဝိုင်းကူဖို့ လိုအပ်သလား။ ထမင်းကူချက်ပေးဖို့ လိုအပ်သလား။ အတူရှိနေပေး၍ စကားပြောပေးဖို့ လိုသလား။ သို့မဟုတ်၊ တစ်နေရာရာကို လိုက်ပို့ဖို့ လိုကြသလား။

သူတပါး၏လိုအပ်ချက်များကို မည်သို့ သိနိုင်မည်နည်း။ သူတို့ကို မေးမြန်းခြင်းသည် အကောင်းနည်းဆုံးသောနည်း ဖြစ်သည်။ ယေရှုအကြောင်းကို သူတပါးထံ ထိထိရောက်ရောက် ဟောပြောနိုင်ရန် မိမိ၏အထင်အမြင် မပြောမီ သို့မဟုတ် ဧဝံဂေလိ ဟောပြောဝေငှခြင်း မပြုမီ တစ်ဖက်သား ပြောသည့်အရာများကို သေသေချာချာနားထောင် ပေးခြင်းက များစွာအရေးကြီးသည်။ တစ်ဖက်သားပြောစကားကို နားထောင်ပေး၍ သူတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည့်အခါ ယေရှုအကြောင်းကို ရှင်းပြရန် အခွင့်အရေးများ ရလာလိမ့်မည်။

၃။ မျှော်လင့်ခြင်းကို ဟောပြောပါ (သမ္မာကျမ်းစာကို သင်ပေးသော ဧဝံဂေလိဆရာ)

သူတပါး၏လိုအပ်ချက်များကို လက်တွေ့ကျကျ ဖြည့်ဆည်းဖို့ ကြိုးစားသည့်အခါ ဧဝံဂေလိတရား ဟောပြောဖို့ အခွင့်အရေးများကိုလည်း ရှာသင့်သည်။ ကျွန်ုပ်တို့၏ကူညီမစခြင်းအပြင် ဧဝံဂေလိတရား၏တန်ခိုးသည် အနက်ရှိုင်းသောလူတို့၏လိုအပ်ချက်ဖြစ်သော ခန္ဓာလိုအပ်ချက်မဟုတ်ဘဲ ဝိညာဉ်ရေးရာလိုအပ်ချက်များအတွက် သက်သာစေခြင်းနှင့် မျှော်လင့်ခြင်းများကို ပေးနိုင်သည် (မဿဲ ၁၀:၂၈၊ မဿဲ ၁၆:၂၆)။

အခက်အခဲများကြား၌ ဧဝံဂေလိတရား ဝေငှဟောပြောသည့်အခါ တစ်ဖက်သားကို ထည့်စဉ်းစားပေး၍ နှိမ့်ချခြင်းနှင့် သနားကြင်နာမှု ထားရှိရန် အရေးကြီးသည်။ ထိုသို့ဆိုရာတွင် သမ္မာတရားကို ပေါ့ပေါ့တန်တန် ဆက်ဆံခြင်းကို မဆိုလိုပါ။ သတင်းကောင်းကို သတင်းကောင်းအဖြစ် ဟောပြောနိုင်ရန် လောကကြီး ရင်ဆိုင်ကြုံတွေ့သည့် ပြဿနာများနှင့် မေးခွန်းများကို အရှိတရားအတိုင်း အဓိပ္ပာယ်ရှိရှိ တုံ့ပြန်ဖို့ အဆင်သင့်ရှိနေခြင်းကို ဆိုလိုသည်။ အခက်အခဲများနှင့် ရင်ဆိုင်ချိန်တိုင်း လူသားတို့၏နှလုံးသားတံခါး ပွင့်လျက် ရှိနေတတ်သည်။ ထို့ကြောင့်၊ ဘဝရှုပ်ထွေးချိန်တွင် ဧဝံဂေလိတရားကို ရှင်းရှင်းလင်းလင်း ဟောပြောဖို့ အရေးကြီးသည်။ မည်သည့်ဘဝလှိုင်းဒဏ် ရောက်လာပါစေ ခိုင်ခံ့သောအုတ်မြစ်အပေါ် မိမိဘဝ တည်ဆောက်နိုင်ကြောင်းကို လူတို့သိရန် ကျွန်ုပ်တို့ ကူညီရမည် (မဿဲ ၇:၂၄-၂၇)။

ဆွေးနွေးပါ – အခက်အခဲနှင့် ရင်ဆိုင်ချိန်တွင် ယေရှုအကြောင်းကို ဟောပြောသည့်အခါ မည်သည့်စိန်ခေါ်မှုများကို ရင်ဆိုင်ရန် အဆင်သင့်ဖြစ်သင့်သနည်း။

၄။ လူအစုအဖွဲ့၊ အပေါင်းအသင်းကို ဦးစားပေးပါ – တာဝန်ခံမှုရှိသော ဧဝံဂေလိဆရာ

တိကျသောမေးခွန်းများ မေးခြင်း၊ အတူတူ ဘဝကို ဖြတ်သန်းခြင်းအတွက် Advance အားဖြင့် အချင်းချင်း တာဝန်ခံမှုရှိရန် ကျွန်ုပ်တို့ ကျင့်သားရကြပြီး ဖြစ်သည်။ အခက်အခဲ ရင်ဆိုင်သည့်အချိန်တွင် ကျွန်ုပ်တို့ ပတ်ဝန်းကျင်ရှိ လူတို့၏လိုအပ်ချက်များကို လျစ်လျူရှုပြီး ကိုယ့်ကိုကိုယ်သာ အာရုံစိုက်ခြင်း မပြုသင့်ကြောင်းကို ကျွန်ုပ်တို့ သင်ယူခဲ့ပြီး ဖြစ်သည်။ ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာတွင် သူတပါး၏လိုအပ်ချက်များအား ဖြည့်ဆည်းခြင်းကို ဦးစားပေးဖို့ အချင်းချင်း အပြန်အလှန် တာဝန်ခံမှု ရှိကြစို့။ ထို့ပြင်၊ ဧဝံဂေလိတရားဟောပြောခြင်း၏အုတ်မြစ်တွင် ဘုရားသခင်ကို ချစ်ခြင်းနှင့် ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်ခြင်း တည်ရှိကြောင်းကို မမေ့လျော့သင့်ပေ။

တာဝန်ခံမှုရှိခြင်းသည် စုံစမ်းသွေးဆောင်ခြင်း သို့မဟုတ် ဘုရားနှင့်အချိန်သုံးခြင်းတို့နှင့်သာ သက်ဆိုင်ခြင်း မဟုတ်ပါ။ တရားမျှတခြင်းနှင့် ကူညီစောင့်ရှောက်ခြင်း လိုအပ်သူတို့အား ကျွန်ုပ်တို့၏ တုံ့ပြန်မှုကို ပြန်လည်သုံးသပ်ခြင်း၊ ပတ်ဝန်းကျင်အပေါ် ကျွန်ုပ်တို့၏ တုံ့ပြန်မှုနှင့် ကိုယ်နှင့်စပ်ဆိုင်သောသူကို ချစ်ခြင်းအား သက်ရောက်စေသည့် ပြဿနာများ စသည်တို့နှင့် ပတ်သက်၍လည်း တာဝန်ခံမှု ရှိဖို့ လိုအပ်သည်။

၅။ လက်တွေ့ကျကျ ခွန်အားပေးပါ (လှုံ့ဆော်မှုပေးနိုင်သော ဧဝံဂေလိဆရာ)

ဧဝံဂေလိဆရာတစ်ယောက်အနေဖြင့် ကျွန်ုပ်တို့၏တာဝန်မှာ သတင်းကောင်းကို ဟောပြောဝေငှသောသူများဖြစ်ရန် အသင်းတော်ကို ဆက်လက်၍ လှုံ့ဆော်တိုက်တွန်းခြင်း ဖြစ်သည်။ အခက်အခဲ ရင်ဆိုင်ချိန်တွင်ပင် တစ်လောကလုံးထံ ပေးထားသည့် ခရစ်တော်၌ မျှော်လင့်ခြင်း ရှိကြောင်းကို ခရစ်တော်၌ ညီအစ်ကိုမောင်နှမများ မမေ့ဖို့နှင့် သတိပေးဖို့ အသင်းတော်ကို ဆက်လက်၍ တိုက်တွန်းလှုံ့ဆော်ရပေမည်။ အခက်အခဲ ရင်ဆိုင်ချိန်တွင် ဧဝံဂေလိတရား ဟောပြောရန် အခွင့်ကောင်းဖြစ်သည်ဟု အသင်းတော်ရှိ ယုံကြည်သူအချို့ ယုံကြည်ကောင်း ယုံကြည်နိုင်သည်။ ထိုသို့သောအတွေးမျိုးကို ပြန်လည်တည့်ပေးရန်နှင့် ပျက်သုန်းနေသော လောကကြီးထံ ဧဝံဂေလိတရားပေးသည့် ငြိမ်သက်ခြင်းအကြောင်းကို အချိန်တိုင်း ဟောပြောရန် လိုအပ်ကြောင်းကို အသင်းတော်အား ဆုတောင်းခြင်းဖြင့် အမြဲသတိပေးရန်မှာ ကျွန်ုပ်တို့၏ တာဝန်ဖြစ်သည်။

ဆွေးနွေးပါ – အခက်အခဲနှင့် ရင်ဆိုင်ချိန်တွင် ဧဝံဂေလိတရားဟောပြောခြင်းကို ဦးစားပေးဖို့ အသင်းတော်ကို မည်သို့ ကျွန်ုပ်တို့ တိုက်တွန်းနှိုးဆော်နိုင်သနည်း။

စာတန်သည် ကျွန်ုပ်တို့ကို အကြောက်တရားဖြင့် ချုပ်ကိုင်ပြီး မျှော်လင့်ခြင်းကို သယ်ဆောင်သူများအဖြစ် ထိရောက်မှု မရှိအောင် အမြဲတားဆီးလိုသည်။ ယုံကြည်သူများအနေဖြင့် အခက်အခဲ (သူ့အတွက်၊ ကပ်ရောဂါ) ထံမှ ထွက်ပြေးသင့်၊ မသင့်အကြောင်းနှင့် ပတ်သက်၍ ဂျောဟန်ဟဲ့စ် (Johann Hess) ထံ ရေးသားသည့် စာတွင် မာတင်လူသာသည် စာတန်၏ကောက်ကျစ်သော အကြံအစည်နှင့် ဘုရားသခင်၏ အနန္တတန်ခိုးသေချာကြောင်း ဆုတောင်းချက်ကို အောက်ပါအတိုင်း ရေးသားခဲ့သည်။

> “အချင်းစာတန်... သင့်ကြောက်လန့်ခြင်းနှင့်အတူ ထွက်သွားပါ။ မကျန်းမာသောသူတို့အား ဂရုစိုက်ခြင်းကို သင်မုန်းသောကြောင့် ကျွန်ုပ် ပို၍ လုပ်ဆောင်မည်။ သင့်ကို အာရုံစိုက်နေဖို့ မလိုဘူး။ ခရစ်တော်က ကျွန်ုပ်အတွက် အသွေးသွန်းပြီး အသေခံခဲ့သည်မှန်လျှင် ဘာကြောင့် ခရစ်တော်အတွက် အနည်းငယ်သောအန္တရာယ်ကို မဖြတ်ရဲဘဲ နေရမည်နည်း။ သေးနုပ်သောကပ်ရောဂါကို အဘယ်ကြောင့် ကြောက်ရမည်နည်း။ ကျွန်ုပ်ကို သင်ခြောက်လှန့်မယ် ဆိုလည်း သခင်က ကျွန်ုပ်ကို ခွန်အားပေးနိုင်သည်။ သင်က အသက်ကို နုတ်နိုင်လျှင် သခင်က အသက်ကို ပေးနိုင်သည်။ သင့်အဆွယ်၌ အဆိပ်ရှိလျှင် သခင်၌ ရောဂါမျိုးစုံ ကုနိုင်သောဆေး ရှိသည်။ ဆိုးယုတ်သောနတ်ဆိုး၊ ကျွန်ုပ်ခန္ဓာအတွက် ကြောက်လန့်မှုဖြစ်စေသော မုသားရှင် သင်ထက် ကျွန်ုပ် ချစ်ရသော သခင်ယေရှုနှင့် သူ၏သွန်သင်သောတရား၊ သနားကြင်နာမှု၊ ခွန်အားပေးမှုတို့သည် ကျွန်ုပ်ဝိညာဉ်အတွက် ပို၍ အရေးကြီးသည်။ အချင်းစာတန်...ကျွန်ုပ်ထံမှ ထွက်သွားလော့။ ခရစ်တော်သည် ကျွန်ုပ်နှင့်အတူ ရှိတော်မူ၍ ကျွန်ုပ်တို့သည် ခရစ်တော်၏အစေကို ခံသည်။ ခရစ်တော်သာ အောင်မြင်ခြင်း ရှိပါစေ။ အာမင်။”
>
> **မာတင်လူသာ**

အကြောက်တရားနှင့် ထိပ်လန့်မှုက အနိုင်မယူနိုင်ပါ။ အနိုင်ယူအောင်မြင်သော ခရစ်တော်၏နာမတော်အကြောင်းကို တစ်လောကလုံးထံ သွားရောက် ကြွေးကြော်ကြပါစို့။

ဆွေးနွေးခြင်း (ဖြစ်နိုင်လျှင် အချိန်ပိုယူပါ)

၁။ အခက်အခဲကြားတွင် လူတို့၏လိုအပ်ချက်များအား ဖြည့်ဆည်းခြင်းနှင့် ပတ်သက်၍ ကျွန်ုပ်တို့၏ တာဝန်သည် မည်သည့်နေရာတွင် အစပြု၍ မည်သည့်နေရာတွင် အဆုံးသတ်သနည်း။

၂။ အခက်အခဲရင်ဆိုင်ချိန်တွင် သင့်အကြောက်တရားကို သင်မည်သို့ တိုက်လှန်သနည်း။

၃။ အခက်အခဲကြားထဲတွင် သင်၏ဧဝံဂေလိတရားဟောပြောခြင်း ပိုထိရောက်မှု ရှိကြောင်းနှင့် ပတ်သက်၍ ဥပမာတစ်ခု ပေးနိုင်ပါသလား။

> “လူတို့၏ပြဿနာများကို သိရန် သူတို့နှင့်အတူ ရှိနေမှ ရမည်။ ၎င်းပြဿနာများကို ဖြေရှင်းရန် ဘုရားသခင်နှင့်အတူ အသက်ရှင်မှ ရပေမည်။”
>
> **ပိတီဖော်စစ်**

ဆုတောင်းခြင်း

“ကိုယ်တော်...အခက်အခဲကြားထဲတွင် ကျွန်ုပ်တို့ကို မစတော်မူပါ။ လိုအပ်မှုများကို သိဖို့၊ သနားကြင်နာမှုနှင့်တကွ တုံ့ပြန်တတ်ဖို့၊ မသေချာမရေရာမှုကြားထဲတွင် ကိုယ်တော့်ကို ယုံကြည်ကိုးစားတတ်ဖို့ ကူညီမစတော်မူပါ။ ကိုယ်တော် အသက်ရှင်စေတော်မူသည်အတိုင်း အသက်မရှင်နိုင်အောင် အဟန့်အတား ဖြစ်စေသော အကြောက်တရားကို အနိုင်ယူနိုင်ရန် ကူညီတော်မူ၍ ကိုယ်တော့်ကို မကိုးစားမိသောအချိန်များအတွက် ခွင့်လွှတ်တော်မူပါ။ ပျက်သုန်း နေသောလောကကြီးအတွက် ငြိမ်သက်ခြင်းနှင့် မျှော်လင့်ခြင်း သယ်ဆောင်သောသူများဖြစ်ရန် ကျွန်ုပ်တို့ကို ခွန်အားပေးတော်မူပါ။ အခြေအနေတိုင်း၌ ဧဝံဂေလိတရားဟောပြောခြင်းခြင်းတွင် သစ္စာရှိဖို့နှင့် ပြဿနာများ ရင်ဆိုင်ချိန်တွင် လူတို့၏လိုအပ်ချက်များကို လက်တွေ့ဖြည့်ဆည်းနိုင်ရန် ကျွန်ုပ်တို့ကို ကူညီတော်မူပါ။ အခြေအနေ တိုင်း၌ ကိုယ်တော်ကောင်းမြတ်တော်မူသောကြောင့် ကျေးဇူးတော် ချီးမွမ်းပါ၏။ ကျွန်ုပ်တို့၏ အသက်တာနှင့် ဧဝံဂေလိတရား ဟောပြောခြင်း၌ ကိုယ်တော်၏ ကောင်းမြတ်ခြင်း ထင်ရှားပါစေ။ အာမင်။”

ဤအစည်းအဝေးတွင် ဆွေးနွေးလေ့လာခဲ့သည့် အခက်အခဲများအတွက် အတူတူဆုတောင်းဖို့ အချိန်ယူပါ။

လိုက်လျှောက်ကျင့်သုံးခြင်းနှင့် တာဝန်ခံမှုရှိခြင်း (၁၅ မိနစ်)

တစ်ခါတရံ သဘာဝဘေးအန္တရာယ် သို့မဟုတ် ကပ်ရောဂါတို့သည် လူများစွာအပေါ် သက်ရောက်မှု ရှိသည်။ အချို့အခြေအနေတွင်မူ အခက်အခဲသည် လူတစ်ဦးတစ်ယောက် သို့မဟုတ် မိသားစု အခြေအနေများတွင် သက်ရောက်တတ်သည်။ ထိုသို့ရင်ဆိုင်ရသူတို့အတွက် အလွန်ပင်ခက်ခဲတတ်သည်။ တစ်ကမ္ဘာလုံးအတိုင်းအတာ၊ ဒေသန္တရအတိုင်းအတာ၊ တစ်ဦးတစ်ယောက်အတိုင်းအတာဖြင့် ဖြစ်ပျက်သည့်အရာများကို သိဖို့ အချိန်သုံးပါ။ ထိုသို့သောအခြေအနေများကို သင့်ဧဝံဂေလိတရားဟောပြောခြင်းတွင် မည်သို့ အသုံးပြုရမည်ကိုလည်း စဉ်းစားပါ။ အခက်အခဲများကို သိ၍ ထိုအခက်အခဲများအားဖြင့် ဧဝံဂေလိတရားမျှော်လင့်ခြင်းကို မည်သို့ ဟောပြောရမည်ကို သင်စဉ်းစားပြီးဖြစ်လျှင် လာမည့်ရက်သတ္တပတ်အတွင်း သင်မည်သို့ လက်တွေ့ တုံ့ပြန်မည်ကို အချင်းချင်း တာဝန်ခံမှု ရှိပါ။

တာဝန်ခံမှုရှိခြင်းဖော်ကို နှစ်ယောက်တစ်တွဲဖြင့်ဖြစ်စေ၊ အဖွဲ့ငယ်လိုက်ဖြစ်စေ ပြည့်စုံအောင် ဖြည့်၍ အချင်း ချင်းအတွက် ဆုတောင်းကြပါ။

မှတ်စုများ

အစည်းအဝေး ၄

ဇဝံဂေလိဟောပြောခြင်းတွင် ဆောင်ထားရမည့် လျစ်လျူရှုခြင်း ခံရသော တန်ဆာပလာများ - ဆုတောင်းခြင်း

ဤအစည်းအဝေးသည် ပထမနှစ် ဆုတောင်းခြင်း အစည်းအဝေးအပေါ် ထပ်ဆင့်တည်ဆောက်ထားသည်။ ဧဝံဂေလိတရားဟောပြောခြင်းတွင် ပါဝင်လုပ်ဆောင်ခြင်းနှင့် ပြင်ဆင်ခြင်း၌ ဆုတောင်းခြင်း အသုံးပြုနည်းကို လေ့လာမည်။

အစည်းအဝေးကို ဝါကျတစ်ကြောင်းဖြင့် အကျဉ်းချုပ်ခြင်း]
မဟာစေခိုင်းချက်တွင် ပါဝင်လုပ်ဆောင်ကြသည့်အခါ ဧဝံဂေလိဟောပြောခြင်းအတွက် တန်ဆာပလာနှင့် ပြင်ဆင်ခြင်းတွင် ဆုတောင်းခြင်းသည် အလွန် အရေးကြီးသည်။

အစည်းအဝေးနောက်ကြောင်း
သင့်တော်သောတန်ဆာပလာမပါဘဲ အလုပ်လုပ်သည့်အခါ အလွယ်တကူ စိတ်ပျက်နိုင်သည်။ ဧဝံဂေလိဟောပြော ခြင်းနှင့် ပတ်သက်လာလျှင် အသင်းတော်အား ထိရောက်သော သက်သေဖြစ်ဖို့ ကူညီနိုင်ရန် လိုအပ်သည့်တန်ဆာ ပလာများမှာ ကုန်သည် မရှိပါ။ ဤတန်ဆာပလာများသည် အထောက်အကူများစွာ ဖြစ်သည့်တိုင် ဧဝံဂေလိဟောပြောဖို့ မရှိမဖြစ် လိုအပ်သောအရာအဖြစ် မည်သည့်တန်ဆာပလာကိုမျှ ညွှန်းဆိုမည် မဟုတ်ပါ။

သို့သော်၊ ဧဝံဂေလိဟောပြောခြင်းအတွက် အချို့သောတန်ဆာပလာများသည် ကျန်တန်ဆာပလာများထက် ပိုကောင်းတတ်သည်။ ၎င်းတို့၏ ထိရောက်မှုသည် ရေခံမြေခံ သို့မဟုတ် ယဉ်ကျေးမှုပေါင်းစုံကို ကျော်ဖြတ်နိုင်သည်။ ၎င်းတန်ဆာပလာများသည် ကျွန်ုပ်တို့၏သက်သေခံချက်နှင့် အသီးပွင့်များအပေါ် ကျွန်ုပ်တို့၏ သစ္စာရှိမှုကို တိုက်ရိုက်ထိခိုက်သောကြောင့် ဧဝံဂေလိဟောပြောခြင်းအတွက် မရှိမဖြစ် လိုအပ်သောတန်ဆာပလာများ ဖြစ်သည်။

အမှန်မှု၊ ဤတန်ဆာပလာများသည် ဝိညာဉ်ရေးအရာအကျင့်များဖြစ်ပြီး ဝိညာဉ်ရေးရာအကျင့်များအားလုံးနည်းတူ တန်ခိုးရှိ၍ လက်တွေ့လည်း ကျသည်။ ဧဝံဂေလိတရားဟောပြောခြင်းနှင့် ပတ်သက်လာလျှင် ဝိညာဉ်ရေးရာအလေ့ အကျင့်များကို အလွယ်တကူ လျစ်လျူရှုတတ်ကြသည်။ အကြောင်းမှာ၊ ၎င်းတို့၏ လက်တွေ့ကျသောတန်ဖိုးကို မေ့လျော့ကြသောကြောင့် ဖြစ်နိုင်သည်။

လာမည့် Advance Group အစည်းအဝေး သုံးကြိမ်တွင် ဝိညာဉ်ရေးရာအလေ့အကျင့်တစ်ခုစီကို လေ့လာသွားကြမည်။ ၎င်းတို့မှာ - ဆုတောင်းခြင်း၊ နားထောင်ခြင်းနှင့် ကျေးဇူးတော် ချီးမွမ်းခြင်းတို့ ဖြစ်သည်။

ပထမနှစ်တွင် ဆုတောင်းခြင်းနှင့် ဧဝံဂေလိတရားဟောပြောခြင်းကြား ဆက်စပ်မှုကို အဓိကနည်းသုံးမျိုးဖြင့် လေ့လာခဲ့ကြသည်။

ပထမမှာ၊ ဆုတောင်းခြင်းသည် ဘုရားသားသမီးများအနေဖြင့် ရင့်ကျက်ကြီးထွားနိုင်သည့် နည်းတစ်နည်း ဖြစ်သည့်အပြင် ယေရှုခရစ်တော်၏ တပည့်များအနေဖြင့် သူတပါးအား အလားတူ ကြီးထွားနိုင်ရန် ကူညီနိုင်သည့် နည်းဖြစ်သည် (ဖေက် ၄း၁၄-၁၆)။

ဒုတိယမှာ၊ ဧဝံဂေလိဟောပြောခြင်းသည် ခရစ်ယာန်ယုံကြည်ချက်ကို ကြော်ငြာယုံသက်သက် မဟုတ်ဘဲ လူ့နှလုံးသားများအား သေခြင်းမှ အသက်ရှင်ခြင်းသို့ နိုးဆော်ခြင်းဖြစ်ပြီး ထိုသို့ပြုရန် ကျွန်ုပ်တို့အားဖြင့် အလုပ်လုပ်ရန်နှင့် သက်သေခံဖို့ အခွင့်အရေးများ ရရှိရန် ဆုတောင်းခြင်းက ဘုရားသခင်၏ တန်ခိုးတော်ကို ယူဆောင်သည့်နည်း ဖြစ်သည် (ကောလော ၄း၂-၆)။

တတိယမှာ၊ ယေရှု၏အလင်းတော်ကို သိမြင်နိုင်ရန် စာတန်ကြောင့် မျက်စိကန်းသောသူများအား ဝိညာဉ်မျက်စိမြင်ဖို့ ကူညီဖို့ ဝိညာဉ်တိုက်ပွဲတွင် ရှေ့တန်းရောက်၍ ရန်သူများ၏ တိုက်ခိုက်မှုကို တွန်းလှန်တိုက်ခိုက်နိုင်ရန် ဆုတောင်းခြင်းသည် ဝိညာဉ်ဒိုင်းလွှားဖြစ်သည် (ဖေက် ၆း၁၀-၂၀)။

ဤအချက်သုံးချက်ကို စိတ်ထဲတွင် မှတ်ထားလျက် ဧဝံဂေလိတရားဟောပြောခြင်းတွင် ပါဝင်ဖို့ ပြင်ဆင်ရန် ဆုတောင်းနည်းနှင့် ပါဝင်သည့်အခါ ဆုတောင်းမည့်ပုံစံကို ဤအစည်းအဝေးတွင် လက်တွေ့ကျကျ လေ့လာဆွေးနွေးသွားမည်။

အစည်းအဝေး လမ်းညွှန်

တွေ့ဆုံခြင်း (၁၀–၂၀ မိနစ်)

တစ်ယောက်နှင့်တစ်ယောက် မိတ်ဆက်စကားပြောဖို့ အချိန်သုံးပါ။ သက်သေခံခြင်း၊ ခွန်အားပေးခြင်း၊ အခွင့်အရေးများကို အတူသုံးသပ်ခြင်းနှင့် အဖွဲ့အတွက် ခွန်အားဖြစ်စေမည့် မည်သည့်အကြောင်းအရာကိုမဆို ဝေငှပြောဆိုနိုင်သည်။

ဆုတောင်းခြင်း

အချိန်တစ်ခုလုံးကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံ၍ တွေ့ဆုံခြင်းအပိုင်းတွင် ကြားခဲ့သည့်အခြေအနေ အကောင်း၊ အဆိုးများအတွက် ဘုရားသခင်ထံ ဆုတောင်းဆက်ကပ်ပါ။

သွန်သင်ခြင်း (၂၀–၃၀ မိနစ်)

အောက်ပါသင်ခန်းစာများကို သင်နှစ်သက်သည့်နည်းဖြင့် သင်ပေးနိုင်သကဲ့သို့ တစ်လုံးမကျန် ဖတ်ပြခြင်းဖြင့်လည်း သင်ပေးနိုင်သည်။ ထို့ပြင်၊ သင်ကိုယ်တိုင် ပြင်ဆင်၍လည်း တင်ပြနိုင်သည်။

> "ကာလအစဉ် စိတ်နှလုံးပါလျက် ဆုတောင်းပဋ္ဌနာပြုခြင်း အမျိုးမျိုးတို့ ဖြင့် ဆုတောင်းကြလော့။ ထိုဆုတောင်းခြင်း ငှါ အားမလျော့ဘဲလျက် ငါမှစ၍ သန့်ရှင်းသူအပေါင်းတို့အဘို့ ဆုတောင်းလျက် စောင့်ရှောက်ကြလော့။ ငါသည် ဧဝံဂေလိတရားကြောင့် သံကြိုးနှင့် ချည်နှောင်ခြင်းကို ခံလျက် သံတမန်အမှုကို ပြုရသည်ဖြစ်၍ ထိုတရား၏ နက်နဲသောအရာကို ဘော်ပြခြင်းငှါ ငါသည် နှုတ်ကို ရဲရင့်စွာ ဖွင့်လှစ်ခြင်းအခွင့် ရှိမည်အကြောင်းကိုင်း၊ ထိုတရားကို ဟောပြောအပ်သည်နှင့်အညီ ရဲရင့်စွာ ဟောပြောမည်အကြောင်းကိုင်း ငါ့အဘို့လည်း ဆုတောင်းကြလော့။"
>
> **ဧဖက် ၆း၁၈–၂၀**

ဧဝံဂေလိဟောပြောခြင်း တန်ဆာပလာတွင် ဆုတောင်းခြင်းသည် လျစ်လျူရှုအခံရဆုံး ဖြစ်နိုင်သည်။ ပုံမှန်အားဖြင့် ဆုတောင်းခြင်းတွင် အားသန်သည်မှန်သော်လည်း ထဲ၍ ဧဝံဂေလိတရားဟောပြောဖို့ ပျက်ကွက်ခြင်းက ဝိညာဉ်ရေးသဘောဖြင့် ဧဝံဂေလိတရားပျိုးကြဲဖို့ လျစ်လျူရှုရာ ရောက်သည်။

> "ဧဝံဂေလိဟောပြောခြင်းတွင် ဆုတောင်းခြင်းသည် မရှိမဖြစ် လိုအပ်သည်။ ဘုရားကို ပုန်ကန်သောသူတစ်ယောက်၏ နှလုံးသားကို ဘုရားသခင်ကသာ ပြောင်းလဲစေနိုင်သည်။ ကျွန်ုပ်တို့၏ ဟောပြောမှုက မည်မျှပင် ယုတ္တိကျပါစေ သို့မဟုတ် ကျွန်ုပ်တို့၏ သွေးဆောင်မှုက မည်မျှပင် ကောင်းပါစေ ကျွန်ုပ်တို့၏စကားက ဝိညာဉ်တော် လမ်းဖွင့်ပေးခြင်း မရှိဘဲ ဘာမျှ မလုပ်ဆောင်နိုင်ပါ။"
>
> **ဘီလီဂရေဟမ်**

ဆုတောင်းခြင်းသည် ဧဝံဂေလိဟောပြောဖို့ ပြင်ဆင်ခြင်းနှင့် ပါဝင်လုပ်ဆောင်ဟောပြောခြင်းအတွက် အရေးကြီးသည်။

ပြင်ဆင်ခြင်း

တန်ခိုး

ဆုတောင်းသည့်အခါ တန်ခိုးရှိသင့်သည့်နေရာဖြစ်သော ကယ်တင်နိုင်သည့် ဘုရားသခင်၏ လက်တော်၌ တန်ခိုးကို ထားရှိခြင်းနှင့် တူသည် (ရောမ ၁း၁၆)။ မိမိ၏ကန့်သတ်ချက်ကို ကျော်လွှန်နိုင်ရန်၊ ကျွန်ုပ်တို့၏နှလုံးသားကို နူးညံ့စေရန်၊ ကျွန်ုပ်တို့၏သက်သေခံချက်တွင် မိမိကိုမိမိ ထင်ရှားစေရန်၊ အံ့အားသင့်ဖွယ် လှုပ်ရှားရန်နှင့် ကယ်တင်ရန် ဘုရားသခင်ထံ ကျွန်ုပ်တို့ တောင်းဆိုသည်။ ဆုတောင်းခြင်းက ကျွန်ုပ်တို့အား တန်ခိုးခံရသောလူများအဖြစ် သွားစေနိုင်သည်။

ဝန်ခံခြင်း

ကျွန်ုပ်တို့သည် သန့်ရှင်းသောသတင်းကို သယ်ဆောင်သည့် သန့်ရှင်းသောလူများ ဖြစ်ဖို့ လိုသည်။ သို့သော်၊ ကျွန်ုပ်တို့သည် ပြည့်စုံသောသူများ မဖြစ်ကြပါ။ ဝီလီယမ်စက်ကာ (William Secker) ၏ စကားလုံးကို ငှားသုံးရလျှင် ကျွန်ုပ်တို့သည် မိမိတို့ကျူးလွန်သည့်အပြစ်အပေါ် ရှက်ကြောက်သည်ထက် ဝန်ခံခြင်းကို သာ၍ ရှက်ကြောက်တတ် ကြသည်။ အမှားများ ကျူးလွန်၍ ဘုရားသခင်၏စံကို ချိုးဖောက်သည့်အခါ ဘုရားသခင်ထံ ဝန်ချတောင်းပန်၍ ခွင့်လွှတ်ခြင်းနှင့် ပြန်လည်ပြုပြင်ခြင်းကို ရရှိနိုင်သည်။ ဆုတောင်းခြင်းက မပြည့်စုံသောသံတမန်များအား အသန့်ရှင်းဆုံးသောသတင်းစကားကို သယ်ဆောင်သူများ ဖြစ်စေနိုင်သည်။

ပြောင်းလဲခြင်း

ကျွန်ုပ်တို့၏အသက်တာ၌ ခရစ်တော်က ပြောင်းလဲမှု မလုပ်ဆောင်လျှင် ကျွန်ုပ်တို့ ဟောပြောသည့် ဧဝံဂေလိတရားသည် မစစ်မှန်ပါ။ ကျွန်ုပ်တို့ အမှားကျူးလွန်ကြသည်မှာ မှန်သော်လည်း အမှားတစ်ခုကို အကြိမ်ကြိမ် ကျူးလွန်ခြင်းသည် မဖြစ်သင့်သည့်အရာဖြစ်သည်။ သတင်းကောင်း ဟောပြောဖို့ ပြည့်စုံသောသူ ဖြစ်ဖို့ မလိုသော်လည်း သမ္မာတရားကို ဖော်ပြထင်ရှားစေနိုင်ရန် ကျွန်ုပ်တို့ ဟောပြောသည့် ဧဝံဂေလိတရား၏ ပြောင်းလဲစေနိုင်သော တန်ခိုးကို ကျွန်ုပ်တို့အသက်တာ၌ တွေ့ကြုံခံစားဖို့ လိုသည်မှာ မှန်သည်။ "အကြောင်းအရာ အချက်အလက်တွေကိုသာ သိဖို့ ကျမ်းစာ ရရှိခြင်း မဟုတ်ဘဲ အသက်တာပြောင်းလဲဖို့ ကျမ်းစာ ရရှိခြင်း ဖြစ်တယ်" ဟူ၍ ဒီအယ်မူးဒီ (D.L. Moody) မိန့်ဆိုခဲ့ဖူးသည်။ ကျွန်ုပ်တို့၏ ဧဝံဂေလိတရားဟောပြောခြင်းသည် အကြောင်းအရာ အချက်အလက်များကိုသာ ဝေငှခြင်း မဟုတ်ဘဲ ကျွန်ုပ်တို့ကိုယ်တိုင် ကြုံတွေ့သည့် ပြောင်းလဲခြင်းသို့ လူတို့အား ဖိတ်ခေါ်ခြင်းဖြစ်သည်။ ဆုတောင်းခြင်းသည် ကျွန်ုပ်တို့အား ပြောင်းလဲခြင်းခံရသော လူများအဖြစ် သွားရောက်စေနိုင်သည်။

ထောက်ပံ့မစမှု

ဧဝံဂေလိဟောပြောခြင်းနှင့် ပတ်သက်၍ အမျိုးမျိုးဖြင့် ဆုတောင်းနိုင်သော်လည်း "ကိုယ်တော်...ကိုယ်တော့်အကြောင်း ဟောပြောဖို့ ယနေ့ အခွင့်အရေးများ ပြင်ဆင်သနားတော်မူပါ" ဟူ၍ အခွင့်အရေးရဖို့ ဆုတောင်းခြင်းသည် အကောင်းဆုံး ဖြစ်နိုင်သည်။ ထိုအခွင့်အရေးများ ရပြီးနောက် လက်တွေ့ ဟောပြောသည့်အခါ သတ္တိ၊ သနားကြင်နာမှု၊ ရှင်းလင်းမှု၊ ဉာဏ်ပညာ စသည့်အရာများအတွက် ထပ်မံ ဆုတောင်းနိုင်သည်။ ဆုတောင်းခြင်းက ကျွန်ုပ်တို့အား အခွင့်အရေးတိုင်းအတွက် ပြင်ဆင်မှုရှိသောသူများ ဖြစ်စေနိုင်သည်။

> **ဆွေးနွေးပါ** – သင့်ဆုတောင်းခြင်းအသက်တာတွင် အထက်ပါအချက်များကို မြင်တွေ့ရပါသလား။

ဧဝံဂေလိတရားဟောပြောခြင်းအတွက် ဆုတောင်းခြင်းဖြင့် ပြင်ဆင်ရန် ပျက်ကွက်ခြင်းသည် ဧဝံဂေလိ တရားဟောပြောရာတွင် ကျရှုံးရန် ပြင်ဆင်ခြင်းနှင့် တူသည်။ ထိုသို့ဆိုရာဝယ်၊ ဆုတောင်းခြင်းဖြင့် ဟောပြောတိုင်း ယေရှု နောက်လိုက်ဖို့ ဆုံးဖြတ်သောသူများ အမြဲ ရှိမည်ဟူ၍ မဆိုလိုပါ။ သို့သော်၊ သမ္မာတရားကို သစ္စာရှိရှိ ဟောပြောသူများဖြစ်ရန် ဆုတောင်းခြင်းက ကျွန်ုပ်တို့ကို လမ်းပြလိမ့်မည်။

ပါဝင်လုပ်ဆောင်မှု

ဆုတောင်းခြင်းကို ဧဝံဂေလိတရားဟောပြောခြင်းအတွက် လက်တွေ့ကျသောနည်းဖြင့် အသုံးပြုနည်းများစွာ ရှိသော်လည်း အောက်တွင် နှစ်နည်း ဖော်ပြထားသည်။

လမ်းလျှောက်ဆုတောင်းခြင်း

ကျွန်ုပ်တို့ဘေးနားပတ်ဝန်းကျင်တွင် အနည်းဆုံး တစ်လတစ်ကြိမ် လမ်းလျှောက်ပြီး ဆုတောင်းလျှင် ဘာဖြစ်နိုင်သနည်း။ ကိုယ့်အိမ်ဘေးနားပတ်ဝန်းကျင်ရှိ နေထိုင်သူများ၏ အသက်တာ၌ အလုပ်လုပ်ဖို့ ဘုရားသခင် ဆုတောင်း၍ ထိုဆုတောင်းချက်အဖြေအတွက် မိမိကိုယ်တိုင် အဆင်သင့်ဖြစ်နေလျှင် လမ်းလျှောက်ဆုတောင်းခြင်း ပြုချိန်၌ပင် အခွင့်အရေးများ ပေါ်လာနိုင်ပေသည်။ "မင်္ဂလာပါ" ဟူ၍ လူတွေ နှုတ်ဆက်လာပြီး စကားစမြည်ပြောကြသည့်အခါ ကျွန်ုပ်တို့ ပြုလုပ်သည့်အရာနှင့် အကြောင်းအရင်းကို သူတို့ထံ ရှင်းပြသည့်အခါ ကယ်တင်ခြင်းအကြောင်းကို ဟောပြောဖို့ အခွင့်အရေး အလိုလိုရောက်လာမည်မှာ သေချာသည်။

စကားပြောစဉ် ဆုတောင်းခြင်း

လူများနှင့် စကားပြောသည့်အချိန်နတွင် ကျွန်ုပ်တို့လက်ထဲ၌ ရှိသော တန်ဆာပလာကောင်းတစ်ခုမှာ သူတို့အတွက် ဆုတောင်းခြင်း ဖြစ်သည်။ သူတို့အတွက် ဆုတောင်းပေးဖို့ ကမ်းလှမ်းနိုင်သည်။ သို့သော်၊ သူတို့အတွက် သက်တောင့်သက်သာ မရှိလျှင် နှစ်ယောက်တည်း အတူရှိသည့်အချိန်တွင် ဆုတောင်းပေးနိုင်သည်။ ဧဝံဂေလိတရား၏အသက်နှလုံး (သနားကြင်နာမှု ပြခြင်း) နှင့် ဘုရားသခင်၏ ဧဝံဂေလိတန်ခိုး (ဆုတောင်းခြင်းဖြင့် လူ့နှလုံးသားကို နှိုးဆော်ခြင်း) တို့ကို တစ်ချိန်တည်းတွင် ပြသနိုင်ရန် ဆုတောင်းခြင်းက အခွင့်အရေး ဖန်တီးပေးသည်။

> **ဆွေးနွေးပါ** – သင့်ဟောပြောသက်သေခံခြင်းတွင် လမ်းလျှောက်ဆုတောင်းခြင်း သို့မဟုတ် ဆုတောင်းခြင်းကိုယ်၌ကို တန်ဆာပလာအဖြစ် ကျင့်သုံးပါသလား။ နောက်ဆက်တွဲ ဘာဖြစ်လေ့ရှိသနည်း။ အဆင်ပြေအောင်မြင်ခဲ့သည့်အကြောင်းအရာများကို မျှဝေခြင်းက အကျိုးရှိသကဲ့သို့ မအောင်မြင်ခဲ့သည့် အဖြစ်အပျက်များကိုလည်း မျှဝေကြလျှင် အကျိုးရှိနိုင်သည်။

ဧဝံဂေလိတရားဟောပြောခြင်းတွင် ဆုတောင်းခြင်းကို လျစ်လျူရှုမိသည်ဟူ၍ ကိုယ့်ကိုကိုယ် မထင်မိသည်လည်း ဖြစ်နိုင်သည်။ သို့သော်၊ ပြန်လည်ဆင်ခြင်သုံးသပ်သည့်အခါ ဆုတောင်းခြင်းတန်ခိုးကို အလေးထားသင့်သလောက် မထားခဲ့သည်ကို ပြန်တွေ့လိမ့်မည်။ ထောက်ထဲ ကျရောက်စဉ် ဧဖက်မြို့ရှိ ယုံကြည်သူများထံ ရှင်ပေါလု တောင်းခံခဲ့သည့် ဆုတောင်းချက်မှာ ထောင်မှ လွတ်မြောက်ဖို့ မဟုတ်ဘဲ ရောက်လာသည့်အခွင့်အရေးတိုင်း၌ ဧဝံဂေလိတရားဟောပြောရဲသည့်သတ္တိအတွက် ဆုတောင်းတင်ပြခဲ့သည် (ဧဖက် ၆း၁၈–၂၀)။ ထိုနည်းတူ၊ ကျွန်ုပ်တို့ စကားပြောဖို့ အချိန်ရောက်လို့ တန်ခိုးခံရတိုင်း နက်နဲလှသော ဧဝံဂေလိတရားကို မကြောက်မရွံ့ ဟောပြောနိုင်ဖို့ ဆုတောင်းကြပါစို့။

ဆွေးနွေးခြင်း (၂၀ မိနစ်)

၁။ သင့်ကိုယ်ပိုင်ဆုတောင်းခြင်းတွင် ဧဝံဂေလိတရားဟောပြောခြင်းကို အာရုံစိုက်လေ့ ရှိပါသလား။

၂။ သူတပါးအတွက် ဆုတောင်းခြင်းသည် သင့်အတွက် အဆင်ပြေပါသလား။ မပြေလျှင် မည်သည့်အတားအဆီးများ ရှိနေပါသနည်း။

၃။ ဆာလံ ၁၇ မှ အောက်ပါကျမ်းချက်ကို ပြန်လည်ဆင်ခြင်ကြည့်ပါ။ ဧဝံဂေလိတရားဟောပြောခြင်း တန်ဆာပလာအဖြစ် ဆုတောင်းခြင်းကို မည်သို့ ဖော်ပြပါသနည်း။ အနက်ရောင်မင်စူဖြင့် ရေးသားထားသော စကားလုံးများကို အဓိကထား၍ ဆွေးနွေးပါ။

> "အိုဘုရားသခင်၊ ကိုယ်တော်သည် နားထောင်တော်မူတတ်သောကြောင့် အကျွန်ုပ်သည် တောင်းလျှောက်ပါ၏။ နားတော်ကို လှည့်၍ အကျွန်ုပ်စကားကို နာယူတော်မူပါ။ ကိုယ်တော်ကို ခိုလှုံသောသူတို့ကို သူတို့လက်မှ၊ လကျာ်လက်တော်အားဖြင့် ကယ်နှုတ်တော်မူသောဘုရား၊ ထူးဆန်းသော မေတ္တာကျေးဇူးတော်ကို ပြတော်မူပါ။"
>
> **ဆာလံ ၁၇း၆–၇**

လိုက်လျှောက်ကျင့်သုံးခြင်း (၅ မိနစ်)

ဤအစည်းအဝေးမှ ဆုတောင်းခြင်းလက္ခဏာများဖြစ်သော ပြင်ဆင်ခြင်းနှင့် ပါဝင်ခြင်းတို့ကို ကျင့်သုံးပါ။ သင့်အိမ်နားပတ်ဝန်းကျင်တွင် လမ်းလျှောက်ပြီး ဆုတောင်းသည့်အကျင့်ကို တည်ဆောက်ပါ။

မှတ်စုကိုလည်း ထားပါ။ သင်ဆုံတွေ့သောလူများနှင့် သူတို့၏ဆုတောင်းချက်များကို မှတ်စုတွင် ချရေးပါ။ ထို့ပြင်၊ မိမိအတွက် ခွန်အားဖြစ်စေမည့် ဆုတောင်းချက်အဖြေများကိုလည်း ထည့်ရေးပါ။

ဆုတောင်းခြင်း (၁၀ မိနစ်)

ရောက်လာသည့် အခွင့်အရေးတိုင်းကို လက်လွတ်မခံသော တန်ခိုးခံရ၍ ခွင့်လွှတ်ခြင်း ရရှိကာ အသက်တာ ပြောင်းလဲသည့် တပည့်တစ်ယောက်အဖြစ် သင့်ကို ဘုရားပြင်ဆင်ရန် ဆုတောင်းပါ။ သင့်အားဖြင့်လည်းကောင်း၊ သင်၌လည်းကောင်း နေ့စဉ် အလုပ်လုပ်တော်မူသောကြောင့် ကျေးဇူးတော် ချီးမွမ်းပါ။ သင့်အသိများထဲမှ ယေရှုကို သခင်အဖြစ် မသိသေးသောသူများအတွက် ဆုတောင်းပေးပါ။ ခရစ်တော်နှင့်အတူ လျှောက်လှမ်းခြင်းနှင့် နေ့စဉ် ဧဝံဂေလိတရားဟောပြောခြင်းတွင် ဆုတောင်းခြင်းကို ဗဟိုပြုတတ်ဖို့ အချင်းချင်းအတွက်လည်း ဆုတောင်းပါ။

တာဝန်ခံမှု ရှိခြင်း (၁၅ မိနစ်)

တာဝန်ခံမှုရှိခြင်းဖော်ကို နှစ်ယောက်တစ်တွဲဖြင့်ဖြစ်စေ၊ အဖွဲ့ငယ်လိုက်ဖြစ်စေ ပြည့်စုံအောင် ဖြည့်၍ အချင်း ချင်းအတွက် ဆုတောင်းကြပါ။

မှတ်စုများ



အစည်းအဝေး ၅

ဧဝံဂေလိဟောပြောခြင်းတွင် ဆောင်ထားရမည့် လျစ်လျူရှုခြင်း ခံရသော တန်ဆာပလာများ – နားထောင်ခြင်း –

ဤအစည်းအဝေးတွင် နားထောင်ခြင်းအနုပညာကို လေ့လာသွားမည်။ လူတို့ထံ ဧဝံဂေလိတရားဟောပြောသည့်အခါ တစ်ဖက်သားပြောစကားကို ပိုနားထောင်တတ်သောသူ ဖြစ်နိုင်သည့်နည်းများကို ကျွန်ုပ်တို့ လေ့လာသွားမည်။

အစည်းအဝေးကို ဝါကျတစ်ကြောင်းဖြင့် အကျဉ်းချုပ်ခြင်း
သူတပါးပြောသည့်စကားကို သေသေချာချာ နားထောင်ပေးခြင်းသည် သူတို့အပေါ် ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာကို ထင်ရှားစေသည့်အပြင် သူတို့ကို ဧဝံဂေလိပစ်မှတ်အဖြစ်သာ မဆက်ဆံမိရန် ကူညီ၍ သူတို့၏ဘဝတွင် ဧဝံဂေလိတရားနှင့် အဆက်အစပ်ပြုလုပ်နိုင်သည့်အချက်များနှင့် ပတ်သက်၍ လမ်းကြောင်း ဖွင့်ပေးသည်။

အစည်းအဝေး နောက်ကြောင်း
ရစ်ချက်ဒစ်ဘာ့စ် (Richard 'Dick' Bass) သည် စူးစမ်းလေ့လာခရီးထွက်ခြင်းကို အလွန်ဝါသနာပါသူဖြစ်ပြီး ၎င်းအကြောင်းကို လူတိုင်းထံ ပြောပြလေ့ရှိသည်။ တစ်ခုသောခရီးတွင် လေယာဉ်ပေါ်၌ သူ့ဘေးနားရှိ လူကြီး တစ်ယောက်ထံ ဧဝရက်တောင် တက်ခဲ့သည့်အကြောင်းနှင့် တက်အုံးမည့်အကြောင်းကို မရပ်မနား ပြောလေတော့ သည်။ လေယာဉ်ဆင်းသက်နေစဉ် မိမိစကားပြောသောသူအား မိမိကိုမိမိ မိတ်ဆက်ခွင့် မပေးကြောင်းကို ဘာ့စ် သတိရသောအခါ "ရပါတယ်။ ကျွန်တော့်နာမည်က နီလ်အမ်းစထရောင်း (Neil Armstrong) ပါ။ တွေ့ရတာ ဝမ်းသာပါတယ်" ဟူ၍ တစ်ဖက်လူမှ ပြန်ပြောလေသည်။

လကမ္ဘာပေါ်တွင် လမ်းလျှောက်ခဲ့သော ပထမဆုံးလူသားနှင့် အပြန်အလှန်စကားပြောခွင့်ကို ဒစ်ဘာ့စ် ဆုံးရှုံးခဲ့သည်။ တစ်ဖက်သားပြောစကားကို နားမထောင်သည့်အခါ ထူးဆန်းဖြစ်ရပ်များကို ကြားခွင့် ဆုံးရှုံးသွားနိုင်သည်။ ထိုပုဂ္ဂိုလ်ကိုယ်တိုင်ကိုပင် ကျွန်ုပ်တို့ ဆုံးရှုံးနိုင်သည်။

ဧဝံဂေလိဆရာကောင်းတစ်ယောက်ဖြစ်ဖို့ လိုအပ်သည့် အရည်အချင်းများ သို့မဟုတ် စရိုက်လက္ခဏာများကို လူတို့အား ကျွန်ုပ်တို့ မေးမည်ဆိုပါလျှင် မည်သည့်အရာများကို အဓိကထား ပြောကြမည်ဟု သင်ထင်ပါသနည်း။ အဟောအပြော ကောင်းခြင်း၊ ယုံကြည်မှု၊ ဆွဲဆောင်မှုရှိခြင်း၊ စိတ်အားထက်သန်မှု စသည်တို့ကို ပြောလာကြမည်မှာ သေချာသည်။ တစ်ဖက်သားပြောစကားကို နားထောင်ပေးခြင်းကော အရေးပါသလား။ အဓိကထားပြောသည့် အချက်တွင် ပါဝင်မည် ထင်ပါသလား။

ယေရှုသည် သူဖြေသည်ထက် များသော မေးခွန်းများစွာ မေးခဲ့သည်။ ယေရှု အမေးခံရသော မေးခွန်းပေါင်း ၁၈၀ ကျော်ထဲမှ အနည်းငယ်ကိုသာ တိုက်ရိုက်ပြန်ဖြေခဲ့ပြီး အများစုကိုမူ မေးခွန်းဖြင့် ပြန်တုံ့ပြန်လေ့ရှိသည်။ ဓမ္မသစ်ကျမ်းတစ်ခုလုံးတွင် ယေရှုသည် မေးခွန်းပေါင်း ၃၀၀ ကျော် မေးခဲ့သည်။ ဆင်ခြင်စဉ်းစားဖို့၊ မိမိကိုမိမိ သုံးသပ်ဖို့၊ ဟန်ဆောင်မှုကို ဖော်ထုတ်ဖို့၊ အပြန်အလှန်စကားပြောခြင်းကို ဆက်လက်လုပ်ဆောင်ဖို့၊ စုံစမ်းစစ်ဆေးဖို့၊ အလင်းပြဖို့၊ ပြန်လည်ထိန်းသိမ်းဖို့၊ ကျန်းမာစေဖို့ မေးခွန်းများကို မေးခဲ့သည်။

ယေရှုသည် မိမိမေးသည့်မေးခွန်းများအား ပြန်လည်ဖြေကြားချက်များကို နားထောင်ဖို့ အမြဲအဆင်သင့်ဖြစ်တတ်သည်။ မိမိပတ်ဝန်းကျင်ရှိ လူတို့၏စကားအား ယေရှု နားထောင်သည့်သာဓကများစွာကို ခရစ်ဝင်ကျမ်းများတွင် တွေ့နိုင်သည် (ဥပမာ – ယောဟန် ၃–၅ ကို ကြည့်ပါ)။ ယေရှုသည် တစ်ဖက်သား မေးသည့်မေးခွန်းများ၊ လိုအပ်ချက်များ၊ ကြောက်ရွံ့မှုနှင့် စိုးရိမ်မှုများ၊ ငြင်းဆန်မှုနှင့် စွပ်စွဲမှုများကို သေချာ နားထောင်ပေးတတ်သည်။ ယေရှုသည် နားထောင်ဖို့ အမြဲအဆင်သင့်ဖြစ်ပြီး နက်ရှိုင်း၍ ကောင်းသောမေးခွန်းများဖြင့် ပြန်တုံ့ပြန်သည့်အခါ စကားပြောဖို့ လမ်းကြောင်း ရှာခြင်း သက်သက် မဟုတ်ဘဲ သူနှင့်စကားပြောသောသူတို့၏အသံကို သေချာနားထောင်ခဲ့ကြောင်း ထင်ရှားစေသည်။ ဤနည်းအတိုင်း ဧဝံဂေလိတရားကို အစပြုနိုင်သည်။

နားထောင်ဖို့နှင့် မေးခွန်းမေးဖို့ ယေရှု၏ ဆန္ဒရှိခြင်းနှင့် တတ်စွမ်းနိုင်ခြင်း၌ ဧဝံဂေလိတရား ဟောပြောသည့်အခါ ကျွန်ုပ်တို့ရှေ့တွင် ရှိသောလူတို့အတွက် မျှော်လင့်ခြင်းကို ကျွန်ုပ်တို့ တွေ့နိုင်သည်။

အစည်းအဝေး လမ်းညွှန်

တွေ့ဆုံခြင်း (၁၀-၂၀ မိနစ်)

တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံမိတ်ဆက်စကားပြောဖို့ အချိန်သုံးပါ။ သက်သေခံခြင်း၊ ခွန်အားပေးခြင်း၊ အခွင့်အရေးများကို အတူသုံးသပ်ခြင်းနှင့် အဖွဲ့အတွက် ခွန်အားဖြစ်စေမည့် မည်သည့်အကြောင်းအရာကိုမဆို ဝေငှပြောဆိုနိုင်သည်။

ဆုတောင်းခြင်း

အချိန်တစ်ခုလုံးကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံ၍ တွေ့ဆုံခြင်းအပိုင်းတွင် ကြားခဲ့သည့်အခြေအနေ အကောင်း၊ အဆိုးများအတွက် ဘုရားသခင်ထံ ဆုတောင်းဆက်ကပ်ပါ။

သွန်သင်ခြင်း (၃၀-၄၀ မိနစ်)

အောက်ပါသင်ခန်းစာများကို သင်နှစ်သက်သည့်နည်းဖြင့် သင်ပေးနိုင်သကဲ့သို့ တစ်လုံးမကျန် ဖတ်ပြခြင်းဖြင့်လည်း သင်ပေးနိုင်သည်။ ထို့ပြင်၊ သင်ကိုယ်တိုင် ပြင်ဆင်၍လည်း တင်ပြနိုင်သည်။

> "အကျိုးအကြောင်းကို မစစ်မီ အမှုစီရင်သောသူသည် မိုက်သောအပြစ်၊ အရှက်ကွဲသောအပြစ်ရှိ၏"
>
> **သုတ္တံ ၁၈း၁၃**

တစ်ဖက်သား ပြောသည့်စကားကိုသာ နားထောင်ပြီး ကိုယ်တိုင်ပြောခွင့်မရှိသည့်အခြေအနေမျိုးနှင့် ရင်ဆိုင်ဖူးပါသလား။ အပြန်အလှန် စကားပြောလို့ မရဘဲ တစ်ဖက်သား ပြောစကားကိုသာ နားထောင်ရခြင်းသည် အင်မတန် စိတ်ပျက်ဖယ် ကောင်းသည် မဟုတ်လော။ ကျွန်ုပ်တို့အများစုသည် အထင်မှားခံခြင်းထက် မိမိပြောသည့်စကား နားထောင်မပေးခြင်းကို ပို၍ နာကျင်စွာ ခံစားတတ်ကြသည်။ ကိုယ့်ကို မည်သူမျှ မမြင်သကဲ့သို့၊ တန်ဖိုးမထားသကဲ့သို့ ခံစားရတတ်သည်။

ဧဝံဂေလိတရားဟောပြောခြင်းသည် တစ်ဖက်ကသာ စကားပြောသည့်အဖြစ်မျိုး ဖြစ်သွားတတ်သည်မှာ ဝမ်းနည်းဖို့ ကောင်းသည်။ လူအများရှေ့တွင် စင်မြင့်ထက်မှ ဧဝံဂေလိဟောပြောရသောအချိန်ရှိသည်။ သို့သော်၊ ယုံကြည်သူအများ စုအတွက် နေ့စဉ် တစ်ဦးချင်း ဧဝံဂေလိဟောပြောခြင်းတွင်မူ မိမိတစ်ယောက်သာ စကားပြောခြင်းသည် ထိရောက်မှု မရှိပါ။ ထိုသို့ပြုသည့်အခါ တစ်ဖက်သားကို ဧဝံဂေလိပစ်မှတ်အဖြစ်သာ မြင်၍ ဘုရားသခင်နှင့် ဆက်ဆံရေး ပြန်လည်တည်ဆောက်လိုသည့် လူစစ်လူမှန်အဖြစ် မမြင်ပါ။ ခရစ်တော်၏နောက်လိုက်များက ချစ်ခြင်းမေတ္တာ မပြသည့်အခါ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို မြင်နိုင်ရန် လူတို့အား ကူညီဖို့ မလွယ်ကူပါ။

နားထောင်ခြင်း၏တန်ဖိုးမှာ တစ်ဖက်သား၏အကြောင်းကို သိခွင့်ရရုံသာမဟုတ်ဘဲ တစ်ဖက်သားအား မေတ္တာကရုဏာနှင့်တကွ တန်ဖိုးထားကာ အာရုံစိုက်ခြင်းပင် ဖြစ်သည်။

တစ်ဦးတည်းစကားပြောခြင်းသည် ကြော်ငြာသမားတို့၏ လက်နက်ဖြစ်သည်။ ဧဝံဂေလိတရားဟောပြောခြင်းသည် ကုန်ပစ္စည်း အရောင်းအဝယ်လုပ်ငန်း မဟုတ်ပါ။ အသက်ရှင်သော ယေရှုခရစ်တော်ကို မိတ်ဆက်ပေးခြင်း ဖြစ်သည်။ ဘုရားသခင်သည် လူတို့နှင့် ဆက်ဆံရေး တည်ဆောက်လိုသည်။ ကိန်းဂဏန်းနှင့် ဒေသဆိုင်ရာ အချက်အလက်များ၊ သာသနာဦးတည်ချက် စသည်တို့ကို ဘုရားသခင် မတည်ဆောက်လိုပါ။ ထူးခြား၍ တန်ဖိုးရှိပြီး မိမိအာရုံစိုက်သောလူတို့နှင့် ဆက်ဆံရေး တည်ဆောက်လိုသည်။

> 'မယုံကြည်သူများနှင့် လမ်းမှားသောခရစ်ယာန်များမှ ၆၂ ရာခိုင်နှုန်းခန့်က စီရင်သုံးသပ်ခြင်း မပြုဘဲ သေချာ နားထောင်ပေးသောသူထံမှ ယုံကြည်ခြင်းအကြောင်းကို ဆွေးနွေးခြင်းသည် အကောင်းဆုံး ဖြစ်သည်ဟု ပြောကြသည်။ ၎င်းသည် အခြားအရည်အချင်းထက်ပင် ရာခိုင်နှုန်းများသည်။"
>
> **ဘာနားအဖွဲ့**

မလိုမုန်းထားခြင်းမရှိဘဲ ရိုးရိုးသားသား နားထောင်ပေးမှုကို လူတွေ လိုချင်ကြသည်။ သဘောထားချင်း မတူခြင်းကို မုန်းတီးသည်ဟု မဆိုလိုပါ။ သဘောထားချင်း မတူမီ ကျွန်ုပ်တို့ အရင်နားလည်ဖို့ လိုအပ်သည့်အရာများ ရှိသည်။ သူတပါးအား ကျွန်ုပ်တို့ ဂရုစိုက်ကြောင်းကို သူတို့အမှားကိုသာ ထောက်ပြခြင်းမျိုး မဟုတ်ဘဲ သူတို့ပြောသည့်စကားကို နားထောင်ပေးခြင်းဖြင့် ထင်ရှားစေနိုင်သည်။

သူတပါးပြောစကားကို အမှန်တကယ် နားထောင်ပေးခြင်းသည် အင်မတန် အကျိုးရှိသည်။ သူတို့ကြုံတွေ့နေရသည့်အရာများကို ကျွန်ုပ်တို့ သိနိုင်သဖြင့် သူတို့လိုအပ်သည်ဟု ကျွန်ုပ်တို့ ထင်သည့်အရာ မဟုတ်ဘဲ သူတို့ အမှန်တကယ်လိုအပ်သည့်အရာများကို ကျွန်ုပ်တို့ ဖြည့်ဆည်းပေးနိုင်သည်။ ထိုနည်းဖြင့် ဧဝံဂေလိတရားလမ်းကြောင်း ရှာနိုင်ပြီး သူတို့မေးသင့်သည်ဟု ကျွန်ုပ်တို့ ထင်သည့်မေးခွန်းများထက် သူတို့စိတ်ထဲတွင် ရှိသည့်မေးခွန်းများကို မေးခွင့် ပေးနိုင်သည်။

ဆွေးနွေးပါ – အောက်ပါအချက် ၇ ချက်ကို အတူတူကြည့်၍ ဧဝံဂေလိဆိုင်ရာ အပြန်အလှန်စကားပြောခြင်းတွင် နားထောင်ခြင်းနှင့် ပတ်သက်၍ သင့်အားနည်းချက်များနှင့် အားသာချက်များကို ပြန်သုံးသပ်ပါ။

၁။ မေးခွန်းများ မေးပါ
ကောင်းမွန်စွာ နားထောင်ခြင်းတွင် မေးခွန်းကောင်းများ မေးခြင်း ပါဝင်သည်။ သူတို့ပြောစကားကို လေးလေးနက်နက် နားထောင်ပေးကြောင်းကို ထင်ရှားစေပြီး စိတ်ဝင်စားဖွယ်ကောင်းသည့် ကဏ္ဍဘက်သို့ စကားလမ်းကြောင်း ဦးတည်စေနိုင်သည်။ ထို့ပြင်၊ တစ်ဖက်သား၏ စဉ်းစားတွေးခေါ်မှုကိုလည်း ပို၍ နားလည်စေနိုင်သည်။ ဤအချက်နှင့် ပတ်သက်၍ ယေရှုသည် ကျွန်ုပ်တို့၏ ပုံသက်သေ ဖြစ်သည်။ ဗာတေမဲကို ကျန်းမာစေသည့်အဖြစ်အပျက်တွင် ယေရှုက "သင်၌ အဘယ်သို့ ပြုစေလိုသနည်း" ဟူ၍ မေးသည့်မေးခွန်းသည် သာဓကကောင်း ဖြစ်သည် (မာကု ၁၀း၄၆-၅၂)။

၂။ "အနိုင်ယူခြင်း" ကို သတိထားပါ
အပြန်အလှန်စကားပြောခြင်းကို အမြန်ဆုံးအနှောင့်အယှက်ဖြစ်စေသည့်အရာမှာ အဘယ်နည်း။ စကားကို အနိုင်ယူလိုခြင်းဖြစ်သည်။ ကျွန်ုပ်တို့၌ အဖြေအားလုံး ရှိနေဖို့ မလိုပါ။ "အားလုံးကိုသိ" သလိုလို စကားပြော တတ်သောသူများနှင့် မယုံကြည်သူများ စကားမပြောချင်ကြကြောင်း ဘာနာသုတေသနအဖွဲ့က ထုတ်ပြန်ထားသည်။ စကားပြောတိုင်း အမြဲအနိုင်ယူဖို့ မကြိုးစားသင့်ပါ။ အပြန်အလှန်စကားပြောတွင် အနိုင်ယူခြင်းဆိုသည်မှာ တစ်ဖက်သားနှင့် အတွေးချင်း ရှင်းရှင်းလင်းလင်း ဖလှယ်နိုင်ခြင်း ဖြစ်သည်။

၂။ အချိန်ပေးပါ
အတင်းအဆုံးသတ်ဖို့ မလိုပါ။ သူတို့ပြောသည့်အရာနှင့် ကြားသည့်အရာကို ဆင်ခြင်သုံးသပ်ဖို့ တစ်ဖက်သားကို အချိန်ပေးပါ။ သူတို့ကို ချက်ချင်း အမြဲတုံ့ပြန်မည့်အစား ကိုယ့်ကိုကိုယ် ပြန်ဆင်ခြင်ဖို့ အချိန်လည်း လိုအပ်သည်။ ရိုမေအိုနှင့် ဂျူလီယက် ပြဇာတ်ထဲက ဘုန်းကြီးတစ်ပါး ပြောသည့်စကားကို ပြန်သတိရပါ – "အမြော်အမြင်ရှိရှိ ဖြည်းဖြည်းသွားတာ ကောင်းတယ်။ အလျင်အမြန် ပြေးတဲ့သူက ချော်လဲတတ်တယ်။"

၄။ အတူတူ ရှာဖွေလေ့လာပါ
သူတပါးပြောသည့်စကားကို နားထောင်သည့်အခါ သူတို့အားဖြင့် ကျွန်ုပ်တို့ကို ဘုရားသခင်က တစ်စုံတစ်ခု အမြဲသင်ပေးလေ့ရှိသည်။ ဧဝံဂေလိတရားဟောပြောခြင်းကို လက်ရှိအခြေအနေသို့ ခေါ်ဆောင်ခြင်းအတွက် မကန့်သတ်ဘဲ ယေရှုထံသို့ အတူတူ လျှောက်လှမ်းခြင်းဖြစ်ကြောင်းကို ကျွန်ုပ်တို့ သဘောပေါက်ရပေမည်။

၅။ သဘောထားကွဲလွဲမှုကို လေ့လာပါ
သူတပါး၏လောကအမြင်တွင်လည်း သမ္မာတရား/အမှန်တရား ရှိနိုင်သည်။ ခရစ်ယာန်ယုံကြည်မှုနှင့် ပတ်သ်က၍ အထောက်အကူပြုနိုင်သည့် မေးခွန်းများနှင့် ကန့်ကွက်ချက်များ ရှိသည်။ တစ်ဖက်သားအကြောင်းနှင့် သူပြောသည့်အကြောင်းအရာကို နားထောင်ဘဲ မိမိအမြင်နှင့် မတူသောအမြင်များကို တစ်ထစ်ချ ပစ်ပယ် မထားသင့်ပါ။ ကျွန်ုပ်တို့သည် စူးစမ်းလေ့လာတတ်၍ ကောင်းသောအရာမှန်သမျှကို အတည်ပြုနိုင်ရပေမည်။

၆။ သဘောတူနိုင်သည့်အချက်များကို ရှာပါ
အပြန်အလှန်စကားပြောရာ၌ နှစ်ဦးနှစ်ဖက်လုံး သဘောထားချင်း တိုက်ဆိုင်နိုင်သည့်အရာများစွာ ရှိလိမ့်မည်။ ထိုသဘောထားချင်းတူညီမှုများကို ရှာဖွေခြင်းက တစ်ဦးနှင့်တစ်ဦး ပိုနီးစပ်စေကာ သဘောထားချင်း မတိုက်ဆိုင်သည့်နေရာများတွင်ပင် သဘောထားကြီးကြီးထားကာ ကွဲလွဲနိုင်၍ ဧဝံဂေလိတရားအကြောင်းကိုလည်း ချိတ်ဆက်ဟောပြောနိုင်လိမ့်မည်။

၇။ ကြီးထွားပါ
ခံစားချက်၊ စဉ်းစားပေးမှုနှင့် အတွေ့အကြုံများဖြင့် တစ်ဖက်သားကို နားထောင်ပေးခြင်းသည် သနားခြင်း၌ ကြီးထွားရန် အင်မတန်အရေးကြီးသည်။ ဧဝံဂေလိတရားအတွက် ကျွန်ုပ်တို့၏စိတ်ထားသည် အလွယ်တကူ လွဲမှားနိုင်သည်။ မဟာစေခိုင်းချက်ကို နာခံလိုသောကြောင့်၊ အသင်းတော်တွင် သာသနာအတွက် သီးသန့်အစီအစဉ် ရှိသောကြောင့်၊ ဧဝံဂေလိတရားကို ကောင်းကောင်းမွန်မွန် သိသောကြောင့်၊ ၎င်းအသိကို ဝေငှဖို့ လိုအပ်ကြောင်းကို သိသောကြောင့် ဧဝံဂေလိတရားကို ကျွန်ုပ်တို့ ဟောပြောတတ်ကြသည်မဟုတ်လော။ ချစ်ခြင်းမေတ္တာတစ်ခုကြောင့် ဘယ်နှစ်ကြိမ် ဧဝံဂေလိတရား ဟောပြောဖူးပါသနည်း။ သူတပါးကို နားထောင်ပေးခြင်းက သနားခြင်း၊ စာနာမှုနှင့် မေတ္တာတွင် ကြီးထွားစေနိုင်ပြီး အပြောအားဖြင့်သာ မဟုတ်၊ အပြုအမူအားဖြင့် ဧဝံဂေလိတရားကို သက်သေခံဝေငှသော သံတမန်များ ဖြစ်လာနိုင်သည်။

ဘေးပတ်ဝန်းကျင်ရှိ လူတို့ ပြောသည့်စကားကို နားထောင်ပေးသည့်အပြင် သန့်ရှင်းသောဝိညာဉ်တော်ကို နားစွင့်ထားရပေမည်။ ဧဝံဂေလိတရားအတွက် ပြင်ဆင်ချိန်နှင့် သူတပါးနှင့် စကားပြောချိန်တွင် ဝိညာဉ်တော်၏အသံကို သေချာ နားစွင့်ဖို့ လိုအပ်သည်။ ဧဝံဂေလိတရားဟောပြောခြင်းဆိုသည်မှာ "(အကောင်းဆုံးဧဝံဂေလိဆရာဖြစ်သူ" ဝိညာဉ်တော်နှင့် လူတစ်ယောက်ကြား ပြောဆိုကြသည့်စကားဝိုင်းတွင် ဝင်ပါခြင်းသာဖြစ်" ကြောင်း အဆိုအမိန့် ရှိသည်။ ထို့ကြောင့်၊ မိမိရှေ့တွင် ရှိသောသူတို့၏စကားကို နားထောင်ရင်း ဝိညာဉ်တော်ထံသို့ နှလုံးသားနားကိုလည်း စွင့်ထားရပေမည်။

ဆွေးနွေးခြင်း (၂၀ မိနစ်)

၁။ မည်သည့်အရာက နားထောင်ကောင်းသူ ဖြစ်စေသနည်း။ သင့်ကိုသင် တစ်ဖက်သား ပြောစကားကို ကောင်းကောင်းနားထောင်ပေးသူအဖြစ် ခံယူပါသလား။

၂။ မိမိဟောပြောသည့် ဧဝံဂေလိအား နားထောင်သူ ပြောသည့်စကားကို နားမထောင်ခြင်းက မည်သို့မိုက်မဲ၍ ရှက်ဖွယ် ကောင်းပါသနည်း။

၃။ အများရှေ့ ဧဝံဂေလိတရားဟောပြောခြင်းနှင့် တစ်ဦးချင်း ဟောပြောခြင်းကြား နားထောင်ခြင်းကို သင်မည်သို့ ပေါင်းစပ်မည်နည်း။

၄။ သင်ဟောပြောသည့် ဧဝံဂေလိကို နားထောင်သောသူတို့အား ဘုရားသခင်၏ စကားတော်ကို နားထောင်ရန် သင်မည်သို့ ခွန်အားပေးတိုက်တွန်းမည်နည်း။

လိုက်လျှောက်ကျင့်သုံးခြင်း (၁၀ မိနစ်)

မယုံကြည်သူတစ်ယောက်နှင့် စကားပြောခြင်းဖြင့် နားထောင်ခြင်းကို သင်လေ့ကျင့်ပါ။ "ဘုရားသခင်ကို မေးခွန်းတစ်ခု မေးခွင့်ရှိလျှင် သင်ဘာမေးမှာလဲ" ဟူသည့် မေးခွန်းဖြင့် သင်အစပြုနိုင်ပြီး ဘာဆက်ဖြစ်သည်ကိုလည်း သတိပြုစေလိုသည်။ သူတို့စကားပြောချိန်တွင် သူတို့နှင့်အတူ ရှိနေပေးပါ။ မိမိအဓိကပြောလိုသည့်အချက်နှင့် မကိုက်ညီသောအရာများကို မေးခွန်းကောင်းများဖြင့် တုံ့ပြန်ပါ။ (သူတို့ဘက် မတောင်းဆိုလျှင်) သင့်အထင်အမြင်ကို အလွန်အကျွံ မပြောမိပါစေနှင့်။ တစ်ဖက်သားပြောသည့်

စကားကို နားထောင်ဖို့ အချိန်ပေးပါ။ သူတို့ပြောသည့်အရာကို သင်နားလည်ကြောင်း အတည်ပြုပေးပါ။ ထို့ပြင်၊ သူတို့ပြောသည့်အရာကို တစ်မျိုးပြန်ပြောခြင်းဖြင့်လည်းကောင်း၊ စကားပြောပြီးလျှင် အတူတူ ထပ်ဆင်ခြင်လိုသည့်အကြောင်းတို့ကို ပြန်ပြောခြင်းဖြင့် သူတို့၏အမြင်ကို သင်ချီးကျူးနိုင်သည်။

မိမိကိုမိမိ ဤမေးခွန်းများဖြင့် ပြန်သုံးသပ်ပါ။

၁။ ဤအပြန်အလှန်စကားပြောတွင် ကျွန်ုပ် နားထောင်ခဲ့သကဲ့သို့ ကျွန်ုပ်လည်း နားထောင်ခံခဲ့လျှင် ကျွန်ုပ် မည်သို့ ခံစားမည်နည်း။

၂။ သူတို့၏ခံစားချက်၊ အတွေးအမြင်၊ အယူအဆ၊ စိုးရိမ်ပူပန်မှု၊ ကန့်ကွက်မှု စသည်တို့ကို ကျွန်ုပ် ရှင်းရှင်းလင်းလင်း နားလည်ပါသလား။

၃။ အထောက်အကူပြုသောအရာတစ်ခုခု၊ အသစ်အဆန်းတစ်ခုခု ကျွန်ုပ် သင်ယူခဲ့ပါသလား။

၄။ ဆွေးနွေးခဲ့သည့်အကြောင်းအရာနှင့် ပတ်သက်၍ မည်သို့ ရှင်းပြနိုင်မည်နည်း။ မည်သို့ တုံ့ပြန်နိုင်မည်နည်း။

ဆုတောင်းခြင်း

ဘုရားသခင်ကို စောင့်မျှော်ခြင်းနှင့် နားထောင်ခြင်းအတွက် အချိန်အသုံးပြုပါ။ သင့်ထံစကားပြောရန် တောင်းဆို၍ စကားတော်ကို နားထောင်ရန် အဆင်သင့်ဖြစ်ပါ။ အချင်းချင်း ခွန်အားပေး၍ ဘုရားသခင်ထံတော်မှ ရရှိသည့် စကားတော်ကိုလည်း အချင်းချင်း ပြန်ဝေငှပါ။

သင့်ဘေးနားပတ်ဝန်းကျင်ရှိ လူတို့ပြောစကားများကို ကောင်းကောင်းနားထောင်နိုင်ရန် သင့်ကို ကူညီဖို့ ဘုရားသခင်ထံ ဆုတောင်းပါ။ သင်ဟောပြောသောသူတစ်ယောက်ထံ သနားခြင်းကရုဏာနှင့် ချစ်ခြင်းမေတ္တာ ပြနိုင်ရန်လည်း ဘုရားသခင်ထံ အကူအညီ တောင်းပါ။

တာဝန်ခံမှု ရှိခြင်း (၁၅ မိနစ်)

တာဝန်ခံမှုရှိခြင်းဖောင်ကို နှစ်ယောက်တစ်တွဲဖြင့်ဖြစ်စေ၊ အဖွဲ့ငယ်လိုက်ဖြစ်စေ ပြည့်စုံအောင် ဖြည့်၍ အချင်း ချင်းအတွက် ဆုတောင်းကြပါ။

မှတ်စုများ



အစည်းအဝေး ၆

ဇဝ်ဂေလိဟောပြောခြင်းတွင် ဆောင်ထားရမည့် လျစ်လျူရှုခြင်း ခံရသော တန်ဆာပလာများ – ကျေးဇူးတော် ချီးမွမ်းခြင်း

ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့် ဇဝ်ဂေလိတရားဟောပြောခြင်းအတွက် ကျေးဇူးတော်ချီးမွမ်းခြင်းကဏ္ဍကို ဤအစည်းအဝေးတွင် လေ့လာမည်။ ကျေးဇူးတော်သိတတ်သောအသက်တာ၏ စိတ်ခံစားချက်အတွက် အကျိုးကျေးဇူးများနှင့် ဘုရားသခင်၏ဖြစ်တည်ခြင်း၊ လုပ်ဆောင်ချက်၊ ထာဝရကျေးဇူးတော်သိတတ်ခြင်းတို့၏ အရေးကြီးပုံများကိုလည်း ထည့်သွင်းလေ့လာသွားမည်။

အစည်းအဝေးကို ဝါကျတစ်ကြောင်းဖြင့် အကျဉ်းချုပ်ခြင်း
ယေရှုနှင့်အတူ လျှောက်လှမ်းခြင်းအသက်တာနှင့် လောကအတွက် သက်သေဖြစ်ခြင်းအတွက် ကျေးဇူး တော်ချီးမွမ်းခြင်းသည် အင်မတန်အရေးပါသောကဏ္ဍဖြစ်၍ ကြီးမားသောစိန်ခေါ်မှုများ ရင်ဆိုင်သည့်အချိန်တွင်ပင် ဘုရားသခင်၏ ကောင်းမြတ်ခြင်းကို ပြန်လည်အမှတ်ရသော သံတမန်များဖြစ်ကာ စိတ်လည်းကျန်းမာစေသည်။

အစည်းအဝေး နောက်ကြောင်း

“နိုဝင်ဘာ ၅ ရက်နေ့ကို အောက်မေ့ပါ။ အောက်မေ့ပါ...”

Guy Fawkes နှင့် Gunpowder Plot ဟုခေါ်သော လုပ်ကြံမှုကို အောက်မေ့ရန် UK တွင် နှစ်စဉ် မီးပုံမီးပန်းများ ပစ်ဖောက်တတ်ကြသည်။ တစ်နိုင်ငံလုံး မီးပုံများ ရှို့ကြ၊ မီးပန်းများ ပစ်ဖောက်ကြပြီး မိသားစုများနှင့်အတူ အတူတူ သောက်စားကာ ပျော်ပါးကြသည့်ည ဖြစ်သည်။ အဓိကအားဖြင့် မည်သည့်အရာကို အောက်မေ့ကြသနည်း။

၁၆၀၅ ခုနှစ်တွင် လုပ်ကြံသောသူအဖွဲ့သည် ယမ်းမှုန့်အပြည့်ထည့်ထားသသော စည်ပိုင်း ၃၆ ဖြင့် House of Lords ဟုခေါ်သော လွှတ်တော်အဆောက်အအုံကြီးကို ဖောက်ခွဲပြီး ဘုရင်ပထမ ဂျိမ်း (King James I) ကို သတ်ဖြတ်ရန် ကြံစည်ခဲ့ကြသည်။ လွှတ်တော်အစည်းအဝေးကြီး ကျင်းပချိန်ဖြစ်သော နိုင်ဝင်ဘာလ ၅ ရက်နေ့တွင် ဖောက်ခွဲရန် စီစဉ်ခဲ့ကြပြီး သတင်းပေးချက်တစ်ခုကြောင့် တာဝန်ရှိသူများက ၎င်းလုပ်ကြံမည့်အစီအစဉ်ကို သိသွားကြကာ House of Lords အဆောက်အအုံကို ရှာဖွေကြရာ ဖောက်ခွဲမည့် ယမ်းမှုန့်ထည့်ထားသော စည်ပိုင်းများကို စောင့်ကြပ်သည့် လုပ်ကြံသူများထဲမှ တစ်ယောက်ဖြစ်သူ Guy Fawkes ကို လက်ပူးလက်ကြပ် မိခဲ့ကြလေသည်။

လုပ်ကြံမည့်အစီအစဉ် ပျက်သွားသည့်အပြင် လုပ်ကြံသောအဖွဲ့တွင် ပါဝင်သော အဖွဲ့ဝင်များနှင့် Guy Fawkes ကို နိုင်ငံတော်သစ္စာဖောက်မှုဖြင့် တရားစွဲကြပြီး သေဒဏ်ပေးခြင်း ခံခဲ့ကြသည်။

ဤအဖြစ်အပျက်များကို အောက်မေ့သောအနေဖြင့် ဝက်အူချောင်းညှပ်ပေါင်မုန့် စားပြီး မီးပုံထဲသို့ အဝတ်ဟောင်းများဖြင့် ပြုလုပ်ထားသော စာခြောက်ရုပ်ကဲ့သို့လူရုပ်ကို မီးပုံထဲသို့ ပစ်ချ၍ UK တစ်နိုင်ငံလုံးရှိ မိသားစုများ အတူတူ ပျော်ပါးကြရန် လူတစ်ယောက်ဆုံးဖြတ်ခဲ့လေသည်။ အင်မတန် ထူးဆန်းသော ဓလေ့ မဟုတ်လား။ အင်မတန် ထူးဆန်းသောအရာကို အောက်မေ့ဖို့ ရွေးချယ်ကြသည် မဟုတ်လား။

အမှန်ပြောရလျှင် နိုဝင်ဘာ ၅ ရက်နေ့အား မည်သည်ကို အောက်မေ့ဖို့ နှစ်စဉ် ကျင်းပကြောင်း ဗြိတိန်နိုင်ငံသားများကို မေးလျှင် အများစုက အဖြေမှန် သိကြမည် မဟုတ်ပါ။ သူတို့ဘဝအပေါ် အကျိုးသက်ရောက်မှု မရှိပါ။ သို့သော်၊ အဲဂုတ္တုကျွန်ဘဝမှ လွတ်မြောက်သည့်အဖြစ်အပျက်ကို အောက်မေ့သော ပသခါပွဲကို ကျင်းပရန် ဂျူးလူမျိုးများအား ဘုရားသခင် မိန့်မှာသည့်အခါ နှစ်စဉ် ကျင်းပသည့် သာမန်ပွဲတစ်ခုအဖြစ်သာ မရည်ရွယ်ထားပါ။ ဘုရားသခင် လုပ်ဆောင်ခဲ့သည့် ကြီးမားသောအမှုကို အောက်မေ့ရန် ကျင်းပခြင်း ဖြစ်သည် (ထွက် ၁၂း၁–၁၄)။ ပသခါပွဲကို ကျင်းပပုံကျင်းပနည်းသည် အသေးစိတ်ကျ၍ အလွန်အရေးကြီးသည်။ ကြုံရာကျပန်းလုပ်သည့်ပုံစံမျိုး မဟုတ်ဘဲ ကျွန်ဘဝမှ လွတ်မြောက်စေခဲ့သော ဘုရားသခင်၏ သစ္စာရှိမှုကို ပြန်လည်အောက်မေ့သတိရစေသည်။ ပသခါပွဲကို ကျင်းပခြင်းသည် အောက်မေ့ခြင်း ဖြစ်၍ အောက်မေ့ခြင်းဖြင့် ကျေးဇူးတော် ချီးမွမ်းနိုင်သည်။

အောက်မေ့ခြင်းကို သမ္မာကျမ်းစာတွင် အကြိမ်ကြိမ် တွေ့နိုင်သည်။ "အောက်မေ့" ဟူသည့် စကားလုံးကို အကြိမ် ၂၀၀ မက တွေ့နိုင်သည်။ အများစုမှာ ဘုရားသခင်၏ ဖြစ်တည်ခြင်း၊ မိန့်မှာချက်များနှင့် လုပ်ဆောင်မှုများကို အောက်မေ့ရန် မိမိလူတို့အား ဘုရားသခင် မိန့်တော်မူချက် ဖြစ်သည်။ ယုံကြည်သူများအနေဖြင့် မိမိတို့၏ဘဝ၌ ဘုရားသခင်ကို ဦးထိပ်ထားရန် နည်းလမ်းကောင်းဖြစ်သောကြောင့် ဤအောက်မေ့ခြင်းသည် အလွန်အရေးပါသည်။

ဘုရားသခင်၏ ကောင်းမြတ်ခြင်းကို အမြဲအောက်မေ့လျှင် စိတ်ပျက်ချိန်၌လည်း ကျေးဇူးတော် ချီးမွမ်းနိုင်သည်။

ဘုရားသခင်၏ ကယ်တင်ခြင်းကို အောက်မေ့လျှင် ကျရှုံးချိန်၌လည်း မျှော်လင့်ချက် ထားနိုင်သည်။

ဘုရားသခင်သည် တစ်ဆူတည်းသော ဘုရားဖြစ်ကြောင်းကို အောက်မေ့လျှင် ရုပ်တုများ၏ စုံစမ်းသွေးဆောင်များ ရင်ဆိုင်ချိန်တွင်လည်း ကျွန်ုပ်တို့ သစ္စာရှိနိုင်သည်။

ဤအရာများကို မအောက်မေ့လျှင် ပျက်ဆီးခြင်းနှင့် ပြဿနာကြားထဲ အလွယ်တကူ ရောက်သွားနိုင်သည်။ အောက်မေ့သတိရခြင်းဖြင့် သမ္မာတရားနှင့် မျှော်လင့်ခြင်းကို ရှာတွေ့နိုင်သည်။

"အောက်မေ့ပါ။ အောက်မေ့ပါ" ဟူ၍ ပွဲများ၊ သီချင်းများ၊ ဆုတောင်းခြင်း၊ ယုံကြည်သူမိသားစုအသိုင်းအဝိုင်း၊ နှုတ်ကပတ်တော်၊ ပုံပြင်၊ ဓလေ့ထုံးစံ၊ ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ် စသည်တို့ ဖြင့် အောက်မေ့ရန် မိမိလူတို့အား ဘုရားသခင် အကြိမ်ကြိမ် မိန့်မှာနေသည်။အောက်မေ့သတိရခြင်းဖြင့် အသက်တာပြောင်းလဲနိုင်သောကြောင့် "အောက်မေ့ပါ။"

အစည်းအဝေး လမ်းညွှန်

တွေ့ဆုံခြင်း (၁၀–၂၀ မိနစ်)

တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံမိတ်ဆက်စကားပြောဖို့ အချိန်သုံးပါ။ သက်သေခံခြင်း၊ ခွန်အားပေးခြင်း၊ အခွင့်အရေးများကို အတူသုံးသပ်ခြင်းနှင့် အဖွဲ့အတွက် ခွန်အားဖြစ်စေမည့် မည်သည့်အကြောင်းအရာကိုမဆို ဝေမျှပြောဆိုနိုင်သည်။

ဆုတောင်းခြင်း

အချိန်တစ်ခုလုံးကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံ၍ တွေ့ဆုံခြင်းအပိုင်းတွင် ကြားခဲ့သည့်အခြေအနေ အကောင်း၊ အဆိုးများအတွက် ဘုရားသခင်ထံ ဆုတောင်းဆက်ကပ်ပါ။

သွန်သင်ခြင်း (၂၀–၃၀ မိနစ်)

အောက်ပါသင်ခန်းစာများကို သင်နှစ်သက်သည့်နည်းဖြင့် သင်ပေးနိုင်သကဲ့သို့ တစ်လုံးမကျန် ဖတ်ပြခြင်းဖြင့်လည်း သင်ပေးနိုင်သည်။ ထို့ပြင်၊ သင်ကိုယ်တိုင် ပြင်ဆင်၍လည်း တင်ပြနိုင်သည်။

"အစဉ်မပြတ် ဝမ်းမြောက်ခြင်း ရှိကြလော့။ မခြားမလပ် ဆုတောင်းပဌနာပြုကြလော့။ အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းကြလော့။ အကြောင်းမူကား၊ သင်တို့သည် ထိုသို့ ကျင့်စေခြင်းငှါ ယေရှုခရစ်၌ ဘုရားသခင် အလိုတော်ရှိ၏။"

၁ သက် ၅း၁၆–၁၈

အမေရိကန်လူမျိုးတို့ နှစ်စဉ် ကျင်းပသည့် "ကျေးဇူးတော်ချီးမွမ်းခြင်းနေ့" (Thanksgiving) သည် အင်မတန် ကောင်းမွန်သည့်အရာ ဖြစ်သည်။ မိမိတို့၌ရှိသည့်အရာကို ပြန်အောက်မေ့၍ သူတပါးထံ ပြန်မျှဝေရန် တစ်ရက်တာ လုံးကို အချိန်သုံးခြင်းသည် အားလုံးအတွက် အကျိုးရှိသည့်အရာ ဖြစ်သည်။ ဧဝံဂေလိတရားဟောပြောခြင်းတွင်လည်း ဤသဘောတရားကို ကျင့်သုံးနိုင်သည်။ ကျွန်ုပ်တို့သည် မိမိရှေ့၌ ရောက်လာသော ဘုရားပေး အခွင့်အရေးများအတွက် ကျေးဇူးတော် ချီးမွမ်းသည်ထက် ကယ်တင်ခြင်းအကြောင်းဖြစ်သော "အောင်မြင်ခြင်း" ကို ပို၍ ကျင်းပတတ်ကြသည်။

အရာရာ၌ ကျေးဇူးတော် ချီးမွမ်းခြင်းသည် ဘုရားသခင်၏ အလိုတော်ဖြစ်ကြောင်းကို ၁ သက်တွင် ရှင်ပေါလု သတိပေးထားသည်။ ကျေးဇူးသိတတ်သောစိတ်က လူတစ်ယောက်၏ ခန္ဓာ၊ စိတ်နှင့် ဝိညာဉ်အပေါ် သက်ရောက် မှုရှိကြောင်း ရှင်ပေါလု သိသည်။ ထို့ကြောင့်၊ နှစ်ခြိုက်စွာ အိပ်ပျော်နိုင်ရန်၊ မိမိကိုမိမိ ယုံကြည်မှု ရှိရန်၊ စာနာ တတ်ရန်နှင့် စိတ်ခွန်အား မြှင့်တင်ရန် ကျေးဇူးသိတတ်ခြင်းစိတ်က အလွန်အရေးကြီးကြောင်း စိတ်ပညာရှင်များ ပြောဆိုကြသည်မှာ မထူးဆန်းတော့ပါ။

ကျေးဇူးသိတတ်ခြင်းစိတ်က ကျွန်ုပ်တို့အား ပိုကျန်းမာသောလူများအဖြစ် လောကထဲသို့ သွားရောက်နိုင်ရန် အကျိုးပေးသောကြောင့် ဧဝံဂေလိတရားအတွက်လည်း တန်ဖိုးရှိသည်ဟု ဆိုနိုင်သည်။ စိတ်ဓာတ်ရေးရာနှင့် ခံစားချက်ဆိုင်ရာ အကျိုးအပြင်၊ ကျေးဇူးသိတတ်ခြင်းက ကျွန်ုပ်တို့အားဖြင့်လည်းကောင်း၊ ကျွန်ုပ်တို့၏ အထဲ၌လည်းကောင်း ဘုရားသခင် လုပ်ဆောင်သည့်အမှုကို ပြန်လည်အောက်မေ့စေသောကြောင့် ကျွန်ုပ်တို့၏ ဧဝံဂေလိတရားဟောပြောခြင်းအတွက် အင်မတန် အကျိုးရှိသည်။

ကျေးဇူးသိတတ်ခြင်းက ကျွန်ုပ်တို့အား သာမန်နေ့စဉ်အတွေ့အကြုံများမှ သာမန်ထက်ထူးခြားသော ဘုရားသခင်၏ လုပ်ဆောင်မှုများကို မြင်စေသောကြောင့် အရေးကြီးသည်။ စိတ်ပျက်ခြင်း ကြုံသည့်အခါ ယခင်က ဘုရားသခင် လုပ်ဆောင်ခဲ့သည့်အမှုအတွက် ကျေးဇူးတော်ချီးမွမ်း၍ လုပ်ဆောင်အုံးမည့်အမှုအတွက် ယုံကြည်အားကိုးနိုင်သည်။ နေ့စဉ် ကျွန်ုပ်တို့၏ယုံကြည်ခြင်းအကြောင်းကို ဟောပြောခွင့်များအတွက် ကျေးဇူးတော်ချီးမွမ်းကာ သူတပါးအား ခရစ်တော်၏ စေခိုင်းချက်အတွက် ခွန်အားပေးနိုင်သည်။ ၎င်းက ဘုရားသခင်အား လုံးလုံးနာခံတိုင်း မိမိဟောပြောမှုကြောင့် သူတပါး ကယ်တင်ခြင်း ရမည်မဟုတ်ကြောင်းကို သဘောပေါက်ရန် ဧဝံဂေလိဝေမှဖို့ စိုးရိမ်ကြောက်တတ်သူများကို ခွန်အားပေးရန် အထောက်အကူပြုသည်။ ကျေးဇူးတော်ချီးမွမ်းခြင်းသည် ဧဝံဂေလိတရားဟောပြောခြင်းအတွက် တန်ဆာပလာမျိုးစုံကဲ့သို့ ဖြစ်သည်။

ဆွေးနွေးပါ – ခရစ်ယာန်ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် ပတ်သက်၍ အောက်မေ့ခြင်းနှင့် ချီးမွမ်းခြင်းဟူ၍ နှစ်ပိုင်းရှိသည်။ ဘုရားသခင်၏ဖြစ်တည်ခြင်းနှင့် လုပ်ဆောင်မှုများကို အောက်မေ့၍ ကျေးဇူးတော်ချီးမွမ်းရန် သင်မည်သို့ အချိန်ပေးသနည်း။

သစ္စာရှိသော သက်သေခံများဖြစ်ရန် ဘုရားသခင်ကို ပုံမှန်တုံ့ပြန်သောအနေဖြင့် ကျေးဇူးတော်ချီးမွမ်းခြင်း ပြုလုပ်နိုင်သည့် နည်းလမ်းအနည်းငယ်ကို အောက်တွင် အကြံပြုထားသည်။

တစ်ဦးချင်း

(သင်အခွင့်ကောင်းယူသည်ဖြစ်စေ၊ မယူသည်ဖြစ်စေ) မျှော်လင့်ခြင်းအကြောင်း ဟောပြောရန် ဘုရားသခင် ပြင်ဆင်ပေးသည့် အခွင့်ကောင်းဟူသမျှကို မှတ်စုတွင် မှတ်ထားပါ။ ယင်းသို့ပြုခြင်းက ဘုရားသခင် အလုပ်လုပ်ပုံနှင့် ကျွန်ုပ်တို့နှင့် တွေ့ဆုံသောသူများအတွက် ဆုတောင်းဖို့လိုအပ်ကြောင်းကို ပြန်လည်သတိပေးလိမ့်မည်။ အနာဂတ်တွင် အခွင့်ကောင်းများကို လျင်လျင်မြန်မြန် မြင်တတ်ရန် အထောက်အကူလည်း ပြုနိုင်သည်။

မိသားစုအသိုင်းအဝိုင်း

မိသားစု သို့မဟုတ် သူငယ်ချင်းများနှင့် အချိန်သုံးသည့်အခါ သင့်ဘဝ၌ ဘုရားသခင် လုပ်ဆောင်သည့်အမှုများအတွက် ကျေးဇူးတော် ချီးမွမ်းတတ်ပါ။ (ကျေးဇူးတော်ချီးမွမ်းခြင်းနေ့ကဲ့သို့သောနေ့မျိုး၌) တစ်နှစ်တစ်ကြိမ် ပြုလုပ်တတ်ကြသည်။ သို့သော်၊ တစ်ပတ်တစ်ကြိမ် အဘယ်ကြောင့် မပြုလုပ်နိုင်ပါသနည်း။ ကျေးဇူးတော်ချီးမွမ်း၍ အတူတူ အချိန်သုံးမိတ်သဟာယဖွဲ့ခြင်းဖြင့် အချင်းချင်း တည်ဆောက်နိုင်ကြသည်။

လူမှုအသိုင်းအဝိုင်း

ကယ်တင်ခြင်းရသောသူတို့၏အကြောင်းများကိုသာ မပြောဘဲ ရရှိသည့် အခွင့်အရေးများကို ဝေမျှပြီး ချီးမွမ်းကြရန် အချိန်ပေးပါ။ "ကယ်တင်ခြင်း" ရရှိတိုင်း ဝမ်းမြောက်သင့်သည် မှန်သော်လည်း"သာမန်" အခွင့်အရေးများတွင် "သာမန်" လူတို့၏ဘဝ၌ ဘုရားသခင် လုပ်ဆောင်သည့်အမှုကို လူတိုင်း သိမြင်နိုင်ကြသည်။ အသီးအပွင့်အတွက်သာ မဟုတ်ဘဲ မျိုးစေ့များအတွက် ကျေးဇူးတော်ကို ချီးမွမ်းကြလျှင် ပို၍ မျိုးစေ့ကြဲခြင်းကို မြင်တွေ့လာကြမည် ဖြစ်သည်။

သမ္မာကျမ်းစာအတိုင်း

ကျေးဇူးတော်ချီးမွမ်းခြင်းမျိုးစုံ တွေ့ရသည့် သမ္မာကျမ်းစာကို အသုံးပြုပြီး ကျေးဇူးတော် ချီးမွမ်းပါ။ ချီးမွမ်းခြင်းဆာလံသီချင်းကို ဖတ်ရှု၍ ဘုရားသခင်ထံ ကျေးဇူးတော်ချီးမွမ်းဖို့ အသုံးပြုနိုင်သကဲ့သို့ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကျေးဇူးတော်ချီးမွမ်းရန် အသုံးပြုနိုင်သည်။ ကဗျာရေးခြင်း၊ ပန်းချီဆွဲခြင်း၊ သီချင်းစပ်ခြင်း သို့မဟုတ် အခြားအခြားသောနည်းများဖြင့် ကျေးဇူးသိတတ်သောစိတ်ကို သူတပါးထံ ထင်ရှားစေဖို့ အချိန်ယူပါ။

ဝမ်းမြောက်ခြင်းနှင့်အတူ

"ဝမ်းမြောက်ခြင်းသည် အရိုးရှင်းဆုံးသော ကျေးဇူးသိတတ်ခြင်းနည်းဖြစ်သည်" ဟူ၍ Karl Barth မိန့်ဆိုခဲ့ဖူးသည်။ , ၁၉၉၉ ခုနှစ် အကယ်ဒမီဆုပေးပွဲတွင် နိုင်ငံခြားရုပ်ရှင်အကောင်းဆုံးဆုအတွက် အော်စကာဆုကို Roberto Benigni သည် ထိုင်ခုံမှ ထခုန်ပြီး အောင်ပွဲခံခဲ့သည်။ ခုံတန်းရှည်ကို ဖြတ်ကျော်ပြီး တွေ့သမျှလူကို ပွေ့ဖက်ပြီး စင်မြင့်ပေါ် တက်ကာ အီတလီလေသံနှင့် ကျေးဇူးတင်ကြောင်း အင်္ဂလိပ်စကားဖြင့် ပြောခဲ့လေသည်။ သူ မစိုးရိမ်ခဲ့ပါ။ သူ၏အင်္ဂလိပ်စကားအကန့်အသတ်ကြောင့် သူ၏ဝမ်းမြောက်ခြင်းကို သူဖော်ပြချင်သလောက် ဖော်ပြနိုင်မည် မဟုတ်ပါ။ ဘုရားသခင်ထံ ကျေးဇူးသိတတ်သည့်စိတ်က ကျွန်ုပ်တို့၏ဧဝံဂေလိတရားဟောပြောခြင်းအပေါ် ကြီးမားသောအကျိုးသက်ရောက်မှုရှိသည့်အပြင် အနီးအနားရှိ လူတို့ကိုလည်း ဆွဲဆောင်နိုင်သည်။

ပုံမှန်အတိုင်း

ဧဝံဂေလိတရား ဝေမှဖို့ ထွက်သွားသည့်အခါ ဘုရားသခင်ထံ ကျေးဇူးတင်ရသည့်အကြောင်းကို ပြောပြခြင်းသည်လည်း ဟောပြောနည်းတစ်နည်း ဖြစ်သည်။ တစ်ဖက်သားနှင့် စကားပြောချိန်တွင် ဘုရားသခင်၏ စရိုက်လက္ခဏာ၊ သမိုင်းတွင် ဘုရားလုပ်ဆောင်ခဲ့သည့်အမှု (ဧဝံဂေလိတရား)၊ လက်ရှိတွင် လုပ်ဆောင်သည့်အမှု (သက်သေခံချက်) နှင့် ဘုရားသခင် အပေါ် ကျွန်ုပ်တို့၏မျှော်လင့်ချက်တို့ကိုလည်း ကျွန်ုပ်တို့ ထည့်ပြောနိုင်သည်။ ပုံမှန်နေ့စဉ်ဘဝတွင် ဘုရားသခင်၏ ကျေးဇူးကို သိတတ်သည့်စိတ်နှင့် အသက်ရှင်ခြင်းက ဘုရားသခင်နှင့် ကျွန်ုပ်တို့ကြား ဆက်ဆံရေးအပါအဝင် သခင်အဖြစ် ယုံကြည်ကိုးစားသူတို့အတွက် ကတိပေးထားသည့် မျှော်လင့်ခြင်းတို့ကို ထင်ရှားစေသည်။

ယခင်ထက် ယခုတွင် စိတ်ကျန်းမာရေးကို ကျွန်ုပ်တို့ ပိုဂရုစိုက်လာကြသည်။ ထို့ကြောင့်၊ ဒေါ်လာသန်းချီတန်ဖိုးရှိသည့် "ကျန်းမာရေး" နှင့်ဆိုင်သောလုပ်ငန်းများစွာကို ကမ္ဘာအနှံ့တွင် တွေ့ရသည်မှာ မထူးဆန်းတော့ပါ။ သို့သော်၊ "ကျန်းမာသည်" ဆိုသည်မှာ အဘယ်နည်း။

ကျန်းမာခြင်းရသည့် နူနာရောဂါသည်တစ်ယောက် ကျေးဇူးတင်ကြောင်းပြောဖို့ ယေရှုထံ ပြန်လာသည့်အခါ ယေရှုက "သင်ထ၍ သွားလော့။ သင်၏ယုံကြည်ခြင်းသည် သင်၏အနာကို ငြိမ်းစေပြီ" ဟု မိန့်တော်မူခဲ့သည်။ နူနာရောဂါသည်သည် ခန္ဓာကျန်းမာခြင်းကောင်းချီးကို ရရှိခဲ့သည်။ သို့သော်၊ ကျေးဇူးသိတတ်သည့်စိတ်နှင့် ယေရှုထံ ဝန်ခံအပ်နှံသည့်စိတ်ကြောင့် ကျန်းမာခြင်းအကြောင်းကို ပို၍ နက်ရှိုင်းအောင် သဘောပေါက်နားလည်ခဲ့လေသည် (လုကာ ၁၇း၁၁–၁၉)။

ဆွေးနွေးပါ – ယေရှုနှင့် သင်၏အတူလျှောက်လှမ်းခြင်း အသက်တာကို ကြည့်၍ "ကျန်းမာခြင်း" ကို သင်မည်သို့ ခံယူသနည်း။ လူတို့ နေ့စဉ်ရင်ဆိုင်သည့် စိန်ခေါ်မှုများကို စော်ကားသကဲ့သို့ ဖြစ်စေမည့်အစား ဧဝံဂေလိတရားပေးသည့် မျှော်လင့်ခြင်းဖြင့် သူတို့ကို ပြန်လည်ပုံသွင်းနိုင်ရန် ကျန်းမာခြင်းအကြောင်းကို လောကီလူသားများထံ ကျွန်ုပ်တို့ မည်သို့ ဖော်ပြကြမည်နည်း။

ယေရှုနှင့် ကျွန်ုပ်တို့ကြား ဆက်ဆံရေး အဆင်ပြေကျန်းမာရေး၊ ကျွန်ုပ်တို့၏နှလုံးသားနှင့် စိတ်ကျန်းမာရေး၊ လောက၌ ကျွန်ုပ်တို့၏သက်သေခံချက်ဆိုင်ရာ ကျန်းမာရေး စသည်တို့အတွက် ယေရှု၏ခြေတော်ရင်း၌ ကျေးဇူးတော်ချီးမွမ်း၍ ချဉ်းကပ်ကြပါစို့။ ယေရှုခရစ်တော်၏ အသင်းတော်များအနေဖြင့် ဘုရားသခင်၏ကောင်းမြတ်ခြင်းအပေါ် ယုံကြည်မှု ပိုရှိလာပြီး “သင်ထ၍ သွားလော့” ဟူသည့် စကားကို ဝမ်းမြောက်သည့် နှလုံးသားဖြင့် အသစ်တဖန် ကြားနိုင်ပါစေ။

ဆွေးနွေးခြင်း (၂၀ မိနစ်)

၁။ ဘုရားသခင် မည်သူဖြစ်ကြောင်းနှင့် လုပ်ဆောင်သည့်အမှုများကို အောက်မေ့နိုင်ရန် မည်သည့်နည်းများကို သင်အသုံးပြုလေ့ရှိသနည်း။

၂။ ယေရှုနှင့် လျှောက်လှမ်းခြင်းအသက်တာနှင့် ဧဝံဂေလိဟောပြောခြင်းတွင် ကျေးဇူးတော်ချီးမွမ်းခြင်းကို အသုံးပြုရန် သူတပါးကို သင်မည်သို့ တိုက်တွန်းနိုင်သနည်း။

၃။ ဧဝံဂေလိဟောပြောခြင်းတွင် အောင်မြင်ခြင်းကို သင်မည်သို့ မြင်သနည်း။

၄။ သူတပါးထံ ယေရှုအကြောင်း ပြောပြသည့်အခါ ကျေးဇူးတော်ချီးမွမ်းခြင်းကို အသုံးပြုရန် နည်းလမ်းရှိပါသလား။

ဆုတောင်းခြင်းနှင့် တာဝန်ခံမှုရှိခြင်း (၂၀ မိနစ်)

အဖွဲ့ငယ်များဖွဲ့၍ နည်းသုံးမျိုးဖြင့် အတူတူဆုတောင်းကြပါ။

၁။ လွန်ခဲ့သောတစ်ပတ်အတွင်း ဘုရားသခင်ထံ ကျေးဇူးတော်ချီးမွမ်းလိုသည့်အချက်တစ်ချက်ကို ဝေငှပါ။

၂။ သင့်ကျန်းမာရေး (ဝိညာဉ်ရေး) အတွက် ဆုတောင်းပါ။ သင့်အသက်တာမှ မည်သည့်အပိုင်းတွင် ကျန်းမာခြင်း သို့မဟုတ် မျှော်လင့်ခြင်း လိုအပ်ပါသနည်း။ အတူတူဝေငှ၍ အချင်းချင်းအတွက် ဆုတောင်းကြပါ။

၃။ သင်ဧဝံဂေလိဟောပြောသောသူများအတွက် ဆုတောင်းပေးပါ။ ယေရှုထံ ကျေးဇူးတော်ချီးမွမ်းတတ်ရန်နှင့် ဝိညာဉ်ကျန်းမာရေး ကောင်းမွန်ရန်အတွက် ဆုတောင်းပေးပါ။

တာဝန်ခံမှုရှိခြင်းဖောင်ကို နှစ်ယောက်တစ်တွဲဖြင့်ဖြစ်စေ၊ အဖွဲ့ငယ်လိုက်ဖြစ်စေ ပြည့်စုံအောင် ဖြည့်၍ အချင်း ချင်းအတွက် ဆုတောင်းကြပါ။

လိုက်လျှောက်ကျင့်သုံးခြင်း (၅ မိနစ်)

အောက်မေ့ခြင်းနှင့် ကျေးဇူးတော်ချီးမွမ်းခြင်းကို သင့်အသက်တာ၌ အကျင့်တစ်ခုအဖြစ် ပြုလုပ်ပါ။ နေ့စဉ်ကျမ်းစာ ဖတ်ရှုသည့်အပြင် မှတ်စုရေးခြင်း၊ သင့်ဖုန်း၌ သင့်အသံသွင်းခြင်း၊ မိသားစု သို့မဟုတ် သူငယ်ချင်းများနှင့် အစာမစားမီ အနည်းဆုံး တစ်ပတ်လျှင် တစ်ကြိမ် ကျေးဇူးတော်ချီးမွမ်းခြင်း စသည်တို့ကို ပြုလုပ်ပေးပါ။ နည်းမျိုးစုံဖြင့် ဖန်တီးတတ်ပါစေ။

ခရစ်တော်ကျေးဇူးသိတတ်ခြင်းနှစ်မျိုးကို အသင်းတော်ဝတ်ပြုအစည်းအဝေးတွင် ပုံမှန် ကျင့်သုံးခြင်း မပြုသေးလျှင် ကျင့်သုံးဖို့ သင့်သင်းအုပ်ဆရာ သို့မဟုတ် အသင်းတော် ခေါင်းဆောင်များကို အကြံပေးပါ။ ကြီးကြီးမားမား လုပ်ဆောင်ဖို့ မလိုပါ။ သေးငယ်သော ပြောင်းလဲမှုက ကြီးမားသောအကျိုးသက်ရောက် ရှိနိုင်သည်။

မှတ်စုများ

တတိယနှစ်
အပန်းဖြေအနားယူခြင်း

Advance နှစ်စဉ်နှစ်တိုင်း၏ အထွတ်အထိပ်မှာ အပန်းဖြေအနားယူခြင်း ဖြစ်သည်။ ၎င်းကို သင်စိတ်တိုင်းကျ လုပ်ဆောင်နိုင်သည်မှန်သော်လည်း Advance အဖွဲ့အစည်းအဝေးယေဘုယျသဘောတရားများကို အဓိကထားပြီး တတိယနှစ်အစည်းအဝေးကို အဆုံးသတ်ရန် အတူတူ အချိန်သုံးခြင်းနည်းများကို ဤနေရာတွင် အကြံပြုထားသည်။

ADVANCE အဖွဲ့ အပန်းဖြေ အနားယူခြင်းကို ပြုလုပ်နည်း

သဘောတရားမှာ မိမိအချိန်သုံးနေကျနေရာမှ ထွက်၍ ပုံမှန် Advance အဖွဲ့အစည်းအဝေးရှိချိန်ထက် ရှည်ကြာသော သီးသန့်အချိန် သတ်မှတ်ခြင်း ဖြစ်သည်။ သင်လုပ်စရာ တစ်ခုခု ရှိလျှင် မနက် သို့မဟုတ် သို့မဟုတ် ညနေပိုင်းတွင် လုပ်ဖို့ ကြိုးစားပါ။ အပန်းဖြေခြင်းအတွက် တစ်နေ့လုံး အချိန်ပေးနိုင်လျှင် အကျိုးများစွာ ရှိပါလိမ့်မည်။

အပန်းဖြေအနားယူချိန်တွင် သင်လုပ်နိုင်သည့် အောက်ပါအကြံပြုချက်များကို ကြည့်ပါ။

အဓိကကျမ်းချက်

အပန်းဖြေချိန်အတွင်း အဓိကအာရုံစိုက်ဖို့ အကြောင်းအရာတစ်ခုခုကို ရှာနေလျှင် အောက်ပါ ၂ ကော ကျမ်းချက်က အင်မတန်ကောင်းသောကျမ်းချက် ဖြစ်သည်။

> "ထို့ကြောင့်၊ ငါတို့သည် ထိုသို့သော တရား၏အမှုကို ဆောင်ရွက်သောသူဖြစ်၍ ကရုဏာကျေးဇူးတော်ကို ခံရသည်နှင့်အညီ အားလျော့စိတ်ပျက်ခြင်းနှင့် ကင်းလွတ်ကြ၏။ ဆိတ်ကွယ်ရာအရပ်၌ ပြုသောရှက်ဘွယ် သောအမှုများကို ပယ်ကြ၏။ ပရိယာယ်ကိုမသုံး၊ ဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကို ထိမ်ဝှက်မှောက် လှန်ခြင်းမရှိ၊ သမ္မာတရားကို အတည့်အလင်းဘော်ပြ၍ ဘုရားသခင့်ရှေ့တော်၌ လူအပေါင်းတို့၏ စိတ်ထင်အတိုင်း ချီးမွမ်းဘွယ်သောအကျင့်ဓလေ့ကို ကျင့်ကြ၏။ ငါတို့ဟောပြောသော ဧဝံဂေလိတရားသည် ဖုံးအုပ်လျက်ရှိလျှင် ဆုံးရှုံးခြင်းသို့ ရောက်သောသူတို့အားသာ ဖုံးအုပ်လျက်ရှိ၏။ ထိုသို့မယုံကြည်သောသူတို့ကားဘုရားသခင်၏ ပုံသဏ္ဍာန်တော်တည်းဟူသော ခရစ်တော်၏ဘုန်းအသရေနှင့် ပြည့်စုံသော ဧဝံဂေလိတရား၏အရောင်သည် အလင်းကို မပေးစေခြင်းငှါ ဤလောကကို အစိုးရသောဘုရားသည် သူတို့၏ဉာဏ်မျက်စိကို ကွယ်စေ၏။ ငါတို့သည် ကိုယ်အကြောင်းကို ဟောပြောကြသည်မဟုတ်။ ယေရှုခရစ်သည် သခင်ဖြစ်တော်မူကြောင်းကို၎င်း၊ ငါတို့သည် ယေရှုအတွက် သင်တို့၏ကျွန်ဖြစ်ကြောင်းကို၎င်း ဟောပြောကြ၏။ မှောင်မိုက်ထဲက အလင်းထွန်းလင်းမည်အကြောင်း မိန့်တော်မူသောဘုရားသခင်သည် ယေရှုခရစ်၏ မျက်နှာ၌ ထွန်းလင်းသော ဘုရားသခင်၏ ဘုန်းတော်ကို သိသောဉာဏ်၏အရောင်ကို ပေးလိုသောငှါ ငါတို့စိတ်နှလုံးထဲ၌ အလင်းကို ထွန်းလင်းစေတော်မူ၏။
>
> သို့သော်လည်း၊ တန်ခိုးတော်၏ ဂုဏ်အသရေသည် ငါတို့နှင့်မဆိုင်၊ ဘုရားသခင်နှင့်ဆိုင်မည်အကြောင်း ထိုဘဏ္ဍာသည် မြေအိုးထဲမှာ ထည့်ထားလျက် ငါတို့၌ ရှိ၏။ ငါတို့သည် အမျိုးမျိုးသော နှောင့်ယှက်ခြင်းကို ခံရသော်လည်း
>
> အကျိုးနည်းခြင်းသို့ မရောက်။ မကြံစည်နိုင်အောင် ရှိသော်လည်း စိတ်မပျက်။ ညှဉ်းဆဲခြင်းကို ခံရသော်လည်း ရှုံးခြင်းမရှိ။ အောက်သို့ လှဲခြင်းကို ခံရသော်လည်း ဆုံးရာသို့ မရောက်"
>
> **၂ ကော ၄း၁-၉**

ဤကျမ်းချက်တွင် ကျွန်ုပ်တို့ ဆင်ခြင်နှလုံးသွင်းရမည့် အောက်ပါအချက် ၁၂ ချက်ကို တွေ့နိုင်သည်။

၁။ ဧဝံဂေလိဟောပြောခြင်းသည် ဘုရားသခင်၏ ကရုဏာတော်လက်ဆောင် ဖြစ်သည် (‘ငါတို့သည် ထိုသို့သော တရား၏အမှုကို ဆောင်ရွက်သောသူဖြစ်၍ ကရုဏာကျေးဇူးတော်ကို ခံရသည်နှင့်အညီ’)

၂။ ကျွန်ုပ်တို့အသုံးပြုသည့် နည်းသည် သန့်ရှင်းစင်ကြရပေမည် (ဆိတ်ကွယ်ရာအရပ်၌ ပြုသောရှက်ဘွယ်သော အမှုများကို ပယ်ကြ၏)

၃။ ရှင်းလင်းမှုကို ဦးစားပေးရမည် (‘သမ္မာတရားကို အတည့်အလင်းဘော်ပြ၍’)

၄။ ကျွန်ုပ်တို့နှင့်စကားပြောသောသူများကို စာတန် လှည့်ဖြားခဲ့နှင့်ပြီးဖြစ်သည် (‘ဤလောကကို အစိုးရသောဘုရားသည် သူတို့၏ဉာဏ်မျက်စိကို ကွယ်စေ၏’)

၅။ မိမိကိုမိမိ ဗဟိုမပြုဘဲ ယေရှုကို ဗဟိုပြု၍ ဟောပြောရမည် (‘ငါတို့သည် ကိုယ်အကြောင်းကို ဟောပြောကြသည်မဟုတ်’)

၆။ ခရစ်တော်ကို ကိုးကွယ်လျက် ဧဝံဂေလိတရားဟောပြောခြင်းဖြင့် ပျောက်ဆုံးသောသူများကို ကျွန်ုပ်တို့ အစေခံကြသည် (‘ငါတို့သည် ယေရှုအတွက် သင်တို့၏ကျွန်ဖြစ်ကြောင်းကိုဇင်းဟောပြောကြ၏’)

၇။ ကျွန်ုပ်တို့၏အသက်တာ၌ ဘုရားသခင် အလုပ်လုပ်သည် (‘ငါတို့စိတ်နှလုံးထဲ၌ အလင်းကို ထွန်းလင်းစေတော်မူ၏’)

၈။ ကျွန်ုပ်တို့၏အားနည်းခြင်း၌ ဘုရားသခင်၏ တန်ခိုးတော် စုံလင်စွာ ထင်ရှားသည် (‘ထိုဘဏ္ဍာသည် မြေအိုးထဲမှာ ထည့်ထားလျက်ငါတို့၌ ရှိ၏’)

၉။ ဘုရားသခင်၏ ဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့အတွက် ခွန်အားဖြစ်သောကြောင့် ဘဝအခက်အခဲများက ကျွန်ုပ်တို့ကို အလဲထိုးဖို့ မလိုပါ (‘ငါတို့သည် အမျိုးမျိုးသော နှောင့်ယှက်ခြင်းကို ခံရသော်လည်း အကျိုးနည်းခြင်းသို့ မရောက်’)

၁၀။ ဘုရားသခင်၏ ကောင်းမြတ်ခြင်းကို ယုံကြည်အားကိုးနိုင်သောကြောင့် ပတ်ဝန်းကျင်ရှုပ်ထွေးမှုက ကျွန်ုပ်တို့ကို မျှော်လင့်ချက် မကင်းမဲ့စေပါ (‘မကြံစည်နိုင်အောင် ရှိသော်လည်း စိတ်မပျက်’)

၁၁။ ကျွန်ုပ်တို့၌ ခရစ်တော်နှင့် အသင်းတော် ရှိနေသောကြောင့် ညှဉ်းပန်းနှိပ်စက်ခြင်းက ကျွန်ုပ်တို့ကို အထီးကျန်အောင် မပြုလုပ်နိုင်ပါ (‘ညှဉ်းဆဲခြင်းကို ခံရသော်လည်း ရှုံးခြင်းမရှိ’)

၁၂။ ကျွန်ုပ်တို့၌ ထာဝရမျှော်လင့်ခြင်း ရှိသောကြောင့် ကြီးမားသောပေးဆပ်မှုကို အသေကြောက်ဖို့ မဟုတ်ပါ (‘အောက်သို့ လှဲခြင်းကို ခံရသော်လည်း ဆုံးရာသို့ မရောက်’)

အထက်ပါအခန်းငယ် ၉ ခန်းပါသော ကျမ်းချက်မှ သင်ခွန်အားရသည့် မည်သည့်အခြားသောအချက်များရှိသနည်း။

ကျမ်းချက်ကို တစ်ယောက်တည်းလေ့လာမလား၊ အဖွဲ့လိုက်လေ့လာမလား (အောက်တွင်ကြည့်ပါ)၊ အထက်ပါ အချက်များကို မည်သို့ရှာထုတ်၍ မည်သို့ ဆွေးနွေးမည် စသည်တို့သည် သင့်အပန်းဖြေချိန်ကို မည်သို့အသုံးပြု မည်ဟူသည့်အချက်ပေါ် မူတည်၍ သင့်သဘောသာ ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ၊ အကြံပြုထားသည့် အောက်ပါလှုပ်ရှားမှုများအတိုင်း လုပ်ဆောင်ရန် ကျမ်းချက်နှင့် ပေးထားသောအချက်အလက်များကို စိတ်ထဲတွင် မှတ်ထားပါ။

နှုတ်ကပတ်တော်

ဘုရားသခင်၏ နှုတ်ကပတ်တော်အပေါ် လုံးလုံးလျားလျား ဆက်ကပ်အပ်နှံထားသော ဧဝံဂေလိဆရာများအား ရင့်ကျက်ကြီးထွားရန် ကူညီမစခြင်းသည် Advance အဖွဲ့၏ အဓိကပစ်မှတ်ပန်းတိုင် ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သာ၍နက်နဲအောင် လေ့လာရန် ဤအပန်းဖြေချိန်သည် အင်မတန်ကောင်းသောအခွင့်အရေး ဖြစ်သည်။

ကျမ်းစာဖတ်ရှုရန် ကြာမြင့်စွာ အချိန်သုံးခြင်း (တစ်ဦးတည်း ဖတ်ရှုခြင်း)

ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ကြာမြင့်စွာ အချိန်သုံးခြင်းသည် မည်သည့်အခါမျှ အကျိုးမဲ့ မဟုတ်ပါ။ ၂ ကော ရှိ ပထမ အခန်းငယ် ကိုးခန်းကို လေ့လာပြီးဖြစ်သောကြောင့် ကျန်အခန်းငယ် ကိုးခန်းကို တစ်ယောက်တည်းအချိန်သုံး၍ လေ့လာကာ ဆင်ခြင်နှလုံးသွင်းပါ။

ရှင်မာကုခရစ်ဝင်ကျမ်းတစ်အုပ်လုံး သို့မဟုတ် ဓမ္မသစ်ကျမ်းထဲမှ ကျမ်းအုပ်တစ်အုပ်ကို တစ်ထိုင်တည်း အပြီးဖတ်ရှုခြင်းက ၎င်းကျမ်းအုပ်ရှိ အကြောင်းအရာကို ခြုံပြီး သိနိုင်သည့်အကောင်းဆုံးသောနည်းတစ်ခု ဖြစ်သည်။ သိပ်မရှည်သောကျမ်းအုပ်ဖြစ်လျှင် အကြိမ်ပေါင်းများစွာ ပြန်ဖတ်နိုင်ပြီး ဖတ်တိုင်း ဆုတောင်းခြင်း၊ ဆင်ခြင်သုံးသပ်ခြင်း၊ မှတ်စုများထားခြင်း ပြုလုပ်သင့်သည်။ ကျမ်းအုပ်တစ်အုပ်တည်းကို ဖတ်ရှုကြဖို့ ရွေးချယ်နိုင်ကြသကဲ့သို့ မိမိတို့ဖတ်ရှုသည့်အရာနှင့် ဆင်ခြင်သုံးသပ်ချက်များကို ပြန်မျှဝေနိုင်ရန် အခြားရွေးချယ်မှုများကိုလည်း ပေးနိုင်သည်။

ကျမ်းစာလေ့လာခြင်း (အဖွဲ့လိုက် ဖတ်ရှုခြင်း)

အပန်းဖြေခြင်းတွင် ကျမ်းစာလေ့လာခြင်းကို ပြုနိုင်သည့် နည်းလမ်းများစွာ ရှိသည်။ Advance အဖွဲ့အစည်းအဝေးများတွင် လေ့လာခဲ့သည့် အဓိကကျမ်းချက်များကို ပြန်၍ လေ့လာနိုင်သကဲ့သို့ အပန်းဖြေချိန်အတွက် အဓိကကျသည့် ကျမ်းချက် သို့မဟုတ် အကြောင်းအရာတစ်ခုခုကို သင်ရွေးချယ်နိုင်သည်။ မည်သို့ပင်ဖြစ်စေ၊ ဧဝံဂေလိဆရာများ ပြုစုပျိုးထောင်ခြင်းကို အဓိကအချက်အဖြစ် အမြဲမှတ်ထားစေချင်သည်။

YouVersion တွင် ရှာတွေ့နိုင်သည့် Advance/ City Gospel Movements ‘Exploring Evangelism Myths’ Bible study ကိုလည်း အဖွဲ့လိုက် လေ့လာနိုင်သည်။

ထပ်လောင်းအစည်းအဝေးနှင့် အခြားသော ADVANCE အရင်းအမြစ်များ

အပန်းဖြေချိန်ကို ပုံမှန် Advance အဖွဲ့ တွေ့ဆုံခြင်းအစည်းအဝေး တစ်ခုအဖြစ် မှတ်ယူလျှင် ထပ်လောင်းအစည်းအဝေးတစ်ခုကဲ့သို့ ခံယူနိုင်သည်။ ကျွန်ုပ်တို့ ကျင့်သုံးလာသည့်ပုံစံအတိုင်း Advance အဖွဲ့အစည်းအဝေးကို ပြုလုပ်ရန် သင်၌ ကိုယ်ပိုင်နည်း ရှိကောင်းရှိနိုင်သည်။

ထို့ပြင်၊ (advancegroups.org/blog) Advance website တွင် One Thing blog ကိုလည်း သွားရောက်လေ့လာလျှင် ဧဝံဂေလိတရား စဟောပြောစဉ်က သိခဲ့သင့်သည့်အကြောင်းအရာတစ်ခုစီကို အသီးသီး မျှဝေကြသည့် ဧဝံဂေလိဆရာများကို သက်သေခံချက်များကို ဖတ်ရှုနိုင်သည်။ ဤသက်သေခံချက်များက ဆွေးနွေးခြင်းအစပြုရန် အင်မတန် အထောက်အကူပြုသည်။

ဆုတောင်းခြင်း

အပန်းဖြေချိန်အတွင်း ဆုတောင်းဖို့အချိန်ကို သပ်သပ် ဖယ်ထားပါ။ တိကျသောအရာအတွက် ဆုတောင်းဖို့ အချိန်သပ်သပ်၊ သမ္မာကျမ်းစာအတိုင်း ဆုတောင်းခြင်းနှင့် မိမိဆန္ဒရှိသလို ဆုတောင်းဖို့ အစီအစဉ် ဆွဲထားပါ။ အပန်းဖြေချိန်တွင် မည်သည့်အရာတွက် ဆုတောင်းသည်ဖြစ်စေ အောက်ပါအချက်သုံးချက်ကို ထည့်သွင်းဆုတောင်းစေချင်သည်။

အချင်းချင်းအတွက် ဆုတောင်းခြင်း

အတူတူအချိန်သုံးချိန်တွင် တစ်ယောက်အတွက် တစ်ယောက် ဆုတောင်းပေးပါ။ ကျေးဇူးတော်ချီးမွမ်းစရာ တစ်ချက်နှင့် လိုအပ်ချက်တစ်ချက်အတွက် အချင်းချင်း ဆုတောင်းခံပါ။ ဆုတောင်းခံချက်တင်ရာတွင် ရိုးသားပွင့်လင်းမှု ရှိရန် တိုက်တွန်းပါ။ ထို့ပြင်၊ လျှင်လျှင်မြန်မြန် ပြုမည့်အစား တစ်ယောက်၏ ဆုတောင်းခံချက်ကို အချိန်ပေး၍ နားထောင်ပေးပါ။ ဤအချိန်အတွင်းမှ ရလာသည့် ခွန်အားများနှင့် မှတ်သားစရာများကို မှတ်သားထားပါ။

ဒေသန္တရအသင်းတော်နှင့် တစ်ကမ္ဘာလုံးအတွက် ဆုတောင်းခြင်း

မိမိအသင်းတော်အတွက် ဆုတောင်းသကဲ့သို့ ကမ္ဘာအနှံ့သို့ ဧဝံဂေလိတရား ကျယ်ပြန့်ရန်အတွက်လည်း ဆုတောင်းပါ။ မိမိအသင်းတော်အတွက်ဖြစ်စေ၊ တစ်ကမ္ဘာလုံးအတွက်ဖြစ်စေ စိတ်ထဲတွင် တိတိကျကျ ကိန်းအောင်းသောအရာ ရှိပါလျှင် ၎င်းအတွက်လည်း ဆုတောင်းပါ။ တစ်စုံတစ်ယောက်၊ အသင်းတော်များ၊ သာသနာများ၊ အမှုတော်ဆောင်များ၊ သတင်းထဲက အခြေအနေများ စသည့်အရာများအတွက်လည်း သင်ဆုတောင်းနိုင်သည်။

ADVANCE အတွက် ဆုတောင်းခြင်း

မိမိ၏ရင့်ကျက်ခြင်း၊ အသီးသီးခြင်းနှင့် ကယ်တင်ခြင်းအကြောင်းများကို ပြန်ဆင်ခြင်အောက်မေ့ရင်း ဤအဖွဲ့တွင် နေသည့်ကာလအတွက် ကျေးဇူးတော် ချီးမွမ်းပါ။ မိမိအစပြုခဲ့သည့်အမှုကို အဆုံးတိုင်အောင် လုပ်ဆောင် ဘုရားသခင်ထံ ဆုတောင်းပါ။ ဘုန်းတော်ထင်ရှားစေမည့် ခရစ်တော်၏ ပုံသဏ္ဍာန်တော်အဖြစ်သို့ ပြောင်းလဲရန်လည်း ဆုတောင်းပါ (၂ ကော ၃:၁၇-၁၈ အတိုင်း သင်ဆုတောင်းနိုင်သည်)။

ကိုးကွယ်ခြင်း

နှုတ်ကပတ်တော် ဖတ်ရှုခြင်း၊ ဆုတောင်းခြင်းနှင့် မိတ်သဟာယဖွဲ့ခြင်းတို့သည် ကိုးကွယ်ခြင်းအစိတ်အပိုင်းများ ဖြစ်ကြသည်။ သို့သော်၊ သီချင်းဆိုခြင်းဖြစ်စေ၊ ထုတ်ဖော်မှုအသစ်အဆန်းတို့ ဖြင့်ဖြစ်စေ ကိုးကွယ်ခြင်းကို သင်ပြုလုပ်နိုင်သည်။

ဂုဏ်တော်ချီးမွမ်းခြင်းဖြင့် ကိုးကွယ်ခြင်း

သင့်အသိထဲတွင် ဂီတတွင် အရည်အချင်းရှိသောသူ ရှိလျှင် ဂုဏ်တော်ချီးမွမ်းကိုးကွယ်ခြင်းတွင် ပါဝင်ရန် ခေါ်ဖိတ်ပါ။ အွန်လိုင်းတွင်လည်း ကိုးကွယ်ခြင်း အထောက်အကူပြုနိုင်သော အပလယ်ဂေးရှင်းနှင့် ဗီဒီယိုများစွာ ရှိသည်။ အားလုံး လိုက်ဆိုနိုင်အောင် သင်အနှစ်သက်ဆုံးသီချင်းကို youtube တွင် လိုက်ရှာလျှင် သီချင်းစာသားနှင့်တကွ တွေ့လိမ့်မည်။ ဘုန်းတော်ကို ထင်ရှားစေရန် ယုံကြည်သူများ စုဝေးကာ ချီးမွမ်းခြင်းတွင် တန်ခိုးရှိသည်။

သက်သေခံခြင်းနှင့် ချီးမွမ်းခြင်း

တစ်နှစ်တာလုံး သင့်အသက်တာ၌ ဘုရားသခင် လုပ်ဆောင်ခဲ့သည့်အမှုများ ဖြစ်သော ရင့်ကျက်ကြီးထွားလာခြင်း၊ အဆင်ပြေအောင်မြင်ခြင်း၊ ဧဝံဂေလိ ဝေငှခွင့်နှင့် အသီးအပွင့်များ အကြောင်းကို သက်သေခံ ဝေငှကြပါ။ တစ်ယောက် သက်သေခံပြီးတိုင်း ဆုတောင်းရင်း ဘုရားသခင်ကို ချီးမွမ်းကြပါ။ ဘုရားသခင်၏ ဖြစ်တည်ခြင်းနှင့် သင့်အတွက် လုပ်ဆောင်ခဲ့သည့်အရာများအတွက် ကျေးဇူးတော် ချီးမွမ်းဖို့ သီချင်းဖြင့်ဖြစ်စေ၊ တစ်ဖွဲ့လုံးအတွက် အဆင်ပြေမည့် နည်းတစ်ခုဖြင့်ဖြစ်စေ ချီးမွမ်းကြပါ။

တိုက်တွန်းစေလွှတ်ခြင်း

ဘုရားသခင် ခေါ်ဆို၍ တန်ခိုးပေးတော်မူသည့် ဧဝံဂေလိတရား ဟောပြောခြင်းအမှုကို ဆက်လက်လုပ်ဆောင်ရန် ဘုရားသခင်ရှေ့တော်၌ အချင်းချင်း ခွန်အားပေးတိုက်တွန်းကြခြင်းဖြင့် အတူတကွ ဝတ်ပြုကိုးကွယ်ခြင်းကို ပြုလုပ်နိုင်သည်။ Advance အဖွဲ့ ပထမဆုံးနှစ် ကုန်ဆုံးချိန်တွင် ဤမှတ်တိုင်ကို ပြန်ကြည့်၍ ခွန်အားယူကာ ဘုရားသခင်ထံ ကျေးဇူးတော် ချီးမွမ်းနိုင်သည်။ ထို့ပြင်၊ တစ်လောကလုံး ကယ်တင်ခြင်းရရန်နှင့် ဘုရားသခင်၏ ဘုန်းတော် ထင်ရှားရန် နောက်တစ်ကြိမ် သွား၍ ဧဝံဂေလိတရား ဝေငှဟောပြောကြမည်ဖြစ်သောကြောင့် အချင်းချင်းအတွက် ဆုတောင်းကြပါ။

နှစ်စဉ်ပြန်လည်သုံးသပ်ခြင်း

စာမျက်နှာ ၂၄၈ တွင် မေးထားသည့် မေးခွန်းများအတိုင်း ပြန်လည်ဆင်ခြင်သုံးသပ်ကာ ဖောင်ကို ဖြည့်၍ ပေးထားသည့်အဖြေများ အပေါ် ဆုတောင်းပါ။ ၎င်းကို တစ်ယောက်ချင်းစီ ပြုလုပ်နိုင်သကဲ့သို့ အဖွဲ့လိုက်လည်း ပြုလုပ်နိုင်သည်။

မိတ်သဟာယဖွဲ့ခြင်း

အတူတူ စုရုံးကြသည့်အခါ မိတ်ဆွေရင်းချာ ဖြစ်လာကြပြီး တစ်ယောက်အပေါ် တစ်ယောက် ယုံကြည်မှု တိုးလာသည်။ မိမိ၏ Advance အဖွဲ့နှင့် မိတ်သဟာယဖွဲ့ခြင်းသည် မိမိအတွက် ကောင်းချီးဖြစ်မည်ဟု မျှော်လင့်မိသည်။ တစ်ယောက်နှင့်တစ်ယောက် တာဝန်ခံမှုရှိခြင်းနှင့် ပျော်ရွှင်ဝမ်းမြောက်စွာ မိတ်သဟာယဖွဲ့ခြင်းကို ဤအပန်းဖြေခြင်းတွင် ဆက်လက်လုပ်ဆောင်နိုင်သည်။

တာဝန်ခံမှုရှိခြင်း

တာဝန်ခံမှုရှိခြင်းသည် ယခုအချိန်ထိ အစည်းအဝေးတိုင်းအတွက် အဓိကကျသောအပိုင်း ဖြစ်သည်။ ယခုနောက်ဆုံးနှစ်အစည်းအဝေးတွင်လည်း သန့်ရှင်း၍ နိမ့်ချသောအသက်တာဖြင့် အသက်ရှင်ရန် တစ်ယောက်အပေါ်တစ်ယောက် တာဝန်ခံမှုရှိခြင်းကို ဆက်လက်လုပ်ဆောင်ပါ။

အစာရှောင်ခြင်း/စားသောက်ခြင်း

အပန်းဖြေချိန်တွင် အစာရှောင်ဖို့ အချိန်တစ်ခု ဖယ်ထားလျှင် အင်မတန် ကောင်းပေမည်။ သို့မဟုတ် အတူတူ စားသောက်စဉ် ဆွေးနွေးတိုင်ပင်ခြင်းကိုလည်း ပြုလုပ်နိုင်သည်။ အပန်းဖြေခြင်း၏ ရည်ရွယ်ချက်ကို ပြီးပြည့်စုံစေသရွေ့ မည်သည့်နည်းဖြင့် အချိန်သုံးသုံး မှန်သည်၊ မှားသည် မရှိပါ။

လှုပ်ရှားမှုများ

အားလုံး အတူတူ ပါဝင်နိုင်သည့် လှုပ်ရှားမှုတစ်ခုခုကို ပြင်ဆင်သင့်သည်။ ဥပမာ – သဘာဝအလှများ ရှိရာ ဥယျာဉ်တစ်နေရာရာတွင် အပန်းဖြေကြလျှင် အတူတူ လမ်းလျှောက်ကြ၍ ဘုရားသခင်နှင့် သီးသန့်အချိန် သုံးခြင်းဆိုင်ရာ လှုပ်ရှားမှုများကို လမ်းလျှောက်ရင်း ပြုလုပ်နိုင်ကြသည်။ သို့မဟုတ်၊ သင်တို့အဖွဲ့သည် မြို့ပြပတ်ဝန်းကျင်တွင် အပန်းဖြေကြလျှင် ပန်းချီပြတိုက်ကို အတူတူ သွားရောက်လေ့လာ၍ ထိုသို့လေ့လာကြစဉ် ဆင်ခြင်အောက်မေ့နှလုံးသွင်း၍ ပြန်လည်သုံးသပ်ရန် ပန်းချီအချို့ကို အသုံးပြုပြီး ဘုရားသခင်နှင့် သီးသန့်အချိန်သုံးခြင်းဆိုင်ရာ လှုပ်ရှားမှုများကိုလည်း ပြုလုပ်နိုင်ကြသည်။

ထိုနည်းတူ၊ အတူတကွ ပါဝင်လှုပ်ရှားနိုင်သည့် အားကစား သို့မဟုတ် ရိုးရှင်းသော ဖျော်ဖြေမှုတစ်ခုခုကို ပြုလုပ်နိုင်သည်။ ဘုရားဝတ်၌ မွေ့လျော်၍ ဆက်ကပ်အပ်နှံမှုကို အဓိကထားသည့် မိတ်သဟာယမျိုးဖြစ်စေ၊ အတူတကွ အချိန်ကောင်းသုံး၍ အချင်းချင်းကြား ဆက်ဆံရေး ပိုကောင်းစေသည့် မိတ်သဟာယမျိုးဖြစ်စေ အတူတူ အချိန်သုံးစေချင်သည်။

နောက်တစ်ဆင့်

Advance တတိယနှစ်သည် ပြီးဆုံးပြီ။ ဤတတိယနှစ် (နှင့် အပန်းဖြေခြင်း) ကို အပြီးမသတ်မီ မိမိအဖွဲ့နှင့် မိမိအဖွဲ့အားဖြင့် ရှိလာမည့် အဖွဲ့သစ်များအတွက် နောက်တစ်ဆင့်ကို ကြိုတင်ကြည့်စေချင်သည်။

ဤအဖွဲ့

Advance အဖွဲ့တွင် မိမိ၏အတွေ့အကြုံများကို ဝေငှလိုသောသူများကို အချိန်ပေးပါ။ မိမိကြီးထွားရင့်ကျက်လာပုံ၊ တိုးတက်လာပုံနှင့် မိမိသင်ယူခဲ့သည့် အကြီးမားဆုံးသောအရာတို့ကို မျှဝေပါ။ ပုံသေသတ်မှတ်ချက်ထက် လိုအပ်သလို အံဝင်ခွင်ကျဖြစ်အောင် စီစဉ်ဖွဲ့စည်းထားသည့် လမ်းညွှန်ချက်ကို တစ်ဖွဲ့လုံး မည်သို့ ထင်မြင်ကြသနည်း။ ဤအရာတို့၌ အချင်းချင်း ခွန်အားပေး တိုက်တွန်းကြပါ။

သုံးနှစ်တိုင်တိုင် တွေ့ဆုံကြပြီးနောက် ဆက်လက်တွေ့ဆုံကြအုံးမည်လော။ ဤလမ်းညွှန်ချက်များမှ အရင်းအမြစ်များကို အသုံးပြု၍ နောက်ထပ်တစ်နှစ် ထပ်တွေ့ဆုံ၍ ရသည်။ သို့မဟုတ် လုံးလုံး မတူသောနည်းဖြင့် တွေ့ဆုံနိုင်သည်။ မိမိတို့အစပြုခဲ့သည့် အချိန်ကို ပြန်သွား၍ ပထမနှစ်ကို ပြန်လည်လေ့လာနိုင်သည်။ ၎င်းအစည်းအဝေးများက သင့်အပေါ် အသစ်အသစ်သော သက်ရောက်မှု ရှိကောင်းရှိနိုင်သည်။ လာမည့်နှစ်တွင် Advance အဖွဲ့အနေဖြင့် တွေ့ဆုံကြသည် ဖြစ်စေ၊ မတွေ့ကြသည်ဖြစ်စေ လာမည့်နှစ်နှင့်ပတ်သက်၍ မိမိစိတ်လှုပ်ရှားသည့်အရာများကို အချင်းချင်း မျှဝေကြပါ။ ဤ Advance ပထမနှစ်အတွက် ကျေးဇူးတော်ချီးမွမ်း၍ လာမည့်နေ့ရက်များအတွက် ဘုရားသခင်ထံ ဆုတောင်းကာ ဆက်ကပ်ပါ။

စတုတ္ထနှစ် အစပြုမည့်နေ့ရက်ကို အတူတူ ဆုံးဖြတ်ကြပါ။

အဖွဲ့သစ်များ

တစ်နှစ်တာလုံးတွင် ဖွဲ့ခဲ့သည့်အဖွဲ့သစ်များ၏ တိုးတက်ပုံကို ဆွေးနွေးကြပါ။ တိုးပွားများပြားခြင်းသည် Advance အဖွဲ့အတွက် အရေးကြီးသောအပိုင်း ဖြစ်သည်။ အဖွဲ့သစ်ဖွဲ့ဖို့ အကူအညီ လိုအပ်လျှင် Advance website တွင် သွားပြီး လေ့လာနိုင်သကဲ့သို့ သင့်ကို နည်းမျိုးစုံဖြင့် ကူညီနိုင်သည့် ဒေသခံ Avance သံတမန်ကိုထံလည်း အကူအညီ တောင်းနိုင်သည်။

မိမိအစပြုခဲ့သည့်အဖွဲ့များ၏ အခြေအနေများကို မေးမြန်း၍ အတူတူ ဆုတောင်းကြပါ။

အပန်းဖြေချိန်ကို မည်သို့မည်ပုံ အသုံးပြုကြပါစေ Advance ၏ အဓိကအချက်များကို အဓိကထား၍ အဖွဲ့တစ်ဖွဲ့အနေဖြင့် မိမိတို့ တွေ့ကြုံခဲ့သည့်အရာများကို ပြန်ဆင်ခြင်သုံးသပ်ကြပြီး လာမည့်နေ့ရက်များအတွက် ဆုတောင်းကြပါ။ မိမိတို့ မြင်တွေ့ခဲ့သည့် ကြီးထွားခြင်းနှင့် အသီးအပွင့်များအတွက် ကျေးဇူးတော် ချီးမွမ်း၍ အနာဂတ်ကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံပါ။

နောက်ဆက်တွဲ
အစည်းအဝေးနှင့်ပတ်သက်၍ အခြားအကြံပြုချက်များ

ဤအစည်းအဝေးအကြံပြုချက်များကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အသုံးပြုပါ။ အကြံပြုချက်တစ်ခုစီတွင် ဆွေးနွေးရန် မေးခွန်းများနှင့်အတူ အဓိကကျမ်းချက်တစ်ချက် ပါဝင်သည်။

ဝိညာဉ်ရေးမိဘများ

ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို ပုံသွင်းပေး၍ တပည့်တော်ဖြစ်စေခြင်းခရီးတွင် အတူတူ လျှောက်လှမ်းပေးသော “ဝိညာဉ်ရေးမိဘများ” အကြောင်းကို ပြန်ဆင်ခြင်ပါ။ တိမောသေအတွက် ရှင်ပေါလု၏ ဝိညာဉ်ရေးဖခင်ဖြစ်ခြင်း အကြောင်းကို ဆင်ခြင်၍ တိမောသေအပေါ် သူ၏မိခင်နှင့် အဖွားတို့ ပါဝင်သည့်ကဏ္ဍများကိုလည်း ဆင်ခြင်ပါ။ ဤအထူးပုဂ္ဂိုလ်များအကြောင်းကို ဆင်ခြင်နှလုံးသွင်းရန် ဤအစည်းအဝေးတွင် အချိန်သုံး၍ ကိုယ်စီသင်ယူခဲ့သည့် သင်ခန်းစာများ၊ အတွေ့အကြုံများကိုလည်း ဝေမျှခြင်းဖြင့် အချင်းချင်း ခွန်အားပေးနိုင်သည်။ မည်သူတို့သည် သင်တို့၏ဝိညာဉ်ရေးကလေးများ ဖြစ်သည်ကိုလည်း စူးစမ်းရှာဖွေပါ။

အဓိကကျမ်းချက်

၂ တိ ၁း၁–၁၃

ဆွေးနွေးရန် မေးခွန်းများ

၁။ သင့်ယုံကြည်ခြင်းခရီးတွင် မည်သူသည် အဓိကကဏ္ဍတွင် ပါဝင်၍ အဘယ်ကြောင့် ပါဝင်သည်ဟု သင်ထင်သနည်း။

၂။ သူတို့ထံမှ သင်ယူခဲ့သည့်အကြီးမားဆုံးသောအရာမှာ အဘယ်နည်း။

၃။ မည်သူသည် ဝိညာဉ်ရေးဖခင်ကောင်း/မိခင်ကောင်း ဖြစ်သနည်း။

၄။ သင့်ကို ဝိညာဉ်ရေးဖခင်/မိခင်အဖြစ် သတ်မှတ်မည့်သူ မည်သူရှိသနည်း။

ဘဝကျမ်းချက်များ

ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို ပုံသွင်း၍ တိကျသောအခြေအနေများတွင် ကျွန်ုပ်တို့အား ခွန်အားပေးပြီး စိန်ခေါ်မှုလည်း ပေးသော ကျမ်းချက် သို့မဟုတ် အနက်ရှိုင်းဆုံး ဘုရားသခင် စကားပြောသည့် ကျမ်းချက်တစ်ချက် ကျွန်ုပ်တို့၌ ရှိကြမည်ဖြစ်သည်။ ဤအစည်းအဝေးတွင် ထိုကျမ်းချက်များအား ဆင်ခြင်နှလုံးသွင်း၍ ၎င်းကျမ်းချက်တို့၏ သင့်အပေါ် အကျိုးသက်ရောက်မှုတို့ကို အချင်းချင်း ဝေမျှကြပါ။

အဓိကကျမ်းချက်

ဆာလံ ၁၁၉း၉–၁၆

ဆွေးနွေးရန် မေးခွန်းမျာ

၁။ သင့်ယုံကြည်ခြင်း သို့မဟုတ် သင့်သာသနာလုပ်ငန်းအပေါ် ကြီးမားသောသက်ရောက်မှုရှိသည့် ကျမ်းချက် သုံးချက် သို့မဟုတ် ကျမ်းပိုဒ်များကို ဝေမျှနိုင်ပါသလား။

၂။ ဤကျမ်းချက်များက သင့်အတွက် အဘယ်ကြောင့် အရေးကြီးသနည်း။

၃။ သင့်ထံ သမ္မာကျမ်းစာ စကားပြောပုံနှင့် ပတ်သက်၍ သင်အံ့သြဖူးပါသလား။

၄။ သင့်နေ့စဉ်အသက်တာတွင် ကျမ်းစာဖတ်ရှုခြင်းကို သင်မည်သို့ ပုံမှန်လုပ်လေ့ရှိသနည်း။

အဓိကဝေါဟာရများ

ဤအစည်းအဝေးတွင် ဧဝံဂေလိတရားဟောပြောခြင်းနှင့် ပတ်သက်သည့် အဓိကဝေါဟာရများကို ရှာ၍ အတူတူ ဆွေးနွေးကြပါ။ ဝေါဟာရအချို့နှင့် အသုံးအနှုန်းအချို့တို့ကို ရှင်းရှင်းလင်းလင်း ရှင်းပြဖို့ အရေးကြီးပုံကို ဆွေးနွေး၍ တိကျပြတ်သားရိုးစင်းသော အဓိပ္ပာယ်ဖွင့်ဆိုချက်များ ပြုလုပ်နိုင်ရန် အချင်းချင်း ကူညီကြပါ။ အတူတူ ရှာဖွေ၍ အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။

- ဧဝံဂေလိတရား ဟောပြောခြင်း စာမျက်နှာ ၂၂၃ ရှိ ဘလော့ (blog) အစီအစဉ်ကို ကြည့်ပါ)
- ဧဝံဂေလိဆရာ
- ဧဝံဂေလိတရား (သတင်းကောင်း)
- သက်သေခံခြင်း
- သာသနာ
- ဟောပြောခြင်း
- တပည့်တော်ဖြစ်စေခြင်း
- ခရစ်ယာန်
- ကိုးကွယ်ခြင်း

အဓိကကျမ်းချက်

သုတ္တံ ၂း၁-၆

ဆွေးနွေးရန် မေးခွန်းများ

၁။ ဤစကားလုံးများ၏ ဆိုလိုရင်းကို သိနားလည်ဖို့ အဘယ်ကြောင့် အရေးကြီးသနည်း။

၂။ ဤစကားများ၏ ဆိုလိုရင်းကို သူတပါး နားလည်အောင် ရိုးရိုးရှင်းရှင်း သင်ရှင်းပြနိုင်ပါသလား။

၃။ သုတ္တံကျမ်းရှိ ကျမ်းချက်သည် ဘုရားသခင်နှင့်ပတ်သက်သည့် အန္တိမသမ္မာတရားနှင့်ဆိုင်သော ပညာအကြောင်း ဖြစ်သည်မှန်သော်လည်း ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့် လုပ်ရှားအသက်ရှင်မှုတို့နှင့် ပတ်သက်၍ မည်သည့်လက္ခဏာသွင်ပြင်အချို့ကို ကျွန်ုပ်တို့ သင်ယူနိုင်ပါသနည်း။

၄။ ဝေါဟာရများကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းမှ ကျင့်သုံးခြင်းသို့ မည်သို့ ရွှေ့ပြောင်းနိုင်ပါသနည်း။

သက်သေခံခြင်း

သက်သေခံခြင်းသည် ဧဝံဂေလိဟောပြောဖို့ တန်ဆာပလာကောင်း ဖြစ်သည်။ သက်သေခံခြင်းကိုယ်၌သည် ဧဝံဂေလိဟောပြောခြင်းတော့ မဟုတ်ပေ။ ဧဝံဂေလိကို ရှင်းပြဖို့ အမြဲလိုအပ်သည်။ သို့သော်၊ လက်တွေ့ ဧဝံဂေလိတရား ဟောပြောခြင်းတွင် ကျွန်ုပ်တို့မည်သို့ ယုံကြည်လာ၍ ကျွန်ုပ်တို့၏အသက်တာ၌ လွန်ခဲ့သောအချိန်နှင့် လက်တစ်လောအတွင်း ဘုရားသခင် အလုပ်လုပ်ပုံများကို ထည့်သွင်းသက်သေခံခြင်းသည် အဖိုးတန်သောအရာ ဖြစ်သည်။ ဤအစည်းအဝေးတွင် ဧဝံဂေလိတရားဟောပြောခြင်းတွင် သက်သေခံခြင်း၏အပိုင်းကဏ္ဍကို ဆွေးနွေး၍ မိမိတို့၏အတွေ့အကြုံများကိုလည်း ဝေမျှကြပါ။ အချင်းချင်း မွမ်းမံ၍ မေးခွန်းမေးကာ သင့်သက်သေခံချက်တွင် မထင်မှတ်ဘဲ သင်ချန်ထားတတ်သည့်အကြောင်းအရာများကို ထောက်ပြ၍ ဆွေးနွေးကြပါ။ သင်သက်သေခံသည့်အခါ ယခုအချိန်ထိ သင့်အသက်တာ၌ ဘုရားသခင် အလုပ်လုပ်ပုံများကို ထည့်သွင်းသက်သေခံခြင်းဖြင့် သင့်သက်သေခံချက်ကို အသက်ဝင်စေပါ။

အဓိကကျမ်းချက်

မာကု ၅း၁-၂၀

ဆွေးနွေးရန် မေးခွန်းများ

၁။ ယေရှုကို ကယ်တင်ရှင်အဖြစ် သင်စတင်လက်ခံခဲ့သည့် အကြောင်းနှင့် ပတ်သက်၍ သင့်သက်သေခံချက်ကို သင်မည်မျှ တန်ဖိုးထားပါသနည်း။

၂။ သင့်အသက်တာ၌ ဘုရားသခင်၏ မကြာသေးခင်က လှုပ်ရှားမှုကို ကောင်းကောင်းမွန်မွန် သင်သက်သေခံဝေမျှနိုင်ပါသလား။

၃။ ထိရောက်မှုရှိသော ဧဝံဂေလိတရားဟောပြောခြင်းတွင် သက်သေခံခြင်းသည် မည်သို့အပိုင်းကဏ္ဍတွင် ပါဝင်ပါသနည်း။

၄။ သက်သေခံခြင်းတန်းခိုးနှင့် ပတ်သက်၍ မာကု ၅ ရှိ ယေရှုနှင့် နတ်ဆိုးစွဲသောလူတစ်ယောက်အကြောင်းက မည်သည့်အရာ ဖော်ပြပါသနည်း။

သန့်ရှင်းသောဝိညာဉ်တော်

သန့်ရှင်းသောဝိညာဉ်တော်မပါဘဲ ဧဝံဂေလိတရားဟောပြောခြင်းသည် အချိန်ဖြုန်းခြင်းသက်သက် ဖြစ်သည်။ ဝိညာဉ်တော်ကသာ ကျွန်ုပ်တို့၏ကြိုးစားအားထုတ်မှုကို အသုံးပြု၍ အသစ်သောအသက်ကို ပေးနိုင်သည်။ ဤအစည်းအဝေးတွင် သန့်ရှင်းသောဝိညာဉ်တော်ကို အကောင်းဆုံးဧဝံဂေလိဆရာအဖြစ် ဆင်ခြင်နှလုံးသွင်းဖို့ အချိန်သုံးပါ။ သင့်အသက်တာတွင် ပြည့်ဝရန်လည်း ဝိညာဉ်တော်ထံ ဆုတောင်းပါ။ သင့်အသက်တာ၌ ဝိညာဉ်တော် စကားပြောရန် ဤအစည်းအဝေးတွင် အချိန်သီးသန့် ဖယ်ထားပါ။

အဓိကကျမ်းချက်

ယော ၁၆း၇-၁၁

ဆွေးနွေးရန် မေးခွန်းများ

၁။ သန့်ရှင်းသောဝိညာဉ်တော်နှင့် သင့်ကြား ဆက်ဆံရေးကို သင်မည်သို့ ရှင်းပြမည်နည်း။

၂။ သန့်ရှင်းသောဝိညာဉ်တော်ကို "အကောင်းဆုံးဧဝံဂေလိဆရာ" အဖြစ် မည်သည့်နည်းဖြင့် ဖော်ပြ၍ ရပါသနည်း။

၃။ မိမိထွက်သွား၍ ဝိညာဉ်တော် (ကြားခံပုဂ္ဂိုလ်) ရောက်လာခြင်းက ပိုကောင်းကြောင်း ယောဟန် ၁၆ တွင် ယေရှု မိန့်တော်မူခဲ့သည်။ အဘယ်ကြောင့် ပိုကောင်းသည်ဟု သင်ထင်ပါသနည်း။

၄။ ယခုပင် သင့်ထံ သန့်ရှင်းသော ဝိညာဉ်တော် ရောက်လာရန် သင်ဆုတောင်းမည်လော။

သူတပါး၏ဘဝအသက်တာ

ဧဝံဂေလိဆရာ သို့မဟုတ် သာသနာပြုဆရာ တစ်ယောက်ယောက်၏အကြောင်းကို ဆင်ခြင်၍ သူတို့၏အသက်တာမှ သင်ယူနိုင်သည့် သင်ခန်းစာများနှင့် စိတ်ခွန်အားများကို ရယူရန် ဤအစည်းအဝေးကို အသုံးပြုပါ။ (အောက်တွင် အကြံပြုထားသည့်ပုဂ္ဂိုလ်များ ရှိသော်လည်း သင်စိတ်ဝင်စားသည့် မည်သူကိုမဆို သင်ရွေးချယ်နိုင်သည်။) ကြိုတင်၍ အစီအစဉ်ဆွဲထားလျှင် အစည်းအဝေးချိန်မရောက်မီ တစ်လတာအတွင်း အားလုံး ဖတ်ရှုလေ့လာနိုင်သည့် ဧဝံဂေလိဆရာတစ်ယောက်၏ အတ္ထုပ္ပတ္တိကို ကြိုတင်ရှာဖွေရွေးချယ်နိုင်သည်။ ဤဧဝံဂေလိဆရာများ၏ ရုပ်သံမှတ်တမ်းများနှင့် မရှည်လျားသောအစီအစဉ်များကို YouTube တွင် ရိုက်ရှာနိုင်သည်။ ၎င်းတို့ကို အစည်းအဝေးချိန်တွင်ဖြစ်စေ မတိုင်မီဖြစ်စေ နားဆင်နိုင်သည်။

အဓိကကျသော ဧဝံဂေလိဆရာများနှင့် သာသနာပြုဆရာများ

- ဒီအယ်မူးဒီ
- ဂျွန်ဝိစလီ
- ဝီလီယံနှင့် ကက်သရင်းဘုသ်
- ဂလက်ဒီ အယ်လ်ဝဒ်
- အိုင်းနီဆမ်ပဲလ်မက်ဖဲရ်ဆန်
- အဲရင့်လိဒဲလ်
- ဆယ်လီနာဟဲ့စ်တင်း
- ဂျွန်နင်းမ်ဘာ
- ဘီလီဂရေဟမ်
- ရိန်းဟတ်ဘွန်ခည်
- လူးဝိစ်ပလိုး
- ဘရာဘားရန်

ဆွေးနွေးရန် မေးခွန်းများ

- ၁။ ဤဧဝံဂေလိဆရာ၏ဘဝဇာတ်ကြောင်းမှ မည်သည့်အချက်သည် သင်အနှစ်သက်ဆုံး ဖြစ်သနည်း။
- ၂။ သူတို့၏ဘဝဇာတ်ကြောင်းမှ သင်သတိပြုရမည့် သတိပေးချက်များ ရှိပါသလား။
- ၃။ သူတို့၏ဘဝဇာတ်ကြောင်းကို ကြည့်သည့်အခါ သင်စိတ်အားထက်သန်လာပါသလား။ သို့မဟုတ် ခြိမ်းခြောက်သလို ခံစားရပါသလား။
- ၄။ သင့်အတ္ထုပ္ပတ္တိကို သူတပါး ဖတ်လျှင် သင့်ဧဝံဂေလိတရားဟောပြောခြင်းနှင့် ပတ်သက်၍ မည်သည့်အရာကို သူတပါးအား သင်ယူစေချင်ပါသနည်း။

ညှိုဝတ်ကျေပွန်ခြင်း

ဧဝံဂေလိတရားဟောပြောခြင်းတွင် လျစ်လျူရှုခံရသည့် နောက်တစ်ခုမှာ ညှိုဝတ်ကျေပွန်ခြင်း ဖြစ်သည်။ ဘုရားခင်၏ ချစ်ခြင်းမေတ္တာ ဝေမျှရာတွင် ညှိုဝတ်ကျေပွန်ခြင်းကို အခရာကျသော ကဏ္ဍတွင် ပါဝင်ကြောင်းကို သမ္မာကျမ်းစာ တစ်လျှောက် တွေ့

နိုင်သည်။ ညှော်ဝတ်ကျေပွန်ခြင်းသည် တစ်ချိန်က သမိုင်း သို့မဟုတ် ယဉ်ကျေးမှုနှင့်ဆိုင်၍ ယနေ့ ခေတ်တွင် လျစ်လျူရှု၍ ရသည်ဟု မဆိုနိုင်ပါ။ ညှော်ဝတ်ကျေပွန်ခြင်းသည် ကျွန်ုပ်တို့၏နေ့စဉ်ခရစ်ယာန်အသက်တာနှင့် သက်ဆိုင်၍ ဧဝံဂေလိတရားဟောပြောခြင်းအတွက် အခွင့်အရေးများစွာကို ဖန်တီးပေးနိုင်သည်။ ဤအစည်းအဝေးတွင် ညှော်ဝတ်ကျေပွန်ခြင်းကို အတူတူ လေ့လာ၍ ဧဝံဂေလိတရားအခွင့်အလမ်းအတွက် သင်မည်သို့ အသုံးပြုမည့် အကြောင်းကိုလည်း ဝေမျှကြပါ။ လာမည့်ရက်သတ္တပတ်များအတွင်း တမင်ရည်ရွယ်၍ ညှော်ဝတ်ကျေပွန်ရန်နှင့် အချင်းချင်း တာဝန်ခံမှုရှိရန် နည်းလမ်းများကို အတူတူ ရှာကြပါ။

အဓိကကျမ်းချက်

လုကာ ၁၄း၁၂-၁၄

ဆွေးနွေးရန် မေးခွန်းများ

၁။ သင့်အတွက် "ညှော်ဝတ်ကျေပွန်ခြင်း" ဆိုသည်မှာ အဘယ်နည်း။

၂။ သင့်ဧဝံဂေလိတရားဟောပြောခြင်းအစီအစဉ်တွင် ညှော်ဝတ်ကျေပွန်ခြင်းကို သင်မည်သို့ အသုံးပြုသနည်း။

၃။ ညှော်ဝတ်ကျေပွန်ခြင်းနှင့် တစ်ပါးတည်း ပါလာသည့် စိန်ခေါ်မှုများမှာ အဘယ်နည်း။

၄။ လုကာ ၁၄ ကို သေချာလေ့လာပါ။ စစ်မှန်သောညှော်ဝတ်ကျေပွန်ခြင်းနှင့် နိုင်ငံတော်အကြောင်းတို့နှင့်ပတ်သက်၍ ယေရှု မည်သို့ မိန့်တော်မူခဲ့သနည်း။

အစေခံခြင်း

အစေခံခြင်းသည် ညှော်ဝတ်ကျေပွန်ခြင်းနှင့် သိပ်မခြားနားလှပါ။ ဧဝံဂေလိတရား အခွင့်အရေးများ ဖွင့်ပေးနိုင်သည့် နည်းဖြင့် သင့်ပတ်ဝန်းကျင်ရှိလူများအား အစေခံနည်းများကို လေ့လာကြပါ။ "သူတို့၏ဗိုက်ထဲတွင် အစာလည်းမရှိ၊ ခြေများလည်း အေးစက်နေလျှင် လူတို့၏နှလုံးသားကို ဘုရားသခင်၏ မေတ္တာတော်ဖြင့် သင်နွေးထွေးစေနိုင်မည် မဟုတ်ပါ" ဟူ၍ William Booth မိန့်ဆိုခဲ့ဖူးသည်။ သို့ ဖြစ်လျှင် ဘုရားသခင်၏မေတ္တာတော်အကြောင်း နှင့် ယေရှုအားဖြင့် ထိုမေတ္တာ ရနိုင်ကြောင်း ရှင်းပြခွင့်ရှိနိုင်ရန် သူတပါး၏ ဝမ်းဗိုက်ကိုလည်း မည်သို့ ဖြည့်၍ အေးစက်သောခြေများကိုလည်း မည်သို့ နွေးထွေးစေနိုင်မည်နည်း။

အဓိကကျမ်းချက်

ယာကုပ် ၂း၁၄-၁၇

ဆွေးနွေးရန် မေးခွန်းများ

၁။ သင့်ရပ်ရွာအသိုင်းအဝိုင်းတွင် လက်တွေ့ကျသော မည်သည့်လိုအပ်ချက်များ ရှိနေသနည်း။

၂။ အများအကျိုးသယ်ပိုးကာ အစေခံခြင်းဖြင့် ဧဝံဂေလိတရား ရှင်းပြရန် အခွင့်အရေး ရလာသည်ကို သင်မြင်ဖူးပါသလား။

၃။ အများအကျိုးသယ်ပိုးကာ အစေခံခြင်းကိုယ်၌အား ဧဝံဂေလိတရားဟောပြောခြင်းအဖြစ် ထင်မှတ်ခြင်းက မည်သည့်အန္တရာယ်များ ရှိသနည်း။

၄။ ဧဝံဂေလိတရားဟောပြောရန် အခွင့်အရေးများ မဖန်တီးပေးသည့်တိုင် အစေခံခြင်းက ခရစ်ယာန်အသက်တာအတွက် အဘယ်ကြောင့် အခရာ ကျသနည်း။

ပူးပေါင်းဆောင်ရွက်မှု

တစ်ယောက်တည်း ဧဝံဂေလိပြုလုပ်ခြင်းသည် အမြဲတမ်း အကြံကောင်းတော့ မဟုတ်သော်လည်း ပုံမှန်အားဖြင့် ကျွန်ုပ်တို့ ဧဝံဂေလိဟောပြောသည့်အခါ တစ်ယောက်တည်း ဖြစ်လေ့ရှိသည်။ ဧဝံဂေလိတရားဟောပြောခြင်းတွင် ပူးပေါင်းဆောင်ရွက်ခြင်း၏ သမ္မာကျမ်းစာနည်းကျကြောင်းနှင့် လိုအပ်ကြောင်းတို့ကို လေ့လာဆွေးနွေးရန် ဤအစည်းအဝေးကို အသုံးပြုပါ။

အဓိကကျမ်းချက်များ

- လုကာ ၁၀း၁-၃
- ဒေသနာ ၄း၉-၁၂
- သုတ္တံ ၂၇း၁၇
- ၁ ပေ ၄း၁၀
- ဟေဗြဲ ၁၀း၂၄-၂၅

ဆွေးနွေးရန် မေးခွန်းများ

၁။ ဤကျမ်းချက်များကို ကြည့်၍ ပူးပေါင်းဆောင်ရွက်ခြင်း၏ အကျိုးများကို ဖော်ပြပါ။

၂။ ပူးပေါင်းဆောင်ရွက်ခြင်း၏ စိန်ခေါ်မှုများမှာ အဘယ်နည်း။

၃။ အထက်ပါကျမ်းချက်များ ဖော်ပြသည့်အတိုင်း သင်ယုံကြည်အားကိုးရသောပုဂ္ဂိုလ်များနှင့် ထောက်ပံ့ကူညီသောပုဂ္ဂိုလ်များ သင့်တွင် ရှိပါသလော။

၄။ ဧဝံဂေလိဟောပြောခြင်းတွင် ပူးပေါင်းဆောင်ရွက်မှုက အသင်းတော်၏ ဧဝံဂေလိတရားဟောပြောခြင်းကို မည်သို့ ပိုထင်ရှားစေသနည်း။

သမ္မာကျမ်းလာ စံ

သမ္မာကျမ်းစာသည် ဧဝံဂေလိသမ္မာတရားကို သွန်သင်ပေး၍ ကျွန်ုပ်တို့အား မည်သို့သော သံတမန်များဖြစ်သင့်ကြောင်း ကိုလည်း အသိပေးကာ ကနဦးအသင်းတော်၏ ဧဝံဂေလိတရားဟောပြောခြင်း သာဓကမျိုးစုံဖြင့် ကျွန်ုပ်တို့ကို ခွန်အားပေးတိုက်တွန်းသည်။ သို့သော်၊ ဧဝံဂေလိဟောပြောဖို့ အချိန်တိုင်းရှိ လူတိုင်းအား ချဉ်းကပ်ရန် အကောင်းဆုံးနည်းနှင့် ပတ်သက်၍ တိကျသော အဆင့်တစ်ဆင့်ချင်းစီ သမ္မာကျမ်းစာတွင် ဖော်ပြမထားပါ။ ထိုသို့မပေးထားခြင်းက အမှားမဟုတ်ပါ။ လူ့ယဉ်ကျေးမှုသည် ပြောင်းလဲသည့်သဘောရှိ၍ နည်းဗျူဟာသည် အမျိုးမျိုးအဖုံဖုံရှိသော်လည်း ဧဝံဂေလိတရားသည် လုံးဝ မပြောင်းလဲပါ။ ထို့ကြောင့်၊ ကျွန်ုပ်တို့၏ဧဝံဂေလိတရား ဟောပြောခြင်းသည် အလျှင်းသင့်သလို ပြောင်းလဲရပေမည်။ ကျွန်ုပ်တို့၏ ဧဝံဂေလိတရားဟောပြောခြင်းသည် သမ္မာကျမ်းစာအပေါ် သစ္စာရှိ၍ ဘုန်းတော်ကို ထင်ရှားစေနိုင်ရန် ယဉ်ကျေးမှုနှင့် အချိန်အခါ မရွေး လမ်းညွှန်နိုင်သည့် ဧဝံဂေလိဟောပြောခြင်းဆိုင်ရာ အခြေခံသဘောတရား သုံးမျိုးကို တမန်တော် ၂ ထဲတွင် တွေ့နိုင်သည်။ ဤအစည်းအဝေးတွင် တမန်တော် ၂ ကို တူးဖော်လေ့လာ၍ အောက်ပါ ဧဝံဂေလိဟောပြောခြင်းဆိုင်ရာ စံသုံးမျိုးကို ရှာဖွေလေ့လာနိုင်သည်။

ဆုတောင်းခြင်း – ဘုရားသခင်ကို ရှာခြင်း (တမန် ၂း၁-၁၃)

ဟောပြောခြင်း – နှုတ်ကပတ်တော်ကို ဝေငှဟောပြောခြင်း (တမန် ၂း၁၄-၄၁)

အတူရှိနေခြင်း – ချစ်ခြင်းမေတ္တာ ပြသခြင်း (တမန် ၂း၄၂-၄၇)

အဓိကကျမ်းချက်

တမန်တော်ဝတ္ထု ၂

ဆွေးနွေးရန် မေးခွန်းများ

၁။ ဧဝံဂေလိတရားဟောပြောခြင်းဆိုင်ရာ သမ္မာကျမ်းနည်းကျသော စံများမှာ ဆုတောင်းခြင်း၊ ဟောပြောခြင်းနှင့် အတူရှိနေခြင်းတို့ ဖြစ်သည်ဟု အဘယ်ကြောင့် သင်ထင်ပါသနည်း။

၂။ အမျိုးမျိုးသောဘာသာစကားပြောခြင်းဆုကျေးဇူး ရရှိခြင်းက ဧဝံဂေလိတရား ဟောပြောခြင်းကို အဘယ်ကြောင့် အစပြုစေခဲ့သည်ဟု သင်ထင်ပါသနည်း။

၃။ ယနေ့ ကျွန်ုပ်တို့၏ဟောပြောခြင်းအမှုအတွက် ဆင်ခြင်နှလုံးသွင်းရန် ရှင်ပေတရု၏ ဟောပြောခြင်းမှ မည်သည့်အရေးကြီးသောအချက်များ ရှိပါသနည်း။

၄။ ခမည်းတော်နှင့်အတူရှိခြင်း၊ အသင်းတော်မိသားစုနှင့် အတူရှိခြင်း၊ သက်သေများအဖြစ် ဤလောကအတွင် အတူရှိခြင်းတို့ကို ဟန်ချက်ညီအောင် ကျွန်ုပ်တို့ မည်သို့ ပြုလုပ်နိုင်ပါသနည်း။

ဧဝံဂေလိတရားဟောပြောခြင်းဆိုင်ရာ အကောင်းဆုံး ကျမ်းချက်

ဧဝံဂေလိတရားခြင်းနှင့် ပတ်သက်၍ သမ္မာကျမ်းစာတွင် အကောင်းဆုံးကျမ်းချက်မှာ ၂ ကော ၆ ဖြစ်သည်ဟု ဆိုကြသည်။ ဤလောကတွင် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် လုပ်ဖော်ဆောင်ဖက်များ ဖြစ်ကြကြောင်းအပြင် ခက်ခဲမှုမျိုးစုံနှင့် ရန်းကန်ရမည့်အကြောင်းကိုလည်း ရှင်ပေါလု သတိပေးထားသည်။ သို့သော်၊ ဤအခက်အခဲများ၏ အနိုင်ယူအလဲထိုးခြင်းကို ခံရမည့်အစား ၎င်းအခက်အခဲများက ကျွန်ုပ်တို့၏သက်သေဖြစ်ခြင်းကို ပို၍ပင် ခိုင်လုံစေသည်။ သမ္မာတရားစွဲကိုင်လျှင် ဆန့်ကျင်သူ အမြဲရှိမည်ဖြစ်သည်။ သို့သော်၊ ၎င်းဆန့်ကျင်မှုကြောင့် ကျွန်ုပ်တို့ စိတ်ပျက်ဖို့ မလိုပါ။ သမ္မာတရားသည် ကျွန်ုပ်တို့၏ မျှော်လင့်ခြင်း ဖြစ်သည်။ ဧဝံဂေလိတရားဟောပြောခြင်းအကြောင်း၊ အခွင့်အရေးများနှင့် စိန်ခေါ်မှုများကို စုံစုံလင်လင် ဖော်ပြထားသည့် ဤကျမ်းချက်ကို ဤအစည်းအဝေးတွင် လေ့လာကြပါ။

အဓိကကျမ်းချက်

၂ ကော ၆

ဆွေးနွေးရန် မေးခွန်းများ

၁။ ဧဝံဂေလိတရားဟောပြောခြင်းနှင့် ပတ်သက်၍ ဤကျမ်းချက်ကို အကောင်းဆုံးကျမ်းချက်အဖြစ် အဘယ်ကြောင် သတ်မှတ်ကြသည်ဟု သင်ထင်ပါသနည်း။

၂။ သူတပါးအတွက် မည်သည့်အတားအဆီးမျိုးကို ကျွန်ုပ်တို့ ဖြစ်စေ၍ မည်သို့ ရှောင်လွှဲနိုင်ပါသနည်း။

၃။ ကျွန်ုပ်တို့ ရင်ဆိုင်သည့်အခက်အခဲများက ကျွန်ုပ်တို့၏ဧဝံဂေလိတရားဟောပြောခြင်းကို ပို၍ ခိုင်လုံစေကြောင်း ရှင်ပေါလု မိန့်မှာခဲ့သည်။ သင့်သက်သေခံဟောပြောခြင်းကို ဤအချက်က မည်သို့ ခွန်အားဖြစ်စေပါသနည်း။

၄။ "မယုံကြည်သောသူတို့နှင့် တွဲဘက်၍ ဆန့်ကျင်ဘက်ဖြစ်သော ထမ်းဘိုးကို မထမ်းကြနှင့်" ဟူသည့် စိန်ခေါ်မှုနှင့် မေတ္တာရှေ့တန်းတင်ကာ သတင်းကောင်း ဟောပြောခြင်းကို ကျွန်ုပ်တို့ မည်သို့ ချိန်ညှိနိုင်ပါသနည်း။

ယုံကြည်ခြင်း၊ ရှင်းလင်းခြင်း၊ ဖိတ်ခေါ်

Advance အဖွဲ့တွင် သင်ပါဝင်လိုသည့်ဆန္ဒရှိသည်၊ မရှိသည်ကို ဆုံးဖြတ်ရန် အကူအညီပေးနိုင်သည့် အောက်ပါမေးခွန်းများကို Advance အစပိုင်းတွင် သင်တွေ့လိမ့်မည်။

ယုံကြည်ခြင်း – ဧဝံဂေလိတရား၏တန်ခိုး အနည်းငယ်မျှ မပျောက်ဆုံးကြောင်း သင်ယုံကြည်ပါသလား။ ၎င်းဧဝံဂေလိတရားတစ်ခုတည်းကသာ လူတစ်ယောက်အား စစ်မှန်သောအသက်နှင့် ကယ်တင်ခြင်း ပေးနိုင်ကြောင်း သင်ယုံကြည်ပါသလား။

ရှင်းလင်းခြင်း – အခွင့်ရတိုင်း ဧဝံဂေလိတရားကို ရှင်းရှင်းလင်းလင်း ဟောပြောလိုသည့် ဆန္ဒရှိပါသလား။

ဖိတ်ခေါ်ခြင်း – ဧဝံဂေလိတရား ပေးသည့် မျှော်လင့်ချက်ကို သူတပါးထံ ဖိတ်ခေါ်မျှဝေလိုပါသလား။ လူသားတို့ကို ခရစ်တော်နှင့် ထာဝရမိတ်သဟာယ ဖွဲ့စေလိုပါသလား။

သင့် Advance ခရီးအတွက် သစ်လွင်သောနားလည်မှု ရှိရန် ဤအစည်းအဝေးတွင် ဤမေးခွန်းများကို အသေးစိတ် လေ့လာသွားမည်။

အဓိကကျမ်းချက်

၂ ကော ၄း၅–၁၈

ဆွေးနွေးရန် မေးခွန်းများ

၁။ လူတစ်ယောက်အနေဖြင့် Advance အဖွဲ့တွင် ပါဝင်သင့်၊ မသင့်ကို ဆုံးဖြတ်ရာတွင် ဤမေးခွန်းများက အဘယ်ကြောင့် အထောက်အကူ ပြုသည်ဟု သင်ထင်ပါသနည်း (သင့်အတွက် အထောက်အကူ ပြုခဲ့ပါသလား)။

၂။ Advance အစပြုခဲ့သည့်အချိန်မှစ၍ ဧဝံဂေလိတရား၏တန်ခိုး လုပ်ဆောင်မှုကို သင်မည်သို့ တွေ့မြင်ခဲ့ပါသနည်း။ သင့်ယုံကြည်ခြင်းအပေါ် မည်သည့် သက်ရောက်မှု ရှိပါသနည်း။

၃။ ဧဝံဂေလိတရားကို ရှင်းရှင်းလင်းလင်း ဟောပြောခြင်းတွင် ကိုယ့်ကိုကိုယ် မည်သို့တိုးတက်သည်ဟု မြင်ပါသနည်း။ ၎င်းက သင့်ဧဝံဂေလိတရားဟောပြောခြင်းအတွက် မည်သည့်သက်ရောက်မှု ရှိပါသနည်း။

၄။ သင့်ပတ်ဝန်းကျင်ရှိ လူများထံ ဧဝံဂေလိတရားဆိုင်ရာ ဖိတ်ခေါ်မှု ပြုလုပ်ရာတွင် Advance က သင့်အပေါ် အကျိုးပြုပါသလား။

ဧဝံဂေလိဆရာ၏ ကဏ္ဍ

စာမျက်နှာ ၂၄၀ ရှိ ဧဝံဂေလိဆရာ၏ကဏ္ဍ ပုံကားချပ်ကို ကြည့်ပါ။ ၎င်းပုံကားချပ်ရှိ စကားလုံးတစ်ခုချင်းစီနှင့် ဧဝံဂေလိဆရာ၏ကဏ္ဍနှင့် ပတ်သက်၍ သင့်နားလည်မှုကို ၎င်းစကားလုံးများက မည်သို့ အကူအညီ ဖြစ်စေသည်တို့ကို ဆင်ခြင်လေ့လာ၍ ဧဝံဂေလိဆရာ၏ ကဏ္ဍကို ဤအစည်းအဝေးတွင် လေ့လာပါ။

အဓိကကျမ်းချက်

ဧဖက် ၄း၁၁–၁၃

ဆွေးနွေးရန် မေးခွန်းများ

၁။ ဧဝံဂေလိဆရာ၏ ကဏ္ဍမှာ အဘယ်နည်း။

၂။ ယုံကြည်သူအားလုံးက သတင်းကောင်း ဝေငှဖို့ လိုအပ်လျှင် အဘယ်ကြောင့် လူအချို့ကို ဧဝံဂေလိဆရာအဖြစ် ဘုရားသခင် ခေါ်ပါသနည်း။

၃။ မေးခွန်း ၂ တွင် ဆွေးနွေးတင်ပြသည့်သဘောအတိုင်း လူတစ်ယောက်အား ဧဝံဂေလိဆရာ ဆုကျေးဇူး ရရှိကြောင်းနှင့် ခေါ်ဆိုခြင်း ခံရကြောင်းကို နားလည်သဘောပေါက်ရန် သင်မည်သို့ ကူညီမည်နည်း။

၄။ အဘယ်ကြောင့် ဧဝံဂေလိဆရာ၏ဒေသနာသည် အသင်းတော်အတွက်သာမက လောကအတွက်လည်း အရေးကြီးပါသနည်း။ ၎င်းအရေးကြီးမှုကို ဖော်ပြရန် အဘယ်ကြောင့် ပုံ ၂ သည် ပုံ ၁ ထက် ပိုကောင်းပါသနည်း။

အပြင်ထွက်ခြင်း

အချို့အဖွဲ့တို့သည် အစည်းအဝေးတိုင်းအတွက် လက်တွေ့ကျသော အစီအစဉ်တစ်ခုကို ချမှတ်တတ်ကြပြီး ပထမဆုံးအစည်းအဝေးကို တစ်နည်းနည်းဖြင့် အတူတူအပြင်ထွက်ရန်အတွက် အသုံးပြုကြသည်။ အတူတူ အပြင်ထွက်ကြရန် သင့်အစည်းအဝေးတစ်ခုသို့မဟုတ် တစ်ခုထက်ပိုသော အစည်းအဝေးကို သင်စီစဉ်နိုင်သည်။ အတူတူ လမ်းလျှောက်၍ ဆုတောင်းနိုင်သည်။ ရပ်ကွက်လမ်းများတွင် အတူတူ ဧဝံဂေလိဟောပြောနိုင်သည်။ သာသနာအခွင့်အလမ်းများကို ကြိုတင်စီစဉ်နိုင်သည်။ အခြားလက်တွေ့ကျသော “အပြင်ထွက်ခြင်း” ကိုလည်း စီစဉ်နိုင်သည်။ အပြင်ထွက်ပြီး သင့်အစည်းအဝေးချိန်ကို ကုန်လွန်စေခဲ့လျှင်လည်း အတူတူ ဆုတောင်းပြီး တာဝန်ခံမှုဖောင်ကို အတူတူ ကြည့်ကာ ဖြည့်နိုင်သည်။

အပြင်မထွက်မီ မေးရမည့် မေးခွန်းများ

၁။ ယနေ့ အဘယ်ကြောင့် အပြင်ထွက်ဖို့ လုပ်ကြသနည်း။

၂။ အပြင်ထွက်ကြသည့်အခါ မည်သည့်အရာကို သတိပြုဖို့ လိုအပ်သနည်း။

၃။ အပြင်မထွက်မီ မည်သည့်အရာအတွက် ဆုတောင်းဖို့ လိုအပ်သနည်း။

အပြင်ထွက်ပြီး မေးရမည့် မေးခွန်းများ

၁။ ယနေ့ ကျွန်ုပ်တို့ မည်သည့်အရာ ကြုံတွေ့ခဲ့ကြသနည်း။

၂။ နောက်ဆက်တွဲ လုပ်ဆောင်စရာ (follow-up) ဘာရှိသနည်း။

၃။ ယနေ့ ဖြစ်ပျက်ခဲ့သောအရာများနှင့် ဧဝံဂေလိကြားသောသူများအတွက် ကျွန်ုပ်တို့ မည်သို့ ဆုတောင်းနိုင်ကြမည်နည်း။

နောက်ဆက်တွဲ ADVANCE ဟောပြောသူများ စီးရီး

Advance ဟောပြောသူများ စီးရီးမှ စာအုပ်တစ်အုပ်စီကို သင့်အဖွဲ့အတွက် အစည်းအဝေးလက်ကိုင်အဖြစ် သင်အသုံးပြုနိုင်သည်။ တစ်အုပ်စီရှိ မေးခွန်းများနှင့် လိုက်လျှောက်ကျင့်သုံးခြင်းအပိုင်းတို့သည် ဤလမ်းညွှန်ထဲရှိ အပိုင်းများနှင့် ဆင်တူသည်။ ဤစာအုပ်များကို အကျိုးရှိရှိ အသုံးချနိုင်ရန် အစည်းအဝေးတွင် ပါဝင်သည့် အချက် အလက်များဖြစ်သော တွေ့ဆုံခြင်း၊ ဆုတောင်းခြင်းနှင့် တာဝန်ခံမှုရှိခြင်းတို့ကို ပေါင်းပြီး အစည်းအဝေး မစမီ အခန်းတစ်ခန်းကို ဖတ်ပါ။ ထို့နောက် ၎င်းတို့ကို သွန်သင်ခြင်းအပိုင်းတွင် ဆွေးနွေးရန် အသုံးပြုနိုင်သည်။ တစ်ဖွဲ့လုံးကို သင်ကြားဖို့ သို့မဟုတ် တင်ပြဖို့ ၎င်းစာအုပ်ရှိ အခန်းကို အသုံးပြု၍ သင်ပြင်ဆင်နိုင်သည်။

စီးရီးရှိ စာအုပ်တိုင်းတွင် Advance ဟောပြောခြင်းစီးရီး နိဒါန်းကို ထည့်သွင်းပေးထားသည်။ My Lord and My God စာအုပ်ရှိ ပထမအခန်းကိုလည်း ဖော်ပြထားသည်။

ADVANCE ဟောပြောခြင်းစီးရီး နိဒါန်း

သမ္မာကျမ်းစာသည် ဟောပြောခြင်းနှင့် ပြည့်နှက်နေသည်။ သမ္မာကျမ်းစာအစကတည်းကပင် စကားပြောသော ဘုရားသခင်ကို တွေ့နိုင်သည်။ ထိုဘုရားသခင် စကားပြောခြင်းသက်သက်ဖြင့် စကြဝဠာကြီး တည်ရှိလာသည်။

သမ္မာကျမ်းစာတစ်အုပ်လုံးကို ကြည့်လျှင် နည်းလမ်းမျိုးစုံဖြင့် ဘုရားသခင် စကားပြောသည်ကို တွေ့နိုင်ပြီး အထူးသဖြင့် မိမိကိုယ်စား မိမိအကြောင်းကို ဟောပြောရန် မိမိလူတို့ကို အသုံးပြုလေ့ရှိသည်။ ယေရှု၏သက်တော်စဉ် တစ်ခုလုံး၊ သွန်သင်မှု၊ သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတို့သည် တစ်လောကလုံးအတွက် မျှော်လင့်ခြင်းသတင်း ပေးသည်ကို တွေ့နိုင်သည်။ ယနေ့အထိ ထိုသတင်းကို လူတိုင်း နားထောင်ကြသည်။ အထူးသဖြင့် ဘုရားသခင်၏ လူများ စုဝေးရာဖြစ်သော အသင်းတော်သည် ၎င်းသမ္မာတရားကို ဆက်လက်ဟောပြောမြဲ ဟောပြောသည်။

ဟောပြောထားသည့် သမ္မာတရားကို နားလည်ခြင်းနှင့် လိုက်လျှောက်ကျင့်သုံးခြင်းတွင် ကြီးထွားပြီး တစ်လောကလုံးထံ ၎င်းသမ္မာတရားကို ဟောပြောဖို့ ယုံကြည်မှု ပိုရှိလာရန် Advance ဟောပြောခြင်းစီးရီး (Advance Proclaimers Series – APS) သည် သမ္မာကျမ်းစာရှိ တိကျသောဟောပြောခြင်းများကို စုစည်းလေ့လာတင်ပြထားသည်။

စီးရီးရှိ ခေါင်းစဉ်တစ်ခုစီသည် သမ္မာကျမ်းစာထဲမှ ရှင်းလင်းသောဟောပြောချက်တစ်ခုကို ယူ၍ သမ္မာကျမ်းစာကို မှန်ကန်စွာ ပိုင်းခြားရှင်းလင်းရန် အကြောင်းအရာတစ်ခုကို အထူးလေ့လာဖို့ ရည်ရွယ်သည်။ ထို့ပြင်၊ လူအများ နားလည်နိုင်သည့်ပုံစံ၊ ဆီလျော်သည့်ပုံစံဖြင့် ရေးသားထား၍ စာရှုသူများအတွက် ဧဝံဂေလိတရားဆိုင်ရာ လိုက်လျှောက်ကျင့်သုံးခြင်းကိုလည်း ရည်ရွယ်သည်။

အဓိကကျမ်းချက်ကို ရှင်းလင်းစွာ မြင်ရပြီး ဖတ်ရှုနိုင်သည့် အတိုင်းအတာဖြစ်ရန် ရည်ရွယ်၍ ကျမ်းချက်များ၊ အရင်းအမြစ်များနှင့် အခြားမှတ်ချက်များကို မှတ်စုအပိုင်းတွင် ထည့်ရေးထားသည်။ အခန်းတစ်ခု ပြီးဆုံးတိုင်း ဆွေးနွေးရန် မေးခွန်းများနှင့် လက်တွေ့ကျသော လိုက်လျှောက်ကျင့်သုံးခြင်းကိုလည်း တွေ့နိုင်ပြီး ၎င်းတို့ကို တစ်ဦးချင်း ပြန်လည်သုံးသပ်ဖို့ သို့မဟုတ် အဖွဲ့လိုက်ဆွေးနွေးဖို့ အသုံးပြုနိုင်သည်။

အသင်းတော်အတွက် ဧဝံဂေလိတရားဟောပြောဖို့ ဘုရားသခင်၏ခေါ်သံကို စူးစမ်းလေ့လာ၍ လက်တွေ့လုပ်ဆောင်ဖို့ ဆင်ခြင်ကြသည့်အခါ ဤစီးရီးက သင့်အတွက ခွန်အားဖြစ်စေဖို့ မျှော်လင့်မိပါသည်။ သမ္မာကျမ်းစာရှိ စာမျက်နှာများကို အတူတူ လေ့လာပြီး ဘုရားသခင်၏ သမ္မာတရားကို ရှာတွေ့၍ ၎င်းသမ္မာတရားကို တစ်လောကလုံးထံ ဟောပြောဖို့ သွားရောက်နိုင်ရန် ကျွန်ုပ်တို့ တောင်းဆုချွေမိပါသည်။

ADVANCE
PROCLAIMERS SERIES ◌ှင့် အခြားသောအကြောင်းအရာများကို ထပ်မံလေ့လာလိုလျှင် **ADVANCEGROUPS.ORG/APS** သို့ သွားပါ။

အကျွန်ုပ်၏အရှင်၊ အကျွန်ုပ်၏ ဘုရားသခင် – မိမိကိုမိမိ ပုံအပ်ရန် သံသယနှင့်ပြည့်သောလောကကြီးထံ ဖိတ်ခေါ်ခြင်း



BY BEN JACK

အခန်း ၁ – သံသယဝင်ခြင်း

> "ထိုအခါ သောမအား သင်၏လက်ညှိုးကို ဆန့်၍ ငါ့လက်ကို ကြည့်လော့။ သင်၏လက်ကို ဆန့်၍ ငါ့နံဖေးကို စမ်းသပ်လော့။ ယုံမှားခြင်း မရှိနှင့်။ ယုံလော့ဟု မိန့်တော်မူ၏"
>
> **ယော ၂၀:၂၇**

သင်မကြိုက်သည့် အမည်ပြောင်ဖြင့် ခေါ်ခြင်း ခံဖူးပါသလား။ လူတစ်ယောက်၏ ပုံပန်းသဏ္ဌာန် သို့မဟုတ် စရိုက်လက္ခဏာကို ကြည့်၍ အမည်ပြောင် ပေးလေ့ရှိကြသည်။ သာမန်အရပ်ထက် နိမ့်သောလူတစ်ယောက်ကို တွေ့သည့်အခါ 'ဂျပု' … တွေ့ရတာ ဝမ်းသာတယ် ဟူ၍ ပြောတတ်ကြသည်။ သင့်သူငယ်ချင်းများကို အချက်အလက်များ၊ ကိန်းကဏန်းများဖြင့် ငြိမ်းငွေ့အောင် ပြောဖူးပါသလား။ ပြောဖူးလျှင် သင့်ကို "မောင်တိကျ" ဟု ပြောကြလိမ့်မည်။ လူတစ်ယောက် အနည်းငယ် နှာစေးသည်ကို မြင်သည့်အခါ သူငယ်ချင်းများ စကားဝိုင်းမှ ပထမဆုံး ထွက်ပြေးသောသူ ဖြစ်ပါသလား။ သို့ ဖြစ်လျှင် – "မောင်ချူချာ" မြန်မြန်နေကောင်းပါစေ ဟု ကြားဖူးပါလိမ့်မည်။

ဇာတ်ကောင်တစ်ကောင်နှင့် သက်ဆိုင်သောအကြောင်းအရာကို အလေးပေးဖော်ပြရန် သို့မဟုတ် သတိပေးရန် ပုံပြောသူများက ၎င်းဇာတ်ကောင်ကို အမည်ပြောင် ပေးတတ်ကြသည်။ Top Gun ဇာတ်ကားတွင် Tom Cruise ၏ ဇာတ်ကောင်ကို Maverick ဟု အမည်ပေးထားသည်။ အကြောင်းမှာ သူသည် တစ်ကိုယ်တည်းသမားဖြစ်သောကြောင့် Maverick ဟု ပေးထားခြင်း ဖြစ်သည်။ ထို့ပြင်၊ Back To The Future ဇာတ်ကားတွင် သိပ္ပံပညာရှင်တစ်ယောက်ကို Doc' Brown ဟု အမည်ပေးထားသည်။ The Goonies ဇာတ်ကားတွင်လည်း နည်းပညာပိုင်း အင်မတန်စိတ်ဝင်စားသောကောင်လေးကို "Data" ဟု အနည်ပေးထားသည်။

Rocky ဇာတ်ကားတွင်လည်း အဓိက ဇာတ်ကောင်သည် (Rocky Marciano ကဲ့သို့ လက်ဝှေ့သမားဖြစ်သောကြောင့်) Rocky ဟု အမည်ပေးထားသည်။ ၁၉၇၀၊ ၁၉၈၀ ဝန်းကျင်တွင် မရိုက်ထားသည့် အခြားဇာတ်ကားများစွာ ရှိသေးသော်လည်း အားလုံးကို ဖော်ပြဖို့ အချိန်မလောက်ပါ။

(အထူးသဖြင့်) သူငယ်ချင်းမိတ်ဆွေကြား သို့မဟုတ် မိသားစုကြား ခင်မင်ရင်းနှီးမှုကို ဖော်ပြရန်လည်း အမည်ပြောင်များကို ပေးလေ့ရှိကြသည်။ ဟာသသဘောဖြင့် ရိုင်းစိုင်းသောအမည်ပြောင်များကိုလည်း အပေးများ သည်။ ထို့ပြင်၊ စော်ကားသည့်သဘောဖြင့် နာကျင်စေလိုသည့်ရည်ရွယ်ချက်နှင့် အမည်ပြောင်ပေးခြင်း ခံရသောသူ များလည်း ရှိပြန်သည်။ ၎င်းအမည်ပြောင်များ၏အကျိုးဆက်သည် အမြဲလိုက်လာတတ်သည်။ အခန်းထဲ ဝင်တိုင်း သင့်ကို သူတပါးက "ဟေး…ဟိုမှာ အရှုံးသမားမောင်ရှုံး လာပြီ" သို့မဟုတ် "ဟိုမှာ…မစိတ်ညစ် လာပြီ" ဟု ခေါ်လျှင် သင်မည်သို့ ခံစားမည်နည်း။ သင်သည် မည်မျှပင် အရေခွံထူ၍ မနာတတ်သူဖြစ်ပါစေ သင့်ကို သူတပါးတွေတိုင်း သင်၏ကျရှုံးမှု သို့မဟုတ် အားနည်းချက်ဖြင့် ခေါ်ဆိုကြလျှင် သင့်အတွက် စိတ်ပင်ပန်းစရာ ဖြစ်မည်မှာ သေချာသည်။

တစ်နည်းမဟုတ် တစ်နည်းဖြင့် ကျရှုံးခဲ့ကြသော သမ္မာကျမ်းစာထဲရှိ ပုဂ္ဂိုလ်များကို အမည်ပြောင်မျိုးစုံ ကျွန်ုပ်တို့ ပေးနိုင်သည်။ ဒါဝိဒ်ကို "အိမ်ထောင်ရေးဖောက်ပြန်သူ ဒါဝိဒ်၊" ရှင်ပေတရုကို "ငြင်းပယ်သူ ပေတရု၊" ရှင်ပေါလုကို "ညှဉ်းပန်းနှိပ်စက်သူ ပေါလု၊" စသည့် အမည်ပြောင်များဖြင့် ကျွန်ုပ်တို့ မခေါ်ကြပါ။ ထိုနည်းတူ၊ ရှင်ပေတရု၏ သံသယကြောင့် ယေရှု စိတ်မကောင်းဖြစ်ကာ လှိုင်းထဲမှ ခေါ်ထုတ်ခဲ့သည့်အဖြစ်အပျက်နှင့် ယေရှု ရှင်ပြန်ထမြောက်ကြောင်းကို သောမ သံသယရှိခဲ့သည့်အဖြစ်အပျက် ရှိသော်လည်း 'သံသယ' (ယုံမှားခြင်း) ဟူသည့်စကားလုံးကို အခြားတပည့်တော်များအား ရည်ညွှန်းရန် ကျွန်ုပ်တို့ မသုံးပါ။[၁] သို့သော်၊ ဤနေရာတွင် "သံသယ သောမ" ကို ကျွန်ုပ်တို့ တွေ့နိုင်သည်။[၂] အဘယ်ကြောင့် စိတ်ဝင်စား

စရာ ကောင်းရသနည်း။ သံသယဝင်ခြင်းသည် လူပုဂ္ဂိုလ်ဖြစ်ခြင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သောကြောင့် ဖြစ်နိုင်သည်။

Who Do You Think You Are (မသင့်တော်သည့်ပုံစံဖြင့် ပြုလုပ်ခဲ့ကြသည်) ဟူသည့် ရုပ်မြင်သံကြားရှိုးပွဲတွင် မိမိတို့၏မိသားစုသမိုင်းကို ပြန်လေ့လာရန် ဆယ်လီများကို ဖိတ်ခေါ်ခဲ့ကြသည်။ ၎င်းရှိုးပွဲအပိုင်းတိုင်းတွင် လူတစ်ယောက်၏ မျိုးရိုးသမိုင်းနောက်ကို လိုက်ပြီး ဖုံးကွယ်ထားသောသမိုင်းများကို ပြန်တွေ့ရှိခဲ့ကြကာ မိမိ၏ဘိုးဘေးများအကြောင်းကို ပိုသိလာသည့်အခါ မိမိတို့၏ဘဝအပေါ် အမြင်သစ် ရလာကြသည်။ (တစ်နိုင်လုံးကြည့်သည့် တီဗီဖန်သင်းပြင်ပေါ်တွင် ရှက်စရာကောင်းသော အရိုးစုများကို ချမပြကြဖို့ မျှော်လင့်ရသည်)။

"ကျွန်ုပ် မည်သူနည်း" ဟူသည့် မေးခွန်းကို တစ်နည်းနည်းဖြင့် ကိုယ့်ကိုကိုယ် မေးတတ်ကြသည်။ ၎င်းမေးခွန်း၏အဖြေက ကျွန်ုပ်တို့၏အသက်ရှင်ပုံအသက်ရှင်နည်းအပေါ် ကြီးမားသောသက်ရောက်မှု ရှိလိမ့်မည်။ ၎င်းမေးခွန်းကို အဖြေရှာရာတွင် ကျွန်ုပ်တို့ ကြီးပြင်းလာသည့်ပတ်ဝန်းကျင်၊ ယဉ်ကျေးမှု၊ ကိုယ့်အပေါ် သူတပါး၏အမြင် (သူတပါးပေးသည့် အမည်ပြောင်အပါအဝင်)၊ ကျွန်ုပ်တို့၏ အောင်မြင်မှု စသည်တို့က အဓိကစကားပြောလိမ့်မည်။ ကျွန်ုပ်တို့၏ဖြစ်တည်ခြင်းဆိုင်ရာ မေးခွန်းကို မှန်ကန်စွာ ဖြေနိုင်ရန် ကိုယ့်ကို သူတပါးပေးသည့် အမည်ပြောင်နှင့် မိမိ၏အသက်တာကန့်သတ်ချက် (ကျွန်ုပ်တို့၏သံသယ) အပြင်ဘက်သို့ သွား၍ မိသားစုမျိုးရိုးအနည်းငယ်ကိုသာ မကြည့်ဘဲ သမိုင်းတစ်ခုလုံးကို နက်နက်နဲနဲ လေ့လာမှ ဖြစ်ပေလိမ့်မည်။ ဤစကြဝဠာတစ်ခုလုံးကို ဖန်ဆင်းသည့် ဖန်ဆင်းရှင်ဆီသို့ ပြန်သွားရလိမ့်မည်။

မိမိမည်သူမည်ဝါဖြစ်ခြင်းပြဿနာ (identity card) သည် ယနေ့ ကမ္ဘာပေါ်တွင် ကျွန်ုပ်တို့ ရင်ဆိုင်သည့် အကြီးမားဆုံးပြဿနာ ဖြစ်သည်။ မိမိသည် မည်သူ့အပိုင်ဖြစ်ကြောင်းကို မသိကြသောကြောင့် မိမိမည်သူဖြစ်ကြောင်းကို လူတွေ မသိကြခြင်း ဖြစ်သည်။ မည်သည့်နေရာမှ ရောက်လာကြောင်းကို မသိဘဲ မည်သည့်နေရာသို့ သွားကြောင်းကို သင်သိနိုင်မည် မဟုတ်ပါ။ ထိုနည်းတူ၊ မိမိဘဝခရီးတွင် မည်သည့်အရာ အရေးကြီးသည်ကိုလည်း သင်သိနိုင်မည် မဟုတ်ပါ။ အုတ်မြစ်သည် အလွန်အရေးကြီးသည်။

မိမိကိုမိမိ အဓိကဇာတ်ကောင်အဖြစ် မမြင်ဘဲ ဘုရားသခင်၏ဇာတ်ကြောင်းတွင် မိမိနေရာကို မြင်သည့်အခါ အရာအားလုံး ပြောင်းလဲသွားသည်။ လူသားဖြစ်ရခြင်းအကြောင်းကို အမြင်သစ်ဖြင့် မြင်တတ်လာသည်။ သာမန်ဖြစ်တည်ခြင်းအဆင့်မှ စစ်မှန်သောအသက်အဆင့်သို့ ကူးပြောင်းနိုင်သည့်အခွင့် ရှိလာသည်။ သို့သော်၊ တစ်ခါတရံ ဘုရားသခင်ကို သိ၍ ချစ်သောသူများကပင် သမ္မာတရားကို နားလည်ရန် ရုန်းကန်တတ်ကြသည်။ ကျွန်ုပ်တို့၏ ဘဝခရီးတွင် ယနေ့၏စိန်ခေါ်မှုများကြောင့် ကျွန်ုပ်တို့ဘဝ၏ အုတ်မြစ်ကို မေးခွန်းထုတ်လာသည့်အခါ မနေ့က အထင်လွဲခြင်းဘက်သို့ ဆွဲခေါ်ခြင်းခံရတတ်သည်။

သံသယ သမိုင်း (Doubt: A History) တွင် ဘုရားမဲ့သမိုင်းဆရာနှင့် အတွေးအခေါ်ပညာရှင်ဖြစ်သူ Jennifer Michael Hecht က သံသယဝင်သောသူတို့၏ အတွေ့အကြုံများကို သမိုင်းပြန်လှန်ပြီး လေ့လာတင်ပြထားသည်။ ၎င်းတို့တွင် ဘုရားကို ကြိမ်းမောင်းသည့် ယောဘ၊ Confessions စာအုပ်တွင် မိမိဆံပင်ကို ဆွဲကြောင်း ဖော်ပြသည့် St Augustine တို့ ပါဝင်ပြီး ဘဝအုတ်မြစ်တစ်ခုတည်ဆောက်ရန် သံသယသည်လည်း ယုံကြည်ခြင်းနည်းတူ ခိုင်မာသော အုတ်မြစ်ဖြစ်သည်ဟု နိဂုံးချုပ်ထားသည်။

> "သမိုင်းတစ်ခုလုံးကို ပြန်ကြည့်လျှင် ဤမေးခွန်းများကို လေ့လာခြင်းက ဘဝအဓိပ္ပာယ်၊ ကျေးဇူးတော်နှင့် ပျော်ရွှင်ခြင်းတို့ကို နားလည်ရန် ကူညီပေးသည်ဟု အတွေးအခေါ်ပညာရှင်ကြီးများသည် အဆိုပြုကြသည်။ ယုံကြည်သူများတွင် ရှိသည့်အရာဖြစ်သော သံသယရှိသောသူများ ရှိထားရမည့်အရာတစ်ခုမှာ သူတို့ကဲ့သို့သောလူတို့သည် အမြဲတစဉ် တည်ရှိနေခဲ့ပြီး ကြီးမားသောသမိုင်းတစ်ခုတွင် အစိတ်အပိုင်းအဖြစ် ပါဝင်သောသူများ ဖြစ်ကြသည်ဟူသည့် ခံယူချက်ပင် ဖြစ်သည်။"[၃]

သို့သော်၊ ၎င်းသည် ကျွန်ုပ်တို့ မျှော်လင့်နိုင်သည့် အကောင်းဆုံးအုတ်ဖြစ် ဖြစ်ပါသလား။ ဤဘဝအကြောင်းကို မသိသောအတွေ့အကြုံများဖြင့် မိမိတို့အတွက် ဘဝအဓိပ္ပာယ်ကို ဖန်တီးခြင်းသည် မှန်ပါသလား။ အမှန်တရားကို မည်သူမျှ မသိဟူသည့် အမှန်တရားတွင် မည်သူ နှစ်သိမ့်မှု တွေ့နိုင်သနည်း။

ပိုကောင်းသောနည်း၊ ပိုခိုင်မာသော အုတ်ဖြစ်ကို ဘုရားသခင် ချပေးထားသည်။ ဘုရားသခင်နှင့်အတူ ကျိုးကြောင်းဆင်ခြင်ပြီး ကျွန်ုပ်တို့၏သံသယကို ပြန်စစ်ဆေးဖို့၊ ဘုရားသခင်၏ သမ္မာတရားကို စူးစမ်းလေ့လာဖို့နှင့် အသက်တာတွင် ကျင့်သုံးဖို့ ဘုရားသခင် ဖိတ်ခေါ်နေသည်။[၄] ရှာဖွေတွေ့ရှိသည့် မပြောင်းလဲနိုင်သည့် ခိုင်မာသော သမ္မာတရားအပေါ် မိမိဘဝကို တည်ဆောက်ရန် ဘုရားသခင် ဖိခေါ်နေသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ဘဝ၏ သေချာ၍ အသက်ပေးသော အုတ်ဖြစ်လာရန် ဘုရားသခင်ကို စိတ်နှလုံးနှင့် ဝိညာဉ်ဖြင့် သိဖို့ ဖိတ်ခေါ်နေသည်။

ခရစ်ယာန်များဖြစ်သည့်အလျောက် သံသယများနှင့် လုံးပန်းသည့်အခါ ဘုရားသခင်ကို မေးခွန်းထုတ်တတ်ကြ သော်လည်း ဘုရားသခင်၏ မြင့်မြတ်သောအမြင်နှင့် စုံလင်သောအလိုတော်အောက် ဝန်ခံအပ်နှံခြင်းဖြင့် ၎င်းပြဿနာကို ဖြေရှင်းတတ်ကြသည်။ အကန့်အသတ်မဲ့၍ သဘာဝလွန်ဘုရားသခင်ကို လေ့လာသည့် အကန့်အသတ်ရှိသောလူသားများဖြစ်သည့်အလျောက် ဘုရားနှင့်ဆိုင်သည့်နက်နဲသောအရာများကို နားမလည်သည့် အချိန်လည်း ရှိလိမ့်မည်။ ၎င်းကို စိတ်ထဲတွင် မှတ်ထားလျက် (ပလေတိုကို ကိုးကားရလျှင်) "စစ်ဆေးခြင်းမရှိသည့် ယုံကြည်ခြင်းသည် အသက်ရှင်ပြီး ယုံကြည်ထိုက်သည့်အရာ မဟုတ်ပါ" ဟု ဆိုရလိမ့်မည်။ အကြောင်းမှာ၊ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို စစ်ဆေးသည့်အခါ ကျွန်ုပ်တို့၏ဘဝကို တည်ဆောက်သည့် ဘုရားသခင်၏ကောင်းမြတ်ခြင်းအုတ်မြစ်အပေါ် ပို၍ပင် မျှော်လင့်ချက် ထားလာနိုင်လိမ့်မည်။

Hecht ပြောခဲ့သည့်အတိုင်း Saint Augustine သည် မိမိ၏သံသယများဖြင့် ကြမ်းကြမ်းတမ်းတမ်း လုံးပန်းခဲ့ရသည်။ သို့သော်၊ မိမိရှာဖွေသည့်အဖြေအားလုံးကို မတွေ့မီ၊ မိမိ၏အတွင်းပိုင်းရှုပ်ထွေးမှုများမှ မလွတ်မြောက်မီ ယေရှုအပေါ် လုံးလုံးလျားလျား ယုံကြည်အားကိုးဖို့ ရွေးချယ်သည်နှင့်တစ်ပြိုင်နက် သူ၏သံသယ လုံးလုံး ပျောက်သွားခဲ့လေသည်။ ခရစ်ယာန်ခရီးနှင်သူအချို့အတွက် သံသယနှင့် လုံးပန်းခြင်းအဆင့်က အင်မတန်အရေးကြီးသောအဆင့်အဖြစ် မြင်ကြသည်။ သို့သော်၊ သံသယတစ်ခုလုံး ပျောက်ကင်းသွားမည် ဟူသည့် မျှော်လင့်ချက်မျိုးတော့ထား၍ မဖြစ်နိုင်ပါ။ ရှင်ပေါလုက "ယခုတွင် ငါတို့သည် မှန်အားဖြင့် ရိပ်မိလျက်သာ နေကြ၏။ ထိုအခါမူကား၊ မျက်နှာချင်းဆိုင်ထင်ထင် မြင်ရကြလိမ့်မည်။ ယခုတွင် ငါအသိအမြင် မစုံမလင် ဖြစ်၏"[၅] ဟု မိန့်ဆိုခဲ့ဖူးသည်။

သံသယသည် ဘဝတစ်ခုကို တည်ဆောက်ဖို့ အုတ်မြစ် မဟုတ်ပါ။ အဆုံးသတ်လည်း မဟုတ်ပါ။ ဘုရားသခင်၏ သမ္မာတရားကို အုတ်အမြစ်အဖြစ် ခံယူသည့်အခါ သံသယသည်လည်း အပြစ်ထဲကျရောက်သော လူသားများ မဖြစ်မနေ ရင်ဆိုင်ရမည့်အရာ ဖြစ်သည်။ အသက်ရှင်သောဘုရားသခင်နှင့် ထိတွေ့သည့်အခါ ပိုကောင်းသောအရာနှင့် အလဲအလှယ် လုပ်နိုင်သည်။ သံသယကို ခိုင်လုံသောမျှော်လင့်ခြင်းနှင့် ကျွန်ုပ်တို့ လဲလှယ်နိုင်သည်။[၆]

မေးခွန်းမေးခြင်းက ကောင်းသည်။ သို့သော်၊ ၎င်းမေးခွန်းများဖြင့် အသက်ပေးသော ဘုရားသခင်၏ အုတ်မြစ်ကို ဖျက်ဆီးဖို့ အသုံးပြုသည့်အခါ ဘုရားသခင်၏ သမ္မာတရားနှင့် မသက်ဆိုင်ဘဲ မိမိကိုသာ ပဓာနပြုသည့် ဘဝအုတ်မြစ်မျိုးကို တည်ဆောက်ဖို့ တန်ဆာပလာ ဖြစ်သွားနိုင်သည်။ ၎င်းနှင့် ပတ်သက်၍ သမ္မာကျမ်းစာတွင် သာဓကများစွာ ရှိသော်လည်း သုံးယောက်အကြောင်းက အထူးသဖြင့် အထောက်အကူပြုသည်။

ပထမဆုံး သံသယဝင်သောသူများဖြစ်သည့် အာဒံနှင့် ဧဝတို့အကြောင်းကို ရှေးဦးစွာ ကြည့်ကြစို့။ အေဒင်ဥယျာဉ်ထဲ၌ အရာအားလုံး အဆင်ပြေနေခဲ့သည်။ ဘုရားသခင် ဖန်ဆင်းသည့်အရာမှန်သည် ကောင်း၍ ဖန်ဆင်းရှင်ဘုရားနှင့် အာဒံ၊ ဧဝတို့ကြားဆက်ဆံရေးမှာလည်း ပြည့်စုံခဲ့သည်။ ထို့နောက်၊ မြွေ ('စွပ်စွဲသူ' ဟု အဓိပ္ပာယ်ရသည့် စာတန်) ရောက်လာပြီး ဥယျာဉ်ထဲမှ တားမြစ်ထားသော အပင်ကို ညွှန်ပြခဲ့သည်။ ၎င်းစာန်က သံသယကို ရိုးရှင်းသောစကားဖြင့် စတင်မိတ်ဆက်ခဲ့သည်။

"သင်တို့သည် ဥယျာဉ်၌ ရှိသမျှသောအပင်တို့၏ အသီးကို မစားရဟု ဧကန်စင်စစ် ဘုရားသခင် မိန့်တော်မူသလော"[၇]

ကျန်အပိုင်းမှာ သမိုင်းအဖြစ်သာ ကျန်ရစ်တော့သည်။

နောက်တစ်ယောက်မှာ ဂိလဂါလမြို့၌ ဖိလိတ္တိစစ်တပ်တို့၏ရန်မှ ပုန်းရှောင်နေသော ရှောလု ဖြစ်သည်။[၈] သူ၏စစ်သားတို့ကလည်း သူ့ကို ထားခဲ့ကြကာ ရှောလုသည် သူ၏ဘဝတစ်ခုလုံးကို ပြောင်းလဲစေမည့် သံသယဖြင့် ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။ ခုနှစ်ရက် စောင့်ရန် ရှောလုကို ဘုရားသခင်၏ ပရောဖက် ရှာမွေလက မှာထားပြီး ခုနှစ်ရက်လွန်လျှင် ဘုရားသခင်ထံ မီးရှို့ရာယဇ်ပူဇော်ရန် ဂိလဂါလမြို့၌ ရှောလု၏ စစ်သားများနှင့်အတူ ရှမွေလ ရှိနေမည် ဖြစ်သည်။ သို့သော်၊ ရှောလုသည် ကြောက်စိတ်ဝင်လာသဖြင့် မိမိကိုယ်တိုင် ယဇ်ပူဇော်ခြင်း ပြုလုပ်ခဲ့သည်။ ရှောလုအနေဖြင့် ကိုယ်တိုင် ယဇ်ပူဇော်ခွင့် မရှိပါ။ ရှမွေလ ရောက်လာသည့်အခါ ယဇ်ပူဇော်သည့်မီး တငွေ့ငွေ့ လောင်ကျွမ်းနေဆဲဖြစ်မည်ကို မြင်ယောင်မိသည်။ ရှောလုက မိမိလုပ်သင့်သည့်အရာ၊ မလုပ်သင့်သည့်အရာကို သိနေခဲ့သော်လည်း သူရင်ဆိုင်သည့် အခြေအနေက ဆိုးသည်ထက် ဆိုးလာသည့်အခါ မိမိရှုန်သန်ဖို့အတွက် သံသယ၏ သွေးထိုးခြင်း ခံလာခဲ့လေသည်။

"သင်ကိုယ်တိုင် ယဇ်ပူဇော်လို့ မရဘူးလို့ ဘုရားသခင် အမှန်တကယ် မိန့်တော်မူခဲ့သလား"

ကျန်အပိုင်းသည် ပျက်ဆီးသော မင်းမျိုးမင်းနွယ် သမိုင်းအဖြစ်သာ ကျန်ရစ်တော့သည်။

နောက်တစ်ယောက်မှာ သောမ ဆိုသူ ဖြစ်သည်။ သောမသည် သူတပါးကို လွှမ်းမိုးနိုင်သည့် စိတ်အားထက်သန်ပြီး အမြော်အမြင်ရှိ၍ ဩဇာတန်ခိုးရှိသော ဆရာဖြစ်သူ ယေရှု၏ နောက်သို့ လိုက်သည့် ဂျူးလူငယ်လေး ဖြစ်သည်။ မိမိဆရာနောက်သို့ လိုက်ပြီး သေဖို့ ဝန်မလေးသော လူငယ်လေး ဖြစ်သည်။ ယေရှုသည် ဣသရေလလူမျိုးတို့အား ကတိတော်ပေးထားသည့် မေရှိယဖြစ်ကြောင်းသည် ယုံကြည်သည့် ဂျူးလူငယ် ဖြစ်သည်။[၉] သို့သော်၊ ယခုမူ သောမသည် စိတ်ပျက်၍ နှလုံးကြေကွဲနေခဲ့သည်။ သူ၏ဆရာလည်းဖြစ်၊ မိတ်ဆွေလည်းဖြစ်၊ မေရှိယလည်းဖြစ်သူ ယေရှုသည် သေဆုံးလေပြီ။ ရှင်ပြန်ထမြောက်ခြင်းသတင်းကောင်းကို သောမအား မိတ်ဆွေများက လာပြောသည့်အခါ သူ၏စိတ်ထဲတွင် အတွေးတစ်ခု ဝင်လာသည်။

"ယေရှုကို သေခြင်းမှ အမှန်တကယ် ဘုရားသခင် ထမြောက်စေခဲ့သလား"

ကျန်အပိုင်းမှာ အမည်ပြောင်ပေးခြင်းခံရသော သမိုင်းအဖြစ်သာ ကျန်ရစ်တော့သည်။

ဤအဖြစ်အပျက်တစ်ခုစီတွင် သံသယဖြင့် လုံးပန်းကြသည်။ တစ်ခါတရံ ကျွန်ုပ်တို့၏ မျှော်လင့်မထားသင့်သည့် ဆန္ဒမှ မေးခွန်းများစွာ ဝင်လာတတ်သည်။ တစ်ခါတရံ ဤလောကမှ လာသည့် ဖိအားနှင့် ပတ်ဝန်းကျင်တို့က သွေးထိုးတတ်သည်။ တစ်ခါတရံ စာတန်သည် သူ၏နည်းဗျူဟာဟောင်းအတိုင်း ယနေ့တွင် အလုပ်လုပ်နေသေးကြောင်းကို ကျွန်ုပ်တို့ သိထားသင့်သည်။ ဘုရားသခင်အား သင်၏ကိုးကွယ်မှုကို စာတန်က အမြဲခိုးယူချင်သည့် ဆန္ဒရှိသည်။ သင်၏ဘဝ၊ မျှော်လင့်ချက်နှင့် သင်၏ဖြစ်တည်ခြင်းကိုလည်း ခိုးယူချင်သည်။ စာတန်၏ အန္တိမပန်းတိုင်မှာ လူ့ဘဝကို အောင်မြင်အောင် တည်ဆောက်နိုင်သည့် တစ်ခုတည်းသောအုတ်အမြစ်မှ သင့်ကို ဆွဲထုတ်ခြင်းဖြင့် လူ့ဂုဏ်သိက္ခာကို ကင်းမဲ့စေဖို့ ဖြစ်သည်။ ၎င်းမှာ သင်နှင့် ဘုရားသခင်ကြား ဆက်ဆံရေးကို ဖျက်ဆီးခြင်း ဖြစ်သည်။ ဤသည် ကြီးမားသောပြဿနာဖြစ်သော်လည်း ပို၍ ဆိုးနိုင်သေးသည်။ လူ့ဂုဏ်သိက္ခာကင်းမဲ့သောသူက သူတပါးကိုလည်း ဂုဏ်သိက္ခာကင်းမဲ့အောင် ပြုလုပ်လိမ့်မည်။

လူ့ဂုဏ်သိက္ခာကင်းမဲ့စေခြင်းဆိုသည်မှာ စာနာမှုကို ငြင်းပယ်ခြင်း၊ သနားကြင်နာမှုကို ဖျက်ဆီးခြင်း၊ အတ္တကို ရှေ့တန်းတင်ခြင်း၊ အချင်းချင်း စိတ်နှင့် ခံစားချက်အပါအဝင် ကိုယ်ထိလက်ရောက် သတ်ဖြတ်ခြင်း ဖြစ်သည်။ လူတစ်ယောက်ကို ဂုဏ်သိက္ခာကင်းမဲ့အောင် ပြုလုပ်ခြင်းဆိုသည်မှာ ယေရှု၏ "ရွှေပညတ်" ဖြစ်သည့်

ကိုယ်၌ ပြုစေလိုသည့်အတိုင်း သူတပါးကို ပြုကြလော့ဟူသည့်စံကို ငြင်းပယ်ခြင်း ဖြစ်သည်။၁၀ ဤအကြောင်းကို ယေရှု မတိုင်မီ နှစ်ငါးရာ ဝန်းကျင်ကတည်းက အတွေးအခေါ်ပညာရှင် Confucius က မိန့်ဆိုခဲ့ဖူးပြီး ဘုရားသခင် ချစ်တော်မူသည့်လူသားဖြစ်ခြင်း၏ အဓိပ္ပာယ်ကို သတိပေးနေသည်။

သူတပါးအား လူ့ဂုဏ်သိက္ခာကင်းမဲ့စေနိုင်သည့်နည်းမှာ အန္တိမ လူ့ဂုဏ်သိက္ခာကင်းမဲ့စေနည်းဖြစ်သည့် ဘုရားသခင်ကို ပုန်ကန်ခြင်း ဖြစ်ကြောင်း သမ္မာကျမ်းစာတွင် ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်။ သင့်ဖန်ဆင်းရှင်ကို ပုန်ကန်ခြင်းက သင်၏ဖြစ်တည်ခြင်းအမှန်ကို ငြင်းပယ်ခြင်းဖြစ်သောကြောင့် သင်၏လူသားဖြစ်ခြင်းကို ခိုးယူပြီး ကျန်လူသားအားလုံးအပေါ် ကြောက်ဖွယ်ကောင်းသော ဆိုးကျိုးများစွာ ပေးလိမ့်မည်။ ဘုရားသခင်ကို ကျွန်ုပ်တို့ ငြင်းပယ်တိုင်း ကိုယ့်ကိုကိုယ် လူ့ဂုဏ်သိက္ခာကင်းမဲ့စေရာ ရောက်သည်။ ထို့နောက်၊ သူတပါး၏ လူ့ဂုဏ်သိက္ခာကို ကင်းမဲ့စေခြင်းက အလိုလိုလိုက်လာလိမ့်မည်။

လူသားအမှန်ဖြစ်ခြင်းဆိုသည်မှာ ဘုရားသခင်ကို ဝိညာဉ်ဖြင့်လည်းကောင်း၊ သစ္စာဖြင့်လည်းကောင်း ကိုးကွယ်ခြင်း ဖြစ်သည်။ သင်ဖန်ဆင်းခံရသည့်ရည်ရွယ်ချက်ကို စွပ်စွဲသူက သိသောကြောင့် အင်မတန် ရှုံ့ရှာမုန်းတီးသည်။ စွပ်စွဲသူကိုယ်တိုင်က ဘုန်းတော်လိုချင်တောင့်တသောကြောင့် သင့်အသက်တာက ဘုရားဘုန်းတော်အတွက် ဖြစ်မည်ကို အလွန်မုန်းတီးသည်။ ထို့ကြောင့် သင့်ကို ဂုဏ်သိက္ခာကင်းမဲ့စေပြီး သင့်အား သူတပါး ဂုဏ်သိက္ခာကင်းမဲ့စေသူဖို့ အသုံးပြုရန် စကားလုံးတစ်လုံးကိုသာ စွပ်စွဲသူ အသုံးပြုလိမ့်မည်။

အမှန်တကယ်လား။

ဤစကားလုံးတစ်လုံးသည် ဘုရားသခင်၏ ကတိတော်ထက် ပိုတန်ခိုးကြီးသည်ဟု စာတန်က စိတ်ကြီးဝင်ကာ ထင်မှတ်လေသည်။ သို့သော်၊ စာတန်ကို ကျွန်ုပ်တို့ အကြိမ်ကြိမ် မှန်ခွင့်ပေးကြသည်။

သမ္မာကျမ်းစာထဲတွင် အလားတူမေးခွန်းကို ရင်ဆိုင်ခဲ့သည့် နောက်တစ်ယောက် ရှိသေးသည်။ ၎င်းပုဂ္ဂိုလ်မှာ သန့်ရှင်းမြင့်မြတ်သော ဘုရားသခင်နှင့် ကျွန်ုပ်တို့ကြား ဆက်ဆံရေးကို ပြန်လည်တည်ဆောက်ပေးဖို့ လူ့ဇာတိခံယူသည့် ဘုရားသားတော် ဖြစ်သည်။ ယေရှုသည် သဲကန္တာရတွင် စာတန်၏ စွပ်စွဲမှုနှင့် စုံစမ်းသွေးဆောင်ခြင်း ရင်ဆိုင်ခဲ့သည်။ သို့သော်၊ စာတန်၏ အမည်ကို တိုက်ရိုက်ဖော်ပြခြင်း မရှိသော်လည်း ကေသရေမန်ဥယျာဉ်တွင် ဆုတောင်းရန် ယေရှု သွားရောက်ခဲ့သည့်အဖြစ်က အထက်ပါအချက်ကို ပို၍ထင်ရှားစေသည်။၁၁ လုပ်ရမည့်အရာကို ယေရှု သိနေခဲ့သည်။ ယေရှု သွားရမည့်လမ်းသည် ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ရက်စက်ခြင်းလမ်း ဖြစ်သည်။ ၎င်းလမ်းခရီးတွင် ဤစကားကို အကြိမ်ကြိမ် ကြားယောင်မိလိမ့်မည်။

အမှန်တကယ်လား။

ဤမေးခွန်းနှင့် ရင်ဆိုင်သည့်အချိန်တွင် အာဒံနှင့် ဧဝသည် မိမိတို့ ထင်မှတ်သည့် လွတ်လပ်မှု ရရှိရန် သံသယကို အနိုင်ယူခွင့် ပေးခဲ့ကြသည်။

အမှန်တကယ်လား။

ဤမေးခွန်းနှင့် ရင်ဆိုင်သည့်အခါ ရှောလုသည် မိမိခွန်အားကို အားကိုးရန် သံသယကို အနိုင်ယူခွင့် ပေးခဲ့လေသည်။

အမှန်တကယ်လား။

ဤမေးခွန်းနှင့် ရင်ဆိုင်သည့်အခါ သောမသည် မိမိခံစားချက်ကို ဦးစားပေးရန် သံသယကို အနိုင်ယူခွင့် ပေးခဲ့လေသည်။

ယေရှု၏ တုံ့ပြန်မှုမှာ သူတို့နှင့် မတူပါ။

"အကျွန်ုပ်အဘ၊ ဤခွက်ကို အကျွန်ုပ်မသောက်ဘဲ လွန်၍ မသွားရလျှင် ကိုယ်တော်အလိုရှိသည်အတိုင်း ဖြစ်ပါစေသော။"

အာဒံနှင့် ဧဝနည်းတူ မတုံ့ပြန်ဘဲ ယေရှုသည် ခမည်းတော်ထံ "အကျွန်ုပ်၏ လွတ်လပ်မှုသည် ကိုယ်တော်၌ ရှိပါစေ" ဟု ဆုတောင်းခဲ့သည်။ ပေးဆပ်မှု ကြီးမားသည့်အချိန်တွင်ပင် ဘုရားသခင်၌ ဝန်ခံအပ်နှံခြင်း၊ ဘုရားသခင်၏ စုံလင်၍ ကောင်းမြတ်သော အလိုတော်ကို ယုံကြည်အားကိုးခြင်းတို့ ဖြင့် စစ်မှန်သောလွတ်လပ်မှုကို ရှာတွေ့နိုင်သည်။ သင်အမှန်တကယ် လွတ်လပ်သည်၊ မလွတ်လပ်သည်ကို စွပ်စွဲသူက သင့်အား မေးလာသည့်အခါ သင်၏လွတ်လပ်ခြင်းအုတ်မြစ်ကို ကြွေးကြော်နိုင်သည်။ သင့်ကို ဘုရားသခင် လွတ်မြောက်စေသည်။ "အမှန်တကယ် လွတ်မြောက်စေသည်။" ဘုရားသခင်ကို ပုန်ကန်ခြင်းကျွန်ဘဝသို့ သင်ပြန်သွားမည် မဟုတ်ပါ။[၁၂]

ရှောလုနည်းတူ မတုံ့ပြန်ဘဲ ယေရှုသည် ခမည်းတော်ထံ "တန်ခိုးတော်သည် ကိုယ်တော်၌ ရှိပါ၏" ဟု ဆုတောင်းခဲ့သည်။ စစ်မှန်သောတန်ခိုးကို ကျွန်ုပ်တို့၏ ခွန်အားနှင့် တတ်သိကျွမ်းမှုတို့၌ မရှိပါ။ ဘုရားသခင်၌ အချုပ်အခြာအာဏာတော် ရှိသည်ဟူသည့် ဝန်ခံခြင်း၌ စစ်မှန်သောတန်ခိုးရှိသည်။ ဘုရားသခင် အမှန်တကယ် တန်ခိုးကြီးသည်၊ မကြီးသည်ကို စွပ်စွဲသူက မေးခွန်းထုတ်လာလျှင် သို့မဟုတ် သင်လိုအပ်သည့်အချိန်တွင် သင့်ကို ဘုရားသခင် ကူညီမစသည်၊ မ မစသည်ကို မေးခွန်းထုတ်လာလျှင် သင့်တန်ခိုး၏အုတ်မြစ်ကို ကြွေးကြော်နိုင်သည်။ ကောင်းကင်ယံတွင် ကြယ်များကို ချိတ်ဆွဲသောသူသည် သင့်ရန်သူ မဟုတ်ပါ။ သူ၏ အတုမရှိသော တန်ခိုးတော်သည် သင်နှင့် နေ့စဉ် အတူရှိနေပြီး သူ၏ဝိညာဉ်တော်၏ တန်ခိုးတော်၊ ချစ်ခြင်းမေတ္တာတော်နှင့် ချုပ်တည်းခြင်းတို့သည် သင်နှင့်အတူ ရှိနေသည်။[၁၃]

သောမနည်းတူ မတုံ့ပြန်ဘဲ ယေရှုသည် ခမည်းတော်ထံ "အကျွန်ုပ်၏ ခံစားချက်အတိုင်း မဟုတ်၊ ကိုယ်တော်၏ ကတိတော်အတိုင်း ဖြစ်ပါစေ" ဟူ၍ ဆုတောင်းခဲ့သည်။ ဘုရားသခင်၏ ကတိတော်မှ ကျွန်ုပ်တို့ကို လူပ်ခါရန် ပတ်ဝန်းကျင်အခြေအနေများကို ကျွန်ုပ်တို့ ခွင့်ပြုလေ့ရှိတတ်သည်။ ကားတိုင်ထက်တွင် ကြီးမားသောနာကျင်မှုဝေဒနာ ခံစားချိန်တွင် ယေရှုသည် ခမည်းတော်ထံမှ ကောင်းကင်အမြင်ကို တောင်းဆိုခဲ့သည်။ ရှေ့တွင် စောင့်ကြိုနေသည့် အရာနှင့် ပတ်သက်၍ ခံစားချက်တွင် ရှုပ်ထွေးမှု ရှိသောကြောင့် ၎င်းကို အနိုင်ယူနိုင်ရန် တောင်းဆိုခဲ့သည်။ သင့်ကို ဘုရားသခင် အမှန်တကယ် ဂရုစိုက်သည်၊ မစိုက်သည်ကို

လည်းကောင်း၊ ဘုရားသခင်သည် ယုံကြည်ထိုက်သည်၊ မထိုက်သည်ကိုလည်းကောင်း စွပ်စွဲသူက သင့်အား မေးလာလျှင် ကတိတော်အုတ်မြစ်ကို ကြွေးကြော်နိုင်သည်။ ရှေးကာလကတည်းက ကြံစည်သည့်အကြံအစည်တော်မြတ်သည် စုံစုံလင်လင် အမှန်တကယ် ပြည့်စုံလာမည် ဖြစ်သောကြောင့် ကျေးဇူးတော် ချီးမွမ်းပါ။ ဘုရားသခင်သည် ကောင်းမြတ်တော်မူ၍ ကရုဏာတော်သည် အစဉ်အမြဲ တည်တော်မူသည်။ သင်သွားလေရာ၌ သင်နှင့်အတူ ရှိတော်မူ၍ သင်နားလည်နိုင်သည်ထက် ပို၍ သင့်ကို တန်ခိုးပေးတော်မူမည်။[၁၄]

လူသားဖြစ်ခြင်းနှင့် ပတ်သက်၍ ကျွန်ုပ်တို့၏ လွဲမှားသောအတွေးအမြင်တိုင်း ဆက်သွားသည် မသွားသည်ကို လည်းကောင်း၊ စစ်မှန်သောအသက်ကို ပေးနိုင်သည့် ဘုရားသခင်၏ ကတိတော်ကို ကျွန်ုပ်တို့ လက်ခံသည် မလက်ခံသည်ကိုလည်းကောင်း စွပ်စွဲသူ၏မေးခွန်းအပေါ် ကျွန်ုပ်တို့၏တုံ့ပြန်မှုဖြင့် သိနိုင်သည်။ ကျွန်ုပ်တို့ မည်သည့်နေရာတွင် အုတ်မြစ်ချသည်ဟူသည့်အပေါ် မူတည်၍ ကျွန်ုပ်တို့၏ တုံ့ပြန်မှု ခြားနားသွားလိမ့်မည်။

ယေရှုသည် ခမည်းတော်ကို အားကိုးခြင်းနှင့် ဝန်ခံအပ်နှံခြင်းအပေါ် မိမိဘဝ အုတ်မြစ် ချထားသည်။ မေးခွန်းပေါင်းမျိုးစုံနှင့် ရင်ဆိုင်သည့်အပြင် ပြဿနာပေါင်းစုံနှင့် ရင်ဆိုင်ခဲ့သော်လည်း ယေရှုသည် အခြေအနေတိုင်းတွင် မိမိဘဝအုတ်မြစ်ကို ချခဲ့သည်သာမက ခမည်းတော်ဘုရားသခင်၏ နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းတရားကို ရှေးဦးစွာ ရှာဖွေဖို့ မပျက်ကွက်ခဲ့ပါ။[၁၅] ထိုနည်းတူ ကျွန်ုပ်တို့သည်လည်း ဘုရားသခင်၏ သမ္မာတရားအုတ်မြစ်အပေါ် မိမိတို့၏ ဘဝကို တည်ဆောက်ရပေမည်။ သို့သော်၊ တစ်ခါတရံ ကျွန်ုပ်တို့သည် လုံခြုံမှု၊ ပျော်ရွှင်မှု၊ မျှော်လင့်ခြင်း၊ သက်တောင့် သက်သာမှု သို့မဟုတ် ကျေနပ်မှု ပေးနိုင်သည်ဟု ထင်မှတ်သည့်အရာများအပေါ် မိမိတို့၏အုတ်မြစ်ကို အလွဲလွဲ အမှားမှား ချမှတ်ထားကြသည်။

မကြာသေးခင်က အီဂျစ်နိုင်ငံကို အလည်သွားချိန်တွင် သူငယ်ချင်းဖြစ်သူ Joujou က မြို့တော်ကို လှည့်ပတ်ကာ ပြသပေးခဲ့ပြီး ပြိုလဲသောအဆောက်အအုံများစွာကိုလည်း ပြခဲ့သေးသည်။ အဘယ်ကြောင့် ဤသို့ ဖရိုဖရဲ ဖြစ်ရသည့်အကြောင်းကို ကျွန်ုပ် မေးသည့်အခါ သူပြန်ဖြေသည့်အဖြေမှာ ရိုးရှင်းလှသည်။.

"အဲဒီအဆောက်အအုံတွေက တရားဝင်မဝင် ဆောက်ထားတာ။ ဆောက်ပုံလည်း မမှန်တော့ ပြိုလဲတဲ့အခါ လူတွေတော်တော်များများ ထိခိုက်ဒဏ်ရာ ရခဲ့ကြသလို သေတဲ့သူတွေလည်း ရှိတယ်။"

၎င်းအဆောက်အအုံများ မလုံခြုံကြောင်း သိပါလျက် ဘာကြောင့် လူတွေ နေထိုင်ကြကြောင်း ကျွန်ုပ် မေးလျှင် ဝမ်းနည်းသည့်လေသံဖြင့် ကျွန်ုပ်ကို ပြန်ပြောခဲ့သည်။

"သူတို့ တတ်နိုင်တာဆိုလို့ ဒီအဆောက်အအုံတွေပဲလေ"

တန်ဖိုးမရှိသောလမ်းကို ကျွန်ုပ်တို့ အကြိမ်မည်မျှ ရွေးချယ်သနည်း။ ဘုရားသခင်၏ ပညတ်တရားကို ကျွန်ုပ်တို့ အကြိမ်မည်မျှ ချိုးဖောက်သနည်း။ မိမိကိုယ်တိုင် ပြုလုပ်သည့်ပညတ်တရားအောက်တွင် ရှောင်လွှဲမရနိုင်သည့် အရှုံးနှင့် ရင်ဆိုင်ပြီး မပေးချေနိုင်သည့် အကြွေးများကို အကြိမ်ကြိမ် တင်စေကြသည်။ သို့တိုင်၊

ဘုရားသခင်သည် ကျွန်ုပ်တို့အား အပျက်အဆီးအောက်တွင် ထားခဲ့မည့်အစား တန်ဖိုးဖြတ်မရသော ကောင်းကင်ရတနာဖြစ်သည့် မိမိ၏သားတော်ကို ကျွန်ုပ်တို့၏အပြစ်ကြွေးများကို ပေးချေရန် စေလွှတ်ကာ ကျွန်ုပ်တို့၏ကျရှုံးမှုဝန်ထုပ်ကြီးကို ကိုယ်တိုင် ထမ်းကာ ဘုရားသခင်၌ အုတ်မြစ်ချတည်ဆောက်သည့် အသက်တာပုံစံကို ကျွန်ုပ်တို့အတွက် စုံစုံလင်လင် ချပြခဲ့လေသည်။

ကျွန်ုပ်တို့၏ဘဝကို တည်ဆောက်နိုင်သည့် အုတ်မြစ်မှာ ဘုရားသခင်၏ သမ္မာတရားအုတ်မြစ်ပင် ဖြစ်သည်။ ယေရှု ခရစ်တော်အားဖြင့် ဘုရားသခင်၏ ခွင့်လွှတ်ခြင်းသည် ကျွန်ုပ်တို့ကို ပြိုလဲခြင်းမှ ကယ်တင်သည်။

လှိုင်းတံပိုးကြားတွင် ယေရှုနှင့် တွေ့ဖို့ ပေတရု လှေထဲမှ ထွက်၍ လမ်းလျှောက်သောအခါ ယေရှုအား ယုံကြည် အားကိုးခြင်းကို ပေတရု ပုံသက်သေ ပြခဲ့သည်။ သို့သော်၊ ယေရှုကို အာရုံမစိုက်နိုင်တော့သည့်အပြင် ယေရှု ပေးသနားသည့် အုတ်မြစ်အပေါ် ကျွန်ုပ်တို့၏ယုံကြည်ခြင်း လဲပြိုအောင် ပတ်ဝန်းကျင်အခြေအနေများက ကျွန်ုပ်တို့အပေါ် အလွယ်တကူ သက်ရောက်မှုရှိစေနိုင်သည့် အကြောင်းကို ပေတရု၏ သံသယကလည်း သက်သေပြနေသည်။

ယေရှုသည် မိမိ၏ကျေးဇူးတော်အားဖြင့် ကျွန်ုပ်တို့ကို လှိုင်းလုံးထဲမှ အကြိမ်ကြိမ် ကူမတော်မူသည်။ ထိုသို့ ကူမတော်မူတိုင်း "သံသယရှိရအောင် ဘာကြောင့် ယုံကြည်ခြင်း အားနည်းရတာလဲ" ဟူ၍ ကျွန်ုပ်တို့ကို အကြိမ်ကြိမ် မေးလေ့ရှိသည်။ သူ၏ ကရုဏာတော်ကြွယ်ဝသော မေးခွန်းသည် ကျွန်ုပ်တို့ကို အရှက်ရစေဖို့ မဟုတ်ဘဲ ပိုကောင်းသောဘဝအသက်တာနှင့် ယုံကြည်အားကိုးခြင်းနှင့်ဆိုင်သည့် လွတ်လပ်မှု စွန့်စားခန်းအတွက် ခေါ်သံဖြစ်သည်။

ယေရှုသည် သောမအား သူ၏သံသယကြောင့် အရှက်ခွဲခြင်း၊ ရှုတ်ချခြင်း မပြုခဲ့ပါ။ နားလည်မှုလွဲခြင်းမရှိဘဲ သမ္မာတရားကို လေ့လာကြရန်သာ တပည့်တော်တို့အား တိုက်တွန်းခဲ့လေသည်။ "သောမ...လာပါ။ ငါ့အမာရွက်တွေကို လက်နဲ့ စမ်းကိုင်ကြည့်ပါ။ တကယ် မှန်မမှန် ကိုယ်တိုင် စမ်းကြည့်ပါ။"

အားအင်ကုန်ခန်းစေသည့် သံသယမှ မျှော်လင့်ခြင်းပေးသည့် ယေရှု၏ ကျေးဇူးတော်သည် ကြီးမားလှသည်။ ထိုနည်းတူ၊ ကျွန်ုပ်တို့သည်လည်း သူတပါး သံသယ ဝင်သည့်အချိန်တွင် ကရုဏာထားကာ ယေရှုကို စူးစမ်းလေ့လာကြရန် ဖိတ်ခေါ် ကူညီရပေမည်။

ယေရှု၏ ကမ်းလှမ်းမှုကို သောမ လက်ခံပါသလား။ အီတလီနိုင်ငံသား ပန်းချီဆရာ Caravaggio က သောမ လက်ခံခဲ့သည်ဟု ထင်မြင်ပုံရ၍ သူ၏ပြောင်မြောက်လှသော ပန်းချီလက်ရာဖြစ်သည့် The Incredulity of Saint Thomas တွင် ပုံဖော်ရေးဆွဲထားသည်။ ယေရှု၏အမာရွက်ကို သောမ လက်ဖြင့် ကိုင်စမ်းကြည့်၍ မိမိတို့၏သိလိုစိတ်ပြင်းပြမှုကို ကျေနပ်စေရန် ပေတရုနှင့် ယောဟန်ကလည်း အနီးတွင် စောင့်ကြည့်ကြသည့်ပန်းချီကို Caravaggio ရေးဆွဲခဲ့သည်။ အင်မတန် ဆွဲဆောင်မှုရှိသော ပန်းချီလက်ရာပင် ဖြစ်သည်။

မည်မျှပင် လှပစေကာမူ၊ ခန့်မှန်းမှုတစ်ခုသာ ဖြစ်ကြောင်းကို သိထားရပေမည်။ ယေရှု၏အမာရွက်ကို သောမ အမှန်တကယ် ကိုင်စမ်းခဲ့သည်၊ မကိုင်စမ်းခဲ့သည်ကို ရှင်ယောဟန်က ရေးသားဖော်ပြ

ခြင်း မပြုခဲ့ပါ။ ဤဇာတ်ကြောင်း၏ အဓိကအချက်လည်း မဟုတ်ပါ။ ရှင်ယောဟန် အဓိက ဖော်ပြလိုသည့်အချက်မှာ ယေရှုသည် သံသယကို ရှုတ်ချခြင်းဖြင့် မတုံ့ပြန်ဘဲ ဖိတ်ခေါ်မှုဖြင့် တုံ့ပြန်သည်ဟူသည့်အချက် ဖြစ်သည်။

ယေရှု၏သက်တော်စဉ်ကို စုံစမ်းလေ့လာရန်၊ မည်မျှကောင်းမြတ်ကြောင်းကို မြည်းစမ်းကြည့်ရန်၊ ကျွန်ုပ်တို့၏ စိုးရိမ်ပူပန်မှုကို ယူဆောင်၍ ခရစ်တော်၌ ငြိမ်သက်ခြင်းဖြင့် အနားယူ၍ မျှော်လင့်ချက်ထားရန် ကျွန်ုပ်တို့အယောက်တိုင်းအား ယေရှု ဖိတ်ခေါ်နေသည်။၁၇ အချို့က နိမိတ်လက္ခဏာများကို မြင်ကြသည်။ အချို့က တမန်တော်တို့၏ သက်သေခံချက်များနှင့် ယနေ့ ယုံကြည်သူများ၏ သက်သေခံချက်များဖြင့် ကျေနပ်ကြရသည်။ ၁၈ သောမသည် ရှင်ပြန်ထမြောက်သော ယေရှုကို မိမိမျက်စိဖြင့် ကိုယ်တိုင် မြင်ခွင့်ရခဲ့သော်လည်း မမြင်ဖူးသော်လည်း ယေရှုကို ယုံကြည်သော ကျွန်ုပ်တို့အားလုံးသည် ပို၍ပင် မင်္ဂလာရှိသည်ဟု ယေရှု မိန့်တော်မူခဲ့သည်။ အဘယ်ကြောင့်နည်း။ ယုံကြည်ခြင်းက ဘုရားသခင်၏စိတ်တော်ကို ကျေနပ်စေ၍ မမြင်ဖူးသောအရာကို ယုံကြည်အားကိုးဖို့ ပိုကြီးမားသောယုံကြည်ခြင်း လိုအပ်သည်။

ယေရှုကို ယုံကြည်အားကိုးခြင်းဖြင့် ဘုရားသခင်၏ သမ္မာတရား အုတ်မြစ်၌ မိမိဘဝကို တည်ဆောက်ခြင်းသည် အန္တိမကိုးကွယ်ခြင်းဖြစ်၍ အကြီးမားဆုံးသော ကောင်းချီးကို ယူဆောင်လာပေးသည်။ ထိုသို့မပြုလျှင် ကြီးမားသောကျရှုံးမှု ဖြစ်၍ နောက်ဆုံးတွင် သေခြင်းသို့ ဦးတည်စေသည်။ သို့ရာတွင် ကျရှုံးတိုင်း ဘုရားသခင်နှင့် အပြတ်ဖြစ်သည်ဟု မဆိုလိုပါ။

လူ့ဇာတိခံယူသော ယေရှုမှ လွဲ၍ အပြစ်ထဲသို့ ကျရောက်စေသည့် သံသယဘက်သို့ မိမိ သွေးဆောင်၍ မရနိုင်သည့် လူသားတစ်ယောက်ကိုမျှ စာတန် မတွေ့ဖူးပါ။ အပြစ်သားများဖြစ်သော ကျွန်ုပ်တို့သည် လွဲမှားသောအုတ်မြစ်အပေါ် မိမိတို့ဘဝ တည်ဆောက်ကြစဉ် စုံလင်သောလူသားဖြစ်သူ ယေရှုသည် ကျွန်ုပ်တို့အတွက် အသေခံတော်မူခဲ့သည်။၁၉ ကားတိုင်ပေါ်မှ ယေရှု ပြောခဲ့သော စကားမှာ ကျိန်ခြင်းအမင်္ဂလာမဟုတ်၊ ခွင့်လွှတ်ခြင်း ဖြစ်သည်။ သူ၏နှုတ်တော်မှ ရှုတ်ချခြင်းအသံ မထွက်ခဲ့။ ကရုဏာစကား ထွက်လာခဲ့သည်။၂0 ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ယေရှုသည် ဘုရားသခင်က အသက်ပေးပိုင်သူဖြစ်ကြောင်းနှင့် လူသားမျိုးနွယ်အတွက် စိတ်ချသေချာသော အုတ်ဖြစ်ဖြစ်ကြောင်း ယေရှု ထင်ရှားစေခဲ့သည်။ ဘုရားသခင်ကို ဆန့်ကျင်၍ လွဲမှားသောအုတ်မြစ်အပေါ်တွင် မိမိဘဝကို တည်ဆောက် သောသူများအတွက် ယေရှုသည် မိမိ၏သက်တော်စဉ်၊ သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းဖြင့် ခမည်းတော်၌ ခိုင်မာသောအုတ်ဖြစ် တည်ဆောက်နိုင်ရာလမ်း ဖွင့်ပေးခဲ့လေသည်။၂၁ ယုံမှားခြင်းသံသယ မရှိဘဲ ယုံကြည်ခြင်းသာ ရှိရန် အောင်နိုင်၍ ရှင်ပြန်ထမြောက်သော ယေရှုက ကျွန်ုပ်တို့အားလုံးကို ဖိတ်ခေါ်နေသည်။ ၎င်းမှာ စိတ်ချသေချာ၍ ရှက်ကြောက်ခြင်းနှင့် ကင်းမဲ့သည့် မျှော်လင့်ခြင်းသို့ ဖိတ်ခေါ်ချက် ဖြစ်သည်။၂၂

ဘုရားသခင်သည် ကျွန်ုပ်တို့အယောက်တိုင်းအား မောင်ဒုစရိုက်၊ မ ပုန်ကန်၊ သံသယကြီးသော သောမ စသည်ဖြင့် ရှုတ်ချသည့် သဘောသက်ရောက်သော အမည်ပြောင်များကို ပေးခွင့်ရှိသည်။ သို့သော်၊ ယေရှုက ကျွန်ုပ်တို့အား ထိုကဲ့သို့သောအမည်မျိုးကို မပေးပါ။ ယေရှုက သောမ၏ သသယကို သိခဲ့သော်လည်း သူ၏မိတ်ဆွေသောမအား သံသယကြီးသောသောမဟူ၍ မခေါ်ခဲ့ပါ။ ထိုသို့ပြုမည့်အစား၊ သောမအား သူရှုန်းကန်သည့်အချိန်တွင် တွေ့ဆုံကာ လွတ်မြောက်ရာလမ်းကို ပြင်ဆင်ပေးခဲ့သကဲ့သို့ ကျွန်ုပ်တို့အတွက်လည်း ပြင်ဆင်ပေးကာ အမည်သစ်ကိုလည်း ကျွန်ုပ်တို့အား ပေးလေသည်။ မိမိကို ယုံကြည်သောသူတို့အား ဘုရားသခင်၏သားဟူ၍ ခေါ်ခြင်းအခွင့် ရရှိရန် ယေရှု ပြင်ဆင်ပေးခဲ့သည်။၂၃

"သခင် အမှန်တကယ် ထမြောက်ခဲ့ပါသလား" ဟူ၍ စွပ်စွဲသူက ကျွန်ုပ်တို့အား မေးလာသည့်အချိန်တွင် ကျွန်ုပ်တို့ မည်သို့တုံ့ပြန်မည်ကို တစ်လောကလုံးက စောင့်ကြည့်နေသည်။ ကျွန်ုပ်တို့ ပေးသည့်အဖြေက လူ့ဂုဏ်သိက္ခာကင်းမဲ့ စေလိုသည့် စာတန်၏အကြံဆိုးကို ငြင်းပယ်နိုင်ပြီး ဘဝအခက်အခဲမျိုးစုံကို ဖြတ်ကျော်နိုင်သည့် ခွန်အားကိုလည်း ပေးနိုင်သည်။ "ယေရှုသည် အကျွန်ုပ်၏အရှင်၊ အကျွန်ုပ်၏ဘုရားသခင်" ဖြစ်သည်ဟု ကျွန်ုပ်တို့ ပြန်ဖြေသည့်အခါ ဤလောကတွင် မျှော်လင့်ချက် ရှိကြောင်းကို ကျွန်ုပ်တို့ ကြွေးကြော်သကဲ့သို့ ဖြစ်သည်။

ဆွေးနွေးရန် မေးခွန်းများ

၁။ ယေရှု၏နောက်လိုက်များအနေဖြင့် သံသယကို ကျွန်ုပ်တို့ မည်သို့ ချဉ်းကပ်သင့်သနည်း။

၂။ လူတို့သည် မည်သည့်အုတ်မြစ်အပေါ်တွင် မိမိတို့၏ဘဝကို တည်ဆောက်ကြသနည်း။

၃။ ရန်သူ၏ သံသယဖြစ်ပေါ်စေသော စွပ်စွဲချက်ကို ကျွန်ုပ်တို့ မည်သို့ တုံ့ပြန်သင့်သနည်း။

၄။ ယေရှုအပေါ် ယုံကြည်ခြင်းနှင့် ပတ်သက်၍ သူတပါး၏ သံသယကို ဖြေရှင်းရန် ကျွန်ုပ်တို့ မည်သို့ ကူညီနိုင်ပါသနည်း။

လိုက်လျှောက်ကျင့်သုံးခြင်း

သင့်အသင်းတော်တွင် Alpha သို့မဟုတ် Christianity Explored သင်ခန်းစာကို သင်ယူဖို့ စဉ်းစားကြည့်ပါ။ မေးခွန်းများမေးခြင်း၊ ယုံကြည်ခြင်းဆိုင်ရာ သံသယများ ဝေမျှခြင်း၊ ခရစ်ယာန်ဖြစ်ခြင်းအကြောင်းကို လေ့လာသင်ယူခြင်း၊ ဧဝံဂေလိတရားဟောပြောခြင်းဆိုင်ရာ အခြေခံသဘောတရားများကို ဤသင်ခန်းစာက အထောက်အကူပြုသည်။ ထပ်မံလေ့လာရန် alpha.org နှင့် christianityexplored.org သို့ သွားရောက်လေ့လာနိုင်သည်။

မှတ်စုများ

- ၁) မဿဲ ၁၄း၃၁၊ ၂၈း၁၇၊ မာကု ၁၆း၁၁၊ လုကာ ၂၄း၁၁
- ၂) သမ္မာကျမ်းစာတွင် တွေ့ရသည့် အမည်ပြောင် မဟုတ်ဘဲ အသင်းတော်ဓလေ့ထုံးတမ်းတွင် ဖော်ပြထားသည့် အမည်ပြောင်သာ ဖြစ်သည်။
- ၃) Jennifer Michael Hecht, Doubt: A History (New York: Harper Collins, ၂00၃), ၄၉၃–၄၉၄.
- ၄) ဟေရှာ ၁း၁၈၊ ၁ ပေ ၃း၁၅
- ၅) ၁ ကော ၁၃း၁၂
- ၆) ရောမ ၁၂း၁၂
- ၇) ကမ္ဘာ ၃း၁
- ၈) ၁ ဓမ္မ ၁၃း၅–၁၄
- ၉) မဿဲ ၁၆း၁၆
- ၁၀) မဿဲ ၇း၁၂
- ၁၁) လုကာ ၂၂း၄၂–၄၄
- ၁၂) ယော ၈း၃၆၊ ဂလာတိ ၅း၁
- ၁၃) ဆာလံ ၁၄၇း၄–၅၊ ဖေက် ၃း၂၀၊ ၂ တိ ၁း၇
- ၁၄) ဟေရှာ ၂၅း၁၊ ဆာလံ ၁၀၀း၅၊ ယောရှု ၁း၉၊ သုတ္တံ ၃း၅–၆
- ၁၅) မဿဲ ၆း၄၄
- ၁၆) ယုဒ ၂၂
- ၁၇) ဆာလံ ၃၄း၈၊ မဿဲ ၁၁း၂၈
- ၁၈) "သောမ မြင်သကဲ့သို့ ကိုယ်တိုင် မြင်ခွင့် မရသော်လည်း သောမ၏ အတွေ့အကြုံအကြောင်းကို ဖတ်ရှု၍ သောမ ယုံကြည်သည့်အရာကို ယုံကြည်သောသူတို့သည် မင်္ဂလာရှိကြသည်" D. A. Carson, The Gospel according to John, The Pillar New Testament Commentary (Leicester, England; Grand Rapids, MI: Inter- Varsity Press; W.B. Eerdmans, ၁၉၉၁), ၆၆0.
- ၁၉) ရောမ ၅း၈
- ၂၀) လုကာ ၂၃း၃၄
- ၂၁) ယော ၁၄း၆
- ၂၂) ရောမ ၅း၅
- ၂၃) ယော ၁း၁၂



ADVANCE ဟောပြောခြင်း စီးရီးနှင့် ပတ်သက်၍ စာအုပ်များကို ထပ်မံရှာလိုလျှင် ADVANCEGROUPS.COM/APS သို့ သွားရောက် ရှာဖွေနိုင်သည်။

နောက်ဆက်တွဲ
'One Thing' နှင့် အခြားသော အွန်လိုင်းအရင်းအမြစ်များ

သင့်အဖွဲ့လိုက်တွေ့ဆုံခြင်းတွင် အသုံးပြုနိုင်သည့်အကြောင်းအရာများစွာကို The Advance Groups website တွင် တင်ထားသည်။ အခါအားလျော်စွာ အဖွဲ့သစ်အစည်းအဝေးအတွက် တင်ထားသည့်အရာများမှလွဲ၍ 'One Thing' စီးရီးသည် သင့်အဖွဲ့အတွက် အဓိကအသုံးပြုနိုင်သည့် အရင်းအမြစ်ကောင်းတစ်ခု ဖြစ်သည်။ 'One Thing' ရှိ ဆောင်းပါးတစ်ခုစီတွင် ဧဝံဂေလိတရား စတင်ဟောပြောစဉ်က သိခဲ့သင့်သည်ဟု ဧဝံဂေလိဆရာ သို့မဟုတ် ခရစ်ယာန်ခေါင်းဆောင်များ ဝေမျှထားသည့် သက်သေခံချက်များ ပါဝင်သည်။ အဓိကကျမ်းချက်အပြင် ဆွေးနွေးရန် မေးခွန်းများကိုလည်း ထည့်သွင်းပေးထားသည်။

ဟောပြောခြင်းစီးရီး (Proclaimers series) နည်းတူ One Thing ဆောင်းပါးတစ်ခုကို အဓိကထား၍ ဆွေးနွေးဖို့ သင့်အဖွဲ့ တွေ့ဆုံနိုင်သည်။ ထိုအစည်းအဝေးတွင် တွေ့ဆုံခြင်းနှင့် အချင်းချင်းအတွက် ဆုတောင်းခြင်း၊ တာဝန်ခံမှုရှိခြင်းနှင့် ဆွေးနွေးချိန် စသည်တို့ ဖြင့် အချိန်သုံးသင့်သည်။ ဆောင်းပါးများအပြင် ၎င်းဆောင်းပါးများကို ရေးသားသောသူများမှ ဆွေးနွေးတင်ပြထားသည့် podcast လည်းရှိပြီး မိမိတို့ရေးသားသည့် 'One Thing' အကြောင်းကို ဆွေးနွေးကြသည်။ ၎င်း podcasts တို့သည် သိပ်မရှည်လှပါ။ သင်တို့၏အစည်းအဝေးချိန်တွင် ရေးသားထားသော ဆောင်းပါးနှင့်အတူ podcast တစ်ခုကိုလည်း အတူတူ နားထောင်ကြသင့်သည်။

သင့်အဖွဲ့အစည်းအဝေးချိန်တွင် အသုံးပြုနိုင်သည့် 'One Thing' ဆောင်းပါးများမှ အောက်ပါခြောက်ခုကို တင်ပြထားသည်။ အွန်လိုင်းတွင် နောက်ထပ်ဆောင်းပါးများစွာ ရှိနှင့်ပြီးဖြစ်သည့်အပြင် အခါအားလျော်စွာ ထပ်တင်မည့်ဆောင်းပါးများလည်း ရှိသေးသည်။

advancegroups.org/category/one-thing တွင် ဆက်လေ့လာနိုင်သည်။

ANDREW PALAU

THE LUIS PALAU ASSOCIATION

မျက်မှောက်မမြင်ဘဲ ယုံကြည်မျှော်လင့်ခြင်းရှိသည်အတိုင်း

> ဧဝံဂေလိတရား စတင်ဟောပြောစဉ် ကျွန်ုပ် သိခဲ့သင့်သည့်အရာတစ်ခု ...
>
> "မျက်မှောက်မမြင်ဘဲ ယုံကြည်မျှော်လင့်ခြင်းရှိသည်အတိုင်း ငါတို့သည် ကျင့်ဆောင်ကြမူသည်"
>
> ၂ ကော ၅း၇

အထက်ပါစကားလုံးများကို ကျွန်ုပ်၏ဖခင်ဖြစ်သူ ဧဝံဂေလိဆရာ Luis Palau အကြိမ်ကြိမ် ပြောလေ့ရှိသည်ကို ကျွန်ုပ် ပြန်ကြားယောင်မိသည်။ သူ၏ အသံအနေအထား၊ စိတ်အားထက်သန်မှု၊ ယုံကြည်မှု စသည်တို့ကို ပြန်မြင်ယောင်မိ သည်။ ယေရှုခရစ်တော်အား နာခံခြင်းသည် အစမှသည် အဆုံးထိ ယုံကြည်ခြင်းခရီး ဖြစ်သည်။

သာသနာအတွက်သာ မဟုတ်၊ ဘဝတစ်ခုလုံး ယေရှုထံ ပုံအပ်ခြင်းမှ လာသည့် ဝမ်းမြောက်ခြင်းကို ကျွန်ုပ်ဖခင်က ကျွန်ုပ်အတွက် ပုံသက်သေပြခဲ့သည်။ မည်သည့်သာသနာအတွက် ခေါ်ဆိုခြင်းခံပါစေ နာခံခြင်းသည် ယေရှုနောက်လိုက်၍ လျှောက်ရမည့်ခရီး ဖြစ်သည်။ ၎င်းအရှိတရားကို ကျွန်ုပ်၏ဘဝအစောပိုင်းကတည်းက

သင်ယူခဲ့လျှင် အင်မတန် ကောင်းပေလိမ့်မည်။ ဤခရီး ရောက်ဖို့ ၂၇ နှစ်တိုင်တိုင် အချိန်ယူခဲ့ရသည်။

အဖေက ဤသမ္မာတရားအတိုင်း လိုက်လျှောက်အသက်ရှင်ခဲ့သည်။ အာဂျင်တီးနားနိုင်ငံ လမ်းဆုံလမ်းခွတွင် ဧဝံဂေလိဟောပြောခြင်း စတင်လှုပ်ရှားခဲ့သည့်အချိန်မှစ၍ အဆုတ်ကင်ဆာ အဆင့် ၄ နှင့် လုံးပန်းခဲ့သည့် သူ၏နောက်ဆုံးနှစ်တွေအထိ ဘုရားသခင်ကို အားကိုးပြီး စကားတော်ကို အစဉ်မပြတ် နားထောင်ဖို့ အခွင့်အရေးကို နေ့စဉ် ရှာဖွေခဲ့သည်။

အဖေ အနှစ်သက်ဆုံးကဗျာထဲမှ တစ်ခုမှာ C.T. Studd ရေးသားသည့်ကဗျာဖြစ်သည် – "ရှိတဲ့အသက်တစ်ချောင်းကလေးလည်း မကြာခင် ပျောက်ကွယ်သွားလိမ့်မည်။ ခရစ်တော်အတွက် လုပ်ဆောင်တဲ့အရာတွေပဲ ထာဝရ ကျန်နေခဲ့လိမ့်မည်။" ဤကဗျာကို ကျွန်ုပ်ထံ အဖေ ဝေငှတိုင်း ဤလောကတွင် ဘဝကုန်ဆုံးပြီးနောက် ဘုရားသခင် မေးမည့်မေးခွန်းကို ကျွန်ုပ်အား အမြဲမေးလေ့ရှိသည်။

"ငါပေးထားတဲ့အရာတွေနဲ့ ဘာလုပ်ခဲ့ပြီး သင်နှင့်အတူ ဘယ်သူ့ကို ခေါ်ဆောင်လာသလဲ"

ထာဝရတည်မြဲသောအရာကိုသာ အာရုံစိုက်ခြင်းသင်ခန်းစာသည် လွယ်ကူသည့်သင်ခန်းစာတော့ မဟုတ်ပါ။ ဧဝံဂေလိတရားကိုလည်း ဦးစားပေးရမည်။ တစ်ခါတရံ အလွန်ခက်ခဲသည့်အချိန် ရှိတတ်သည်။ သို့သော်၊ ကျွန်ုပ်ကိုယ်တိုင် သင်ယူခဲ့ပြီးသည့်အတိုင်း ထာဝရအတွက် အာရုံစိုက်လုပ်ဆောင်ခြင်းသည် ဤဘဝအတွက် ကျွန်ုပ်တို့ လုပ်နိုင်သည့် အကောင်းဆုံးသောအရာ ဖြစ်သည်။

၂ ကော ၅ က ဤသို့ ထပ်မံ ဖော်ပြထားသည်။

> "သို့ ဖြစ်၍၊ သခင်ဘုရားနှင့်ဆိုင်သော ကြောက်မက်ဖွယ်သော အကြောင်းအရာတို့ကို ငါတို့သည် သိလျှင် လူများကို နှိုးဆော်သွေးဆောင်ရသည်... အကြောင်းမူကား၊ တယောက်သောသူသည် လူအပေါင်းတို့အတွက်ကြောင့် အသေခံသည်မှန်လျှင် လူအပေါင်းတို့သည် သေလျက် နေကြသည်ဟူ၍၎င်း၊ အသက်ရှင်သောသူတို့သည် တဖန်ကိုယ်အလိုသို့ လိုက်၍ မရှင်၊ သူတို့အတွက်ကြောင့် အသေခံပြီးမှ ထမြောက်တော်မူသောသူ၏ အလိုသို့ လိုက်၍ ရှင်စေမည်..."
>
> ၂ ကော ၅း၁၁၊ ၁၄-၁၅

ကျွန်ုပ်တို့ တတ်နိုင်သလောက် ဧဝံဂေလိတရားတွင် ပါဝင်ခွင့် ရခြင်းသည် ကြီးမားသော အခွင့်ထူးပင် မဟုတ်လော။ ဧဝံဂေလိတရား ဟောပြောခြင်း၊ ပျောက်ဆုံးသောဝိညာဉ်များကို ခရစ်တော်ထံ ခေါ်ဆောင်ခြင်း၊ အသင်းတော်များကို စည်းလုံးဖို့ တွဲခေါ်ခြင်း၊ တစ်ကမ္ဘာလုံးရှိ မြို့များသို့ ဧဝံဂေလိဖြင့် တိုးဝင်ခြင်း စသည်တို့ကို လုပ်ဆောင်ဖို့ ကျွန်ုပ်တို့ စိတ်ပိုင်းဖြတ်ထားရပေမည်။

ယနေ့သည် အသက်ရှင်ဖို့ ကောင်းသောနေ့ရက် ဖြစ်သည်။ တရားဟောဖို့ ကောင်းသောနေ့ရက် ဖြစ်သည်။ ခက်ခဲသော်လည်း မဟာစေခိုင်းချက်တွင် ပါဝင်လုပ်ဆောင်ဖို့ ကောင်းသောနေ့ရက် ဖြစ်သည်။ ဘုရားသခင်၏ စကားတော်ကို နားထောင်၍ နေ့စဉ်အသက်တာတွင် ဘုရားသခင်ကို အားကိုးတတ်ရန် အကောင်းဆုံးသောဘဝကို ကျွန်ုပ်တို့ ပိုင်ဆိုင်နိုင်မည် ဖြစ်သည်။

ထပ်လောင်း ဆင်ခြင်စရာများ

၁။ ကျွန်ုပ်၏ ဝမ်းမြောက်ခြင်းနှင့် အသက်ရှင်ရခြင်း ရည်ရွယ်ချက်ကို မည်သည့်နေရာမှ ကျွန်ုပ် ရရှိသနည်း။

၂။ ယေရှုကို မနာခံအောင် ကျွန်ုပ်၏ဘဝ၌ မည်သည့်အရာက အတားအဆီး ဖြစ်စေပါသနည်း။

၃။ ယေရှု၏နောက်လိုက်တစ်ယောက်အနေဖြင့် ယုံကြည်ခြင်းဖြင့် အသက်ရှင်ရန် မည်သည့်အပြောင်းအလဲတစ်ခု ကျွန်ုပ် လုပ်နိုင်သနည်း။

ANDY HAWTHORNE

THE MESSAGE TRUST

ထူးဆန်းတတ်သောလူများ

ကျွန်ုပ် ဧဝံဂေလိတရား စဟောပြောစဉ် ကျွန်ုပ် သိခဲ့သင့်သည့်အရာတစ်ခုမှာ လူတို့သည် ထူးဆန်းတတ်သောသူများဖြစ်ပြီး သူတို့ ဘာဆက်လုပ်မည်ကို ကြိုတင်ခန့်မှန်း၍ မရကြောင်း ဖြစ်သည်။

အမှုတော်မြတ်တွင် ပါဝင်သည့် ဆယ်စုနှစ်များစွာအတွင်း ကျွန်ုပ်၏အကြီးမားဆုံးသေ စိန်ခေါ်မှုကို သင့်အနေဖြင့် မေးလာလျှင် ငွေနှင့် လူ ဟူ၍ နှစ်မျိုးရှိသည်ဟု ကျွန်ုပ် ပြန်ဖြေရလိမ့်မည်။ ဘုရားသခင်၏ အမှုတော်မြတ်အတွက် ငွေများ စီးဝင်လာသည်ကို မြင်ခြင်းသည် ကြီးမားသောတိုက်ပွဲတစ်ခု ဖြစ်သည်။ နိုင်ငံတော် ကျယ်ပြန့်ဖို့အတွက် ပေါင်သန်းချီသောငွေအမြောက်အများ ဘုန်းတော်အတွက် ရည်ရွယ်၍ ပေးကမ်းကြသည်ကို တွေ့ရသည်မှာ ဝမ်းသာစရာကောင်းသည်။ သို့သော်၊ လူတွေနှင့်ဆိုင်သောစိန်ခေါ်မှုနှင့် ပတ်သက်သာလျှင် စိန်ခေါ်မှုသည် ပို၍ကြီးသည်။

စာတန်သည် ကောက်ကျစ်သောပုဂ္ဂိုလ် ဖြစ်ပြီး ကျွန်ုပ်တို့၏အားနည်းချက်များကိုလည်း သိသည်။ ခရစ်ယာန်တစ်ယောက်ကို ၁ ယော ၂း၁၆ တွင် ဖော်ပြသည့်အတိုင်း "ကိုယ်ကာယ တပ်မက်ခြင်း၊ မျက်စိတပ်မက်ခြင်း၊ လောကီစည်းစိမ်၌ ဝါကြွားခြင်း" သို့ သွေးဆောင်ဖို့ စာတန်သည် အပတ်တကုတ် ကြိုးပမ်းလိမ့်မည်။ အင်မတန် အောင်မြင်သော ဧဝံဂေလိဆရာနှင့် ခေါင်းဆောင်အချို့တို့က ဤသွေးဆောင်မှုအောက် ကျရှုံးသွား

သည်ကို မြင်ရခြင်းမှာ အင်မတန် ဝမ်းနည်းဖို့ ကောင်းသည်။ သင့်ပတ်ဝန်းကျင်တွင် ဖြစ်ပျက်လျှင်လည်း အံ့ဩခြင်း မရှိပါနှင့်။ သင်ကိုယ်တိုင် မဖြစ်ဖို့ နှစ်ဆ ကြိုးစားဖို့ လိုကြောင်း သင့်အတွက် သတိပေးချက်အဖြစ် မှတ်ယူလိုက်ပါ။ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် ဆုတောင်းခြင်းတွင် နက်ရှိုင်းစွာ အမြစ်တွယ်ပါ။ ထို့ပြင် (ဧဝံဂေလိဆရာများအတွက် ခက်ခဲလေ့ရှိသည့်) ဒေသန္တရအသင်းတော်မိတ်သဟာယတွင် ပါဝင်ဖို့ ဆုံးဖြတ်ပါ။ ရိုးသားစစ်မှန်၍ တာဝန်ခံမှုရှိသော ဆက်ဆံရေးတစ်ခုကိုလည်း တည်ဆောက်ပြီး အပြစ်သွေးဆောင်ရာသို့ မလိုက်မပါစေရန် ယေရှု သွန်သင်သကဲ့သို့ ဆုတောင်းပါ။ ထိုသို့ပြုလျှင် သင်အဆင်ပြေမည့်အပြင် အပြစ်တွင်းကြီးထဲ နက်နက်နဲနဲ ဝင်သွားနိုင်သောသူများထဲမှ တစ်ယောက် မဖြစ်မိဖို့ ကျွန်ုပ် ယုံကြည်သည်။

ဤအကြောင်းကြောင့် တစ်ယောက်နှင့်တစ်ယောက် ခွန်အားပေးတိုက်တွန်းဖို့ Advance အဖွဲ့များ ဖွဲ့ဖို့ အရေးကြီးသည့်အကြောင်းအရင်းနောက်တစ်ခု ဖြစ်သည်။ အချင်းချင်း ခက်ခဲသောမေးခွန်းများ မေး၍ အမွန်မြတ်ဆုံးသော ဆုလာဘ်နောက်ကိုသာ လိုက်ဖို့ အချင်းချင်း ခွန်အားပေးတိုက်တွန်းနိုင်သည်။ ဤရှည်လျားသော ခရီးကို ကြံ့ကြံ့ခံ သွားသောသူအတွက် ဆုလာဘ်မှာ "သာခု သစ္စာရှိသော ငယ်သားကောင်း။ သင်၏သခင်နှင့်အတူ စည်းစိမ်ကို ဝင်စားလော့" ဟူ၍ ယေရှုထံမှ ကြားခြင်းပင် ဖြစ်သည်။ အင်မတန်ဝမ်းမြောက်ဖွယ်ကောင်းသော နောက်ဆုံးနေ့ ဖြစ်မည် မဟုတ်လော။ ၎င်းဆုလာဘ်နောက်သို့ လိုက်ပါလေ။

ထပ်လောင်း ဆင်ခြင်စရာများ

၁။ ယေရှုနှင့်အတူ လျှောက်လှမ်းခြင်းနှင့် ပတ်သက်၍ သင့်အတွက် အကြီးမားဆုံးသော စိန်ခေါ်မှုမှာ အဘယ်နည်း။ ၎င်းစိန်ခေါ်မှုများကို ချရေးပြီး သင် ဝန်ခံဖူးပါသလား။

၂။ ယုံကြည်အားကိုးထိုက်၍ သင်တာဝန်ခံမှု ရှိနိုင်သော ရိုးသားသည့် လူများ သင့်ဘဝတွင် ရှိပါသလား။

၃။ ခရစ်တော်ထံ ယူဆောင်၍ နောင်တရဖို့ သင့်အသက်တာ၌ အပြစ်တစ်ခုခု ယနေ့ ရှိပါသလား။ ၎င်းအပြစ်နှင့် ပတ်သက်၍ အတူဆုတောင်းရန် ယခုအချိန်ကို အခွင့်ကောင်းယူ၍ ရင့်ကျက်သောယုံကြည်သူအချို့နှင့်အတူ ဆုတောင်းပါ။

DR RACHEL JORDAN-WOLF

HOPE TOGETHER

ထ၍ ဆက်သွားပါ

ကျွန်ုပ် ဧဝံဂေလိတရား စဟောပြောစဉ် ကျွန်ုပ် သိခဲ့သင့်သည့်အရာတစ်ခုမှာ ထ၍ ဆက်သွားပါဟူသည့်အချက် ဖြစ်သည်။

လွန်ခဲ့သည့် အနှစ် ၃၀ တွင် ဧဝံဂေလိတရားဟောပြောခြင်း၌ လူငယ်များ ဆက်ကပ်ပါဝင်လာကြရန် George Verwer ဟောပြောသည့် ဒေသနာကို ကျွန်ုပ် နားထောင်ခဲ့သည်။ သူပေးသည့် စိန်ခေါ်မှုကို ကျွန်ုပ် လက်ခံခဲ့ပြီး အနှစ် ၃၀ ကြာပြီးနောက် ယနေ့အထိ ကျွန်ုပ် ဆက်ကပ်ဆဲ ဖြစ်သည်။ သူရေးသည့် Revolution of Love စာအုပ်ကိုလည်း ဖတ်ပြီး စိန်ခေါ်မှုကို လက်ခံခဲ့သည်။ ယနေ့ ကျွန်ုပ် ဝေမျှသည့်အရာသည် ကျွန်ုပ်ကို အထောက်အကူပြုခဲ့သည့်အရာတစ်ခု ဖြစ်သည်။

> "တစ်လောကလုံးထံ ဧဝံဂေလိတရားဟောပြောခြင်းအမှုတော်၌ ဘုရားသခင်အတွက် မာရသွန်အပြေးသမားဖြစ်ဖို့ သင်ကို ကျွန်ုပ် စိန်ခေါ်လိုသည်။ လဲကျခဲ့လျှင်လည်း ပြန်ထ၍ ပြိုင်ပွဲထဲတွင် ပြန်ဝင်ပြီး ဆက်ပြေးပါ။ ကျရှုံးသည့်အခါ၊ လဲပြိုသည့်အခါ ပြန်ထပါ။ သင့်လက်က မြေကြီးကို ထိသည့်အခါ ပြန်ထပါ။ တစ်နေ့တစ်ချိန် အနှစ် ၂၀ သို့မဟုတ် ၃၀ ကြာပြီးနောက် ကျွန်ုပ်ကဲ့သို့ သင်လည်း အပြေးပြိုင်ပွဲထဲတွင် သင်ဆက်လက်ပြိုင်နေလိမ့်မည်။ မောပန်းချိန်နှင့် ဒဏ်ရာရချိန် ရှိနေမည်မှန်သော်လည်း ယေရှုခရစ်တော်အတွက် ဆက်လက်သွားမြဲသွားနေပါ။ ဘုရားသခင်၏နိုင်ငံတော်နှင့် ဧဝံဂေလိတရားမြတ်အတွက် ဆက်လက်၍ သွားမြဲသွားကြစို့။"

George ရေးသားသည့် စကားလုံးတို့သည် ကျွန်ုပ်အတွက် ခွန်အားဖြစ်ခဲ့သည်။ တစ်ခါတရံ မှားသည့်အချိန်ရှိမည်၊ တစ်ခါတရံ ခက်ခဲချိန် ရှိမည်။ သို့သော် အဓိကလျှို့ဝှက်ချက်မှာ ထ၍ ဆက်သွားခြင်း ဖြစ်သည်။ ထို့နောက် အနှစ် ၃၀ ဝန်းကျင် ရှိလာသည့်အခါ ဤစိန်ခေါ်မှုနှင့် ဒေသနာကို သူတပါးထံ သင်လက်ဆင့်ကမ်းနိုင်လိမ့်မည်။ အရေးကြီးသည်မှာ အရှုံးမပေးဘဲ ဆက်သွားခြင်းဖြစ်သည်။ သင်ကိုယ်တိုင်ကော အရှုံးမပေးဘဲ ဆက်သွားမည်လော။

တမန်တော် ရှင်ပေါလု မိန့်မှာသည့်စကားကို အသုံးပြုရလျှင်...

> '... အကြင်အကျိုးကို ပေးခြင်းငှါ ခရစ်တော်သည် ငါ့ကို ကိုင်ဘမ်းတော်မူ၏။ ထိုအကျိုးကို ကိုင်မိခြင်းငှါ ငါပေး၍ လိုက်သေး၏။ ညီအစ်ကိုတို့၊ ငါကိုင်မိပြီဟု ကိုယ်ကိုကိုယ် မထင်သော်လည်း ငါပြုသောအမှုတစ်ခုဟူမူကား၊ နောက်ကျသောအရာတို့ကို မမှတ်ဘဲ ရှေ့၌ ရှိသောအရာတို့ကို လှမ်းကမ်း၍ ယေရှုခရစ်အားဖြင့် ဘုရားသခင်သည် အထက်အရပ်မှ ခေါ်တော်မူခြင်းနှင့် ဆိုင်သောဆုကို ရခြင်းငှါ ပန်းတိုင်သို့ ငါလိုက်ပြေး၏"
>
> **ဖိလိ ၃း၁၂-၁၄**

ထပ်လောင်း ဆင်ခြင်စရာများ

၁။ ဧဝံဂေလိတရားဟောပြောခြင်းတွင် ရင်ဆိုင်တတ်သည့် မည်သည့်စိန်ခေါ်မှုများက ကျွန်ုပ်တို့ကို အလဲထိုးနိုင်သနည်း။

၂။ အလဲထိုးခံရချိန်တွင် ကျွန်ုပ်တို့ မည်သို့ ပြန်ထနိုင်မည်နည်း။

SAMMY JABANGWE

EVANGELIST & RECORDING ARTIST

အရေးအတွက်ထက် လူပုဂ္ဂိုလ်

ကျွန်မ ဧဝံဂေလိတရား စဟောပြောစဉ် သိခဲ့သင့်သည့်အရာတစ်ခုမှာ လူအရေအတွက်ထက် လူပုဂ္ဂိုလ်က ပို၍အရေးကြီးကြောင်း ဖြစ်သည်။

ခရစ်ယာန် စဖြစ်သည့်အချိန်မှစ၍ ကျွန်မ၏ပတ်ဝန်းကျင်ရှိ လူများထံ သတင်းကောင်း ဟောပြောလိုစိတ်ဆန္ဒမှာ နေ့စဉ်နှင့်အမျှ ပြင်းပြသည်ထက် ပြင်းပြလိုလာလေ၏။ ယခုအခါ ကျွန်မသည် The Message Trust ၏ SoulBox အဖွဲ့တွင် တာဝန်ထမ်းဆောင်ပြီး လူငယ်များထံ ဧဝံဂေလိတရား ဟောပြောရန် UK နိုင်ငံရှိ ကျောင်းများထံ အမြဲသွားလေ့ရှိသည်။

SoulBox အဖွဲ့တွင် ကျွန်မ စလုပ်ခါစတွင် အဖွဲ့ဝင်များ၏ သတင်းကောင်းဟောပြောခြင်းကို ကျွန်မအမြဲ အကဲခတ်လေ့ရှိပြီး ဟောပြောတိုင်း လူငယ်မြောက်များစွာသည် ယေရှုကို ကယ်တင်ရှင်အဖြစ် လက်ခံခဲ့ကြသည်။ အင်မတန် စိတ်လှုပ်ရှားဖွယ် ကောင်းသည်။ တစ်နေ့ ကျွန်မ အလှည့်ရောက်လာသည်။ လူငယ် ၂၀ ဝန်းကျင်ရှိသော အဖွဲ့ထံ ဧဝံဂေလိတရား ဟောပြောဖို့ ကျွန်မတို့ သွားခဲ့ကြသည်။ ဧဝံဂေလိတရားကို ကျွန်မ ဟောပြောသည့်အခါ ဘုရားသခင် မည်သို့ အလုပ်လုပ်မည်ကို စောင့်ကြည့်ရန် ကျွန်မ အလွန်စိတ်လှုပ်ရှားခဲ့သည်။ လူငယ်တစ်ဖွဲ့လုံး ယေရှုကို ယုံကြည်လက်ခံကြသည်ကို ကျွန်မ မြင်ယောင်မိခဲ့သည်။ ကျွန်မ ဟောပြောပြီး ဖိတ်ခေါ်မှု ပေးသည့်အခါ လူတစ်ယောက်သာ လက်ထောင်ခဲ့လေသည်။

ကျွန်မ အချိန်တန်ကြာ စောင့်နေခဲ့သော်လည်း ယနေ့ညတွင် ကျန်မည်သူမျှ တုံ့ပြန်မည်မဟုတ်သည်ကို ကျွန်မ သဘောပေါက်လာခဲ့သည်။ ကျွန်မ အင်မတန် စိတ်မကောင်းဖြစ်ကာ စိတ်ပျက်လက်ပျက် အိမ်ပြန်ခဲ့လေသည်။

ကျွန်မ၏ဆရာမထံ ဖုန်းခေါ်ခဲ့သည့်အခါ မနေ့ညကအခြေအနေကို စိတ်လှုပ်ရှားစွာ မေးမြန်းခဲ့သည်။ လူတစ်ယောက် ကယ်တင်ခြင်း ရသည့်အကြောင်းကို ကျွန်မ ပြောပြသည့်အခါ "ဝေါ်း... ဝမ်းသာစရာဘဲ။ ဘုရားသခင်ကို ချီးမွမ်းပါတယ်။ တကယ်ကောင်းပါလား" ဟူ၍ ပြန်တုံ့ပြန်ခဲ့လေသည်။ သူမ အလွန်ဝမ်းသာခဲ့သည်။ လူတစ်ယောက်ကို ဘုရားသခင် ကယ်တင်သောကြောင့် ကျေးဇူးတော် ချီးမွမ်းတတ်ဖို့ ၎င်းအဖြစ်အပျက်က ကျွန်မကို စိန်ခေါ်မှု ပေးခဲ့သည်။

လုကာ ၁၅ တွင် ယေရှု မိန့်မြွက်ခဲ့သည့်ပုံဥပမာကို ကျွန်မ၏ဆရာမက သတိပေးခဲ့သည်။ လူငယ်တစ်ယောက်က ဧဝံဂေလိတရားကို လက်ခံသည့်အခါ ကောင်းကင်၌ ဖြစ်ပျက်သည့်အခြင်းအရာကို အဆိုပါကျမ်းချက် ဖတ်ကြည့် သည့်အခါ ကျွန်မ သဘောပေါက်လာခဲ့သည်။ မယုံနိုင်စရာတစ်ခု ဖြစ်ပျက်ခဲ့သောကြောင့် ဘုရားသခင်နှင့် ကောင်းကင် တမန်တို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ကြသည်။ တစ်ချိန်က သေ၍ ပျောက်ဆုံးသောလူငယ်သည် ယခုအခါ အသက်ပြန်ရှင်၍ ခရစ်တော်၌ ပြန်တွေ့ခြင်း ခံရလေသည်။

အဓိကအရေးကြီးသောအရာမှာ လူအရေအတွက်ထက် လူပုဂ္ဂိုလ်ဖြစ်ကြောင်း ထိုညတွင် ကျွန်မ သင်ယူခဲ့သည်။ ကျွန်မတို့ကဲ့သို့ပင် လူတို့သည် ယေရှုကို မသိမီ အပြစ်၌ သေ၍ ပျောက်ဆုံးကြလေသည်။ အပြစ်မှ ကင်တင်ခြင်း ရနိုင်ကြောင်း သတင်းကောင်းမှာ ဧဝံဂေလိတရား ဖြစ်သည်။ ထိုကယ်တင်ခြင်းဖြင့် ခရစ်တော်၌ ကြွယ်ဝပြည့်စုံ သောအသက်တာကို ရှာတွေ့နိုင်ပေသည်။

ဧဝံဂေလိတရားက လူတို့ကို ခရစ်တော်၏ ကယ်တင်ခြင်းတန်ခိုးထံ ခေါ်ဆောင်နိုင်ကြောင်း ယုံကြည်၍ သတင်းကောင်း ဟောပြောကြပါစို့။ တန်ဖိုးရှိလှသောလူတစ်ယောက်ကသာ ယေရှုကို လက်ခံ၍ အိမ်ပြန်ရောက်သည့်အခါလည်း ကောင်းကင်၌ ဝမ်းမြောက်ခြင်း ရှိသကဲ့သို့ ကျွန်မတို့လည်း ဝမ်းမြောက်တတ်ကြပါစို့။

> "ဘုရားသခင်၏ ကောင်းကင်တမန်တို့သည် နောင်တရသော လူဆိုးတယောက်၌ ဝမ်းမြောက်ခြင်း ရှိကြသည်"
>
> **လုကာ ၁၅း၁၀**

ထပ်လောင်း ဆင်ခြင်စရာများ

၁။ ဧဝံဂေလိတရားဟောပြောခြင်းတွင် အောင်မြင်ခြင်းကို ကျွန်ုပ်တို့ မည်သို့ သုံးသပ်မည်နည်း။

၂။ ကျွန်ုပ်တို့၏အသက်တာ၌ အမှန်တရားကို ချပြ၍ စိန်ခေါ်မှုများ ပေးနိုင်မည့် လူတစ်ယောက်ယောက် သို့မဟုတ် ဆရာ/မ တစ်ယောက်ယောက် ရှိပါသလား။

၃။ လူတစ်ယောက်သာ ကယ်တင်ခြင်း ရသည့်အချိန်တွင်ကော ကျွန်ုပ်တို့ ဝမ်းမြောက်ကြပါသလား။

LIZZIE BURKE

CITY GOSPEL MOVEMENTS

ကျွန်မတစ်ယောက်သာ ရှုန်းကန်သူ မဟုတ်

ကျွန်မဧဝံဂေလိတရား စဟောပြောစဉ် ကျွန်မ သိခဲ့သင့်သည့်အရာတစ်ခုမှာ … ကျွန်မတစ်ယောက်တည်းသာ ဧဝံဂေလိဟောပြောဖို့ အခက်တွေ့သူ မဟုတ်သည့်အကြောင်း ဖြစ်သည်။

ဧဝံဂေလိဟောပြောဖို့ နှစ်ပေါင်းများစွာ ကျွန်မ စိုးရိမ်ပူပန်ခဲ့သည်။ သူတပါး ကသိကအောက် ဖြစ်ပြီး ကိုယ့်ကိုကိုယ် ကာကွယ်ကြမည်ကို ကျွန်မ စိုးရိမ်တတ်သည်။ ကျွန်မက ယေရှု၏နောက်လိုက်ဖြစ်ကြောင်း သူတပါး သိသွားခဲ့လျှင် ခက်ခဲသောမေးခွန်းများကို သူတပါး မေးလာမည်ကို ကျွန်မ စိုးရိမ်ခဲ့သည်။ ဤအချက်တို့ကြောင့် ဧဝံဂေလိဟောပြောဖို့ ကျွန်မ ရှောင်လေ့ရှိခဲ့သည်။

သင်ကိုယ်တိုင်ကော အလားတူ ခံစားဖူးပါသလား။

သူတပါး ကယ်တင်ခြင်း ရရှိမည်ကို ကျွန်မ လိုချင်ခဲ့သော်လည်း အထက်ပါအတိုင်း အချိန်အတန်ကြာ ကျွန်မခံစားခဲ့သည်။ ဧဝံဂေလိတရားကို ပိုမိုဟောပြောခြင်းဖြင့် ယုံကြည်မှု ပိုရှိလာနိုင်ကြောင်းကို ကျွန်မ မသိခဲ့ပါ။

ကယ်တင်ခြင်း ရဖို့ ဖိအား

ကျွန်မထံမှ ယေရှုအကြောင်း သူတပါး သိဖို့ ဧဝံဂေလိတရားကို ကောင်းကောင်းဟောပြောရန် ကျွန်မ၌ သတ္တိမရှိလျှင် သူတို့၏ကံကြမ္မာတစ်ခုလုံးသည် ကျွန်မအပေါ် သက်ရောက်သကဲ့သို့ ခံစားရန် ဧဝံဂေလိတရားဟောပြောခြင်းကို ထင်မှတ်ခဲ့ကြသည်။ အင်မတန် ကြီးမားသည့် ဖိအားပင် မဟုတ်လော။

ထိုဖိအားကို ကျွန်မတို့ ထမ်းပိုးသည့်အခါ ကယ်တင်ခြင်းအကြောင်း ဟောပြောဖို့ ကြောက်ရွံ့တတ်ကြသည်မှာ မထူးဆန်းတော့ပါ။ ထို့ကြောင့်လည်း ကယ်တင်ခြင်းအကြောင်းကို သိပ်မဟောပြောကြပါ။ ဧဝံဂေလိတရား ဟောပြောခြင်းကို အရည်အချင်း မရှိသောသူတို့အတွက် မဖြစ်နိုင်သည့်အရာကဲ့သို့ သတ်မှတ်ရ မည်လော။

သူတပါးကို ကယ်တင်ဖို့ ဘုရားသခင်၏ ကဏ္ဍနေရာတွင် မိမိ နေရာယူသည့်အခါ ဧဝံဂေလိတရားဟောပြောခြင်းက မဖြစ်နိုင်သည့်အရာကဲ့သို့ ဖြစ်တတ်သည်။ ကျွန်မတို့အတွက် ဘုရားသခင် လုပ်ဆောင်ပေးသည့်အမှုကို ရိုးရိုးရှင်းရှင်း ဟောပြောခြင်းက ကျွန်မတို့၏ကဏ္ဍဖြစ်ကြောင်းကို လက်ခံထားပြီး ကယ်တင်သည့်အမှုကို ဘုရားသခင်၏ အငန်းအတာအဖြစ် ခံယူလျှင် ဧဝံဂေလိတရားဟောပြောခြင်းက သိပ်မခက်တော့ပါ။ အောက်ပါကျမ်းချက်ကို ကျွန်မ နှစ်သက်မိသည်။

> “မစိုးရိမ်နှင့်ဟု ယေရုရှလင်မြို့အားငင်း၊ လက်အားမလျော့စေနှင့်ဟု ဇိအုန်တောင်အားငင်း ထိုအခါဆိုရ၏။ သင်၏ဘုရားသခင် ထာဝရဘုရားသည် သင့်အလယ်၌ ရှိ၍

> တန်ခိုးကြီးသော ဘုရားသည် သင့်ကို ကယ်တင်တော်မူလိမ့်မည်”
>
> **ဇေဖနိ ၃း၁၆-၁၇**

ဤကျမ်းချက်တွင် ကယ်တင်သောအမှုကို မည်သူ ပြုသနည်း ဘုရားသခင် ပြုသည်။ ထိုနည်းတူ၊ ယနေ့လည်း ဘုရားသခင် ပြုဆဲ ဖြစ်သည်။

ကျွန်မတို့အား သက်သေဖြစ်ရန် ဘုရားသခင် တန်ခိုးပေးထားသည်။ ဘုရားသခင်သည် တန်ခိုးမဲ့သောတရားကို ဟောပြောဖို့ ကျွန်ုမတို့ကိုသာ လက်ဗလာဖြင့် စေလွှတ်သည်ဟု စာတန်က ကျွန်မတို့ကို ယုံစေချင်သည်။ သို့သော်၊ ဘုရားသခင်က ကျွန်ုမတို့အား ပစ်မထားကြောင်း စာတန် သိသောကြောင့် ဖြစ်သည် (လုကာ ၂၄း၄၆-၄၉)။

အတွေ့အကြုံက ဆရာတစ်ဆူ

ကယ်တင်ခြင်းအကြောင်း ဟောပြောခြင်းသည် လက်တွေ့လုပ်ဆောင်ခြင်းဖြင့် တိုးတက်နိုင်သည့်စွမ်းရည်ကဲ့သို့ မြင်တတ်လျှင် အထောက်အကူပြုနိုင်သည်။ ကျွန်မတို့ထက် အချို့က ဧဝံဂေလိဟောပြောရာတွင် ပိုပြီး သဘာဝကျအောင် ဟောပြောတတ်သည်သည်မှာ သေချာသည်။ အကြောင်းမှာ၊ ကျွန်မတို့ထက် အတွေ့အကြုံ များခဲ့သောကြောင့် ဖြစ်နိုင်သည်။

ကျွန်မ၏အလုပ်သဘောအရ ကျွန်မသည် သင်းအုပ်များနှင့် သာသနာခေါင်းဆောင်များစွာဖြင့် စကားပြောလေ့ရှိသည်။ အများစုက တစ်ဦးချင်း ဧဝံဂေလိဟောပြောခြင်းကို အခက်တွေ့တတ်ကြသည်။ အထူးသဖြင့်၊ မိသားစုဝင် သို့မဟုတ် မိတ်ဆွေများထံ ဟောပြောခြင်းက စိန်ခေါ်မှုကြီးတစ်ခုအဖြစ် မြင်ကြသည်။ ဧဝံဂေလိဟောပြောခြင်းသည် “ကျွမ်းကျင်သောခရစ်ယာန်များ” အတွက်ပင် လွယ်ကူသောအရာ မဟုတ်ပါ။ သင့်အပေါင်းအဖော်များမှာ မည်သူများဖြစ်၍ ပုံမှန် သဘာဝကျကျ ဧဝံဂေလိဟောပြောတတ်သူများနှင့် အသိအကျွမ်းရှိပါသလား ဟူသည့်မေးခွန်းကို ကိုယ့်ကိုကိုယ် မေးပါ။ တံငါနားနီး တံငါဆိုသကဲ့သို့ ပုံမှန်ဧဝံဂေလိဟောပြောသူ ဖြစ်လာဖို့ ပုံမှန်ဧဝံဂေလိဟောပြောသောသူများကို ကျွန်မ ပေါင်းလေ့ရှိသည်။

“ကယ်တင်သူမှာ ဘုရားဖြစ်သည်” နှင့် “မပြည့်စုံသော်လည်း ဧဝံဂေလိ ဟောပြောနိုင်သည်” ဟူ၍ မိမိကိုမိမိ သတိပေးဖို့ လိုအပ်လျှင် သူတပါး၏ အကူအညီ လိုအပ်သူမှာ သင်တစ်ယောက်တည်း မဟုတ်သည်ကို အမြဲသတိပြုပါ။ တမန်တော် ရှင်ပေါလုကိုယ်တိုင် ဧဝံဂေလိဟောပြောသည့်အခါ အနည်းငယ် ကြောက်ရွံ့ခဲ့သည်ကို သတိထားမိပါသလား။ ဓမ္မသစ်ကျမ်းအုပ်တစ်ဝက်ကို ရေးသားပြုစုခဲ့သူ စိတ်အားထက်သန်၍ ပညာရှင်ဖြစ်သူ ရှင်ပေါလုသည် ဧဝံဂေလိတရားဟောပြောခြင်းနှင့် ပတ်သက်လာလျှင် ကြောက်ရွံ့တတ်သူ ဖြစ်သည်။ ထို့ကြောင့်၊ ဧဝံဂေလိတရား ဟောပြောရာတွင် သတ္တိရှိရန် မိမိမိတ်ဆွေများအား ဆုတောင်းပေးဖို့ တောင်းဆိုခဲ့ခြင်း ဖြစ်သည် (ဧဖက် ၆း၁၉)။ သင်ကြောက်ရွံ့သည့်အခါ သင်ဆက်သွယ်လို့ရသည့် သူငယ်ချင်းမိတ်ဆွေ ရှိပါသလား။

ဧဝံဂေလိဟောပြောဖို့ ခက်ခဲချိန်တွင် သင်တစ်ယောက်တည်း မဟုတ်ကြောင်းကို ယခု သင်သိမည်ဟု ကျွန်မ မျှော်လင့်သည်။ ဤအဖွဲ့ထဲတွင် ဧဝံဂေလိဟောပြောဖို့ ကြောက်ရွံ့သောသူများ ပိုများမည်ထင်သည်။ ထိုသို့ကြောက်ရွံ့သောကြောင့် ဘုရားသခင်က နားလည်ပေးမည်ဟူသည့်သဘောမျိုးဖြင့် ဤဆောင်းပါးကို ကျွန်မ ရေးသားခြင်း မဟုတ်ပါ။ ဘုရားသခင်သည် ကျွန်မတို့ကို ကယ်တင်၍ သွားရောက်ဟောပြောဖို့ စေလွှတ်ထားသည်။ ဧဝံဂေလိဟောပြော ဖန်များလေလေ ပို၍ ဟောပြောချင်လေလေ ဖြစ်ကြောင်း ကျွန်မကိုယ်တွေ့ကြုံခဲ့သည်။ ကျွန်မ မျှော်လင့်သည်ထက် ကျွန်မ၏မိသားစုနှင့် မိတ်ဆွေများက ဧဝံဂေလိတရားနားထောင်ဖို့ ပိုဆန္ဒရှိလာကြသည်ကို မြင်ရသည့်အခါ ကျွန်မ အင်မတန် ခွန်အားရသည်။ ရှုတ်ချသည့်သဘောမပါဘဲ ကယ်တင်ခြင်းနှင့်ပတ်သက်သော မေးခွန်းများကို မေး၍ ယေရှုအကြောင်းကို ဟောပြောဖို့သည် လိုအပ်သည်။

သင်မည်သို့ ထင်သနည်း။ သွား၍ လက်တွေ့လုပ်ဆောင်ကြပါစို့။ အပြန်အလှန်စကားပြောလို့ အဆင်ပြေအောင် လုပ်ဖို့ ဖိအားများနေမည့်အစား ကျွန်မတို့၏ပတ်ဝန်းကျင်ရှိ လူများထံ သွားရောက်၍ ဘုရားသခင် အစပြုပြီးဖြစ်သည့် စကားဝိုင်းတွင် သွားရောက်ပါဝင်ကြပါစို့။

ထပ်လောင်း ဆင်ခြင်စရာများ

၁။ လူတို့ကို ကယ်တင်သူမှာ ကျွန်ုပ်တို့မဟုတ်ဘဲ ဘုရားသခင်ဖြစ်လျှင် ကယ်တင်ခြင်းအကြောင်း ဝေငှဟောပြောခြင်းနှင့် ပတ်သက်၍ ကျွန်ုပ်တို့၏စိတ်နေသဘောထားကို မည်သို့ ပြောင်းလဲစေသနည်း။

၂။ အကြောက်တရားက ယေရှုအကြောင်းကို ဝေငှဟောပြောခြင်းမှ မည်သည့်နည်းများဖြင့် အဟန့်အတား ဖြစ်စေသနည်း။

၃။ အတူတူ အချိန်သုံးလို့ရမည့် ဧဝံဂေလိတရား ဝေငှဟောပြောခြင်းတွင် ကျွမ်းကျင်သောသူများ ကျွန်ုပ်တို့၏ဘဝတွင် ရှိကြပါသလား။

LUIZ CARDOSO

HEAD OF ADVANCE GROUPS

ကျွန်ုပ်၏နာကျင်မှုသည် ဘုန်းတော်အတွက် ဖြစ်သည်

ကျွန်ုပ်ဧဝံဂေလိတရား စဟောပြောစဉ် ကျွန်ုပ်သိခဲ့သင့်သည့်အရာတစ်ခုမှာ … အနက်ရှိုင်းဆုံးသော နာကျင်မှုသည် အကြီးမားဆုံးသောသက်သေ ဖြစ်လာနိုင်သည်ဟူသည့်အချက် ဖြစ်သည်။

ခရစ်တော်ထံ ကျွန်ုပ်၏ဘဝကို စတင်ပုံအပ်သည့်အချိန်၊ ယုံကြည်ခြင်းအသက်တာဖြင့် စတင်လျှောက်လှမ်းစဉ်က ကျွန်ုပ် ဖတ်ရှုခဲ့သည့်စာအုပ်များနှင့် သူတပါးထံမှ ကြားရသည့် သက်သေခံချက်များသည် အင်မတန်မှ မဖြစ်နိုင်လောက်အောင် ထူးဆန်းလှသည်။ ကျွန်ုပ်အတွက် ခွန်အားဖြစ်၍ ဘုရားသခင်၏ ဘုန်းတော်ကို ကျွန်ုပ် အံ့ဩမိခဲ့သည်။

သို့သော်၊ အချိန်ကြာလာသည်နှင့်အမျှ ၎င်းစိတ်လှုပ်ရှားမှုက ပျောက်ကွယ်သွားပြီး ကိုယ့်ကိုကိုယ် အရည်အချင်း မပြည့်မီသူ၊ အတုအယောင်အဖြစ် မြင်လာခဲ့သည်။ ကျွန်ုပ်သည် တရားဒေသနာ ဟောပြော၍ ယေရှုနှင့်အတူ အချိန်သုံးခြင်းကို မပျက်မကွက် လုပ်ဆောင်ခဲ့သော်လည်း ကျွန်ုပ်ခံစားခဲ့သည့် နာကျင်မှုမှာ အထင်သား ရှိနေဆဲ ဖြစ်ပြီး အတုအယောင်၊ ကျရှုံးသောခရစ်ယာန်အဖြစ် မိမိကိုမိမိ မြင်လာခဲ့သည်။

ဓမ္မကျောင်းတော်တွင် ဓမ္မပညာဆည်းဖူးရန် ကျောင်းသွားအပ်ဖို့ လုပ်ရင်း လမ်းတစ်နေရာတွင် ကားအက်စီးဒင့်နှင့် ကြုံသည့်အချိန်သည် ကျွန်ုပ် ဓိတ်ဓာတ်အကျဆုံးကာလ ဖြစ်သည်။

ကားဆရာသည် ကားမောင်းနေရင်း အိပ်ငိုက်ခဲ့သဖြင့် လမ်းဘေးတွင် ရပ်ထားသော ကုန်တင်ကားတစ်စီးကို ဝင်တိုက်ခဲ့သည်။ ၎င်းအက်စီးဒင့်ကြောင့် ကျွန်ုပ်၏အချစ်ဆုံးသူငယ်ချင်း အပါအဝင် လူအယောက် လေးဆယ်ထက်မနည်း သေဆုံးသွားခဲ့ကြသည်။

အဘယ်ကြောင့် ဤသို့ ဖြစ်ရသည့်အကြောင်းနှင့် ပတ်သက်၍ ကျွန်ုပ်တွင် အဖြေ မရှိခဲ့ပါ။ ထို့ကြောင့်၊ အက်စီးဒင့်ဖြစ်ပြီးနောက် စိတ်ဓာတ်ကျခြင်း၊ ကြောက်စိတ်မွန်ခြင်းနှင့် နှစ်ပေါင်းများစွာ ကျွန်ုပ် လုံးပန်းခဲ့ရသည်။ လိုအပ်သည့်ကုသမှု ခံယူခဲ့သော်လည်း အခြေအနေ တိုးတက်မှု မရှိခဲ့ပါ။ ဘုရားသခင်၏ ခေါ်သံနှင့် သာသနာလုပ်ငန်းသည် ကျွန်ုပ်နှင့် ပို၍ဝေးသွားခဲ့ပြီး မိမိကိုမိမိ အတုအယောင်ခရစ်ယာန်၊ နက်ရှိုင်းမှုမရှိသော ခရစ်ယာန်အဖြစ် ပိုပို မြင်လာခဲ့သည်။

ကျွန်ုပ်၏ စိတ်ဝေဒနာအားလုံး ပျောက်ကင်းသွားမှ အရာအားလုံး ပျောက်ကင်းသောကြောင့် မဟုတ်ဘဲ အစည်းအဝေးကြီးတစ်ခုတွင် ကျွန်ုပ်၏ကျရှုံးမှုများ၊ ရင်ဆိုင်ရသည့်အခက်အခဲများကို ရိုးရိုးသားသား သက်သေခံရင်း တရားဒေသနာ ဟောပြောသည့်အချိန်တွင် အခြေအနေ စတင်ပြောင်းလဲလာခဲ့သည်။ ထိုအချိန်တွင် အင်မတန် အံ့ဖွယ်ကောင်းသော အဖြစ်အပျက်များနှင့် သက်သေများကို ခံသောသူများစွာ ရှိကြသော်လည်း ကျွန်ုပ် ထ၍ လူရှေ့သူရှေ့တွင် ထွက်ရပ်ခြင်းကိုယ်၌က ခက်ခဲကြောင်း၊ သို့သော် ဘုရားသခင်သည် ကျွန်ုပ်နှင့်အတူ ရှိ၍ အောင်နိုင်သောသူဖြစ်ရန် ကူညီနိုင်ကြောင်း စသည်တို့ကို ရိုးရိုးသားသား ကျွန်ုပ် သက်သေခံခဲ့သည်။

အစည်းအဝေးကြောင့် စိတ်လှုပ်ရှား၍ ခွန်အားများစွာ ရခဲ့ကြသော လူအုပ်ကြီးက တရားဟောဆရာတစ်ယောက်၏ ပြဿနာအဖြစ်အမှန်ကို ကြားသည့်အခါ သူတို့၏တုံ့ပြန်မှုကို ကျွန်ုပ် မမေ့သေးပါ။ ဤသက်သေခံချက်ကြောင့် အခြားအစည်းအဝေးတွင် ကျွန်ုပ်

ADVANCE ဟောပြောသူများ စီးရီး

ကို မည်သူမျှ တရားဟောဖို့ ဖိတ်ခေါ်တော့မည် မဟုတ်ဟု ကျွန်ုပ် ထင်မှတ်ခဲ့သည်။ သို့သော်၊ ထိုနေရာတွင် တစ်ခုခု ဖြစ်ပျက်ခဲ့သည်။ လူတို့၏မျက်ဖုံးများ ခွာကျသည့်အသံကို ကြားနေရသကဲ့သို့ ဖြစ်သည်။ ခေါင်းဆောင်တို့၏ စိတ်နေသဘောထား ပြောင်းလဲမှုနှင့်အတူ မိမိတို့၏ဘဝတွင် အခက်အခဲများစွာနှင့် လုံးပန်းခဲ့ကြသော လူတို့ကိုလည်း မြင်တွေ့ခဲ့ရသည်။ ထိုနေ့တွင် ခေါင်းဆောင်များစွာသည် ဆုတောင်းသည့်အခန်းတွင် ရောက်လာကြသည်။ အသင်းတော် ကြီးထွားဖို့ နောက်ဆုံးပေါ် နည်းဗျူဟာကို ကြားဖို့ ရောက်လာကြခြင်း မဟုတ်ဘဲ ဘုရားသခင်ထံတော်မှ ပျောက်ကင်းစေခြင်းနှင့် အကူအညီ တောင်းခံဖို့ ရောက်လာကြသည်။

ဘုရားသခင် ကူညီ၍ ကုသပေးခဲ့သည့် လူပေါင်းများစွာကို ကျွန်ုပ် မြင်လာခဲ့သည်မှာ နှစ်ပေါင်းများစွာ ရှိပြီ ဖြစ်သည်။ စိတ်ကျရောဂါခံစားသူများ၊ ကြောက်စိတ်မွှန်သူများ၊ မိမိကိုမိမိ အဆုံးစီရင်ရန် ဆန္ဒရှိသူများသည် ကျွန်ုပ်ထံ အပတ်တိုင်း ရောက်လာခဲ့ကြသည်။ ၎င်းအဖြစ်အပျက်များကို ဖြေရှင်းဖို့ ကျွန်ုပ် ကျွမ်းကျင်သောကြောင့် မဟုတ်ဘဲ သူတို့ကြုံတွေ့သည့် ဝေဒနာမျိုးကို ကျွန်ုပ်ကိုယ်တိုင် ခံစားခဲ့ပြီး ၎င်းဝေဒနာနှင့် လုံးထွေးနေသေးကြောင်းအပြင် သူတို့နှင့် ပွင့်ပွင့်လင်းလင်း အပြန်အလှန် စကားပြောနိုင်ကြောင်းကို သူတို့ သိသောကြောင့် ဖြစ်သည်။

သင့်ကို ဘုရားသခင်ကို အသုံးပြုနိုင်ကြောင်းကို မမေ့ပါနှင့်။ သင်ရင်ဆိုင်သည့် ဝေဒနာများက သင့်ကို ကန့်သတ်မှု မရှိစေသော်လည်း ဘုရားသခင်သည် ကောင်းမြတ်၍ သူတို့ ရင်ဆိုင်သည့် ဝေဒနာကြားထဲတွင် ဘုရားသခင် အတူပါရှိတော်မူကြောင်းကို လူတို့အား ခွန်အားပေးရန် သင်၏ဝေဒနာများကို ဘုရားသခင် အသုံးပြုနိုင်သည်။

၂ ကော ၁၂း၉ တွင် ရှင်ပေါလု ရေးသားသည့် စကားကို မမေ့ပါနှင့် ...

> “ငါ့ကျေးဇူးသည် သင့်အဘို့ လောက်ပေ၏။ ငါ့တန်ခိုးသည် အားနည်းခြင်းအဖြစ်၌ စုံလင်တတ်သည်ဟု မိန့်တော်မူ၏။ ထို့ကြောင့်၊ ခရစ်တော်၏တန်ခိုးသည် ငါ့အပေါ်၌ ကျိန်းဝပ်မည်အကြောင်း ငါ့ကိုယ်၌ အားနည်းခြင်းအဖြစ်ကို ဝမ်းမြောက်သောစိတ်နှင့် ဝါကြွားခြင်းငှါ သာ၍ ငါအလိုရှိ၏”

ထပ်လောင်း ဆင်ခြင်စရာများ

၁။ သင့်ဘဝအဖြစ်မှန်ကို မဝေငှရဲအောင် မည်သည့်အရာက သင့်အတွက် အတားအဆီး ဖြစ်နေပါသနည်း။

၂။ သင့်စိတ်ကျန်းမာရေးနှင့် ပတ်သက်၍ ကူညီထောက်ပံ့မှု လိုအပ်ပါသလား။ ၎င်းလိုအပ်မှုကို အခြားတစ်ယောက်ယောက်ထံ ရင်ဖွင့်ပြီးပြီလော။

၃။ ယနေ့ သင်ရင်ဆိုင်သည့် အခက်အခဲများနှင့် ပတ်သက်၍ “ငါ့ကျေးဇူးသည် သင့်အဘို့ လောက်ပေ၏။ ငါ့တန်ခိုးသည် အားနည်းခြင်းအဖြစ်၌ စုံလင်တတ်သည်” ဟူသည့်အချက်က မည်သည့်အဓိပ္ပာယ် သက်ရောက်သနည်း။

ADVANCE ဘလော့ ဧဝံဂေလိတရားဟောပြောခြင်းဆိုသည်မှာ အဘယ်နည်း

BEN JACK, GLOBAL HEAD OF ADVANCE

မိသားစုနှင့် စကားဝိုက် ကစားရာတွင် ရှင်းနိုင်သလောက် ရှင်းအောင် ပြောသော်လည်း သင်ဆိုလိုသည့်အရာကို နားမလည်ကြသည့်အခါ သင်အလွန်စိတ်ပျက်မိတတ်သည် မဟုတ်လော။

ဒိုင်နိုဆောတစ်ကောင်ကဲ့သို့ ချောင်းမြောင်းလှုပ်ရှားသွားလာသည့်အခါ “Jurassic Park ဇာတ်ကား” ဟု သင့်မိသားစုကို အော်ပြောစေချင်သကဲ့သို့ ဧဝံဂေလိတရား ဟောပြောသည့်အခါ တစ်ဖက်သားက မရှင်းမလင်း ဖြစ်သည့်အခါ စိတ်ပျက်ဖွယ်ကောင်းသော အခြေအနေနှင့် ရင်ဆိုင်ရလေ့ရှိသည်။ သို့သော်၊ ခရစ်ယာန် ဧဝံဂေလိတရားသည် “ယေရှု၏လှုပ်ရှားမှုများ” ကို မှန်ကန်စွာ မည်သူ ပြောနိုင်သည်ဟူ၍ ချောင်းမြောင်းသည့်အပြုအမူတစ်မျိုး မဟုတ်ပါ။ ဧဝံဂေလိတရားဟောပြောခြင်းဆိုသည်မှာ ဓမ္မဓိဌာန်မကျသော “သတင်းကောင်း” ကို ဟောပြောခြင်း သက်သက် မဟုတ်။ အကြံကောင်း ပေးခြင်း သက်သက်လည်း မဟုတ်။ ခရစ်ယာန်ယုံကြည်ခံယူချက်ကို ကြော်ငြာခြင်း သက်သက်လည်း မဟုတ်ပါ။

ဧဝံဂေလိတရားဟောပြောရာတွင် စိတ်ပျက်ဖွယ်အတွေ့အကြုံများကို အနိုင်ယူနိုင်ရန် နည်းတစ်နည်းမှာ ဧဝံဂေလိတရား၏ အရှိတရားကို နားလည်ခြင်း ဖြစ်သည်။ ၎င်းကို နားလည်နိုင်ရန် ဧဝံဂေလိတရားဟောပြောခြင်း၏ သဘောတရား၊ ထူးခြားမှုနှင့် လက်တွေ့ဟောပြောခြင်းတို့ကို လေ့လာကြပါစို့။

ဧဝံဂေလိတရားဟောပြောခြင်း သဘောတရား

“ဧဝံဂေလိတရားဟောပြောခြင်း” (‘evangelism’) ဟူသည့် စကားလုံး၏ အဓိပ္ပာယ်မှာ သတင်းကောင်းကို ကြေညာခြင်း ဖြစ်သည်။ သမိုင်းကို ပြန်လှန်ကြသည့်အခါ အောက်ပါနန်းတွင်း သတင်းနှင့်သက်ဆိုင်သည့် “သတင်းကောင်း” ကို ကြေညာခြင်းမှ ဆင်းသက်လာသည်။

> **“မင်းသားတစ်ပါး ဖွားမြင်တော်မူသည်”**
>
> **“စစ်မြေပြင်တွင် အောင်ပွဲရပြီ”**
>
> **“ဘုရင်မင်းမြတ်ကို ဂုဏ်ပြုသောအားဖြင့် တစ်မျိုးသားလုံး ပါဝင်ဆင်နွှဲကျင်းပမည့် ရက်မြတ်ကို သတ်မှတ်လိုက်ပြီ”**

ယခုခေတ်တွင် နန်းတော်နှင့်ဆိုင်သော သတင်းစကားကို အမြဲစောင့်နေဖို့ မလိုတော့ပါ။ “သတင်းကောင်း” နှင့်ဆိုင်သော အဖြစ်အပျက်အားလုံးကို ဆိုရှယ်မီဒီယာစာမျက်နှာထက်တွင် နေ့စဉ်နေ့တိုင်း အချိန်မရွေး ကြေညာနိုင်ကြသည်။

ကုန်တိုက်ထဲမှာ ဒီနေ့စားတဲ့ cheeseburger ကတော့ တော်တော်ကောင်းတယ်။

ကျွန်ုပ်အားပေးတဲ့အသင်းက ပြိုင်ဖက်ကို အနိုင်ယူလိုက်ပြီ။ ဒီနှုတ်ခမ်းနီက ကျွန်မနဲ့ တော်တော်လိုက်တယ်။ iPhone အသစ်တစ်လုံးတော့ ဝယ်လိုက်ပြီ။ သို့သော်၊ ဤကြေညာချက်များသည် (မည်မျှပင် ကောင်းပါစေ) ယေရှုခရစ်တော်၏ သတင်းကောင်းနှင့် ယှဉ်လျှင် တန်ဖိုးမရှိဟု ဆိုရလိမ့်မည်။ ဧဝံဂေလိတရားနှင့် ပတ်သက်လာလျှင် ကျွန်ုပ်တို့သည် ကြေညာချက်အလုပ်သည် မပြီးစီးသေးသည့်အမှု ဖြစ်သည်။ ဧဝံဂေလိတရားသည် လူသားအားလုံးထံ ကြေညာရမည့် စုံလင်သော ကောင်းကင်နိုင်ငံတော်ထံမှ ရောက်လာသည့် သတင်းစကား ဖြစ်သည်။

> **ငြိမ်သက်ခြင်းအရှင်ဖြစ်သော ယေရှု မွေးဖွားလေပြီ။**
>
> **အပြစ်တရားနှင့် သေခြင်းကို ကားတိုင်ထက်တွင် ယေရှု အနိုင်ယူပြီ။**
>
> **ရှင်ပြန်ထမြောက်သောအရှင်ကြောင့် ထာဝရအောင်ပွဲခံနိုင်သည့် ရက်မြတ်ရှိသည်။**

ဧဝံဂေလိတရားဟောပြောခြင်း၏ ထူးခြားမှု

အနည်းဆုံး နည်းသုံးနည်းဖြင့် ခရစ်ယာန် ဧဝံဂေလိတရားဟောပြောခြင်းသည် အခြားသော သတင်းကောင်း ဟောပြောခြင်းနှင့် မတူ၊ ထူးခြားသည်။

၁။ ၎င်း၏ ကျယ်ပြန့်မှု

ကျွန်ုပ်တို့ အများစု ကြေညာထုတ်ပြန်သည့် "ကောင်းသော" အရာမှာ ဓမ္မဗိဋကန် မကျပေ။ ဥပမာဖြင့် ကြည့်ရလျှင် အထက်တွင်ဖော်ပြသည့် cheeseburger သည် သက်သက်လွတ်သမားများအတွက် (နွားအတွက်လည်း မကောင်း) သတင်းကောင်း မဟုတ်ပါ။ ထိုနည်းတူ ပြိုင်ပွဲဆုံးသည့် တစ်ဖက်အသင်းအနေဖြင့် သင့်စိတ်လှုပ်ရှားမှုကို ခံစားနိုင်မည် မဟုတ်ပါ။

သို့သော်၊ ဧဝံဂေလိတရားသည် ခေတ်ကာလတိုင်းရှိ လူတိုင်းအတွက် သတင်းကောင်း ဖြစ်သည် (ဆာလံ ၉၆ဝ။ ဘုရားသခင်ထံတော်မှ ထွက်ပြေးသည့် လူသားတို့ကို ဘုရားသခင်နှင့် ဆက်ဆံရေးပြန်လည်တည်ဆောက်ပေးသည့် သမ္မာတရား ဖြစ်သည်။ ဧဝံဂေလိတရားကို တုံ့ပြန်၍ ဘုရားသခင်ထံသို့ ပြန်လာပြီး အပြစ်ခွင့်လွှတ်ခြင်း ခံကာ ကိုးကွယ်ခြင်းအခွင့်လည်း ရနိုင်သည်။

၂။ ၎င်း၏အကျိုးဆက်

ဧဝံဂေလိတရားသည် လူတိုင်းအတွက် သတင်းကောင်းဖြစ်သည် သာမက လူတိုင်းအတွက် အရေးကြီးဆုံးသောသတင်းလည်း ဖြစ်သည်။ ဧဝံဂေလိတရားအပြင် တစ်ကမ္ဘာလုံးရှိ လူတိုင်းအတွက် "သတင်းကောင်း" ဟူ၍ သင်ပြောနိုင်သည့်အရာ တစ်ခုခု ရှိကောင်းရှိနိုင်သည်။ ဥပမာ – ကျွန်ုပ်တို့ နေထိုင်သည့်ကမ္ဘာ ဆက်လက်စိမ်းလန်းစိုပြေ၍ နေထိုင်ဖွယ်ကောင်းသောနေရာဖြစ်ဖို့ သမုဒ္ဒရာရှိ ပလတ်စတစ်များကို လျှော့ချခြင်းသည် လူတိုင်းအတွက် သတင်းကောင်း ဖြစ်နိုင်သည်။ သို့သော်၊ လူအများစုအနေဖြင့် ဤသတင်းကောင်းကို နေ့စဉ် လက်တွေ့ကျင့်သုံးဖကြသည်ကို တွေ့ရမည် မဟုတ်ပါ McDonalds milkshake သောက်ဖို့ မသင့်တော်သည့် စက္ကူစုပ်တံ အသုံးပြုခြင်းမှလွဲရင်ပေါ့)။

ဧဝံဂေလိတရားသည် လူတစ်ယောက် သေခြင်းမှ အသက်ရှင်ခြင်းသို့ ရောက်နိုင်သည့် တစ်ခုတည်းသောနည်း ဖြစ်သောကြောင့် လူတိုင်း၊ အခြေအနေတိုင်းအတွက် အရေးကြီးဆုံးသော သတင်းမှာ ဧဝံဂေလိသတင်း ဖြစ်သည် (၁ ကော ၁၅း၁–၃၊ ၂ဝ–၂၂)။ သားတော်ကို သခင်အဖြစ် လက်ခံခြင်းမှလွဲ၍ ခမည်းတော်ထံသို့ သွားနိုင်သည့် အခြားလမ်း မရှိပါ (ယော ၁၄း၆၊ ရောမ ၁ဝး၉)။

၃။ ၎င်း၏တန်ခိုး

ရောင်းဝယ်ဖောက်ကားခြင်းသည် နိုင်ထက်စီးနင်းသည့်သဘောသက်ရောက်သဖြင့် အစွမ်းထက်သည်။ တီဗီဖန်သားပြင်ပေါ်တွင် Doritos ကြော်ငြာကို မတွေ့ခင်အထိ အစားအသောက်ကိုသင်ချင့်ချိန် စားသောက်နိုင်လိမ့်မည်။ အမှန်ဝန်ခံရလျှင်၊ ကျွန်ုပ်တို့၏ခံစားချက်၊ လိုချင်မှုဆန္ဒနှင့် လိုအပ်မှုတို့ကို ဆွဲဆောင်ပြီး ကျွန်ုပ်တို့၏အာသီသကို ကျေနပ်စေနိုင်သည့်အသွင်ဖြင့် မားကတ်တင်းကို အထူးရည်ရွယ်ထားသည်။

သို့သော်၊ ခရစ်ယာန်ဧဝံဂေလိတရားဟောပြောခြင်းဆိုသည်မှာ ကျွန်ုပ်တို့၏ထုတ်ကုန်များကို သူတပါးဝယ်ယူအောင် ဆွဲဆောင်ဖို့ ကြိုးစားအားထုတ်မှု မဟုတ်ပါ။ ဧဝံဂေလိတရားဟောပြောခြင်းဆိုသည်မှာ ဝိညာဉ်တော်၏ တန်ခိုးတော်ဖြင့် ယေရှုအကြောင်းကို ကျွန်ုပ်တို့၏နှုတ်နှင့် အသက်တာဖြင့် ဟောပြောသက်သေခံခြင်း ဖြစ်သည်။ လူတို့၏ခံစားချက်၊ လိုချင်မှုနှင့် လိုအပ်မှုတို့ကို တလွဲသုံးစားမည့်အစား သူတို့ကို အမှန်တကယ် ပြည့်စုံစေနိုင်သည့် ခရစ်တော်အကြောင်းကို ဟောပြောခြင်း ဖြစ်သည်။ ဧဝံဂေလိတရားသည် ၎င်း၏သမ္မာတရားဖြစ်ခြင်းနှင့် ဘုရားသခင်၏ အလုပ်လုပ်ခြင်း၌ တန်ခိုးရှိသည်။ ကျွန်ုပ်တို့၏ သေနေသောနှလုံးသားကို ပြန်ရှင်စေနိုင်သည့်အပြင် ဘုရားသခင် ရည်ရွယ်ဖန်ထားသည့်လူအဖြစ်သို့ ကျွန်ုပ်တို့ကို ပြောင်းလဲစေနိုင်သည် (ဧဖက် ၄း၂၂–၂၄)။

လက်တွေ့ ဧဝံဂေလိတရား ဟောပြောခြင်း

သဘောတရားအရ ခရစ်ယာန်ဧဝံဂေလိတရား ဟောပြောခြင်းသည် နန်းတော်ဆိုင်ရာ သတင်းကောင်းကြေညာ ခြင်းဖြစ်၍ လူကိုကယ်တင်နိုင်ပြီး အသက်တာကို ပြောင်းလဲစေကာ တန်ခိုးရှိသော ခရစ်တော်၏ အကြောင်းကို ဟောပြော ခြင်းဖြစ်လျှင် လက်တွေ့ကျင့်သုံးခြင်းတွင် မည်သည့်ပုံမျိုး ဖြစ်မည်နည်း။

ဧဝံဂေလိတရားကို နည်းမျိုးစုံဖြင့် လက်တွေ့ဟောပြောနိုင်သည်။ အသိမိတ်ဆွေများ၊ မိသားစုဝင်များနှင့် အချိန်ယူပြီး ဟောပြောခြင်း၊ သူစိမ်းတစ်ယောက်အတွက် ဆုတောင်းပေးခြင်း၊ စင်မြင့်ပေါ်မှ လူမြောက်များစွာထံ ဟောပြောခြင်း၊ လူတစ်ယောက်၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရင်း ဧဝံဂေလိဆိုင်ရာ စကားစမြည်ပြောခြင်း၊ သမ္မာကျမ်းစာအုပ် ပေးခြင်း၊ ညှော့ဝတ်ကျေပွန်ခြင်း စသည့်နည်းမျိုးစုံဖြင့် ဟောပြောနိုင်သည်။ မည်သည့်နည်းဖြင့် ဟောပြောပါစေ ကယ်တင်ခြင်းအမှုသည် ဘုရားသခင်၏ အငန်းအတာ ဖြစ်သောကြောင့် သန့်ရှင်းသောဝိညာဉ်တော်၏ ပါဝင်လုပ်ဆောင်မှု လိုအပ်သည် (ရောမ ၁း၁၆)။ ဧဝံဂေလိတရားဟောပြောခြင်းဆိုသည်မှာ လူတစ်ယောက်ထံ သန့်ရှင်းသောဝိညာဉ်တော် အစပြုခဲ့ပြီးဖြစ်သည့် စကားဝိုင်းတွင် ကိုယ်တိုင်ပါဝင်ခြင်း ဖြစ်သည်ဟူ၍ ရိုးရိုးရှင်းရှင်း လူတစ်ယောက် အဓိပ္ပာယ်ဖွင့်ဆိုခဲ့ဖူးသည်။ ထို့ပြင်၊ ဧဝံဂေလိတရားဟောပြောခြင်းသည် ချစ်ခြင်းမေတ္တာ၏ နှိုးဆော်မှုကြောင့် ဖြစ်ရမည်။ ၎င်းချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့ကို ရှေးဦးစွာ ချစ်တော်မူသော ဘုရားသခင်၏ မေတ္တာကို တုံ့ပြန်ခြင်း ဖြစ်သည်။ ၎င်းမေတ္တာကို ကျွန်ုပ်တို့အားဖြင့် တစ်လောကလုံးထံ လက်ဆင့်ကမ်းမျှဝေ ရမည် (၁ ယော ၄း၁ဝ–၁၂)။ ဤအချက်နှစ်ချက်အပြင်၊ လက်တွေ့ဧဝံဂေလိတရားဟောပြောခြင်းတွင် အောက်ပါအချက်သုံးချက် ပါဝင်သည်။

၁။ စကားလုံး

ဧဝံဂေလိတရားဟောပြောခြင်းတွင် လုပ်ဆောင်မှုနှင့် အံ့ဖွယ်နိမိတ်လက္ခဏာများကို တွေ့မြင်လို့သည့် ဆန္ဒရှိသည့်တိုင် စကားလုံးမှာ မရှိမဖြစ် လိုအပ်သည့်အရာ ဖြစ်သည် (ရောမ ၁ဝး၁၄)။ မိမိတို့၏ အသက်တာကို သူတပါးမြင်၍ ယေရှုကို ယုံကြည်လက်ခံလာကြလိမ့်မည်ဟူသည့် မျှော်လင့်ချက်ဖြင့် "စကားဝှက်ဧဝံဂေလိတရားဟောပြောခြင်း" ထက် မကျော်လွန်သည့် ခရစ်ယာန်များစွာ ရှိသည်။ သို့သော်၊ ယေရှုသည် သခင်ဖြစ်ကြောင်း၊ နောင်တရဖို့ လိုအပ်ကြောင်း၊ ဘုရာသခင်ကို ခံစားချက်ဖြင့်သာ မဟုတ်သမ္မာကျမ်းစာတွင် ဖွင့်ပြသည်အတိုင်း လက်တွေ့သိနိုင်ကြောင်း စသည့်အကြောင်းအရာတို့ကို စကားလုံးဖြင့် မရှင်းပြလျှင် မဖြစ်နိုင်ပါ။ ဧဝံဂေလိတရားကို ကျွန်ုပ်တို့ သိ၍ ကျွန်ုပ်တို့ပတ်ဝန်းကျင်လူများကလည်း မိမိတို့အတွက် ဧဝံဂေလိတရားကို သိကာ တုံ့ပြန်နိုင်ရန် ရှင်းရှင်းလင်းလင်း ဝေငှဟောပြောဖို့ လိုအပ်သည်။

၂။ အလုပ်အားဖြင့်

"အလုပ်" ဟုဆိုရာတွင် ဧဝံဂေလိတရားကို မဟောပြောမီ ယေရှုကို သူတပါး "မြင်လာ" အောင် လောကီလူသားတို့ထံ ကျွန်ုပ်တို့ လုပ်ဆောင်ပေးသည့်အရာတစ်ခုခုကို ဆိုလိုသည်။ ဧဝံဂေလိတရားဟောပြောခြင်းတွင် လုပ်ဆောင်မှု အလုပ်လုပ်နိုင်သည့်အဓိကနည်းမှာ ဘုရားသခင်ကိုယ်တော် လုပ်ဆောင်သည့်အမှု ဖြစ်သည်။ သမိုင်းသဘောအရ (ဧဝံဂေလိတရား)၊ ပစ္စုပ္ပန်အရ (ကျွန်ုပ်တို့၏အသက်တာ၌ ဘုရားသခင်လုပ်ဆောင်သည့် သက်သေ) အနာဂတ်သဘောအရ (လာမည့်နိုင်ငံတော်နှင့် ဆိုင်သည့် သေချာသောမျှော်လင့်ခြင်း) ဟူ၍ ဘုရားသခင် အလုပ်လုပ်သည်။

သို့ဆိုရာတွင် ဤလောက၌ ကျွန်ုပ်တို့ လုပ်ဆောင်သည့်အမှုတို့သည် ကျွန်ုပ်တို့၏အထဲနှင့် ကျွန်ုပ်တို့အားဖြင့် ဘုရားသခင် လုပ်ဆောင်သည့်အမှုကို ထင်ရှားစေသည့် သက်သေဖြစ်နိုင်သည်။ ဤနည်းဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အပြုအမူ၊ လောကီလူသားတို့နှင့် ဆက်ဆံခြင်းတို့တွင် ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာနှင့် နှလုံးသားတို့ကို ကိုယ်စားပြုသူများ ဖြစ်လာသည်။ ဧဝံဂေလိတရားအတိုင်း လုပ်ဆောင်ခြင်းဖြစ်သည့် သူတပါး၏ လိုအပ်မှုကို လက်တွေ့ဖြည့်ဆည်းခြင်း၊ အလုပ်အားဖြင့် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ထင်ရှားစေခြင်း စသည်တို့သည် ကျွန်ုပ်တို့ ဟောပြောဝေငှသည့် တရား၏ မှန်ကန်မှုတို့ကို အတည်ပြုပေးတတ်သည် (၂ ကော ၅း၂ဝ)။

အံ့ဖွယ်နိမိတ်လက္ခဏာများ

Charismatic လှုပ်ရှားမှုနှင့် ပတ်သက်၍ သင်၏ရပ်တည်ချက်သည် မည်သည့်နေရာတွင် ရှိနေပါစေ ဘုရားသခင်သည် ကယ်တင်ခြင်းအမှုဖြစ်သည့် အကြီးမားဆုံးသော နိမိတ်လက္ခဏာကို ယနေ့ လုပ်ဆောင်နေသေးကြောင်းကို လျစ်လျူရှု၍ မဖြစ်နိုင်ပါ။ သေနေသောလူ့နှလုံးသားကို ကျန်းမာစေကာ ပြန်လည်ရှင်ပြန်ထမြောက်စေခြင်းသည် ကျွန်ုပ်တို့ဒေသနာ၏ အဓိကအကြောင်းအရာ ဖြစ်သည်။ ၎င်းသည် ဟောပြောရမည့် အံ့ဖွယ်အမှု ဖြစ်သည်။ ထို့ပြင်၊ အံ့ဖွယ်နိမိတ်လက္ခဏာများဖြစ်သည့် ကျန်းမာစေခြင်း၊ နားလည်စေခြင်း၊ ကယ်တင်ခြင်း စသည်တို့ ဖြင့် ဘုရားသခင် အလုပ်လုပ်ရန် အမြော်အမြင်ရှိစွာ တံခါးဖွင့်ပေးဖို့ လိုသည်။ ဘုရားသခင်သည် လျောက်ပတ်သည်ဟု ထင်သည်အတိုင်း ကျွန်ုပ်တို့အားဖြင့် ကျွန်ုပ်တို့ သွားရောက်သောသူတို့ထံ မိမိကိုမိမိ ထင်ရှားစေလိမ့်မည် (တမန် ၁၄း၃)။

ဧဝံဂေလိတရားဟောပြောခြင်း ပဟေဠိကို ဖြေရှင်းသည့်အခါ တပည့်တော်များ ဖြစ်ပွားခြင်းနှင့် အသင်းတော် ရင့်ကျက်ကြီးထွားခြင်းတို့ကို စိတ်ထဲတွင် ရည်ရွယ်လျက် "ဧဝံဂေလိတရားဟောပြောခြင်းဆိုသည်မှာ အဘယ်နည်း" ဟူသည့်မေးခွန်းကို အောက်ပါအတိုင်း အဖြေပေးနိုင်လိမ့်မည်။

ဧဝံဂေလိတရားဟောပြောခြင်းဆိုသည်မှာ ယေရှုခရစ်တော်အကြောင်းဖြစ်သည့် သတင်းကောင်းကို ဝိညာဉ်တော်၏ တန်ခိုးဖြင့် ဟောပြောခြင်း (မရှိမဖြစ် လိုအပ်သော စကားလုံး၊ လုပ်ဆောင်မှုနှင့် လိုချင်သည့် အံ့ဖွယ်အမှုများ) ဖြစ်သည်။ ယေရှုကို သခင်အဖြစ် ယုံကြည်အားကိုး၍ ခမည်းတော်ဘုရားကို ပုန်ကန်ခြင်းအပြစ်မှ နောင်တရကာ ယနေ့ပင် ဘုရားသခင်နှင့် အသစ်တဖန် ဆက်ဆံရေး တည်ဆောက်ပြီး (ဝိညာဉ်တော်နှင့် အသင်းတော်အားဖြင့်) စစ်မှန်သောအသက် ယနေ့နှင့် ထာဝရအတွက် ရရှိခြင်း ဖြစ်သည်။

ဆွေးနွေးရန် မေးခွန်းများ

၁။ ဧဝံဂေလိတရားဟောပြောခြင်းအကြောင်းနှင့် မရင်းနှီးသောသူထံ ဧဝံဂေလိတရားဟောပြောခြင်းကို သင်မည်သို့ ရှင်းပြမည်နည်း။

၂။ ခရစ်ယာန်ဧဝံဂေလိတရားဟောပြောခြင်းတွင် အခြားမည်သည့် သတင်းကောင်း ပါဝင်ပါသနည်း။

၃။ စကားလုံးများသည် မရှိမဖြစ် အရေးကြီးသည်မှန်သော်လည်း အလုပ်နှင့် အံ့ဖွယ်အမှုများသည် ကျွန်ုပ်တို့၏ ဧဝံဂေလိတရားဟောပြောခြင်းတွင် မည်သည့်ကဏ္ဍ၌ ပါဝင်ကြသနည်း။

၄။ လောကီသားများထံ သတင်းကောင်းကို ဟောပြောဝေငှကြရာတွင် ဧဝံဂေလိတရားဟောပြောခြင်းကို မှန်ကန်ရှင်းလင်းစွာ သိရှိခြင်းက စိန်ခေါ်မှုအချို့နှင့် စိတ်ပျက်ခြင်းအတွက် မည်သည့် အထောက်အကူ ပြုပါသနည်း။

advancegroups.org/blog တွင် အခြားဆောင်းပါးများကို ရှာနိုင်သည်။

ADVANCE ဟောပြောသူများ စီးရီး

ADVANCE ဘလော့ LEGO’ ၏ အစွမ်း

DR DESMOND HENRY, DIRECTOR, GLOBAL NETWORK OF EVANGELISTS

အံ့ဩမိပါသလား။ ခရစ်ယာန်အဘိဓာန်ကြီးတွင် ထပ်လောင်းထည့်သွင်းစရာ စကားလုံးအသစ် တစ်ခုရှိသည်။ ၎င်းမှာ ‘LEGO’ ဟူသည့် စကားလုံး ဖြစ်သည်။ ခရစ်ယာန်ခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ သာသနာပြုဆရာများနှင့် စကားပြောသည့်အခါ ဤစကားလုံးကို ကျွန်ုပ် မကြာခဏ သုံးမိတတ်သည်။

ဤစကားလုံး၏ အဓိပ္ပာယ်မှာ အဘယ်နည်း။

မိမိတို့၏ ‘LEGO’ ကို ဘေးချိတ်ထားခြင်းဟု ဆိုရာတွင် ခရစ်တော်၏ ဘုန်းတော်နှင့် အသင်းတော်၌ လိုအပ်သည့် စည်းလုံးမှုအပါအဝင် ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းအတွက် ခေါင်းဆောင်များအား မိမိတို့ တန်ဖိုးထားရသည့် ကုမ္ပဏီ လိုဂို (logos) နှင့် အတ္တ (egos) တို့အား ဘေးချိတ်ထားခြင်းကို ဆိုလိုသည်။ ၎င်းမှာ ကောင်းသောဆောင်ပုဒ်တစ်ခု ဖြစ်ပြီး ကျွန်ုပ်တို့စွဲကိုင်သည့် အခြေခံကျသောသမ္မာတရားကို သတိပေးသည့် ဆောင်ပုဒ်လည်း ဖြစ်သည်။ ၎င်းသမ္မာတရားမှာ ဘုရားသခင်၏ နိုင်ငံတော်သည် ကျွန်ုပ်တို့၏ ကိုယ်စီနိုင်ငံလေးများထက် ပို၍အရေးကြီးသည် ဟူသည့်အချက်ပင် ဖြစ်သည်။ ဘုရားသခင်၏ နိုင်ငံတော်သည် အစဉ်အမြဲ တည်သည်။ ကျွန်ုပ်တို့ ကြိုးစား လုပ်ဆောင်သမျှ၏ ရည်ရွယ်ချက်မှာ ဘုရားသခင်၏ နာမတော်နှင့် ဘုန်းတော်ထင်ရှားစေဖို့ ဖြစ်ရပေမည်။

Advance လှုပ်ရှားမှု (The Advance Movement) သည် ဤဆောင်ပုဒ်ကို စွဲကိုင်သည့် အင်မတန် အံ့ဖွယ်ကောင်း သောလှုပ်ရှားမှုဖြစ်သော်လည်း အသင်းအဖွဲ့၊ အသင်းတော်၊ သာသနာအဖွဲ့အစည်း၊ ပရဟိတနှင့် သာသနာလုပ်ငန်းတို့ စုပေါင်းသည့် လိုဂိုများ (logos) ကို ဂုဏ်ယူသောအဖွဲ့ ဖြစ်သည်။ ကျွန်ုပ်တို့သည် အတူတူ လုပ်ဆောင်ကြသည့်အခါ ပို၍ ထိရောက်မှု ရှိသည်။ ယေရှု၏သတင်းကောင်းဖြင့် နေရာတိုင်းရှိ လူတိုင်းထံ ကျွန်ုပ်တို့ တစ်ယောက်စီကို ဘုရားသခင် အသုံးပြုတော်မူလိုသည်။

Advance အဖွဲ့နှစ်ဖွဲ့ (Advance Groups) ကို တိုက်ကြီးနှစ်တိုက်တွင် ကျွန်ုပ် ဦးဆောင်နေသည်။ တစ်ဖွဲ့မှာ တောင်အာဖရိကတိုက်ရှိ ဂျိုဟန်နက်စ်ဘာ့ချ်မြို့တွင် ဖြစ်ပြီး နောက်တစ်ဖွဲ့မှာ (အွန်လိုင်းနည်းဖြင့် တွေ့ဆုံသည့်) မြောက်အမေရိကတိုက်တွင် ဖြစ်သည်။ ဤအဖွဲ့ဝင်တစ်ယောက်စီနှင့် တွေ့ဆုံသည့်အခိုက်အတန့်တိုင်းကို ကျွန်ုပ် မြတ်နိုးသည်။ အဖွဲ့ဝင်တိုင်း၌ ကိုယ်စီဘဝ ပိုင်ဆိုင်ကြသည်ကို မြင်ရသည်မှာ ကြည်နူးဖွယ်ကောင်းသည်။ ကျွန်ုပ်၏ Advance အဖွဲ့ဝင်များတွင် သင်းအုပ်များ၊ သာသနာပြုဆရာများ၊ အသင်းတော်တည်ထောင်သူများ၊ သာမန် ယုံကြည်သူများ၊ ဓမ္မကျမ်းစာကျောင်းဆရာများ၊ ခေါင်းဆောင်များ ပါဝင်သည်။ မည်သည့်အရာက ကျွန်ုပ်တို့အားလုံးကို ချည်နှောင်နေပါသနည်း။ ဧဝံဂေလိတရားပင် ဖြစ်သည်။ ဧဝံဂေလိတရားဟောပြောခြင်းသည် ကျွန်ုပ်တို့၏ ကိုယ်စီယဉ်ကျေးမှုတွင် ကျင့်သုံးဖို့ လိုအပ်သည့် ဦးစားပေးအရာဖြစ်ကြောင်းကိုလည်း ကျွန်ုပ်တို့ ယုံကြည်ကြသည်။

Advance အဖွဲ့တွင် ပါဝင်ခြင်းက ကျွန်ုပ်၏ဘဝအပေါ် မည်သည့် အကျိုးသက်ရောက်မှု ရှိပါသနည်း။ Advance သည် ရိုးရှင်းသည်။ Advance အဖွဲ့သည် တာဝန်ခံမှုရှိခြင်း၊ အလွန်အကျွံထိန်းချုပ်မှု မရှိခြင်း တို့ကို ဦးစားပေးသည့်အပြင် အဖွဲ့အစည်း သို့မဟုတ် နည်းဗျူဟာကို အဓိက မထားဘဲ လူပုဂ္ဂိုလ်ကို အဓိထားသည့်အဖွဲ့ ဖြစ်သည်။ ကျွန်ုပ်၏ဘဝနှင့် သာသနာလုပ်ငန်းအပေါ် Advance က အောက်ပါကဏ္ဍများတွင် အကျိုးသက်ရောက်မှု ပေးသည်။

ယုံကြည်သူမိသားစု

ကျွန်ုပ်ကိုယ်ပိုင် အဖွဲ့တစ်ခုကို အစပြုသည့်အခါ ဧဝံဂေလိတရားနှင့် အသက်တာအသီးသီးအပေါ် ၎င်း၏လုပ်ဆောင်မှု တို့နှင့် ပတ်သက်၍ စိတ်တူကိုယ်တူ ဖြစ်သည့် လူ ၁၀ ယောက်မှ ၁၂ ယောက်ဝန်းကျင်က ကျွန်ုပ်နှင့် အမြဲ ထိတွေ့ခဲ့ကြသည်။ ဆုတောင်းခြင်း၊ အကျင့်စာရိတ္တ၊ စိတ်နှိမ့်ချခြင်း၊ သန့်ရှင်းခြင်း၊ ဝန်ခံအပ်နှံခြင်း စသည့်အကြောင်း အရာတို့ကို အတူတူ လေ့လာကြသည့်အခါ စိန်ခေါ်မှုများစွာကိုလည်း ကြုံတွေ့ခဲ့ရသည်။

ယဉ်ကျေးမှု

ယုံကြည်သူအများစု၊ ခေါင်းဆောင်များနှင့် သင်းအုပ်များသည် “ဧဝံဂေလိတရားဟောပြောခြင်း” ဟူသည့် စကားလုံးနှင့်လည်းကောင်း၊ ၎င်း၏ လက်တွေ့ကျလုပ်ဆောင်မှုနှင့်လည်းကောင်း ရှင်းရှင်းလင်းလင်း နားမလည်ဘဲ ရုန်းကန် တတ်ကြသည်။ ဧဝံဂေလိတရားဟောပြောခြင်းအကြောင်းကို ကျွန်ုပ်တို့ ဆွေးနွေးကြသည့်အခါ ဧဝံဂေလိတရား ဟောပြောခြင်းနှင့် ပတ်သက်၍ ကျွန်ုပ်တို့၏နားလည်မှု ပြောင်းလဲလာသည်ကို မြင်ရသည့်အခါ အင်မတန်ဝမ်းသာမိသည်။ ကျွန်ုပ်တို့၏အဖွဲ့၏ ကျွန်ုပ်အပေါ် အကြီးမားဆုံးသောအကျိုးသက်ရောက်မှုမှာ ကျွန်ုပ်တို့၏ခေါ်ဆိုမှုအပေါ် ၎င်း၏ပုံသွင်းနိုင်မှုနှင့် အဖွဲ့ထဲတွင် တည်ဆောက်သည့် ဆက်ဆံရေးမှ ပေါက်ဖွားလာသည့် ပြောင်းလဲခြင်း ဖြစ်သည်။ အဖွဲ့ဝင်ထဲမှတစ်ယောက်မှာ ခေါင်းဆောင်မှု/သာသနာဆိုင်ရာ နည်းပြတစ်ယောက်ဖြစ်ပြီး သူက အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး သာသနာလုပ်ငန်းနှင့် ဘဝ၏ ရှုပ်ထွေးမှုများကို ရှင်းပြပေးလေ့ရှိသည်။ နောက်အဖွဲ့ဝင်တစ်ယောက်မှာ ဓမ္မကျမ်းစာကျောင်းတစ်ကျောင်းတွင် ကျောင်းတက်နေသူဖြစ်ပြီး သင်းအုပ်ဆရာဖြစ်စေခြင်းအတွက် သီးသန့်ထားလေ့ရှိသည့် ဧဝံဂေလိဆရာဖြစ်စေခြင်းအမှုကို လျစ်လျူမရှုမိရန် စိန်ခေါ်ခြင်း ခံခဲ့သည်။ နောက်တစ်ယောက်က မြို့ပြများ၌ ဧဝံဂေလိတရားဟောပြောခြင်းနှင့် အသင်းတော်တည်ထောင်ခြင်းအမှုကို ပါဝင်ကူညီပေးရန် တစ်မြို့လုံးဆုတောင်းခြင်းလှုပ်ရှားမှုကို အစပြုခဲ့သည်။ နောက်တစ်ယောက်သည် မိမိ၏ဒေသန္တရအသင်းတော်တွင် ပုံမှန်ပါဝင်သည့်အချိန်တွင် အာဖရိကတိုက်ရှိ ဧဝံဂေလိတရားဟောပြောခြင်းအမှုကို ကူညီထောက်ပံ့ရန် မိမိ၏အချိန်တစ်ဝက်နီးပါးကို အသုံးပြုခဲ့သည်။ အင်မတန် ခွန်အားရစရာကောင်းသည် မဟုတ်လော။ ၎င်းမှာ အစပင် ရှိသေးသည်။

ဧဝံဂေလိတရားဟောပြောခြင်း သာသနာလုပ်ငန်းတွင် ဦးဆောင်သည့် ခေါင်းဆောင်တစ်ယောက်အနေဖြင့် ကျွန်ုပ်၏ Advance အဖွဲ့ကို ဦးဆောင်ခြင်းက မည်မျှအကျိုးပေး၍ ဤတွေ့ဆုံမှု အသီးသီးတွင် ဧဝံဂေလိတရားဟောပြောခြင်းအပေါ် နားလည်မှု ပြောင်းလဲလာကြသည်ကို မြင်တွေ့ခြင်းက မည်မျှ အားရစရာကောင်းသည်ကို စကားဖြင့် ပြောပြ၍ မရနိုင်ပါ။ ဤအတွေ့အကြုံများ၏ စံတစ်ခုအဖြစ် ပြောင်းသွားလျှင် မည်မျှပင် ကောင်းလိမ့်မည်နည်း။ ကျွန်ုပ်တို့ LEGO ကို ဘေးချိတ်ထားပြီး တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ထောင်ချီသော Advance အဖွဲ့များ ပေါ်ပေါက်လာပြီး ဘုန်းကြီးသောနိုင်ငံတော်ကို ဤလောကတွင် တည်ထောင်ကြလျှင် မည်မျှပင် ကောင်းလိမ့်မည်နည်း။ လုပ်ဆောင်ရ အကျိုးရှိမည် မဟုတ်လော။ ဤလှုပ်ရှားမှုတွင် သင်ကိုယ်တိုင် ပါဝင်ပြီး အဖွဲ့သစ်များကို သင်ကိုယ်တိုင် အစပြုပါ။

advancegroups.org/ blog တွင် အခြားအကြောင်းအရာများကိုလည်း ဖတ်ရှုနိုင်သည်။

နောက်ဆက်တွဲ

သင့်ယုံကြည်ခြင်းအကြောင်းကို ဟောပြောခြင်းနှင့် ဧဝံဂေလိတရား ဟောပြောခြင်းကြား မတူညီမှု

"မိမိတို့ယုံကြည်ခြင်းကို ဝေငှခြင်း" နှင့် "ဧဝံဂေလိတရားဟောပြောဝေငှခြင်း" နှစ်ခုလုံးကို အပြန်အလှန်အသုံးပြုကြသော်လည်း ၎င်းတို့၏ကိုယ်စီဆိုလိုရင်းသည် မတူကြပေ။ သို့တိုင်၊ တစ်ခုနှင့်တစ်ခု အထောက်အကူပြုကြသည်။

ဤ "ဟောပြောဝေငှခြင်း" အမျိုးအစားနှစ်မျိုးကြား မတူမှုများနှင့်အတူ ၎င်းမတူညီမှုများသည် သီးခြားဝေါဟာရများနှင့် သက်ဆိုင်ရုံ သက်သက်မဟုတ်ကြောင်းကို ကြည့်ကြပါစို့။

မိမိတို့ယုံကြည်ခြင်းကိုဝေငှခြင်းသည် ယေရှုအပေါ် ထားရှိသည့် ယုံကြည်ခြင်းနှင့်သက်ဆိုင်၍ မိမိတို့၏နားလည်မှုနှင့်တကွ အတွေ့အကြုံကို ပြန်လည်သုံးသပ်ခြင်းဖြစ်သည်။ သင့်ယုံကြည်ခြင်းအကြောင်းကို သင်ဝေငှသည့်အခါ ယေရှုကိုယုံကြည်ကိုးစားခြင်းက အဘယ်ကြောင့်အဓိပ္ပာယ်ရှိကြောင်း၊ သင့်အသက်တာ၌ ယေရှုပြုခဲ့သောအမှုနှင့် နေ့စဉ်ပြုသော ထူးခြားသောအမှု (၎င်းကို သက်သေခံခြင်းဟု ကျွန်ုပ်တို့ခေါ်လေ့ရှိကြသည်)၊ ဘုရားသခင်တည်ရှိကြောင်းနှင့် ယေရှု၏ရှင်ပြန်ထမြောက်ခြင်းကြောင့် ထားရှိသည့်မျှော်လင့်ခြင်းနှင့် ယုံကြည်ခြင်းနှင့်ပတ်သက်၍ သင်ကြုံတွေ့သည့်အရာအပြင် ထိုယုံကြည်ခြင်းအကြောင်းကို သင်ဝေငှသောသူတို့၏အတွေ့အကြုံ သို့မဟုတ် သူတို့မေးလာတတ်သည့်မေးခွန်းများ စသည်တို့ကို သင်ရှင်းပြနိုင်သည်။ မိမိတို့၏ယုံကြည်ခြင်းကိုဝေငှခြင်းဆိုသည်မှာ ယေရှုကိုယုံကြည်ခြင်းက သင့်အသက်တာ၌ မည်သို့မည်ပုံထင်ရှားကြောင်းကို သူတပါးကြားအောင်၊ မြင်အောင်နှင့် စူးစမ်းနိုင်အောင် (သူတို့အတွက် မည်သည့်သက်ရောက်မှုရှိနိုင်ကြောင်း) ဖိတ်ခေါ်ခြင်း ဖြစ်သည်။

အခြားတစ်ဖက်တွင် ဧဝံဂေလိတရားဟောပြောဝေငှခြင်းဆိုသည်မှာ ယေရှုခရစ်အကြောင်း သတင်းကောင်း၊ ဘုရားသခင်၏ဖြစ်တည်ခြင်းသမ္မာတရား၊ ဤလောကတွင် ဤလောကအတွက် ဘုရားသခင် ပြုလုပ်ခဲ့သည့်အရာတို့ကို ရှင်းပြခြင်း ဖြစ်သည်။ ၎င်းသည် ဖန်ဆင်းရှင်နှင့် ဖန်ဆင်းခြင်းအကြောင်း၊ ဆက်ဆံရေး မိတ်သဟာယနှင့် ပုန်ကန်ခြင်း၊ ယေရှု၏ သက်တော်စဉ်၊ သာသနာတော်၊ သေခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ ပြန်ကြွတက်ခြင်းနှင့် ပြန်ကြွလာမည့်အကြောင်းတို့ ဖြစ်သည်။ ၎င်းသည် နောင်တတရားသို့ ခေါ်ခြင်းဖြစ်သည်။ နောင်တရ၍ ယေရှုကို အရှင်သခင်အဖြစ် လက်ခံကိုးစားခြင်းဖြင့် ဆက်ဆံရေးကို တည်ဆောက်ခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်ဖြင့် အသက်ရှင်ခြင်းကို ဆိုလိုသည်။

ဤအမျိုးအစားနှစ်ခုကြား မတူညီမှုကို သတိထားမိပါသလား။ ဧဝံဂေလိတရားကို မဝေငှဘဲ သင့်ယုံကြည်ခြင်းကို ဝေငှ၍ရသည်။ ဤအချက်ကိုပင် **Stephen Colbert** ၏ ဗီဒီယိုအတိုလေးတွင် တွေ့ရသည်။ ၎င်းဗီဒီယိုတွင် ဧဝံဂေလိတရားအနည်းငယ်မျှမပါဘဲ သူကိုယ်တိုင် တွေ့ကြုံခဲ့သည့်ယုံကြည်ခြင်းအကြောင်းကို ရှင်းပြထားသည်။ တစ်ချို့အတွက် ဧဝံဂေလိတရား မပါသောကြောင့် စိတ်မကောင်းဖြစ်စရာဖြစ်နိုင်သော်လည်း မိမိ၏ယုံကြည်ခြင်းအကြောင်းကို ဝေငှခြင်းသည် ယေရှုကို ယုံကြည်ကိုးစားရန် အထောက်အကူပြုသည့်အချက်ဖြစ်ကြောင်းကိုမူ သတိထားဖို့အရေးကြီးသည်။ အလားတူပင်၊ မိမိ၏ယုံကြည်ခြင်းကိုသာ ဝေငှခြင်းသည် မပြတ်သားသောကြောင့် ကျွန်ုပ်တို့၏မျှော်လင့်ခြင်းမြစ်ဖျားခံရာနှင့် သမ္မာတရားမှ လူတို့ကို လမ်းလွှဲစေနိုင်သည်။

မိမိ၏ယုံကြည်ခြင်းကိုသာဟောပြောခြင်းကိုယ်၌သည် (သတင်းကောင်းဟောဟောပြောခြင်း) ဧဝံဂေလိတရားဟောပြောခြင်းမဟုတ်ပါ။ အကြောင်းမှာ၊ ၎င်းသည် သတင်းကောင်းကို ဟောပြောခြင်းမပါဘဲ လူတစ်ယောက်၏အသက်တာ၌ ၎င်းသတင်းကောင်း၏ အကျိုးသက်ရောက်မှုများကိုသာ ဟောပြောသည်။ ၎င်းအကျိုးသက်ရောက်မှုကို ဝေငှခြင်းသည် အရေးမကြီးသည်တော့ မဟုတ်ပေ။ သတင်းကောင်းကို ကြားသိနားလည်ခြင်းအတွက် ဤ "ဧဝံဂေလိတရားမဟောပြောမီ ဝေငှခြင်း" သည် လူတစ်ယောက်အတွက် အလွန်အရေးကြီးနိုင်သည်။ (လေ့လာမှုစစ်တမ်းအရ ယုံကြည်သူတစ်ယောက်ကို ကိုယ်တိုင်ကိုယ်သိကျွမ်းသည့်အခါ ယေရှုကို ပို၍ လူတွေ ယုံကြည်လာနိုင်သည့် အလားအလာကောင်းကြောင်း သိရသည်။ သေချာသည်မှာ ထိုယုံကြည်သူက ဧဝံဂေလိတရားအကြောင်းကိုသာ မပြောသည်မှာ သေချာသည်။)

ထိုနည်းတူ၊ မိမိ၏ယုံကြည်ခြင်းအကြောင်းကို မဝေငှဘဲ ဧဝံဂေလိတရားအကြောင်းကို ဟောပြောဝေငှနိုင်သည်။ ယုံကြည်ခြင်းနှင့်ပတ်သက်၍ သင်မည်သို့ ဖြတ်သန်းတွေ့ကြုံခဲ့ပါစေ ဧဝံဂေလိတရားရှိအချက်အလက်များသည်အမြဲမှန်နေဆဲဖြစ်သည်။ဧဝံဂေလိတရား၏တန်ခိုးသည် လူတစ်ယောက်၏ယုံကြည်ခြင်းဆိုင်ရာအတွေ့အကြုံ၌ မရှိဘဲ လူတို့ကို လွတ်မြောက်စေနိုင်သည့် ၎င်း၏သမ္မာတရား၌ တည်သည် (ယော ၈း၃၂)။ မည်သို့ပင်ဖြစ်စေ၊ ဧဝံဂေလိတရားသည် ဟောပြောဝေငှသောသူတို့၏အသက်တာ၌ အမှန်တကယ်ပြောင်းလဲစေသောတရားအဖြစ်မြင်ရသည့်အခါ သူတပါးအတွက် ပို၍ သွေးဆောင်နိုင်သည် (၂ ကော ၅း၁၇)။

ပြောင်းလဲခြင်းနှင့်ကင်းသော ဧဝံဂေလိတရားမှသည် မိမိတို့၏အသက်တာ၌ ၎င်း၏ပြောင်းလဲစေသောသက်ရောက်မှုတို့ကို ချိတ်ဆက်ဝေငှပေးခြင်းက လောကီလူသားတို့အား သမ္မာကျမ်းစာကို ပို၍ရှင်းလင်းစေသည်။ ထို့ကြောင့်၊ မိမိတို့၏ယုံကြည်ခြင်းအကြောင်းကိုလည်း စေတနာမေတ္တာထားပြီး ဝေငှဟောပြောလျှင် အလွန်ပင်ကောင်းပေလိမ့်မည်။

သို့သော်၊ အရေးကြီးဆုံးမှာ ကယ်တင်ခြင်းလမ်းစဉ်ကို လူတွေသိဖို့ ဖြစ်သည်။ နောင်တရ၍ ယေရှုခရစ်တော်ကို ယုံကြည်ခြင်းဖြင့် ဘုရားသခင်နှင့်ရန်ငြိမ်းခြင်း၊ ယခုဘဝနှင့် ထာဝရအတွက် စစ်မှန်သောအသက်ကို လူတွေ ရဖို့ လိုအပ်သည်။ ထို့ကြောင့်၊ ဧဝံဂေလိတရားကို ဟောပြောကို ဟောပြောရပေမည်။

သေးငယ်သော အသိုင်းအဝိုင်းတွင်ဖြစ်စေ၊ ကြီးမားသော အသိုင်းအဝိုင်းတွင်ဖြစ်စေ မိမိတို့၏ယုံကြည်ခြင်းကို ဝေငှသော သူများကို တွေ့လျှင် ခွန်အားယူလိုက်ပါ။ ယုံကြည်ခြင်းကိုဝေငှခြင်းသည် အင်မတန်အရေးကြီးသောအဆင့်တစ်ခုဖြစ်သည်။ ထို့ကြောင့်၊ ဧဝံဂေလိတရားအကြောင်း များများစားစား မတွေ့ရလျှင်လည်း မပစ်ပယ်လိုက်ပါနှင့်။ ယုံကြည်ခြင်းအကြောင်းနှင့်ပတ်သက်၍ လူတစ်ယောက်၏အသက်တာ၌ အရေးကြီးသောအခိုက်အတန့် ဖြစ်ကြောင်းဖြစ်နိုင်သောကြောင့် ကျေးဇူးတော် ချီးမွမ်းလိုက်ပါ။ သို့ပြုလျှင် ထိုပုဂ္ဂိုလ်က ဧဝံဂေလိတရားကို အမှန်တကယ် ကြားလာသည့်အခါ ပို၍နားလည်လာလိမ့်မည်။

အချိန်တန်သည့်အခါ ဧဝံဂေလိတရားကို ရှင်းလင်းစွာ သတ္တိရှိရှိ ဟောပြောဝေငှခွင့် ရဖို့ ဆုတောင်းပါ။ မိမိတို့၏ယုံကြည်ခြင်းကို ဝေငှသောသူတို့ကိုတွေ့တိုင်း သူတို့ကို ခွန်အားပေးပါ။ သည့်အပြင် ဧဝံဂေလိတရားဟောပြောဖို့ အခွင့်အရေး ရလာသည့်အခါ လက်လွှတ်မခံဘဲ သတ္တိရှိရှိ ဟောပြောဖို့ တိုက်တွန်းပါ။

ကျွန်ုပ်တို့ အမြဲတမ်း ရိုးသားဖို့ လိုအပ်သည်။ ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာတွင် ယုံကြည်ခြင်းဝေငှခြင်းနှင့်သာ ကျွန်ုပ်တို့ ကျေနပ်ပြီး ဧဝံဂေလိတရားကို မည်သူတစ်ဦးတစ်ယောက်ထံမျှ မဟောပြောမဝေငှလျှင် ကျွန်ုပ်တို့သည် သတင်းကောင်းအတွက် သက်သေမဖြစ်ကြောင်းကို သိထားဖို့ လိုအပ်သည်။ ထို့ပြင်၊ လူတို့အလိုအပ်ဆုံးဖြစ်သောအရာကို ပေးကမ်းဖို့ ကျွန်ုပ်တို့ ပျက်ကွက်ရာရောက်လိမ့်မည်။ ၎င်းမှာ ကျွန်ုပ်တို့၏ယုံကြည်ခြင်းမဟုတ်ဘဲ ကျွန်ုပ်တို့ မရှက်မကြောက်ဘဲ ဟောပြောရမည့် ဧဝံဂေလိတရား၏တန်ခိုးတော်အားဖြင့် ယေရှုခရစ်တော်ကို ယုံကြည်သည့် သူတို့၏ယုံကြည်ခြင်း ဖြစ်သည် (ရောမ ၁း၁၆)။

နောက်ဆုံးအနေဖြင့်၊ ဤနေရာတွင် ကျွန်ုပ်တို့ ဖော်ပြသည့်ဖြစ်စဉ်ထက် သန့်ရှင်းသောဝိညာဉ်တော်၌ တန်ခိုးရှိကြောင်းကို ဖော်ပြသင့်သည်။ ကျွန်ုပ်တို့ဟောပြောဝေငှချိန်တိုင်း ကျွန်ုပ်တို့ကို လမ်းပြရန်နှင့် အခွင့်အရေး ရလာတိုင်း မှန်ကန်စွာ တုံ့ပြန်တတ်ဖို့ ကျွန်ုပ်တို့အား ဉာဏ်ပညာပေးရန် ဝိညာဉ်တော်ကို ကျွန်ုပ်တို့ အားကိုးရမည်။ ဝိညာဉ်တော်၏တန်ခိုးတော်ဖြင့် လူတို့ကို လွတ်မြောက်စေသည့်အရာမှာ ဧဝံဂေလိတရားပင် ဖြစ်သောကြောင့် ထိုဧဝံဂေလိတရားကို ရှင်းလင်းစွာ ဟောပြောရန်နှင့် ကျွန်ုပ်တို့၏အသက်တာ၌ ၎င်း၏သက်ရောက်မှုများကို ဝေငှရန် စိတ်ပိုင်းဖြတ်ထားဖို့ အရေးကြီးသည်။

ဘဝတစ်ခုလုံးသက်သေဖြစ်ခြင်း – ယုံကြည်ခြင်းကိုဝေငှခြင်းနှင့် ဧဝံဂေလိတရားကို နှုတ်ကပတ်တော်အားဖြင့်လည်းကောင်း၊ အကျင့်အားဖြင့်လည်းကောင်း ဝေငှခြင်း။

မေးခွန်းများ

- ၁။ သင့်ယုံကြည်ခြင်းအကြောင်းကို ဝေငှရန် နေ့စဉ်မည်သည့် အခွင့်အရေးများ ရှိသနည်း။
- ၂။ သင့်ယုံကြည်ခြင်းကိုဝေငှခြင်းနှင့် ဧဝံဂေလိတရားကို ဟောပြောဝေငှခြင်းကြား မတူညီမှုကို နားလည်ဖို့ အဘယ်ကြောင့် အရေးကြီးသနည်း။
- ၃။ အဘယ်ကြောင့် လူတစ်ချို့အတွက် ယုံကြည်ခြင်းကို ဝေငှခြင်းက ဧဝံဂေလိတရားကို ဟောပြောခြင်းထက် ပိုလွယ်ကူရသနည်း။ ထိုနည်းတူ၊ တစ်ချို့အတွက် ဧဝံဂေလိတရားကိုဟောပြောခြင်းက ယုံကြည်ခြင်းကို ဝေငှခြင်းထက် အဘယ်ကြောင့် ပိုလွယ်ကူရသနည်း။

နောက်ဆက်တွဲ PODCAST နှင့် ဗီဒီယို အရင်းအမြစ်များ

သင့်အဖွဲ့အတွက် အထောက်အကူပြုမည့် နောက်ထပ်အရင်းအမြစ်တစ်ခုမှာ "Exploring Evangelism Myths' (ဧဝံဂေလိတရားဟောပြောခြင်းဆိုင်ရာ လွဲမှားသောအယူများကို လေ့လာခြင်း) နှင့် 'Advance Passion' podcasts တို့ ဖြစ်သည်။ ဤ podcasts တို့သည် 'One Thing' podcasts ထက် ပိုရှည်သည် (တစ်ခန်းလျှင် မိနစ် ၃၀ အထက် ရှိသည်)။ ထို့ကြောင့်၊ အဖွဲ့လိုက်မတွေ့ဆုံမီ တစ်ယောက်တည်း နားထောင်ပြီး အစည်းအဝေးတွင် ဆွေးနွေးကြလျှင် အကောင်းဆုံး ဖြစ်မည်။

ဧဝံဂေလိတရားဟောပြောခြင်းဆိုင်ရာ လွဲမှားသောအယူများကို လေ့လာခြင်း

ဤ podcast စီးရီးသည် City Gospel Movements နှင့် ပူးပေါင်းလုပ်ဆောင်သည့်အရာ ဖြစ်ပြီး ကယ်တင်ခြင်းအကြောင်း ဝေငှဟောပြောဖို့ အတားအဆီးဖြစ်စေသည့် ဧဝံဂေလိတရားဟောပြောခြင်းနှင့်ဆိုင်သော လွဲမှားသောအယူအဆ ၅ မျိုးအကြောင်းကို ဆွေးနွေးတင်ပြထားသ်ည။

အခန်း ၁ – ဧဝံဂေလိတရားဟောပြောခြင်းသည် လူ့ကျင့်ဝတ်နှင့် မညီပါ

အယူအဆနှစ်မျိုးရှိသော လူမှုအသိုင်းအဝိုင်းတွင် ဧဝံဂေလိတရားကို ကျွန်ုပ်တို့ မည်သို့ ဝေငှဟောပြောမည်နည်း။ သဘောထားကွဲလွဲဖို့ သဘောတူနိုင်ပါသလား။ သမ္မာကျမ်းစာထဲတွင် ကျင့်ဝတ်နှင့်ညီသော ဧဝံဂေလိတရားဟောပြောခြင်းဆိုသည်မှာ အဘယ်နည်း။

ဤအခန်းတွင် "ဧဝံဂေလိတရားဟောပြောခြင်းသည် လူ့ကျင့်ဝတ်နှင့် မညီသည့်အရာ ဖြစ်ပါသလား" ဟူသည့် မေးခွန်းကို မေးကြမည်။ လူ့ကျင့်ဝတ်နှင့် မညီလျှင် ဧဝံဂေလိတရား မဟောပြောဘဲနေရမည်လော။

အခန်း ၂ – သင်းအုပ်ဆရာများနှင့် ဖော်ရွေသောပုဂ္ဂိုလ်များကသာ ဟောပြောလျှင် အကောင်းဆုံး ဖြစ်သည်။

မိမိ၏ယုံကြည်သက်ဝင်မှုအပါအဝင် အရာအားလုံး၌ ကျွန်ုပ်တို့သည် သူတပါးနှင့် နှိုင်းယှဉ်မှု ပြုတတ်ကြသည်။ ဧဝံဂေလိတရားဟောပြောခြင်းတွင် အကောင်းဆုံး လုပ်ဆောင်နိုင်သောသူများကို ယုံကြည်သူများအား ကျွန်ုပ်တို မေးမြန်းကြည့်သည့်အခါ သင်းအုပ်ဆရာများနှင့် ဖော်ရွေသောသူများ ဖြစ်သည်ဟူ၍ ဖြေကြသည်။

ဤအမြင် လုံး၀ မှားသည့်အကြောင်းကို ဤအခန်းတွင် ကျွန်ုပ်တို့ ဆွေးနွေးတင်ပြသွားမည်။

အခန်း ၃ – ဧဝံဂေလိတရားဟောပြောခြင်းသည် လွယ်ကူသင့်သည်

အကျိုးရှိသောအရာတိုင်းအတွက် စူးစိုက်အားထုတ်မှုနှင့် လက်တွေ့လုပ်ဆောင်မှု လိုအပ်သည်။ အစပြုပုံ မှားယွင်းခဲ့ပြီး ဘသာ၀ ကျသကဲ့သို့ မခံစားလျှင်လည်း ကြိုးစားအားထုတ်ပြီး လက်တွေ့လုပ်ဆောင်ဖို့ လိုအပ်သည်။ ဧဝံဂေလိတရား ဝေငှဟောပြောခြင်းသည်လည်း အတူတူပင် ဖြစ်သည်။ ဧဝံဂေလိတရားဟောပြောခြင်းကို လွယ်ကူသောအရာအဖြစ် ထင်မှတ်ကြသော်လည်း အချို့အတွက်သာ လွယ်ကူပြီး အများစအတွက်မူ မဖြစ်နိုင်သည့်အရာကဲ့သို့ပင် ထင်မှတ်နိုင်လောက်အောင် ခက်ခဲသည်။ ဧဝံဂေလိတရားဟောပြောခြင်းသည် အချို့အတွက် အမြဲခက်ခဲသလား သို့မဟုတ် လွယ်ကူစေမည့်နည်းလမ်း ရှိပါသလား။

ဤအခန်းတွင် အထက်ပါမေးခွန်းများကို ထည့်သွင်းဆွေးနွေး၍ ယုံကြည်မှုသတ္တိတည်ဆောက်သည့် အပြန်အလှန်စကားပြောခြင်းဖြင့် ရှုထောင့်အသစ်ကို နားဆင်သူတို့အား ချပြသွားမည်။

အခန်း ၄ – ဧဝံဂေလိတရားဟောပြောခြင်းသည် အခိုက်အတန့်တစ်ခုအတွက်သာ ဖြစ်သည်

အသင်းတော်ဝတ်ပြုအစီအစဉ် သို့မဟုတ် ဧဝံဂေလိညီလာခံတွင် ပရိသတ်အားလုံး တိတ်ဆိတ်ပြီး မိမိတို့၏ခေါင်းကို အုံ့ထား၍ မျက်စိကိုလည်း မှိတ်ထားကာ ကယ်တင်ခြင်းဆုတောင်းချက်ကို တစ်ကြောင်းချင်းစီ လိုက်ဆိုဖို့ တရားဟောဆရာ ဖိတ်ခေါ်သည့် အဖြစ်အပျက်ကို သင်ကြုံဖူးပါသလား။ ထိုသို့သောအခိုက်အတန့်လေးကို သင်မေ့ဖို့ မလွယ်ပါ။ သို့သော်၊ ဧဝံဂေလိတရားဟောပြောခြင်းတိုင်းက ဆုံးဖြတ်ချက်ချဖို့ အချိန်တစ်ခုခု သက်သက် အမြဲလိုအပ်ပါသလား။ ဤခံယူချက်တွင် မည်သည့်အားသာချက်များ ရှိ၍ မည်သည့်အားနည်းချက်များ ရှိသနည်း။

ဧဝံဂေလိတရားဟောပြောခြင်းသည် ခရီးတစ်ခုကဲ့သို့ ဖြစ်ပြီး အခိုက်အတန့်တစ်ခုသာ မဟုတ်ကြောင်းကို ဤအခန်းတွင် ဆွေးနွေးလေ့လာသွားမည်။

အခန်း ၅ – ဧဝံဂေလိတရားဟောပြောခြင်းကို အသင်းတော်များတွင် ပုံမှန်ကျင်းပလေ့ရှိသည်

တစ်ခါတရံ အသင်းတော်တွင် ကျွန်ုပ်တို့သည် ကြိုဆိုခြင်း၊ ဝတ်ပြုသီချင်းဆိုခြင်း၊ ကြေညာခြင်း၊ တရားဒေသနာ၊ ပွဲတော်မင်္ဂလာနှင့် နှုတ်ဆက်ခြင်း စသည်တို့ကိုသာ ဦးပေးသောကြောင့် တစ်ပတ်တာအတွင်း ကျွန်ုပ်တို့၏အသက်တာ၌ ဘုရားသခင် လုပ်ဆောင်သည့် အံ့ဖွယ်အမှုများကို ပြန်ဆင်ခြင်အောက်မေ့ဖို့ ကျွန်ုပ်တို့ မေ့လျော့တတ်ကြသည်။

စီးရီး၏နောက်ဆုံးအပိုင်းတွင် သာမန်လူတို့၏ဘဝတွင် သာမန်ထက်ထူးခြားသော ရည်ရွယ်ချက်အတွက် ဘုရားသခင် အလုပ်လုပ်ပုံနှင့် ပတ်သက်၍ အချင်းချင်း ပုံမှန်မျှဝေရန် လိုအပ်ကြောင်း လေ့လာဆွေးနွေးသွားမည်။

evangelismmyths.com တွင် ဆွေးနွေးရန် မေးခွန်းများ ပါရှိသည့် အခန်းအားလုံးကို ရှာပါ။

ADVANCE PASSION

Advance Passion တွင် ဘဝတွင် မိမိတို့စိတ်အားထက်သန်မှုရှိသော ဝါသနာတစ်ခုခုကို တင်ပြဆွေးနွေးရန် ဧဝံဂေလိဆရာများနှင့် ခရစ်ယာန်ခေါင်းဆောင်များကို အင်တာဗျူးထားသည်။ ၎င်းစိတ်အားထက်သန်မှုတွင် စာအုပ်၊ ရုပ်ရှင်၊ နေရာ၊ ဝါသနာအပြင် အခြားမည်သည့်အရာမဆို ဖြစ်နိုင်သည်။ ကျွန်ုပ်တို့၏ဘေးနားပတ်ဝန်းကျင်ရှိ ယဉ်ကျေးမှုအကြောင်းကို ၎င်းစိတ်အားထက်သန်မှုမှ သင်ယူနိုင်သည့်အပြင် ၎င်းစိတ်အားထက်သန်မှုကို အသုံးပြုပြီး ဧဝံဂေလိတရား ဝေငှဟောပြောရန် မည်သို့ လမ်းဖွင့်ပေးနိုင်မည်ကိုလည်း ဆွေးနွေးသွားမည်။ ဤ podcast ရှိ အခန်းများကို ကြိုတင်ရိုက်ထားသောကြောင့် YouTube တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်သည့်အပြင် podcast တိုင်းတွင်လည်း လိုက်ရှာနိုင်သည်။

နောက်ဆက်တွဲ
ဧဝံဂေလိတရား သြဝါဒ

• သင်သည် မတော်တဆ ဖြစ်တည်လာသူ မဟုတ်ပါ။ သင်သည် ပြည့်စုံ၍ မေတ္တာတော်ရှင်ဖြစ်ပြီး အသက်၏အရင်းအမြစ်လည်းဖြစ်သည့်အပြင် အသက်ပေးပိုင်သူ (ခမည်းတော်၊ ဝိညာဉ်တော်၊ သားတော်) ဘုရားသခင်၏ ပုံသဏ္ဍာန်တော်အတိုင်း ဖန်ဆင်းခြင်းခံသည် (ကမ္ဘာ ၁)။

• ဖန်ဆင်းရှင်ကို နာခံမည့်အစား ကျွန်ုပ်တို့သည် မိမိလမ်းစဉ်ကို လိုက်ခြင်းဖြင့် ဘုရားသခင်ကို ကျွန်ုပ်တို့ ငြင်းပယ် (ပြစ်မှား) ခဲ့ကြသည်။ ထို့ကြောင့် ဤလောကသည် ပျက်ဆီး၍ ဆင်းရဲဒုက္ခမျိုးစုံနှင့် ရင်ဆိုင်နေသည်။ ၎င်းမတရားမှုက အပြစ်ကို လျစ်လျူမရှုဘဲ ပြစ်မှားသူတိုင်းကို ထိုက်သင့်သည့်ပြစ်ဒဏ် ပေးတော်မူသော ဘုရားသခင်ကို ဝမ်းနည်းစေသည် (ရောမ ၃း၂၃)။

• ဘုရားသခင်ကို ပုန်ကန်ခြင်းသည် စကြဝဠာတစ်ခုလုံးကို ပိုင်သအုပ်စိုးသောဘုရင်ကို သစ္စာဖောက်ရာရောက် သောကြောင့် အရာအားလုံးကို မှန်ကန်စွာ ပြုလုပ်ဖို့ ကျွန်ုပ်တို့၌ တန်ခိုးအစွမ်း မရှိပါ။ ဘုရားသခင်ကို ငြင်းပယ်ခြင်းသည် အသက်ကို ငြင်းပယ်ခြင်းဖြစ်သည်။ အသက်ကို ငြင်းပယ်ခြင်း၏ ရလဒ်နှင့် မှန်ကန်သော အသက်ရှင်ခြင်းစံချိန်ကို ချိုးဖောက်သောကြောင့် ဘုရားသခင်၏ တရားမျှတသော အပြစ်ဒဏ်ဖြစ်သော ထာဝရသေခြင်းကို ကျွန်ုပ်တို့ ရင်ဆိုင်ရပေမည် (ရောမ ၆း၂၃)။

• သို့သော်၊ မည်သူမျှ သေခြင်း မရင်ဆိုင်ရန် ဘုရားသခင် အလိုတော်ရှိသည်။ အကြောင်းမှာ ဘုရားသခင်ကိုယ်၌သည် ချစ်ခြင်းမေတ္တာဖြစ်၍ ချစ်တော်မူသော ကျွန်ုပ်တို့နှင့်အတူ ထာဝရဆက်ဆံရေး တည်ဆောက်လိုသည်။ ဘုရားသခင်သည် မိမိကျေးဇူးတော်ကြောင့် ကျွန်ုပ်တို့ကို ကယ်တင်မည့်အမှုကို စီမံခဲ့သည် (၁ တိ ၂း၄-၆)။

• ခမည်းတော်ကို မည်သည့်အခါမျှ မငြင်းပယ်သည့် စုံလင်သော လူသားအဖြစ် အသက်ရှင်ရန် ဤလောကသို့ မိမိသားတော် ယေရှုခရစ်ကို ဘုရားသခင် စေလွှတ်တော်မူခဲ့သည်။ ယေရှုသည် ကျွန်ုပ်တို့ကိုယ်စား ကားတိုင်ထက်တွင် အသေခံခဲ့သည်။ ဘုရားသခင်ကို ငြင်းပယ်သောကြောင့် ကျွန်ုပ်တို့နှင့် ထိုက်တန်သည့် သေခြင်းကို ယေရှုက ကိုယ်စား အသေခံခဲ့သည် (ယော ၃း၁၆၊ ရောမ ၃း၂၃-၂၅)။

• သေခြင်းကျိန်ခြင်းအမင်္ဂလာကို အနိုင်ယူကြောင်း ပြသသည့် အနေဖြင့် ယေရှုသည် သုံးရက်မြောက်နေ့တွင် သေခြင်းမှ ရှင်ပြန်ထမြောက်ခဲ့သည်။ ယေရှုခရစ်တော်ကို ယုံကြည်အားကိုးခြင်းနှင့် အပြစ်မှ ခွင့်လွှတ်ခြင်း တောင်းခံခြင်းဖြင့်သာ အသစ်သောအသက်တာကို ရရှိနိုင်သည် (သုတ္တံ ၂၈း၁၃၊ ဧဖက် ၂း၁-၁၀၊ ၁ ယော ၁း၇-၉)။

• ယေရှု၏သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းက ပြန်လည်သင့်မြတ်ခြင်း၊ ရွေးနုတ်ခြင်း၊ စိတ်တော်ကျေနပ်စေခြင်းနှင့် ရန်သူစာတန်အား အနိုင်ယူခြင်းတို့ကို လုပ်ဆောင်ပေးသည်။ ၎င်းလွဲပြောင်းမှု အလုပ်ဖြစ်ရန် ကျွန်ုပ်တို့ထံမှ တောင်းဆိုသည့်အရာတစ်ခုမှာ ယေရှုကို သခင်အဖြစ် ယုံကြည်အားကိုးခြင်း (ယုံကြည်ခြင်း) နှင့် သေခြင်းမှ ရှင်ပြန်ထမြောက်ကြောင်းကို ယုံကြည်ခြင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းဖြင့်သာ ကယ်တင်ခြင်း ရကြသည်။ (မဿဲ ၂၀း၂၈၊ ရောမ ၁၀း၉၊ ၂ ကော ၅း၁၈-၂၁၊ ယော ၁၂း၃၁၊ ကောလော ၂း၁၅)။

• ယခုမူ ကျွန်ုပ်တို့သည် ကောင်းကင်ခမည်းတော်နှင့် ဆက်ဆံရေး ပြန်တည်ဆောက်ခွင့် ရကြသည်။ ကျွန်ုပ်တို့၌ ငြိမ်သက်ခြင်းရှိ၍ မိသားစုထဲ မွေးစားခြင်း ခံရကြသည်။ ယခင်ဘဝဟောင်းတွင် သေဆုံးခဲ့ကြပြီး ဘဝသစ်သို့ အသစ်တဖန် မွေးဖွားကြသည် (လုကာ ၉း၂၃၊ ကောလော ၁း၂၀၊ ၂း၁၃-၁၄၊ ရောမ ၅း၁-၂၊ ဂလာတိ ၄း၄-၇)။

• ထို့နောက် ယေရှုသည် ကောင်းကင်သို့ တက်၍ ခမည်းတော်၏ လက်ျာဘက်တွင် ထိုင်ပြီး စိုးစံနေသည်။ သို့သော်၊ နာခံခြင်းအသက်တာနှင့်တကွ ပြည့်ဝသောအသက်တာဖြင့် အသက်ရှင်နိုင်ရန် ကျွန်ုပ်တို့ကို တန်ခိုးခွန်အားပေးဖို့ ဝိညာဉ်အားဖြင့် ဆုကျေးဇူးများကို ပေးသနားသည်။ လောကီလူသားများထံ သတင်းကောင်းကို ထိထိရောက်ရောက် ဟောပြောနိုင်ရန်လည်း ပေးသနားသည်။ ကျွန်ုပ်တို့သည် အသစ်သောသတ္တဝါ၊ တပည့်တော်များ ဖြစ်လာပြီး ကျွန်ုပ်တို့၏အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်မှုကြောင့် ပြောင်းလဲခြင်း ခံကြပြီး အသီးအပွင့်ရှိလာကြသည်။ ကျွန်ုပ်တို့သည် ဤလောကတွင် ဘုရားသခင်၏ သံတမန်များအဖြစ် အလုပ်လုပ်ကြပြီး ငြိမ်သက်ခြင်းနိုင်ငံတော်ကို ကိုယ်စားပြုကြ၍ နှုတ်နှင့် အလုပ်ဖြင့် ယေရှုအကြောင်းသမ္မာတရားကို သက်သေခံရန် အစေခံကြရသည် (မိက္ခာ ၆း၈၊ တမန် ၁း၈၊ ၂ ကော ၅း၁၁-၂၁၊ ဂလာတိ ၅း၂၂-၂၃)။

• တစ်နေ့၊ အသက်ရှင်သူတို့နှင့် သေသူတို့ကို တရားစီရင်ရန် ဤလောကသို့ ယေရှု တစ်ဖန် ပြန်ကြွလာဦးမည်။ ထိုအချိန်တွင် ဘုရားသခင်၏ ပြည့်စုံသော နိုင်ငံတော်ကို ပြန်လည်တည်ထောင်ပြီး ယေရှုကို သခင်အဖြစ် ယုံကြည်လက်ခံသောသူတို့အတွက် ခမည်းတော်က ထာဝရအသက်ကို ပေးသနားတော်မူလိမ့်မည်။ မယုံကြည်သောသူတို့မူ ထာဝရသေခြင်း (ငရဲ) က စောင့်ကြိုနေသည်။ သတင်းကောင်းမှာ မည်သူမျှ ထာဝရပျက်ဆီးဖို့ မလိုပါ။ ယေရှုကို ယုံကြည်လက်ခံခြင်းဖြင့် ဘုရားသခင်နှင့် ဆက်ဆံရေး တည်ဆောက်ကာ ထာဝရအသက်ကို လူတိုင်း ရနိုင်သည် (၁ ကော ၁၅၊ ဗျာဒိတ် ၂၁း၁-၈၊ ၂၂း၁-၅)။

နောက်ဆက်တွဲ
ဧဝံဂေလိတရား ပုံပြင်

အစအဦးကတည်းက ဘုရားသခင်သည် ခမည်းတော်၊ ဝိညာဉ်တော်နှင့် သားတော်ကြား ပြည့်စုံသောဆက်ဆံရေး ရှိခဲ့ကြသည်။ ဘုရားသခင်သည် ကမ္ဘာကြီးကို ဖန်ဆင်း၍ အလွန်ကောင်းသည်။ လူသားမျိုးနွယ်နှင့်လည်း ထူးခြားသောဆက်ဆံရေး တည်ဆောက်ခဲ့သည်။ စကြဝဠာတစ်ခုလုံးကို ပိုင်သသူအရှင်လည်းဖြစ်၊ အသက်လည်းဖြစ်သူ ဘုရားသခင်နှင့်အတူ ပြည့်စုံသောဘဝ စံစားရန် ဖန်ဆင်းခြင်း ခံကြသည်။ သို့သော်၊ မိမိကို ချစ်ရန် ဘုရားသခင်သည် လူသားတို့ကို အတင်းအဓမ္မ မလုပ်ပါ။ ရွေးချယ်ခွင့်ပေးထားသည်။ ဤရွေးချယ်ပိုင်ခွင့်နှင့်အတူ လူသားတို့သည် ဘုရားသခင်ကို ငြင်းပယ်၍ ကိုယ့်လမ်းကို လျှောက်ကြသည်။

စကြဝဠာတစ်ခုလုံး ပိုင်သသူအရှင်ကို ငြင်းပယ်ခြင်းသည် အတုမရှိသော သစ္စာဖောက်ခြင်းဖြစ်၍ ပုန်ကန်ခြင်းတစ်ခု ဖြစ်သည်။ သေခြင်း၊ ဆင်းရဲဒုက္ခနှင့် နာကျင်မှုတို့သည် ဤလောကသို့ ဝင်ရောက်လာကြသည်။ လူသားတို့သည် ကောင်းကင်ခမည်းတော်နှင့် အပြန်လမ်းမရှိဘဲ ဝေးကွာသွားခဲ့ကြသည်။ ၎င်းပုန်ကန်မှုကို လျစ်လျူရှုလျှင် မတရားရာ ကျမည်ဖြစ်သောကြောင့် ဘုရားသခင် အနေဖြင့် လျစ်လျူရှု၍ မဖြစ်ပါ။ တရားမျှတ၍ ဖြောင့်မတ်သော ဘုရားသခင်သည် ကျူးလွန်ထားသည့်အမှုအတွက် အပြစ်ဒဏ်ကို တောင်းဆိုကို တောင်းဆိုရမည်။ အသက်သခင်ကို ပုန်ကန်ခြင်း အပြစ်အတွက် အပြစ်ဒဏ်မှာ သေခြင်း ဖြစ်သည်။

ဘုရားသခင်သည် လောကီသားတို့ကို ချစ်သောကြောင့် လူသားတို့ကို သေခြင်းမှ ကယ်တင်ဖို့ အစီအစဉ် အစပြုခဲ့သည်။ ဘုရားသခင် ပေးသည့်အသက်နှင့် ချစ်ခြင်းမေတ္တာကို ထာဝရ သိရှိခံစားနိုင်ရန် အစအစဉ် ဖြစ်သည်။ ပြည့်စုံသောလူသားတစ်ယောက်အဖြစ် အသက်ရှင်၍ ဘုရားသခင်ကို ကျူးလွန်ပုန်ကန်ခြင်း မပြုဖူးသောသူတစ်ယောက်အဖြစ် အသက်ရှင်ရန် ဘုရားသခင်သည် သားတော် ယေရှုကို ဤလောကသို့ စေလွှတ်ခဲ့သည်။

ယေရှုသည် ပုန်ကန်ခြင်းအပြစ်အတွက် လူသားတို့ ခံရမည့် သေခြင်းအပြစ်ဒဏ်ကို ကားတိုင်ပေါ်တွင် မိမိဆန္ဒအလျောက် ကိုယ်စား အသေခံပေးခဲ့လေသည်။ ယေရှုသည် ဘုရားသခင် ဖြစ်၍ သေခြင်းက အနိုင်မယူနိုင်သောကြောင့် သုံးရက်မြောက်သောနေ့တွင် သေခြင်းမှ ရှင်ပြန်ထမြောက်ခဲ့လေသည်။ ထို့ကြောင့်၊ လူသားများအတွက် ဘုရားသခင်ကို ပုန်ကန်သည့်အပြစ်မှ ခွင့်လွှတ်ခြင်း ရရှိနိုင်သည့်အပြင် ယေရှု ပြင်ဆင်ပေးသည့် အသစ်သော ထာဝရအသက်ကို ရရှိခံစားနိုင်ကြသည်။ သေခြင်းကျိန်ခြင်း ပယ်လေပြီ။

ယေရှုသည် အသေခံ၍ ရှင်ပြန်ထမြောက်သည့် တစ်လောကလုံး၏ ကယ်တင်ရှင်၊ စကြဝဠာတစ်ခုလုံးကို ပိုင်သသူအရှင်ဖြစ်ကြောင်းကို ယုံကြည်ပြီး ကျွန်ုပ်တို့၏အသက်တာ၌ သခင်အဖြစ် လက်ခံဖို့လည်း လိုအပ်သည်။ ယုံကြည်သောသူတို့အတွက် ကယ်တင်ခြင်းနှင့် အသက်ရှိပြီး ကျွန်ုပ်တို့ ဖန်ဆင်းခံရသည့်ရည်ရွယ်ချက်အတိုင်း အသက်ရှင်နိုင်ရန် သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့ကို ကူညီမစလိမ့်မည်။ ၎င်းရည်ရွယ်ချက်မှာ စစ်မှန်သောအသက်ကို လူတိုင်း သိနိုင်ရန် ဘုရားသခင်၏ ပုံသဏ္ဍာန်တော်ကို ထင်ရှားစေသည့် အသက်တာဖြင့် အသက်ရှင်ခြင်း ဖြစ်သည်။ တစ်နေ့၊ ယေရှုသည် တစ်ဖန်ပြန်ကြွလာ၍ မိမိ၏ ပြည့်စုံသောနိုင်ငံတော်ကို တည်ထောင်လိမ့်မည်။ ယုံကြည်လက်ခံသောသူတို့သည် ထိုနိုင်ငံတော်တွင် ထာဝရနေထိုင်သွားကြမည်ဖြစ်သည်။ ထို့ကြောင့်၊ ယနေ့နှင့် ထာဝရအတွက် ထာဝရမျှော်လင့်ခြင်း သိနိုင်ကြရန် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာအကြောင်းကို တစ်လောကလုံးထံ ဟောပြောဝေငှရန် ကျွန်ုပ်တို့သည် ခေါ်ဆို၍ နှိုးဆော်ခြင်း ခံရကြသည်။

နောက်ဆက်တွဲ

လူငယ်ဧဝံဂေလိတရား ဆွေးနွေးခြင်း ဥပမာ

ပထမ – သင်သည် မတော်တဆဖြစ်တည်လာသူ မဟုတ်ပါ

လူများစွာက မိမိတို့သည် မတော်တဆဖြစ်တည်လာသူ၊ ဗလာနတ္တိမှ စကြဝဠာကြီးတစ်ခုလုံး ပေါ်လာပြီး နှစ်ပေါင်းဘီလီယံ ကြာပြီးနောက် လူသား တည်ရှိလာသည်ဟူ၍ ယုံကြည်ကြသည်။ ၎င်းသည် လုံးဝ အဓိပ္ပာယ်မရှိပါ။ ဘဝ၏အဓိပ္ပာယ်နှင့်ပတ်သက်၍လည်း ၎င်းက မျှော်လင့်ချက် မပေးနိုင်ပါ။

အမြဲတည်ရှိသော ဘုရားသခင်သည် မိမိဖန်ဆင်းသည့်လူသားများနှင့် မိမိ၏ချစ်ခြင်းမေတ္တာကို ဝေမျှလိုသောကြောင့် ကမ္ဘာကြီးကို ဖန်ဆင်းခဲ့သည်ဟု သမ္မာကျမ်းစာတွင် ဖော်ပြထားသည်။ ထို့ကြောင့်၊ သင်သည် မတော်တဆ တည်ရှိလာသူ မဟုတ်ပါ။ သင့်ကို ဘုရားသခင် ဖန်ဆင်း၍ ချစ်တော်မူခြင်း ခံသည့်အပြင် ရည်ရွယ်ချက် ရှိသူ ဖြစ်သည်။ စကြဝဠာကြီးထဲတွင် သင်ရှိနေခြင်းက ပိုကောင်းသောအရာဖြစ်သောကြောင့် သင်တည်ရှိရခြင်း ဖြစ်ကြောင်း ဘုရားသခင် မိန့်တော်မူသည်။

ဒုတိယ – အဓိကအချက်နှင့် သင်လွဲသည်

ဘုရားသခင်က မိမိတို့ကို ဖန်ဆင်း၍ ချစ်တော်မူကြောင်းကို လူတို့ မသိကြသည့်အခါ ဘဝ၏အဓိကရည်ရွယ်ချက်နှင့် လွဲချော်တတ်ကြသည်။ ဘုရားသခင်ကို သိကျွမ်းခြင်းသည် ဘုရားသခင်ရည်ရွယ်ထားသည့်ဘဝအတိုင်း အသက်ရှင်ခြင်းဖြစ်သည်။ ၎င်းမှာ ဖန်ဆင်းရှင်နှင့် မိတ်သဟာယဖွဲ့ခြင်း၊ ချစ်ခြင်း၊ သနားခြင်း၊ ကရုဏာ၊ ကျေးဇူးတော်၊ စိတ်ရှည်၍ ပညာရှိသော ဘုရားသခင်နှင့်အတူ ဆက်ဆံရေး တည်ဆောက်ခြင်း ဖြစ်သည်။ ဘုရားသခင်ကို မိမိကလေးများဖြစ်သည့် သင်နှင့်ကျွန်ုပ်အတွက် အကောင်းကိုသာ လိုချင်သည့် ပြည့်စုံသောခမည်းတော်အဖြစ် သမ္မာကျမ်းစာတွင် ဖော်ပြထားသည်။ သို့သော်၊ ကျွန်ုပ်တို့သည် ပုန်ကန်သောကလေးများဖြစ်၍ ခမည်းတော်၏ ချစ်ခြင်းမှ ဝေးရာသို့ ထွက်ပြေးသောသူများဖြစ်ကြောင်းကိုလည်းသမ္မာကျမ်းစာတွင် ဖော်ပြထားသည်။

ဘုရားသခင်ကို မသိကျွမ်းခြင်းသည် ကမ္ဘာ့ဖလား ဗိုလ်လုပွဲတွင် ကွင်းထဲသို့ ဝင်ရောက်သော်လည်း ဂိုးတိုင် မရှိသည့်ပွဲတစ်ခုကဲ့သို့ ဖြစ်သည်။ မည်သူမျှ ဂိုးသွင်းနိုင်မည် မဟုတ်သကဲ့သို့ မည်သူမျှ ဆုဖလားကို ကိုင်မြှောက်နိုင်မည် မဟုတ်ပါ။ ဂိုးတိုင်မရှိဘဲ ပွဲပြီးသည်အထိ ဟိုပြေးဒီပြေးလုပ်ပြီး အနှစ်သာရမရှိသောပွဲ ဖြစ်လိမ့်မည်။

တတိယ – စုံလင်သောဘဝကို သင်ပိုင်ဆိုင်နိုင်သည်

ဤဘဝတွင် အသက်ရှင်ပုံအသက်ရှင်နည်းကို ကျွန်ုပ်တို့ကို ဖန်ဆင်းသည့် ပြည့်စုံသောဘုရားသခင်ထက် ကျွန်ုပ်တို့က ပိုသိသည်ဟူသည့်အထင်ဖြင့် ဘုရားသခင် ပြင်ဆင်ချမှတ်ပေးသည့်အသက်တာကို ငြင်းပယ်သည့်အခါ ဤလောကတွင် မကောင်းမှုများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း သမ္မာကျမ်းစာတွင် တွေ့နိုင်သည်။ မပြည့်စုံသော ကျွန်ုပ်တို့၏လုပ်ပုံလုပ်နည်းကြောင့် ဤလောကကြီးလည်း မပြည့်စုံသောလော ဖြစ်သွားလိမ့်မည်။ ၎င်းကို သမ္မာကျမ်းစာတွင် အပြစ်ဟု ခေါ်ပြီး ကျွန်ုပ်တို့ ဖန်ဆင်းခံရသည့်အဓိကရည်ရွယ်ချက်နှင့် လွဲချော်ခြင်း ဖြစ်သည်။ အပြစ်အကြောင်းကို နောက်တစ်မျိုးဖြင့် ဖော်ပြရလျှင် တစ်ကိုယ်ကောင်းဆန်ခြင်း ဖြစ်သည်။ ဘုရားသခင်၏လမ်းစဉ်ကို မရွေးချယ်ဘဲ မိမိလမ်းစဉ်ကိုသာ ရွေးချယ်ကြသည်။ "ကိုယ်တော်... ကျွန်တော်/ကျွန်မက ကိုယ်တော်ထက် ပိုသိတယ်။ ကိုယ်တော့်ကို မလိုအပ်ပါဘူး။ ကိုယ်တော်ထက် ကျွန်တော်/ကျွန်မက ပိုကောင်းတဲ့ဘုရား ဖြစ်နိုင်ပါတယ်" ဟူ၍ ပြောသည့်သဘောမျိုး ဖြစ်သည်။ ဖရိုဖရဲကျလွန်းသောကမ္ဘာတွင် ကျွန်ုပ်တို့အသက်ရှင်သည်ကို သတင်း နားထောင်လျှင် သိနိုင်သည်။ ကိုယ်ကျိုးကိုသာရှာ၍ အသက်၏အရင်းအမြစ်ဖြစ်သူ မေတ္တာတော်ရှင် ဘုရားသခင်ကို ဂရုမစိုက်ဘဲ အသက်ရှင်ခြင်း၏ ရလဒ်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ထက် ပိုသိကြသည်ဟူ၍ ထင်မှတ်ကြကာ ဘုရားသခင်ကို ငြင်းပယ်ကြသောကြောင့် ဤလောကတွင် ဆင်းရဲဒုက္ခမျိုးစုံ၊ မတရားမှုနှင့် ရန်းရင်းဆန်ခတ်မှုများ ရှိရခြင်း ဖြစ်သည်။

ဤငြင်းဆန်ခြင်းက ပုန်ကန်တတ်ပြီး မပြည့်စုံသော ကျွန်ုပ်တို့နှင့် စုံလင်ဖြောင့်မတ်သောဘုရားသခင်ကြား အတားအဆီးတစ်ခု ဖြစ်လေသည်။ ဘုရားသခင်ကို ကျွန်ုပ်တို့ ငြင်းပယ်သည့်အခါ အကျိုးဆက်များ ရှိတတ်သည်။ ကျောင်းတွင် ဆရာ/မများကို ဆန့်ကျင်ပြီး ကျောင်းစည်းကမ်းများကို မလိုက်နာလျှင် အပြစ်ဒဏ်ပေးခြင်း ခံရမည်မှာ သေချာသည်။ လွဲမှားသောဆုံးဖြတ်ချက်ကို ချမှတ်ခြင်း၏ မကောင်းသောအကျိုးဆက် ဖြစ်သည်။ သို့သော်၊ ဖန်ဆင်းရှင်ဘုရားကို ကျွန်ုပ်တို့ ပြစ်မှားသည့်အခါ အပြစ်ဒဏ်မှာ မိမိလုပ်ရပ်၏ အကျိုးဆက်ဖြစ်သော အပြုအမူကို ပြုပြင်ဖို့ အပြစ်ဒဏ်သက်သက် မဟုတ်တော့ပါ။ အသက်သခင်ဘုရားရှင်ကို ပြစ်မှားလျှင် မည်သည့်အပြစ်ဒဏ် ခံရမည်နည်း။ သေခြင်း အပြစ်ဒဏ် ခံရမည်။

သို့သော်၊ သင့်ကို ဘုရားသခင် မသေစေချင်ပါ။ သင့်ကို စုံလင်သောအသက် ခံစားပြီး သူနှင့်အတူ ဆက်နွယ်မှု ရှိရန် ဖန်ဆင်းထားသည်။ ကျွန်ုပ်တို့ ဖန်တီးခဲ့သည့်ပြဿနာကို ဖြေရှင်းရန် ဘုရားသခင်က သားတော်ယေရှုကို ဤလောကသို့ စေလွှတ်ခဲ့ကြောင်း သမ္မာကျမ်းစာတွင် ဖော်ပြထားသည်။ လူ့ဇာတိခံယူသော ဘုရားသားတော်သည် ကျွန်ုပ်တို့ မည်သို့မည်ပုံ အသက်ရှင်သင့်ကြောင်း ပုံသက်သေပြရန်နှင့် ဘုရားကို ငြင်းပယ်ခြင်း၏အကျိုးဆက်များကို မိမိကိုယ်တိုင် ရင်ဆိုင်ခံစားရန် ပြည့်စုံသောလူသားတစ်ယောက်အဖြစ် ဤလောကတွင် အသက်ရှင်ခဲ့သည်။

ဘုရားသခင်ကို ငြင်းပယ်ခဲ့သောကြောင့် ကျွန်ုပ်တို့ ခံရမည့် ထာဝရအပြစ်ဒဏ်ဖြစ်သော သေခြင်းကို ယေရှုက ကိုယ်စားခံပေးခဲ့သည်။ အံ့ဖွယ်သတင်းမှာ ယေရှုသည် သုံးရက်မြောက်သောနေ့တွင် သေခြင်းမှ ရှင်ပြန်ထမြောက်ခဲ့သည်။

"ခင်ဗျား ရူးနေလား။ သေရာကနေ လူတစ်ယောက် အသက်ပြန်ရှင်တယ်ဆိုတာ ဖြစ်နိုင်လို့လား" ဟူ၍ လူတွေ မေးကောင်းမေးနိုင်သည်။ ယေရှုသည် ဘုရားသခင် ဘုရားသခင်ဖြစ်၍ အသက်သခင်ဖြစ်ကြောင်းကို မမေ့ပါနှင့်။ သေခြင်းက သူ့ကို အနိုင်မချုပ်နိုင်ပါ။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာမှ မိမိထွက်ပြေးကြောင်း ဝန်ခံတောင်းပန်ပြီး ယေရှုကို သခင်အဖြစ် ယုံကြည်လက်ခံလျှင် ကျွန်ုပ်တို့ရွေးချယ်ခဲ့သည့် သေခြင်းမှ စစ်မှန်သောအသက်ရှင်ခြင်း ဖြစ်သည့် ဘုရားသခင်၏ ပြည့်စုံသော နိုင်ငံတော်တွင် ယေရှုနှင့်အတူ ထာဝရမိတ်သဟာယဖွဲ့ခွင့် ရရှိကြလိမ့်မည်။ ၎င်းအသက်ရှင်ခြင်းမှာ မပြည့်စုံသည့်အပြင် ရုန်းရင်းဆန်ခတ်ဖြစ်သောဘဝမှ စုံလင်ပြည့်ဝသောအသက်တာကို ဆိုလိုသည်။

[ဤနေရာအထိ ကျွန်ုပ်တို့ ဆွေးနွေးခဲ့သည့် ချစ်ခြင်းမေတ္တာအပြည့်ရှိသော ဖခင်ထံမှ ထွက်ပြေး၍ အရှုပ်အထုတ်ထဲ ကျရောက်ကာ အိမ်ပြန်လာလျှင် ထင်မှတ်သည်ထက် ကြိုဆိုခြင်း ခံရမည့်အကြောင်းကို ပျောက်သောသားပုံပြင်ဖြင့် ပုံဥပမာပေးနိုင်သည်။ ကျွန်ုပ်တို့ ပြန်လာလျှင် ကောင်းချီးမျိုးစုံ၊ အခွင့်ထူးမျိုးစုံဖြင့် သားနှင့်သမီးအရာကို ကျွန်ုပ်တို့ ရရှိကြသည်။]

စတုတ္ထ – သင့်ဘဝပလ္လင်တွင် မည်သူထိုင်နေပါသနည်း

သင့်အိမ်တွင် သင်အနှစ်သက်ဆုံး ထိုင်ခုံရှိပါသလား။ တီဗီ ကြည့်လို့ အကောင်းဆုံးနေရာတွင် တစ်ယောက်ယောက် ထိုင်သည့်အခါ သင်စိတ်တိုဖူးပါသလား။ ကျွန်ုပ်တို့တွင် ကျွန်ုပ်တို့၏ဖြစ်တည်မှုတစ်ခုလုံးကို အုပ်စိုးထိန်းချုပ်သည့် ဘဝပလ္လင် ရှိကြသည်။ ၎င်းပလ္လင်ပေါ်တွင် ထိုင်ပြီး ကျွန်ုပ်တို့၏ဘဝကို ထိန်းချုပ်ခွင့် မည်သူ့ကိုမျှ မပေးလိုကြပါ။ "ကိုယ်တော် ... ကျွန်ုပ်ဘဝပလ္လင်ပေါ်မှာ မထိုင်ပါနဲ့။ ကိုယ့်ဘဝကို ကိုယ်ထိန်းချုပ်ချင်တယ်" ဟူ၍ ဘုရားသခင်ထံ ကျွန်ုပ်တို့ ပြောတတ်ကြသည်။

သို့သော် ဘုရားသခင်သည် ကျွန်ုပ်တို့ကို ချစ်တော်မူသောကြောင့် သူထိုင်သင့်သည့် ကျွန်ုပ်တို့၏နှလုံးသားပလ္လင်တွင် ထိုင်၍ ကျွန်ုပ်တို့အား ကူညီလမ်းပြကာ သူဖန်ဆင်းသည့် စစ်မှန်သောအသက်ကို သိရှိနိုင်ရန် ကျွန်ုပ်တို့အပေါ် အလိုတော်ရှိသည်။ ဘုရားသခင်အား နေရာမှန်တွင် ထားခြင်းက သူ၏မေတ္တာတော်ဖြင့် အမှန်တကယ် ပြည့်ဝစေပြီး စစ်မှန်သောအသက်တာဖြင့် အသက်ရှင်နိုင်လိမ့်မည်။

ဘဝ၏အဓိပ္ပာယ်နှင့်ပတ်သက်၍ ကျွန်ုပ်တို့အားလုံး ရှုပ်ထွေးတတ်ကြသည်။ အချို့တို့သည် စိတ်ကျရောဂါ၊ မိမိကိုမိမိ အနာတရဖြစ်စေခြင်း၊ အစားမမှန်ခြင်း၊ မိမိတို့ မည်သူမည်ဝါဖြစ်ကြောင်းကို နားလည်ခြင်းနှင့် ပတ်သက်၍ လုံးပန်းကြသည်။ အချို့တို့သည် မှန်တွင် မြင်ရသည့် မိမိတို့၏ရုပ်နှင့် မကျေနပ်တတ်ကြပါ။ အချို့မူ အနာဂတ်ကို တွေးပူကြသည်။ အရေးကြီးသော မည်သည့်အရာကိုမျှ အောင်မြင်အောင် ပြုလုပ်နိုင်မည်မဟုတ်ဟု တွေးထင်ကြသည်။ အချို့တို့သည် မပျော်ရွှင်နိုင်ကြဘဲ စိတ်ဖိစီးမှုနှင့် ပြည့်ကြသည်။ အချို့ကျတော့လည်း မိမိတို့၏ဘဝနှင့် ကျေနပ်ပျော်ရွှင်တတ်ကြသော်လည်း တစ်ခုခု လိုနေသကဲ့သို့ ခံစားတတ်ကြသည်။

[သင်ဆွေးနွေးတင်ပြသည့်အချက်ကို လက်တွေ့ဘဝနှင့် အဆက်အစပ်ပြုလုပ်ရန် သက်သေအနည်းငယ်ခံလျှင် များစွာ အထောက်အကူ ပြုလိမ့်မည်။]

အထက်ပါအကြောင်းအရာအားလုံးအတွက် ဘုရားသခင်၌ အဖြေရှိသည်။ "သင် အမှန်တကယ် အသက်မရှင်လို့ ယခု ခံစားနေတာ ဖြစ်တယ်။ ဖြစ်တည်မှုမျှသာဖြစ်သည့် အရိပ်အယောင်ကိုသာ သင်ခံစားနေတာ ဖြစ်တယ်။ အဆုတ်ဖြင့် အသက်ရှူသူတိုင်းတည်ရှိကြသည်မှန်သော်လည်းသေခြင်းတွင်ဆုံးသွားတတ်ကြသည်။သင်သည် အသက်ခံစားဖို့ ဖန်ဆင်းခြင်း ခံကြသည်။ သားတော်ယေရှုကို ယုံကြည်ကိုးစား၍ သူ့အတွက် အသက်ရှင်မှသာ ၎င်းအသက်ကို သင်ရရှိနိုင်သည်" ဟူ၍ ဘုရားသခင် မိန့်တော်မူသည်။

ဘဝ၏အဓိကရည်ရွယ်ချက်ကို မမေ့ပါနှင့်။ ဘုရားသခင်ထံ ပြန်လာ၍ သင့်ငြင်းပယ်မှုကို ဝန်ချတောင်းပန်လျှင် သင့်ကို ဘုရားသခင် ခွင့်လွှတ်လိမ့်မည်။ ယေရှုကို သခင်အဖြစ် ယုံကြည်အားကိုး၍ သင်မည်သူမည်ဝါဖြစ်သည်ကို သင့်အား ဘုရားသခင် ဖွင့်ပြလိမ့်မည်။ သင့်အား ပြည့်ဝသောအသက်ဖြစ်သည့် စစ်မှန်သောအသက်ကို ပေး၍ သေခြင်းကို မည်သည့်အခါမျှ သင်ခံစားမည် မဟုတ်ပါ။ ဤဘဝတွင် သင့်အသက်မီးစာ ကုန်ဆုံးသွားသည့်အခါ ယေရှုနှင့်အတူ သင်ထာဝရ နေမည်ဖြစ်သောကြောင့် ပြီးပြည့်စုံသောအသက်ကို သင်ရရှိမည် ဖြစ်သည်။ သေချာသည်မှာ ဤဘဝတွင်လည်း စိန်ခေါ်မှုများစွာ ရှိနေဆဲဖြစ်ပြီး ယေရှုနောက်သို့ လိုက်သည့်အခါ သင့်ပြဿနာတစ်ခုလုံး ဖြေရှင်းပြီးသား ဖြစ်သွားမည် မဟုတ်ပါ။ ယေရှုနောက်သို့ လိုက်လို့ စိန်ခေါ်မှုအသစ်များကိုပင် သင်ရင်ဆိုင်လိမ့်မည်ဖြစ်သော်လည်း သင့်ကို ဘုရားသခင် ကူညီမစလိမ့်မည်။ ဤရှုပ်ထွေးသောကမ္ဘာတွင် သင့်အတွက် ဘုရားသခင်ပြင်ဆင်သည့်ဘဝအတိုင်း အသက်ရှင်နိုင်ရန် သင့်ကို သန့်ရှင်းသောဝိညာဉ်တော် ကူညီမစလိမ့်မည်။ မပြည့်စုံသော်လည်း

ဤလောကတွင် မိသားစုဖြစ်သည့် မိမိအသင်းတော်ထဲသို့ သင့်ကို ဘုရားသခင် ခေါ်ဆောင်လိမ့်မည်။ ဘုရားသခင်ကို ပိုသိဖို့ သင့်ကို ကူညီရန်၊ ဘဝခက်ခဲနေစဉ်တွင်ပင် ဆက်လက်လျှောက်လှမ်းဖို့ ကူညီရန်၊ လောကီလူသားအပေါ် မေတ္တာတော်နှင့် ဂရုစိုက်မှုတို့ကို ထင်ရှားစေရန် အသင်းတော်ရှိသည်။ သင်၏ ယခင်ဘဝနှင့် လုံးလုံး တူမည် မဟုတ်တော့ပါ။

သင်သည် မတော်တဆကြောင့် ဖြစ်တည်လာသူ မဟုတ်ပါ။ ပြည့်စုံသောဘုရားသခင်၏ နှိုးဆမရသောမေတ္တာတော်ဖြင့် ချစ်ခြင်း ခံရသူ ဖြစ်သည်။ သို့သော်၊ ဘုရားသခင်ကို ကိုးစားဖို့ သင့်ကို အတင်းအဓမ္မ စေခိုင်းမည် မဟုတ်ပါ။ စစ်မှန်သောအချစ်သည် အမြဲ ရွေးချယ်မှု ဖြစ်သည်။ သင်ကိုယ်တိုင် ရွေးချယ်မှ ဖြစ်ပေမည်။ ယနေ့ပင် ဘုရားသခင်ထံ ပြန်လှည့်ပြီး ဘုရားသခင်နှင့် ဆက်ဆံရေး တည်ဆောက်ကာ စစ်မှန်သောအသက်ကို သင်ခံစားနိုင်သည်။

သင်ဘာကို ရွေးချယ်မည်နည်း။

မေးခွန်းများ

၁။ ဤတင်ပြချက်နှင့် ပတ်သက်၍ မည်သည့်ကောင်းကွက် ရှိပါသနည်း။

၂။ လိုအပ်ချက် ရှိပါသလား။

၃။ ဤတင်ပြချက်ကို “လူငယ်စကားဝိုင်း” အဖြစ် အဘယ်ကြောင့် ထင်မှတ်နိုင်ပါသနည်း။

၄။ ဤစကားဝိုင်းကို အခြားပရိသတ် အတွက် (ဥပမာ – ကျောင်းသူ/သား တွေ့ဆုံစည်းဝေးခြင်း၊ မိခင်နှင့် လမ်းလျှောက်တတ်ခါစကလေးများ အဖွဲ့၊ စီးပွားရေးခေါင်းဆောင်များ နေ့လည်စာ တွေ့ဆုံခြင်း၊ ပင်စင်ယူသောလူမှုအဖွဲ့အစည်း) မည်သို့မည်ပုံ ပြင်ဆင်၍ အသုံးပြုနိုင်သနည်း။



နောက်ဆက်တွဲ ဧဝံဂေလိတရား နည်းလမ်းများ

ဧဝံဂေလိတရားဟောပြောခြင်းနှင့် ပတ်သက်၍ ခရစ်ယာန်များ ကြောက်တတ်ကြသည့်အရာများစွာရှိသည့်အထဲမှ သုံးချက်သည် အဓိကကျသည်။

- ၁။ လူကို ကြောက်လို့ မစွမ်းနိုင်ခြင်း
- ၂။ ကျွမ်းကျင်မှု သို့မဟုတ် ခေါ်ဆိုမှု မရှိလို့ တန်ခိုးမဲ့ခြင်း
- ၃။ အပြစ် သို့မဟုတ် ကျရှုံးမှုကြောင့် အရည်အချင်း မပြည့်မီခြင်း

ဤအချက်သုံးချက်ထဲမှ မည်သည့်အချက်သည် သင်နှင့်ကိုက်ညီသည်ဟု ထင်မှတ်သနည်း။

အသင်းတော်၌ ဤကိစ္စများကို တုံ့ပြန်ရာတွင် သူတပါးနှင့် နူးညံ့သိမ်မွေ့စွာ အပြန်အလှန်စကားပြောဖို့ လွယ်ကူစေသည့် ဧဝံဂေလိတရား ဟောပြောနည်းကို သင်ပြခြင်း (လူကို ကြောက်ခြင်း)၊ ဧဝံဂေလိအမှုကို အောင်မြင်အောင် ကူညီခြင်း (ကျွမ်းကျင်မှု) နှင့် အားလုံးကို ပါဝင်ခွင့် ပေးခြင်း (ခေါ်ဆိုခြင်း သို့မဟုတ် အရည်အချင်း မပြည့်မီခြင်း) စသည်တို့ပါဝင်သည်။ သဘောတရားမှာ ရှင်းသည်။ ထိရောက်သောနည်းလမ်းကို ချပြနိုင်လျှင် ဧဝံဂေလိတရားကို ယူဆောင်သော တမန်များ ပို၍ များလာလိမ့်မည်။

နည်းလမ်း → သံတမန် → သတင်းစကား

ဤချဉ်းကပ်မှုက အကျိုးရှိသောရလဒ်များ ပေးနိုင်သော်လည်း နည်းဗျူဟာတွင်သာ လည်ပတ်သည့် ဧဝံဂေလိတရားဟောပြောခြင်း ပြင်ဆင်မှုနှင့် တိုက်တွန်းခွန်အားပေးခြင်းတို့ကို စံတစ်ခုအဖြစ်တော့ မမှတ်သင့်ပါ။ ဧဝံဂေလိတရားဟောပြောခြင်း၏ တန်ခိုးမှာ ၎င်းနည်းလမ်း၌ မတည်၊ ဧဝံဂေလိတရားဖြစ်သည့် သမ္မာတရား၌သာ တည်သည်။

သံတမန်၏ အကြောက်တရားနှင့် လောကီသားတို့၏ကို လျစ်လျူရှုမှုကို ဖြေရှင်းဖို့ နည်းလမ်းကိုသာ အလွန်အကျွံ အသုံးပြုခြင်းက မသင့်ပါ။ ၎င်းအကြောက်တရားကို ဖြေရှင်းနည်းအကောင်းဆုံးမှာ သံတမန်၏အသက်တာ၌ ဧဝံဂေလိတရား၏ အံ့ဖွယ်တန်ခိုးတော်ကို ကောင်းကောင်းမွန်မွန် ရှင်းပြခြင်း ဖြစ်သည်။ နည်းလမ်းသည် အသုံးဝင်သော်လည်း သူ့နေရာနှင့် သူရှိသည်။

ပြန်စီရေးရလျှင်

သတင်းစကား → သံတမန် → နည်းလမ်း

“ဘုရားသခင် အတူပါရှိသရွေ့ မည်သည့် ဧဝံဂေလိတရားဟောပြောနည်းမဆို အလုပ်ဖြစ်ပါတယ်” ဟူ၍ Leonard Ravenhill က မှတ်ချက်ပြုခဲ့သည်။ သို့ ဖြစ်လျှင် အဓိကမေးခွန်းကို မေးဖို့ လိုအပ်လာသည်။

သင့်နည်းလမ်းတွင် ဘုရားသခင် အတူပါရှိဖို့ သင်မည်သို့ လုပ်ရမည်နည်း။ သံတမန်နှင့်အတူ ဘုရားသခင် ရှိနေဖို့ သေချာစေပါ။

ဟောပြောသူနှင့်အတူ ဘုရားသခင် ရှိနေဖို့ မည်သို့ သေချာစေရမည်နည်း။ ဧဝံဂေလိတရားကိုယ်တိုင်ဖြင့် အစပြုရသည်။

သတင်းစကား

ဧဝံဂေလိတရားကို ကောင်းကောင်းမွန်မွန် ပြောနိုင်ဖို့ရည်ရွယ်ချက်တစ်ခုအတွက်နှင့် ဧဝံဂေလိတရားဟောပြောခြင်းကို ပြင်ဆင်ခြင်းသည် (မည်မျှပင် အရေးကြီးပါစေ) ပထမဦးစားပေး မဖြစ်သင့်ပါ။ ၎င်းဧဝံဂေလိတရားဖြင့် အစပြုရမည်။ ခိုင်ခိုင်မာမာ ရပ်တရမည်။ ၎င်းဧဝံဂေလိတရားကို အကြိမ်ကြိမ် ဖိပြောရမည်။ အကြောင်းမှာ၊ ကျွန်ုပ်တို့၏ဘဝတွင် ဧဝံဂေလိတရား၏သမ္မာတရားနှင့် အလင်းမပါဘဲ တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းသည် အလိုလိုပျောက်ကွယ်သွားလိမ့်မည်။

ဧဝံဂေလိတရားကို ဆွေးနွေးလေ့လာ၍ ၎င်း၏သမ္မာတရားနှင့် ရှုပ်ထွေးမှုတို့ကို စူးစမ်းပြီး ၎င်း၏အံ့ဖွယ်ဖြစ်ခြင်း၌ အံ့သြ၍ ၎င်းပေးသည့် မျှော်လင့်ခြင်း၌ မွေ့လျော်ကာ နောင်တရဖို့ ဖိတ်ခေါ်သံကို တုံ့ပြန်၍ ၎င်း၏အရှိတရားအတိုင်း အသက်ရှင်လျှင် ကျွန်ုပ်တို့ ပြောင်းလဲမည်မှာသေချာသည်။ ဧဝံဂေလိတရား၏ နက်နဲမှုကို ရိုးရိုးရှင်းရှင်း ရှင်းပြန်ရန် ကျွန်ုပ်တို့၏စိတ်သည်လည်း ပို၍ ထက်မြက်လာသည်။ ကျွန်ုပ်တို့၏အသက်တာသည်လည်း ဧဝံဂေလိတရား၏ ဗဟိုဖြစ်သော ယေရှု၏ပုံသဏ္ဍာန်တော်အတိုင်း ပုံပြင်ခြင်း ခံရသည်။ ကျွန်ုပ်တို့၏နှလုံးသားသည်လည်း ၎င်းဧဝံ ဂေလိတရားကို မသိသေးသောသူတို့အတွက် နှိုးဆော်ခြင်း ခံရသည်။

ဧဝံဂေလိတရားဟောပြောခြင်းအတွက် ပြင်ဆင်နည်းနှင့် နှိုးဆော်ခြင်း အကောင်းဆုံးနည်းမှာ ၎င်းဧဝံဂေလိတရားကို နက်နက်နဲနဲ သိနားလည်ခြင်းပင် ဖြစ်သည်။ ဧဝံဂေလိတရား၏ သမ္မာတရားနှင့် တန်ခိုးဖြင့် ကျွန်ုပ်တို့သည် ဧဝံဂေလိကို နည်းဗျူဟာကျကျ ဟောပြောသောသူများထက် ပိုသည်။ ကျွန်ုပ်တို့သည် ၎င်းဧဝံဂေလိ၏ သက်ရှိ ပြယုဂ်ဖြစ်လာကြသည် (၂ ကော ၅:၁၇-၂၁)။

သံတမန်
ပထမကမ္ဘာစစ်တွင် ရှေ့တန်းထွက်သောစစ်သားများအတွက် သေရေးရှင်ရေးလောက်အရေးကြီးသော သတင်းတစ်ခုကို ပါးရန် အန္တရာယ်ရှိသော တာဝန်တစ်ခု ပေးအပ်ခြင်း ခံရသော စစ်သားနှစ်ယောက်အကြောင်း ရိုက်ကူးထားသည့် ၁၉၁၇အမည်ရှိ ဇာတ်ကားတစ်ကားသည် ၂၀၁၉ အော်စကာ ဆန်ကာတင်စာရင်းတွင် ပါဝင်လာသည်။ သေခြင်းကို ရှောင်လွှဲနိုင်ရန် ကြားသိဖို့ လိုအပ်သောသူများအတွက် ဤသတင်းသယ်ဆောင်သူ စစ်သားနှစ်ယောက်က မိမိတို့၏အသက်ကို ရင်းကာ သတင်းပါးခဲ့ကြသည်။

ထိုနည်းတူ ကျွန်ုပ်တို့သည် ဧဝံဂေလိတရားသတင်းကို သယ်ဆောင်သောသံတမန်များအဖြစ် ကိုယ့်ကိုကိုယ် မြင်၍ရသည်။ မိမိအတွက် လုံခြုံသည့်အသင်းတော်ကတုကျင်းများမှ ထွက်၍ သတင်းနှင့်တကွ စစ်မြေပြင်သို့ ဦးတည်ထွက်ခွာသောသူများ ဖြစ်ကြသည် (အကယ်စင်စစ် ကမ္ဘာ့ဒေသအချို့တွင် ဧဝံဂေလိတရား ဟောပြောခြင်းက အင်မတန်ကြီးမားသော အန္တရာယ်ဖြစ်သည်)။ သို့သော်၊ ဤသတင်းသယ်ဆောင်သူသံတမန် နှိုင်းယှဉ်မှုနှင့်ပတ်သက်၍ အားနည်းချက်မှာ သတင်းစကားကို သယ်ဆောင်သောတမန်တို့အပေါ် ၎င်းသတင်းစကား၏ သက်ရောက်မှုပင် ဖြစ်သည်။ ၁၉၁၇ ဇာတ်ကားတွင် စစ်သားတို့သည် သတင်းစကားကို ရှေးဦးစွာ တာဝန်အရ သယ်ဆောင်ခဲ့ကြပြီး နောက်တွင် ၎င်းသတင်းစကားက လူ့အသက်ကို ကယ်နိုင်သည်ဟူသည့်အသိဖြင့် အရေးပေါ် သယ်ဆောင်ခဲ့ကြသည်။ သို့သော်၊ သတင်းစကားက သယ်ဆောင်သောသံတမန်တို့အပေါ် မည်သည့်သက်ရောက်မှုမျှ မရှိပေ။ သူတို့ တာဝန်ယူခဲ့သည့်တာဝန်ကသာ သက်ရောက်မှု ရှိသည်။

ကျွန်ုပ်တို့သည် သေရေးရှင်ရေးကဲ့သို့အရေးကြီးသောသတင်းစကားကို သယ်ဆောင်သောသူများသက်သက် မဟုတ်ဘဲ ၎င်းသတင်းစကား၏ သက်ရှိပြယုဂ်လည်း ဖြစ်ကြသည်။ ၎င်းသတင်းစကားသည် ပြောင်းလဲစေနိုင်သည်။ ဧဝံဂေလိတရားကို သိကျွမ်းခြင်း၊ လက်တွေ့လုပ်ဆောင်ခြင်းနှင့် ၎င်းသမ္မာတရားအပေါ် ဝန်ခံအပ်နှံခြင်းတို့က ကျွန်ုပ်တို့ကို ပြောင်းလဲစေသည့်အခါ ဧဝံဂေလိတရားဟောပြောခြင်းကြောင့် ရောက်လာသည့် မည်သည့်စိန်ခေါ်မှုကိုမဆို ကျွန်ုပ်တို့ အနိုင်ယူကျော်လွှားနိုင်သည်။ နည်းဗျူဟာကြောင့် မဟုတ်၊ ၎င်းသတင်းစကား၏ တန်ခိုးကြောင့် အောင်နိုင်ခြင်း ဖြစ်သည်။

အကြောက်တရားကြောင့် မစွမ်းနိုင်ဖြစ်ပါသလား။ လွတ်လွတ်လပ်လပ် အသက်ရှင်နိုင်ရန် ငြိမ်သက်ခြင်း ဧဝံဂေလိတရားက သင့်ကို မစပါစေ (၂ တိ ၁:၇)။

အားနည်းလို့ တန်ခိုးမဲ့ပါသလား။ သင်တတ်နိုင်သည့်အတိုင်းအတာကို ကျော်လွန်၍ ဧဝံဂေလိတရား၏ တန်ခိုးအာဏာက သင့်ကို တန်ခိုးပေးပါစေ (၂ ကော ၁၂:၉)။

အပြစ်ကြောင့် အရည်အချင်း မပြည့်မီဘဲ ဖြစ်ပါသလား။ ကယ်တင်ခြင်း ဧဝံဂေလိတရားက ဘုရားသခင်နှင့် သင့်ကြား ဆက်ဆံရေးကို ပြန်လည်တည်ဆောက်ပေး၍ သူ၏နိုင်ငံတော်တွင် အစေခံရန် အရည်အချင်း ပြည့်မီစေပါစေ (မဿဲ ၅:၁၄-၁၆)။

ဧဝံဂေလိတရားက သင့်ကို အသက်ပေး၍ ၎င်းအသက်အတိုင်း လျှောက်လှမ်းကာ အပြောနှင့် အလုပ်ဖြင့် မျှော်လင့်ခြင်း ဧဝံဂေလိတရားကို သယ်ဆောင်သောတမန်များ ဖြစ်စေပါစေ။

နည်းလမ်း
ဧဝံဂေလိတရားကို နက်နက်နဲနဲ သိနားလည်ဖို့ ဆွေးနွေးလေ့လာဖို့ ဆုံးဖြတ်ပြီးနောက် လိုအပ်သလို သင့်တင့် လျောက်ပတ်စွာ ထိထိရောက်ရောက် အသုံးပြုနိုင်သည့် အရင်းအမြစ်များကို စတင်ရှာဖွေလို့ရသည်။ ဤနေရာ၌ နည်းလမ်းဟုဆိုရာတွင် မေးခွန်းများကို မေးခြင်း၊ သေချာနားထောင်ပေးခြင်း၊ ဆုတောင်းပေးခြင်း စသည့်နည်းဗျူဟာများကို မဆိုလိုဘဲ ဧဝံဂေလိတရားကို သေသေချာချာ ရှင်းရှင်းလင်းလင်း ဟောပြောနိုင်သည့်နည်းလမ်းကိုသာ ဆိုလိုသည်။

လူတစ်ယောက်ထံ သတင်းကောင်းနှင့်ဆိုင်သည့် ဩဝါဒကို ဆွေးနွေးဖို့ အကောင်းဆုံးချဉ်းကပ်နည်းမှာ ဦးခေါင်းနှင့် နှလုံးသားအသိဖြင့် ဧဝံဂေလိတရားကို နက်နက်နဲနဲ သိနားလည်ခြင်း ဖြစ်သည်။ သို့ပြုလျှင် သူတပါးနှင့် စကားပြောတိုင်း ဧဝံဂေလိတရားနှင့်ဆိုင်သည့် သမ္မာတရားကို သင်နှင့်စကားပြောသောသူ၏ဘဝအသက်တာ၌ အဆက်အစပ်မိအောင် သင်ဟောပြောနိုင်လိမ့်မည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို အသက်ရှင်လှုပ်ရှား၍ မိမိတို့ဘဝအတွက် စစ်မှန်သောအရာအဖြစ် ကျွန်ုပ်တို့ ဖွင့်ပြသည့်အခါ ကျွန်ုပ်တို့၏သူငယ်ချင်းများ၊ အိမ်နီးနားချင်းများ၊ လုပ်ဖော်ဆောင်ဖက်များနှင့် သူစိမ်းတို့သည် နည်းဗျူဟာတစ်ခု၏ပစ်မှတ်ကဲ့သို့ မဟုတ်ဘဲ လူသားတစ်ယောက်အဖြစ် ဧဝံဂေလိတရားကို လက်ခံကြလိမ့်မည်။ ထိုအခါ သူတို့သည် ဧဝံဂေလိတရား၏တန်ခိုးဖြင့် အမှန်တကယ် အသက်ရှင်သောသူတစ်ယောက်နှင့် စကားပြောသောကြောင့် ၎င်းဧဝံဂေလိတရားကို အသက်နှင့်ဆိုင်သော သတင်းစကားအဖြစ် လက်ခံကြမည် ဖြစ်သည်။

ဤအချက်ကို စိတ်ထဲတွင် မှတ်ထား၍ အောက်ပါဧဝံဂေလိတရားနည်းလမ်းများသည် မတူညီသောရေခံ မြေခံများအတွက် အင်မတန်ကောင်းမွန်သော တန်ဆာပလာများ ဖြစ်သည်။ ၎င်းတို့သည် ကျွန်ုပ်တို့၏အသက်တာ၌ ရှိနှင့်ပြီးဖြစ်သည့် အုတ်မြစ်အပေါ်တွင် တည်ဆောက်ထားသည်။

Who Am I? advancegroups.org
Jesus At The Door jesusatthedoor.com
The Three Circles Various YouTube examples
The ၄ Points The၄Points.com
Two Ways To Live twowaystolive.com
စကားလုံးမပါသော စာအုပ
letthelittlechildrencome.com
၃, ၂, ၁: The Story of God,
The World and You three-two-one.org

နောက်ဆက်တွဲ
အကြံပြုလိုသော အရင်းအမြစ်များ

ဧဝံဂေလိတရားနှင့် သက်ဆိုင်သော စာအုပ်များ

RECOVERING THE REAL LOST GOSPEL
Darryl Bock (B&H Academic, 2010)

WHAT IS THE GOSPEL
Greg Gilbert (Crossway, 2010)

THE SIMPLE GOSPEL
Ben Jack (The Message Trust, 2018)

THE KING JESUS GOSPEL
Scot McKnight (Zondervan, 2016 revised ed.)

SIMPLY GOOD NEWS
Tom Wright (SPCK, 2015)

ဧဝံဂေလိတရားဟောပြောခြင်းနှင့် သက်ဆိုင်သည့် အခြားလက်တွေ့ကျသော စာအုပ်များ

STAY SALT
Rebecca Manley Pippert (The Good Book Company, 2020)

HOW TO TALK ABOUT JESUS (WITHOUT BEING THAT GUY)
Sam Chan (Zondervan 2020)

IF JESUS IS THE ANSWER, WHAT IS THE QUESTION?
Ben Jack (Equipping The Church, 2021)

HOW TO REVIVE EVANGELISM
Craig Springer (Zondervan, 2021)

THE MASTERPLAN OF EVANGELISM
Robert Coleman (Revell, Second Edition, Abridged 2006)

MODELS OF EVANGELISM
Priscilla Pope-Levinson (Baker Academic, 2020)

HERE I AM: JOINING GOD'S ADVENTUROUS CALL TO LOVE THE WORLD
Andy Hawthorne (David C. Cook, 2019)

STORY BEARER
Phil Knox (IVP, 2020)

THE INTROVERTED EVANGELIST
Reuben Morley (Verite CM, 2020)

QUESTIONING EVANGELISM
Randy Newman (Kregel Publications, 2018)

EVANGELISM
J. Mack Stiles (Crossway, 2014)

HONEST EVANGELISM
Rico Tice (The Good Book Company, 2015)

အခြားသောဘာသာများနှင့် စကားစမြည်ပြောခြင်း

ENGAGING WITH...
The Good Book Company မှ အခြားသောကိုးကွယ်မှုဘာသာများအကြောင်းကို လိုရင်းတိုရှင်း ပြုစုထားသည့် စာအုပ်များ

အွန်လိုင်းနှင့် ဘာသာရပ်ဆိုင်ရာ အရင်းအမြစ်များ

ADVANCE GROUPS
advancegroups.org

THE BIBLE PROJECT
bibleproject.com

THE ALPHA COURSE
alpha.org

CHRISTIANITY EXPLORED
christianityexplored.org

THE BIBLE COURSE
biblesociety.org.uk

LIFE IN 6 WORDS (LI6W) APP
Apple App Store & Google Play

TALKING JESUS
talkingjesus.org

ပုံကားချပ်
ဇယား– ဧဝံဂေလိဆရာ၏ အခန်းကဏ္ဍ

ပုံ ၁ – ဧဝံဂေလိဆရာသည် လောက နှင့် အသင်းတော် ထံ ဧဝံဂေလိတရားကို ဟောပြောဝေငှဖို့ ခေါ်ဆိုခြင်း ခံရသည်။



ပုံ ၂ – ဧဝံဂေလိဆရာများအနေဖြင့် မိမိတို့သည် ဒေသန္တရအသင်းတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်းကို သိရမည်။



ပုံ ၁ က လောကနှင့် အသင်းတော်ထံ ဧဝံဂေလိဆရာတစ်ယောက်၏ တာဝန်နှစ်ရပ်ကို ရှင်းလင်းဖို့ အထောက်အကူပြုလျှင် ပုံ ၂ က အသင်းတော်နှင့် ဧဝံဂေလိဆရာ၏ ဆက်ဆံရေးကို ပိုမှန်ကန်သည့်နည်းဖြင့် တင်ပြထားသည်။ ဧဝံဂေလိဆရာသည် အသင်းတော်နှင့် သီးသန့်ဖြစ်ကာ ယှဉ်လျက်လုပ်ဆောင်မည့်အစား အသင်းတော်၏ အစိတ်အပိုင်းတစ်ခုအဖြစ် အတွင်းမှ လုပ်ဆောင်သည်။

ဤပုံကားချပ်က ဓမ္မသစ်ကျမ်းတွင် အသုံးပြုထားသည့် ဧဝံဂေလိဆရာ ဟူသည့်စကားလုံးနှင့် မည်သို့ ဆက်နွယ်သနည်း။ တမန် ၂၁:၈ (ဖိလိပ္ပုနှင့် ပတ်သက်၍ နောက်ခံအကြောင်းကို သိရန် တမန် ၈:၂၆–၄၀ ကို ကြည့်ပါ) ဧဖက် ၄:၁၁–၁၃၊ ၂ တိ ၄:၁–၅။

နောက်ဆက်တွဲ
ADVANCE အဖွဲ့ အစပြုရန် ရိုးရှင်းသော အဆင့် ၁၀ ဆင့်

၁။ လမ်းညွှန်နှင့် အကျွမ်းဝင်အောင် လုပ်ပါ

Advance အဖွဲ့တစ်ခုကို (Advance Group) အစပြုဖို့ ပထမဆုံးအဆင့်မှာ အစည်းအဝေးတိုင်းနှင့် Advance Group ခရီးတစ်ခုလုံးကို လမ်းညွှန်ပေးသွားမည့် Advance လမ်းညွှန်ကို အကျွမ်းဝင်အောင် လုပ်ခြင်း ဖြစ်သည်။ အကြောင်းအရာအားလုံးအပါအဝင် လုပ်ပုံလုပ်နည်းများကို ကောင်းကောင်းမွန်မွန် သိရန် နိဒါန်းအပိုင်းအားလုံးနှင့် အစည်းအဝေးအချို့တို့ကို ဖတ်ပါ။

၂။ ဆုတောင်းပါ

ဆုတောင်းခြင်းသည် အဖွဲ့နှင့်တွေ့ဆုံခြင်းတိုင်းအတွက် သော့ချက်ဖြစ်၍ လောကသို့ ဧဝံဂေလိတရားဟောပြောရန် အုတ်မြစ်ဖြစ်သည်။ Advance ခရီးတွင် သင်နှင့်အတူသွားရန် လူများကို သင်ဖိတ်ခေါ်သည့်အခါ ဤစွန့်စားခန်းတွင် လူမှန်နှင့်တွေ့ရန် သင်နှင့်တွေ့ဆုံသောသူများအတွက် ဆုတောင်းပေးပါ။ ဘုရားသခင်၏ အလိုတော်နှင့် တစ်ဆက်တည်းကျ၍ သစ္စာရှိသောဘဝနှင့်အတူ အမှုတော်ဆောင်နိုင်ရန် တန်ခိုးပေးဖို့ အစည်းအဝေးမတိုင်မီ၊ အစည်းအဝေးချိန်အတွင်းနှင့် အစည်းအဝေးလုပ်ဆောင်ပြီးနောက် ဆုတောင်းပါ။

၃။ မည်သို့တွေ့ဆုံမည်ကို ဆုံးဖြတ်ပါ

လမ်းညွှန်နှင့် အကျွမ်းတဝင်ရှိပြီးနောက် မည်သို့ တွေ့ဆုံကြမည်ကို ဆုံးဖြတ်ကြပါ။ လစဉ်လတိုင်း ရာချီသောအဖွဲ့များ တွေ့ဆုံကြသည်။ အများစုမှာ တစ်လလျှင်တစ်ကြိမ်၊ တစ်ကြိမ်လျှင် နှစ်နာရီခန့် တွေ့ဆုံကြသည်။ အွန်လိုင်းတွင် Zoom သို့မဟုတ် အခြားနည်းဖြင့် တွေ့ဆုံကြသောအဖွဲ့များလည်း ရှိကြသည်။ ထို့ပြင်၊ မတူသောအကြိမ်အရေအတွက်၊ မတူသောကြာမြင့်ချိန် ဖြင့် တွေ့သောအဖွဲ့များလည်း ရှိသည်။ သင့်အဖွဲ့အတွက် အကောင်းဆုံးဖြစ်မည့်ပုံစံကို ဆုံးဖြတ်၍ စမ်းလုပ်ကြည့်ပါ။

၄။ လူတွေကို ဖိတ်ခေါ်ပါ

သင်ဖိတ်ခေါ်လိုသောသူတို့ထံ သွားရောက်၍ ပထမအစည်းအဝေးတွင် အစမ်းသဘောမျိုးဖြင့် ပါဝင်ရန် ဖိတ်ခေါ်ပါ။ ပုံမှန်အားဖြင့် Advance အဖွဲ့တစ်ဖွဲ့လျှင် အဖွဲ့ဝင် ၆ ယောက်မှ ၁၂ ယောက်အကြား ရှိတတ်သော်လည်း သင့်အတွက် အလုပ်ဖြစ်လျှင် ပိုနည်းသောအဖွဲ့ဝင်ဖြင့် ဖွဲ့နိုင်သကဲ့သို့ ပိုများသောအဖွဲ့ဝင်ဖြင့် ဖွဲ့နိုင်သည်။ သင့်သဘောသာ ဖြစ်သည်။

ပါဝင်ရန် အဖွဲ့ခေါင်းဆောင်များ သို့မဟုတ် အဖွဲ့ဝင်များ စာရင်းသွင်းရန် ကျွန်ုပ်တို့ မတောင်းဆိုပါ။ သို့သော်၊ Advance အဖွဲ့၏ ကျယ်ပြန့်မှုကို သိ၍ ကိုယ်တိုင်စီစဉ်ထားသည့် ဧဝံဂေလိတရားဟောပြောခြင်းဆိုင်ရာ အရင်းအမြစ်များ၊ Advance တွေ့ဆုံခြင်းညီလာခံများတွင် ဖိတ်ခေါ်ခြင်း၊ ဤလှုပ်ရှားမှုတစ်ခုလုံးမှ အံ့ဖွယ်အဖြစ်အပျက်များကို အသိပေးခြင်း၊ သင်တို့အတွက် ဆုတောင်းပေးသည့်ဟူသည့် စိတ်ချမှု စသည်တို့နှင့် ချိတ်ဆက်ပေးနိုင်ရန် ဆန္ဒရှိသောသူတိုင်း Advance Group website တွင် စာရင်းပေးသွင်းနိုင်သည်။

၅။ အစပြုမည့်ရက်ကို ရွေးပါ

ပထမဆုံးအစည်းအဝေးအတွက် တိကျသောရက်တစ်ခုကို ရွေးပြီး လူတို့ကို ဖိတ်ပါ။ လိုအပ်သလို ရက်ရွှေ့ဖို့လည်း ဝန်မလေးပါနှင့်။ အရေးကြီးဆုံးမှာ ပထမဆုံးတွေ့ဆုံဖို့ အချိန်ရှာဖို့နှင့် ပထမအစည်းအဝေးကို အတူတူ စမ်းလုပ်ကြည့်ဖို့ ဖြစ်သည်။ ပါဝင်သောသူတို့က Advance ခရီးတွင် ဆက်လက်ပါဝင်လိုလျှင် အစီအစဉ်နှင့် အနာဂတ်တွင် တွေ့ဆုံမည့်ရက်များကို ရွေးချယ်ချမှတ်နိုင်သည်။ ၎င်းကို ပထမအစည်းအဝေးတွင် အဓိကထား၍ လုပ်ဆောင်နိုင်သည်။

၆။ ပထမအစည်းအဝေးကို ပြုလုပ်ပါ

အစည်းအဝေးက မည်မျှကြာသင့်သနည်း [HOW LONG?]

တစ်လတစ်ကြိမ်၊ တစ်ကြိမ်လျှင် နှစ်နာရီခန့်တွေ့ဆုံရန် အစည်းအဝေးများကို ဒီဇိုင်းဆွဲထားသည်။ ဤအကြိမ်ရေက မိမိတို့သင်ယူခဲ့သည့်အရာကို အစည်းအဝေးတစ်ခုနှင့်တစ်ခုကြားတွင် လက်တွေ့ကျင့်သုံးရန် အချိန်ပေးသကဲ့သို့ ဖြစ်သည့်အပြင် အစည်းအဝေးက ကောင်းချီးဖြစ်မည့်အစား ဝန်ထုပ်ဝန်ပိုး မဖြစ်ရလေအောင် အစည်းအဝေးကို မှတ်တမ်းပြုဖို့ အချိန်လည်း ရှိသည်။ နောက်ဆုံးမှာတော့ မိမိတို့အတွက် အကောင်းဆုံးအလုပ်ဖြစ်မည့်နည်းကို အဖွဲ့တိုင်းက ဆုံးဖြတ်နိုင်သည်။

မည်သို့ တင်ပြမည်နည်း

အပြန်အလှန်ဆက်ဆံမှုရှိ၍ သမာရိုးကျသဘောမဟုတ်သည့်နည်းဖြင့် တွေ့ဆုံကာ အစည်းအဝေးတိုင်းတွင် ပုံမှန်စကားဝိုင်းတစ်ခုကဲ့သို့ လုပ်ဆောင်ပြီး နူးညံ့သောခေါင်းဆောင်/စီစဉ်ဆောင်ရွက်သူ၏ ဦးဆောင်မှုဖြင့် တွေ့ဆုံကြရန် Advance အဖွဲ့များကို ရည်ရွယ်ထားသည်။ သို့သော်၊ အချို့သောအဖွဲ့သည် ရှေ့ထွက်၍ တင်ပြပို့ချသည့်သဘောမျိုးဖြင့် သမာရိုးကျအတိုင်း လုပ်ဆောင်ရန် ပိုနှစ်သက်ကြသည်။

တာဝန်ခံမှုကို မည်သို့ လုပ်မည်နည်း

Advance အဖွဲ့တွင် ပါဝင်သည့် အခြေခံမူ ငါးချက်ထဲမှတစ်ချက်မှာ တာဝန်ခံမှုရှိခြင်းဖြစ်၍ အစည်းအဝေးတိုင်းတွင် ထည့်သွင်းဖော်ပြထားသည်။ ထို့ပြင်၊ ခေါင်းဆောင်/စီစဉ်ဆောင်ရွက်သူအနေဖြင့် အဖွဲ့အတွင်း တာဝန်ခံမှုအတွက် လုံခြုံစိတ်ချမှုကို တည်ဆောက်ပေးရုံမက အဖွဲ့ဝင်တိုင်းက မိမိတို့အဖွဲ့အပြင်ဘက်ကို ကျော်လွန်၍ ဒေသန္တရအသင်းတော်၊ မိသားစုအသိုင်းအဝိုင်း၊ သူငယ်ချင်းအသိုင်းအဝိုင်းစသည်တို့ ဖြင့် နေ့စဉ် ခရစ်ယာန်အသက်တာတွင် တာဝန်ခံမှုရှိရန် အားပေးဖို့လည်း လိုအပ်သည်။ တာဝန်ခံမှုနှင့် ပတ်သက်လာလျှင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခြင်းသည် အဓိကကျသည်။

အချင်းချင်း မည်သို့ ဆက်သွယ်ကြမည်နည်း

အဖွဲ့လိုက်အစည်းအဝေးတစ်ခုနှင့်တစ်ခုကြား အချင်းချင်းဆက်သွယ်ခြင်းသည် အင်မတန် အရေးကြီးသည်။ သက်သေခံရန်၊ အချင်းချင်း နောက်ဆုံးအခြေအနေများနှင့် ဆုတောင်းချက်များ တင်ပြရန်၊ ဧဝံဂေလိတရားဟောပြောဖို့ အခွင့်အရေးများကို တင်ပြရန် စသည်တို့အတွက် အဖွဲ့ဝင်များကြား အချင်းချင်း ဆက်သွယ်နိုင်မည့်နည်းလမ်း လိုအပ်သည်။ နည်းလမ်းများစွာ ရှိသည့်အထဲမှ WhatsApp နှင့် Facebook groups တို့သည် အသုံးအများဆုံးနည်းလမ်းဖြစ်သည်။ မိမိတို့အတွက် အဆင်ပြေဆုံးဖြစ်မည့်အရာကို ရွေးချယ်ပိုင်ခွင့် အဖွဲ့တိုင်းတွင် ရှိသည်။

ကျွန်ုပ်တို့ မည်သို့ ဆက်လုပ်မည်နည်း

လာမည့်အစည်းအဝေးများ တွေ့ဆုံခြင်းကို သတ်မှတ်ရန် ပထမဆုံးအစည်းအဝေးတွင် အဖွဲ့ဝင်အားလုံးကို မေးခြင်းက အကောင်းဆုံးဖြစ်သည် (၎င်းကို ပထမအစည်းအဝေးတွင် ထည့်သွင်းထားသည်)။

မည်မျှစောလျင်စွာ ကြိုတင်၍ ရက်သတ်မှတ်ရမည်ဟူသည့်အချက်နှင့် ပတ်သက်၍ အကန့်အသတ် မရှိပါ။ အဖွဲ့အများစုမှာ ၆ လ မှ တစ်နှစ်အထိ ကြိုတင်၍ ရက်သတ်မှတ်ကြသည်။ ထိုသို့ကြိုတင်သတ်မှတ်ခြင်း အဖွဲ့ဝင်များအား ဤခရီးအတွက် ကြိုတင်ပြင်ဆင်ရန် အခွင့်ပေးသကဲ့သို့ ဖြစ်သည်။

၇။ လက်တွေ့လုပ်ဆောင်ပါ

ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ အချက်အလက်များနှင့် စိတ်ခွန်အားတို့ကိုသာ ပေးဖို့ မဟုတ်ပါ။ ဧဝံဂေလိတရားက ပေးသည့် မျှော်လင့်ခြင်းနှင့်အတူ လောကသို့ သွားရောက်ဖို့ ကျွန်ုပ်တို့ ဖိတ်ခေါ်သည်။ အစည်းအဝေးများတွင် ဆွေးနွေးလေ့လာခဲ့သည့်အရာများကို လက်တွေ့လုပ်ဆောင်ရန် အချင်းချင်း ခွန်အားပေးတိုက်တွန်း၍ အခြေအနေကို အချင်းချင်း ပြန်လည်သုံးသပ်ကြပါ။

၈။ သင့်အကြောင်းကို ဝေမျှပါ

အခြေအနေကို ပြန်လည်သုံးသပ်ခြင်းနှင့်ပတ်သက်၍ သင့်အသက်တာနှင့် သင့်အဖွဲ့တွင် ဘုရားသခင် လုပ်ဆောင်သည့်အမှုကို ကျွန်ုပ်တို့ ကြားလိုသည်။ ထို့ကြောင့်၊ ဤလှုပ်ရှားမှုတွင် ဘုရားသခင်အလုပ်လုပ်ပုံနှင့် ပတ်သက်၍ ကွန်ုပ်တို့အတွက် ကောင်းချီးဖြစ်ရန် ကျွန်ုပ်တို့၏ website ပေါ်ရှိ ဖြစ်အင် (stories) အပိုင်းတွင် သင့်အကြောင်းကို ဝေမျှရေးသားပါ။

၉။ ဆက်လက်ဆုတောင်းပါ

ဆုတောင်းလွန်သည်ဟူ၍ မရှိပါ။ ဆုတောင်းခြင်းသည် ဧဝံဂေလိတရားဟောပြောခြင်း၏ လောင်စာဖြစ်သောကြောင့် ဆက်လက်ဆုတောင်းကြပါစို့။

၁၀။ နောက်တစ်ကြိမ် တွေ့ဆုံပါ

ပထမအစည်းအဝေး ပြီးနောက် လာမည့်ရက်ချိန်းများသည်လည်း သင့်မှတ်စုတွင် မှတ်ထားပြီးဖြစ်သည့်အတွက် သင် သင်ယူခဲ့သည့်အရာများကို လက်တွေ့အသုံးချနေသည်။ အချင်းချင်း ခွန်အားပေးတိုက်တွန်းကြသည်။ အတူတူ ဆက်လက်ဆုတောင်းကြသည်။ နောက်တစ်ဆင့်ဖြစ်သည့် အစည်းအဝေး ၂ အတွက် သင်တို့အဆင်သင့်ဖြစ်ကြလေပြီ။

ကျွန်ုပ်တို့ ကူညီဖို့ အသင့်ရှိသည်။ သင့်အဖွဲ့ကို သင်အစပြုသည့်အခါ သို့မဟုတ် ဆက်လက်ခရီးနှင်သည့်အခါ တစ်စုံတစ်ခု လိုအပ်လျှင် ADVANCE WEBSITE တွင် ကျွန်ုပ်တို့ကို ဆက်သွယ်မေးမြန်းနိုင်သည် - ADVANCEGROUPS.ORG

နောက်ဆက်တွဲ ADVANCE အမေးအဖြေ

ADVANCE သည် ဧဝံဂေလိဆရာများအတွက်သာ ဖြစ်သလော

ဧဝံဂေလိဆရာများအတွက်သာ မဟုတ်ပါ။ Advance သည် လူတိုင်းအတွက် ဖြစ်သည်။ တွေ့သောသူတိုင်းထံ ယေရှု၏သတင်းကောင်းကို ဝေငှဖို့ ယုံကြည်သူတိုင်း ခေါ်ဆိုခြင်းခံရကြောင်း ကျွန်ုပ်တို့ ယုံကြည်သည်။ ဧဝံဂေလိသတင်းစကားကို သယ်ဆောင်သူများအနေဖြင့် ပိုကောင်းသောတမန်ဖြစ်ရန် ပုံသွင်းခံဖို့၊ သင်ယူဖို့ အခွင့်အရေး ရှိသင့်သည်။ ဧဝံဂေလိဆရာအဖြစ် ဆုကျေးဇူးရရှိသောသူများအတွက်သာ မဟုတ်ပါ။

အဖွဲ့တစ်ဖွဲ့ ဦးဆောင်ရန် အသင်းတော်ခေါင်းဆောင် ဖြစ်ဖို့ လိုပါသလား

မလိုပါ။ အမှန်မှာ မည်သူမဆို အဖွဲ့တစ်ခုကို ဖွဲ့ပြီး အစည်းအဝေးကို ဦးဆောင်နိုင်ရန် Advance အဖွဲ့လမ်းညွှန်ကို (Advance Group Guide) ရည်ရွယ်ပြင်ဆင်ထားသည်။

ADVANCE အဖွဲ့တွင် ပါဝင်ဖို့ သို့မဟုတ် ဦးဆောင်ဖို့ အခကြေးငွေ ပေးဖို့ လိုပါသလား

မည်သည့်အခကြေးငွေမျှ ပေးဖို့ မလိုပါ။ Advance သည် အဖွဲ့ဝင်တိုင်းအတွက် အခမဲ့ ဖြစ်သည်။

ကျွန်ုပ်၏ပတ်ဝန်းကျင်တွင် ADVANCE အဖွဲ့မရှိလျှင် ကျွန်ုပ်ဘာလုပ်နိုင်သနည်း

Advance သည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် တိုးတက်ကြီးထွားနေသည်။ သင့်ပတ်ဝန်းကျင်တွင် Advance အဖွဲ့ မရှိလျှင်လည်း မပူပါနှင့်။ တစ်ယောက်ယောက်နှင့် ကျွန်ုပ်တို့ ချိတ်ဆက်ပေးနိုင်သည်။ အချို့နိုင်ငံများတွင် Zoom သို့မဟုတ် Skype ဖြင့်လည်း တွေ့ဆုံကြသည်။ ထပ်မံသိရှိလိုလျှင် info@advancegroups.org ကို ဆက်သွယ်မေးမြန်းနိုင်သည်။

ျွန်ုပ်၏ ADVANCE အဖွဲ့ရှိ အဖွဲ့ဝင်များသည် အချင်းချင်း ရင်းနှီးပြီးသောသူများ ဖြစ်ဖို့ လိုပါသလား

မလိုပါ။ Advance အဖွဲ့များ၏ အားသာချက်များထဲမှ တစ်ခုမှာ သင်ကဲ့သို့ သင့်ပတ်ဝန်းတွင် ဧဝံဂေလိတရား ဟောပြောရန် စိတ်ပြင်းပြသောလူသစ်များနှင့် သိကျွမ်းခွင့် ရခြင်း ဖြစ်သည်။ သို့သော်၊ အဖွဲ့တွင် ပါဝင်စေလိုသည့် အသိမိတ်ဆွေများ ရှိလျှင် ကြိုဆိုလိုက်ပါ။

ကျွန်ုပ်၏ဘာသာစကားဖြင့် ADVANCE အဖွဲ့လမ်းညွှန် မရှိလျှင် ကျွန်ုပ် ဘာလုပ်နိုင်သနည်း

အဖွဲ့လမ်းညွှန်ကို ဘာသာစကားအမျိုးမျိုးသို့ ကျွန်ုပ်တို့ ဘာသာပြန်နေသည်။ သင့်ဘာသာစကားဖြင့် လမ်းညွှန် မရှိသေးလျှင် Advance အဖွဲ့ထံ အကြောင်းကြားနိုင်သည်။

ကျွန်ုပ်၏ ADVANCE တွင် ဆန့်ကျင်ဘက် လိင် ပါဝင်လို့ ရပါသလား။

ဖြစ်နိုင်လျှင် Advance အဖွဲ့တွင် မိမိနှင့် လိင်တူညီသော ပုဂ္ဂိုလ်များနှင့် အဖွဲ့ဖွဲ့ရန် တိုက်တွန်းလိုသည်။ သို့သော်၊ လုပ်ကိုလုပ်ရမည့် တောင်းဆိုမှုတော့ မဟုတ်ပါ။ သို့သော်၊ အစည်းအဝေးတိုင်းတွင် တာဝန်ခံမှုအပိုင်း ပြုလုပ်သည့်အခါ အမျိုးသားများတစ်ဖွဲ့၊ အမျိုးသမီးများတစ်ဖွဲ့ စသည်ဖြင့် သက်သက်ခွဲပြီး ပြုလုပ်ရန်မှု ကျွန်ုပ်တို့ အကြံပြုလိုသည်။

ADVANCE အဖွဲ့ကို ကျွန်ုပ် မည်သို့ အစပြုနိုင်သနည်း

advancegroups.org သို့ သွား၍ အဖွဲ့သစ်ဖွဲ့ခြင်းဖောင် (Start a Group form) ကို ဖြည့်ပါ။ သင့်ကို ကျွန်ုပ်တို့ ဆက်သွယ်လာမည်။

ADVANCE အဖွဲ့တွင် ကျွန်ုပ်ပါဝင်ပြီးသားဖြစ်လျှင် မည်သို့ ကျွန်ုပ် အသိပေးနိုင်သနည်း

advancegroups.org/already-in-a-group ဖောင်ကို ဖြည့်ပါ။

ပထမနှစ်

ပြန်လည်သုံးသပ်ခြင်း

ADVANCE ပထမနှစ် ပြီးဆုံးချိန်တွင် သင်လေ့လာသင်ယူခဲ့သည့်အရာ၊ သင်ရင့်ကျက်ကြီးထွားလာပုံ၊ လာမည့် ADVANCE ခရီးတွင် သင်ယူဖို့ သင်မျှော်လင့်သည့်အရာတို့ကို သုံးသပ်ရန် ဤဖောင်ကို အသုံးပြုပါ။ သင်သင်ယူခဲ့သည့်အရာထဲမှ သူတပါးအတွက် ခွန်အားဖြစ်စေမည့် အကြောင်းအရာတစ်ခုခု ရှိလျှင် ADVANCEGROUPS.ORG/STORIES တွင် ဝေမျှစေလိုသည်။

ADVANCE ပထမနှစ်တွင် မည်သို့ကြီးထွားဖို့ မျှော်လင့်ပါသနည်း။

သင်မည်မျှ ရင့်ကျက်ကြီးထွားသနည်း။

ဤပထမနှစ်မှ သင် အကြီးမားဆုံး သင်ယူသည့်အရာမှာ အဘယ်နည်း။

ဤ ADVANCE ပထမနှစ်တွင် သင်သတိထားမိသည့် အံ့အားသင့်စရာအကောင်းဆုံးမှာ အဘယ်နည်း။

သင့်ဧဝံဂေလိတရားဟောပြောခြင်းတွင် သင့်အတွက် အကြီးမားဆုံးသော ခွန်အားမှာ အဘယ်နည်း။

သင့်အတွက် အကြီးမားဆုံးသော စိန်ခေါ်မှုမှာ အဘယ်နည်း။

ဤပထမနှစ်တွင် သင့်အပေါ် သက်ရောက်မှု အရှိဆုံးဖြစ်သည့် ကျမ်းနှင့် အကြောင်းအရင်းကို ဖော်ပြပါ။

ဤပထမနှစ်တွင် သင့်ဆုတောင်းခြင်း၌ ဘုရားသခင် မည်သို့ အလုပ်လုပ်ပါသနည်း။

ADVANCE ဒုတိယနှစ်တွင် မည်သို့ ရင့်ကျက်ကြီးထွားရန် သင်မျှော်လင့်ပါသနည်း (ဤဒုတိယနှစ်တွင် သင်ကိုယ်တိုင် အဖွဲ့တစ်ခုကို အစပြုမည်လော)။

လာမည့်နှစ်တွင် ဧဝံဂေလိတရားဟောပြောဖို့ မည်သည့်အခွင့်အရေးများကို သင်တောင့်တမိပါသနည်း။

ဒုတိယနှစ်

ပြန်လည်သုံးသပ်ခြင်း

Advance ဒုတိယနှစ် ပြီးဆုံးချိန်တွင် သင်လေ့လာသင်ယူခဲ့သည့်အရာ၊ သင်ရင့်ကျက်ကြီးထွားလာပုံ၊ လာမည့် Advance ခရီးတွင် သင်ယူဖို့ သင်မျှော်လင့်သည့်အရာတို့ကို သုံးသပ်ရန် ဤဖောင်ကို အသုံးပြုပါ။ သင်သင်ယူခဲ့သည့်အရာထဲမှ သူတပါးအတွက် ခွန်အားဖြစ်စေမည့် အကြောင်းအရာတစ်ခုခု ရှိလျှင် advancegroups.org/stories တွင် ဝေမျှစေလိုသည်။

ADVANCE ဒုတိယနှစ်တွင် မည်သို့ကြီးထွားဖို့ မျှော်လင့်ပါသနည်း။

ပထမနှစ်နှင့် ယှဉ်လျှင် ဤဒုတိယနှစ်သည် မည်သို့ ထူးခြားပါသနည်း။

သင်မည်မျှ ရင့်ကျက်ကြီးထွားသနည်း။

ဤဒုတိယနှစ်မှ သင် အကြီးမားဆုံး သင်ယူသည့်အရာမှာ အဘယ်နည်း။

ဤ ADVANCE ဒုတိယနှစ်တွင် သင်သတိထားမိသည့် အံ့အားသင့်စရာအကောင်းဆုံးမှာ အဘယ်နည်း။

သင့်ဇဝံဂေလိတရားဟောပြောခြင်းတွင် သင်ခွန်အားအရဆုံး အချက်မှာ အဘယ်နည်း (ပထမနှစ် ပြန်လည်သုံးသပ်ခြင်းမှ သင်မျှော်လင့်ခဲ့သည့် အခွင့်အရေးများ သင်ရရှိပါသလား)။

သင့်အတွက် အကြီးမားဆုံးသော စိန်ခေါ်မှုမှာ အဘယ်နည်း။

ဤဒုတိယနှစ်တွင် သင့်အပေါ် သက်ရောက်မှု အရှိဆုံးဖြစ်သည့် ကျမ်းနှင့် အကြောင်းအရင်းကို ဖော်ပြပါ။

ဤဒုတိယနှစ်တွင် သင့်ဆုတောင်းခြင်း၌ ဘုရားသခင် မည်သို့ အလုပ်လုပ်ပါသနည်း။

ADVANCE တတိယနှစ်အတွက် မည်သည့်မျှော်လင့်ချက်များ ထားရှိသနည်း (သင်ကိုယ်တိုင် အဖွဲ့တစ်ခုကို အစမပြုသေးလျှင် ဤတတိယနှစ်တွင် သင်အစပြုမည်လော)။

တတိယနှစ် ပြန်လည်သုံးသပ်ခြင်း

Advance တတိယနှစ် ပြီးဆုံးချိန်တွင် သင်လေ့လာသင်ယူခဲ့သည့်အရာ၊ သင်ရင့်ကျက်ကြီးထွားလာပုံ၊ လာမည့် Advance ခရီးတွင် သင်ယူဖို့ သင်မျှော်လင့်သည့်အရာတို့ကို သုံးသပ်ရန် ဤဖောင်ကို အသုံးပြုပါ။ သင်သင်ယူခဲ့သည့်အရာထဲမှ သူတပါးအတွက် ခွန်အားဖြစ်စေမည့် အကြောင်းအရာတစ်ခုခု ရှိလျှင် advancegroups.org/stories တွင် ဝေမျှစေလိုသည်။

ADVANCE တတိယနှစ်တွင် မည်သို့ကြီးထွားဖို့ မျှော်လင့်ပါသနည်း။

သင်မည်မျှ ရင့်ကျက်ကြီးထွားသနည်း။

ဤတတိယနှစ်မှ သင် အကြီးမားဆုံး သင်ယူသည့်အရာမှာ အဘယ်နည်း။

ဤ ADVANCE တတိယနှစ်တွင် သင်သတိထားမိသည့် အံ့အားသင့်စရာအကောင်းဆုံးမှာ အဘယ်နည်း။

သင့်ဧဝံဂေလိတရားဟောပြောခြင်းတွင် သင့်အတွက် အကြီးမားဆုံးသော ခွန်အားမှာ အဘယ်နည်း။

သင့်အတွက် အကြီးမားဆုံးသော စိန်ခေါ်မှုမှာ အဘယ်နည်း။

ဤတတိယနှစ်တွင် သင့်အပေါ် သက်ရောက်မှု အရှိဆုံးဖြစ်သည့် ကျမ်းနှင့် အကြောင်းအရင်းကို ဖော်ပြပါ။

ဤတတိယနှစ်တွင် သင့်ဆုတောင်းခြင်း၌ ဘုရားသခင် မည်သို့ အလုပ်လုပ်ပါသနည်း။

လာမည့်နှစ်တွင် မည်သို့ ရင့်ကျက်ကြီးထွားရန် သင်မျှော်လင့်ပါသနည်း။

လာမည့်နှစ်တွင် ဧဝံဂေလိတရားဟောပြောဖို့ မည်သည့်အခွင့်အရေးများကို သင်တောင့်တမိပါသနည်း။

တာဝန်ခံမှု ဖောင်

Print ထုတ်လိုရသည့် ဖောင်ကို advancegroups.org/group-guide တွင် ရှာပါ။

“အိုဘုရားသခင်၊ အကျွန်ုပ်ကို စစ်ကြော၍ အကျွန်ုပ်၏နှလုံးကို သိမှတ်တော်မူပါ” (ဆာလံ ၁၃၉း၂၃))

အချင်းချင်း **လက်ခံကြပါ** (ရောမ ၁၅း၇) အချင်းချင်း **အပြစ်ဝန်ချ တောင်းပန်ကြပါ** (ယာကုပ် ၅း၁၆)
အချင်းချင်း **ခွန်အားပေး၍** တည်ဆောက်ကြပါ (၁ သက် ၅း၁၁)

“ထို့ကြောင့် ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘသည် စုံလင်တော်မူသည်နည်းတူ သင်တို့သည်လည်း စုံလင်ခြင်း ရှိကြလော့” (မဿဲ ၅း၄၈)

သော့ချက်
✓ ကောင်းသည်
— အဆင်ပြေသည်
✗ ဆိုးသည်

- ကျွန်ုပ်ဘဝအတွက် ကျွန်ုပ်၏ရုပ်ပါရုံပန်းတိုင်မှာ မည်မျှ ရှင်းလင်းပါသနည်း။
- ကျွန်ုပ်ပါဝင်သည့်အလုပ်တွင် ကျွန်ုပ်၏ရုပ်ပါရုံပန်းတိုင်မှာ မည်မျှ ရှင်းလင်းပါသနည်း။
- ျွန်ုပ်လုပ်သည့်အလုပ်ကို ကျွန်ုပ် နှစ်သက်ပါသလား။
- ကျွန်ုပ်လုပ်သည့်အလုပ်၌ ဘုရားသခင်၏ ကျေနပ်မှုကို ကျွန်ုပ် ခံစားပါသလား။
- ကျွန်ုပ်မည်မျှ စိတ်အားထက်သန်ပါသနည်း။
- ယေရှုနှင့် ရင်းနှီးအသိကျွမ်းဝင်ခြင်းရှိဖို့ ကျွန်ုပ် လုပ်ဆောင်ပါသလား။
- ဆုတောင်းခြင်းအတွက် လုံလောက်သောအချိန် ကျွန်ုပ် ပေးပါသလား။
- သမ္မာကျမ်းစာသည် ယနေ့ ကျွန်ုပ်အတွက် အသက်ဝင်ပါသလား။
- သမ္မာကျမ်းစာသည် ယနေ့ ကျွန်ုပ်အတွက် အသက်ဝင်ပါသလား။
- ျွန်ုပ်တွင် သင်ယူလိုစိတ်ရှိ၍ တာဝန်ခံချင်စိတ်ကော ရှိပါသလား။
- ကျွန်ုပ်သည် အချိန်ပေးနိုင်၍ သူတပါး အလွယ်တကူ ချဉ်းကပ်နိုင်သည့် ပုဂ္ဂိုလ်မျိုး ဖြစ်ပါသလား။
- ကျွန်ုပ် သေချာနားထောင်သည့်အကျင့် ရှိပါသလား။
- သူတပါး ထိမိခိုက်မိလွယ်သည့်အသက်တာမျိုးဖြင့် ကျွန်ုပ် အသက်ရှင်နေပါသလား။
- အစေခံနှလုံးသားမျိုးဖြင့် ကျွန်ုပ်ဦးဆောင်နေပါသလား။
- ကျွန်ုပ်သည် ယုံကြည်အားကိုးထိုက်သောပုဂ္ဂိုလ် ဖြစ်ပါသလား။
- ကျွန်ုပ်သည် ကတိတည်တတ်သူ ဖြစ်ပါသလား။
- ကျွန်ုပ်သည် အကောင်းမြင်တတ်သောပုဂ္ဂိုလ် ဖြစ်ပါသလား။
- (လူများ၊ အလုပ်နှင့် ပတ်ဝန်းကျင်မှ ရောက်လာသည့်) စိတ်ဖိစီးမှုကို ကျွန်ုပ် ကောင်းကောင်း ကိုင်တွယ်နိုင်ပါသလား။
- ကျွန်ုပ်၏ကျန်းမာရေး မည်သည့်အခြေအနေ ရှိပါသနည်း။
- ကျန်းမာရေးနှင့် ညီညွတ်အောင် ကျွန်ုပ် စားသောက်ပါသလား။ အိပ်သင့်သလောက် အိပ်ပါသလား။
- မကောင်းသောအရာတို့ကို စိတ်စွဲလမ်းမိရန် ကျွန်ုပ်၏စိတ်ကို ခွင့်ပြုပါသလား။
- နေမကောင်းသူများ၊ နာကျင်မှုခံစားသူများ၊ လိုအပ်သူများကို ကျွန်ုပ် သတိရပါသလား။
- ကျွန်ုပ်မိသားစု ပျော်ရွှင်ကြပါသလား။
- ကျွန်ုပ်၏မိတ်ဆွေအပေါင်းအသင်းသည် မည်သည့်အခြေအနေ ရှိသနည်း။
- ကျွန်ုပ်အစေခံသောပုဂ္ဂိုလ်များနှင့် ကျွန်ုပ်ကြား ဆက်ဆံရေး ကောင်းကောင်းမွန်မွန် ရှိပါသလား။ (လုပ်ဖော်ဆောင်ဖက်များ၊ ခေါင်းဆောင်များ၊ ဆန့်ကျင်ဘက်လိင်ရှိသောသူများ)
- ဗိုက်ဆာခြင်း၊ စိတ်ဆိုးခြင်း၊ အထီးကျန်ခြင်း သို့မဟုတ် မောပန်းခြင်းတို့အပေါ် ကျွန်ုပ်၏တုံ့ ပြန်ပုံသည် ကောင်းပါသလား။
- မစင်ကြယ်သောအတွေးမျိုးကို တွေးတတ်သူ ဖြစ်ပါသလား။
- အနားယူသင့်သလောက် အနားယူပါလား။ မိမိအချိန်ကို ကောင်းမွန်စွာ စီမံပါသလား။
- ကျွန်ုပ်၏အားလပ်ချိန်ကို အကျိုးရှိရှိ အသုံးပြုပါသလား။
- အသင်းတော်၊ အလုပ်နှင့် မိသားစုဘဝတို့ကြား ဟန်ချက်ညီအောင် ကျွန်ုပ် ထိန်းနိုင်ပါသလား။
- မယုံကြည်သောသူများနှင့် ဆက်ဆံရေးတည်ဆောက်နေပါသလား။
- လိင်စိတ်ဆန္ဒ နိုးကြွစေသည့်အရာများနှင့် ကျွန်ုပ် အထိအတွေ့ ရှိပါသလား။
- ကျွန်ုပ်၏ဘဝမည်သည့်အစိတ်အပိုင်းတွင် အနိုင်ယူအလဲထိုးခြင်းခံရပါသနည်း – မနာလိုခြင်း၊ မသန့်ရှင်းခြင်း၊ ဝေဖန်အပြစ်ရှာခြင်း၊ စိတ်ဆွပေးခြင်း၊ အထိမခံခြင်း သို့မဟုတ် ယုံကြည်မှု မခံထိုက်ခြင်း။
- ကျွန်ုပ်၏ငွေကြေးကို ကောင်းကောင်းမွန်မွန် စီမံပါသလား။ ရက်ရက်ရောရော ကျွန်ုပ် ပေးကမ်းပါသလား။ သူတပါးကို မနာလိုမဖြစ်ဖို့ ကျွန်ုပ် ရွေးချယ်ပါသလား။
- မညည်းညူဖို့ ကျွန်ုပ် ရွေးချယ်ပါသလား။
- ရိုးသားဖြောင့်မှန်စွာ ကျွန်ုပ် အသက်ရှင်ပါသလား။ ကျွန်ုပ်သည် တိကျပြတ်သား၍ ယုံကြည်မှုအပြည့် ရှိပါသလား။ စွန့်စားမှု ယူရဲပါသလား။
- ကျွန်ုပ်သည် ရည်ရွယ်ပန်းတိုင် ထားပါသလား။ ၎င်းပန်းတိုင်သို့ အရောက်သွားပါသလား။ ကျွန်ုပ်၌ ပေးဆပ်လိုသည့်ဆန္ဒရှိပါသလား။
- သူတပါးထက် တစ်ပန်းသာအောင် အမြဲရှိနေပါသလား။
- ဝိညာဉ်တော်၏ တန်ခိုးတော်ဖြင့် ကျွန်ုပ် အသက်ရှင်နေပါသလား။
- ကျွန်ုပ် မခွင့်လွှတ်နိုင်သောသူ တစ်စုံတစ်ယောက် ရှိပါသလား။
- ဖျက်ဆီးတတ်သောအကျင့်တို့ကို ဖျက်ဖို့ ကျွန်ုပ် ကြိုးစားနေပါသလား။

“ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ကိုးစားလော့။ ကိုယ်ဉာဏ်ကို အမှီမပြုနှင့်။ သွားလေရာရာ၌ ထာဝရဘုရားကို မျက်မှောက်ပြုလော့။ သို့ပြုလျှင် သင်၏လမ်းခရီးတို့ကို ပဲ့ပြင်တော်မူမည်။ ငါသည် ပညာရှိ၏ဟု ကိုယ်ကို မထင်နှင့်။ ထာဝရဘုရားကို ကြောက်ရွံ့၍ ဒုစရိုက်ကို ရှောင်လော့” (သုတ္တံ ၃း၅-၇)။

GLOBAL NETWORK OF EVANGELISTS

အားလုံးကြားဖို့…

ဧဝံဂေလိဆရာတစ်ယောက် လုပ်ဆောင်နိုင်သည့်ပမာဏသည် အတိုင်းအတာတစ်ခုအထိသာ ဖြစ်သည်။ အဖွဲ့အစည်းတစ်ခု လုပ်ဆောင်နိုင်သည့်ပမာဏသည်လည်း အတိုင်းအတာတစ်ခုအထိသာ ဖြစ်သည်။ အတူတူ ပူးပေါင်းလုပ်ဆောင်ကြသည့်အခါ ဧဝံဂေလိတရား ကျယ်ပြန့်ရန် ကြိုးစားမှု တိုးပွားကျယ်ပြန့်လာသည်။ ၎င်းမှာ Luis Palau Association’s Global Network of Evangelists ၏ ရူပါရုံ ဖြစ်သည်။

လာမည့်ဆယ်စုနှစ်တစ်ခုတွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ဧဝံဂေလိတရားဟောပြောခြင်း အရှိန်မြှင့်တင်ရန် Palau Association သည် နိုင်ငံပေါင်း ၁၅၀ တွင် ဧဝံဂေလိဆရာများကွန်ရက်တစ်ခုကို တည်ဆောက်ဖို့ ကြိုးစားနေသည်။

ခရစ်တော်ထံသို့ လူများစွာကို ခေါ်ဆောင်နိုင်ဖို့ ဧဝံဂေလိဆရာများကို ခွန်အားပေး၍ အချိတ်အဆက်ပြုလုပ်ပေးရန် ရည်ရွယ်ကာ ဤကွန်ရက်များကို ခိုင်မာ၍ ယုံကြည်အားကိုးထိုက်သော ဧဝံဂေလိဆရာများအပါအဝင် တစ်ကမ္ဘာလုံးရှိ ခရစ်ယာန်အဖွဲ့အစည်းများနှင့် စုပေါင်းဖွဲ့စည်းထားသည်။

ဤတစ်ကမ္ဘာလုံးဆိုင်ရာ ဧဝံဂေလိဆရာများကွန်ရက် (Global Network of Evangelists) သည် နှစ်စဉ်နှစ်တိုင်း သန်းချီသောလူများအား ယေရှုခရစ်တော်၏ သတင်းကောင်းကြားသိစေရန် နည်းလမ်းမှန်သမျှကို အသုံးပြုသည်။

အဖွဲ့ဝင်များအား ခရစ်တော်အတွက် တစ်လောကလုံးအပေါ် သက်ရောက်မှု ရှိစေရန် နည်းပြခြင်းနှင့် ပြင်ဆင်ခြင်း၊ ပူးပေါင်းဧဝံဂေလိခရီးအစီအစဉ်များ၊ သင်တန်းနှင့် ညီလာခံများဖြင့် လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။ ကျွန်ုပ်တို့၏အစီအစဉ်မှာ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ထောင်ချီသော ဧဝံဂေလိဆရာများကို ကမ်းလှမ်းကာ ပထမဆုံး တစ်ကမ္ဘာလုံးဆိုင်ရာကွန်ရက်ကြီးတစ်ခုကို နိုင်ငံပေါင်း ၁၅၀ ထက်မနည်းသောနိုင်ငံများတွင် တည်ထောင်ရန် ဖြစ်သည်။

evangelist.global

မှတ်စုများ

မှတ်စုများ

မှတ်စုများ

မှတ်စုများ

message
NIKE

ဧဝံဂေလိတရား – အခြားသော အစီအစဉ် မရှိပါ။

ADVANCEGROUPS.ORG

LUIS PALAU ASSOCIATION

the message